www.dhammaransi.com

ဆုပြည့်စုံထွန်းစာပေ



# သိပ္ပံပညာရှင်များ မသိမြင်သေးသော
# ဗုဒ္ဓ၏ ရုပ်နာမ်သဘာဝအမြင်များ

တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

9

2012.GRAPHIC DESIGN : KYAW MINN MOUNG

www.dhammaransi.com

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊

ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammaransi.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.dhammaransi.com




စာရေးသူ၏ အုပ် (၁၀၀) ပြည့် အထိမ်းအမှတ်စာအုပ်

www.dhammaransi.com

# ပုံနှိပ်မှတ်တမ်း


**စာမူခွင့်ပြုချက်အမှတ်**
၆၀၀၂၁၁၀၃၁၂

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၆၀၀၃၆၁၀၅၁၂

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ဆုပြည့်စုံထွန်းစာပေ
(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ)

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးကျော်ယဉ် (၀၇၈၄၃) ဇမ္ဗူမော်ပုံနှိပ်တိုက်

**ထုတ်ဝေသူ**
မခင်မာရွှေ (၀၃၉၀၅) (မြဲ)၊ ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

| | | |
|---|---|---|
| အတွင်းဖလင် | - | Eagle |
| စာအုပ်ချုပ် | - | တင်မေထွန်း |
| ကွန်ပျူတာစာစီ | - | မော်မော် |
| မျက်နှာဖုံးဒီဇိုင်း | - | ဒီဇိုင်းကျော်မင်းမောင် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၃၅၀၀ ကျပ် |

၂၉၄.၃
သျှင်သီရိ၊ တက္ကသိုလ်၊ ဓမ္မာစရိယ ဘီအေ
(၁) သိပ္ပံပညာရှင်များမသိမြင်သေးသော ဗုဒ္ဓ၏ ရုပ်နာမ်သဘာဝအမြင်များ/
တက္ကသိုလ်သျှင်သီရိ၊ ဓမ္မာစရိယ ဘီအေ။ - ရန်ကုန်။
ဆုပြည့်စုံထွန်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၂၊ အောက်တိုဘာလ
၃၀၄ - စာ၊ 15.25 x 25.5 စင်တီ။
(၁) သိပ္ပံပညာရှင်များမသိမြင်သေးသော ဗုဒ္ဓ၏ ရုပ်နာမ်သဘာဝအမြင်များ

www.dhammaransi.com

# ဘာသာရေးသမားများသတိ

"ဘာသာရေးသမားတွေ သတိထားကြပါ။ အကြောင်းအကျိုး ဆက်စပ်မရတာကို သိပ္ပံလောကဓာတ်ပညာက ပယ်ချမှာပါ"

**RELIGIONIST BEWARE!**

Religionist beware! science will reject anything that does not comform to reson, anything that is not according to cause and effect.

# အခြားဘာသာအယူဝါဒများထက် ကြီးမြတ်သာလွန်

"ဘာသာအယူဝါဒအသီးသီးကို နှိုင်းယှဉ်လေ့လာသူ သုတေသီတစ်ဦးအနေနှင့် ကျွန်ုပ်တို့ယုံကြည်သည်ကား ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်မှာ ပေါ်ထွန်းသာဘာသာတရားခပ်သိမ်းတို့တွင် ပြီးပြည့်စုံသော ဘာသာတရားတစ်ခုဖြစ်ပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာ၊ ပဋိစ္စသမုပ္ပါဒ်တရားနှင့် ကမ္မနိယာမသဘော တရားများသည် တခြားအယူဝါဒအားလုံးတို့ထက် သာလွန်ပါသည်။"

**Superior To Any Other Creed**

As a student of comparative religions' I believe that Buddhism is the most perfect one the world has even seen.

The philosophy of the Buddha, the theory of evolution and the law of kamma were for superior to any other creed.

(Prof: Karl Gustav Jung)

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ..... | ၉ |

အပိုင်း (၁)

**ဗုဒ္ဓ၏ဓမ္မသဘာဝနှင့် သိပ္ပံ၏လက်တွေ့သဘာဝ**

| | | |
|---|---|---|
| ၁။ | ဗုဒ္ဓ၏လူသားနှင့် အသိဉာဏ်ပေးမှု | ၁၇ |
| ၂။ | ခေတ်သိပ္ပံအသိနယ်ပယ်ကို ဗုဒ္ဓအဘိဓမ္မာဖြင့် ထိန်းချုပ်ရန်လိုပါသည် | ၂၀ |
| ၃။ | နာမ်သဘာဝ ရုပ်သဘာဝဟူသည် | ၂၈ |

အပိုင်း (၂)

**ရုပ်ဖြစ်ပေါ်မှု သဘာဝများ**

| | | |
|---|---|---|
| ၄။ | သတ္တဝါတစ်ဦး၏ဘဝပဋိသန္ဓေ | ၃၁ |
| ၅။ | သတ္တဝါ၏ ပဋိသန္ဓေနှင့် ဟိတ်၏စွမ်းရည် | ၃၄ |
| ၆။ | ပဋိသန္ဓေတည်စဉ် ရုပ်အစဉ်များဖြစ်နေမှု | ၄၀ |
| ၇။ | သတ္တဝါတို့၏ ပဋိသန္ဓေရုပ်နာမ် အစဉ်တိုးတက်ဖြစ်စဉ် | ၄၄ |
| ၈။ | သက်ရှိသတ္တဝါများ၏ စိတ်ဝင်ပေါက်များ | ၄၈ |
| ၉။ | သတ္တဝါတို့၏အသိစိတ် (မနောဝိညာဏ်စိတ်) အမျိုးမျိုး | ၅၂ |
| ၁၀။ | ရုပ်တို့၏ သဘာဝဖြစ်ပေါ်မှုအစဉ်များ | ၅၈ |
| ၁၁။ | သက်ရှိသက်မဲ့ ရှိအမာခံရုပ်တရားများ | ၆၃ |
| ၁၂။ | ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ရသည်မှာ | ၇၁ |
| ၁၃။ | မိမိအယူဝါဒအမြင်မှန် မမှန် ဆန်းစစ်တတ်ဖို့ | ၇၅ |
| ၁၄။ | သဘာဝအဆိုးတရား(၃)ပါးကျက်စားရာ မိမိခန္ဓာ | ၈၀ |

အပိုင်း (၃)

**နာမ်၏ သဘာဝများ**

| | | |
|---|---|---|
| ၁၅။ | လူသားအား သံသရာမှမလွတ်စေသော တရားသဘာဝများ၏ ပရိယာယ်များ | ၈၄ |
| ၁၆။ | လူ၏သဘာဝစွမ်းအားဖြင့် မြေလျှိုးမိုးပျံနိုင်မှု | ၈၈ |

www.dhammaransi.com


၁၇။ ပုထုဇဉ်မိမိဘဝ၌ ကိန်းအောင်းနေသော သဘာဝတရားများ ၉၂

၁၈။ စိတ်ဓာတ်ကို ညစ်နွမ်းပူလောင်စေသော ကိလေသာသဘာဝတရားများ ၉၅

၁၉။ အနုသယနှင့် ကိလေသာတို့၏ သဘာဝများ ၉၉

၂၀။ သံယောဇဉ်တရားတို့၏ သဘာဝများ ၁၀၃

၂၁။ လူသားတို့၏ သဘာဝဆိုးများနှင့် လွတ်မြောက်မှုများ ၁၀၉

၂၂။ သောတာပန်ပုဂ္ဂိုလ်ပယ်သော သံယောဇဉ်များ ၁၁၁

၂၃။ အနာဂါမ်ပုဂ္ဂိုလ်ပယ်သော သံယောဇဉ်များ ၁၁၂

၂၄။ လူသားတို့၏စွမ်းရည်လေးရပ် ၁၁၂

၂၅။ ကိုယ်တွင်းသြဇာ(အာဟာရ) ရုပ်၏သဘာဝ ၁၁၇

၂၆။ နာမ်အာဟာရများ၏သဘာဝ ၁၂၂

၂၇။ အဆင့်မြင့် မြင့်မြတ်သောလူသားတစ်ယောက် ဖြစ်လာစေရန် ၁၂၇

၂၈။ လူသား၏အား (ဗလ - ဗိုလ်) ဆိုသည်မှာ ၁၃၂

၂၉။ နောင်တတစ်ဖန်ပူပန်မှု (ကုက္ကုစ္စ) ၁၃၆

၃၀။ စူးစိုက်မှု (ဧကဂ္ဂတာ)နှင့် တည်ကြည်မှု (သမာဓိ) ၁၄၂

၃၁။ ဓာတ်ရုပ်ရှိသောလူသားသဘာဝ ၁၄၅

၃၂။ လူ၏အလိုဆန္ဒကို သူတစ်ပါးအား သိစေမှုသဘာဝများ ၁၅၀

၃၃။ ရိုးရိုးထွက်သောအသံ ၁၅၂

၃၄။ မိမိအလိုဆန္ဒကို သူတစ်ပါးအားသိစေသောအသံ ၁၅၂

၃၅။ နီးစိတ်နှင့် ကုသိုလ် - အကုသိုလ် ဖြစ်မှုသဘာဝ ၁၅၄

၃၆။ လူသားဘဝပြည့်စုံစေမှု သဘာဝတရား(ဣန္ဒြိယ) ၁၅၉

၃၇။ လူသား၏ငိုခြင်း၊ ရယ်ခြင်း သဘာဝများ ၁၆၂

၃၈။ နာမ - စိတ္တ - ဝိညာဏ၏ဖြစ်ပေါ်ရာသဘာဝ ၁၆၆

၃၉။ စိတ်၏အလျင်နှုန်း (ဖြစ် - ပျက်) သဘာဝ ၁၆၉

၄၀။ နီးကြားစိတ် (ဝီထိစိတ်) သဘာဝဖြစ်စဉ် ၁၇၃

၄၁။ အဆင်းရုပ်မှတစ်ဆင့် အရာဝတ္ထုကိုသိခြင်းသဘာဝ ၁၈၀

၄၂။ စိတ်ကိုမှီ၍ဖြစ်ပေါ်နေသော သဘာဝတရားများ ၁၈၇

၄၃။ အသိစိတ် အနားယူအားမွေးစိတ် (ဘဝင်)၏သဘာဝ ၁၉၂

၄၄။ စိတ်၏သဘောသဘာဝများ ၁၉၄

၄၅။ အမှန်ကို အမှားထင် (မောဟ)နှင့် သဘာဝအစဉ်များ ၁၉၈

၄၆။ လိုချင်မှု (လောဘ)နှင့် အတက်, အခက်, အလက်များ၏ သဘာဝများ ၂၀၂

www.dhammaransi.com


| | | |
|---|---|---|
| ၄၇။ | မာန်(၉)မျိုး | ၂၀၈ |
| ၄၈။ | (၁) သေယျမာန် - အထက်တန်းစားပုဂ္ဂိုလ် | ၂၀၈ |
| ၄၉။ | (၂) သဒိသမာန် - တန်းတူအလတ်တန်းစားပုဂ္ဂိုလ် | ၂၀၉ |
| ၅၀။ | (၃) ဟီနမာန် - အောက်တန်းစားပုဂ္ဂိုလ် | ၂၀၉ |
| ၅၁။ | ကင်းသောကြောင့် (ဝါ) ကုသိုလ်အခြေခံသောကြောင့် | ၂၁၀ |
| ၅၂။ | အမျက်(ဒေါသ)၏ အတက်၊ အခက်၊ အလက်များ၏ သဘာဝ | ၂၁၀ |
| ၅၃။ | ပရမာအကုမြူရှိစာတ်သဘာဝနှင့် ရုပ်(၈)မျိုး | ၂၁၅ |
| ၅၄။ | လူသားတို့အား ကုသိုလ်ကောင်းကျိုးပေးသော စေတသိက်များ | ၂၂၁ |
| ၅၅။ | သံသယတောဝယ် အမောကြွယ်ရသော ဝိစိကိစ္ဆာ | ၂၂၄ |
| ၅၆။ | လူသားတို့၏ ထိုင်းမှိုင်းတွေဝေမှု သဘာဝများ | ၂၂၆ |
| ၅၇။ | လျှင်မြန်ခြင်းအရှိန်အဟုန်ဇော၏သဘာဝ | ၂၃၁ |
| ၅၈။ | အာရုံခေါ်ရာ စိတ်ကပါနေသောသဘာဝ | ၂၃၅ |
| ၅၉။ | အာရုံနှင့်ဇော စောသည် သဘာဝ | ၂၃၉ |
| ၆၀။ | စိတ်အာရုံခံစားမှုများနှင့် ဇောခံစားမှုသဘာဝများ | ၂၄၄ |
| ၆၁။ | လူသား၏ အသံနှင့် ကြားမှုသဘာဝ | ၂၄၈ |
| ၆၂။ | အသံကြားသိဖြစ်မှု သဘာဝအဆင့်ဆင့် | ၂၅၅ |
| ၆၃။ | လူသားတို့၏ အနံ့နံသော သဘာဝ | ၂၅၉ |
| ၆၄။ | လျှာအကြည်ရုပ်၏ သဘာဝ | ၂၆၆ |
| ၆၅။ | ကိုယ်ကာယအတွေ့အထိများ၏ သဘာဝ | ၂၇၁ |
| ၆၆။ | သင့်တင့်သော နှလုံးသွင်းမှု (ယောနိသော မနသိကာရ) သဘာဝ | ၂၇၅ |
| ၆၇။ | တွေးခေါ်ရှင်များ၏ အနုပဋိလောမရုပ်ဝါဒနှင့် ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ | ၂၈၀ |
| ၆၈။ | သက်ရှိသတ္တဝါတစ်ဦး၏ ဘဝနိဂုံးချုပ်မှု | ၂၉၈ |
| ၆၉။ | နက်နဲသောအဘိဓမ္မာသဘာဝကို လေ့လာကြပါ | ၃၀၃ |

www.dhammaransi.com

# အမှာစာ

ယနေ့ ကမ္ဘာလူသားအများစုသည် ဤကမ္ဘာလောကကြီးကို ၂၀ - ရာစု သိပ္ပံခေတ်ဟူ၍ သတ်မှတ်ခေါ်ဝေါ်နေကြသလို ယုံကြည်မှုလည်း ရာခိုင်နှုန်း(၉၀)လောက်မျှ ရှိနေကြပါသည်။

သတင်းအချက်အလက်နှင့် နည်းပညာများ၊ အစားအသောက် ဆေးဝါးထုတ်လုပ်မှုများ၊ စက်မှုကိရိယာအတတ်ပညာများ၊ အဏုမြူဆိုင်ရာအတတ်ပညာ၊ အသိပညာများသည် အံ့မခန်းလောက်အောင် တိုးတက်လာနေသည့်အတွက် သိပ္ပံခေတ်၊ သိပ္ပံနည်းကျဟူသော ဝေါဟာရသည် ခေတ်စားတွင်ကျယ်လာပါသည်။

ထိုသိပ္ပံခေတ်၊ သိပ္ပံနည်းကျဟူသော ဝေါဟာရသည် လူမှုရေး၊ နယ်ပယ်တွင် တွင်ကျယ်လာခဲ့သလို ဘာသာရေးနယ်ပယ်တွင်လည်း တဖြည်းဖြည်း တိုးဖောက်ဝင်ရောက်လာကြပြီး ဘာသာတရားကို သိပ္ပံပညာဖြင့် နှိုင်းယှဉ်ချိန်စက်လာနေကြပြီး ဖြစ်ပါသည်။

ဘာသာရေးနယ်ပယ်သို့ တိုးဖောက်လာသော သိပ္ပံခေတ်၊ သိပ္ပံနည်းကျတူသော အတွေးအခေါ်နှင့်ပတ်သက်၍ အချို့သောသိပ္ပံဝါဒီများက ဘာသာတရားသည်လည်း သိပ္ပံနည်းကျမှ မှန်ကန်စစ်မှန်၊ စစ်မှန်သည်ဟု ယူဆလာကြသည်။

ထိုယူဆမှုတွင် အခြားဘာသာများကို မဆိုလိုသော်လည်း လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်က လောကသဘာဝ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးသဘာဝတို့ကိုလည်းကောင်း၊ အဏုမြူသဘောသဘာဝကိုလည်းကောင်း၊ လူသားတို့အတွက် လောကသံသရာနစ်ဖြာကောင်းကျိုးပေးသော ကျင့်စဉ်တရား၊ နည်းလမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဗုဒ္ဓဘာသာအပေါ်၌ ယနေ့အထိ သိပ္ပံပညာရှင်၊ သိပ္ပံဝါဒီတို့ မလိုက်နိုင်၊ မမီနိုင်သေးဟု ဆိုရပါမည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



မှန်ပါသည်။ သိပ္ပံပညာရှင်များသည် အဝိဇ္ဇာဖုံးလွှမ်း၍ ကာမတဏှာမှမလွတ်မြောက်နိုင်သေးသော လူပုဂ္ဂိုလ်များဖြစ်ပြီး သူတို့၏တွေးခေါ်ကြံဆဖော်ထုတ်ထားသော လောကီပညာရပ်များသာဖြစ်သောကြောင့် အရာရာပြီးပြည့်စုံသော သဘောတရားများကို မဖော်ထုတ်နိုင်သေးပါ။ သိပ္ပံအတတ်သည်လည်း အရာရာပြီးပြည့်စုံ၍ သန့်ရှင်းပြီး ရှေးဆက်လက်သုတေသနပြုလုပ်ရန်မလိုတော့သော အသစ်တွေ့ရှိနိုင်စရာ မလိုတော့သောအတတ်ဟူ၍ ပုံသေကားချမှတ်သား၍ မရနိုင်သေးပါ။

ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးများဖြစ်ကြသော အက်စ်နယူတန် ဂျူလီယန်ဟတ်စလေး၊ အိုင်းစတိုင်းစသော သိပ္ပံပညာရှင်တို့ကမူ မိမိတို့ တွေ့ရှိဖော်ထုတ်ချက်များ၌ အပြီးဆုံးအတိုင်း တွေ့ရှိပါပြီ။ ပြီးပြည့်စုံပါပြီဟု ကြွေးကြော်ဝန်ခံခြင်း မပြုကြပါ။ အဟောင်းတွေ့ရှိချက်ကိုမှီ၍ အသစ်အသစ်သော သိပ္ပံသဘောတရားတို့သည် ဆက်၍တွေ့ရှိနေဦးမည်သာဖြစ်ပါသည်။ သိပ္ပံပညာရပ်၌ နယ်နိမိတ်အကန့်အသတ်ရှိပါကြောင်း လုံးဝ မဖြေရှင်းနိုင်သေးသော ပြဿနာများရှိပါကြောင်း၊ သိပ္ပံအတတ်သည် မဖောက်မပြန် မှန်ကန်သော ပရမတ္ထသဘောတရားမဟုတ်။ အမြဲပြောင်းလဲနေသော သဘောတရားများသာဖြစ်ကြောင်း ဝန်ခံခဲ့ကြသည်။

ယနေ့သိပ္ပံအတတ်သည် ဗုဒ္ဓ၏ဓမ္မတွင်ပါဝင်သော ရုပ်နာမ်သဘာဝတွင် ရုပ်ပိုင်းဆိုင်ရာ ပြဿနာအချို့၏ သဘောသဘာဝကို ထုတ်ဖော်ပြနိုင်ပြီး ဗုဒ္ဓ၏ဓမ္မထဲမှ အချို့သောရုပ်ဖြစ်စဉ်သဘောတရား (ဥပမာ-အဏုမြူဖြစ်စဉ် သဘောတရား)တို့ကို ခေတ်မီစက်ကိရိယာတို့ဖြင့် စမ်းသပ်ပြီး သိပ္ပံလောကသဘာဝထဲသို့ ထည့်သွင်းနိုင်ခဲ့ကြသော်လည်း နာမ်ပိုင်းဆိုင်ရာဖြစ်တည်မှု သဘာဝများကိုမူ မည်သို့သော စက်ကိရိယာများဖြင့်မျှ ဖော်ထုတ်ပြသနိုင်ခြင်း မရှိသေးပါ။

ဗုဒ္ဓသည် သူ၏ဓမ္မကို သိပ္ပံပညာရှင်လို တွေးခေါ် ကြံဆ၍ ဟောကြားထားသည်မဟုတ်ပါ။ သဗ္ဗညုတဉာဏ်တော်ဖြင့် ကိုယ်တော်တိုင် သိတော်မူပြီးမှ အာဒိကလျာဏ(အစ၏ကောင်းခြင်း)မဇ္ဈေကလျာဏ (အလယ်၏ကောင်းခြင်း)၊ ပရိယောသာနကလျာဏ(အဆုံး၏ကောင်းခြင်း၊ သတ္ထသဗျဉ္ဇနကေဝလပရိပုဏ္ဏပရိသုဒ္ဓ (သဒ္ဒါအနက်နှင့်ပြည့်စုံကာ အလုံးစုံပြည့်စုံသန့်ရှင်းစင်ကြယ်ခြင်း)ဟူသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည်ဟု ကြွေးကြော်ထားခဲ့ပါသည်။

ဗုဒ္ဓ၏ဓမ္မ၌ ဗုဒ္ဓမတွေ့ရှိခဲ့သေးသော သဘာဝတရားများ မရှိတော့သောကြောင့် အသစ်ဖြစ်သော တရားသဘာဝကို ရှာရန် မရှိတော့ပါ။ ယနေ့ နှစ်ပေါင်း(၂၅၀၀)ကျော်ခဲ့သော်လည်း ယနေ့ခေတ် သိပ္ပံအတတ်ပညာနှင့် မကိုက်ညီသော ဓမ္မသဘာဝမရှိသေးသောကြောင့် ဖြုတ်တောက်စရာ ပယ်ပစ်စရာ အသစ်တီထွင်စရာလည်း မရှိတော့ပါ။

ဗုဒ္ဓ၏ဓမ္မကို ဉာဏ်မမီကြ၍သာ အချို့သူများ မတွေ့ရှိနိုင်ခြင်း ဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဗုဒ္ဓ၏ဓမ္မသည် အလုံးစုံပြီးပြည့်စုံပြီး ဖြစ်ပါသည်။ သစ္စာလေးပါးကို ငါးပါးဟူ၍ တိုး၍ မရသလို သုံးပါးဟူ၍လည်း ဖြုတ်ချဖြုတ်တောက်ထားရန် မလိုပါ။ မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို မဂ္ဂင် (၉)ပါးဟု တိုး၍မရသလို (၇)ပါးဟူ၍လည်း ဖြုတ်ချဖြုတ်တောက်ထား၍ မရနိုင်ပါ။

တွေးတောကြံဆ စူးစမ်းဆင်ခြင်၍ တွေ့ရှိခြင်းမျှသာဖြစ်သော သိပ္ပံသဘောတရား နှင့် အတတ်ပညာကို မူသေထား၍ ဗုဒ္ဓ၏ဓမ္မကို လေ့လာဆန်းစစ် ဆုံးဖြတ်၍မရနိုင်ပါ။ ဖန်ကွဲစကို မူသေထား၍ စိန်၏အရည်အသွေးကို ဆုံးဖြတ်သကဲ့သို့သာ ဖြစ်ပါမည်။

ဗုဒ္ဓ၏ဓမ္မသည် ဘဝသံသရာနှင့် ကမ္မဝါဒကို လက်ခံထားပေရာ ထိုအရာများကို သိပ္ပံ အတတ်ဖြင့် အထင်အရှား ဆုံးဖြတ်၍မရနိုင်ပါ။ သိပ္ပံပညာရှင်သည် ရှေးဟောင်းဥပါဒါန်၌ အစွဲ အချို့ကိုလည်းကောင်း၊ ဖန်ဆင်းရှင်၏ မရေရာသော ဝါဒအချို့ကိုလည်းကောင်း တိုက်ဖျက်ရာ ၌ အသုံးဝင်ခဲ့ပြီး ထိုသိပ္ပံပညာကြောင့်ပင် လူမှုအဆင့်အတန်းများ တိုးတက်စေခဲ့သည်ကို လက်ခံရပါမည်။

သို့သော် သိပ္ပံပညာရပ်သည် လောဘ၊ ဒေါသကို အခြေခံကာ ပေါက်ဖွားလာ၍ လောကလူသားများ၏ လူမှုဒုက္ခအားလုံးနှင့် နာမ်ပိုင်းဆိုင်ရာ ပြဿနာများကို ယနေ့ထိ မဖြေ ရှင်းနိုင်ခဲ့သေးပါ။

ဗုဒ္ဓသည် သူ့ခေတ် သူ့အခါကပင် ကာလာမမင်းသားတို့ကို မိဘဆရာစကား၊ ကျမ်း ဂန်လာစကား၊ တစ်ဆင့်စကား၊ တွေးတောကြံဆ၍ရသော ဝါဒတို့ဖြင့် အယူဝါဒတစ်ခုကို မယုံ ကြည်ကြရန် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ အကျိုးရှိ-မရှိကို ဆင်ခြင်တွေးတောကြံဆ၍ အယူဝါဒ တစ်ခု၏ မှန်ကန်မှုရှိ-မရှိကို ဆန်းစစ်လက်ခံရန် ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ဗုဒ္ဓ၏ဓမ္မသည် မမြင်နိုင်သေးသော အနာဂတ်ကို မှန်းဆမြော်ကိုးပြီး မစားရဝခမန်း သော မျှော်လင့်ချက်တို့ဖြင့် ကျင့်ကြံနေရသော အယူဝါဒမျိုးမဟုတ်ပါ။ မည်သည့်ဘာသာ၊ မည်သည့်လူမျိုးနွယ်မဆို ဗုဒ္ဓ၏ဓမ္မကို ကျင့်စဉ်မှန်အတိုင်းသာ ကျင့်ကြံအားထုတ်သွားပါက ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ ကောင်းမြတ်သောအကျိုးကို မုချရရှိကြမည် ဖြစ်ပါ သည်။

ထို့ကြောင့် ဗုဒ္ဓက မိမိတရားနှင့်ပတ်သက်၍ ဧဟိပဿိကော - လာလှည့်ရှုလှည့်ဟု ရဲရဲကြီး အာမခံဖိတ်ခေါ်ထားပါသည်။

ထို့ကြောင့် အချို့သော သိပ္ပံဝါဒီများသည် မိမိတို့၏သေးငယ်သော အသိဉာဏ်၊ ကာမဂုဏ်တောမှ အဝိဇ္ဇာဖုံးသောအသိဉာဏ်ဖြင့် တွေ့ရှိထားသော တစ်ထွာတစ်မိုက်မျှ သော သိပ္ပံအတတ်ဖြင့် အနန္တသဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော ဗုဒ္ဓ၏အရိယာဓမ္မကို နှိုင်းယှဉ် ကာ လေ့လာဆန်းစစ်နေကြပါက မိမိတို့ဘဝ အချိန်ကုန်လူပန်း၍ ဘဝဆုံးရှုံးမှုသာ ရရှိသွားပါ မည်။ ဗုဒ္ဓဓမ္မ၏ စစ်မှန်သော သဘောသဘာဝကို တွေ့ရှိနိုင်ရန် အခွင့်အရေးများ ဆုံးရှုံးသွားနိုင် ကြပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထိုအခါဗုဒ္ဓဓမ္မ၏အနှစ်သာရကို သိရှိခံစားခွင့်၊ ဘဝလွတ်မြောက်ခွင့်တို့ကို ရရှိနိုင်ကြတော့မည် မဟုတ်ပါ။

ဗုဒ္ဓ၏ဓမ္မတို့ကို ကြည့်ရှုရာ၌ ဗုဒ္ဓဓမ္မနည်းကျ သိပ္ပံအတတ်ဖြင့်သာကြည့်ရှုပြီး မှန်ကန်သောအကြောင်းအကျိုးဆင်ခြင်မှု ဉာဏ်မျက်စိဖြင့် ကြည့်ရှုနိုင်ကြပါလျှင် ဗုဒ္ဓဓမ္မ၌လာရှိသော အံ့မခန်းလောက်သော ကြောင်းကျိုးဆက်နွယ်မှုဖြစ်စဉ် ရုပ် - နာမ်တို့၏ မတည်မြဲမှုဖြစ်စဉ်သဘောသဘာဝကို တွေ့ရှိကြကာ အေးငြိမ်းသောသန္တိသုခကို ရရှိနိုင်ကြပေလိမ့်မည်။

လောကလူသားဟူသည်ထူးခြားသောအသိဉာဏ်ရှိသူများဖြစ်ကြသည့်အားလျော်စွာ လောကသဘာဝတွင် မမြင်ဖူးသေးသည်ကို အလွန်မြင်ချင်ကြသည်။ မကြားဖူးကြသေးသည်ကိုအလွန်ကြားချင်ကြသည်။မနမ်းရှုံ့ဖူးသေးသည်ကိုအလွန်နမ်းရှုံ့ချင်ကြသည်။မစားဖူးသေးသည်ကို အလွန်စားချင်ကြသည်။ မထိတွေ့ဖူးသေးသည်ကို အလွန်ထိတွေ့ချင်ကြသည်၊ မသိဖူးသေးသည်ကို အလွန်သိချင်ကြသည်။

ဤနည်းဖြင့် သူတို့၏သိချင်စိတ်သည် လောကကြီးကိုအသက်ဝင်လှုပ်ရှားစေလျက်ရှိနေပါတော့သည်။

ယနေ့ သိပ္ပံပညာရှင်တို့သည် လောကကြီး၏သဘာဝကို သိလို မြင်လိုကြသဖြင့် မိမိတို့၏အသိဉာဏ်ဖြင့် အမျိုးမျိုးစဉ်းစားတွေးခေါ်ပြီးစမ်းသပ်ပြုလုပ်လာခဲ့ကြသည်။ ထိုသို့ပြုလုပ်လာခဲ့သဖြင့် ယနေ့ဂြိုဟ်တုခေတ်အထိ သိပ္ပံပညာသည် တိုးတက်ထွန်းကားလာခဲ့ပါသည်။ ဤတိုးတက်ဖြစ်ပေါ်မှုများသည် ဗြဟ္မာ၊ ထာဝရဘုရားရှင်တို့ဖန်ဆင်း၍ ဖြစ်သည်မဟုတ်ပါ။ လူသားတို့၏ ထူးခြားသော အသိဉာဏ်နှင့် စူးစမ်းဆင်ခြင် တွေးခေါ်စမ်းသပ်မှုကြောင့် ဖြစ်ပေါ်လာသည်မှာ အငြင်းပွားစရာ မရှိပါပေ။

သိပ္ပံပညာရှင်တို့သည် ပြင်ပလောကသဘာဝများဖြင့် ဒြပ်ဝတ္ထုများ တော၊ တောင်၊ သမုဒ္ဒရာသဘာဝများကို အများဆုံး စူးစမ်းဆင်ခြင်ခြင်း၊ စမ်းသပ်ရှာဖွေခဲ့ကြပါသည်။ လူသား၏ ထူးခြားသော ဉာဏ်စွမ်းရည်၊ စိတ်စွမ်းရည်၊ ရုပ်စွမ်းရည်ကို ရှာဖွေစမ်းသပ်မှုဘက်တွင် အလွန်အားနည်းနေခဲ့ပါသည်။

တစ်ဖန် လူ့သဘာဝသည် ပြင်ပနှင့် အချိန်ကုန်နေတတ်ကြပါသည်။ မိမိကိုယ်တွင်း အဇ္ဈတ္တကိုမူ သတိမထားတတ်ကြပါ။ မိမိကိုယ်တွင်း၌ ဘာတွေဖြစ်နေမှန်းလည်း မသိကြပါ။ သိအောင်လည်း မလုပ်ဖြစ်ကြပါ။

မိမိတို့အိမ်တွင် ကြည့်မှန်အသီးသီး ရှိကြပါသည်။ လူသားများသည် မျက်နှာနှင့် မှန်ကို မပြတ်ကြည့်ကြသည်။ သူတို့၏ကြည့်မှုသည် ပြင်ပဗဟိဒ္ဓကိုသာ ကြည့်တတ်သည်။ အတွင်းအဇ္ဈတ္တစိတ်သဘာဝကို ကြည့်သူက အလွန်ရှားပါသည်။

လောကလူသားများသည် အပေါင်းမှအစိတ်၊ အစိတ်မှအပေါင်း၊ ဒြပ်ဝတ္ထုမှသဘာဝ၊ သဘာဝမှဒြပ်ဝတ္ထု၊ ပရမတ်မှပညတ်၊ ပညတ်မှပရမတ် စသည်များကို မှားမှားယွင်းယွင်း မှတ်

www.dhammaransi.com



သားသိမြင်နေကြသည်။ အမှတ်၊ အသိ၊ အမြင် ဖောက်ပြန်ပြီး (ဝိပ္ပလ္လာသ) ရှုးနေကြသည်။ အယူဝါဒများ တိမ်းယိမ်းနေကြပါသည်။ သံသရာအရှုးရောဂါရရှိခံစားနေကြရသည်။ သာမန်ပုထုဇဉ်လူသားတို့၏ ထိုကဲ့သို့သော ပြောင်းပြန်အမြင်မှားများကို အမြင်မှန်ရအောင် အတွင်းအဖွဲ့တွ စိတ်ဓာတ်၏သဘာဝ၊ ရုပ်၏သဘာဝတို့ကို လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်က အိန္ဒိယ၌ ပေါ်ထွန်းခဲ့သော ဂေါတမဗုဒ္ဓသည် လူသားတို့၏ စိတ်ဓာတ်အမှန်၊ သဘာဝအမှန်ကို သိစေရန် ရုပ် - နာမ်သဘာဝကို ထုတ်ဖော်ဟောခဲ့ပါသည်။

ဂေါတမဗုဒ္ဓဟောကြားခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့တွင် အဘိဓမ္မာဟူသည် လူသားတို့၏ ရုပ် - နာမ်သဘာဝကို ထုတ်ဖော်ဟောထားသော ယထာဓမ္မတရား ဖြစ်ပါသည်။

ယထာဓမ္မဆိုသည်မှာ သဘာဝအားလျော်စွာ သဘာဝအတိုင်း ဖြစ်ခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်၊ သဘာဝဆိုသော ပါဠိစကားသည် (သ + ဘာဝ) = သ = ရှိ - ဟုတ်၊ ဘာဝ = ဖြစ်ခြင်း၊ သဘာဝ = တကယ်အမှန်တကယ် အဟုတ်ရှိတာများသည် သဘာဝဖြစ်သည်၊ ဥပမာ - ဆူးစူး၍နာခြင်းသည် သဘာဝ၊ အသက်ကြီးလာ၍ ဆံဖြူသွားကျိုးခြင်းသည် သဘာဝ။

အဘိဓမ္မာဟူသည် တကယ်ရှိ၊ တကယ်ဟုတ်သည်များနှင့် စပ်လျဉ်း၍ နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် ဟောကြားထားသော သဘာဝပညာရပ်ဟူ၍လည်းကောင်း၊ အကြောင်းအကျိုး ဆက်သွယ်ဖြစ်ပေါ်မှုကို သဘာဝကျကျ ဖော်ပြထားသော သဘာဝသိပ္ပံပညာရပ်ဟူ၍လည်းကောင်း ဆိုရပါမည်။

အဘိဓမ္မာသဘာဝတွင် ဖန်ဆင်းရှင်မပါ။ ဖန်ဆင်းရှင်ကို လုံးဝလက်မခံ။ လူသား၏ စိတ်နေစိတ်ထားသဘာဝ၊ ရုပ်၏သဘာဝတို့ကို ယထာဘူတကျကျ ထုတ်ဖော်ဟောကြားထားသော ဓမ္မများသာဖြစ်ပါသည်။

ဗုဒ္ဓဂေါတမ၏ အဘိဓမ္မာသဘာဝသည် လူ့ဘဝအခြင်းအရာအစုံကို ဖြေရှင်းထားသဖြင့် ကျယ်ပြန့်၏။ ပညတ်၏ အခြေခံအပိုင်းဖြစ်၍ နက်နဲပါ၏။ ရုပ်နှင့်နာမ်ဆက်သွယ်မှု၊ ကျေးဇူးပြုမှု၊ ရုပ်နှင့်နာမ်ဖြစ်ပေါ်ရာ၌ ကုသိုလ် - အကုသိုလ်ကံ၏အခန်းကဏ္ဍအရေးကြီးမှု၊ စိတ်၏ သဘာဝအမျိုးအစား၊ ထိုစိတ်ကိုခြယ်လှယ်နေသော စေတသိက်၏ သဘာဝအမျိုးအစား၊ သတ္တဝါတို့တွင် ကျင်လည်ရာ သံသရာဘုံများ၊ သတ္တဝါတို့၏ ရုပ်ဖြစ်ပေါ်မှု၊ စိတ်နှင့်ရုပ် ဆက်သွယ်ကျေးဇူးပြုမှု၊ ထိုရုပ်နာမ်သဘာဝနှင့် (၃၁) ဘုံသံသရာမှ လွတ်မြောက်အောင် ကျင့်မှု စသည်များကို အသေးစိတ် ဟောကြားထုတ်ဖော်ထားပါသည်။

သာမန်လူသားသည် ထိုအဘိဓမ္မာ (၇) ကျမ်း၏ အချုပ်ဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟခေါ်သော ကျမ်းငယ်ကလေးကို သင်ကြားဖူးပါက ထိုကျမ်းကြီး (၇) ကျမ်း၏အခြေခံထောက်တည်ရာကို ရနိုင်ပြီး မိမိတို့ဘဝ၏ သံသရာလွတ်မြောက်ရေးနှင့် လောကီလူသားဘဝ အဆင့်မြင့်လူသားများ ဖြစ်ရေးအတွက် အထောက်အကူပြုနိုင်ပါမည်။

www.dhammaransi.com



ယခု စာရေးသူသည် ဗုဒ္ဓအဘိဓမ္မကျမ်းလာ စိတ်နှင့် ရုပ် (ဝါ) ရုပ်နာမ်သဘာဝကို ဖတ်ရှုသူတို့ နားလည်နိုင်သမျှ နားလည်နိုင်အောင် ကြိုးစားအားထုတ်၍ ရေးပြထားပါသည်။

ဤသို့ ရေးသားရာတွင် မိမိ၏ဆရာ(၂)ကြိမ်ဖြစ်ခဲ့သော ပထမအကြိမ် ပြည်တွင်း-ပြည်ပသာသနာပြုသံဃတက္ကသိုလ်တက်နေစဉ်ကဆရာတော်ခဲ့ရသောအရှင်ကေတုမာလာဘိဝံသ (နှစ်ဘက်လှ)နှင့် ဒုတိယအကြိမ် သာသနာရေးဦးစီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၌ မိမိ၏ အထက်ညွှန်ကြားရေးမှူး-ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့သော ဖော်ပြပါ အရှင်ကေတုမာလာဘိဝံသ ရဟန်းဘဝတစ်ဖြစ်လဲ ဦးကျော်လွင်၊ ထိုသို့နှစ်ကြိမ်တိုင် ဘဝအကြီးအကဲဆရာတော်ခဲ့ရသူ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်က မိမိအား နိုင်ငံတော်ပရိယတ္တိသမိုင်းကို ရေးသားပြုစုရန် တာဝန်ပေးရင်း သူရေးထားသောသိပ္ပံအဘိဓမ္မာ(၂)အုပ်ကို ထုတ်ပေးရင်း...

"မောင်ရင်... မောင်ရင်က ဗုဒ္ဓစာပေတွေကို လူပြိန်းတွေ နားလည်အောင် ခေတ်ဝေါဟာရနှင့် ရေးပြနိုင်တယ်။ ဒါကြောင့် လယ်တီဆရာတော်ခေတ်က လယ်တီဆရာတော်က ပါဠိကနေ မြန်မာဝေါဟာရနှင့်ဒီပနီ တွေရေးပြလိုက်တော့ လူတိုင်းဖတ်နိုင်ပြီး လူတိုင်းက သဘောကျနှစ်ခြိုက်သလို မင်းရဲ့ဗုဒ္ဓစာပေ စာအုပ်တွေကိုလည်း ဒီခေတ်ကလူတွေ လက်ခံသဘောကျတယ်ကွာ။

ယခု ဆရာရေးထားတဲ့ သိပ္ပံအဘိဓမ္မာစာအုပ်ကလည်း လယ်တီဆရာတော်လိုပဲ ခေတ်မီသိပ္ပံခေတ်မှာ ဗုဒ္ဓအဘိဓမ္မာဟာ ဘယ်လောက်အရေးပါသလဲဆိုတာ သိစေချင်လို့ သိပ္ပံနှင့် နှိုင်းယှဉ်ရေးပြတာကွ။ ဒါပေမဲ့ ငါ့ တင်ပြချက်ကပဲ ခေတ်မမီလို့လား၊ စာဖတ်သူတွေ သိပ်နားမလည်ဘူး ပြောကြတယ်။ အဲဒါ မင်းက ဒီစာအုပ်တွေကိုမှီပြီး ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့ရဲ့ ပျို့ကဗျာတွေကို အဖွင့်ရေးပြသလို မင်းကလည်း ခေတ်လူတွေ သိပ္ပံနှင့် နှိုင်းယှဉ်ပြီး အဘိဓမ္မာကို သဘောပေါက်အောင် မင်းအတွေး မင်းအရေးနှင့် ထပ်ရေးကြည့်စမ်းကွာ။ ပြီးတော့ ငါ့ကိုပြ။ ငါ စိစစ်အကဲဖြတ်ပြင်ဆင်ပေးမယ်"

ဟုပြောကာ သူ၏စာအုပ်(၂)အုပ်ကို ပေးလိုက်ပါသည်။

စာရေးသူသည် ဆရာ့စကားကို နာခံမှတ်သားပြီး ဆရာစာအုပ်(၂)အုပ်ကို ယူလာကာ လေ့လာဖတ်ရှုပြီး မိမိအတွေးအခေါ်သစ်နှင့် ထပ်မံရေးရန် ကြိုးစားပါသည်။

စာရေးသူဆရာစာအုပ်များကို လေ့လာနေဆဲမှာပင် ဆရာသည် ညွှန်ကြားရေးမှူးချုပ်အလုပ်က နားသွားပြီး တရားစခန်းဘက် ဝင်သွားပါသည်။ စာရေးသူလည်း တာဝန်တွေများနေ၍ ထိုစာအုပ်ကို မရေးဖြစ်ခဲ့ပါ။

ပင်စင်ယူပြီးနောက် တစ်ဘက်က သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ကျွမ်းကျင်ပညာရှင်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၌ ပါမောက္ခ/တွဲဖက်ဌာနမှူး တာဝန်ထမ်းနေရင်း လှိုင်ကြည်ဖြူစာပေတိုက်မှ ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)နှင့် ဆက်သွယ်မိကြ

www.dhammaransi.com



ပြီး သူက ဓမ္မဝိရဂျာနယ်ထုတ်ဝေလို၍ အယ်ဒီတာချုပ်လာလုပ်ပေးရန် မေတ္တာရပ်ခံသဖြင့် အယ်ဒီတာချုပ်တာဝန် လုပ်ပေးခဲ့ရပါသည်။

ထိုသို့လုပ်ရင်း စကားစပ်မိကြ၍ ဗုဒ္ဓအဘိဓမ္မာနှင့် သိပ္ပံအမြင်ကို ဆွေးနွေးမိကြပါသည်။ ထိုအခါကျမှ စာရေးသူသည် မိမိဆရာဦးကျော်လွင်၏ ဩဝါဒကို သတိပြန်လည်ရပြီး ဓမ္မဝိရဂျာနယ်တွင် "သိပ္ပံပညာရှင် တို့မမြင်သေးသော ဗုဒ္ဓ၏ ရုပ်နာမ်သဘာဝအမြင်များ" အမည်ဖြင့် အခန်းဆက် ရေးသားတင်ပြနိုင်ပါတော့သည်။

အခန်းဆက်ရေးသားပြီး၍ ဝေဖန်မှု၊ သုံးသပ်မှုအမျိုးမျိုးတို့ကိုလည်း လက်ခံရရှိခဲ့ပါသည်၊ တစ်စုတစ်ပေါင်းတည်း စာအုပ်ထုတ်ဝေရန်လည်း တိုက်တွန်းမေတ္တာရပ်ခံကြပါသည်။

ဤစာစုကိုဖတ်ပြီးဗုဒ္ဓ၏ရုပ်နာမ်သဘာဝဓမ္မတို့ကိုအနည်းငယ် ရိပ်စားမိကြသည်ဆိုလျှင် စာရေးသူ ကြိုးစားရကျိုးနပ်ပါသည်၊ ထိုထက် အလွန် ဗုဒ္ဓ၏ ရုပ်နာမ်ဓမ္မသဘာဝကို သိရှိပြီး ဝိပဿနာ ကျင့်ကြံအားထုတ်နိုင်ကြပါလျှင် စာရေးသူအတွက် ဓမ္မဒေသနာကုသိုလ်သည် အတိုင်းထက် အလွန်ရရှိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပထမတိုက်တွန်းခဲ့သော နှစ်ဘဝဆရာတော်ခဲ့သော အကြံပြုရေးသားခိုင်းသော ဆရာဦးကေတုမာလာဘိဝံသ (နှစ်ဘက်လှ) ခေါ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို ဦးစွာတည်ထောင်ခဲ့သူ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်အားလည်းကောင်း၊ လှိုင်ကြည်ဖြူစာပေတိုက်နှင့် ဓမ္မဝိရဂျာနယ်တိုက်ပိုင်ရှင် ဗိုလ်မှူးကြီး တင်စိုး(ရဲချုပ် - ငြိမ်း)အားလည်းကောင်း၊ ဤစာအုပ်ကို ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာဖြင့် ရေးသားပြုစုနိုင်ရန် အစစအရာရာ ပါရမီဖြည့်ပေးသော ဇနီး ဒေါ်တင်အေးအားလည်းကောင်း၊ ကွန်ပျူတာစာစီ၍ အစစအရာရာ ကူညီဆောင်ရွက်ပေးသော သမီးလတ် မခင်သူဇာ B.A (Business Management)၊ သမီးငယ် မစန္ဒာမြင့် B.Com (Commerce) ACCA Part I, Part II(UK) တို့အားလည်းကောင်း၊ ထုတ်ဝေသူ ဆုပြည့်စုံထွန်းစာပေတိုက်မှ ဦးမြင့်ထွန်း + ဒေါ်ခင်မာရွှေတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

⊙ ⊙ ⊙

**တက္ကသိုလ်သျှင်သိရီ**
မဟာသဒ္ဓမ္မဇောတိကဓဇ
(ဓမ္မာစရိယ - ဘီ.အေ)

www.dhammaransi.com

# အပိုင်း [ ၁ ]

# ဗုဒ္ဓ၏ဓမ္မသဘာဝနှင့် သိပ္ပံ၏လက်တွေ့သဘာဝ

## ဗုဒ္ဓ၏လူသားနှင့် အသိဥာဏ်ပေးမှု

ဤလောက၌ ဗုဒ္ဓဘုရားရှင် ပေါ်ထွန်းလာသောအခါ ဗုဒ္ဓသည် ကိုယ်တော်တိုင် သိထားသော တရားအားလုံးကို ပုဂ္ဂိုလ်အလိုက် သူ့အဆင့်အတန်းနှင့်သူ လိုက်လျောညီထွေ ဟောပြောလေ့ရှိပါသည်။

အဟောခံရသောလူနှင့် တရား မထိုက်တန်လျှင် အကျိုးမရှိသည့်အပြင် အကျိုး ယုတ်သွားတတ်ပါသည်။

သို့အတွက် ဗုဒ္ဓက တောက်လုလုမီးကဲ့သို့ ပါရမီရင့်သောပုဂ္ဂိုလ် (ဥဃ္ဃဋိတညူ)မျိုး အား ဟောသောတရားကို သာမန်ပုထုဇဉ်များအား ဟောက အကျိုးရှိမည်မဟုတ်၍ မဟော ခဲ့ပါ။

ပုထုဇဉ်ဆိုသည်မှာ "ပုထုဇ္ဇနော ဥမ္မတ္တကော" ဟုဆိုသည့်အတိုင်း မိမိစိတ်ထင်ရာ ကို မိမိ၏လုပ်တတ်သော အရူးသဘောစိတ်ထားမျိုးရှိသူ၊ တစ်ဖန် ပါပသ္မိံရမတိမနော = မကောင်းမှုမှာ မွေ့လျော်တတ်သော လူစားမျိုးဖြစ်ကြပါသည်။

ပုထုဇဉ်မှန်သမျှ အမေမွေးလာ၍ အသိဉာဏ်ရှိလာခါစ လက်လှုပ်၊ ခြေလှုပ် လုပ် နိုင်ကတည်းက အကုသိုလ်ကို လုပ်လိုသောစိတ်က များကြလေ့ရှိသည်။ ပိုးကောင်လေးတွေ တွေ့လျှင် ရိုက်လိုသည်။ သတ်လိုသည်။ မိဘတွေက သားငယ်၊ သမီးငယ်ကို...

www.dhammaransi.com



"ဟဲ့ . . . မလုပ်ကောင်းဘူး၊ ငရဲကြီးတတ်တယ်"

ဟု ဗုဒ္ဓဘာသာဝင်မလေ့ကတော့ တားမြစ်တတ်ပါသည်။

ပုထုဇဉ်မှန်သမျှ ငါးပါးသီလ မလုံခြုံနိုင်ပါ။ အရိယာဖြစ်မှသာ ငါးပါးသီလလုံပါသည်။ ပုထုဇဉ်လူသားမှန်တိုင်း သတ်မှု၊ ခိုးမှု၊ လိမ်မှု စသည်များ ပြုလုပ်မိကြမည်သာ ဖြစ်ပါသည်။ လုံးဝမကင်းနိုင်ကြပါ။

သတ်ပြီးမှ . . .

"ငါတော့သတ်မိပြီ။ ငရဲကြီးပြီ။ ငါတော့ သေရင် အပါယ်ကျတော့မှာပဲ"

ဟု ပြုမိခဲ့သော အကုသိုလ်မကောင်းမှုကို တနုံ့နုံ့ ပြန်လည်သတိရပြီး စိတ်မချမ်းမသာ (ကုက္ကုစ္စ)ဖြစ်မိကြလေ့ရှိပါသည်။

တစ်ဖန် လူ့သဘာဝကိုကြည့်ပြန်လျှင်လည်း လူဟူသည် တစ်ဦးတစ်ယောက်တည်း နေလေ့ရှိသော သတ္တဝါမျိုးမဟုတ်။ လူလူချင်း ပေါင်းသင်းနေထိုင်ရသောကြောင့် လူဟူသော ပတ်ဝန်းကျင်သည် မိမိပတ်ဝန်းကျင်နှင့် ဆက်စပ်လျက် ရှိနေပါသည်။ တစ်ဖန် လူဟူသော သတ္တဝါသည် မိဘနှစ်ပါးက မွေးထုတ်ပေးရသော သတ္တဝါမျိုးဖြစ်၍ မွေးလာကတည်းက မိဘဟူသော လူသားဝန်းကျင်ရှိနေသည်။ အနည်းငယ်ကြီးလာသောအခါ ပညာသင်ပေးသော ဆရာဟူသော လူသားဝန်းကျင်ရှိလာသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်က ဘာသာတရားကို သွန်သင်ဆုံးမသော ရဟန်းသံဃာဝန်းကျင်ရှိလာသည်။ အခြား ခရစ်ယာန်၊ မွတ်စလင်၊ ဟိန္ဒူဘာသာဝင် လူသားများအဖို့ သူတို့၏ သက်ဆိုင်ရာ ဘာသာရေးသွန်သင်ဆုံးမညွှန်ကြားသူ ဘာသာရေးခေါင်းဆောင်ဝန်းကျင်ရှိနေပါမည်။

ကလေးတစ်ယောက်လူကြီးဖြစ်လာရာတွင် မိဘ၊ ဆရာ၊ ဘာသာရေးဆရာ စသည့် အမျိုးမျိုးတို့က ဝန်းရံထား၍ ကမ္ဘာ့လူသားတစ်ယောက်အဖို့ လူကြီးဘဝတွင် မိဘဆရာ အမျိုးမျိုးရှိသည့်နည်းတူ အယူဝါဒအတွေးအမြင်လည်း အမျိုးမျိုးရှိနေတတ်ပါသည်။

အနောက်တိုင်းရှိလူမျိုးတို့၏အယူအဆမှာ ကလေးကို ငယ်စဉ်က လူကြီးမိဘဆရာတို့က ကျိုးသွင်းပညတ်ပြီး ဆုံးမတားမြစ်ရန် မလို။ သူ့သဘော သူဆောင်နေသင့်သည်။ လိမ္မာအောင်ဆိုပြီး အလွန်အကျွံ ဆုံးမနေရန်မလို။ လွှတ်ပေးထားသင့်သည်။ နောင် ထိုကလေးကြီးလာသောအခါ သူ့ဘဝအတွေ့အကြုံက သူ့ကို ဆုံးမသွားလိမ့်မည်။ ထိုအခါ လိမ္မာသော လူကောင်းတစ်ယောက်ဖြစ်လာမည်ဟု ယူဆကြပြီး များစွာဆုံးမမှု မပြုကြချေ။

ဗုဒ္ဓဝါဒအရ ဗုဒ္ဓဘာသာဝင်တို့ကမူ ကလေးကို ငယ်ငယ်ကတည်းက လိမ္မာယဉ်ကျေးသောလူတစ်ယောက်ဖြစ်လာစေရန် ဆုံးမရမည်။ လိမ္မာအောင် သွန်သင်ရမည်ဟု ခံယူကျင့်သုံးခဲ့ကြသည်။

www.dhammaransi.com



ကလေးငယ်တစ်ယောက်၏ သဘာဝကိုလေ့လာကြည့်လျှင် မွေးကတည်းက လောဘပါလာသည်။ လိုချင်တပ်မက်သည်။ စိတ်ဆိုးသော ဒေါသဗီဇပါလာသည်။ အမျက်ထွက်တတ်သည်။ မနာလို ဝန်တိုတတ်သည်။ ခွေးသည် ရေကူးမသင်ရဘဲ မွေးရာပါအရည်အချင်းအရ အလိုလို ရေကူးတတ်သလို ကလေး၌ မကောင်းသောစိတ်များ သင်မပေးရဘဲ အလိုလိုဖြစ်ပေါ်နေသည်။

ထို့ကြောင့် သူ့ဘာသာသူလွှတ်ထားပါက မြေနိမ့်ရာသို့ ရေစီးသကဲ့သို့ မကောင်းမှုဘက်သို့ အလိုက်အပါများမည်သာ ဖြစ်ပါသည်။

သို့အတွက် ကလေးကို ငယ်စဉ်ကတည်းက မိဘဆရာသမားတို့က လောဘမကြီးဖို့၊ စိတ်မဆိုးဖို့၊ ဆိုဆုံးမမှုပြုရသလို ပေးကမ်းလှူဒါန်းဖို့၊ ဘုရားရှိခိုးဖို့ စသော ကောင်းမှုတို့ကို ပြုရန် တိုက်တွန်းစေခိုင်းရပါသည်။ ပညာတတ်လူလိမ္မာ လူတော်လူကောင်းတစ်ယောက်ဖြစ်အောင် စာသင်ဖို့၊ စာသင်မပျင်းဖို့ ကြိုးစားအားထုတ်ပြီး သင်ယူဖို့ တိုက်တွန်းရသည်။ နှိုးဆော်ရသည်။ ဆုံးမရသည်။

သူ့ဘာသာသူ လိမ္မာလိမ့်မည်ဟု လွှတ်ထားခြင်းသည် သဘာဝမကျ။ အကျိုးထက် အပြစ်သာများသည်။ ဆုံးမသွန်သင်ခြင်း၊ ကွပ်ကဲမှုပြုခြင်း၊ နည်းပေးလမ်းပြပြုခြင်းသည် သဘာဝကျသည်။ အပြစ်ထက် အကျိုးများသည်။ လူ့သဘာဝရင်းမြစ်နှင့် ကိုက်ညီသည်ဟု ဗုဒ္ဓဘာသာတို့က ခံယူထားပြီး ကျင့်သုံးကြသည်။

ဤသည်မှာလည်း ဗုဒ္ဓက မိဘသည် သားသမီးကိုဆုံးမတတ်မှုအတွက် "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ" ဟူသော မိဘကျင့်ဝတ်။

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးတား၊ သင်ရာအပ်ဖို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဟူသော ဆရာကျင့်ဝတ်။

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အသစ်ဟောကြား၊ နာဖူးထပ်မံ၊ နတ်ထံတရား၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သေချာ" ဟူသော ဆရာရဟန်း၏ကျင့်ဝတ်များကို ဟောကြားထားပေးပါသည်။

ဤကျင့်ဝတ်များ ဟောကြားထားသည့်အတိုင်း မိဘက သားသမီးကို ဆရာက တပည့်ကို ရဟန်းဆရာက ဒါယကာ၊ ဒါယိကာမများကို မဖြစ်သေးသောအကုသိုလ်များ မဖြစ်အောင် မပြုလုပ်မိကြစေရန် ဆိုဆုံးမသွန်သင်ပြကြရသည်။

မိဘဆရာတို့က မကောင်းမြစ်တား၊ ကောင်းရာညွှန်ကြားသည်ကို လက်ခံပြီး လိုက်နာကျင့်သုံး၍ အကုသိုလ်မဖြစ်အောင် ပယ်နိုင်အောင် ကုသိုလ်တရားများဖြစ်ပေါ်လာအောင် တိုးပွားလာအောင် လုံ့လပြုရမည်က မိမိသာဖြစ်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



သွန်သင်ဆုံးမလမ်းပြရာ၌ သာမန်အားဖြင့် မသွားနဲ့၊ မလုပ်နဲ့ဟု ဆုံးမတားမြစ်ခြင်းပင်ဖြစ်စေကာမူ ချုပ်ချယ်သည်အထိရောက်အောင် ဆုံးမလွန်းပါကကလေးသူငယ်များ၏စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုတို့ကို ထိခိုက်စေနိုင်သည့်အတွက် မိဘ၊ ဆရာသမားတို့က အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုးကို ဖော်ပြပြီး မလျော့မတင်း ချင့်ချင့်ချိန်ချိန် ဆုံးမသွန်သင်ရပါမည်။

အထူးသဖြင့် သာမန်ဆုံးမခြင်းထက် ဗုဒ္ဓ၏တရားဖြင့် ဆုံးမခြင်းက ပို၍ အကျိုးကြီးလှပါသည်။

## ခေတ်သိပ္ပံအသိနယ်ပယ်ကို ဗုဒ္ဓအဘိဓမ္မာဖြင့် ထိန်းချုပ်ရန်လိုပါသည်

သိပ္ပံသည် အေဒီ(၂၀)ရာစုတွင် ခေတ်စားလာ၍ လောကရုပ်ပိုင်းဆိုင်ရာ အရာရာ၌ လွှမ်းမိုးလာခဲ့ပါသည်။ ထိုသို့ လွှမ်းမိုးခြင်းနှင့်အတူ သိပ္ပံပညာကြောင့် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုတို့သည် အစစအရာရာ ပြည့်စုံလာကြသည်ကို ယနေ့လူသားတို့ တွေ့ကြုံခံစားနေကြရပါသည်။

ယနေ့ လူသားများ၏ဘဝသည် သိပ္ပံပညာစွမ်းအားကြောင့် နတ်ဘုံနတ်နန်းသဖွယ် နေနိုင်သလို စားစရာအစားအစာများ၊ ဝတ်စရာအဝတ်အထည်များ၊ ဆေးဝါးများ၊ မြေလျှိုးမိုးပျံသင်္ဘော၊ လေယာဉ်များ စသည်တို့သည် ရေးကနှင့်မတူ တိုးတက်လာကြပါသည်။

ဆန့်ကျင်ဘက်တို့၏ သဘာဝအတိုင်း ရုပ်ပိုင်းပြည့်စုံမှုများ ပို၍ပို၍ တိုးပွားလာသောအခါ စိတ်ပိုင်းဆိုင်ရာပြည့်စုံမှုများသည် ပို၍ပို၍ လျော့နည်းလာကာ လူသားတို့အနေဖြင့် ငြိမ်းချမ်းမှုကို မရနိုင်။ စစ်မှန်သောချမ်းသာသုခကို မရကြဘဲရှိနေပါသည်။

စိတ်ပိုင်းဆိုင်ရာ အားနည်းလာသောအခါ အမှားများ ပို၍ပို၍ တိုးပွားလာပြီး အမှန်များ ပို၍ပို၍ လျော့နည်းသွားသည်၊ အကုသိုလ်တရားများ ပို၍ပို၍ တိုးပွားလာပြီး ကုသိုလ်တရားများ ပို၍ပို၍ လျော့နည်းသွားရလေသည်။

ယနေ့ခေတ် လူသားတို့သည် သိပ္ပံခေတ်ဟူသော ဆိုစကားအတိုင်း အရာရာကို သိပ္ပံပညာဖြင့် တိုင်းတာကြည့်ကြလေ့ရှိကြပါသည်။

သိပ္ပံပညာတွင် အချက်အလက်ကိုသိ၊ အာရုံသိမှုကိုသာ ပေးစွမ်းနိုင်သည်။ ယင်းအချက်အလက်နှင့် အာရုံတွင် အမှားနှင့်အမှန် မရှိချေ။

သိပ္ပံပညာသည် ရုပ်ပိုင်းဆိုင်ရာသိမှုများနှင့်ပတ်သက်၍ စည်းစနစ်ကျ လေ့လာသုတေသနပြုထားသဖြင့် ကျေနပ်ဖွယ်ရာရှိသည်ဟု ဆိုနိုင်ပါသည်။ ဗုဒ္ဓအဘိဓမ္မာအရ အမှား

www.dhammaransi.com



နှင့်အမှန်သည် စိတ်၊ စေတသိက်တို့၏အမည်ဖြစ်၍ ယင်းအမှားနှင့်အမှန်သည် လူသားတို့၏ ဗဟိဒ္ဓပြင်ပသန္တန်တွင်မရှိဘဲ အဇ္ဈတ္တအတွင်းသန္တန်၌သာဖြစ်နိုင်သည်ဟု ဗုဒ္ဓအဘိဓမ္မာက ဆို ထားပါသည်။

စိတ်ပိုင်းဆိုင်ရာသိမှုများနှင့်ပတ်သက်၍သိပ္ပံပညာထက် ဗုဒ္ဓအဘိဓမ္မာပညာကပို၍ စည်းစနစ်ကျပါသည်။

ဗုဒ္ဓအဘိဓမ္မာသည် ဘီ-စီ (၆) ရာစုမှ စတင်ခေတ်စားလာခဲ့ပြီး လောက၏စိတ် ပိုင်းဆိုင်ရာ အရာရာကိုလွှမ်းမိုး၏၊ လွှမ်းမိုးသည်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာပြည့်စုံမှုများသည် အထွတ်အထိပ်သို့ ရောက်ခဲ့ပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာအသိသည် အချက်အလက်ကို စည်းကမ်းနည်းစနစ်တကျသိသဖြင့် အချက်အလက်၏သဘာဝကို နားလည်လာပါသည်။ ထိုထက်ကျော်၍ အချက်အလက်ကို သိသော အသိကိုလည်း ထပ်ဆင့်၍ သိပြန်ပါသည်။ ထိုအခါ အချက်အလက်ကိုသိသော အသိ ၏ သဘာဝကို နားလည်လာပါသည် (ဝါ) အသိ၏အသိကို နားလည်လာပါသည်။

အချက်အလက်ကိုသိသောအသိသည် သညာသိလား၊ ဝိညာဏ်သိလား၊ ပညာသိ လားဟူ၍ ခွဲခြားနိုင်ပါသည်၊ ကုသိုလ်လား-အကုသိုလ်လားဟု စိစစ်နိုင်ပါ၏။ ဝိဇ္ဇာလား- အဝိဇ္ဇာလားဟု ဆုံးဖြတ်ချက်ချနိုင်ပါသည်။

ဤသဘောသည် သိပ္ပံပညာအမျိုးအစားမဟုတ်။ အဘိဓမ္မာ အသိအမျိုးအစားဖြစ် သည်။ တစ်ဆင့်သိသော အရာမဟုတ်။ နှစ်ဆင့်သိသောအရာဖြစ်၏။

သိပ္ပံပညာအသိသည် တစ်ဆင့်ကိုသာ သိနိုင်ပါသည်၊ အဘိဓမ္မာကသာ နှစ်ဆင့် သိနိုင်ပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာအရ အာရုံများကို အုပ်စုခွဲလိုက်လျှင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ပြင်ပအာရုံ (ပဉ္စာရုံ)ငါးမျိုးနှင့် စိတ်၊ စေတသိက်၊ ပညတ်၊ နိဗ္ဗာန်ဟူသော ဓမ္မာရုံဟူ၍ (၂)မျိုး တွေ့ရပါသည်။

သိပ္ပံပညာသည် အဆင်းစသော ပဉ္စာရုံနှင့် ဆိုင်သည်၊ ဓမ္မာရုံနှင့် မဆိုင်ပါ။ ဓမ္မာရုံ သည် အဘိဓမ္မာနှင့်ဆိုင်သည်၊ အဆင်းစသော အာရုံငါးပါးသည် လက်တွေ့စမ်းသပ်၍ရ သည်။ စူးစမ်း၍ရ၏၊ ဓာတ်ခွဲ၍ရ၏၊ လေ့လာ၍ရ၏၊ ထိုသို့စမ်းသပ်ခြင်း၊ လေ့လာခြင်း၊ ဓာတ်ခွဲ ခြင်းဖြင့် အဆင်းစသော ပဉ္စာရုံကို သိနိုင်၏၊ ထိုအသိသည် သိပ္ပံအသိဖြစ်သည်။ လက်တွေ့ အသိဖြစ်သည်။

ထို့ကြောင့် သိပ္ပံနည်းပညာဖြင့် ပြင်ပဆိုင်ရာအာရုံများကို စည်းစနစ်တကျ သိနိုင် သည်ဟု ဆိုရပါမည်။ သို့ရာတွင် အသိသည် ထိုမျှနှင့် မရပ်သေး။ ထိုမျှသော အသိအဆင့်သည် အချက်အလက်မသိ အဆင့်သာဖြစ်ပါသည်။

www.dhammaransi.com



ဗုဒ္ဓအဘိဓမ္မာအသိသည် ထိုထက်ပိုပါသည်။ အမှားနှင့်အမှန် အသိအထိ အဆင့်မြင့်သွား၏၊ လူတို့၏အသိသည် ပါဠိအခေါ် အာသယ-အမှားနှင့်အမှန်အဆင့်သို့မရောက်မချင်း ဆက်၍ဆက်၍သွား၏၊ ရောက်မှသာရပ်တန့်၏။

သို့ရာတွင် သိပ္ပံသည် အချက်အလက်သိအဆင့်၌သာ ရပ်တန့်လေသည်။ ထိုထက်ကျော်၍ မလိုက်ပါ။ သိပ္ပံအသိကို အာရုံအသိဟု ဆိုရပါမည်။ အဆင့်အားဖြင့်ဆိုက တစ်ဆင့်သိပင် ဖြစ်ပါသည်။

တစ်ဆင့်သိဟူသည် မျက်စိ၊ နား၊နှာခေါင်း၊ လျှာ၊ ကိုယ်တည်းဟူသော အပေါက် (ဒွါရ) ၅-ပေါက်၌ ထိုက်သင့်သလို ထင်လာသော အဆင်းစသော ပဉ္စာရုံငါးပါးကို စနစ်တကျ သိခြင်းပင် ဖြစ်ပါသည်။

အဘိဓမ္မာအသိကား အာရုံပြုရမည်အရာကို အာရုံပြု၍သိသော အသိဖြစ်သည်၊ အဆင်းအားဖြင့်ဆိုလျှင် (၂)ဆင့်သိဖြစ်၏၊ နှစ်ဆင့်သိဟူသည် အာရုံကိုသိသောအသိကို ထပ်ဆင့်၍ သိခြင်းဖြစ်ပါသည်။

အာရုံကိုသိသောအသိကို အာရမ္မဏိကဟူ၍လည်းကောင်း၊ ဓမ္မာရုံဟူ၍လည်းကောင်း အဘိဓမ္မာကဆိုပါသည်။ ယင်းဓမ္မာရုံဟူသော တရားများသည် စိတ်အပေါက် (မနောဒွါရ)၌သာ ထင်လာတတ်ပါသည်။ မျက်စိ စသော ပဉ္စဒွါရ၌မထင်ပါ။ ထို့ကြောင့် ပဉ္စဒွါရ၌ထင်သောအာရုံကို သိသောအသိကို ထပ်ဆင့်၍ သိသောအသိဟူ၍ အသိ(၂)မျိုး ကွဲပြားပါသည်။

ထို(၂)မျိုးတွင်...

ပထမအသိကား သိပ္ပံပညာ (အချက်အလက်)ကိုသိသည်။

ဒုတိယအသိကား အဘိဓမ္မာအသိ (အမှားနှင့်အမှန်၊ အကောင်းနှင့်မကောင်း၊ သင့်နှင့်မသင့်၊ ဝိဇ္ဇာနှင့်အဝိဇ္ဇာ၊ ကုသိုလ်နှင့်အကုသိုလ်)

အာရုံပြုမှုသည် သိပ္ပံရော၊ အဘိဓမ္မာမှာ ပါရှိသည်။ အမှားနှင့်အမှန်၊ အကောင်းနှင့်မကောင်း၊ သင့်နှင့်မသင့်တို့သည် စိတ်၊ စေတသိက်တို့၏ အမည်ဖြစ်၍ ပြင်ပ၌မရှိ။ လူသား၏ အတွင်းသန္တာန်၌သာ ရှိသည်။

လောကဥပမာအားဖြင့် ဤအရာသည် ထမင်းဖြစ်သည်။ ထိုထမင်းကို ငါ သိသည် ဟူ၍ ဝါကျစကား(၂)မျိုးဖြင့် ဆိုနိုင်၏။

ဤဟာသည် ထမင်းဖြစ်သည် ဟူသောအသိသည် အချက်အလက် ပဉ္စာရုံအသိဖြစ်၍ သိပ္ပံအသိအမျိုးအစား၌ ပါဝင်သည်။

ဤထမင်းကို ငါသိသည် ဟူသောအသိသည် အချက်အလက်အသိအပေါ် ထပ်ဆင့်၍သိသောအမှားနှင့်အမှန်၊အကောင်းနှင့်မကောင်း၊စားကောင်းမကောင်းဓမ္မာရုံအသိမျိုး ဖြစ်သည်။ အဘိဓမ္မာအသိမျိုး၌ ပါဝင်သည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ယနေ့ သိပ္ပံပညာကြောင့် ပဋ္ဌာရုံနယ်ပယ်သည် ကျယ်ဝန်းလာ၏၊ အနန္တစကြဝဠာတိုင်အောင် ကျယ်ဝန်းလာနိုင်ပါသည်။ ပဋ္ဌာရုံကို တစ်နည်းအားဖြင့် ကာမဂုဏ်အာရုံငါးပါးဟု ခေါ်ပါသည်။ ထိုကာမဂုဏ်အာရုံငါးပါး ကျယ်ပြန့်လာသည်နှင့်အမျှ တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော အယုတ်တရားများသည် လူသားလောကတွင် တိုးပွားလာမည်ဖြစ်ပါသည်၊ ထိုအခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်အမြတ်တရားများ လျော့ပါးသွားမည် ဖြစ်ပါသည်။

ထိုအခါ ဤကမ္ဘာလောကဝယ် စစ်မှန်သောချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းမှုတို့သည် ဝေး၍ဝေး၍သွားပြီး စစ်မှန်သောဆင်းရဲနှင့် စစ်မှန်သောသောကတို့သည် နီး၍နီး၍လာပါလိမ့်မည်။

ထိုသို့ဖြစ်ရသည်မှာ သိပ္ပံသည် မိမိ၏ဗဟိဒ္ဓဖြစ်သော ပဋ္ဌာရုံကိုသာ စည်းစနစ်ကျအာရုံပြု၍ သိနိုင်ပြီး မိမိအဇ္ဈတ္တအတွင်းသန္တာန်၌ဖြစ်သော တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ဓမ္မာရုံကို အာရုံပြု၍ မသိနိုင်သောကြောင့် ဖြစ်ပါသည်။

ထိုသို့မသိလျှင် မိမိသန္တာန်၌ရှိသော တဏှာ၊ မာန၊ ဒိဋ္ဌိအန္တရာယ်ကို အဘယ်သို့တားဆီးပိတ်ပင်နိုင်မည်နည်း။ ဗြဟ္မစိုရ်တရားများ အဘယ်သို့ တိုးပွားလာနိုင်မည်နည်း။ ထိုသို့မတိုးပွားသော်စစ်မှန်သောချမ်းသာနှင့်စစ်မှန်သောငြိမ်းချမ်းမှုသည်အဘယ်သို့လျှင်ဖြစ်ထွန်းနိုင်ပါမည်နည်း။

ဤကမ္ဘာမြေပြင်သည် ထာဝစဉ် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့ဖြင့် ပြည့်နှက်နေမည်သာ ဖြစ်သည်။

ဤကမ္ဘာမြေပြင်ပေါ်၌ လူသားများ စတင်ဖြစ်ပေါ်ချိန်မှစ၍ လူတို့သည် တစ်ဦးနှင့်တစ်ဦး မလွဲမရှောင်သာ ဆက်သွယ်ကြရ၏၊ ကာယကံဖြင့်လည်း ဆက်သွယ်ကြ၏၊ ဝစီကံဖြင့်လည်း ဆက်သွယ်ကြ၏၊ မနောကံဖြင့်လည်း ဆက်သွယ်ကြ၏၊ ထိုသို့ဆက်သွယ်ရာတွင်...

- အနိုင်အထက် ဆက်သွယ်သည်လည်း ရှိ၏။
- ရင်းရင်းနှီးနှီး ဆက်သွယ်ကြသည်လည်း ရှိ၏။

အမှန်အားဖြင့် မိမိတို့ဆက်သွယ်ချင်သလို ဆက်သွယ်ကြသည်သာ ဖြစ်၏။ သတ်မှတ်ထားသော ဆက်သွယ်မှုပုံစံမရှိပါ။ ထိုအခါ လူသားတို့သည် မိမိတို့အချင်းချင်း မငြိမ်းချမ်းသော အသွင်ဆောင်ကြပါသည်။

လူ့ဘဝဟူသည်မှာလည်း ရေရာသောသဘောမရှိ၊ မြင့်မြတ်သော သဘောမရှိ၊ ခဏတွင်း ပျက်စီးနိုင်၏၊ အရိုင်းသဖွယ်သာဖြစ်၏။

ထိုအခါ လူသားများကို အမျိုးအစားခွဲပြီး ယင်းတို့၏အချင်းချင်း ဆက်သွယ်ရေးနှင့်ပတ်သက်၍ စည်းကမ်းချက်များ သတ်မှတ်လာ၏။ ယင်းကို ကျင့်ဝတ်များဟူ၍ ခေါ်၏။

www.dhammaransi.com



* ဆရာနှင့်တပည့် ဆက်သွယ်ရေးကျင့်ဝတ်များ
* မိဘနှင့်သားသမီးတို့၏ ဆက်သွယ်ရေးကျင့်ဝတ်များ
* မင်းနှင့်ပြည်သူတို့၏ ဆက်သွယ်ရေးကျင့်ဝတ်များ
* လင်နှင့်မယား ဆက်သွယ်ရေးကျင့်ဝတ်များ
* မိတ်ဆွေ ဆက်သွယ်ရေးကျင့်ဝတ်များ
* အိမ်နီးချင်း ဆက်သွယ်ရေးကျင့်ဝတ်များ
* ရွာ၊ မြို့ ပြည်ထောင်အချင်းချင်း ဆက်သွယ်ရေးကျင့်ဝတ်များ

စသည်တို့ဖြင့် အုပ်စုအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များကို သတ်မှတ်ခဲ့ကြပါသည်။

ထိုသို့သတ်မှတ်ခြင်းသည် ဤလောက၌ လူသားအချင်းချင်း မလွဲသော မရှောင်သာ ဆက်သွယ်နေရချင်းအတူတူ စစ်မှန်သောချမ်းသာနှင့် ငြိမ်းချမ်းမှုကိုဦးတည်သော လူ့ဘဝကို တည်ထောင်ရန် ရည်ရွယ်၍ သတ်မှတ်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျင့်ဝတ်များ၏ မူလရည်ရွယ်ချက်သည် ကောင်းမွန်မြင့်မြတ်ပါမည်။

လူ့လောကကျင့်ဝတ်များကို သတ်မှတ်ရာတွင် ခေတ်အလိုက်၊ လူ့အဖွဲ့အစည်း အလိုက် ပစ္စက္ခအခြေအနေနှင့် အချက်အလက်များ အပေါ်အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ရာ ခေတ်တစ်ခုနှင့် အခြားခေတ်တစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် အခြားလူ့အဖွဲ့အစည်းတစ်ခု အတွင်း ကျင့်ဝတ်ပုံသဏ္ဍာန်ချင်း မတူညီကြကြောင်း တွေ့ရှိလာရမှ ကျင့်ဝတ်များနှင့်ပတ်သက်၍ ဝါဒကွဲပြားမှုများ ပေါ်လာသည်။

- အချို့က ကျင့်ဝတ်များကို ပရမတ္ထသစ္စာဉာဏ်အနေဖြင့် ဆိုလာကြလေသည်။
- အချို့က ကျင့်ဝတ်များကို အတ္တဟိတအနေဖြင့်ဆို၍ အချို့က ပရဟိတအနေ ဖြင့် ဆိုလာကြပါသည်။
- အချို့က ကျင့်ဝတ်များကို ကျင့်စဉ်ပဓာနအနေဖြင့်ဆို၍ အချို့က ရည်မှန်းချက် ပဓာနအနေဖြင့် ဆိုလာကြသည်။
- အချို့က ကျင့်ဝတ်များကို ပုဂ္ဂလအဓိဋ္ဌာန်သဘောဖြင့်ဆို၍ အချို့က ဓမ္မဓိဋ္ဌာန် သဘောဖြင့် ဆိုပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာအရဆိုပါမူကျင့်ဝတ်သည်သိပ္ပံနယ်ပယ်မဟုတ်အဘိဓမ္မာနယ်ပယ် ဖြစ်၏၊ အချက်အလက်သိ နယ်ပယ်မဟုတ်။ အမှားနှင့်အမှန်သိ နယ်ပယ်ဖြစ်၏။

အချက်အလက်သည် သိပ္ပံအသိ၏ ပဓာနကျက်စားရာဖြစ်၏၊ အမှားနှင့်အမှန်သည် အဘိဓမ္မာ၏ ပဓာနကျက်စားရာဖြစ်၏။

www.dhammaransi.com



* သိပ္ပံအသိသည် ပထမအဆင့်အသိ ဖြစ်၏၊

* အဘိဓမ္မာအသိသည် ဒုတိယအဆင့်အသိ ဖြစ်၏၊

သိပ္ပံအသိသည် အဘိဓမ္မာအသိ၌ အဆုံးမသတ်ပါက ကျင့်ဝတ်သဘောသို့မရောက်ဘဲ ကာမဂုဏ်ညွတ်ကွင်း၌ တန်းလန်းကြီး ဖိ၍ ဒရွတ်တိုက်ပါသွားမည်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် လူသားတို့၏ပင်ကိုသန္တာန်စိတ်သည် အဝိဇ္ဇာနုသယခြံရံ၍ တဏှာအနုသယအခြေခံကာ ကံတရား၏အကျိုးတရားဖြစ်၍ မွေးကတည်းက ဘဝကိုတပ်မက်သော လောဘဇောကို ဦးစွာဖြစ်ပေါ်စေခဲ့သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် လူသားသည် ပင်ကိုယ်၌ ဗီဇအားဖြင့် လောကကို မငြိမ်းချမ်းစေသူဖြစ်သည်။

သိပ္ပံသည် အာရုံငါးပါး၊ နယ်ပယ်ကိုချဲ့၍ ကာမဂုဏ်တို့ကို အတောမသတ်နိုင်အောင် ဖန်တီးလိုက်သောအခါ လူ့လောကသည် ကာမဂုဏ်၏ဆွဲဆောင်မှုကြောင့် အချင်းချင်းအပေါ်စီးရအောင် ကြိုးပမ်းကြရ၏၊ လက်နက်မျိုးစုံ၊ နောက်ဆုံး အဏုမြူဗုံးအထိ ပြုလုပ်လာကြ၏၊ အာကာသကို လွှမ်းမိုးနိုင်အောင် ပြုလုပ်ကြ၏၊ သို့အတွက် ဤလောကသည် မငြိမ်းချမ်းတော့ပေ၊ သမ္မတအိမ်တော်၌စံနေရင်း အိပ်မပျော်မှုများ မွန်မြတ်သော ခံဖွယ်ဘောဇဉ်များကို သုံးဆောင်ရင်း ခံတွင်းမတွေ့၊ အရသာမတွေ့မှုများ စသည်ဖြင့် စစ်မှန်သောချမ်းသာသည် ဝေး၍ဝေး၍ သွားလေသည်။

ထိုသို့ဖြစ်ခြင်း၌ သိပ္ပံအသိသည် အထိုက်အလျောက် တာဝန်ရှိလေသည်။ ထို့ကြောင့် သိပ္ပံအသိကို သူချည်းလွှတ်မထားဘဲ ထိန်းချုပ်ရန် လိုအပ်လာပါသည်။ ထိုသိပ္ပံအသိကို ထိန်းချုပ်ထားနိုင်သော အသိသည်ကား ဗုဒ္ဓ၏ အဘိဓမ္မာအသိပင် ဖြစ်ပါသည်။

အဘိဓမ္မာအသိတွင် အဆင့်(၂)ဆင့် ရှိနေပါသည်။

ပထမအဆင့်သည် အချက်အလက်ကို အာရုံပြု၍သိသော အဆင့်ဖြစ်သည်။ ယင်းအဆင့်ကို သိပ္ပံနည်းဖြင့် သိသောကြောင့် သိပ္ပံအသိဟူ၍ ဆိုရပါမည်။

ဒုတိယအဆင့်သည်ကား အချက်အလက်ကို အာရုံပြု၍ သိသောအဆင့်ဖြစ်သည်၊ ယင်းအဆင့်သည် သိပ္ပံနှင့်မဆိုင်။ ဥပမာ - အဏုမြူဗုံးကို အဏုမြူဗုံးမှန်းသိ၏။ ထိုသို့သိရာတွင် သူ၏သန္တာန်၌ဖြစ်သော အသိသည် ကုသိုလ်ဖြစ်သည်၊ အကုသိုလ်ဖြစ်သည်ကို သူမသိပါ။

အဘယ်ကြောင့်ဆိုသော် သူသည် အဏုမြူဗုံးကိုသာ အာရုံပြု၍ သူ၏သန္တာန်၌ဖြစ်သောစိတ်ကို အာရုံမပြုသောကြောင့် ဖြစ်ပါသည်။

www.dhammaransi.com



ဗုဒ္ဓ၏အဘိဓမ္မာအရ ကုသိုလ်နှင့်အကုသိုလ်သည်သာ အကျင့်သိက္ခာနှင့် ဆိုင်၏။ အချက်အလက်သည် အကျင့်သိက္ခာနှင့်မဆိုင်။ အကျင့်သိက္ခာနှင့်မဆိုင်လျှင် လူ့လောကငြိမ်းချမ်းရေးအတွက် တန်ဖိုးမကြီး။

အဘိဓမ္မာနည်းဖြင့်သိသော ဒုတိယအဆင့်အသိသည်သာ ကုသိုလ်နှင့်အကုသိုလ်ကို အာရုံပြု၍ ကုသိုလ်ဖြစ်လျှင်လည်း ကုသိုလ်ဖြစ်မှန်းသိ၏၊ အကုသိုလ်ဖြစ်လျှင်လည်း အကုသိုလ်ဖြစ်မှန်းသိ၏။

ထို့ကြောင့် အဘိဓမ္မာအသိသည်သာလျှင် အကျင့်သိက္ခာနှင့်ဆိုင်၍ လူ့လောကငြိမ်းချမ်းရေးအတွက် တန်ဖိုးကြီးလေသည်။

အဘိဓမ္မာနည်းအရအသိသည် ယထာဘူတကျဖို့သာ အရေးကြီးသည်။ စိတ္တာနုပဿနာအရ မိမိသန္တာန်၌ အကုသိုလ်ဖြစ်လျှင်လည်း အကုသိုလ်ဖြစ်မှန်းသိအောင်၊ ကုသိုလ်ဖြစ်လျှင်လည်း ကုသိုလ်ဖြစ်မှန်းသိအောင် ကြိုးပမ်းရ၏။ ဘာမျှမသိလျှင်လည်း ဘာမျှမသိမှန်းသိအောင် ကြိုးပမ်းရ၏။

ထိုကဲ့သို့ ကြိုးပမ်းခြင်းသည် သတိနှင့်သမာဓိကို ထူထောင်ခြင်းပင်ဖြစ်ပါသည်။ သမာဓိရလျှင် ယထာဘူတဉာဏ်ဖြစ်လေသည်။ ယထာဘူတဉာဏ်ဖြစ်လျှင် ဤလောကကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မသိမ်းပိုက်တော့ပါ။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ နည်းပါးသွားသည်နှင့်အမျှ ဤလောက၌ စစ်မှန်သောငြိမ်းချမ်းမှုသည် ပေါ်ပေါက်လာမည်ဖြစ်၏။ စစ်မှန်သော ချမ်းသာသုခကို ခံစားရမည်ဖြစ်၏၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ နည်းနည်းကင်းလျှင် နည်းနည်းချမ်းသာ၏။ များများကင်းလျှင် များများချမ်းသာ၏။ များများငြိမ်းချမ်း၏။

အကြွင်းမဲ့ကင်းလျှင်ကား ငြိမ်းချမ်းမှုသန္တိသုခ အပြည့်အဝ ခံစားရမည်ဖြစ်၏။

ဤသည်ပင်လျှင် အဘိဓမ္မာအသိဖြင့် ကျင့်ဝတ်သိက္ခာကို တည်ဆောက်ခြင်းဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာအရ အကျင့်သိက္ခာနှင့်ပတ်သက်၍ ဝါဒကွဲပြားမှုမရှိ။ အကျင့်သိက္ခာဟူသည် သီလ၊ သမာဓိ၊ ပညာဖြစ်၏၊ ယင်းကို သိက္ခာ (၃) ပါးဟုခေါ်သည်။ သိက္ခာ (၃) ပါးပွားများလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ လျော့နည်းသွားကြမည်ဖြစ်၏။ ယင်းတို့ လျော့နည်းသွားလျှင် လျော့နည်းသလောက် ငါမှငါ၊ ငါ့ဥစ္စာမှငါ့ဥစ္စာဟူသော သိမ်းပိုက်မှုသည်လည်း လျော့နည်းသွားမည်ဖြစ်၏။

ထိုအခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားများ ပွားများလာပြီး ဤလောက၌ စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော ငြိမ်းချမ်းမှုများ ပေါ်ပေါက်လာသည်။

ဗုဒ္ဓအဘိဓမ္မာအရ အကျင့်သိက္ခာ၏ အနှစ်သာရဖြစ်သော သိက္ခာ (၃) ပါးကို မည်သည့်ပုံသဏ္ဌာန်ဖြင့် တည်ဆောက် - တည်ဆောက် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် သိမ်းပိုက်မှုလျော့

www.dhammaransi.com



နည်း၍ ပြဟ္မစိုရ်တရားလေးပါးတို့ဖြင့် လူသားအချင်းချင်း ဆက်သွယ်မှုဆိုင်ရာ ကျင့်ဝတ်မှန် သမျှကို လက်ခံသည်သာ ဖြစ်ပါသည်။

ဥပမာ - ရွှေကို လက်ကောက်ပဲလုပ်လုပ်၊ လက်စွပ်ပဲလုပ်လုပ်၊ ဆွဲကြိုးပဲလုပ်လုပ်၊ ရွှေစစ်လျှင်လက်ခံသကဲ့သို့ကျင့်ဝတ်များကိုလည်းမည်သည့်ပုံစံဖြင့်ပြဋ္ဌာန်း - ပြဋ္ဌာန်း တဏှာ၊ မာန၊ ဒိဋ္ဌိနည်းပြီး ပြဟ္မစိုရ်တရားပွားများမှုများလျှင် ဗုဒ္ဓအဘိဓမ္မာက မှန်ကန်သောကျင့်ဝတ် အဖြစ် လက်ခံသည်သာဖြစ်ပါသည်။

အသွင်သဏ္ဍာန်နှင့်အနှစ်သာရတို့၏ဆက်သွယ်မှုကိုဗုဒ္ဓအဘိဓမ္မာကမှန်ကန်သော ကျင့်ဝတ်အဖြစ် လက်ခံပါသည်။

သိပ္ပံပညာနည်းဖြင့် အဏုမြူဗုံးကိုပဲလုပ်လုပ်၊ လကိုပဲသွားသွား၊ အာကာသယာဉ်ကို ပဲဆောက်ဆောက် ကိစ္စမရှိပါ။ အသုံးချတတ်လျှင် အဆိပ်ပင်ကိုပင် ဆေးအဖြစ် အသုံးချ၍ရ ပါသည်။

ကိစ္စရှိသည်မှာ သိပ္ပံပစ္စည်းများကိုသိကြသော ထိုထိုပုဂ္ဂိုလ်တို့၏ မိမိတို့၏သိပ္ပံအသိ ကို သူ့ချည်းလွှတ်မထားဘဲ မိမိတို့ကိုယ်တိုင် အဘိဓမ္မာသိပြီး အဘိဓမ္မာအသိဖြင့် ထိန်းချုပ် ကွပ်ကဲပြီးလောက၏အစီးအပွားအတွက်လူကျင့်ဝတ်သိက္ခာများကိုလိုက်နာကျင့်သုံးကာ ဤ လောက၏ စစ်မှန်သောချမ်းသာနှင့် ငြိမ်းချမ်းရေးတို့ကိုရရှိရန် ဆောင်ရွက်တတ်ရေးပင် ဖြစ်ပါ သည်။

ထို့ကြောင့် အေဒီ (၂၀) ရာစုတွင် ပေါ်ပေါက်ခဲ့သော သိပ္ပံပညာကြောင့် ယနေ့ကမ္ဘာ သည် အရင်နှင့်မတူ တမူထူးခြား၍ ပျော်မွေ့ဖွယ်ကောင်းသော်လည်း သူ့ချည်းလွှတ်ထားပါက ကာမဂုဏ်ကစားကွင်း၊ ကာမဂုဏ်ပျော်မွေ့ဖွယ်ကြီး ဖြစ်သွားပါမည်။

ထို့ကြောင့် သိပ္ပံပညာကို သူ့ချည်းလွှတ်မထားဘဲ ဘီစီ(၆)ရာစု တွင်ပေါ်ခဲ့သော အဘိဓမ္မာဖြင့် ထိန်းချုပ်ကွပ်ကဲ၍ လောကစီးပွားအတွက် ဆောင်ရွက်ကြရပါမည်။

နယ်ပယ်အားဖြင့် သိပ္ပံအသိသည် ကျဉ်း၏။ အဘိဓမ္မာအသိသည် ကျယ်၏။ သိပ္ပံ အသိသွားတိုင်း အဘိဓမ္မာအသိက လိုက်နိုင်ပါသည်။ သိပ္ပံအသိသွားတိုင်း အဘိဓမ္မာအသိက မလိုက်နိုင်သော် လောကသည် ဒုက္ခဘုံဘဝသို့ ဦးတည်သွားပါသည်။

သိပ္ပံအသိသွားတိုင်း အဘိဓမ္မာအသိကလိုက်သော် လောကသည် သုခဘုံသို့ ဦးတည်၏၊ စစ်မှန်သော ငြိမ်းချမ်းရေးမှန်ဦးသို့ ချီတက်ရာ၌ သိပ္ပံသည် ရှေ့တော်ပြေးဖြစ်၍ အဘိဓမ္မာသည် မင်းဧကရာဇ်ဖြစ်၏။

ဤသို့ဖြင့် သိပ္ပံနှင့်အဘိဓမ္မာသဘာဝကို ဆန့်ကျင်ဘက်မဖြစ်အောင် ဆက်စပ်ပေး နေရပါမည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## နာမ်သဘာဝ ရုပ်သဘာဝ ဟူသည်

သက်ရှိသတ္တလောကတွင် သတ္တဝါမှန်သမျှ ခန္ဓာငါးပါး အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးဖြင့် တည်ဆောက်ထားသည်။ ထိုအရာများကို အကျဉ်းချုပ်သော် ရုပ်နှင့်နာမ်သာ ရှိသည်။

ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာဟူသော ရုပ်အစု (ဝါ) ၃၂-ကောဋ္ဌာသဟုဆိုသော ရုပ်၏ အစိတ်အပိုင်းများသည် ရုပ်ကြမ်းများဖြစ်သဖြင့် ရုပ်ခန္ဓာအဖြစ် မြင်ရသည်။ နာမ်ခန္ဓာဖြစ်သော ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ကိုမူ သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။

ဗုဒ္ဓ၏အဘိဓမ္မာတွင် နာမ်ဟူသောစိတ်သည် ဖြစ်-တည်-ပျက် (စိတ္တက္ခဏ)တစ်ချက်ဖြစ်မှုသည် အလွန်လျင်မြန်သည်၊ လက်ဖျစ်တတွက်အတွင်းမှာပင် ကုဋေတစ်သိန်းဖြစ်ပျက်သွားနိုင်သည်။ ထိုသို့ လျင်မြန်သည့်အတွက် ဝဏ္ဏ(အဆင်း)ဟူသော ရုပ်သဘာဝ မပေါ်နိုင်ချေ။

ရုပ်သဘာဝသည်လည်း ဖြစ်-တည်-ပျက်နှင့် ချုပ်ပျက်နေသည်။ သို့သော် ရုပ်ဖြစ်ပျက်မှုသည်စိတ်တစ်ခုဖြစ်မှုပြီးမြောက်ဖို့အတွက်ရုပ်က ခဏငယ်(၄၉)ချက်ကြာပေးရသည်။ ဆိုလိုသည်မှာ ရုပ်၏ဖြစ်ပျက်မှုသည် သာမန်ဉာဏ်ဖြင့် လိုက်၍မမီနိုင်။ ဗုဒ္ဓနည်းပေးထားသော သမထ၊ ဝိပဿနာဝိဇ္ဇာပညာဉာဏ်ဖြင့် လိုက်ယူမှသိနိုင်သည်။ ရုပ်ကမူ စိတ်တစ်ခုပြီးမြောက်ဖို့အတွက် အချိန်ကြာမြင့်စွာ တည်နေရသဖြင့် ရုပ်အဆင်းပေါ်ပြီး သာမန်မျက်စိဖြင့် မြင်နေရသည်ဟု ဆိုလိုပါသည်။

သတ္တဝါ၏ခန္ဓာတွင်းရှိပြီးဖြစ်သော ခန္ဓာငါးပါး(ရုပ်နာမ်နှစ်ပါး) တွင် မြင်ရသောရုပ်ကိုသာ အမျိုးမျိုး ပြုပြင်တီထွင်ကြံဆလိုသလို စီစဉ်မွမ်းမံ ပြင်ဆင်နိုင်ကြသည်၊ ၎င်းရုပ်ကိုသာ အများဆုံး တွယ်တာခင်မင်နေကြသည်။

ဗုဒ္ဓအဘိဓမ္မာ၌ (၃၁)ဘုံပြဆိုရာတွင် အရူပဗြဟ္မာ(၄)ဘုံပါသည်၊ ထိုအရူပဗြဟ္မာ (၄)ဘုံသည် ရုပ်မရှိ၊ နာမ်သာရှိသောဘုံဖြစ်သည်၊ ထိုဘုံ သို့ရောက်စေနိုင်သော အရူပဈာန်စိတ်နှင့် ကျင့်စဉ်ကိုလည်း ဟောထားပါသည်။

ထိုသို့ဆိုလျှင် နာမ်ဆိုသော သဘာဝတရားအစုကလေးသည် ရှိရမည်ဟု ဆိုလိုပါသည်။ ဗုဒ္ဓအဘိဓမ္မာရုပ်ပိုင်းမှာ ဇီဝိတရုပ်ဆိုသည်ကို ဟောထားပါသည်။ ယင်းဇီဝိတရုပ်သည် ကံကြောင့်ဖြစ်လာသော အတူဖြစ်ဖော်ဖြစ်ဖက်ရုပ်ကို အသက်ရှည်အောင် စောင့်ရှောက်သည်ဟု ဆိုပါသည်။ ထိုရုပ်သည် ခန္ဓာကိုယ်တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်ရှိသည်။

www.dhammaransi.com



ဇီဝိတကိုအသက်ဟူ၍ဆိုကြပါသည်။ ဇီဝိတကိုအသက်ရုပ်ဟု ဆိုပါသည်။ ရုပ်သက်သည် ဇီဝိတရုပ်၊ ကံကြောင့်ဖြစ်သော ရုပ်ဖြစ်သည်။ နာမ်သက်သည် ဇီဝိတိန္ဒြေစေတသိက်ဖြစ်သည်။ သက်ရှိသတ္တဝါတွင် ကိုယ်စောင့်တရား(၃)ပါးရှိသည်။ ယင်းကို သက်ပြင်တရား (အာယုသင်္ခါရ) ဟု ခေါ်ပါသည်။

ကိုယ်စောင့်တရား(၃)ပါးမှာ ...

အာယု - ရုပ်သက်၊ နာမ်သက်

ဥသ္မာ - ကိုယ်ငွေ့(တေဇောဓာတ်)

ဝိညာဏ် - ပဋိသန္ဓေကတည်းကပါလာသောစိတ် (ဘဝင်စိတ်၊ စုတိစိတ်)

ဤသုံးပါးကို ကိုယ်စောင့်တရား (ဝါ) သက်ပြင်တရားဟု ခေါ်ပြီး ထိုသုံးပါးမရှိလျှင် လူသေသည်ဟု ဆိုပါသည်။

ဗုဒ္ဓ၏ ဇီဝိတဆိုသော ရုပ်သက်သဘာဝကို သိပ္ပံပညာရှင်တို့က အီသာဓာတ်ခန္ဓာ (EТher) အဖြစ် တည်ရှိနေကြောင်း ဆိုပါသည်။

ထိုအီသာဓာတ်သည် စကြဝဠာအနန္တ၊ ကမ္ဘာအနန္တအပြည့်ရှိသော ဓာတ်တစ်မျိုးဖြစ်လျက် အလွန်နုးညံ့ပြီး သိမ်မွေ့သော သုခုမရုပ်မျိုးဟူ၍ဆိုပါသည်။ ဤသုခုမရုပ်မျိုးကို သာမန်လူသားတို့မျက်စိဖြင့် မမြင်ရ။ ထိတွေ့ကိုင်တွယ်၍လည်း မရနိုင်ပါ။

သိပ္ပံပညာရှင်တို့ အီသာဓာတ်ကို တွေ့ရှိမှုဆိုသည်မှာ နဂိုမူလကတည်းက ရှိပြီးသားဓာတ်သဘာဝကို ခေတ်မီဓာတ်ခွဲကိရိယာ၊ မှန်ဘီလူးအကောင်းစား အဆင့်ဆင့်တို့ဖြင့် ခွဲစိတ်ကြည့်၍သာ မြင်ကြရသည်။

ဗုဒ္ဓအဘိဓမ္မာအရ ရုပ်ဓာတ်သဘာဝတစ်ခုတွင် အဋ္ဌကလာပ်ရုပ် (၈)ပါးက မခွဲမခွာရှိနေသည်ဟု ဆိုထားသဖြင့် ထိုအီသာဓာတ်ဖြင့် မည်သည့်ဓာတ်အတုံးအခဲ၊ အငွေ့အရည်မှုန်သမျှတို့တွင်လည်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုသော အဋ္ဌကလာပ်(၈)ပါး ပါဝင်ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ ယင်း(၈)ပါးကို မည်သည့်သိပ္ပံဆရာ၊ ဝိဇ္ဇာဆရာမှ တစ်စစီခွဲထုတ်၍မရပါ။

ထိုဓာတ်(၈)ပါးပါဝင်သော အီသာဓာတ်မျိုးသည် ရုပ်ဓာတ်ဖြစ်လျက် အလွန်နုးညံ့သိမ်မွေ့ရကား လူသာမန်တို့ မမြင်နိုင်ကြပါ။ ဝိဇ္ဇာဉာဏ်မျက်စိအမြင်၏အရာနှင့် လက်တွေ့သိပ္ပံဆရာတို့၏အရာသာဖြစ်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ဝိဇ္ဇာမျက်စိအမြင်က ပို၍ နုးညံ့လွန်းပြန်သဖြင့် သိရန် အလွန်ခဲယဉ်းလွန်းပြန်ပါသည်။

ရုပ်နာမ် ဓမ္မသင်္ခါရတရားတို့အပေါ် ဖြစ် - ပျက် ကြိမ်ဖန်ဉာဏ်အမြင်သန်လာလျှင် **ရုပ် - နာမ်၏ သီးခြားအစွမ်းသတ္တိများကို** တစ်စစီပိုင်းခြားလျက် မြင်နိုင်သော ဝိဇ္ဇာမျက်စိ ဓမ္မသတ္တိထူးကို ဗုဒ္ဓနည်းပေးလမ်းပြခဲ့သော သမထ၊ ဝိပဿနာနည်းများအရ သိနိုင်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



သမထ၊ ဝိပဿနာဆိုင်ရာနည်းအရ ကျင့်၍ ခန္ဓာကိုယ်တွေ့သိမြင်စွမ်းသော ပုဂ္ဂိုလ်များသည် ဤနာမ်ခန္ဓာမှအစ ဥပပတ်ခန္ဓာ၊ သုခုမရုပ်ခန္ဓာ (Etheric Body) ခေါ် အီသာခန္ဓာစသည်အပြင် နာမ်ခန္ဓာ၏ကံစွမ်းအားကြောင့် သံသရာလည်ရပုံကို သိမြင်နိုင်ပါသည်။

မဟာကရုဏာတော်ရှင်မြတ်စွာဘုရားရှင်တို့သည် သတ္တဝါဝေနေယျတို့အား သံသရာမှလွတ်ကြောင်း သမထ၊ ဝိပဿနာတရားတို့ဖြင့် ဆွဲထုတ်လျက် ကယ်တင်တော်မူသည်ဆိုရာမှာ အမှားမြင်၊ သူမြင်၊ ကိုယ်မြင်၊ မြင်နိုင်လောက်သော ရုပ်-နာမ်ခန္ဓာငါးပါးရှိ သက်ရှိသတ္တဝါအသီးသီးတို့သာမက လူသာမန်၊ နတ်သာမန်တို့ မမြင်ရသော ဘုံအသီးသီးရှိ သံသရာအပူမီးရဲ့ကာအထက်မီး၊အောက်မီး၊အတွင်းမီး၊အပြင်မီးတို့ဖြင့်အလောင်ခံ၊အမြိုက်ခံ၊ရုပ်နာမ်လောကသားအားလုံး၏ ဒုက္ခနှင့်သမုဒယ ကြိုးနှစ်စကို မြင်တော်မူသဖြင့် ကယ်တင်ခြင်းသာဖြစ်ပါသည်။

⊙ ⊙ ⊙

www.dhammaransi.com

# အပိုင်း [ ၂ ]

# ရုပ်ဖြစ်ပေါ်မှု သဘာဝများ

## သတ္တဝါတစ်ဦး၏ဘဝပဋိသန္ဓေ

ယနေ့ သိပ္ပံပညာ ထွန်းကားနေသောကာလဝယ် သက်ရှိသတ္တဝါတို့၏ ပဋိသန္ဓေနေမှု၊ဖြစ်ပေါ်ကြီးထွားလာမှု၊မွေးလာမှုတို့ကိုဆေးပညာအရစူးစမ်းမှု၊လေ့လာမှုများပြုလုပ်နေကြရာ သိပ္ပံပညာက အထရာဆောင်းရိုက်ပြီး ယောကျ်ား - မိန်းမ ခွဲခြားသိနိုင်သည်အထိ တိုးတက်လာခဲ့ပါသည်။

သို့သော် ဗုဒ္ဓအဘိဓမ္မာအရ ပဋိသန္ဓေတည်ခြင်းနှင့် ကလလရေကြည်တည်ခြင်း အကြောင်းတို့ကိုမူ ယနေ့သိပ္ပံပညာရှင်များ ထုတ်ဖော်၍ မရနိုင်သေးပါ။

ရုပ်ဝါဒီလက်ခံထားကြသူများကတော့ သတ္တဝါတစ်ကောင်ဖြစ်လာဖို့ပဋိသန္ဓေတည်လာသည်ဆိုသည်မှာ ဖို - မတို့၏ စပန်းနှင့် အိုဝရီဆိုသော ရုပ်နှစ်ခုပေါင်းမိပြီး သန္ဓေတည်လာသည်။ ထိုအထဲတွင် စိတ်ဆိုးတာကလည်း ရုပ်ပင်ဖြစ်သည်။ ဥပမာ - ကွမ်းစားသောအခါ ကွမ်းရွက်က အစိမ်း၊ ထုံးကအဖြူ၊ ကွမ်းသီးက အဝါရင့်၊ ကွမ်းတံတွေး ထွေးလိုက်သောအခါ နီသောအရောင် ထွက်လာသည်၊ ဤဥပမာအလားတူ စိတ်ဆိုသည်မှာ အခြားမည်သည့်အရာမှ မဟုတ်ဘဲ ရုပ်ချင်းပေါင်းလိုက်၍ ဖြစ်ပေါ်လာသော သဘာဝရုပ်တစ်မျိုးဖြစ်သည်ဟု ယူဆကြပါသည်။

www.dhammaransi.com



ဗုဒ္ဓဘာသာသဘောတရားအရ ပဋိသန္ဓေတည်သောကိစ္စတွင် အတိတ်ဘဝက ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံသည် အဓိကကျနေပါသည်။ ဤလောကတွင် ကံနှင့်ကင်းသော သတ္တဝါဟူ၍ မရှိသလို ထိုသတ္တဝါသေခါနီးဝယ် သူလုပ်ခဲ့သော ကံသတ္တိများက ကုသိုလ်ကံ၊ အကုသိုလ်ကံအကျိုးပေးဖို့ အသင့်ဖြစ်နေတတ်ပါသည်။

သူပြုထားခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံအရှိန်က နိဗ္ဗာန်မရောက်မချင်း သံသရာခရီးတစ်လျှောက် သူ့အရှိန်နှင့်သူ ပါလာနေသည်ဟု ဗုဒ္ဓဘာသာတရားများက ဖော်ထုတ်ပြထားပါသည်။

သတ္တဝါတစ်ဦး သေဆုံးသောအခါ သူပြုထားသော ကုသိုလ်ကံအရှိန်ကြောင့် ဒီဘဝက အမိဝမ်းတစ်ခုခုထဲမှာလာပြီး ပဋိသန္ဓေထင်ဟပ်ကာ ဖြစ်ပေါ်စေပါသည်။

ဤသည်မှာ အတိတ်၏အနေအထားကို ပြောပြခြင်းဖြစ်ပါသည်။ ယခုပစ္စုပ္ပန်ဘဝအတွက် ပဋိသန္ဓေတည်နေနိုင်ဖို့ဆိုသည်မှာ အင်္ဂါ(၃)ရပ်ရှိသည်ဟု ဗုဒ္ဓအဘိဓမ္မာက ဆိုထားပါသည်။

၁။ အတိတ်ဘဝတစ်ခုခု သတ္တဝါတစ်ဦးဦးက မိခင်ဝမ်းထဲမှာ ပဋိသန္ဓေနေရန် ညွတ်ပြီး ကူးပြောင်းခိုက်ဖြစ်နေရခြင်း၊

၂။ မိခင်လောင်းသည် ရာသီလာပြီး သားအိမ်သည် သန့်ရှင်းချိန်ဖြစ်နေရခြင်း၊

၃။ ဖခင်နှင့်မိခင် ကိုယ်လက်နီးနှောကြပြီး အနည်းဆုံး ခုနစ်ရက်အတွင်းမှာ ဖြစ်ခြင်း၊

ဤအင်္ဂါ (၃)ပါးနှင့် ပြည့်စုံလျှင် ပဋိသန္ဓေ တည်ခွင့်ရပါသည်။ ဤအင်္ဂါ(၃)ရပ်အနက် ပထမအချက် ပဋိသန္ဓေနေလာမည့်သတ္တဝါက အဆင်သင့်ဖြစ်နေဖို့ အရေးကြီးပါသည်။ ဤအင်္ဂါ(၃)ပါးက ပြည့်စုံသည်က များပါသည်။

ပဋိသန္ဓေတည်သည်ဆိုသည်မှာမိခင်၏သားအိမ်ထဲ၌ပဋိသန္ဓေဝိညာဉ်နှင့်ကလလရေကြည်ရုပ် တစ်ပြိုင်တည်းဖြစ်ပေါ်လာခြင်းကို ဆိုလိုပါသည်။

ဗုဒ္ဓအဘိဓမ္မာက ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလပ်စည်း(၃)မျိုးဖြင့် သန္ဓေစတင်တည်သည်။ ထိုကလပ်စည်း(၃)ခုပေါင်းစည်းထားမှုသည်ပမာဏအားဖြင့်အလွန်နုးညံ့သည်။ သေးငယ်သည်။

ပုံစံပြရသော် မွေးကင်းစကလေးငယ်၏ ဆံပင်ကဲ့သို့ အလွန်နုးညံ့သော ဆံပင်တစ်ပင်ကိုယူပါ။ အကြိမ်(၁၀၀)ချက်သော ဆီထဲသို့ ဆံပင်၏အဖျားကိုနှစ်ပါ။ ထို့နောက် ဆွဲထုတ်ယူ၍ ခါပစ်ပါ။ ထိုဆံပင်ဖျားတွင် ကျန်ရစ်ခဲ့သော ဆီပမာဏသည် ကလပ်စည်းအားဖြင့် (၃) စည်း၊ ရုပ်အားဖြင့် (၃၀) ပေါင်းစုထားသော အစိုင်အခဲဖြစ်သည်။ ထိုအစိုင်အခဲလေးတွင် ပဋိသန္ဓေစိတ်ပါလာသည်ဟု ဆိုပါသည်။

www.dhammaransi.com



ပဋိသန္ဓေတည်ရာတွင် အထူးသတိပြုရန်မှာ စိတ်နှင့်ရုပ်သည် တစ်ပြိုင်တည်းဖြစ်လာပါသည်။ နာမ်နှင့်ရုပ်သည် တစ်ပြိုင်တည်း၊ တစ်ချိန် တည်းအတူတူ ဖြစ်ပေါ်လာပါသည်။ ရုပ်ထဲမှာ စိတ်ပါလာတာမျိုးမဟုတ်ပါ။

ပဋိသန္ဓေတည်လာချိန်ဝယ် ပဋိသန္ဓေစိတ်နှင့် ကလလရေကြည်မှာပါသော ဟဒယ ဝတ္ထုရုပ်သည် သဘာဝချင်းချင်း အပြန်အလှန်မှီရသည်။ သစ်သားတုတ်ချောင်းသုံးချောင်းကို ထိပ်ချင်းတိုက်ပြီး ထောင်စိုက်သောအခါ အချင်းချင်းအားပြုပြီး သုံးချောင်းခွတောက်ပုံစံဖြစ်ပေါ်လာသကဲ့သို့ပင် ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကလလရေကြည်ရုပ် (၃) ခုသည် သန္ဓေဖြစ်စ တစ်ခဏ၌ အချင်းချင်း အားယူမှီပြီး ဖြစ်လာရပါသည်။

ယင်းကို ပဋ္ဌာန်းဒေသနာတော်၌ နာမ်နှင့်ရုပ်သည် ပဋိသန္ဓေခဏ၌ အချင်းချင်းမှီ၍ ကျေးဇူးပြုသည်ဟု ဆိုမိန့်ထားပါသည်။ နောက်ပိုင်းတွင် ရုပ်နှင့်နာမ်သည် အတူတကွ သဟဇာတ ပစ္စည်း ဖြစ်သည်ဟု ဆိုထားပါသည်။

အမိဝမ်းထဲ၌ ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ကလလရေကြည်ရုပ်တို့ ဖြစ်ပေါ်လာခြင်းသည် သတ္တဝါ၏ ရှေးအတိတ်ဘဝက ကုသိုလ်ကံ၏အစွမ်းသတ္တိကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ဤကုသိုလ်အစွမ်းသတ္တိအရှိန်နှင့် ဖြစ်ပေါ်လာမှုကို ယနေ့အထိ သိပ္ပံပညာရှင်တို့ ရှာဖွေသုံးသပ်လေ့လာပြီး ဖော်ထုတ်နိုင်စွမ်းမရှိသေးပါ။ ဗုဒ္ဓဘုရားကသာ ဖော်ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာအရ ပဋိသန္ဓေစိတ်စတင်သောအချိန်သည် အလွန့်အလွန် တိုတောင်းလှပါသည်။ မျက်စိတစ်မှိတ်၊ လက်ဖျစ်တစ်တွက်ကို စိတ်က ကုဋေတစ်သိန်းဖြစ်ပျက်ချုပ်နေသည်ဟု ဆိုထားသောကြောင့် ဤမျှ မြန်ဆန်လှသောကာလဝယ် ပဋိသန္ဓေတည်မှုပြုလာသည်ကို တွေ့မြင်နိုင်သော ခေတ်သစ်သိပ္ပံကရိယာ မပေါ်သေးပါ။

ဤပဋိသန္ဓေဝိညာဉ်နှင့် ကလလရေကြည်ရုပ်ကလေးတို့ ဖြစ်ပြီးစအချိန်၊ မျက်တောင် တစ်ခတ်၏ ကုဋေတစ်သိန်းပုံလျှင် တစ်ပုံစာအချိန်ကို အမိဖမ်းပြီး မဖြစ်နိုင်သေးဘူးဆိုက သိပ္ပံပညာသည် ဗုဒ္ဓ၏အမြင်ကို မမှီသေးဟုဆိုရပါမည်။

ယနေ့သိပ္ပံပညာသည်ပဋိသန္ဓေတည်စကာလနောက်ကျပြီးအမြှုပ်သားတစ်အချိန်ရောက်မှသာ သန္ဓေဘဝကိုမြင်နိုင်ကြပါသည်။ သိပ္ပံပညာရှင်များက သိပ္ပံကိရိယာများဖြင့် တွေ့မြင်ရသော ပဋိသန္ဓေဘဝသည် ဗုဒ္ဓအဘိဓမ္မာအရ ပဋိသန္ဓေနေဦးစ (ဝါ) စတင်ဖြစ်စ (ဥပါဒ်) ခဏမဟုတ်ဘဲ ဗုဒ္ဓတရားတော်အရ ပဝတ္တိဟုခေါ်သော နောက်ပိုင်းကျမှ တွေ့ရမြင်ရခြင်းဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထို့ကြောင့် ခေတ်မီသိပ္ပံပညာသည် တိုးတက်မှုရှိသည်က မှန်ပါသည်။ သို့သော် ဗုဒ္ဓသိခဲ့၊ ဟောခဲ့သော ပဋိသန္ဓေတည်ရှိမှု ပဋ္ဌာန်းပစ္စည်းဆက်သွယ်မှု အကျိုးပြုမှုတို့ကို မတွေ့ရှိ မသိရှိသေးပါ။

တချို့က ဆိုပါသည်။ ဒီပဋိသန္ဓေဆိုတာဟာ သားစပ်ယူတော့လည်း ရသည်။ ဖျက်ချတော့လည်း ရသည်ဟု ဆိုကြပါသည်။

ဤစကြဝဠာကမ္ဘာလောကတွင် အတိတ်ဘဝက သတ္တဝါများလည်း အနန္တရှိနေပါသည်။ အတိတ်ဘဝမှသေပြီး ပစ္စုပ္ပန်ဘဝသို့ရောက်ကြမည့် သတ္တဝါများကလည်း အနန္တဖြစ်ပါသည်။ သူတို့ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်တွေကလည်းအနန္တပင်ဖြစ်ပါသည်။ သို့အတွက် ဖို-မ ဆက်စပ်မိစဉ်မှာ လာရောက်သန္ဓေယူခဲ့ကြရသော်လည်း အကုသိုလ်ကံက အကျိုးပေးကြုံလာပါက မိခင်ဝမ်းမှာပင် သေကြရပါသည်။ သို့သော် ဤဘဝမှာ ရဟန္တာဖြစ်ရမည့်ပုဂ္ဂိုလ်များမှာမူ ဘယ်သူဖျက်ဖျက် မသေပါ။ ရှင်ဗာကုလမထေရ် သံကိစ္စသာမဏေတို့၏ ဘဝကိုကြည့်က သိနိုင်ပါသည်။ ကျန်ပုဂ္ဂိုလ်များသည်ကား သူတစ်ပါးဖျက်ဆီးက ပျက်စီးနိုင်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော် သိပ္ပံပညာရှင်များ မပေါ်သေး။ မစူးစမ်း. မဆင်ခြင်သေးချိန်ကပင် ဗုဒ္ဓသည် မိမိကြိုးစားအားထုတ်၍ ရခဲ့သော သဗ္ဗညုတဉာဏ်တော်ဟူသောပညာဖြင့် လူသားအပါအဝင် သတ္တဝါတို့၏ ပဋိသန္ဓေဝိညာဉ်တည်ရှိလာပုံကို အသေးစိတ် ဟောကြားလမ်းညွှန်ပြခဲ့ပါသည်။

ထိုတရားတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိလိုကြသော ပုဂ္ဂိုလ်ဟူသမျှတို့သည် ဗုဒ္ဓ၏ အဘိဓမ္မာနှင့် ပဋ္ဌာန်းဒေသနာတော်မြတ်တို့ကို လေ့လာသင့်ကြပါကြောင်း ထပ်လောင်းအကြံပြုအပ်ပါသည်။

## သတ္တဝါ၏ ပဋိသန္ဓေနှင့် ဟိတ်၏စွမ်းရည်

သက်ရှိသတ္တဝါများအတွက် ပင်မအခြေခံသည် ပဋိသန္ဓေပင်ဖြစ်ပါသည်။ သက်ရှိပုဂ္ဂိုလ် သတ္တဝါဖြစ်လာစေရန် ပဋိသန္ဓေတွင် ရုပ်ရောနာမ်ပါ သဘာဝ(၂)မျိုးလုံးပါရှိပါသည်။

ဤသဘာဝကို မှန်ပြောင်း အထရာဆောင်း စသည်တို့ဖြင့်လည်း မမြင်နိုင်။ ဓာတ်ခွဲ၍လည်း မရနိုင်။ ယင်းသန္ဓေ၏ အစသဘာဝတွင် ပါရှိသောနာမ်သည် သန္ဓေရုပ်ထက် အဖြစ်အပျက်သည် အလွန်လျင်မြန်လှပါသည်။ သို့သော် သန္ဓေဖြစ်စဓာဝယ် သူတို့အချင်းချင်း အားပြုတည်မှီနေပါသည်။

www.dhammaransi.com



ယင်းသန္ဓေသဘာဝသည် ဖို၊ မတို့၏ သုက်သွေး (သို့မဟုတ်) ခရိုမိုဆုန်းတို့၌ မှီကပ်၍ ဖြစ်ပေါ်လာကြသည်။ ဖိုမသုက်သွေးသည် မိခင်၏သားအိမ်ထဲ၌ အချိုးအစားကျစွာ ပေါင်းဆုံမိကြ၍ ယင်းအကြောင်းညီညွတ်ခိုက်တွင် သန္ဓေတည်တတ်ပါသည်။

မိခင်၏ ပကတိသားအိမ်မှာမဟုတ်ဘဲ ဖန်ပြွန်သားအိမ်တုများ၌ ဖို၊ မ သုက်သွေးကို အချိုးညီ ပေါင်းစပ်ပေးနိုင်ပါကလည်း သန္ဓေသဘာဝတည်လာပြီး သက်ရှိသတ္တဝါမျိုးစေ့ကျလာနိုင်ပါသည်။

ထူးဆန်းလှသော ထိုပဋိသန္ဓေသဘာဝ သည် ဖို၊ မတို့၏သုက် သွေး သို့မဟုတ် လူတို့၏ ခရိုမိုဆုန်းဓာတ်များ၌သာမက ပဒုမ္မာကြာပွင့်ထဲ၌ဖြစ်စေ၊ သစ်သီးထဲ၌ဖြစ်စေ၊ သစ်ပင်၏ သန့်ပြန့်သိမ်မွေ့သောနေရာ၌ဖြစ်စေ စွဲကပ်နိုင်ပါသည်။

ပမာအားဖြင့် ပဒုမ္မဒေဝီ၊ ဘုရားရှင်လက်ထက်က ပေါက္ခရသာတိပုဏ္ဏားတို့သည် ပဒုမ္မာကြာပွင့်၌ သန္ဓေတည်ပြီး၊ စိဉ္စမာဏဝိကာသည် မန်ကျည်းပင်၌ သန္ဓေတည်ခဲ့ပါသည်။ အလားတူ မယ်လမု၊ ဝေဠုဝတီ၊ ဖရုံမယ် စသည်တို့သည် လမုသီး၊ ဝါးပင်၊ ဖရုံသီးတို့မှ သန္ဓေတည်လာသူများ ဖြစ်ကြပါသည်။

သက်ရှိသတ္တဝါတို့ ပဋိသန္ဓေတည်ရာတွင် ဟိတ် (ဟေတု) သည် အဓိကဖြစ်နေပါသည်။ ယင်းဟိတ် (ဟေတု)၏အဓိပ္ပာယ်မှာ ထောက်ပံ့နိုင်ခန့်စေသည့် သဘောဖြစ်ပါသည်။ မိမိနှင့်အတူတကွဖြစ်သော ရုပ်တရား၊ နာမ်တရားတို့ကို ထောက်ပံ့ခိုင်ခံ့စေပါသည်။ ဟိတ်၏ သဘောကို လောကဥပမာနှိုင်းယှဉ်ပြရာ၌ သစ်ပင်၏ ရေသောက်မြစ်နှင့်တူသည်ဟု ဥပမာပြထားပါသည်။

သစ်ပင်ကြီးတစ်ပင်၏ ရေသောက်မြစ်သည် သစ်ပင်ကြီးရှင်သန် အောင်ထောက်ပံ့ခိုင်ခံ့စေသည်။ ရေသောက်မြစ်ကောင်းလျှင် သစ်ပင်သည် သစ်ငုတ်တိုဖြစ်နေစေကာမူ အပင်ကိုမသေစေဘဲ အခက်၊ အလက်၊ အရွက်များ ပြန်လည်ထွက်ပေါ်ရှင်သန်စေပါသည်။

ထိုဟေတု (ဟိတ်)စွမ်းအားကြောင့် ကမ္မဇရုပ် (ကံကြောင့်) ဟူသော သန္ဓေစိတ်နှင့် သန္ဓေရုပ် (ကမ္မဇရုပ်)တို့ ဖြစ်ပေါ်လာခဲ့ရသည်။ ထိုဟေတု (ဟိတ်)ကြောင့် လူမျိုးစေ့၊ လူ့သန္ဓေသဘာဝ (ရုပ်နှင့်နာမ်) သည် အစဦးစွာဖြစ်ပေါ် (ဥပါဒ်)လာကတည်းက သေသည်အထိ လူ့ဘဝတစ်လျှောက်လုံး ဖြစ်လိုက်ပျက်လိုက် (ပေါ်လိုက်၊ ချုပ်လိုက်) နှင့် တရစပ်မပြတ် ရေစီးသကဲ့သို့ ဖြစ်နေပါသည်။

ဤကဲ့သို့သောသန္ဓေစိတ်နှင့်သန္ဓေရုပ်(ကမ္မဇရုပ်)တို့၏ဖြစ်ပျက်အစဉ်(သန္တတိဖြစ်စဉ်) ဖြစ်နေအောင် ကမ္မသတ္တိ (ကံစွမ်းပကား) ကြောင့် သန္ဓေနာမ်ရုပ်တို့ မပြတ်မစဲ ဖြစ်ပျက်နေကြရခြင်းဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဖြစ်ပျက်တစ်ခုကို ဘုရားရှင်က ဥပမာတင်ပြကြရာ၌ မြစ်ရေစီးကြောင်းအသွင်နှင့် မီးတောက်အစဉ်ကို ဥပမာပေးကြပြီး ထင်ရှားအောင် ဟောခဲ့ပါသည်။

မြစ်ရေစီးကြောင်းကို တစ်နေရာမှ ရပ်၍ကြည့်ပါက ရေဟောင်းများအောက်သို့ စီးဆင်းသွားပြီး နောက်ထပ်ရေသစ်တွေ ရောက်လာသည်ကို တွေ့မြင်သိရသည်။ အလားတူ ဖယောင်းတိုင်မီးတောက်သည် တစ်ခုတည်းဟု မြင်နေရသော်လည်း ဉာဏ်ဖြင့်ကြည့်ပါက ရှေးရှေးမီးတောက်ငြိမ်း၍ ငြိမ်း၍သွားရာ နောက်နောက် မီးတောက်ကို ထပ်၍ထပ်၍တောက်လာသည့်အတွက် မီးဖြစ်စဉ်တစ်ရပ်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရပါသည်။

ဤကဲ့သို့ စတင်ဖြစ်ပေါ်လာသော သန္ဓေစိတ်နှင့် သန္ဓေရုပ်များ မပြတ်ဖြစ်နေသည့်အတွက် ယင်းကိုမကျိုင်ပြု၍ စိတ်သစ်၊ ရုပ်သစ်များ ထပ်၍ထပ်၍တိုးပွားလာပြီး သန္ဓေသားများ တစ်စတစ်စ လူဖြစ်လာရခြင်းဖြစ်သည်။

အစားအစာနှင့် ရာသီဥတုအထောက်အပံ့ဖြင့် တစ်လထက်တစ်လ၊ တစ်နှစ်ထက် တစ်နှစ် လူ့ခန္ဓာကိုယ်ကြီးမားလာသော်လည်း ထိုသူ၏အဓိကမကျိုင်ဖြစ်နေသောအတွင်းပိုင်း အရာကား သန္ဓေစိတ်နှင့် သန္ဓေရုပ်တို့ပင် ဖြစ်သည်ကို သိရပါမည်။

လက်ရှိလူသားတစ်ဦးကို ဘဝစတင်ဖြစ်ပေါ်သောအခါ လက်ရှိလူသားဘဝကို (၃) ပိုင်း ခွဲခြားထားနိုင်ပါသည်။

၁။ **ပဋိသန္ဓေအခါ** - ဤဘဝ၌ ပဋိသန္ဓေ စိတ်နှင့်ရုပ်တို့စတင်ဖြစ် (ဥပါဒ်) ပေါ်လာသည့် အခိုက်အတန့် ကာလကလေး၊

၂။ **ပဝတ္တိအခါ** - ယင်းပဋိသန္ဓေအခိုက်ကာလမှစ၍ သေဆုံးသည့်ကာလကြားအထိ အခိုက်အတန့်ကာလလေး၊

၃။ **စုတိအခါ** - ဤဘဝ၌ရလာသောသန္ဓေနောက် ရုပ်တို့ နောက်ဆုံးချုပ်ပျက်စီးသွားသော အခိုက်အတန့်ကာလလေး၊

ထိုသန္ဓေခဏနှင့် စုတိခဏမှတစ်ပါး ပဝတ္တိပိုင်းတွင် တစ်သက်လုံး မပြတ် ဖြစ်ချုပ်နေသော ပဋိသန္ဓေနာမ်ကို ဘဝ၏အကြောင်း (ဘဝင်စိတ်) ဟု ခေါ်သည်။

ယင်းစိတ်အနေဖြင့် ခန္ဓာရုပ်သွင်အတွင်းပိုင်း၌ အခြေခံကျကျနေရာယူ၍ ဖြစ်စဉ်တစ်ခု ဖြစ်ပေါ်မနေပါက လူသည် သေသွားမည် ဖြစ်ပေသည်။ ဤကဲ့သို့ လူမသေရလေအောင် (ဝါ) လူ့ဘဝတည်တံ့နေအောင် လူ့ဘဝတည်းဟူသော အကျိုးတရားများ ရုပ်ပြဖြစ်ပေါ်နေအောင် ဆောင်ကြဉ်ပေးနေသည်ကိုပင် ဘဝ၏အကြောင်း (ဘဝင်စိတ်) ဟု ခေါ်ခြင်းဖြစ်ပါသည်။

www.dhammaransi.com



ထိုလူသားနာမ်ရုပ်ဖြစ်ပေါ်စေမှု၌ဟေတု(ဟိတ်)သည်လူ့သဘာဝကိုအယုတ်၊အလတ်၊ အမြတ် (၃)မျိုး (၃)စားခွဲဝေပေးသော ပရမတ်တရားဖြစ်၍ အထူးအရေးကြီးလှပါသည်။ ရေသောက်မြစ်သဖွယ်ဟု ဆိုထား၍ အလွန်ပင် အရေးကြီးလှပါသည်။

ဗုဒ္ဓက ထိုသဘာဝကို အသေးစိတ်ကာ ပြောပြထားရာ၌ ဟိတ်ဆိုသည်မှာ - အကြောင်းတရားဖြစ်သည်။ ယင်းသည် စိတ်၌မှီတွယ်ပြီး စိတ်ကို ခြယ်လှယ်သောစေတသိက် (စိတ်၏ မှီရာတရား) (၅၂)ပါးထဲ၌ ပါသော...

၁။ လောဘ = လိုချင်မှု

၂။ ဒေါသ = အမျက်ထွက်မှု

၃။ မောဟ = မသိမှု၊ တွေဝေမှု

၄။ အလောဘ = မလိုချင်မှု (ဒါန)

၅။ အဒေါသ = အမျက်မထွက်မှု (မေတ္တာ)

၆။ အမောဟ = အသိဉာဏ်ရှိမှု (ပညာ)တို့ဖြစ်ပါသည်။

ဤ (၆) ပါးဟူသော ဟိတ်မပါ၊ ကင်းမဲ့ပါက အဟိတ်၊ ဟိတ်ပါရှိက သဟိတ်ဟူ၍ ခွဲထားသည်။

ဤဟိတ် (၆) ပါးတွင် ပဋိသန္ဓေအခါ နာမ်၌ပါတတ်သော ဟိတ်မှာ အလောဘ. အဒေါသ. အမောဟ ဟိတ် (၃)မျိုးသာဖြစ်ပါသည်။

ပဋိသန္ဓေနာမ်၌လောဘ၊ဒေါသ၊မောဟဆိုသောဟိတ်(၃)မျိုးသည်မည်သည့်အခါမျှ မည်သူ့မျှ မပါရှိပေ။ ယင်းတို့သည် ပဝတ္တိအခါ၌ သာဖြစ်သော သဘာဝများဖြစ်ကြသည်။

လူတို့၏ပဋိသန္ဓေနာမ်ကို အနုစိပ်ခွဲကြည့်ပါက...

- အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်(၃)ပါး လုံးဝမပါသော ပဋိသန္ဓေမျိုးကို အဟိတ်ပဋိသန္ဓေဟု သတ်မှတ်သည်။
- အလောဘ၊ အဒေါသ၊ ဟိတ် (၂) မျိုးပါသော ပဋိသန္ဓေမျိုးကို ဒွိဟိတ်ပဋိသန္ဓေဟု သတ်မှတ်သည်။

ယင်းဟိတ်(၃)ပါးလုံးပါသော ပဋိသန္ဓေကို တိဟိတ်ပဋိသန္ဓေဟု သတ်မှတ်ပါသည်။

အဟိတ်ပဋိသန္ဓေစိတ်ဖြင့် လူဖြစ်လာရသောသူသည် လူအညံ့စားဖြစ်သည်။ ယင်းသည် မွေးကတည်းက ကန်းလာသော သန္ဓေကန်း၊ မွေးကတည်းက ထိုင်းလာသော သန္ဓေထိုင်း၊ မွေးကတည်းက အ. လာသော သန္ဓေအ၊ မွေးကတည်းက အမှတ်အသိ အလွန်နည်းသူ သန္ဓေဖျင်း၊ မွေးကတည်းက ရှုးပေါပေါ သွပ်ချောင်ချောင်ဖြစ်သော သန္ဓေရူး၊ သူတစ်ပါးသုက် သွေးကိုမိမိပါးစပ်ဖြင့် စုပ်ယူတတ်သူ၊ သူတစ်ပါးတို့ သံဝါသပြုသည်ကိုချောင်းမြောင်းကြည့်ရမှ

www.dhammaransi.com



ကိုယ့်မှာ ကိလေသာပူပန်မှုပြေငြိမ်းသူ၊ လူတစ်ကိုယ်တည်း ယောက်ျားတစ်လှည့် မိန်းမတစ်လှည့်ဖြစ်ရသော ဥဘတောဗျဉ်း၊ မိန်းမအင်္ဂါလည်း မထင်ရှား၊ ယောက်ျားအင်္ဂါလည်း မထင်ရှားသော အမ.မဟုတ်၊ အထီးမဟုတ် ပဏ္ဍုက်၊ စကားပြောလျှင် အမျှင်မပြတ် တရွတ်ဆွဲပြောရသူ။

တိဟိတ်ပဋိသန္ဓေဖြင့် လူဖြစ်လာရသောသူသည် အမြတ်စားဖြစ်သည်။ ဤသို့ဖြင့် လူကို အယုတ်၊ အလတ်၊ အမြတ်ခွဲရာ၌ ပဋိသန္ဓေအခြေခံဖြင့် ခွဲခြားပါသည်။

ဤကဲ့သို့ လူစဉ်မမီသူများသည် ယင်းတို့၏ ပဋိသန္ဓေစိတ်၌ အလောဘ၊ အဒေါသ၊ အမောဟဟိတ်တစ်ခုမှ မယှဉ်ဘဲ (ဝါ) မပါဘဲ ဟိတ်ကင်းမဲ့သော (ဝါ) နာမ်ရေသောက်မြစ်ကင်းမဲ့သော သန္ဓေစိတ်ဖြင့် လူဖြစ်လာရသူများဖြစ်သည်။

ဤကဲ့သို့သန္ဓေညံ့သောလူမျိုး၏လူစဉ်မမီသောရောဂါတို့ကိုမည်သည့်သမားတော်တစ်ဦးတစ်ယောက်ကမျှ ပျောက်ကင်းအောင် မကုသနိုင်ပါ။ သိပ္ပံဆေးစွမ်းကောင်းအားလုံးဆေးမတိုးသော လူစားမျိုးဖြစ်ပါသည်။

ဒွိဟိတ်ပဋိသန္ဓေဖြင့် လူဖြစ်လာရသောသူသည် လူလတ်စားဖြစ်သည်။ ယင်းသည် အသိအလိမ္မာ ဉာဏ်ပညာသင့်တင့်ရုံမျှသာ ရှိသူလူမျိုးဖြစ်သည်။ သာမန်လောက၊ သာမန်အကြောင်းအရာတို့ကို ဟန်ကျပန်ကျ ဆင်ခြင်နိုင်ကြသည်။

သို့သော် နက်နဲသောပညာရပ်၊ ခက်ခဲရှုပ်ထွေးသော အကြောင်း အရာတို့ကို မလေ့လာနိုင်ကြပါ။ အထူးသဖြင့် ဗုဒ္ဓဟောကြားခဲ့သော ရုပ် - နာမ်သဘာဝမျိုးကို ထိုးထွင်းသိခြင်းငှါ မတတ်နိုင်သလို ဝါသနာလည်း မပါကြပေ။

တိဟိတ်ပဋိသန္ဓေဖြင့် ဖြစ်လာရသောသူသည် လူအမြတ်စားဖြစ်သည်။ ယင်းလူမျိုးသည်အသိအလိမ္မာဉာဏ်ပညာထက်မြက်သည်။ရှုပ်ထွေးနက်နဲခက်ခဲသောအကြောင်းအရာပြဿနာပညာရပ်တို့ကို စူးစူးရှရှ ထက်ထက်မြက်မြက် တတ်သိနိုင်သည်။

သူ၏အသိ၊ သူ့အတွေး၊ သူ့အမြင်တို့သည် စိန်သွားကဲ့သို့ ထက်မြက်သည်။ ဉာဏ်ကြီးရှင်ဖြစ်ပါသည်။ ဗုဒ္ဓ၏အဘိဓမ္မာတို့ကိုလည်း တတ်သိနားလည်နိုင်ပြီ။ မဂ်တရား၊ ဖိုလ်တရားရသည်အထိ ဖြစ်နိုင်ပါသည်။

ပဋိသန္ဓေအခါတုံးက ဟိတ်မပါသော်လည်း ပဝတ္တိပိုင်း (ဝါ) လူဖြစ်လာသော အပိုင်းတွင်မှ အဟိတ်ပဋိသန္ဓေနေသော လူညံ့၌လည်း ဟိတ် (၆)ပါး ဖြစ်နိုင်ပါသည်။ အလားတူ ဒွိဟိတ်၊ တိဟိတ် ပုဂ္ဂိုလ်များ၌လည်း ဟိတ်(၆)ပါး ဖြစ်နိုင်ပါသည်။

သို့ရာတွင် အဟိတ်လူညံ့၌ လောဘ၊ ဒေါသ၊ မောဟများ ထူပြောပါသည်။ အလောဘ၊ အဒေါသ၊ အမောဟ အဖြစ်နည်းပါသည်။ ဒွိဟိတ်လူလတ်၌ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ ဖြစ်ကြသလောက် အမောဟမဖြစ်ပေ။ အဖြစ်ကျဲ၏။

www.dhammaransi.com



တိဟိတ်ပုဂ္ဂိုလ်၌မူ လောဘ၊ ဒေါသ၊ မောဟ အဖြစ်နည်းပြီး အလောဘ၊ အဒေါသ၊ အမောဟတို့ အဖြစ်များသည်။

လောဘ၊ ဒေါသ၊ မောဟတို့ကား အပြစ်ရှိပြီး မကောင်းကျိုးကို ပေးတတ်သည့်အတွက်အကုသိုလ်ဟိတ်၊အကုသိုလ်အမြစ်ဟု ဆိုပေသည်။အလောဘ၊အဒေါသ၊အမောဟတို့ကား အပြစ်မရှိ။ ကောင်းကျိုးချမ်းသာများစွာကို ပေးတတ်၍ ကုသိုလ်စိတ်၊ ကုသိုလ်အမြစ်ဟု ဆိုပါသည်။

အလောဘဆိုသည်ကား မကပ်ငြိ၊ မစွဲကပ်၊ မတွယ်တာ၊ စွန့်လွှတ်တတ်သောသဘောဖြစ်သည်။ အဒေါသကား စိတ်မဆိုး။ အေးမြကြည်လင်သော သဘောဖြစ်သည်။ မောဟကား ပညာဉာဏ်ဖြစ်ပါသည်။

ထိုဟိတ် (အမြစ်)များနှင့်ပတ်သက်၍ မိမိတို့သိထားရန်မှာ မိမိ၏ နေ့စဉ်ဘဝ၌ စိတ်ကူး၊ ပြောဆို၊ ပြုလုပ်မှုများအနက် လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်နေမှုများပါက "အင်း . . . ငါ့မှာ အကုသိုလ်စိတ် (ဆင်းရဲဖို့ အကြောင်းတရားတွေကိုပဲ ပြုလုပ်နေမိပါကလား) ဟု အသိ၊ သတိရှိရန် လိုအပ်ပါသည်။

ဤအကုသိုလ်အမြစ်သည်ကင်ဆာရောဂါအမြစ်ထက်ကြောက်စရာကောင်းသည်၊ ကင်ဆာအမြစ်သည် တစ်ဘဝသာ သေနိုင်သည်။ သတ်နိုင်သည်။ အကုသိုလ်အမြစ်ကား သံသရာအဆက်ဆက် ဘဝများစွာ သေနိုင်၊ သတ်နိုင်ပါသည်။

မိမိ၏ အသိ၊ သတိ၌ အလောဘတရားများ ဖြစ်ပေါ်နေအောင် အလိုရမ္မက်ကို ဖယ်ခွာခြင်း၊တတ်နိုင်သမျှပေးလှူပူဇော်ခြင်း၊အဒေါသတရားများဖြစ်ပေါ်နေအောင် သူတစ်ထူးကို မေတ္တာစိတ်ဖြင့် ကူညီရိုင်းပင်ခြင်းပြုနေရပါမည်။ အမောဟ (ပညာ)ဖြစ်ပေါ်အောင် တရားဓမ္မစာပေဖတ်ရှုခြင်း၊ လေ့လာခြင်း၊ တရားနာခြင်း၊ နက်နဲသော လောကီပညာရပ်တို့ကို လေ့လာခြင်း၊ ခက်ခဲသောပြဿနာများကို ဖြေရှင်းပေးခြင်းတို့ကို ပြုလုပ်သဖြင့် ငါ့တွင် ကုသိုလ်အမြင်၊ ကုသိုလ်စိတ်တွေဖြစ်နေပြီး ချမ်းသာဖို့အကြောင်းတွေ ဖြစ်နေသည်ဟု သိရပါမည်။

ဤကဲ့သို့ မိမိတို့ဘဝကို ကောင်းဆိုးနှစ်တန် ဖန်တီးသော ဟိတ်အကြောင်းများကို ကောင်းစွာသိပြီး မိမိဘဝကို ထိန်းကျောင်းနိုင်ရန် ဗုဒ္ဓက ဟောကြားခဲ့သည်။ ဤအကြောင်းဤအသိတွေ မရှိကြ၍ ယနေ့ကမ္ဘာကြီးတွင် ရန်မက်တွေ များနေရခြင်းဖြစ်ပါသည်။

ထိုသို့ လူသားတစ်ဦးနှင့်တစ်ဦး လူမျိုးတစ်မျိုးနှင့်တစ်မျိုး ရန်မက်အန္တရာယ်ပြုမှု၏ အဓိကအကြောင်းကို သိပ္ပံပညာက မဖော်ထုတ်နိုင်သေးပါ။ ဗုဒ္ဓက ဖော်ထုတ်ပေးခဲ့ပါသည်။ ထိုတရားများကိုလူတိုင်းသိပြီးလူတိုင်းကျင့်ကြံအားထုတ်နိုင်သောဤကမ္ဘာနှင့်ဤလူသားသည် ကပ်သုံးပါးကင်းပြီး ငြိမ်းချမ်းသာယာပါမည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## ပဋိသန္ဓေတည်စဉ် ရုပ်အစဉ်များဖြစ်နေမှု

ပုဂ္ဂိုလ်သတ္တဝါတစ်ဦး ပဋိသန္ဓေယူပြီးဆိုသော် ယုလျှင်ယူခြင်း ကာယဒသက ကလာပ် (cells) နှင့် ဘာဝဒသကကလာပ်၊ ဝတ္ထုဒသက ကလပ်ဟူသော ကလာပ်စည်း (၃) မျိုးအများဆုံး တစ်ပြိုင်တည်းဖြစ်၍ တည်နိုင်ပါသည်။

ယင်းကလာပ်စည်း (cells) များသည် အတိတ်ဘဝက မိမိတို့ပြုခဲ့သော ကုသိုလ် အကုသိုလ်ကံများကြောင့်ရလာသည်ဖြစ်၍ကမ္မဇကလာပ်စည်း(ကံကြောင့်ဖြစ်ပေါ်လာသော ရုပ်အစု (ကလပ်စည်း)ဟူ၍ အဘိဓမ္မာက ဆိုထားပါသည်။

ကလာပ်စည်းတစ်ခု ဉပမာ-စက္ခုဒသကဆိုသည့် မျက်စိ၌ပါဝင်သော ရုပ်အစု (၁၀)စုတွင်...

၁။ ခက်မာခြင်း, ပျော့ခြင်းသဘောရှိသော — ပထဝီ
၂။ ထောက်ကန်လှုပ်ရှားခြင်း, ရွေ့လျားခြင်း — ဝါယော
၃။ ဖွဲ့စည်းခြင်း, ယိုးစီးခြင်း — အာပေါ
၄။ ပူခြင်း, အေးခြင်း — တေဇော
၅။ အဆင်း၊ ရုပ်သဏ္ဌာန်ရှိခြင်း — ဝဏ္ဏ
၆။ အနံ့ရှိခြင်း — ဂန္ဓ
၇။ အရသာရှိခြင်း — ရသ
၈။ အဆီ၊ အစေးရှိခြင်း — ဩဇာ

ဟူသော မကွဲမပြား အမြဲတွဲဖြစ်နေသော ရုပ်ကလာပ်စည်း (၈)မျိုး ပါဝင်နေပါသည်။

အလားတူ စက္ခုပသာဒဟုဆိုအပ်သော မျက်စိအကြည်ဓာတ် ကလာပ်စည်းတစ်ခု ပါရှိသည်။ ယင်းအကြည်ဓာတ်သည် မျက်နက်ဝန်း အလယ်ပုံရိပ်ထင်ရာ မျက်လွှာ(၇)ထပ် အတွင်း၌ သန်းဦးခေါင်းပမာဏရှိသော အကြည်ဓာတ်ကလေးဖြစ်ပါသည်။

အလားတူ ဇီဝိတဆိုသော ရုပ်ကလာပ်စည်းတစ်ခုလည်း ပါဝင်ပါသည်။ ယင်းဇီဝိတ ရုပ်သည် အတူတူဖြစ်ဘက်ရုပ်များ မပျက်စီးအောင် ပုပ်သိုးမသွားရလေအောင် စောင့်ရှောက် သည်။ ယင်းကိုပင် အသက်ဇီဝိတဟု ခေါ်ဆိုနေကြပါသည်။

ထိုဇီဝိတရုပ်သည် သတ္တဝါ၏တစ်ကိုယ်လုံး၌ပျံ့နှံ့၍နေပါသည်။ စိတ်.ဥတု.အာဟာရ တို့ကြောင့်ဖြစ်သော ရုပ်တို့ကို မိမိ၏သားကို မိမိထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ စိတ်. ဥတု. အာဟာရတို့က ထိုဇီဝိတအသက်ကို စောင့်ရှောက်ကြသည်။

www.dhammaransi.com



နောက်ဘဝက ပြုခဲ့သောကံကြောင့် ဖြစ်သောရုပ်သည်ကား ဖြစ်ကြောင်းကံ ထင်ရှားမရှိသောကြောင့် အမိသေသောသားကို နို့ထိန်းက ကိုယ်စားစောင့်ရှောက်သကဲ့သို့ ဤ ဇီဝိတရုပ်သည် ကမ္မဇရုပ် (ကံကြောင့်ဖြစ်လာသောရုပ်)တို့ကို မပျက်စီးရလေအောင် စောင့်ရှောက်ကြသည်ဟု အဘိဓမ္မာ၌ ဆိုထားပါသည်။

စောင့်ရှောက်ပုံ စောင့်ရှောက်နည်းမှာ သစ်သီး၊ သစ်ရွက်အတွင်း၌ ရှိသောအရည်သည် ဤသစ်သီး၊သစ်ရွက်တို့ကို မညှိုး.မခြောက်.မပိန်သွားရလေအောင်စောင့်ရှောက်သကဲ့သို့ ကိုယ်လုံးအနှံ့ ပျံ့နှံ့တည်နေသော ဇီဝိတရုပ်သည် ကံကြောင့်ဖြစ်သောရုပ်တို့ကို မညှိုး. မနွမ်း. မပျက်စီးရလေအောင် စောင့်ရှောက်ပါသည်။

နို့ထိန်းသည် မိမိနို့တိုက်သောကလေးငယ်ကို စောင့်ရှောက်သကဲ့သို့ လှေသွားရာ နောက်သို့ လှေလှော်သမားပါသွားရသကဲ့သို့ မိမိဖြစ်စေတတ်သော မိမိနှင့်အတူ ကမ္မဇရုပ်တို့ကို မိမိထင်ရှားရှိသရွေ့ကာလပတ်လုံး စောင့်ရှောက်သည်။

သတ္တဝါတစ်ဦး သန္ဓေစတင်ယူရာဝယ် ထိုမျက်စိစသော ရုပ်ကလာပ်စည်း (၁၀) ခု ပါဝင်နေသကဲ့သို့ နားရုပ်ကလာပ်စည်း (၁၀) ခု၊ နှာခေါင်းရုပ်ကလာပ်စည်း (၁၀) ခု၊ လျှာရုပ်ကလာပ်စည်း (၁၀) ခု၊ ကိုယ်ရုပ်ကလာပ်စည်း (၁၀) ခု အသီးသီးပါဝင်လာပြီး တည်နေပါသည်။

- နားအကြည်ဓာတ် (သောတပသာဒ) သည် နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဌာန်ရှိ အမွေးနီ၌ တည်ရှိပါသည်။
- နှာခေါင်းအကြည်ဓာတ် (ဃာနပသာဒ) သည် နှာခေါင်းအတွင်း၌ ဆိတ်ခွာပုံသဏ္ဌာန်နှင့်တူသော အရပ်၌ တည်ရှိသည်။
- လျှာအကြည်ဓာတ် (ဇိဝှါပသာဒ) သည် လျှာ၏အလယ်ကြာပွင့် ဖတ်များနှင့်တူသော အရပ်ဝယ် ဇိဝှါပသာဒတည်ရှိသည်။
- ကိုယ်အကြည်ဓာတ် (ကာယပသာဒ) သည် အသားမာ၊ အရေပြားခြောက်၊ ခြေသည်း၊ လက်သည်းများ၊ ဆံပင်မွေးညှင်းမှတစ်ပါး တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေပါသည်။

သတ္တဝါတစ်ဦး၊ဘဝတစ်ခု ပဋိသန္ဓေ စတင်ယူပြီးဆိုသော် ဤရုပ်ကလာပ်စည်းများ တစ်ပြိုင်တည်း ပါလာပါသည်။

အတိတ်ဘဝက အကုသိုလ်ကံပါလာသော သတ္တဝါတစ်ဦးဦးအတွက်မူ...

- မျက်စိပါ၍မလာပါက စက္ခုစသောရုပ် (၁၀)စု (စက္ခုဒသကကလာပ်)များ လျော့နေပါမည်။

www.dhammaransi.com



- နားပါမလာပါကသောတစသောရုပ်(၁၀)စု
 သောတဒသက ကလာပ်များ လျော့နေပါမည်။
- နှာခေါင်းပါမလာပါက ဃာနစသောရုပ်(၁၀)စု
 ဃာနဒသက ကလာပ်များ လျော့နေပါမည်။
- မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်သူအတွက်
 ဘာဝဒသက ကလာပ်များ လျော့နေပါမည်။

ပဋိသန္ဓေစတင်တည်ရာဝယ် သတ္တဝါတို့၏ ဘဝနိကန္တိက ဘဝတဏှာကို တပ်မက်စွဲလမ်းသော လိုချင်မှုကြောင့်ဖြစ်ပုံအထူးကို ဖော်ပြသော ရုပ်(ဘာဝရုပ်) (၂)မျိုးရှိနေပါသည်။

၁။ ဣတ္ထိဘာဝရုပ် - အမဖြစ်ပုံအထူးကို ဖော်ပြသောရုပ်၊ အမသတ္တဝါ၏ တစ်ကိုယ်လုံး၌ပျံ့နှံ့တည်လျက်ရှိပြီး အမဖြစ်ကြောင်းကို သိစေတတ်သောရုပ်၊

၂။ ပုမ္ဘာဝရုပ် - အထီးဖြစ်ပုံအထူးကိုဖော်ကြသောရုပ်၊ အထီးသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်လျက်ရှိပြီး အထီးဖြစ်ကြောင်းကို သိစေသောရုပ်။

ဤရုပ်(၂)ခုသည် သက်ရှိသတ္တဝါတွင်သာရှိသည်။ သက်မဲ့တွင် မရှိပါ။ ထိုရုပ်(၂)ခုကြောင့် အထီး၊ အမ မတူခြင်းဖြစ်ပါသည်။

ဤဘာဝရုပ်(၂)ခုသည် လူပြည်. နတ်ပြည်. အပါယ်ဘုံဟူသော ကာမဘုံများ၌သာ ပဋိသန္ဓေတည်ရှိဖြစ်ပေါ်နိုင်ပြီး ဗြဟ္မာပြည် ဗြဟ္မာဘုံတို့၌ ကျား-မ ဟူ၍ မရှိချေ၊ ယောကျ်ားချည်းသာရှိသည်။

ယောကျ်ားက မိန်းမအဖြစ်ပြောင်းခြင်း၊ မိန်းမက ယောကျ်ားအဖြစ်ပြောင်းခြင်းသည် ကံကြောင့်သာ အဓိကဖြစ်ပါသည်။ ဆေးဝါးဖြင့် ပြောင်းလဲခြင်းဟူသည် အဖျားပိုင်းမျှသာ ဖြစ်ပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာ၌ကား နွားစားကျက်နှင့်တူသော ကာမဂုဏ်ကို လိုက်စားများသော သူများသည် ဣတ္ထိဘာဝ (မိန်းမဘာဝ) အဖြစ်များသည်။ ကာမဂုဏ်လိုက်စားနည်းသူသည် ယောကျ်ားဘာဝ (ပုမ္ဘာဝ) အဖြစ်များ သည်။

ကမ္ဘာဦးအစ၌ကား ဤမည်သောဘာဝ ပဋိသန္ဓေခွဲခြားမှုမရှိ ကမ္ဘာဦးဗြဟ္မာပြည်မှ ဗြဟ္မာသက်တမ်းကုန်၍ရောက်လာကြသောဗြဟ္မာ (၅)ဦးတွင်မြေဆီကိုစားမိရာမှဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်များ ခွဲခြားဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။

နောက်ကျမှ ဣတ္ထိဘာဝ၊ ပုမ္ဘာဝပဋိသန္ဓေ တည်မှုဖြစ်လာရသည်။ ထိုဘာဝရုပ်များသည် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ၌ ဖောက်ပြန်တတ်သော သဘောရှိနေတတ်ပါသည်။ ဥပမာ -

www.dhammaransi.com



အရှင်မဟာကစ္စည်းကို ပြစ်မှား၍ သောရေယျသူဌေးသား မိန်းမဘဝ ရောက်သွားခြင်းမျိုး စသည်တို့ဖြစ်ပါသည်။

ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်(၂)မျိုးရှိသူ (ဝါ) မိန်းမဖြစ်ပြီး ယောက်ျားစိတ်ပေါက်နေသူ၊ ယောက်ျားဖြစ်ပြီး မိန်းမစိတ်ပေါက်နေသူများကို ဗုဒ္ဓ၏ဝိနည်းတော်၌ ဥဘတောဗျည်းဟု ဟောထားပါသည်။

ဣတ္ထိယဥဘတောဗျည်း၌ ဣတ္ထိယ သဘာဝတစ်ခုသာပါရှိသည်။ အကြင်အခါ၌ ဣတ္ထိယဥဘတောဗျည်းသည် မိန်းမတစ်ဦးဦးအပေါ်၌ ရာဂစိတ်ဖြစ်ပေါ်လာငြားအံ့၊ ထိုအခါ ယောက်ျားအင်္ဂါဇာတ်ဖြစ်ပေါ်လာပြီး မိန်းမင်္ဂါဇာတ်သည် မှေးမှိန်သွားသည်။ ယောက်ျားတစ်ဦးဦးအပေါ်၌ ရာဂစိတ်ဖြစ်မှု မိန်းမအင်္ဂါဇာတ်အတိုင်းပင် ရှိပါသည်။

ဣတ္ထိယဥဘတောဗျည်းသည် မိမိလည်း ကိုယ်ဝန်ယူနိုင်သည် သူတစ်ပါးကိုလည်း ကိုယ်ဝန်ပေးနိုင်သည်။

ပုရိသဥဘတောဗျည်း၌ပုရိသဘာဝရုပ်တစ်ခုသာရှိသည်။ သူသည်လည်းယောက်ျားတစ်ဦးဦးအပေါ်၌ ရာဂစိတ်ဖြစ်မှု ယောက်ျားအင်္ဂါဇာတ်ပျောက်၍ မိန်းမအင်္ဂါဇာတ်ပေါ်လာသည်။ မိန်းမတစ်ဦးဦးအပေါ်၌ ရာဂစိတ်ဖြစ်မှု ယောက်ျားအင်္ဂါဇာတ်အတိုင်းသာ တည်ရှိသည်။

ပုရိသဥဘတောဗျည်းသည် သူတစ်ပါးကိုသာ ပဋိသန္ဓေပေးနိုင်ပါသည်၊ မိမိမှုကား ပဋိသန္ဓေမယူနိုင်ပါ ကိုယ်ဝန်မဆောင်နိုင်ပါ။

ဥဘတောဗျည်း၌ အင်္ဂါဇာတ်များဖြစ်ပေါ်မှုသည် ကမ္မပစ္စယာရာဂသမုဋ္ဌာနကံကြောင့် ဖြစ်သော ရာဂ၏ဖြစ်ပေါ်မှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ဣတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ်တို့တွင်လည်း ကလာပ်စည်း(၁၀)ခုစီ အသီးသီးရှိနေကြပါသည်။

သတ္တဝါတစ်ဦး ပဋိသန္ဓေယူရာတွင် ပါဝင်လာသောရုပ်တစ်ခုမှာ နှလုံးသားရုပ် (ဟဒယဝတ္ထုရုပ်)ဖြစ်ပါသည်။

ယင်းရုပ်သည် နှလုံးသားအတွင်း၌ ပုန်းညက်စေ့တစ်စေ့၏ တည်ရာပမာဏရှိသော တွင်းငယ်တစ်ခု၌ တစ်လက်ခုပ်၏ လေးပုံတစ်ပုံတစ်လက်ဖက်၏ တစ်ဝက်မျှလောက်သော သွေးပေါ်တွင် တည်ကိန်းနေသော စိတ်၊ စေတသိတ်တို့၏ အမှီပြုရာဖြစ်သောဝတ္ထုရုပ်(ဟဒယရုပ်)ဖြစ်သည်။

စိတ်နှင့်သိမှု (မနောဓာတ်နှင့် မနောဝိညာဏဓာတ်) တို့၏ တည်ရာမှီရာ လက္ခဏာသည် ဟဒယဝတ္ထုရုပ်မည်ပါသည်။

www.dhammaransi.com



ဤဟဒယဝတ္ထုရုပ်တို့ကို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်လေးပါး တို့သည်ကျေးဇူးပြုလျက်ရှိပြီးဥတု၊အာဟာရ၊စိတ်တို့ကထောက်ပံ့လျက်ရှိသည်ဟုအဘိဓမ္မာ၌ ဗုဒ္ဓဟောထားပါသည်။

ပဋိသန္ဓေဖြစ်ပေါ်လာမှုနှင့်အတူ ရုပ်နှင့် နာမ်(စိတ်)တို့၏စတင်ဖြစ်ပေါ်မှုတို့ကို ယနေ့ သိပ္ပံပညာရှင်နှင့် သိပ္ပံကိရိယာတို့ကမဖော်ထုတ်နိုင်သေးပါ။ဗုဒ္ဓ၏အဘိဓမ္မာကသာဖော်ထုတ် ပေးထားပါသည်။

## သတ္တဝါတို့၏ ပဋိသန္ဓေရုပ်နာမ် အစဉ်တိုးတက်ဖြစ်စဉ်

သတ္တဝါတစ်ဦးသည်ပဋိသန္ဓေစိတ်ဟူသောစိတ်ကလေးသည်ဝတ္ထုဒသက(ဟဒယ ဝတ္ထုရုပ် (၁၀)ခုရှိသည်) ကလာပ်စည်းရုပ်ထဲမှ ဝတ္ထုရုပ်အပေါ်တွင် အမှီပြု၍ ပါလာရပါသည်။

ယင်းကို အများအားဖြင့် အသက်ဟု ခေါ်နေကြပါသည်။ ဗုဒ္ဓကမူ အသက်ဟူ၍မရှိ၊ အတ္တဟူ၍မရှိ၊ ဝိညာဉ်၊ လိပ်ပြာဟူ၍ မရှိဟူ၍ ဟောကြားထားပါသည်။

ဝတ္ထုရုပ်ထဲတွင် ကလာပ်စည်းရုပ်နှင့် စိတ်.စေတသိက်သာ ရှိပါသည်။ ဥပမာ - နာရီ တွင် အသက်ရှိသောကြောင့် တစ်ချက်ချက်ဖြင့် လှုပ်ရှားသွားလာနေသည်။ သို့သော် နာရီစက် ကို ဖွင့်ကြည့်ပါက အသက်ကို မတွေ့ပါ။ စက်ဘီးတိုင်လက်တံ၊ ခွေးသွားစိတ်စသည်ကိုသာ တွေ့ရ သကဲ့သို့ သတ္တဝါ၏အသက်ဟူသည်ကို ရှာမတွေ့နိုင်ပါ။

ပဋိသန္ဓေစိတ်နှင့်အတူစဖြစ်(ဥပါဒ်)သောကာယ.ဘာဝ.ဝတ္ထုကလာပ်(၃)စည်း၊ရုပ် အရေအတွက်အားဖြင့် ရုပ်(၃၀)တို့ ဖြစ်ကြပါသည်။

ထိုသည်ကို စိတ္တက္ခဏ ခဏငယ်တစ်ခုနှင့် တိုင်းထွာသော် ခဏတိုင်း၊ ခဏတိုင်း အချိန်များ၌ ကမ္မဇရုပ်များသည် အသစ်ထပ်ကာထပ်ကာ ဖြစ်နေကြပါသည်။

လောကတွင် သတ္တဝါတစ်ဦးဦးသေဆုံး ကွယ်လွန်ခြင်း (သမ္မုတိမရဏ) ကိုသာ လူ တိုင်းက သိနေကြပါသည်။ အမှန်မှာ ရုပ်နှင့်နာမ်တရားတို့သည် ဖြစ် - တည် - ပျက် (ဥပါဒ် - ဌီ - ဘင်)အားဖြင့် အမြဲမပြတ် တရစပ်ဖြစ်ကာ သေဆုံးနေသည်ကို လူတိုင်းက မသိသလို ယနေ့ သိပ္ပံပညာရှင်များလည်း အတိအကျ မသိကြသေးပါ။

ကံကြောင့်ဖြစ်သော ရုပ်များ အစဉ်မပြတ် ပျက်စီးနေသောကြောင့် သတ္တဝါတို့ တဖြည်းဖြည်းကြီးထွားလာပြီးနောက်ဆုံးအိုမင်းရင့်ရော်ပြီးသေကြေနေကြရသည်။ခဏတိုင်း ခဏတိုင်း သေနေသည်ကို ခဏိက မရဏဟု အဘိဓမ္မာက ဆိုထားပါသည်။

www.dhammaransi.com



မီးတောက်မီးလျှံ စသည်တို့သည် တဖျပ်ဖျပ်နှင့် ဖြစ်လိုက်ပျက်လိုက် ဖြစ်နေသည်။ ထိုကဲ့သို့ပင် ကမ္ဘာဇရုပ်များသည်လည်းကောင်း၊ အရာဝတ္ထုများသည်လည်းကောင်း၊ အစဉ်တစိုက်တည်ငြိမ်မှုမရှိဘဲ တဖျပ်ဖျပ်နှင့် ဖြစ်လိုက် - ပျက်လိုက် ဖြစ်နေရပါသည်။ မည်သည့်အရာဝတ္ထုမှာမဆို ရုပ်ကလာပ်စည်းရှိနေသည်။ ထိုရုပ်ကလာပ်စည်းရှိက ဖြစ်လိုက်၊ ပျက်လိုက်ဖြစ်နေပါသည်။ ရုပ်တစ်ခု ဖြစ်၍ပျက်သောအခါ စိတ်အစဉ်သည် (၁၇)ချက်ဖြစ်ပြီး ပျက်သွားပါသည်။ ထို့ကြောင့် စိတ်သက်သည် ရုပ်ထက် (၁၇)ဆ မြန်ဆန်ပါသည်။

စိတ်တစ်ခုတွင် အခိုက်အတန့်ပေါင်း ဖြစ် - တည် - ပျက် (ဥပါဒ် - ဌီ - ဘင်)ဟူ၍ (၃)မျိုးသာရှိပါသည်။ အခိုက်အတန့်တစ်ခုနှင့်ပြိုင်၍ ကလာပ်စည်း(၃)စည်းတစ်သုတ်တည်း ဖြစ်လာပါသည်။

စိတ်တစ်ခုတွင် အခိုက်အတန့် ဖြစ် - တည် - ပျက် (၃)ခုရှိနေသည်။ စိတ်အစဉ် (၁၇)ချက်ရှိနေသဖြင့် စိတ်စဉ်တစ်ခုဝယ် ခဏငယ် (အခိုက်အတန့်) (၃)ချက်အားဖြင့် (၁၇ × ၃ = ၅၁ ချက်) ဖြစ်. တည်. ပျက်နေရပါသည်။

လောကဓမာတွင် စကား (၂)လုံးကို တပြိုင်နက်တည်းပြော၍ မဖြစ်နိုင်သကဲ့သို့ စိတ်သည်လည်း တစ်ပြိုင်နက်တည်း (၂)စိတ်မဖြစ်နိုင်ပါ။ တစ်စိတ်ဖြစ်ပြီးမှ တစ်စိတ်ဖြစ်ပေါ်ရပါသည်။ မည်သည့်အခါမျှ မထပ်ပေ။

ရုပ်သည်ကား ထပ်၍ထပ်၍ဖြစ်ပေါ်လာနိုင်သောကြောင့် ရုပ်သည် အကောင်အထည်ရှိသည်။ စိတ်ကား အကောင်အထည်မရှိပေ။

ပဋိသန္ဓေနေစဉ်ကပင် ကလာပ်စည်း (၃) မျိုးရှိနေ၍ ဌီအချိန်တွင် ကလာပ်စည်း (၃) မျိုးရှိပြီး ဘင်အချိန်တွင် ကလာပ်စည်း (၉)မျိုးရှိပေသည်။

ပဋိသန္ဓေတည်မှုနှင့်ပတ်သက်၍ စိတ်သည် ရုပ်နှင့်အတူတူပါလာသည်ဟု ဆိုထားခဲ့ရာ ထိုပဋိသန္ဓေစိတ်ဟူသည် အဘယ်နည်းဟု မေးစရာရှိလာပါသည်။

ဗုဒ္ဓအဘိဓမ္မာက လူသားတို့တွင် ပစ္စုပ္ပန်ဘဝ၌ပြုလုပ်သော ကာမာဝစရကုသိုလ်၊ ဈာန်အတွက်အားထုတ်သော ဈာန်ကုသိုလ်၊ လောကမှလွတ်မြောက်ရေးအတွက် ကျင့်ကြံအားထုတ်နေသော ဝိပဿနာကုသိုလ်များ အသီးသီးရှိနေကြပါသည်။

ထိုကုသိုလ်များက နောက်ဘဝအတွက် အစွမ်းသတ္တိ အရှိန်ကလေးတစ်ခုအဖြစ် အကျိုးပြု အကျိုးပေးလာခြင်းကို ဝိပါက (ဝိပါက်စိတ်) (အကျိုးပေးလာသောစိတ်) ဟု ခေါ်ဆိုကြပါသည်။

လူ့ဘုံလူ့ဘဝ သန္ဓေတည်လာ၊ ယူလာသောသူများဟူသည် ကာမာဝစရ (ကာမဘုံ၌ ကျက်စားလိုလားသော) ဝိပါက်အကျိုးအဖြစ် အကျိုးပေးလာသူများဖြစ်ပါသည်။

www.dhammaransi.com



ဤအကျိုးပေးခြင်း (မဟာဝိပါက်)စိတ်ဖြင့် ပဋိသန္ဓေ စတင်နေခဲ့ကြသူများတွင်...

- ပင်ကိုအားဖြင့်ရွှင်လန်းစွာနေလေ့ရှိသူသည်သောမနဿ(ဝမ်းမြောက်သော) စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူ။
- တည်တည်ကြည်ကြည် နေလေ့ရှိသူများသည် ဥပေက္ခာ (လျစ်လျူရှု) စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူဟု ဆိုပါသည်။
- ရွှင်လန်းသူများထဲတွင် ပို၍ရွှင်လန်းသူက အသင်္ခါရိကဖြင့်နေသည်။
- ရွှင်လန်းမှုအားနည်းသူများက သ.သင်္ခါရိကဖြင့် နေသည်။

ရွှင်လန်းသူများထဲတွင်လည်း...

- ပင်ကိုယ်ဉာဏ်ကောင်းသူက၊ ဉာဏသမ္ပယုတ်(ဉာဏ်နှင့်ယှဉ်ခြင်း) ဖြင့် နေခဲ့သည်။
- ပင်ကိုယ်ဉာဏ်မကောင်းသူများက ဉာဏဝိပ္ပယုတ်(ဉာဏ်မယှဉ်ခြင်း) ဖြင့် နေခဲ့သည်။

တည်တည်ကြည်ကြည်ထဲတွင်လည်း...

- ပို၍တည်ကြည်သူက အသင်္ခါရိကဥပေက္ခာစိတ်ဖြင့် နေခဲ့သည်။
- တည်ကြည်သူအားနည်းသူက၊ သသင်္ခါရိကဥပေက္ခာစိတ်ဖြင့် နေခဲ့သည်။
- တည်ကြည်ပြီး ဉာဏ်ကောင်းသူက ဉာဏသမ္ပယုတ်ဖြင့်နေခဲ့သည်ဟု ဗုဒ္ဓအဘိဓမ္မာက ပဋိသန္ဓေစိတ်၏ ကွဲပြားခြားနားမှုတို့ကို အထက်ပါအတိုင်း ဖော်ထုတ်ဟောကြားထားခဲ့ပါသည်။

ထိုသို့ ပဋိသန္ဓေနေသောစိတ်၏ကွဲပြားမှုတို့ကို သိပ္ပံကိရိယာတို့က မတိုင်းနိုင်သေးပါချေ။

သတ္တဝါတစ်ဦးတစ်ယောက်သည် မိခင်ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စတင်တည်နေသည်မှ ပထမ (၇)ရက်သည် ကလလရေကြည် ရေကြည်ပေါက်ငယ်အဖြစ် စတင်တည်သည်။

ဒုတိယ(၇)ရက် (ဒုတိယသတ္တာဟ) အမဲသားကိုဆေးသော ဦးစွာသော ရေအမြှုပ်ကဲ့သို့သော အမြှုပ်ကလေးများဖြစ်လာပြီး တည်သည်။

တတိယ(၇)ရက် (တတိယသတ္တာဟ) အမြှုပ်ကလေးများ စုစည်းပြီး နီနီရဲရဲ တစ်သွေးခဲအဖြစ်တည်သည်။

www.dhammaransi.com



စတုတ္ထ(၇)ရက် (စတုတ္ထသတ္တာဟ)မှာသော အသားခဲအဖြစ်တည်သည်။ ယင်းသည် ကြက်ဥပုံစံလုံးဝိုင်း၍ အနည်းငယ်ရှည်လျားပါသည်။

ပဉ္စမ(၇)ရက် (ပဉ္စမသတ္တာဟ) တွင် ဦးခေါင်း၊ ခြေနှစ်ဘက်၊ လက်နှစ်ဖက်ဖြစ်ပေါ်စေရန် အဖုအထစ်ကလေး (၅)ခုပေါ်ထွက်လာသည်။ ယင်း(၅)ခုသည် သစ်ပင်၏ အကိုင်းအခက်နှင့်တူ၍ ခက်မငါးဖြာဟူ၍ တင်စားခေါ်ဝေါ်ခဲ့သည်။

ဆဋ္ဌမ(၇)ရက်၊ သတ္တမ (၇)ရက်၊ ဆဋ္ဌမ (၇)ရက်၊ နဝမ(၇)ရက်၊ ဒသမ(၇)ရက်၊ (၅)သတ္တာဟ (၅ × ၇ = ၃၅) ရက်သည် ထိုခက်မငါးဖြာတို့ ရင့်ကျက်ချိန် ထင်ထင်ရှားရှား၊ ပီပီပြင်ပြင်ဖြစ်ပေါ်လာချိန် ဖြစ်ပါသည်။

ဧကာဒသမသတ္တာဟ (၁၁)သတ္တာဟတွင်မှ မျက်စိ. နား. နှာခေါင်း. လျှာ (စက္ခု. သောတ. ဃာန. ဇိဝှါ) ဟူသော ကမ္မဇကလာပ် (ကံကြောင့်ဖြစ်ရသော) ကလာပ်စည်းရုပ် (၄)ခုသည် တစ်ပြိုင်နက်တည်း စတင်ဖြစ်ပေါ်လာပါသည်။

ထိုအချိန်တွင် ကလေးအတွက် အာဟာရသည် ချက်ကြိုးမှဝင်ပါသည်။ ကလေးသည် မိခင်၏အစာအိမ်ကို မျှော့တွယ်သည့်ပမာ တွယ်ထားသည်။ မိခင်စားသောအစာသည် ချက်ကြိုးမှလျှောက်၍ သူငယ်၏ဝမ်းတွင်းသို့ ရောက်သောအခါ ထိုအစာကိုချက်ရန် ပါစကတေဇော ဓာတ်မီးဖြစ်လာပါသည်။

စက္ခု. သောတ. ဃာန. ဇိဝှါ (မျက်စိ. နား. နှာခေါင်း. လျှာ) တို့ပေါ်ပြီးနောက် တစ်စတစ်စကြီးထွားရင့်လာခဲ့ရာ (၇)လ၊ (၈)လ၊ (၉)လ၊ (၁၀)လသို့ ရောက်သောအခါ သန္ဓေရင့်၍ ဖွားမြင်လာခဲ့ရပါသည်။

ဤကဲ့သို့ သန္ဓေရုပ်နာမ်တို့ တစ်စပြီးတစ်စ တိုးတက်ရင့်ကျက်လာသည်ကို ဗုဒ္ဓသည် မည်သည့်သိပ္ပံကိရိယာမျှမပါဘဲ ဟောခဲ့ပါသည်။ ယနေ့သိပ္ပံပညာက ရုပ်ကို စမ်းသပ်ကြည့်ရှုလာနိုင်ပါသည်။ သတ္တဝါ၏ ပဋိသန္ဓေစိတ်ကို မည်ကဲ့သို့သောစိတ်ရှိသည်ကို မသိနိုင်ပါ။

ဗုဒ္ဓအဘိဓမ္မာက သတ္တဝါ၏အသိဉာဏ်သည် အမိဝမ်းတွင်းပဋိသန္ဓေတည်ကတည်းကပင် ပါလာသည်ကို အမိဝမ်းတွင်းနေရသည်မှာ ပင်ပန်းသဖြင့် စိတ်မခိုင် သမာဓိမရှိ၍ မည်သည့်မှတ်ဉာဏ်တို့မှ ပြတ်သားစွာ မမှတ်မိပေ။ သို့အတွက် သတ္တဝါတို့သည် အတိတ်ဘဝကို မေ့ကြသည်ဟု ဆိုပါသည်။ ဇာတိဿရဉာဏ်ရသူ၊ ပုဗ္ဗေနိဝါသဉာဏ်ရသူ၊ သမထအဘိညာဉ်အောင်မြင်သူတို့သာ အတိတ်ဘဝဇာတ်လမ်းဇာတ်ကြောင်းကို သိနိုင်ပါသည်။

ထိုကျင့်စဉ်များကိုလည်း ဗုဒ္ဓက ဟောကြားလမ်းပြပေးခဲ့ပါသည်။ ကျင့်နိုင်သူများ သိနိုင်ပါသည်။

ယနေ့သိပ္ပံသည် ဗုဒ္ဓ၏ ပုဗ္ဗေနိဝါသဉာဏ်၊ အဘိညာဉ်တို့ကို မတွေ့မြင် မသိကြသေးပေ။

www.dhammaransi.com



## သက်ရှိသတ္တဝါများ၏ စိတ်ဝင်ပေါက်များ

သက်ရှိသတ္တဝါတိုင်းတွင် စိတ်ရှိနေပါသည်။ မျက်စိ. နား. နှာခေါင်း. လျှာ. ကိုယ်. တွေးခေါ်မှုဟူသောအပေါက်တို့မှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ဝင်လာသဖြင့် စိတ်သည် အမျိုးမျိုး ဖြစ် - ပျက် ပြောင်းလဲနေရပါသည်။

ထိုစိတ်ဖြစ်စေရန် (ဝါ) ဝင်လာရန် အပေါက်ကိုဗုဒ္ဓအဘိဓမ္မာက ပါဠိဘာသာအားဖြင့် "ဒွါရ" ဟူ၍ ခေါ်ဝေါ်သတ်မှတ်ခဲ့ပါသည်။ မြန်မာဘာသာက ယင်းကို တံခါးဟူ၍ ခေါ်ဆိုခဲ့ပါသည်။

တံခါးဟူသည် ဝင်ရာထွက်ရာ နေရာဖြစ်သည်။ မြို့တံခါး၊ ခြံတံခါး၊ အိမ်တံခါးဟူ၍ အမျိုးမျိုးရှိပါသည်။

တံခါးဟူသည် အတွင်း၊ အပြင်ဆက်သွယ်သော နေရာဖြစ်ပါသည်။ တံခါးသည် အမြဲမပြတ်ရှိနေရပြီး ဝင်ထွက်သောသူတို့မှာမူ အမြဲမရှိပေ။ ဝင်သည့်အခါ ဝင်သည်။ ထွက်သည့်အခါ ထွက်သည်။ မဝင်. မထွက်သည်လည်း ရှိ၏၊ တစ်ဖန် ဝင်သူထွက်သူသည် တစ်ဦးတည်း မဟုတ်၊ တစ်မျိုးစားတည်းလည်း မဟုတ်ပါ။ အမျိုးမျိုး ဝင်ထွက်နေပါသည်။

ဤကဲ့သို့ပင် သတ္တဝါတစ်ဦး၏ ခန္ဓာကိုယ်ဝယ် ဝင်ရာတံခါးပေါက်များ ရှိနေရပါသည်။ သတ္တဝါတစ်ဦး၏ခန္ဓာကိုယ်ကို တံခါးပေါက်မရှိသော အိမ်ကဲ့သို့ စဉ်းစားကြည့်လျှင် မျက်စိမမြင်၊ နားမကြား၊ နှာခေါင်းအနံ့မရ၊ လျှာက အရသာမသိ၊ ကိုယ်က အတွေ့အထိမသိ၊ စိတ်ထဲ၌ တွေးထင်မှု ဘာမျှမဖြစ်။ သက်မဲ့ရုပ်ထုတစ်ခုကဲ့သို့ ဖြစ်နေပါသည်။

ဤသတ္တဝါမှာ ပြင်ပဆက်သွယ်မှု ဘာမျှရှိမည်မဟုတ်ပါ။ အိပ်မောကျနေသူတစ်ယောက်ကိုထိုင်ကြည့်ပါက သူ့တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည့်အတွက် တံခါးအားလုံးပိတ်ထားသောအိမ်နှင့်တူနေပေသည်။ သူ့တွင်အမြင်, အကြား, အနံ့, အရသာ, အတွေ့, အထိ, စိတ်ကူးမှု, ဘာမျှမရှိ၊ ဘာမျှမသိပေ။ သူသည် သက်မဲ့ရုပ်ထုတစ်ခုပမာ မည်သို့မျှ ဆက်သွယ်၍ မရနိုင်ပါ။

အိပ်နေသူကို နှိုးလိုက်ပါက နိုးလာသည် နှင့်တစ်ပြိုင်နက်တည်း အိမ်တံခါးဖွင့်လိုက်သည့်ပမာ မျက်စိနှင့်ပြင်ပအဆင်းများ တွေ့ထိမိပြီး မျက်စိ စသည် အသိစိတ်များဖြစ်လာကာ သူ၏မျက်စိက ဖြစ်လာမည်၊ သူ့နားက ကြားလာမည်။ သူ၏နှာခေါင်းက နံ့လာပါမည်။ သူ့လျှာက အရသာသိလာသည်။ သူကိုယ်၏အတွေ့အထိကို သိလာပါမည်။ စိတ်ကူးကြံစည်မှုများဖြစ်လာပါမည်။

သက်ရှိသတ္တဝါတစ်ဦးတွင် မျက်စိမြင်ရန် မျက်စိအကြည်ရုပ် (စက္ခုပသာဒ)ရုပ်ရှိ၏၊ ကြားနိုင်ရန် နားအကြည်ရုပ် (သောတပသာဒရုပ်) ရှိ၏။ အနံ့ခံနိုင်ရန် နှာခေါင်းအကြည်ရုပ်

www.dhammaransi.com



(ဃာနပသာဒရုပ်) အရသာခံစား သိရှိနိုင်ရန် လျှာအကြည်ရုပ် (ဇိဝှါပသာဒရုပ်)၊ အတွေ့အထိ သိရှိခံစားနိုင်ရန် ကိုယ်အကြည်ရုပ်(ကာယပသာဒရုပ်)များ ရှိကြသည်။

ဤအကြည်ရုပ်(ပသာဒ)များ ရှိနေသောကြောင့် သက်ရှိသတ္တဝါများသည် ပြင်ပမှ အာရုံများကို လက်ခံနိုင်ခြင်းဖြစ်ပါသည်။ အကြည်ရုပ် (ပသာဒ)များနှင့် ပြင်ပအာရုံများ တွေ့ဆုံကြ၍သာ ဝီထိဟုခေါ်သော စိတ်အစဉ်များ ဖြစ်ကြရပါသည်။

သက်ရှိသတ္တဝါတစ်ဦးတွင် ဝီထိဟုခေါ်သော စိတ်အစဉ်များ ဖြစ်လာဖို့ (၀ါ) ဝင်ဖို့ တံခါးပေါက်နှင့်တူသော ပသာဒ (အကြည်) ရုပ်များရှိနေပြီး ထိုရုပ်များက သတ္တဝါကို ပြင်ပလောကနှင့် ဆက်သွယ်ပေးနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် သက်ရှိသတ္တဝါတစ်ဦး၏ တံခါးပေါက် (ဒွါရ) ငါးပေါက်ရှိနေပါသည်။

တစ်ဖန် သက်ရှိသတ္တဝါတွင် အရေးကြီးသော တံခါးပေါက်တစ်ခုမှာ မနောဟုခေါ်သော စိတ်တံခါးဖြစ်ပါသည်။

မနော(စိတ်) တံခါးဆိုသည်မှာ ဘဝင်စိတ်ပင် ဖြစ်ပါသည်။ ဘဝင်စိတ်သည် ဖြစ်လာမည့်စိတ်အစဉ် (ဝီထိစိတ်)များ၏ ဝင်ပေါက်ထွက်ပေါက်သဖွယ် ဖြစ်ပါသည်။

ဘဝင်စိတ်ဟူသည် ပဋိသန္ဓေစိတ်၏အာရုံကိုပင် အာရုံပြုပြီးဖြစ်ပေါ်ရသည်။ သတ္တဝါတစ်ဦး ပဋိသန္ဓေနေစဉ်က မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံ အားလျော်စွာ ကံ. ကမ္မနိမိတ်. ဂတိနိမိတ်ကို အာရုံပြုပြီး ပဋိသန္ဓေနေခဲ့သလို ဘဝင်စိတ်သည်လည်း ထိုပဋိသန္ဓေ၏ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ကိုသာ အာရုံပြုနေသည့်အတွက် ဘဝင်စိတ် အဆက်မပြတ်ဖြစ်နေ၍ သတ္တဝါသည် အတိတ်ဘဝကို ဘာမျှမသိခြင်းဖြစ်နေရသည်။ အသိဉာဏ်ခေါ်သော အလွန်ထူးခြား ထက်မြက်သော ဉာဏ်မျက်စိတန်ခိုးရမှသာ ခွဲခြားသိနိုင်ပါသည်။

ထိုဘဝင်စိတ်သည် လူ၏နှလုံးအိမ်အတွင်း ပုန်းညက်စေ့ခန့်ပမာဏရှိသော တွင်းငယ်၌တည်သောနှလုံးသွေးအကြည်ရုပ်ကိုမှီ၍မပြတ်ဖြစ်လျက်ရှိနေပါသည်။ ယင်းနှလုံးသွေးအကြည်ရုပ်ကို ဟဒယဝတ္ထုရုပ်ဟု အဘိဓမ္မာစကားအရ ခေါ်ပါသည်။

ဘဝင်စိတ်သည် အခြားစိတ်များ အနားယူသောအခါတိုင်း အစားဝင်၍ဖြစ်သည်။ ဤကဲ့သို့ ဘဝင်စိတ်က ကြားဝင်ဆက်စပ်ပေးနေမှုကြောင့် သတ္တဝါသည် စိတ်ပြတ်သွားပြီး မသေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘဝင်စိတ်ကို "သက်စောင့်စိတ်" ဟူ၍လည်း ခေါ်သည်။

အခြားစိတ်များ ရပ်စဲသွားတိုင်း သူက ဝင်၍ဖြစ်ပေးသည်။ ဖြစ်သောအခါ မြစ်ရေအလျင် တသွင်သွင်စီးသကဲ့သို့လည်းကောင်း ဆီမီးလျှံ တဖျပ်ဖျပ် မပြတ်တောက်လောင်နေသကဲ့သို့လည်းကောင်း ဆက်တိုက်ဖြစ်နေရပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာ၌ ဘဝင်စိတ်ကို အိပ်စိတ်၊ ဝီထိစိတ် (စိတ်အစဉ်ဖြစ်နေမှု)ကို နိုးစိတ် ဟု ခေါ်ခဲ့သည်။

www.dhammaransi.com



အိပ်စိတ်သည် နိုးစိတ်၏တံခါး (ဝါ) ဒွါရ ဖြစ်ပေသည်။ အိပ်နေ၍သာ နိုးလာနိုင်ခြင်း ဖြစ်သည်။ အိပ်မနေလျှင် (ဝါ) အိပ်စိတ် (ဘဝင်စိတ်) ဖြစ်မနေလျှင် (ဝါ) သေနေလျှင် နိုးလာခြင်း ရှိမည်မဟုတ်ပါ။

ထို့ကြောင့်အိပ်စိတ်(ဘဝင်စိတ်)သည်နိုးစိတ်(ဝိထိစိတ်)ဝင်လာနိုင်သောအပေါက် သဖွယ်၊ တံခါးသဖွယ်ဖြစ်ပါသည်။ ယင်းကို အဘိဓမ္မာက ဘဝင်စိတ်သည် ဝိထိစိတ်ဝင်လာနိုင်ရန် တံခါးပေါက် (ဒွါရ) ဖြစ်သည်။ ဘဝင်စိတ်သည် မနောဒွါရစိတ်တံခါးပေါက်ဟူ၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။

စက္ခုပသာဒ (မျက်စိအကြည်ရုပ်) စသောရုပ်ဒွါရ(၅)ပါးနှင့်မနောဒွါရ၏ခြားနားချက်မှာ...

စက္ခုဒွါရတွင် စက္ခုပသာဒအကြည်ရုပ်ကိုအစွဲပြုပြီး စက္ခုဝိညာဏ် (မျက်စိအသိစိတ်)ဖြစ်လာနိုင်သည်။ အလားတူ သောတ. ဃာန. ဇိဝှါ. ကာယတို့သည်လည်း စက္ခုနည်းတူပင် ဖြစ်ကြသည်။

မနောဒွါရမူကား နှလုံးအိမ်အတွင်းရှိ သွေးအကြည်ရုပ်၊ ယင်းသွေးအကြည်ရုပ်ကို အမှီပြုပြီးဘဝင်စိတ်ဖြစ်ရသည်။ယင်းဘဝင်စိတ်မှတစ်ဆင့်ဝိထိစိတ်(စိတ်အစဉ်အတန်းများ) ဖြစ်လာနိုင်သည်။

ထို့ကြောင့် ရုပ်ဒွါရ(၅)ပါးက အဆင့် (၁)ဆင့်သာရှိပြီး၊ နာမ်ဒွါရ (ဝါ) မနောဒွါရက (၂) ဆင့်ရှိနေသည်။

ဤမနောဒွါရ၌ ထင်လာနိုင်သောအာရုံသည်ကား အဘိဓမ္မာ ဝေါဟာရအရ ဓမ္မာရုံဟူ၍ခေါ်သော သဘာဝဓမ္မတည်းဟူသော မွေ့လျော်ရာ ဆွဲမှီရာ တစ်မျိုးပင် ဖြစ်ပါသည်။

ယင်းမနောဒွါရ၌ စိတ်. စေတသိက် နာမ်တရားတို့ဖြစ်ပေါ်လာစေရန် အကြောင်းပြုသော သဘာဝအာရုံကို ဓမ္မာရုံ (ဓမ္မ + အာရမ္မဏ) ဟု ခေါ်ခြင်းဖြစ်ပါသည်။

ယင်းဓမ္မာရုံသည် (၆)မျိုးရှိပါသည်...

၁။ ပသာဒရုပ် (၅)ပါး
၂။ သုခုမရုပ် (၁၆)ပါး
၃။ စိတ် (၈၉)ပါး
၄။ စေတသိက် (၅၂)ပါး
၅။ နိဗ္ဗာန် (၁)ပါး
၆။ ပညတ်များစွာ

www.dhammaransi.com



ဤခြောက်ပါးကိုကြည့်လျှင် ရုပ်လည်း ပါသည်။ နာမ်လည်းပါသည်။ ပညတ်လည်း ပါသည်။ အဘိဓမ္မာတရားဖြစ်သော ပရမတ္ထတရား (၄)ပါးလုံး ပါဝင်ပါသည်။ ပရမတ်. ပညတ် စုံလင်စွာပါဝင်နေပါသည်။ ထို့ကြောင့် ဓမ္မာရုံသည် အလွန်ကျယ်ပြန့်သော အာရုံဖြစ်နေပါ သည်။

စက္ခုဒွါရ (တံခါးပေါက်)၌ အဆင်း (ရူပါရုံ) ထင်မြင်လာသကဲ့သို့ မနောဒွါရ (စိတ် တံခါးပေါက်)၌ အဆိုပါဓမ္မာရုံများ ထင်လာနိုင်ပါသည်။

စက္ခုဒွါရ၌ ရူပါရုံထင်လာသောအခါ ပဉ္စဒွါရာဝဇ္ဇန်း (ငါးဒွါရဆင်ခြင်မှု) စက္ခုဝိညာဏ် (မျက်စိအသိ) စသော ဝီထိစိတ်အစဉ်များဖြစ် ပေါ်လာသကဲ့သို့၊ မနောဒွါရ၌ ဓမ္မာရုံထင်လာ သောအခါ မနောဒွါရာဝဇ္ဇန်း (စိတ်ဆင်ခြင်မှု) စိတ်များ ဖြစ်ပေါ်လာကြသည်။

မနောဒွါရ၌ဖြစ်သော စိတ်သည် (၃)မျိုးသာရှိပါသည်။ မနောဒွါရ၌ ဓမ္မာရုံထင်လာ သောအခါ...

- ပထမဦးစွာ အာရုံကိုဆင်ခြင်သော မနောဒွါရဝဇ္ဇန်းစိတ်ဖြစ်ပါသည်၊
- နောက်တစ်ဆက်တည်း ဇောစိတ် ဖြစ်ပါသည်၊
- ဇောစိတ်ဖြစ်ပြီးလျှင် ဇောစိတ်အရှိန်အဟုန်နောက်လိုက်ပါသော တဒါရုံစိတ် ဖြစ်သည်၊

ရှေးမနောဒွါရဝဇ္ဇန်းနှင့်နောက်ကတဒါရုံစိတ်တို့မှာအဖြည့်ခံသဘောမျှသာရှိသည်။ အလယ်ဇောစိတ်သည်သာ အဓိကဖြစ်ပါသည်။ ထိုဇောစိတ်သည်လည်း (၃)မျိုးရှိပါသည်...

- အကုသိုလ်ဇောစိတ်
- ကုသိုလ်ဇောစိတ်
- ကြိယာဇောစိတ်

ကြိယာဇောစိတ်သည် ကိလေသာအာသဝေါကင်းပြီးသော ဘုရားရဟန္တာအရှင်မြတ် များ၌သာဖြစ်ကြရ၍ လူသာမန်တို့နှင့် မသက်ဆိုင်ပါ။ ထို့ကြောင့် မျက်မှောက်ခေတ်လူသား များသည် ကုသိုလ်ဇော၊ အကုသိုလ်ဇောတို့ တစ်လှည့်စီသာ ဖြစ်နေရသည်ဟု ဆိုရပါမည်။

ဆိုလိုသည်မှာ မျက်စိစသော ပသာဒတို့ဖြင့် ကြား. နံ့. သိ. ထိတွေ့သည်မဟုတ်၊ စိတ်ကူးသက်သက်ဖြင့် တွေးကြံထင်လာသော ဓမ္မာရုံများ မနောဒွါရ၌ ထင်လာသောအခါ အကုသိုလ်ဇော သို့မဟုတ် ကုသိုလ်ဇောတစ်မျိုးမျိုးဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

သက်ရှိသတ္တဝါများ၏ ဤစိတ်ဝင်ပေါက်နှင့် စိတ်အာရုံ (ဓမ္မာရုံ) ကို သိပ္ပံပညာဖြင့် တိုင်းတာတွက်ဆ၍ မရသေးပါ။ မမြင်သေးပါ။ ဗုဒ္ဓကမူ မြင်သိခဲ့၍ ဟောကြားလမ်းညွှန်ပြခဲ့ပြီး ဖြစ်ပါသည်။

---

www.dhammaransi.com



# သတ္တဝါတို့၏အသိစိတ် (မနောဝိညာဏ်စိတ်) အမျိုးမျိုး

ဗုဒ္ဓ၏အဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဓာတုဝိဘင်းပါဠိတော်၌ စိတ်၏ပရိယာယ် (၁၁)မျိုး ဟောထားပါသည်။ ယင်းတွင် မနောနှင့် ဝိညာဏ်ဟူသော ဝေါဟာရ(၂)မျိုးပါဝင်နေပါသည်။ ယင်းကိုမြန်မာပြန်ကြသောအခါမနော = စိတ်၊ ဝိညာဏ = စိတ်ဟူ၍အတူတူ ဘာသာပြန်ကြ လေ့ရှိကြပါသည်။

သို့သော် သံယုတ်ပါဠိတော်၌ "မနဉ္စပဋိစ္စ ဓမ္မေစဥပ္ပဇ္ဇတိ မနောဝိညာဏံ" ဟူ၍ နှင့် ဝိညာဏကို ခွဲ၍ဟောထားပါသည်။ "မန"ကို အစွဲပြု၍ (ဝါ) အကြောင်းပြု၍ မနော ဉာဏ် စတင်ဖြစ်ပေါ်လာရ၏ဟူ၍ အဓိပ္ပာယ်ရှိပါသည်။

ဝိညာဉ်စိတ်သည် သတ္တဝါ၏ကိုယ်တွင် မူလက မည်သည့်နေရာမှာမှ ရှိနှင့်နေသည် ဟုတ်ပါ။ အကြောင်းတရားကို အစွဲပြုပြီး ဖြစ်ပေါ်လာပါသည်။ သတ္တဝါ၌ ဝိညာဉ်ဖြစ်ပေါ်လာပုံကို ပြရာ၌...

- မျက်စိအကြည်ရုပ်(စက္ခုပသာဒ)နှင့် အဆင်းရုပ်(ရူပါရုံ) တို့ကို အစွဲပြု၍ မြင်သိစိတ်(စက္ခုဝိညာဏ်) ဖြစ်လာသည်။
- နားအကြည်ရုပ် (သောတပသာဒ)နှင့် အသံရုပ်(သဒ္ဒါရုံ) တို့ကို အစွဲပြု၍ ကြားသိစိတ် (သောတဝိညာဏ်)ဖြစ်လာသည်။
- နှာခေါင်းအကြည်ရုပ် (ဃာနပသာဒ)နှင့်အနံ့(ဂန္ဓာရုံ)တို့ကို အစွဲပြု၍ နံသိစိတ် (ဃာနဝိညာဏ်)ဖြစ်လာသည်။
- လျှာအကြည်ရုပ် (ဇိဝှါပသာဒ)နှင့် အရသာရုပ်(ရသာရုံ)တို့ကို အစွဲပြု၍လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်လာသည်။
- ကိုယ်အကြည်ရုပ် (ကာယပသာဒ)နှင့် အတွေ့အထိရုပ် (ဖောဋ္ဌဗ္ဗာရုံ)တို့ကို အစွဲပြု၍ ထိသိစိတ်(ကာယဝိညာဏ်) ဖြစ်လာသည်။

ဤကဲ့သို့ ဝိညာဉ်ငါးမျိုး (ပဉ္စဝိညာဉ်) စတင်ဖြစ်လာပုံကို ဟောကြားခဲ့ပါသည်။

တစ်ဆက်တည်းပင် မနနှင့် ဓမ္မာရုံတို့ကို အစွဲပြု၍ ကြံသိစိတ် (မနောဝိညာဏ်) ဖြစ်လာရသည်ဟု ဟောကြားထားပါသည်။

မနကိုစိတ်၊ မနောဝိညာဏ်ကို စိတ်ဟူ၍ မြန်မာဘာသာပြန်ဆိုမှု စိတ်ကိုစွဲ၍ စိတ်ဖြစ်မှုဟူ၍ဆိုခြင်းသည်ရှုပ်ထွေးသွားဖွယ်ဖြစ်နေပါသည်။ ပါဠိဘာသာအနေအားဖြင့် မနနှင့်မနောဝိညာဏအယူအဆသည် ကွဲပြားပါသည်။

အမှန်စင်စစ် စက္ခု, ရူပ, ဝိညာဏဟူသော (၃)မျိုးသည် တစ်ခုနှင့်တစ်ခုမတူ ကွဲပြားဘိသကဲ့သို့ မန, ဓမ္မ, မနောဝိညာဏဟူသော သုံးမျိုးသည်လည်း မတူ ကွဲပြားခြားနားပါသည်။

www.dhammaransi.com



မနသည် မနောဝိညာဉ်ဖြစ်လာဖို့ အကြောင်းခံဖြစ်ရမည်။ မနောဝိညာဏ်သည် မနကိုအစွဲပြု၍ ဖြစ်လာသော အကျိုးဖြစ်ရပါသည်။

ဥပမာ - မီးခြစ်ကျောက်နှင့် ဓာတ်ဆီကိုအစွဲပြု၍ မီးခြစ်မှ မီးတောက်ဖြစ်လာပုံကဲ့သို့ပင် ဖြစ်ပါသည်။

- မနသည် ကျောက်နှင့်တူပါသည်။
- ဓမ္မာရုံသည် ဓာတ်ဆီနှင့်တူပါသည်။
- မနောဝိညာဏ်သည် မီးတောက်ကလေးနှင့် တူပါသည်။

ထို့ကြောင့် ကျောက်နှင့် မီးတောက်သည် တစ်ခုတည်းမဟုတ်သကဲ့သို့ မနနှင့် မနောဝိညာဏသည်လည်း သဘာဝတစ်ခုတည်းမဟုတ်ကြောင်း သိရပါမည်။

စက္ခုပသာဒရုပ် (မျက်စိအကြည်ရုပ်)ကို အစွဲပြု၍သာ မြင်သိစိတ် (စက္ခုဝိညာဏ်စိတ်)များ ဖြစ်ချည် - ပျက်ချည်မပြတ်ဖြစ်ပေါ်လာရသဖြင့် ယင်းမျက်စိအကြည်ရုပ်သည် စက္ခုဝိညာဏ်စိတ်များ ဝင်ရာထွက်ရာ တံခါးနှင့်တူသဖြင့် တံခါးနှင့်တင်စားပြီး စက္ခုဒွါရဟူ၍ ခေါ်ရသကဲ့သို့ မနဋ္ဌကိုလည်း မနောဒွါရဟူ၍ ခေါ်ရပါမည်။

မနဋ္ဌသည် မနောဒွါရဖြစ်သည်အတွက် ဤ "မန" ကို အစွဲပြု၍ မနောဝိညာဏ်စိတ်မှာ ဖြစ်ချည်ပျက်ချည် ဝင်ထွက်ရာစိတ်ဖြစ်ပါသည်။ စက္ခုပသာဒရှိမှ စက္ခုဝိညာဏ်စိတ်များ ဖြစ်နိုင်ကြသကဲ့သို့ မနောဒွါရရှိမှ မနောဝိညာဏ်စိတ်များ ဖြစ်ခွင့်ရှိသည်။ တစ်နည်းဆိုရသော်...

စက္ခုပသာဒနှင့် ရူပါရုံတို့၏တိုက်ဆိုင်မှုသည် စက္ခုဝိညာဏ်စိတ်ကို ဖြစ်ပေါ်လာစေသကဲ့သို့ မနနှင့်ဓမ္မာရုံတို့တိုက်ဆိုင်မှုသည်မနောဝိညာဏ်စိတ်များကိုဖြစ်ပေါ်လာစေသည်ဟု ဆိုလိုပါသည်။

ထို့ကြောင့် မနနှင့် မနောဝိညာဏတို့သည် မတူ၊ မနကို အကြောင်းပြုမှသာ မနောဝိညာဏစိတ်များဖြစ်ပေါ်လာနိုင်ကြောင်း သိရပါမည်။

ဤမန (ဝါ)မနောဒွါရကို အဘိဓမ္မာ ဆရာအရှင်အနုရုဒ္ဓါက အဘိဓမ္မတ္ထသင်္ဂဟကျမ်း ဒွါရသင်္ဂဟ၌ "မနောဒွါရံပန ဘဝင်္ဂံ ပဝုစ္စတိ" ဟူ၍ ရေးသားထားရာ အဓိပ္ပာယ်မှာ မနောဒွါရဆိုသည်ကား အခြားမဟုတ်။ ဘဝင်ပင်ဖြစ်သည်ဟု ဆိုလိုပါသည်။ သံယုတ်ပါဠိတော်အရအနက်ပေးလျှင် မနဋ္ဌ ဘဝင်ကိုလည်းကောင်း ဟူ၍ အနက်ပေးရပါမည်။

ဘဝင်၏အရကောက်နှင့် အဓိပ္ပာယ်ကို အဘိဓမ္မတ္ထသင်္ဂဟဝီထိ မုတ်ပိုင်း၌ "ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိ သခ်ီတံ မာနသံ" ဟူ၍ ဖော်ပြထားပါသည်။

ဘဝဿ - ဘဝ၏၊ အင်္ဂဘာဝေန - အကြောင်း၏အဖြစ်ကြောင့်၊ ဘဝင်္ဂသန္တတိ သခ်ီတံ - ဘဝင်အစဉ်ဟုဆိုအပ်သော၊ မာနသံ - စိတ်သည်၊ အဘိဓမ္မာဆရာအဆိုအရ ဝီထိ

www.dhammaransi.com



စိတ်ပြတ်သည့်အခါ ဘဝင်ဆက်၍မဖြစ်လျှင် ဘဝပြတ်၍ သေရသည်။ ထိုကြောင့် ဘဝင်ကို ဘဝ၏အကြောင်းဖြစ်သော (ဝါ) ဘဝမပြတ်အောင် ဆက်စပ်ပေးသောစိတ်ဟု ဆိုရပါသည်။ ဘဝင်စိတ်များသည် အကြိမ်ပေါင်းများစွာဆက်၍ မြစ်ရေအလျဉ်စီးသကဲ့သို့ ဖြစ်သည်ဟု အဘိဓမ္မာက ဆိုထားပါသည်။

ထို့ကြောင့် ဘဝင်ဆိုသည်မှာ စေတသိက်မဟုတ်၊ ရုပ်မဟုတ်၊ ပညတ်မဟုတ်၊ နိဗ္ဗာန်မဟုတ်၊ စင်စစ် မနောပင်ဖြစ်သည်။

မနော.မာနသံကိုမြန်မာဘာသာပြန်ဆိုရာ၌စိတ်ဟုဘာသာပြန်လိုက်သဖြင့်တခြားစိတ်များနှင့် ရောထွေးသွားပါသည်။ ပညတ်သွား၍ ဓာတ်သက်ပါသကဲ့သို့ လေ့လာသူများ၏ အသိဉာဏ်တွင် ရောထွေးသွားတတ်သည်။

အမှန်မှာ စက္ခုစကို စက္ခုပသာဒ (မျက်စိအကြည်)ဟု ယူရသကဲ့သို့ မနဥ္စကိုလည်း မနောပသာဒမနောအကြည်(စိတ်အကြည်)ဟုယူလိုက်ပါက "ပဘာဿရမိဒံဘိက္ခဝေစိတ္တံ" ရဟန်းတို့စိတ်သည် ပြိုးပြိုးပြက်အရောင်ရှိသည်ဟူ၍ ဘုရားရှင်အင်္ဂုတ္တိုရ်၌ ဟောထားသည်နှင့် ကိုက်ညီပါသည်။ စိတ်ဟူသည် စေတသိက်နှင့်မရောပါက ပကတိဖြူစင်ပြီး ပြိုးပြိုးပြက်အရောင်ထွက်နေပါသည်ဟု ဆိုပါသည်။ ဤသည်မှာ စိတ်၏ပင်ရင်းသဘောကို ဘုရားရှင်က ဟောကြားခြင်းဖြစ်ပါသည်။

အဋ္ဌကထာဆရာများက ယင်းပဘာဿရကို ဘဝင်စိတ်ဟူ၍ ထောက်ပြထားပါသည်။

ဘဝင်အကြောင်းဖြစ်သောဘဝင်ကို (ဝါ) မနောကို အစွဲပြုပြီး မနောဝိညာဏ်စိတ်များဖြစ်ပေါ်ရသည်ဟု အနက်ပါဠိတော်အဆိုနှင့်လည်း ကိုက်ညီပါသည်။

မနဥ္စအရ - မနအကြောင်းကို ဖော်လိုက်သောအခါ ဘဝင်ဖြစ်ပေါ်လာရပါသည်။ ယင်းဘဝင် (မနောအကြည်)ကို အစွဲပြု၍ မနောဝိညာဏ်စိတ်များ သတ္တဝါတို့၌ ဖြစ်လျက်ရှိသည်ကိုသိရန် လိုအပ်ပါသည်။

သတ္တဝါတို့၌ ဖြစ်ပျက်လျက်ရှိသော စိတ်ဟူသမျှ (စိတ် ၈၉)ကို ဝိညာဏ(အသိ)ဟူသောအမြင်ဖြင့် စီစဉ်ကြည့်ပါက ဝိညာဉ် (၆)မျိုးရှိသည် ကို တွေ့ရပါသည်။

ယင်းမှာ စက္ခုဝိညာဏ်၊ သောတဝိညာဏ် ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်ဟူသော ပဥ္စဝိညာဏ်ခေါ် ဝိညာဏ်ငါးမျိုးနှင့် မနောဝိညာဏ်ဟုခေါ်သော ဝိညာဏ်တစ်မျိုးပေါင်း(၆)မျိုးသာရှိပါသည်။ဤ(၆)မျိုးတွင်မနောဝိညာဏ်သည်အရေးပါအရာရောက်လှပါသည်။

မနောဝိညာဏ်သည် မနဟူသော မနောအကြည် (ဘဝင်)နှင့် ဓမ္မဟူသော ဓမ္မာရုံတို့ကို အစွဲပြု၍ (ဝါ)အကြောင်းပြု၍ ဖြစ်ပေါ်လျက်ရှိသော တရားတစ်မျိုးဖြစ်ပါသည်။

www.dhammaransi.com



အကယ်၍ မနောအကြည်(ဘဝင်)မရှိခဲ့သော်လည်းကောင်း၊ ဓမ္မာရုံတစ်မျိုးမျိုးကို အားမပြုရလျှင်သော်လည်းကောင်း၊ ယင်းမနော ဝိညာဏ်စတင်ဖြစ်ပေါ်လာရန် အကြောင်းမရှိပါ။

သို့သော် ဘဝင်ဟူသည် မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း၊ ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မပြတ်ဖြစ်လျက်သာ နေ၏ဟူသော အဘိဓမ္မာ၌ ဖော်ပြထားသည့်အတိုင်းပင် ပုဂ္ဂိုလ်သတ္တဝါတို့၏သန္တာန်၌ ဘဝင်သည် မပြတ်ဖြစ်လျက်သာရှိနေကြောင်း သိအပ်လှပါသည်။ ဤကဲ့သို့ ဘဝင်မပြတ်ဖြစ်နေသောကြောင့်သာ ယင်းဘဝင်ကို အစွဲပြု၍ မနောဝိညာဏ်မှာလည်း မပြတ်မပြတ် ဖြစ်လျက်ရှိနိုင်ခြင်းဖြစ်ပါသည်။ ဓမ္မာရုံနှင့် တွေ့သောအခါ ဘဝင်မှ မနောဝိညာဏ်စိတ်များသည် ထ၍ထ၍ လာရပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာက စိတ်အမျိုးအစားပေါင်း အကျဉ်း(၈၉) အကျယ်(၁၂၁)ပါး ဟောထားခဲ့ပါသည်။ ယင်းစိတ်တို့မှာ ပုထုဇဉ်၊ အရိယာ၊ လူ - နတ်ပြဟ္မာတို့နှင့် တိရစ္ဆာန်များပါမကျန် သက်ရှိသတ္တဝါအားလုံး ဖြစ်နိုင်သမျှ စိတ်အားလုံးကို တစ်ခုမကျန်ရလေအောင် စုရုံးဖော်ပြထားခြင်းမျှသာ ဖြစ်ပါသည်။

အမှန်စင်စစ်မှာမူ မည်သည့်သတ္တဝါ တစ်ဦးတစ်ယောက်မှာမှ ထိုစိတ် (၈၉)ပါးလုံး မရှိပါ။

ပုထုဇဉ်လူသားတစ်ဦးအတွက် ကြည့်မည်ဆိုပါက လောကုတ္တရာ စိတ်(၈)ပါးသည် ပုထုဇဉ် ယနေ့လူသားတို့၌ မရှိနိုင်သဖြင့် ယင်း(၈)ပါးကို နုတ်ပါက လောကီစိတ်(၈၁)ပါးသာ ရှိပါသည်။

တစ်ဖန် ထို (၈၁)ပါးတွင် ကြိယာစိတ် (၁၈)ပါးသည် ကိလေသာ အာသဝေါ လုံးဝကင်းစင်တော်မူပြီးသော ဘုရား - ရဟန္တာများ၌သာဖြစ်သောစိတ်ဖြစ်၍ ပုထုဇဉ်ရိုးရိုးလူသားတို့မှာ မဖြစ်နိုင်သောကြောင့် ၈၁ - ၁၈ နုတ်ပါက (၆၃)သာ ကျန်ပါမည်။

တစ်ဖန် မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါးသည် ပြဟ္မာဘုံပဋိသန္ဓေစိတ်သာဖြစ်၍ (၆၃ - ၉ = ၅၄) သာ ကျန်ရှိပါမည်။

တစ်ဖန် မဟဂ္ဂုပ်ကုသိုလ်စိတ် (၉)ပါးသည် ဈာန်ရပုဂ္ဂိုလ်များ၌သာ ဖြစ်နိုင်သဖြင့် (၅၄ - ၉ = ၄၅) သာ ကျန်ရှိပါမည်။

ယင်းကျန်(၄၅)မျိုးကား လောဘစိတ် ၈ - ပါး၊ ဒေါသစိတ် ၂ - ပါး၊ မောဟစိတ် ၂ - ပါး၊ အဟိတ် စိတ် ၁၇ - ပါး၊ ကာမာဝစရကုသိုလ်စိတ် ၈ - ပါး၊ ကာမာဝစရဝိပါက်စိတ် ၈ - ပါးအားဖြင့် (၄၅)ပါးဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေ သန်းပေါင်းများစွာသော ပုထုဇဉ်ပုဂ္ဂိုလ်တို့တွင် ထိုစိတ်(၄၅)မျိုးသာ အများဆုံး ရှိနေကြရပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



စိတ်ကို သရုပ်ခွဲကြည့်လိုက်ပါက လူနှင့်ပတ်သက်၍ လူ(၃)မျိုးကို တွေ့ရပါမည်။

၁။ အထူးခြားဆုံးလူ - မဂ်စိတ်. ဖိုလ်စိတ်ဖြစ်ခွင့်ရသောဘုရား ရဟန္တာပုဂ္ဂိုလ်၊

၂။ ထူးခြားသောလူ - မဟဂ္ဂုတ်စိတ်(၉)မျိုးရထားပြီး ဈာန်. အဘိညာဉ်ရထားသော ပုဂ္ဂိုလ်၊

၃။ သာမန်လူ - သာမန်အလုပ်သမားမှအစ ဘုရင်. သမ္မတ. ဝန်ကြီးချုပ်အထိလူသားများ၊ မူလတန်းမှ ဒေါက်တာဘွဲ့ရအထိ လူသားများ၊ဝါဒအမျိုးမျိုးကိုလက်ခံကျင့်သုံးနေသူများ၊ ထိုသူများသည် စိတ်(၄၅)မျိုးနှင့်သာ ဘဝရပ်တည် နေကြ၍ပုထုဇဉ်လူ(ဝါ)သာမန်လူဟူ၍ ခေါ်ဆိုပါသည်။

စိတ်(၄၅)ပါးတွင် လောဘစိတ်. ဒေါသ စိတ်. မောဟစိတ်နှင့် ကာမကုသိုလ်စိတ် ဤမနောဝိညာဏ်စိတ် (၄)မျိုးသည်သာ အဓိကပဓာန ဖြစ်ပါသည်။

အဟိတ်စိတ်နှင့် မဟာဝိပါက်စိတ်တို့မှာ လက်ရှိဘဝအတွက် အဖြည့်ခံစိတ်မျိုးသာ ဖြစ်ပါသည်။ အဓိကပဓာနစိတ်မျိုးမဟုတ်ပါ။

လူသားသည် မိမိ၏သဘာဝကို လေ့လာကြည့်လျှင် မိမိ၏ပတ်ဝန်းကျင် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ စဉ်းစားသိမြင်မှုဟူသော ထိတွေ့ရသော အာရုံများအလိုက် စိတ်ကလေးများ ဖြစ်လိုက်ပျက်လိုက်၊ ပေါ်လိုက်ပျောက်လိုက် မပြတ်ဖြစ်နေရပါသည်။ ထိုသို့ဖြစ်ပေါ်မှုကြောင့် စိတ်ကြည်လင်တည်ငြိမ်တတ်၏။ စိတ်နောက်ကြည်တတ်၏။ လိုချင်တတ်၏။ စိတ်ဆိုးတတ်၏။ အမှတ်တမဲ့ဖြစ်တတ်၏။ ပေးကမ်းချင်တတ်၏။ သနားကြင်နာတတ်၏။ ကြိုးစားတတ်ကြ၏။

ဤသို့သောသဘာဝကို အဘိဓမ္မာ သဘောအမည်တပ်လိုက်ပါက...

- လိုချင်မှုသည် - လောဘစိတ်
- စိတ်ဆိုးမှုသည် - ဒေါသစိတ်
- အမှတ်တမဲ့ဖြစ်ခြင်းသည် - မောဟစိတ်
- ပေးကမ်းလိုခြင်းသည် - သဒ္ဓါစိတ် – ကာမကုသိုလ်စိတ်
- သနားကြင်နာခြင်းသည် - ကရုဏာစိတ် – ကာမကုသိုလ်စိတ်
- ကြိုးစားအားထုတ်ခြင်းသည် - ဝီရိယစိတ်

ဟူ၍ ခွဲခြား၍ရပါသည်။

သာမန်လူ၌ မပြတ်ဖြစ်နေရသော စိတ် ၄၅ မျိုးအနက် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များသည် အရေးပါလှသည်။ ဤစိတ်(၄)မျိုးကြောင့်ပင် ယနေ့လူသားများမှာ

www.dhammaransi.com



အထူးခြားဆုံးလူ ထူးခြားလူ မဖြစ်နိုင်ကြခြင်းဖြစ်ပါသည်။ ဤစိတ်(၃)ပါးက ထိုသို့သောလူ မဖြစ်ရလေအောင် ပိတ်ဆို့ထားတတ်ပါသည်။

မှန်ကန်သော သမထကျင့်စဉ်ကို ကျင့်ကြံအားထုတ်နိုင်လျှင် ထိုသမထစွမ်းအားဖြင့် လောဘ၊ ဒေါသ၊ မောဟတို့ကို ပယ်ခွာနိုင်သည်။ တားဆီးပိတ်ဆို့နိုင်သည်။ ယင်းကို အဘိဓမ္မာက နီဝရဏဟု ခေါ်ဆိုပါသည်။

ထိုလောဘ၊ ဒေါသ၊ မောဟကို တားဆီးနိုင်သော် အကုသိုလ် (၁၂)ပါးပြုတ်ပြီး ယင်းအစား မဟဂ္ဂုတ်ကုသိုလ်(၉)ပါး ဝင်လာသဖြင့် အဟိတ်စိတ် ၁၇-ပါး၊ ကာမကုသိုလ် ၈-ပါး၊ ကာမဝိပါက်စိတ် ၈-ပါး စုစုပေါင်း (၄၂)ပါးဖြစ်ပါမည်။ ဈာန်အဘိညာဉ်စိတ်ဖြစ်လာသည့်အတွက် သာမန်လူမှ ထူးခြားသောလူ ဖြစ်လာသည်။

ယင်းဈာန်အဘိညာဉ်စိတ်မျိုးသည်လည်း မနောဝိညာဏ်စိတ်မျိုးပင် ဖြစ်ပါသည်။

ထိုလောဘ၊ ဒေါသ၊ မောဟအခြေခံ (၃)မျိုးကို အမြစ်ပြုတ် ဖျက်ဆီးချေမှုန်းပစ်နိုင်ပါက မဂ်စိတ်. ဖိုလ်စိတ်(၈)မျိုး ဖြစ်လာနိုင်ပါသည်။ တစ်နည်းဆိုရသော် မှန်ကန်သော ဝိပဿနာကျင့်စဉ်ကို လုံလောက်အောင် ကျင့်ကြံအားထုတ်လိုက်လျှင် ဝိပဿနာစွမ်းအားကြောင့် မဂ်စိတ်၊ ဖိုလ်စိတ်များဖြစ်ပေါ်လာရသည်။

ထိုလောဘ စသည်ကို အဘိဓမ္မာက ကိလေသာဟု အမည်ပေးထားပါသည်။ ကိလေသာဆိုသည်မှာ လူကို ပူလောင်စေတတ်၊ နှိပ်စက် တတ်သော တရားဟု ဆိုပါသည်။

ထိုကိလေသာတို့ကို ပယ်သတ်သော မဂ်စိတ်၊ ဖိုလ်စိတ်ဟူသည်မှာလည်း မနောဝိညာဏ်စိတ်ပင် ဖြစ်ပါသည်။

ထိုကိလေသာကို ပယ်သတ်နိုင်သောသူသည် ရဟန္တာဖြစ်၍ အထူးခြားဆုံးလူဟူ၍ သတ်မှတ်ပါသည်။ ထိုအထူးခြားဆုံးသောသူ၌ အဟိတ်စိတ် (၁၈)ပါး၊ (ဟသိတုပ္ပါဒ်စိတ်ပါ) ကာမကြိယာစိတ်(၈)ပါး၊ ကာမဝိပါက်စိတ်(၈)ပါး၊ မဂ်.ဖိုလ်လောကုတ္တရာစိတ်(၈)ပါးအားဖြင့် စိတ်(၄၂) မျိုး ဖြစ်ရလေသည်။

သို့သော် ရဟန္တာအဆင့်သို့ရောက်သွားသောအခါ အရဟတ္တဖိုလ် စိတ်တစ်မျိုးသာ ဆက်လက်ဖြစ်တော့သဖြင့် လောကုတ္တရာစိတ် (၈)ပါးအားဖြင့် (၇)ပါးကို (၄၂)ပါးထဲက နုတ်လိုက်လျှင် စိတ် ၃၅-ပါးသာ ကျန်ပါသည်။

စိတ် (၈၉)မျိုးထဲမှ အကုသိုလ်စိတ် (၁၂) မျိုးနှင့် မဟဂ္ဂုတ်ကုသိုလ်စိတ် (၉)မျိုး၊ လောကုတ္တရာစိတ် (၈)မျိုးတို့သည် လူကို အမျိုးအစားကွဲပြားသွားစေသည့်ပြင် အကုသိုလ်နှင့် မဟဂ္ဂုတ်. လေကုတ္တရာတို့သည် ပဋိပက္ခအသွင် ရှိနေပါသည်၊

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အကုသိုလ်စိတ်များဖြစ်နေသော သာမန်လူသား၌ မဟဂ္ဂုတ်. လောကုတ္တရာစိတ်များ လုံးဝမဖြစ်နိုင်ပါချေ။ အလားတူ မဟဂ္ဂုတ်. လောကုတ္တရာစိတ်မျိုး ဖြစ်နေသောသူ၌လည်း အကုသိုလ်စိတ်များ လုံးဝ ဖြစ်ခွင့်မရှိပါချေ။

မိမိသည် လောဘ၊ ဒေါသ၊ မောဟဖြစ်နေ၍သာ မဟဂ္ဂုတ်စိတ်၊ လောကုတ္တရာစိတ်များမဖြစ်သလို အထူးခြားဆုံးလူ ထူးခြားမှုမဖြစ်ဘဲ သာမန်လူဖြစ်နေရသည်။ လူ့ဘဝရလာမှု အရမတော်မှု ဖြစ်နေရသည်ကို အသိ. သတိ ရှိရပါမည်။

ဤကဲ့သို့သော လူသားများစွာ၌ စိတ်များဖြစ်ပေါ်နေမှု လူသားများ အဆင့်ကွဲပြားမှုတို့ကို ယနေ့သိပ္ပံက မဖော်ထုတ်နိုင်သေးပါ။ ဗုဒ္ဓက လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်ကပင် မြင်ခဲ့ - သိခဲ့၍ လူသားများအတွက် ဖော်ထုတ်ပြသခဲ့ပါသည်။

## ရုပ်တို့၏ သဘာဝဖြစ်ပေါ်မှုအစဉ်များ

လူ့ဘုံ၌ရှိသော ပရမတ္ထရုပ်တစ်ခုအရွယ်သည် ပရမာအဏုမြူတစ်ခု၏ အစိတ်တစ်သိန်းပုံက တစ်ပုံမျှသာရှိပါသည်။ ဒြပ်၏ အခြေခံအမှုန်တစ်ခုဖြစ်သော ပရိုတွန်အရွယ် အောက် ပိုငယ်ပါသည်။

ရုပ်ဓာတ်တို့၏သဘာဝသည် မည်သည့်ရုပ်မျှ တစ်ခုတည်းမနေ။ အပေါင်းအစည်း အဖြစ်သာနေသည်။ ရုပ်များ ပေါင်းစပ်ဖွဲ့စည်းဖြစ်မှုကို ရုပ်ကလာပ်အပေါင်းအစည်း(ရူပကလာပ) ဟု အဘိဓမ္မာက ဆိုထားပါသည်။

လူ့ဘုံ၌ရှိသောရုပ်ကလာပ်တစ်ခု၏အရွယ်သည်ပရမာအဏုမြူတစ်ခု၏အစိတ်ရုပ်ကလာပ်စည်းတို့မည်သည် အတူတကွဖြစ်သည်။ အတူတကွ ချုပ်ပျက်သည်။ တူသော မှီရာရှိသည်။ ခွဲခြား၍မရအောင် ပေါင်းရောနေသည်။

ရုပ်ဓာတ်တို့သည် ထိုသို့ပေါင်းစည်း၍ နေရာ၌...

| | | | |
|---|---|---|---|
| (၁) | ပထဝီ | = | ခက်မာခြင်း၊ နူးညံ့ခြင်းဓာတ် |
| (၂) | အာပေါ | = | အစေးချောင်း၊ အလုံး အစိုင်အခဲဖြစ်အောင် ဖွဲ့စည်းထားသောဓာတ် |
| (၃) | ဝါယော | = | တွန်းကန် လှုပ်ရှားသောဓာတ် |
| (၄) | တေဇော | = | ပူခြင်း၊ အေးခြင်းဓာတ် |
| (၅) | ဝဏ္ဏ | = | အဆင်းဓာတ် |
| (၆) | ဂန္ဓ | = | အနံ့အသက်ဓာတ် |

www.dhammaransi.com



(၇) ရသ = အရသာတစ်မျိုးရှိသောဓာတ်

(၈) ဩဇာ = အဆီအစေးဓာတ်

ဤ(၈)ပါးသော ရုပ်အစုများသည် ခွဲခွာ၍မရ၊ စုစည်း၍နေကြသည်။ ယင်းတို့ကို အဘိဓမ္မာဝေါဟာရအရ အဝိနိဗ္ဘောဂရုပ်၊ သန့်ရှင်းသော ရုပ်(သုဒ္ဓဋ္ဌကကလာပ်ရုပ်) ဟူ၍ ခေါ်ပါသည်။

ဥပမာ - ရေကို အခြားမည်သည့်အရောင်အသွေးမှ မရောမဆိုးသကဲ့သို့ အခြားဘာမျှ မရောမပါသေးသည့်ရုပ်ကို သုဒ္ဓဋ္ဌကဟု ခေါ်ဆိုခြင်းဖြစ်သည်။

ရုပ်ကိုဖြစ်စေသော ကလာပ် ကလာပ်စည်းပေါင်း (၂၀)ရှိသည်ဟု အဘိဓမ္မာ၌ ဆိုထားပါသည်။

- ကံကြောင့်ဖြစ်သောရုပ်တို့၏အပေါင်းအစည်း (ကမ္မဇကလာပ်) (၉)စည်း
- စိတ်ကြောင့်ဖြစ်သော ရုပ်တို့၏ အပေါင်းအစည်း (စိတ္တဇကလာပ်) (၆)စည်း
- ဥတုကြောင့်ဖြစ်သောရုပ်တို့၏အပေါင်းအစည်း (ဥတုဇကလာပ်) (၄)စည်း
- အာဟာရကြောင့်ဖြစ်သောရုပ်တို့၏အပေါင်းအစည်း (အာဟာရဇကလာပ်) (၂) စည်း

ကံကြောင့်ဖြစ်လာရသော ရုပ်(၉)မျိုးမှာ...

၁။ မျက်စိအကြည်ရုပ် (စက္ခုပသာဒ)
၂။ နားအကြည်ရုပ် (သောတပသာဒ)
၃။ နှာခေါင်းအကြည်ရုပ် (ဃာနပသာဒ)
၄။ လျှာအကြည့်ရုပ် (ဇိဝှါပသာဒ)
၅။ ကိုယ်အကြည်ရုပ် (ကာယပသာဒ)
၆။ မိန်းမဘာဝရုပ် (ဣတ္ထိပသာဒ)
၇။ ယောကျ်ားဘာဝရုပ် (ပုမ္ဘာပသာဒ)
၈။ နှလုံးသွေးအကြည်ရုပ် (ဟဒယဝတ္ထု)
၉။ အသက် (ဇီဝိတရုပ်) (ဇီဝိတ)

ယင်းရုပ် (၉) ခုတွင် ရုပ်တစ်ခုစီတစ်ခုစီ၌ အဝိနိဗ္ဘောဂ (မခွဲမခွာ) အမြဲစုနေသော ရုပ် - ၈ခု၊ ဇီဝိတရုပ် ၁ - ခုနှင့် မျက်စိပသာဒတွင် စက္ခုရုပ်အားဖြင့် ရုပ်အစုအပေါင်း(၁၀)ခု ပါဝင်နေကြသည်။

အလားတူ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ဟဒယဝတ္ထုရုပ်တို့၌လည်း (၁၀)ခုစီ ပါဝင်သည်။

www.dhammaransi.com



ထိုကမ္မဇရုပ်များသည် အမိဝမ်း၌ ပဋိသန္ဓေ၏ဖြစ်စ(ဥပါဒ်)အချိန်မှစ၍ ဖြစ်ကြပါသည်။

စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်စည်း (၆)မျိုးမှာ...

၁။ စင်ကြယ်သောရုပ်(သုဒ္ဓဋ္ဌကလာပ်စည်း) = အဝိနိဗ္ဘောဂရုပ်(၈)ပါး

၂။ ကိုယ်အမူအရာရုပ်(အဝိနိဗ္ဘောဂ(၈)ပါးနှင့်ကိုယ်အမူအရာ (ကာယဝိညတ်)ရုပ် - ဟူသော ရုပ်ကလာပ်စည်း(၉)ပါး

၃။ နှုတ်အမူအရာရုပ်(အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ နှုတ်အမူအရာ ဝစီဝိညတ်ရုပ်၊ အသံ(သဒ္ဒ)ရုပ် ဟူသော ရုပ်အစု(၁၀)ပါး

၄။ ပေါ့ပါးခြင်း(လဟုတာ)၊ နူးညံ့ခြင်း(မုဒုတာ)၊ ခန့်တည်ခြင်း(ကမ္မညတာ)ရုပ်၊ ယင်း၌ အဝိနိဗ္ဘောဂရုပ်(၈) ပါး၊ လဟုတာမုဒုတာ၊ ကမ္မညတာရုပ်(၃)ပါးအား ဖြင့် ရုပ်အစု(၁၁)ပါး ပါဝင်ပါသည်။

၅။ ကိုယ်အမူအရာ(ကာယဝိညတ်)၊ ပေါ့ပါးခြင်းရုပ် နူးညံ့ခြင်းရုပ်၊ခန့်တည်ခြင်း ရုပ်၊ အဝိနိဗ္ဘောဂရုပ်(၈)ပါးဟူသော ရုပ်ကလာပ်စည်း(၁၂)ပါး ပါဝင်သော ရုပ်များ။

၆။ နှုတ်အမူအရာ (ဝစီဝိညတ်)၊ ပေါ့ပါးခြင်း၊ နူးညံ့ခြင်း၊ ခန့်တည်ခြင်းရုပ်၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ အသံရုပ်(သဒ္ဒ)ဟူသော ရုပ်ကလာပ်စည်း (၁၃)ပါး ပါဝင်သောရုပ်များ။

ဤစိတ္တဇရုပ်များသည် ပဋိသန္ဓေ၏ နောက်ပထမဘဝင်၏ ဥပါဒ်မှစ၍ စိတ်တို့၏ ဖြစ်တိုင်းဖြစ်တိုင်း(ဥပါဒ်တိုင်း) ဖြစ်ကြသည်။

စိတ်သည် ဖြစ်စ(ဥပါဒ်)မှာ အားရှိသည်။ ရုပ်သည် တည်(ဋ္ဌီ)စဉ်မှာ အားရှိပါသည်။

အားရှိသောအချိန်မှာ ရုပ်များ ပေါက်ဖွားကြသည်။ ပဋိသန္ဓေတည်စ၌ ဖြစ်ချိန် (ဥပါဒ်ချိန်)တွင် အားမရှိသေးသောကြောင့် စိတ္တဇရုပ်များ မဖြစ်သေးပါ၊ ပဋိသန္ဓေ၏ နောက်ဘဝင်များ၌ စဖြစ်ချိန်တွင်ကား အားရှိလာသောကြောင့် စိတ္တဇရုပ်များ ဖြစ်လာကြပါသည်။

စိတ်တစ်ခုပေါ်လျှင် စိတ္တဇကလာပ်ပါလာပါသည်။ ထိုစိတ္တဇကလာပ်ထဲ၌ တေဇောဓာတ် ပါလာပါသည်။ ထိုတေဇောဓာတ်က ဥတုဇရုပ်(၇)ခု၊ (၈)ခုတို့ ဖြန့်သွားပါသည်။ ထိုမှ တစ်ဖန်ထပ်၍(၇)ခု(၈)ခုဖြာထွက်သွားပြန်ပါသည်။နောက်တိုးမှန်သမျှဥတုကြောင့်ဖြစ်ကြရသော ဥတုဇရုပ်များဖြစ်ကြပါသည်။ ထို့ကြောင့် ဥတုဇရုပ်သည် ကမ္မဇရုပ်၊ စိတ္တဇရုပ်တို့၏ သားသမီးဖြစ်သည်ဟု ဆိုပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်စည်း (၄)မျိုးမှာ ...

၁။ အဝိနိဗ္ဘောဂရုပ်(၈)ခုဟူသော သုဒ္ဓဋ္ဌကကလာပ်ရုပ်စုမျိုး

၂။ အဝိနိဗ္ဘောဂရုပ်(၈)ခုနှင့် အသံရုပ်(သဒ္ဒ)ဟူသော ရုပ်စုမျိုး

၃။ အဝိနိဗ္ဘောဂရုပ်(၈)နည်းနှင့် ပေါ့ပါးသောရုပ်၊ နူးညံ့သောရုပ်၊ ခန့်တည်သော ရုပ်ဟူသော ရုပ်စု(၁၁)မျိုး

၄။ အဝိနိဗ္ဘောဂရုပ်(၈)မျိုး၊ ပေါ့ပါးရုပ်၊ နူးညံ့ရုပ်၊ ခန့်တည်ရုပ်၊ အသံရုပ်(သဒ္ဒ) ဟူသော ရုပ်အစု(၁၂)မျိုး

ဤရုပ်များသည်အမိဝမ်းတည်သော သတ္တဝါ၏တည်ချိန်(ဌီခဏ) အချိန်မှစ၍ဖြစ်ပါသည်။ မဟာဘုတ်(၄)ပါးတွင် တေဇောဓာတ်ပါဝင်ပါသည်။ တေဇောသည် တန်ခိုးစွမ်းရည်ထက်မြက်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ သူသည် ရုပ်ကလာပ်တစ်ခု ထပ်မံ၍ ပေါက်ဖွားပေးနိုင်လောက်အောင် စွမ်းရည်ထက်ပါသည်။

ထိုတေဇောဓာတ်သည် ပဋိသန္ဓေဖြစ်သော ကာယဒသက ကလာပ်စည်းရုပ်ထဲ၌ ပါဝင်နေပါသည်။တေဇောဓာတ်သည်ပဋိသန္ဓေစ၍ဖြစ်နိုင်(ဥပါဒ်ချိန်)၌သူ၏အစွမ်းကိုမထုတ်သေးပါ။ တည်ပြီး (ဌီ)အချိန်တွင်ကား တေဇောအားသည် ကြီးလာသည်။ ထက်လာသည်။

ထို့ကြောင့် တေဇောမှ ဥတုဇကလာပ်များ ဖြစ်လာကြသည်။ ဥတုက မွေးဖွားဖြစ်ပေါ်စေခြင်း ဖြစ်သည်။

ဥတုဇရုပ်ကို ကမ္မဇရုပ်ထဲကပါလာသော တေဇောက မွေးဖွားပေးခဲ့သည်။ ကမ္မဇရုပ်ထဲမှာပါသော တေဇောသည် ဖြစ်ပြီးနောက် မပျက်ခင် ကြားကာလ (ဌီကာလ)တွင် ဥတုဇရုပ်ကလာပ်များကို (၇)ကြိမ်(၈)ကြိမ် ပေါက်ဖွားပေးခဲ့သည်။

ကံ၏အရှိန်အားကိုလိုက်၍ ဖြစ်သည်။ ကံအနည်း-အများ ကန့်သတ်ချက်မရှိပေ။ ကံအရှိန်အင်အားမရှိပါက အလျဉ်းမပေါက်ဖွားသည်လည်း ရှိပါသည်။

ကံ - - - - - - - ကမ္မဇ(တေဇော) - - - - - - - - - ဥတုဇရုပ်

ပဋိသန္ဓေနောင်ဘဝင် စိတ်၏ဥပါဒ်တွင် စိတ်ကြောင့်ဖြစ်သော ရုပ်များဖြစ်ပေါ်သည်။ စိတ္တဇရုပ်တွင် တေဇောပါ၍ တေဇောခေါ် ဥတုဇရုပ်များကို ပေါက်ဖွားပေးပါသည်။

ထို့ကြောင့် ...

စိတ် - - - - - စိတ္တဇ(တေဇော) - - ဥတုဇရုပ် ဥပမာပြရသော် ...

အမေကြီး(အဖွား) - - - - - အမေ - - - - သား

ကံ - - - - - - - - - - - - - ကမ္မဇ(တေဇော) - - - - - ဥတုဇရုပ်

စိတ် - - - - - - - - - - - - - - စိတ္တဇ(တေဇော) - - - ဥတုဇရုပ်

www.dhammaransi.com



သတ္တဝါတိုင်းအိုမင်းကြသည့်အကြောင်းမှာနေအပူရှိန်ကြောင့်ဥတုမမျှသဖြင့်အိုမင်းကြရသည်။ တာဝတိံသာအောက်ရှိ စတုမဟာရာဇ်ဘုံ၌ဖြစ်ကြသော ဘုမ္မစိုး၊ ရုက္ခစိုး စသောနတ်များသည်နေအပူရှိန်ရှိ၍အိုကြသည်။တာဝတိံသာနှင့်အထက်ရှိနတ်များမှာနေမရှိသဖြင့်ဥတုမျှတသောကြောင့် ပုံစံအားဖြင့် အိုခြင်းမရှိပေ။

အာဟာရကြောင့် ဖြစ်သောရုပ်ကလာပ် စုံ(၂) မျိုးမှာ…

၁။ စင်ကြယ်သော သုဒ္ဓဋ္ဌက ကလာပ်ဟူသော အဝိနိဗ္ဘောဂရုပ်(၈)မျိုး

၂။ အဝိနိဗ္ဘောဂရုပ်(၈)မျိုးနှင့် ပေါ့ပါးခြင်း၊ နူးညံ့ခြင်း၊ ခန့်တည်ခြင်း (လဟုတာရုပ်)(၃)မျိုးအားဖြင့် (၁၁)မျိုး

သတ္တဝါတစ်ဦး ပဋိသန္ဓေယူပြီးနောက် စိတ်တစ်ခုခုမှ စိတ္တဇရုပ်ဖြစ်ပေါ်ရာတွင် ထိုစိတ္တဇရုပ်ထဲမှ အဝိနိဗ္ဘောဂရုပ်(၈)ခု၌ တေဇောနှင့် ဩဇာ ပါဝင်ပါသည်။

တေဇောမှာ ဥတုဖြစ်ပါသည်။ ဥတုမှ ဥတုဇရုပ်များ ဖြစ်ပေါ် ပေါက်ဖွားလာပါသည်။

ဩဇာမှာ အာဟာရဖြစ်ပါသည်။ အာဟာရမှ အာဟာရဇရုပ်များ ပေါက်ဖွားလာပါသည်။ ဥတုဇရုပ်ထဲတွင်လည်းကောင်း၊ အာဟာရဇရုပ်ထဲတွင်လည်းကောင်း၊ တေဇောနှင့်ဩဇာ ပါဝင်ပါသည်။ ထိုတေဇောနှင့် ဩဇာသည် ဥတုနှင့် အာဟာရဖြစ်ပါသည်။ ထိုဥတုနှင့်အာဟာရတို့မှ တစ်ဖန် ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ ပေါက်ဖွားလာပါသည်။

ရုပ်ကလာပ်တစ်ခုဖြစ်ပေါ်တိုင်းအဝိနိဗ္ဘောဂရုပ်(၈)ခုပါဝင်သည်။တေဇောနှင့်ဩဇာသည် အမဖြစ်သည်။ ကျန်ရုပ်တို့ကား အဖို ဖြစ်သည်။

- စိတ်က ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် ဥပါဒ် (စဖြစ်ချိန်) မှ ပေါက်ပါသည်။
- ကံက ရုပ်ကလာပ်ကိုပေါက်ဖွားလျှင် အချိန်ပြည့် ခဏတိုင်းခဏတိုင်း ပေါက်ဖွားပါသည်။
- ဥတုနှင့်အာဟာရဇရုပ်များက ရုပ်ကလာပ်များကိုပေါက်ဖွားလျှင် တည်ချိန် (ဌီခဏ)မှာ ပေါက်ဖွားပါသည်။

ရုပ်ကလာပ်မှုန့်ရှိတိုင်း ဩဇာရှိပါသည်။ ဩဇာဟူသည် အဆီ၊ အစေးဖြစ်ပါသည်။ ထိုဩဇာသည် မည်သည့်နေရာတွင် မဆိုရှိနိုင်ပါသည်။

လူ၏ ခန္ဓာကိုယ်ထဲတွင်လည်း ဩဇာရှိပါသည်။ ယင်းမှာ သက်ရှိဩဇာ(အဇ္ဈတ္တဩဇာနှင့် သက်မဲ့တွင်ရှိသောဩဇာ (ဗဟိဒ္ဓဩဇာ)တို့ ဖြစ်ပါ သည်။

သက်ရှိဩဇာ(အဇ္ဈတ္တဩဇာ)ကသာ ရုပ်ကလာပ်များကို ပေါက်ဖွားပေးနိုင်ပါသည်။ ဗဟိဒ္ဓဩဇာကရုပ်ကလာပ်ကို မပေါက်ဖွားပေးနိုင်ပါ။ သို့သော် အဇ္ဈတ္တရုပ်ကလာပ်ပေါက်ဖွားမှုကို ဗဟိဒ္ဓဩဇာက အကူအညီပေးရပါသည်။

www.dhammaransi.com



သက်ရှိသတ္တဝါများမှာ အာဟာရအလို့ငှာ အစာကို စားရသည်။ ထိုအစာဟူသမျှသည် ဇဟိဒ္ဓသြဇာဖြစ်ပါသည်။ ဇဟိဒ္ဓသြဇာအကူအညီမရပါက အဇ္ဈတ္တရုပ်ကလာပ်များကို မပေါက်ဖွားနိုင်တော့ပါ။ ထိုအခါ သတ္တဝါသည် အားအင်ကုန်ခမ်း ချည့်နဲ့လာရပါသည်။

ဥပမာ - မျိုးစေ့သည် အပင်ပေါက်စေနိုင်သော သတ္တိရှိပြီး ရေမရပါက အပင်မပေါက်နိုင်ပါ။ ဤတွင် မျိုးစေ့သည် အဇ္ဈတ္တသြဇာနှင့်တူ၍ ရေသည် ဇဟိဒ္ဓသြဇာနှင့် တူပါသည်။

ရေမရပါက မျိုးစေ့အပင် မပေါက်နိုင်သလို ဇဟိဒ္ဓသြဇာမရပါက အဇ္ဈတ္တသြဇာသည် ရုပ်ကလာပ်များကို မပေါက်ဖွားစေနိုင်ပါ။

ဇဟိဒ္ဓသြဇာအရင်းခံသည် ဥတုဖြစ်သည်။ အဇ္ဈတ္တသြဇာ၏ အရင်းခံကား ကံ၊ စိတ်၊ ဥတု၊ အာဟာရဖြစ်ပါသည်။

လူစသော သတ္တဝါများသည် ကံစီမံချက်ကြောင့် ဖြစ်ပေါ်လာရသည်။ မိမိကိုယ်တိုင်က အလုပ်ကောင်း၊ ကုသိုလ်ကောင်းမှုပြုခဲ့လျှင် ရုပ်ကိုယ်ခန္ဓာအချိုးအစား ရုပ်ရည်သည် လှပပါမည်။အလုပ်ဆိုးမကောင်းမှုမျိုးများပြုလုပ်ခဲ့မိပါကရုပ်ကိုယ်ခန္ဓာအချိုးအစားမလှမပ။အရုပ်ဆိုးပါမည်။

ထိုကံကြောင့် ဖြစ်လာသော ရုပ်ဆိုး ရုပ်ကောင်းကို ကံထဲတွင်ပါသော ဓာတေဇောက ပြုလုပ်ဆောင်ရွက်ပေါက်ဖွားပေးပါသည်။ကံကမူရင်းဖြစ်သည့်အတွက်အလုပ်ချင်းကွာသည်နှင့်အမျှ လူပုံစံ စိတ်နေစိတ်ထားတို့သည် မတူညီကြပါချေ။

ဤရုပ်သဘာဝများ၏ ဖြစ်ပေါ်မှုတိုးတက်မှု၊ လှပမှုစသည်တို့ကို ယနေ့သိပ္ပံပညာက မဖော်ထုတ်နိုင်သေးပေ။ ဗုဒ္ဓဂေါတမကမူ လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော် သိပ္ပံပညာမပေါ်ခင်ကပင် မိမိ၏ သဗ္ဗညုတဉာဏ်ဟူသော ဝိဇ္ဇာပညာဖြင့် ဖော်ထုတ်ဟောကြား ပြသပေးခဲ့ပါသည်။

## သက်ရှိသက်မဲ့ရှိ အမာခံရုပ်တရားများ

သတ္တဝါတို့၏ကိုယ်တွင်းရှိ စိတ်နှင့်ရုပ်တို့သည်အတည်တကျ မရှိပါ၊ တဖွားဖွားဖြစ်ပေါ်ပြီး တဖျပ်ဖျပ်ကူးပြောင်းနေပါသည်။ သို့သော် ထိုဖြစ်ပျက်နေမှုကို သန္တတိ (အစဉ်ဖြစ်စဉ်) ဟူသော ပညတ်က ဖုံးလွှမ်းထားသောကြောင့် အစဉ်တစိုက်တည်နေသည်ဟု ထင်နေကြပါသည်၊ ဤသန္တတိက ဖုံးလွှမ်းထား၍ စိတ်၊ ရုပ်တို့၏ ပြောင်းလဲပုံကို မသိနိုင်ကြခြင်း ဖြစ်ပါသည်၊

www.dhammaransi.com



ဥပမာဆိုရသော်- ဆီမီးတောက်မီးလျှံနှင့် တူပါသည်။ ဆီထဲတွင် ရေမှုန်၊ ရေမွှားကလေးများရှိနေပါသည်။ ထိုရေမှုန်ရေမွှားကလေးများသည်အခိုးကဲ့သို့ထွက်သွား၏။ အသစ်တစ်ဖန် ပေါ်လာပြန်သည်။ ရှေ့နောက်အစဉ်အဆက် ကူးပြောင်းနေပါသည်။ သို့သော် သန္တတိပညတ်က ဖုံးလွှမ်းထား၍ အစဉ်တစိုက်ဖြစ်နေသည်ဟု ထင်မှတ်နေရပါသည်။

မီးတောက်သည် ပုံစံအားဖြင့် လုံးလုံးရှည်ရှည် ချွန်ချွန်ဖြစ်နေသည်၊ ယင်းကို သဏ္ဌာန (ပုံသဏ္ဌာန်) ပညတ်ဟု ခေါ်ကြပါသည်၊ မီးမှုန်၊ မီးပွားကလေးများအဖြစ်မသိကြဘဲ မီးတောက်ဟု ထင်မှတ်နေကြပါသည်၊ ဤသည်မှာ သဏ္ဌာနပညတ်က ဖုံးလွှမ်းထားသော ကြောင့် ဖြစ်ပါသည်၊

ထို့ကြောင့် မီးမှုန်ကလေးများသည် တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေမှန်းမသိခြင်း၊ မီးတောက်တစ်ခုတည်းဟုထင်မှတ်နေခြင်းများသည်သန္တတိပညတ်သဏ္ဌာနပညတ်တို့ဖုံးလွှမ်းထားသောကြောင့် ဖြစ်ပါသည်။

အလားတူ မြစ်ရေပြင်ကြီးဟု ထင်မှတ်နေခြင်းသည် တကယ်စင်စစ် ရေပြင်ကြီး မဟုတ်ပါ။ ရေမှုန်၊ ရေမွှားကလေးများ တရွေ့ရွေ့ စီးဆင်းနေခြင်းသာဖြစ်ပါသည်။ ထိုသည်ကို ရေမှုန်၊ ရေမွှားကလေးများဟု မထင်။ ရေပြင်ရေထုကြီးဟု သဏ္ဌာနပညတ်က ဖုံးလွှမ်း အသိပွားစေခြင်း ဖြစ်ပါသည်။ ပြောင်းလဲမှုမရှိဘဲ အစဉ်ဖြစ်နေသည်ဟု ထင်စေရန် သန္တတိပညတ်က ဖုံးလွှမ်းထားပါသည်။

မီးတောက်မငြိမ်းစေရန် ဆီကို ထပ်ထည့်ပေးရသလို သတ္တဝါများ၏ ရုပ်ခန္ဓာများ မပျက်စီးစေရန် အသက်ရှည်စေရန် အာဟာရကို ထပ်ထည့်ပေးရသည်။ မီးမှုန်များကို ဆီကရသကဲ့သို့ ကိုယ်ခန္ဓာရုပ်ထဲမှ အမှုန်ကလေးများကို ကံ၊ စိတ်၊ ဥတု၊ အာဟာရထံမှ ရနေပါသည်။

တစ်ဖန် သက်ရှိသက်မဲ့တိုင်းအတွက် မြေ၊ ရေ၊ လေ၊ မီး (ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော) ဟူသော ကြီးကျယ်ထင်ရှားသော ဓာတ်ကြီးလေးပါးဖြင့် တည်ဆောက်ဖွဲ့စည်းထားသော သဘာဝရုပ်များဖြစ်ကြပါသည်။ ယင်းလေးပါးကို မိမိတို့၏ သဘောလက္ခဏာအားဖြင့်လည်းကောင်း၊ မိမိတို့၏အဆောက်အဦးအားဖြင့်လည်းကောင်း၊ ကြီးကျယ်ထင်ရှားစွာ ဖြစ်ကြသောကြောင့် မဟာဘူတ (ကြီးသောရုပ်ထုကြီး) ဟု ဗုဒ္ဓအဘိဓမ္မာက ဆိုခဲ့ပါသည်။

ဤကမ္ဘာပေါ်တွင် သက်ရှိဆင်ကြီး၊ အသူရိန်ကြီး ပြဟ္မာကြီး စသည်တို့သည်လည်းကောင်း၊ သက်မဲ့တောင်ကြီး၊ သမုဒ္ဒရာကြီး၊ မြင်းမိုရ်တောင်ကြီး၊ ကမ္ဘာကြီး၊ နေဗိမာန်၊ လဗိမာန်ကြီး စသည်တို့ ရှိကြပါသည်။ထိုအရာအားလုံးသည် မဟာဘုတ်လေးပါးတို့၏ အဆောက်အဦများပင် ဖြစ်ကြပါသည်။

ဤမဟာဘုတ်ဟုခေါ်သော ဓာတ်ကြီးလေးပါးသည် အမြဲတည်သည်မဟုတ်။ အမြဲဖောက်ပြန်ပျက်စီးတတ်သော သဘောရှိနေပါသည်။ ဤကမ္ဘာစကြဝဠာကြီးကို မီးလောင်

www.dhammaransi.com



သောအခါ ပထမရာန်ပြဟ္မာဘုံတိုင်အောင် အကုန်လောင်ကျွမ်းခံရသည်။ ရေဖျက်သောအခါ ဒုတိယဈာန် ပြဟ္မာဘုံတိုင်အောင်၊ လေဖျက်သောအခါ တတိယဈာန် ပြဟ္မာဘုံတိုင်အောင် ပျက်စီးရသည်။

သက်ရှိသဘာဝကိုလေ့လာကြည့်ပါကပထဝီဓာတ်ဖောက်ပြန်သည်ရှိသော်တောင့် တင်းခက်ထရော်သောကိုယ်ရှိပြီး ရောဂါအမျိုးမျိုး ခံစားရသည်။ အာပေါဓာတ် ထကြွဖောက် ပြန်သည်ရှိသော် ပုပ်ဆွေးသောကိုယ်၊ ယိုစီးသောကိုယ်ဖြစ်၍ ရောဂါအမျိုးမျိုးရသည်။

ဝါယောဓာတ် ထကြွဖောက်ပြန်သည်ရှိသော် လေဖြတ်သောကိုယ်၊ ကိုက်ခဲသော ကိုယ်၊ မအီမသာကိုယ် ဖြစ်ရသည်။ တေဇောဓာတ် ထကြွဖောက်ပြန်သော် အပူတက်၍ ဖျားနာ သောကိုယ်၊ အအေးမိ၍ ဖျားနာသောကိုယ် စသည်ဖြင့် ရောဂါအမျိုးမျိုး ခံစားရသည်။

ဤမဟာဘုတ်ဓာတ်ကြီး(၄)ပါး၏ သဘာဝအသေးစိတ်ကို လေ့လာကြည့်ပါက...

ပထဝီဟူသော မြေဓာတ်သဘာဝသည် ခက်မာခြင်း၊ နူးညံ့ခြင်း၊ အစိုင်အခဲသဘော၊ အခြားဓာတ်တို့တည်ရာ ရေမှုန်၊ အခိုးမှုန်၊ မြူမှုန်ဖြစ်ကြောင်း ဖြစ်သောကြောင့် ခိုင်ခံ့သော သဘောဖြစ်သည်။ အတူဖြစ်ဘက် ရုပ်ကလာပ်များ၏ တည်ရာ မှီရာဖြစ်သည်။

ဤပထဝီ(မြေ)ဓာတ်တွင် အနု၊ အရင့် (၂)မျိုးရှိပါသည်။

**၁။ နူးညံ့သောပထဝီဓာတ်မှာ...**

- ရေ၊ သွေး၊ ချွေး၊ လေ၊ အနံ့၊ အသံ၊ အရောင်စသည်တို့၌ရှိသော ပထဝီဓာတ် ဖြစ်ပြီး အလွန်နည်းပါးပြီး အဖတ်၊ အစိုင်အခဲသဘော မထင်ရှားသောဓာတ် ဖြစ်ပါသည်။ ရေထဲ၊ လေထဲ၊ မီးထဲတို့၌ ပထဝီဓာတ်သဘောရှိနေပါသည်။
- ရေ၌အေးခြင်း၊ ပူခြင်း တေဇောဓာတ်၏မှီခိုရာအမာခံသည် ပထဝီဓာတ်ဖြစ် ပါသည်။ ရေခဲပေါ်တွင် စမ်းကြည့်ပါက အေးသည်၊ အအေး၏မှီရာ ရေခဲရှိ သောကြောင့် ဖြစ်သည်။
- မီး၌ပူခြင်း၊ အေးခြင်း၊ တေဇောဓာတ်မှီရာ အမာခံသည် ပထဝီဓာတ်ဖြစ် သည်။ အပူမှီရာမီးရှိသောကြောင့် ဖြစ်ပါသည်။
- လေ၌လည်းအေးခြင်း၊ ပူခြင်း၊ တေဇောဓာတ်မှီရာအမာခံသည် ပထဝီဓာတ် ဖြစ်သည်။ ထိုအအေးအပူတို့မှီရာ အမာခံတည်ရှိနေသောကြောင့် ပူခြင်း၊ အေးခြင်း ရှိပါသည်။ ရေခဲ၊ မီး၊ လေတို့ကို ဖယ်လိုက်ပါက အပူ၊ အအေးတို့ မရှိတော့ပါ။

အသံထဲတွင်လည်း အသံ၏မှီရာ အမာခံဓာတ်၊ ပထဝီရှိ၏။ အရာဝတ္ထု (၂) ခုတို့ ရိုက်ခတ်သောကြောင့်အသံမြည်ပါသည်။အရာဝတ္ထုတစ်ခု(ဥပမာ - ကြိမ်လုံး)နှင့်လေကိုရိုက် သော် ရှီးဟူ၍ အသံမြည်ရာ လေထဲတွင် အမာခံပထဝီရှိသောကြောင့် ဖြစ်ပါသည်။

www.dhammaransi.com



အသံ၏တည်ရာနေရာအမာခံပထဝီရှိသည်။ ဥပမာ - အိုးတစ်ခုထဲတွင် ပြင်းထန်စွာ မြည်းဟီးပါက အိုးကွဲသွားသည်။ နားထဲသို့ ပြင်းထန်စွာ အသံမှုတ်သွင်းပါက နား.နာသွား၏။ အကြောင်းမှာအသံထဲ၌ပါဝင်သောအသံ၏မှီရာအမာခံဓာတ်ပထဝီ၏တွန်းကန်မှုကြောင့်ပင် ဖြစ်ပါသည်။

၂။ ပထဝီအရင့် (ခက်မာပထဝီ)ဆိုသည်မှာ...

- ဆံပင်၊ မွေးညှင်း၊ အသား၊ အရိုးတို့၌ရှိသော ပထဝီဓာတ်ဖြစ်သည်။ အလွန်များပြားပြီး၊ အစိုင်၊ အခဲ၊ အဖတ်ထင်ရှားသောဓာတ်ဖြစ်ပါသည်။ ယင်းတို့ကို လက္ခဏပထဝီ၊ ပရမတ်စစ်စစ် ပထဝီဟုခေါ်ပါသည်။
- ကမ္ဘာ့သိပ္ပံလောကတွင် အေဒီ (၁၈) ရာစု၌ ဂျွန်ဒေါလကန်က အဏုမြူကို အသေးဆုံးရုပ်ဝတ္ထုဖြစ်သည်ဟု ပြသခဲ့ပါသည်။ (၁၉)ရာစုနောက်ပိုင်းသို့ ရောက်သောအခါဂျွန်သော်မဆင်ဆိုသောသိပ္ပံပညာရှင်ကအဏုမြူကို(၃) မျိုး ထပ်မံခွဲပြခဲ့သည်။

၁။ နျူထရွန် - ဓာတ်ဖို၊ ဓာတ်မ ပေါင်းစပ်နေပြီး ကောင်းကင်တွင် တစ်စက္ကန့်လျှင် မိုင်ပေါင်း-၁၈၀၀၀၀ (တစ်သိန်းရှစ်သောင်းခန့်)ပြေးသော ဂမ္မာရောင်ခြည်ဟုခေါ်သည်။

၂။ ပရိုတွန် - ဓာတ်ဖိုသာရှိပြီး အယ်လ်ဖာရောင်ခြည်ဟု ခေါ်သည်။ တစ်စက္ကန့်လျှင် မိုင်ပေါင်း-၁၇၀၀၀၀ (တစ်သိန်းခုနစ်သောင်း) ပြေးသည်။

၃။ အီလက်ထရွန် - ဓာတ်မသာရှိပြီး ဘီတာရောင်ခြည်ဟုခေါ်သည်။ တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၆၀၀၀၀ ပြေးသည်။

ယနေ့သိပ္ပံပညာရှင်က အဏုမြူကိုခွဲစိပ်သောအခါ ဤ(၃)မျိုးသာ တွေ့ရသည်။ ဗုဒ္ဓက အဏုမြူကို (၃၆)စိတ်ထိအောင် စိပ်နိုင်ပါက ပရမာဏုမြူကိုရမည်ဟု ဟောကြားခဲ့ပါသည်။

ပရမတ္ထသဘာဝကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်ကြည့်၍ မရသော်လည်း ပရမတ္ထသဘာဝ အထည်ဒြပ်ဖြစ်ပေါ်လာသော ပရမာဏုမြူကို ဒိဗ္ဗစက္ခုဖြင့် ကြည့်မြင်နိုင်ပါသည်။

မြူမှုန်နှင့်ပတ်သက်၍ ဗုဒ္ဓက (၄)မျိုး ခွဲခြားဟောထားခဲ့ပါသည်...

၁။ ရထာရေဏုမြူ - လမ်းပေါ်တွင် ကား၊ လှည်း၊ ယာဉ် များစွာသွားသော အခါထသောမြူမှုန်များ၊

www.dhammaransi.com



၂။ တဗ္ဗာရီကာမြူ - စားပွဲ၊ ကုလားထိုင်၊ အဝတ်များပေါ်တွင်တင်ကျန်သော ဖုန်မှုန့်များ၊

၃။ အဏုမြူ - နေရောင်ခြည်ထွက်ပေါ်မှသာ နေရောင်ခြည် အလင်းရောင်ဖြင့် မြင်နိုင်သော မြူမှုန်များ၊

၄။ ပရမာဏုမြူ - အလွန်သေးငယ်သော မြူမှုန်များ။

ယင်းမြူမှုန့်တို့ကို နှိုင်းဆကြည့်ပါက ရထာရေဏုမြူသည် တဗ္ဗာရီ အဏုမြူထက် (၃၆) ဆ၊ တဗ္ဗာရီအဏုမြူသည် အဏုမြူထက် (၃၆) ဆ၊ အဏုမြူသည် ပရမာနုမြူထက် (၃၆)ဆ ကြီးမားသည်ဟု ဆိုပါသည်။ ပထဝီဓာတ်ကို ထပ်မံခွဲစိပ်ကြည့်ပါက...

ကိုယ်တွင်း ပထဝီအစု (ကောဋ္ဌာသ) (၂၀) ရှိနေပါသည်၊ ယင်းတို့မှာ...

| | | |
|---|---|---|
| ၁၊ ဆံပင် | ၂၊ မွေးညှင်း | ၃၊ ခြေသည်းလက်သည်း |
| ၄၊ သွား | ၅၊ အရေထူအရေပါး၊ | ၆၊ အသား |
| ၇၊ အကြော | ၈၊ အရိုး | ၉၊ ရိုးတွင်းခြင်ဆီ |
| ၁၀၊ အညှို့ | ၁၁၊ နလုံး | ၁၂၊ အသည်း |
| ၁၃၊ အမြှေး | ၁၄၊ အဖျဉ်း | ၁၅၊ အဆုတ် |
| ၁၆၊ အူမ | ၁၇၊ အူသိမ် | ၁၈၊ အစာသစ် |
| ၁၉၊ အစာဟောင်း | ၂၀၊ ဦးနှောက် | |

လူသားတစ်ယောက်၏ခန္ဓာကိုယ်၌ (၃၂) ကောဋ္ဌာသရှိသည်ဟု ဆိုရာဝယ် ပထဝီဓာတ်သည် (၂၀)ရှိသည်ဟု ဗုဒ္ဓက ခွဲစိပ်ပြခဲ့ပါသည်။

ပြင်ပပထဝီဆိုသည်မှာရွှေ၊ငွေ၊သံ၊ကျောက်၊ကျောက်ခဲ သဘောစသည်များဖြစ်ကြပါသည်။ ယင်းတို့ကို အဆောက်အဦးပထဝီ (သသမ္ဘာရပထဝီ)ဟူ၍လည်း ခေါ်ပါသည်။

ဗုဒ္ဓက အသေးဆုံးရုပ်ဝတ္ထုဖြစ်သော ပရမာဏုမြူ၌ ရုပ်ဓာတ်သဘာဝ(၈)ခုဖြင့် ဖွဲ့စည်းထားသည်ဟု ဟောထားပါသည်။

ယင်းရုပ်ဓာတ် (၈)မျိုးမှာ...

| | |
|---|---|
| ၁။ အဆင်း (ဝဏ္ဏ) | ၂။ အနံ့ (ဂန္ဓ) |
| ၃။ အရသာ (ရသ) | ၄။ အဆီ၊ အစေး(ဩဇာ) |
| ၅။ အသားအပျော့(ပထဝီ) | ၆။ ရေ (အာပေါ) |
| ၇။ လေ (ဝါယော) | ၈။ မီး (တေဇော) |

ဤ(၈)ခုသည် မည်မျှသေးငယ်သော အရာဝတ္ထု၌မဆို မကွဲမကွာ ရှိနေတတ်သော ကြောင့် မကွဲမကွာသောရုပ်စု (အဝိနိဗ္ဘောဂ) ရုပ်ဟုခေါ်ကြောင်း ဗုဒ္ဓက အဘိဓမ္မာ၌ ဟောကြားခဲ့ပါသည်။

www.dhammaransi.com



ဥပမာ - ဆံပင်တစ်ပင်ကို ခွဲကြည့်ပါက...

- ပျော့ပြောင်းခြင်း၊ မာကြောခြင်း ပထဝီဓာတ် ရှိနေသည်။
- အချောင်းကလေး၊အလုံးကလေးဖြစ်အောင်ဖွဲ့စည်းထားသောအာပေါဓာတ် ရှိနေသည်။
- ကိုင်ကြည့်လျှင် ပူခြင်း၊ အေးခြင်းသဘော တေဇောဓာတ်ရှိနေသည်။
- နှိပ်ကြည့်၊ ခေါက်ကြည့်လျှင် ပြန်၍ တွန်းကန်သောသဘော၊ လှုပ်ရှားခြင်း သဘော ဝါယောဓာတ်ရှိနေသည်။
- အနက်ရောင်၊ အဖြူရောင်၊ ရွှေရောင်ဟူသောအဆင်း (ဝဏ္ဏ) ဓာတ် ရှိနေပါသည်။
- နမ်းကြည့်လျှင် အနံ့အသက်(ဂန္ဓ)ဓာတ် ရှိနေပါသည်။
- လျှာဖြင့်လျက်ကြည့်ပါက အရသာတစ်မျိုးမျိုးတွေ့ရသော ရသဓာတ်ရှိသည်။
- အဆီအစေးဩဇာဓာတ်ရှိပါသည်။

ပထဝီ(မြေကြီး)ကို အာပေါဓာတ်ဟူသောရေက စုရုံးပေးထားသောကြောင့် ပထဝီဓာတ် အစိုင်အခဲဖြစ်လာရပါသည်။ ယုဇနာပေါင်း (၂၄၀၀၀၀)အထုရှိသော မဟာပထဝီမြေကြီး ဖြစ်ပေါ်နေရပါသည်။ (တစ်ယူဇနာလျှင် ၁၂-မိုင်)ခန့်ရှိသည်ဟု ယနေ့သိပ္ပံပညာရှင်တို့က တိုင်းတာကြ သည်။

၂။ အာပေါ (ရေဓာတ်) ဆိုသည်မှာ...

ဖွဲ့စည်းခြင်း (စိုစွတ်စေးကပ်ခြင်း) ယိုစီးခြင်းသဘောရှိသည်။ အတူဖြစ်ဖက် ရုပ်ကလာပ်တို့ကို ပေါင်းဖွဲ့ပျံ့နှံ့စေသည်။ ရုပ်ဓာတ်အချင်းချင်းကို တစ်ပေါင်းပည်းဖြစ်အောင် ဖွဲ့စည်းထားသောဓာတ်ဖြစ်ပါသည်။

အာပေါဓာတ်ဖွဲ့စည်းမှု (၂)မျိုးရှိပါသည်။

၁။ ဖွဲ့စည်းအာပေါ.....သံ၊ ခဲ၊ သစ်သား စသော အာပေါအန

၂။ ယိုစီးအာပေါ .....ရေ၊ နို့၊ ကြံရည် စသော အာပေါအရင့်

ယင်းတို့ကို ပရမတ်စစ်စစ်လက္ခဏာအာပေါ ဟုခေါ်ပါသည်။ ယင်းကို တစ်ဖန်ထပ်မံခွဲကြည့်ပါက...

၁။ ကိုယ်တွင်းအာပေါ (၁၂)မျိုးရှိကြောင်း ဗုဒ္ဓက ဟောပြထားသည်...

| | | | |
|---|---|---|---|
| ၁။ သည်းခြေ | ၂။ သလိပ် | ၃။ ပြည် | ၄။ သွေး |
| ၅။ ချွေး | ၆။ အဆီခဲ | ၇။ မျက်ရည် | ၈။ ဆီကြည် |
| ၉။ တံတွေး | ၁၀။ နှပ် | ၁၁။ အစေး | ၁၂။ ကျင်ငယ် |

(အာပေါဓာတ် ၁၂-ပါး)

အပြင်အာပေါမှာ ရေ၊ နို့၊ ကြံရည်၊ ဖျော်ရည် စသည်တို့ ဖြစ်ပါသည်။

www.dhammaransi.com



၃။ တေဇော (မီးဓာတ်) ဆိုသည်မှာ...

ပူခြင်း၊ အေးခြင်းသဘောဖြစ်ပါသည်။ အတူတူဖြစ် - ပျက်ရုပ် ကလာပ်များကို ရင့်ကျက်စေတတ်ပါသည်။ ထက်စေတတ်၊ ပူစေတတ်၊ နူးညံ့စေတတ်၏။ တေဇောဓာတ်တွင် အပူ အအေး (၂) မျိုး ရှိနေပါသည်။

၁။ သီတတေဇော - အအေး

၂။ ဥဏှတေဇော - အပူ

ယင်းတို့ကို ထပ်မံခွဲစိပ်ကြည့်ပါက ကိုယ်တွင်း၌ အပူ (တေဇော) (၄) မျိုးရှိကြောင်း ဗုဒ္ဓက ခွဲစိပ်ဟောကြားခဲ့ပါသည်...

၁။ သန္တပ္ပနတေဇော - သာမန်ဖျားသောအခါ ပူသောအပူ၊ တေဇောဓာတ်ပျက် မှုဖြစ်သောအပူ

၂။ ဒဟာနတေဇော - အလွန်အမင်းပူပြင်းသော အပူ၊ မီးယပ်ပူ၊ ဒုလာပူ ဖြစ်သောအပူ

၃။ ဇီရဏတေဇော - အိုမင်းရင့်ရော်ဆွေးမြေ့သောအပူ၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ ခါးကိုင်းခြင်းစသော သတ္တဝါတို့၏အရွယ်ဖောက်ပြန်ခြင်း၊ သစ်ပင်တို့၏အရွက်ကြီးခြင်း၊ မှည့်ခြင်း၊ ရင့်ခြင်း၊ အထည်အဝတ်အစားတို့ ဆွေးမြေ့ခြင်း စသော အရွယ်ဇရာကို ဖြစ်စေသောအပူ၊ ထိုအပူသည် နတ်ပြဟ္မာတို့၌ မရှိ၊ ဆေးဝါးဖြင့် ကုသက ရနိုင်သည်။

၄။ ဥသ္မာတေဇော - ခန္ဓာကိုယ်၌ မပြတ်ပကတိ ရှိနေသောကိုယ်ငွေ့အပူ ဤအပူသည် ချမ်းသောကာလ၊ ပူသောကာလ၊ အေးသောကာလဟူသော အရပ်တို့၌လည်းကောင်း၊ အသားတုံးကို ကျက်လောက်အောင် ပူသောမီး၏အနီး၌လည်းကောင်း၊ ရေခဲသည်အထိ အေးသောအရပ်၌လည်းကောင်း၊ မတိုးမဆုတ် အညီအမျှဖြစ်သည်။ လူ၏ကိုယ်၌ရှိသော ပကတိကိုယ်ငွေ့အပူသည် အပူအအေးတိုင်းသောပြဒါးတိုင်အားဖြင့် (၉၈) ဒီဂရီရှိသည်။ ငှက်တို့သည် လူတို့ထက် အပူသာသောကြောင့် (၁၀၈) ဒီဂရီရှိသည်။ သူငယ်တို့၌ (၉၆) ဒီဂရီရှိသည်။ အရွယ်ကြီးလျှင် အနည်းငယ်လျော့သည်။ သက်မဲ့ဝတ္ထုကို နေ၊ မီးဖြင့် အပူပြုလုပ်ပါက ခဏသာပူသည်။ သက်ရှိသတ္တဝါတို့က အမြဲပူနေသည်။ သေသော် အပူမရှိတော့ပါ။

www.dhammaransi.com



၅။ ပါစကတေဇော - အစာအာဟာရကို ကြေညက်စေသော အပူဓာတ်ဖြစ်ပါသည်။

၄။ ဝါယောဓာတ် (လေဓာတ်ဆိုသည်မှာ)

- ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း၊ လှုပ်ရှားခြင်းသဘောဖြစ်ပါသည်။ အတူဖြစ်ဘက် ရုပ်ကလာပ်တို့ကို ရွေ့လျားစေတတ်၊ တိုက်လွှင့်တတ်သည်။

ဝါယောဓာတ် (၂) မျိုးရှိပါသည်...

၁။ ထောက်ကန်ဝါယော - ငြိမ်သက်နေသောအရာဝတ္ထုကို ထောက်ကန်နိုင်ပြီး မလှုပ်ရှားနိုင်သောကြောင့် အနစားဝါယောဟု ခေါ်ပါသည်။

၂။ လှုပ်ရှားဝါယော - လှုပ်ရှားလှုင့်ပါးနေသော အရာဝတ္ထုများ လှုပ်ရှားနိုင်သည်အထိ အရှိန်အဟုန် ဖြစ်ပေါ်လာသောကြောင့် အရင့်စားဝါယောဟု ခေါ်ပါသည်။

ယင်းတို့ကို လက္ခဏာဝါယော ဟု အဘိဓမ္မာက ဆိုပါသည်။

ကိုယ်တွင်း၌လည်း ဝါယော (၁၀) မျိုး ရှိနေပါသည်...

၁။ ဥဒ္ဒင်္ဂမဝါယော - အထက်သို့ဆန်တက်သောလေ၊ လေထိုးခြင်း၊ ကြို့ထိုးခြင်း၊ ပျို့ခြင်း၊ အန်ခြင်းစသည်တို့ကိုဖြစ်စေသောလေ။

၂။ အဓောဂမဝါယော - အောက်သို့ စုန်ဆင်းသောလေ၊ ကျင်ကြီး၊ ကျင်ငယ်၊ လေသက်ခြင်းကိုပြုသောလေ။

၃။ ကုစ္ဆိသယဝါယော - အူ၏အပြင်ဝမ်းခေါင်းအတွင်း၌ တည်ရှိသောလေ။

၄။ ကောဋ္ဌာသယဝါယော - အူအတွင်း၌တည်သောလေ။

၅။ အင်္ဂမင်္ဂါနုသာရီဝါယော - ကိုယ်၊ လက်၊ အင်္ဂါ၊ ကြီးငယ်သို့ ပျံ့နှံ့၍ ရွေ့ခြင်း၊ ဆန့်ခြင်းကို ဖြစ်စေသောလေ။

၆။ အဿာသပဿာသဝါယော - ထွက်သက်၊ ဝင်သက်လေ။

၇။ သတ္ထကဝါယော - အဆစ်၊ အမြစ်၊ အမျက်၊ အဆက်၊ အကြောတို့ကို ကတ်ကြေးဖြင့် ဖြတ်သကဲ့သို့ ဖြစ်စေတတ်သောလေ။

၈။ ခုရကဝါယော - သင်တုံးဓားကဲ့သို့ နှလုံးသွေးကြောကို ခွဲတတ်၊ ဖြတ်တတ်သောလေ။

www.dhammaransi.com



၉။ ဥပ္ပလကဝါယော - နလုံးသွေးအတွင်း၌ တည်သောလေ ဤလေကြောင့်နလုံးသားသည်ပိန်းချည်ဖောင်းချည်မပြတ်ဖြစ်နေရသည်။

ဤနလုံးသားပိန်ခြင်း၊ ဖောင်းခြင်းကြောင့် သွေးကြောထဲရှိသွေးနှင့် နလုံးသွေးတို့သည် အထွက်အဝင် သွားလာပြုနေကြသည်။

ထို့ကြောင့် ဆေးဆရာတို့က ခြေကျင်းဝတ်၊ လက်ကောက်ဝတ်တို့၏ သွေးကြော၌ရှိသော သွေး၏လှုပ်ရှားမှုကို ကြည့်၍ ရောဂါဝေဒနာကို စမ်းသပ်ကြည့်ရှုကြလေ့ရှိပါသည်။

၁၀။ အဘိက္ကမာဒိသဝတ္တကဝါယော - ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသော သွားလာလှုပ်ရှားမှုကို ဖြစ်စေတတ်သောလေ။

ဤသို့လျှင် သက်ရှိသက်မဲ့ လောကတို့၌ မဟာဘုတ်ကြီး (၄)ပါး၏ ဖြစ်ပျက်လှုပ်ရှားနေမှုတို့ကို ဗုဒ္ဓက ဖော်ထုတ်ဟောခဲ့ပါသည်။ ယနေ့ သိပ္ပံပညာရှင်တို့က ဗုဒ္ဓ၏ဟောပြောချက်တို့ကို တွေ့ရှိအောင် ရှာဖွေစမ်းသပ်နေကြရာ တွေ့သင့်သလောက် တွေ့နေကြရပြီဖြစ်ပါသည်။ သို့သော် ဗုဒ္ဓ၏အမြင် ပရမာအကျုံးသဘာဝအထိကိုမူ မတွေ့ကြသေးပါချေ။

## ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ရသည်မှာ

"ဥပါဒါန်ကြောင့် ဥပါဒ်ရောက်" ဟူသော စကားအသုံးအနှုန်းသည် မြန်မာ့လူ့ဘောင်တွင် အသုံးများပါသည်။ သို့သော် အခြေအမြစ်ကို သိသူနည်းပါသည်။

ဥပါဒါန်ဟူသော စကားသည် ပါဠိဥပါဒါနစကားကို တိုက်ရိုက်မြန်မာပြန်ဆို ခေါ်ဝေါ်နေကြခြင်းဖြစ်ပါသည်။

ဥပ = အာဒါန

ဥပ = လွန်လွန်ကဲကဲ၊

အာဒါန = ယူခြင်း = လွန်လွန်ကဲကဲ စွဲလမ်းခြင်းကို ဥပါဒါန်ဟု ခေါ်ပါသည်။ ဘာသာစာပေပညာရှင် ဆရာတော်ကြီးများက "စွဲလမ်းခြင်း" ဟူသော မြန်မာဝေါဟာရ၌...

စွဲသည် = ကပ်ငြိခြင်း အနက်ရှိပါသည်။ အလုပ်၌စွဲမြဲသည်၊ ဆရာထံ၌ စွဲမြဲသည်။ ဥစ္စာ၊ ပစ္စည်း၊ သားသမီး၊ သားမယား၌စွဲသည်၊

www.dhammaransi.com



လမ်းသည် = ကြောင်းလမ်းစေ့စပ်သည်ဟု ဆိုရာကဲ့သို့ နီးကပ်အောင် ဆောင်ရွက်ပေးသောသဘောဖြစ်၍ စွဲကို ကူညီပေးသော ဝေါဟာရဖြစ်ပါသည်။

ထိုကြောင့် ဥပါဒါန်ကို စွဲလမ်းခြင်းဟူ၍ မြန်မာဘာသာပြန်ပေးခြင်း ဖြစ်ပါသည်။

ယင်းဥပါဒါန်စွဲလမ်းမှုကို အဋ္ဌကထာဆရာကြီးများက ဖားကိုလိုက်ဖမ်းသောမြွေနှင့် တင်စား၍ ဥပမာပြပါသည်။

ဖားသည်မြွေ၏အကြိုက်ဆုံးသောအစားအစာဖြစ်သည်။ မြွေသည်ဆာလောင်မွတ်သိပ်နေချိန်ဖြစ်၍ဖားကိုတွေ့လိုက်ပါကဖမ်းယူစားသောက်နိုင်ရန်အတွက်အခြားဘာကိုမျှဂရုမပြုဘဲ ထွက်ပြေးသောဖားနောက်သို့ တစိုက်မတ်မတ်လိုက်သည်။ မိသောအခါ၌လည်း မည်သို့မျှ လွတ်ထွက်မသွားပါလေအောင် စွဲစွဲမြဲမြဲ ကိုက်ခဲထားတတ်သည်။

ဖားကို လိုက်သောမြွေ၊ ဖားကိုကိုက်သောမြွေ၏လိုက်ဟန်၊ ကိုက်ဟန်၊ ခဲဟန်၊ စွဲဟန်တို့သည် ဥပါဒါန်နှင့် အလားတူသည်။

ဥပါဒါန်ဟူသောစကားသည် ဗုဒ္ဓ၏ အဘိဓမ္မာမှလာသော စကားဖြစ်ပါသည်။ ဗုဒ္ဓအဘိဓမ္မာ ပညာအရဆိုရပါမူ ဥပါဒါန်ဟူသည် ကမ္ဘာပေါ်ရှိ ကိုးကွယ်မှုဘာသာအယူဝါဒအမျိုးမျိုး၏မြစ်ဖျားခံရာလည်းဖြစ်ပါသည်။တွေးခေါ်မြော်မြင်မှုဆိုင်ရာဒဿနိကဗေဒပညာရပ်နှင့်လည်း ပတ်သက် နေပါသည်။ လူသားတို့၏ နေ့စဉ် ဘဝအပြုအမူများကိုလည်း စိုးမိုးအုပ်ချုပ်နေပါသည်။

ထိုကြောင့် ဗုဒ္ဓကသံသရာစက်လည်ပုံ ပဋိစ္စသမုပ္ပါဒ်၌ဥပါဒါနပစ္စယာဘဝေါ (ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ရသည်ဟု ဟောကြားခဲ့ပါသည်။) လူသားတို့၏ ဒုစရိုက်မှုအဖုံဖုံနှင့် သုစရိုက်ကောင်းမှုမျိုးစုံတို့သည် ဥပါဒါန်၏ လက်ချက်ချည်းသာဖြစ်ပါသည်။

သက်သတ်၊ ခိုးမှု၊ ကာမမှုဟူသောကာယကံအမှုများသည်လည်းကောင်း၊ လိမ်လည်ခြင်း၊ ကုန်းတိုက်ခြင်း၊ ဆဲရေးခြင်း၊ အတင်းအဖျင်းပြောခြင်းဟူသော ဝစီကံအမှုများသည်လည်းကောင်း၊ စိတ်ပုပ်၊ စိတ်ယုတ်၊ မနာလိုမှု မှားယွင်းသော အယူအဆအတွေးအခေါ်များကိုလက်ခံမှုဟူသော မနောကံအမှုများသည်လည်းကောင်း ဥပါဒါန်ကြောင့်ပင် ဖြစ်ရပါသည်။

ထို့ပြင် ပေးလှူခြင်း၊ ပူဇော်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ အများအကျိုးဆောင်ခြင်း၊ လူလူချင်းကြင်နာဆပ္ပားသနားကရုဏာမေတ္တာထားခြင်းစသော ကောင်းမှုကုသိုလ်အဝဝတို့သည်လည်း ဥပါဒါန်ကြောင့်ပင် ဖြစ်ရပါသည်။

အချုပ်အားဖြင့် ဥပါဒါန်ကြောင့်ပင် လူတို့သည် အကုသိုလ်အမှုများကိုလည်း ပြုကြ

www.dhammaransi.com



သည်။ ကုသိုလ်အမှုများကိုလည်း ပြုကြသည်။ ဥပါဒါန်ကြောင့်ပင်လျှင် စွဲလမ်းတမ်းတပြီး မရ မနေ ကြိုးစားလုပ်ကိုင်နေကြသည်။

ဤဥပါဒါန်ကား လူသိနည်းပြီး အတိဂမ္ဘီရ အလွန်နက်နဲသောသဘာဝကို ဗုဒ္ဓက ထုတ်ဖော်ဟောပြထားခြင်းဖြစ်သည်။ ဤဥပါဒါန် သဘောသဘာဝကို အဘယ်သိပ္ပံပညာရှင်နှင့် သိပ္ပံပညာရပ်ကမှ မဖော်ထုတ်နိုင်။ မမြင်နိုင်သေးပါ။ ဗုဒ္ဓအဘိဓမ္မာကို တတ်သူသာ သိသာနိုင်ပါ သည်။

လူ့သဘာဝ၏လောဘ၊ဒေါသ၊မောဟ၊ဣဿာ၊မစ္ဆရိယစသောအကုသိုလ်သဘာဝ (အကုသိုလ်စေတသိက်) (၁၄)မျိုးရှိကြောင်းနှင့် အလောဘ၊ အဒေါသ၊ အမောဟ၊ ပညာ၊ သဒ္ဓါ၊ သတိ၊ ဟိရိဩတ္တပ္ပ စသော ကုသိုလ်သဘာဝ (ကုသိုလ်စေတသိက်) (၂၅)မျိုးရှိကြောင်း ဟောကြားထားပါသည်။

ယင်းတွင် ဥပါဒါန်ဟူသည် ကုသိုလ်သဘာဝမဟုတ်၊ အကုသိုလ်သဘာဝမျှသာဖြစ် သည်။ အကုသိုလ်ထဲ၌လည်း ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယစသည်တို့သည် ပြင်းစွာ စွဲလမ်းမှု မရှိပြင်းစွာစွဲလမ်းသော ဥပါဒါန်လက္ခဏာမရှိကြသည့်အတွက် ဥပါဒါန်မဟုတ်ကြပါ။

ဥပါဒါန်လက္ခဏာရှိသောသဘာဝကား လောဘဥပါဒါန်၊ ဒိဋ္ဌိဥပါဒါန်(၂)မျိုးသာရှိပါ သည်။ သို့သော် လောဘ၊ ဒိဋ္ဌိတိုင်း ဥပါဒါန်မဟုတ်ပါ။ ဖားကို မြွေကိုက်ခဲသကဲ့သို့ အလိုရမ္မက် ကြီးစွာဖြစ်သော လောဘ၊ အမြင်မှားစွဲယူထားမှု ဒိဋ္ဌိသာ ဥပါဒါန်ဖြစ်ပါသည်။

တစ်ဖန်လောဘဥပါဒါန်ကိုဆန်းစစ်ကြည့်မည်ဆိုလျှင်လောဘသည်မဂ်ဖိုလ်၊နိဗ္ဗာန် ဟူသောလောကုတ္တရာ(၉)ပါးကိုအာရုံမပြုနိုင်ပါ။မလိုချင်နိုင်ပါ။ယင်းမှတစ်ပါးသောလောကီ တရားများကို အာရုံပြုနိုင်၊ လိုချင်နိုင်ပါသည်။

လောကီတရားတို့တွင်လည်း ကာမ၊ ရူပ၊ အရူပတရားများ ပါဝင်နေပါသည်။

ကာမတရားဆိုသည်မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ် လေးဘုံ၊ လူ့ဘုံနှင့် နတ်ပြည် (၆)ထပ် ပါဝင်ပါသည်။

ရူပ၊ အရူပတရားဆိုသည်မှာ လူနတ်တို့ထက် အဆင့်မြင့်သော ရူပဗြဟ္မာ(၁၆)ဘုံ အရူပဗြဟ္မာ(၄)ဘုံဟူသော ဗြဟ္မာဘုံ(၂၀)ပါဝင်ပါသည်။

လောဘသည်ကာမ၊ရူပ၊အရူပတရားအားလုံးကိုအာရုံပြုနိုင်၊လိုချင်နိုင်သော်လည်း ဥပါဒါန်လောဘကမူ ကာမတရားကိုသာ လိုချင်နိုင်ပါသည်။ ရူပ၊ အရူပကို လိုချင်၍ မရနိုင်ပါ။

ဤသည်ကို သိစေလို၍ ဗုဒ္ဓအဘိဓမ္မာ၌ ကာမုပါဒါန် (ကာမ + ဥပါဒါန) ဟူ၍ အမည် သစ် ဗုဒ္ဓက သီးခြားပေးထားပြီး ဟောကြားခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ကာမုပါဒါန် (ဝါ) လောဘဥပါဒါန်ကို လက်တွေ့ဘဝနှင့်အပ်၍ ကြည့်ပါက ဖြဟ္မာဆိုင်ရာကို မင်ဖိုလ်နိဗ္ဗာန်တို့ကဲ့သို့ပင် ဥပါဒါန် မကပ်နိုင်ပါ။

ရုပ်အားလုံးသည်ကာမတရားဖြစ်၍ဥပါဒါန်ကပ်၍ရပါ၏။ ရုပ်အဆင်းလှလှ၊ သာယာသောအသံ၊ မွှေးကြိုင်သောအနံ့၊ အရသာရှိသောအရသာ၊ အတွေ့အထိအိအိကလေး စသည်ကို သာမန်လိုချင်ကာမျှသည် လောဘသာဖြစ်ပါသည်။ ထိုအရာများကို စွဲစွဲလမ်းလမ်းဖြစ်ပြီး မရမနေဖြစ်လာလျှင် ဥပါဒါန်လောဘဖြစ်ပါသည်။

လူတို့နေသောကမ္ဘာသည် ကာမကမ္ဘာဖြစ်သလို လူတို့အသုံးအဆောင်ပစ္စည်းတို့သည် ကာမပစ္စည်းတို့ဖြစ်ပါသည်။ လူတို့ပိုင်ဆိုင်သော ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်း၊ ရာထူး၊ အာဏာ စသည်တို့သည်လည်း ကာမဝတ္ထုတို့သာဖြစ်ပါသည်။

လူ၏ကိုယ်ခန္ဓာသည် ရုပ်နှင့်နာမ် (၂) ရပ်ပေါင်း သဏ္ဌာန်ဖြစ်ပါသည်။ ယောကျ်ား၊ မိန်းမ၊ သားသမီး၊ သားမယား၊ ဥစ္စာပစ္စည်းအားလုံးတို့သည် ကာမချည်းသာ ဖြစ်ပါသည်။ သက်ရှိ (နာမ်ရှိ) ကာမနှင့် သက်မဲ့ (နာမ်မဲ့) ကာမဟူ၍သာ ကွဲပြားပါသည်။

ဘဝလွတ်မြောက်မှုလောကုတ္တရာရေးကိုစောက်ချ၍မလိုက်နိုင်သေးသမျှလောကီရေးသည်ဥပါဒါန်နယ်ပင်ဖြစ်ပါသည်။ ဥပါဒါန်ထားသင့်သည်ကိုထားရပါမည်။ ဥပမာ - လူပျိုနှင့်အပျိုသည် တစ်ဦးနှင့်တစ်ဦး ဥပါဒါန်မကပ်ပါက ညားဖို့ ပေါင်းဖို့ မလွယ်ပါ။ စပါးရဖို့၊ ငွေရဖို့၊ ကားရဖို့၊ အိမ်ရဖို့ စွဲစွဲလမ်းလမ်းလုပ်ပါမှ ထိုကာမဝတ္ထုများကို ရပါမည်။

သို့ရာတွင် ဥပါဒါန်သည် အကုသိုလ်ဖြစ်သည့်အတွက် ဘာဥပါဒါန်ကပ်တာမှ မကောင်းဘူး။ အပြစ်ရှိတယ်။ ငရဲကြီးတယ်။ ဥပါဒါန်ခွာမှတော်မယ်ဟု ထင်မှတ်က တစ်ဘက်စောင်းနင်းဖြစ်သွားတတ်ပါသည်။

လူသည် ကာမဘုံသားဖြစ်၍ ပုထုဇဉ်ဖြစ်သည်ဆိုသော အချက်ကို မေ့ထား၍မရပါ။ ပုထုဇဉ်ဘဝသည်အကုသိုလ်မကင်းနိုင်ပါ။ ကုသိုလ်အကုသိုလ်ညီမျှမှု သဘာဝသည် ပုထုဇဉ်လူသား၌ အမြဲယှဉ်တွဲနေပါသည်။

ဥပမာ - ဥမ္မာဒန္တီအလောင်း မိဒုက္ခကလေးသည် ဝတ်ပန်းပုဆိုး ဥပါဒါန်ကပ်၍ သူတစ်ပါးထံ (၃)နှစ်ကျွန်ခံပြီး အရယူခဲ့သည်။ ရလာသောအခါ မိမိမဝတ်ဘဲ သက်န်းမရှိသောရဟန္တာကို လှူလိုက်သည့်အတွက် နောက်ဆုံး ဥပ္ပလဝဏ်ထေရီမဘဝဖြစ်သည်အထိ အလှပဂေးဖြစ်ခဲ့ရသည်။

ဤသည်ကိုကြည့်ပါက နည်းမှန်လမ်းမှန် တရားသဖြင့်ကြိုးစားအားထုတ်ပြီးဥပါဒါန်အလိုပြည့်အောင်လုပ်ကာ အကုသိုလ်ကိုအကြောင်းပြုပြီး ကုသိုလ်ဖြစ်ခွင့်ရနိုင်သည်ကို သတိပြုကြရပါမည်။ သို့အတွက် ပဋ္ဌာန်းဒေသနာတော်၌ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာန် ပစ္ဆိမာန် ကုသလာန် ဓမ္မံ ကေသဉ္စိဥပနိဿယပစ္စယေနပစ္စယော -

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ရှေးရှေး၌ဖြစ်သော အကုသိုလ်တရားတို့သည် တစ်ခါတစ်ရံ ကုသိုလ်တရားတို့ကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုတတ်သည်ဟု ဗုဒ္ဓက ဟောကြားထားခဲ့ခြင်းဖြစ်ပါသည်။

ဤဥပါဒါန် (စွဲလမ်းမှု) သဘာဝကို သိပ္ပံကား ယနေ့ထိ ဓာတ်ခွဲစမ်းသပ်၍ မရသေးသော်လည်း ဗုဒ္ဓကမူ သိပြီးမြင်ပြီးဖြစ်၍ ဤကဲ့သို့ အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားခဲ့ပါသည်။

## မိမိအယူဝါဒ အမြင်မှန် မမှန် ဆန်းစစ်တတ်ဖို့

ယနေ့ကမ္ဘာလောက၌ ဝါဒရေးရာ ပြဿနာများ၊ ကိုးကွယ်ရာ ပြဿနာများ၊ ဘာသာရေးစစ်ပွဲများ၊ ဝါဒရေးရာစစ်ပွဲများ ဆင်နွှဲနေခဲ့ကြပါသည်။ ယင်းဒိဋ္ဌိများ၊ ဒဿနများ၊ ဝါဒများ၊ ကျင့်စဉ်များသည် ဥပါဒါန်၏ လောင်စာများဖြစ်ကြပါသည်။ ပြင်းစွာ စွဲလမ်းမိတတ်ကြပါသည်။

ဒိဋ္ဌိဆိုသည်မှာ သဒ္ဒါအနက်အားဖြင့် သာမန်ပြောလျှင် အမြင် (ဒဿန)ပင် **ဖြစ်ပါ**သည်။ အမြင်သည် မမှန်သောအမြင်၊ မှားသောအမြင်မျိုးများ ဖြစ်သည့်အတွက် အကုသိုလ်စေတသိက်ထဲ၌ ပါဝင်နေရပါသည်။

မှားယွင်းသည်ကို ပါဠိဘာသာဖြင့် မိစ္ဆာဟုခေါ်သဖြင့် မှားသောအမြင်ကို မိစ္ဆာဒိဋ္ဌိဟု ခေါ်ရပေသည်။ ဥပါဒါန်ဖြစ်သော ဒိဋ္ဌိသည်ကား သာမန်ဒိဋ္ဌိမဟုတ်၊ မိစ္ဆာဒိဋ္ဌိပင်ဖြစ်ပါသည်။

ဒဿနဟူသော စကားသည် ပါဠိဝေါဟာရဖြစ်ပြီး မြန်မာဘာသာအားဖြင့် "အမြင်" ဟု အဓိပ္ပာယ်ရှိသည်။ အမြင်ဆိုသောစကားသည် မျက်စိအမြင်နှင့် ဉာဏ်အမြင်ဟူ၍ (၂)မျိုးရှိရာ၌ ဤနေရာတွင် ဉာဏ်အမြင်ပိုင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

ဉာဏ်အမြင်ဆိုရာဝယ် ဉာဏ်သည် အမျိုးမျိုးရှိနေပါသည်။ သမ္မာဒိဋ္ဌိကောင်းသော ဉာဏ်အမြင်ရှိသည်ဆိုမှာ...

- အမှတ်မှားနေခြင်း (ဝါ) ပြောင်းပြန်မှတ်သားမိထားခြင်း (သညာဝိပ္ပလ္လာသ)
- အသိစိတ်ဖောက်ပြန်နေခြင်း (စိတ္တဝိပ္ပလ္လာသ)
- အမြင်မှားနေခြင်း (ဝါ) ဖောက်ထိုးဖြစ်နေခြင်း (ဒိဋ္ဌိဝိပ္ပလ္လာသ)

ဤ(၃)မျိုးခံနေပါက ဉာဏ်အမြင်ပင်ဖြစ်စေကာမူ တည့်တည့်မမြင်၊ အမြင်မစူးရှ၊ မထက်မြက်တတ်ပါ။ နင်းတောထဲ မီးထိုးသကဲ့သို့ တိုးမပေါက် အရာမရောက်သလို ဖြစ်တတ်ပါသည်။ ဝိပ္ပလ္လာသမကင်းသော ပုထုဇဉ်လူသားများ၏ ဉာဏ်အမြင်ကား ပြောင်းပြန်အမြင် ဖောက်ထိုးအမြင်မျိုးသာဖြစ်ပါသည်။

www.dhammaransi.com



ဝါဒဆိုသောစကားသည်လည်း ပါဠိဝေါဟာရဖြစ်ပြီး မြန်မာဘာသာအားဖြင့် ပြောဆိုချက်ဟု အဓိပ္ပာယ်ရပါသည်။ ဝါဒီဆိုသည်မှာ ပြောဆိုသူ ဖြစ်ပါသည်။

ဒဿနတစ်ခု၊ အမြင်တစ်ခု မှားသည်၊ မှန်သည်ကို မည်သည့်သိပ္ပံပညာရှင်၊ သိပ္ပံကရိယာဖြင့် တိုင်းတာမဆုံးဖြတ်နိုင်သေးသော်လည်း ဗုဒ္ဓကမူ အရာအားလုံးကို ယထာဘူတ ကျကျ သိမြင်ထားသူဖြစ်၍ အမြင်မှားသည် အမြင်မှန်သည်ကို ညွှန်ပြခဲ့ပြီး ဖြစ်ပါသည်။

ဤတွင် သတိပြုရန်အချက်မှာ ဗုဒ္ဓက မှားသည်ဟု သတ်မှတ်၍ မှားသွားခြင်းမဟုတ်။ ဗုဒ္ဓက မှန်သည်ဟုသတ်မှတ်၍ မှန်သွားသည် မဟုတ်ပါ။ နဂိုသဘာဝအတိုင်းက မှားနေ၍ မှားခြင်းဖြစ်ပြီး နဂိုသဘာဝက မှန်နေ၍ မှန်ခြင်းသာ ဖြစ်ပါသည်။

ဗုဒ္ဓက အမှားအမှန် ခွဲခြားပြခြင်း၊ ရွေးချယ်ပြခြင်းသာ ဖြစ်ပါသည်။ ဥပမာ ရွှေတုံးတစ်တုံးကိုတွေ့ပါက ရွှေအကြောင်း နားမလည်သူအဖို့ ရွှေအချိန် မည်မျှရှိသည်၊ ရွှေရည်စစ် - မစစ်ကို မသိပါ။ ရွှေပန်းထိမ်သည်ကမူ ရွှေ၏အရည်အသွေးတန်ဖိုးတို့ကို ကောင်းစွာသိသည်။ ရွှေရည် စစ် မစစ်၊ ကောင်း မကောင်းကို ပန်းထိမ်ဆရာကပြောပြ၍ ကောင်း မကောင်း ဖြစ်သည်မဟုတ်။ ရွှေ၏ ပင်ကိုသဘာဝသာ အကောင်း အညံ့ဖြစ်နေခြင်းသာ ဖြစ်သည်။

ဤဥပမာအတိုင်းပင် လူသားတို့၏ ဒဿန (အမြင်) အမျိုးမျိုးတို့တွင်လည်း သူ့ဟာ သူမှန် သူ့ဟာသူမှားနေသည်များကို ဗုဒ္ဓက ဖော်ထုတ်ပြခြင်းမျှသာ ဖြစ်ပါသည်။

ဗုဒ္ဓသည် ရဟန်းတော်များအတွက် ဝိနည်းဥပဒေထားခြင်းမှတစ်ပါး ကျန်သော ဘာဝလောကနယ်ကြီး၌ ဘယ်ဟာအပြစ်ရှိစေ၊ ဘယ်ဟာမှားပါစေ၊ ဘယ်ဟာမှန်စေ၊ ဘယ်သူတွေ ဘယ်အပြစ်မှမလွတ်စေ၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်သတ်လျှင် အပြစ်မရှိ၊ အပြစ်ကို ငါက ဆေးပေးလျှင် သန့်စင်သွားမည်စသည်ဖြင့် စွက်ဖက်ခြင်းမရှိ။ မည်သည့်အရာမျှကိုလည်း မဖန်ဆင်းပေး။ မည်သည့်အရာအပေါ်၌လည်း အာဏာမထား။ မည်သူ့အပြစ်ကိုမျှလည်း တာဝန်မယူပါ။

ယနေ့ လူ့လောကတွင်ရှိနေသော ဒဿန(အမြင်)အမျိုးမျိုးတို့တွင် အချို့သောအမြင်သည် လူ့သမိုင်းကာလကြီးတစ်လျှောက်လုံး ရှေးရှေးကပြောဆိုလာခဲ့သော အမြင် (ဒဿန) မျိုးသာဖြစ်ပါသည်။ လက်ရှိလူသားပညာရှိတို့က မည်သို့မျှ သက်သေပြ၍မရ။ ကိုယ်တိုင်ဒိဋ္ဌ မြင်ဖို့ လုပ်ဖို့လည်း မလွယ်၊ ပညာဉာဏ်ကိုသုံးဖို့ထက် မျက်ကန်းတစ္ဆေမကြောက် ယုံကြည်ကြရန်သာ ရှိနေပါသည်။

ဂေါတမဘုရားမပွင့်မီကာလက ဤလောကတွင် အမြင် (ဒဿန) အမျိုးမျိုးရှိနေပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ယင်းအမြင် (ဒဿန)တွင်...

- အချို့က လူသည်မြဲ၏၊ လောကသည်မြဲ၏၊ လူသေသော်လည်း ဝိညာဉ်မသေ၊ ဝိညာဉ်သည်နိစ္စဟု မြင်၏။ ဝိညာဉ်မြဲသည်ဟု ယူရာ၌ (၂)မျိုးရှိပါသည်။
- တချို့က ဝိညာဉ်သည် လူသေပြီးနောက် ဘဝသစ်မဖြစ်၊ မြေကြီးထဲ၌နေသည်၊ ကမ္ဘာပျက်သည့်ကာလအထိစောင့်နေ၏၊ ကမ္ဘာပျက်သောအခါ အနန္တတန်ခိုးရှင်(ဖန်ဆင်းရှင်)၏ စစ်ဆေးမှုကို ခံယူပြီး သူ၏အလိုကျဖြစ်ရမည်ဟု မြင်သည်။

ဤသို့ မြဲသည်ဟု မြင်သောအမြင်ကို ပါဠိဘာသာအားဖြင့် သဿတဒိဋ္ဌိဟုခေါ်သည်။ ယင်းကဲ့သို့သော အမြင်. မြင်သူကို ဗုဒ္ဓဂေါတမက မှားသောအမြင်ရှိသူ (မိစ္ဆာဒိဋ္ဌိ)ဟု ဟောပါသည်။

အချို့အမြင်(ဒဿန)က လူသေပြီး ဘဝပြတ်၏၊ နောက်ဘဝ မဖြစ်။ သေပြီး ပြီးတာပဲ။ အတိတ်ဘဝလည်းမရှိ၊ အနာဂတ်ဘဝလည်းမရှိ ပြီးပြီး၊ ပျောက်ပျောက်ပဲဟု မြင်သည်။

အဘယ်ကြောင့်နည်းဟုဆိုက လူတွင် ဝိညာဉ်ဟူ၍ အထူးမရှိ။ ရုပ်သာရှိသည်၊ ဝိညာဉ်ဆိုသည်မှာ ရုပ်ဖွဲ့စည်းမှုအစုသာ ပေါ်လာသည်။ ရုပ်၏အရိပ်နိမိတ်မျှသာဖြစ်သည်။ ရုပ်ကောင်ကြီးသေလျှင် ဝိညာဉ်သည်လည်းပြတ်၏၊ ပျောက်၏ဟု မြင်သည်။

ဤအမြင်ကို ပါဠိလို ဥစ္ဆေဒအမြင်ရှိသူဟု ခေါ်ပါသည်။ ဤအမြင်ကိုလည်း ဗုဒ္ဓက မှားသောအမြင်ရှိသူ (ဥစ္ဆေဒဒိဋ္ဌိ)ရှိသူ စသည် ဟောခဲ့ပါသည်။

ဤသဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိအမြင်များသည် ဂေါတမဗုဒ္ဓမပွင့်မီ ရှေးကတည်းက ဤကမ္ဘာကြီး၌ရှိနေနှင့်သော အမြင်များဖြစ်သည်။

ထိုအမြင်ကို မြင်နေကြသော လူတို့ကလည်း သူတို့မြင်တာမှန်သည်ဟု ထင်ထားကြသည်။ သမ္မာဒိဋ္ဌိ (မှန်သောအယူ)ရှိသူဟု ယုံကြည်နေကြသည်။

ဒဿန (အမြင်)နှင့်ပတ်သက်သော မှားသောအမြင်၊ (ဒိဋ္ဌိ)နှင့် ပတ်သက်၍ အမြင်များပုံနှင့် အယူမှားပုံဟူ၍ (၂)မျိုးရှိနေပါသည်။

လူ၏မှားယွင်းသော အလေ့အကျင့်ကို အမှန်ဟုသုံးသပ်ခြင်း မြင်ခြင်းသည် ထိုသူ၏ နာမကာယနှင့် ရူပကာယကို သံကွင်းဆက်ပမာဆက်ပေးပြီး ဝဋ်ဆင်းရဲမှမလွတ်အောင် ပြုလုပ်ပေးပါသည်။ သေခြင်းနှင့် ဘဝသစ်ပဋိသန္ဓေကို ဆက်ပေးပါသည်။

ထိုသို့ အယူမှား၊ အမြင်မှား လက်ကိုင်ပြုထားသူသည် "ငါ၏ အမြင်သာမှန်သည်ဟု လွန်လွန်ကဲကဲ သက်ဝင်ခဲ့သည်ရှိသော် အခြား အလေ့အကျင့်အမြင်များအားလုံး အမှားချည်းဟု တစ်ဖက်သတ်ယူလိုက်သည်။

www.dhammaransi.com



ဤသည်ကို ပါဠိဘာသာအားဖြင့် ဣဒံ သစ္စာဘိနိဝေသကာယဂန္ထဒိဋ္ဌိဟု ခေါ်ဆိုပါသည်။

အကျင့်ပိုင်းနှင့်ပတ်သက်၍ အမြင်(ဒဿန)အမျိုးမျိုး ရှိပြန်ပါသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး၌ဗုဒ္ဓမပွင့်ခင်ဗုဒ္ဓပွင့်ပြီးနောက်သံသရာမှလွတ်မြောက်လိုသူများအလွန်များပြားကြပါသည်။ မိမိတို့အတွေးအသိဖြင့် ဉာဏ်မီသမျှ စဉ်းစားပြီး ကျင့်ကြလေ့ရှိကြပါသည်။

တချို့က လူသားများမှာ ဘဝအဆက်ဆက်သံသရာက ပြုခဲ့သော အကုသိုလ်များ ရှိနေသည်။ ထိုအကုသိုလ်များကုန်သွားမှ သံသရာမှ လွတ်မြောက်မည်။ အကုသိုလ်မကုန်သရွေ့ သံသရာမှမလွတ်။ အကုသိုလ်သည် မကောင်းကျိုးပေး၏။ သို့အတွက် ထိုဆင်းရဲဒုက္ခများခံပေးလျှင် အကုသိုလ်မြန်မြန်ကုန်သွားမည်ဟု မှတ်ထင်ကြသည်။

ဤသို့သော အတွေးအခေါ်မြော်မြင်မှုအရ လူအရင့်မာကြီးဘဝကနေ လူချမ်းသာအားလုံးကို စွန့်လွှတ်ပြီး တိရစ္ဆာန်ကဲ့သို့ ကျင့်ကြံသူတွေရှိလာခဲ့သည်။

ဗုဒ္ဓခေတ်က ပုဏ္ဏမည်သော ပုရိုဟိတ်သည် နွားလိုကျင့်၏၊ ဝတ်လစ်စလစ်နေ၏၊ လေးဘက်သွား၏၊ ပါးစပ်ဖြင့် ဟပ်စား၏၊ မစင်ကျင်ကြီးကို မသုတ်သင်။ နေပူမိုးရွာထဲ လျှောက်သွားနေ၏၊ အိပ်လျှင်လည်း နွားလိုအိပ်၏။

သေနိယပုရိုဟိတ်သည် ခွေးလိုကျင့်သည်။ ဝတ်လစ်စလစ်နေသည်။ လေးဘက်တွားသွားသည်။ ခွေးစားသည်များကို စားသည်။ ပါးစပ်ဖြင့် ဟပ်စား၏၊ မစင်ကျင်ကြီးကျင်ငယ်ကို မသုတ်သင်။ မြေပေါ်မှာ ခွေးလိုအိပ်ခဲ့သည်။ မြတ်စွာဘုရားနှင့်တွေ့မှ သူတို့တစ်တွေ အကျွတ်တရားရသွားကြပြီး ပုဏ္ဏသည် သရဏဂုံတည်ပြီး ဗုဒ္ဓတရားကို ကျင့်သည်။ သေနိယသည် ရဟန္တာဖြစ်သွားခဲ့ရသည်။

အချို့က ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဖယ်ခုတ်ဆိုသောအကျင့်များကို ကျင့်ကြသည်။ ပဉ္စတပဟူ၍ခေါ်သော ချမ်းတုန်းနှင်းခံ၊ အိုက်တုန်းမီးကင်၊ ဆူးပေါ်အိပ် စသည်တို့ကို ကျင့်ကြသည်။

ဤသို့သော သီလ၊ ဤသို့သော ဝတ (သီလဗ္ဗတ)မျိုးဖြင့် ကောင်းရာရောက်မည်၊ သံသရာမှ စင်ကြယ်မည်ဟု မှတ်ထင်ကြလေသည်။

အလေ့ကို သီလ၊ အကျင့်ကို ဝတဟု ခေါ်ပါသည်။ နှစ်ရပ်ပေါင်းပြီး သီလဗ္ဗတဟု ခေါ်ခြင်းဖြစ်ပါသည်။ ခွေး၊ နွား စသည်တို့၏အလေ့ အကျင့်ကို သီလဗ္ဗတဟုခေါ်ပါသည်။

အယူဝါဒပိုင်းနှင့်ပတ်သက်၍ ဗုဒ္ဓမပွင့်မီ ကမ္ဘာဦးကာလမှစ၍ အတ္တဝါဒ ဒဿန ပေါ်ထွန်းခဲ့ပါသည်။ လူ၌ အတ္တသီးခြားရှိသည်ဟု ယူဆခဲ့၏။

ထိုအတ္တဝါဒတွင်မိမိမှာရှိသောဇီဝအတ္တနှင့်မိမိအတ္တကိုဖန်ဆင်းလိုက်သောပရမတ္တဟူ၍ အတ္တ(၂)မျိုး ရှိနေပါသည်။ အတ္တကလေးနှင့် အတ္တကြီးသဘောပင် ဖြစ်ပါသည်။ အတ္တ

www.dhammaransi.com



ကြီးသည်တစ်ခုတည်းသာရှိသည်။ ထာဝရတည်၏၊ သူက လက်အောက်အတ္တများကိုဖန်ဆင်း၏၊ ကမ္ဘာကို ဖန်ဆင်း၏ ယူဆကြသည်။

လူ၏ကိုယ်၌ ခန္ဓာငါးပါးအပြင် အတ္တသီးခြားရှိသည်ဟု ယူဆကြရာ၌ ထိုအတ္တသည် လူ၏ခန္ဓာကိုယ်ကို ပိုင်စိုး၏၊ လူတို့ပြုလုပ်မှုမှန်သမျှသည် အတ္တ၏ စွမ်းရည်သတ္တိချည်းသာဖြစ်၏။

လူသည် ထိုအတ္တ၏အမိန့်အတိုင်း ကောင်းတာကိုလည်း လုပ်၏။ မကောင်းတာကိုလည်းလုပ်၏။ ခံစားစရာမှန်သမျှ အတ္တကခံစား၏။ ဤလူကိုယ်ခန္ဓာပျက်စီးလျှင် အတ္တက မပျက်စီး။ တခြားကိုယ်ခန္ဓာသို့ ပြောင်းသွား၏ဟု ယူဆကြသည်။

ဤဆိုအပ်ခဲ့ပြီးသော ဒဿန(အမြင်)မျိုးများကို မိရိုးဖလာ သာမန်ကာလျှံကာ လက်ခံထားသူများလည်းရှိ၏၊ ဤအမြင်ကမှ မှန်သည်ဟု စွဲစွဲလမ်းလမ်း လက်ခံထားသူများလည်းရှိ၏၊ ကိုယ်ထင်ရာမှန် ကိုယ်ထင်ရာကောင်းလာခဲ့ကြသော ကမ္ဘာမြင်ကွင်းကျယ် ဒဿန (အမြင်)ကြီးများသည် ယနေ့ခေတ်ထိ ကျယ်ပြန့်စွာ ရှိနေဆဲဖြစ်ပါသည်။

ဤသည်ကို သိပ္ပံပညာက သေချာစွာ စစ်ဆေးဖော်ထုတ်၍ မရသေးပါ။ အလွန်တရာ ဉာဏ်ကြီးကျယ်မြင့်မားသော ဗုဒ္ဓသည် ကမ္ဘာလောကတွင်ရှိနေကြသော ဤဒဿန(အမြင်)များကို ဆန်းစစ်ဝေဖန် သုံးသပ်ပြခဲ့ပါသည်။ သင်္ချာတစ်ပုဒ်၏ တွက်နည်းမှန်၊ အဖြေမှန်ကို ဖော်ထုတ်ပေးသလို တွက်နည်းမှန်အဖြေမှန်ကို ဖော်ထုတ်ပေးခဲ့ပါသည်။

ဗုဒ္ဓဖော်ထုတ်ပေးခဲ့သောဒဿန(အမြင်)နှင့်ပတ်သက်၍ အယူမှား၊ အမြင်မှား(ဒိဋ္ဌိ) သည် သာမန်အဆင့်၊ ထိုအမြင်အယူအပေါ် စွဲစွဲလမ်းလမ်းဖြစ်လာမှုသည် ဥပါဒါန်အဆင့်ဖြစ်သည်။

ထိုဥပါဒါန်အဆင့်တွင်လည်း စွဲလမ်းပုံ စွဲလမ်းနည်းအရ(၃)မျိုး ရှိပါသည်။

- ဖားကို မြွေဖမ်းသကဲ့သို့ စွဲစွဲလမ်းလမ်းထားမှုသည် ဒိဋ္ဌုပါဒါန်
- ခွေး၊ နွားအကျင့်တို့၌စွဲလမ်းကျင့်မှုသည် သီလဗ္ဗတုပါဒါန်
- လူမှာ အတ္တသာရှိသည်ဟု စွဲလမ်းကျင့်မှုသည် အတ္တဝါဒုပါဒါန်

ဗုဒ္ဓက ဤဥပါဒါန်များက ယနေ့လူသားများကို လွှမ်းမိုးထားသည်ကို ခွဲခြမ်းစိတ်ဖြာပြ ထားပါသည်။

အကုသိုလ်ချင်းတူပေမဲ့ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသည်တို့မှာ ဥပါဒါန်ကပ် တတ်သော တရားမျိုးမဟုတ်။ ဒိဋ္ဌိဆိုသော ဒဿနပိုင်း၊ ဝါဒပိုင်းသည် ဥပါဒါန်ကပ်တတ်သော အချက်များဖြစ်သဖြင့် ယနေ့လူသားတို့သည် မိမိလက်ခံထားသော ဝါဒအယူသည် သိပ္ပံနည်း အရ သဘာဝ၊ သဘောတရားအရ မှန်၏၊ မမှန်၏ကို ဗုဒ္ဓ၏ခွဲခြမ်းစိတ်ဖြာသော အဘိဓမ္မာနည်း နှင့် နှိုင်းယှဉ်ကြည့်ရန် လိုအပ်ပါမည်။

www.dhammaransi.com



## သဘာဝအဆိုးတရား(၃)ပါးကျက်စားရာ မိမိခန္ဓာ

လောကရှိ လူသားတို့အား လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်စိတ်၊ စေတသိက်တို့က ဆွဲဖမ်းယူနိုင်သော အာရုံအမျိုးမျိုး၊ အလောဘ (ဒါန)၊ အဒေါသ (မေတ္တာ)၊ အမောဟ (ပညာ) စသော ကုသိုလ်စိတ်၊ စေတသိက်တို့က ဆွဲဖမ်းယူနိုင်သောအာရုံအမျိုးမျိုး တို့ ရှိနေကြပါသည်။

နေ့စဉ် မိမိတို့တွေ့ကြုံရသော အာရုံအလိုက် အကုသိုလ်သဘာဝ၊ ကုသိုလ်သဘာဝ များ မိမိတို့မှာ ဖြစ်၍ဖြစ်၍ လာနေကြရပါသည်။

- မျက်စိမှလည်း ဖြစ်၍လာပါသည်။
- နားမှလည်း ဖြစ်၍လာပါသည်။
- နှာခေါင်းမှလည်း ဖြစ်၍လာပါသည်။
- လျှာကလည်း ဖြစ်၍လာပါသည်။
- ကိုယ်အတွေ့အထိကလည်း ဖြစ်၍လာပါသည်။

နံနက်အိပ်ရာထ၍ မျက်စိနှစ်လုံးဖွင့်ချိန် (နိုးကြားစိတ်) ဖြစ်သော အချိန်မှစ၍ အိပ်ရာဝင် အိပ်ပျော်သည့်(ဘဝင်ကျသည့်)အထိ တစ်နေ့တာကာလအတွင်း အကုသိုလ်သဘာဝ နှင့် ကုသိုလ်သဘာဝ(၂)ရပ်တို့သည် မပြတ်ဖြစ်နေကြပါသည်။

ထို(၂)ရပ်တွင်အကုသိုလ်သဘာဝသည်လူကိုဘဝသံသရာထဲမှထွက်မရလောက် အောင် ဆွဲဆောင်ဖမ်းယူထားတတ်သော သဘာဝ ရှိနေပါသည်။

မိမိကိုယ်မှာမပြတ်ဖြစ်နေသောအကုသိုလ်သဘာဝတို့သည်မိမိတို့၏ဘဝကိုကျယ် ကျယ်ပြန့်ပြန့် ဖန်တီးခြယ်လှယ်နေပါသည်။ ဘဝပြောင်းရာ၌လည်း ပြောင်း၍ လိုက်နေ၏။ ဘဝ ကူးရာ၌လည်း ကူး၍ လိုက်နေပါ၏။

လူသားတို့၏သန္တာန်၌ဖြစ်ပေါ်နေသော လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော သဘာဝဆိုး တရားကို လေ့လာကြည့်ပါက . . .

လူသည် လောဘဖြစ်လာသောအခါ အသာငမ်းငမ်းတက်ဖြစ်လာသည့် အသိမှန်၊ အမြင်မှန် ဆင်ခြင်ဉာဏ်များ တုံ့ထိုင်းဆုတ်ယုတ်သွားသည်။ အကျိုးအပြစ်၊ အဆိုးအကောင်း ကို မစိစစ်နိုင်အောင် ဖြစ်လာရသည်။ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ အတွေးအယူမှားယွင်း ပြီး ဒိဋ္ဌိအမြင်၊ ဒိဋ္ဌိအသိ ဝင်လာသည်။ အမှန်(သစ္စာ)တရားကိုမသိသော မောဟ(အဝိဇ္ဇာ)ဝင် လာရသည်။

လောဘသည် မိမိ၌ဖြစ်နေ၏၊ ဒိဋ္ဌိသည် မိမိ၌ ဖြစ်နေ၏၊ မောဟသည် မိမိ၌ ဖြစ်နေ၏၊ ထပ်၍ထပ်၍ ဖြစ်နေ၏၊ မပြတ်ဖြစ်နေ၏၊ ခဏခဏ ဖြစ်နေ၏၊ မိမိသည် (ဝါ) လူသည် လောဘ၊

www.dhammaransi.com



ဒိဋ္ဌိ၊ မောဟတို့ဖြစ်ရာ နေရာဖြစ်နေ၍ ဖြစ်ပါများသောအခါ လူ၏လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည် အထုံရနေသည်။ ချဉ်ဖက်အိုးအရက်အိုးကဲ့သို့ အလျှင်ရနေသည်၊ စွဲနေ၏။

လူ့ဘဝ လူ့ကိုယ်ကား ချဉ်ဖတ်အိုး၊ အရက်အိုးနှင့်တူပါသည်။ လူ၌မပြတ်ဖြစ်နေသော လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကား အလျှင်ရနေသော စွဲနေသော၊ ထုံနေသောအရက်အိုး၊ ချဉ်ဖတ်အိုးနှင့် တူပါသည်။

ထိုကဲ့သို့ ကြာမြင့်စွာ ထုံနေစွဲနေသော သဘာဝကို ဗုဒ္ဓက ပါဠိလို အာသဝဟူ၍ ဖော်ထုတ်ဟောခဲ့ပါသည်။

လောဘ၊ ဒိဋ္ဌိ၊ မောဟဟု ဆိုအပ်သော အာသဝတရားနှင့်ပတ်သက်၍ အရက်သည် အရက်အိုး၌အလျှင်ဖြစ်နေပြီး သောက်စားသူတို့ကို မူးယစ်ရူးမူးစေသကဲ့သို့ ဤတရား သုံးပါးတို့သည်လည်း မိမိဖြစ်ရာ လူကို လိုချင်တပ်မက်မှု၊ အမြင်မှားမှု၊ မသိမိုက်မဲတို့ဖြင့် ယစ်မူးစေတတ်ပါသည်။

တစ်နည်း အရည်သည် ယိုစီးတတ်သကဲ့သို့ ဤတရား (၃) ပါးသည် ယိုစီးတတ်သည်။ အရာဝတ္ထုအတုံးအခဲသည် တစ်နေရာတည်း၌သာ ရပ်တည်နေပါသည်။ အရည် (အရေ)ကား စီးဆင်းတတ်သော သဘောရှိပါ၏။

ဤလောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော သဘာဝ(၃)မျိုးသည် လူနတ်မှစ၍ အထက်ဆုံး ဘဝဂ်ဘုံ (ဗြဟ္မာဘုံ)များအထိ စီးဝင်ပါသည်။

တရားပိုင်း (လောကုတ္တရာပိုင်း)က ကြည့်လျှင် သံသရာမှလွတ်အောင် ထွက်ပြေး ကြသူများနောက်သို့ သောတာပတ္တိမဂ်စိတ်ဖြစ်ခါနီး (သောတာပတ္တိမဂ်စိတ်၏ရှေ့) ဂေါတြဘု (ပုထုဇဉ်အနွယ်ဖြတ်၍ အရိယာ အနွယ်သို့ကူးသောစိတ်အထိ လိုက်ပါစီးတတ်ပါသည်။

အထက်ဆုံးဘုံဘဝဂ်ဗြဟ္မာပြည်မှာ ဗြဟ္မာကြီးဖြစ်နေသော်လည်း အာသဝေါတရား မကင်းသေးကလူ့ပြည်မှာလူလာဖြစ်ရပြန်သည်။ကမ္ဘာမြေပြင်မှာနေသောလူသာမကအပါယ် လေးပါးသို့လည်း သွားရောက်နိုင်ပါသည်။ မြန်မာဆိုရိုးတရားစကားတွင် ဗြဟ္မာပြည်မှာ တဝင်း ဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်ဟု ဆိုထားခဲ့ပါသည်။

သိပ္ပံသဘောသဘာဝနှင့် ကြည့်လျှင် အာသဝေါတရားဟူသော ဤလောဘဒိဋ္ဌိ၊ မောဟ(၃)ပါးသည် ကမ္ဘာမြေကြီးဆွဲငင်အားနှင့် တူပါသည်။ ကမ္ဘာမြေကြီး၏ဆွဲငင်အား အတွင်းမှ မလွတ်မထွက်နိုင်သော အရာဟူသမျှ မြေသို့သာ ပြန်ကျရသည်။

ကမ္ဘာမြေ၏ ဆွဲငင်အားအတွင်းရှိနယ်ကို လောကီနယ် (ဝါ) ၃၁ ဘုံနယ်၊ ကမ္ဘာမြေ၏ ဆွဲငင်အား ပြင်ပရှိနယ်ကို လောကုတ္တရာနယ်ဟု ဆိုရပါမည်။

အာသဝေါတရားဆိုသော ဤတရား (၃)ပါးသည် လောကီဆွဲငင်အားနယ်အတွင်း မည်မျှမြင့်သောဘုံနေရာ၌ရှိရှိ အောက်သို့ပြန်ဆွဲချမည်သာ ဖြစ်ပါသည်။

---

www.dhammaransi.com



အာသဝေါတရားမကုန်သေးသော နတ်၊ ဗြဟ္မာမှန်သမျှ လူ့လောက လူ့ဘဝသို့ ပြန်လာကြရမည်သာဖြစ်ပါသည်။

ဤအာသဝတရားကိုပင် ဗုဒ္ဓက တစိုစို တစိစိ ယိုထွက်တတ်သော သွေးပုပ်ပြည်ပုပ်နှင့်တူသော တရားဟူ၍ တင်စားဟောခဲ့ပါသည်။

လူ၏ခန္ဓာကိုယ်မှာ အိုင်းအနာကြီးပေါက်နေပါက အနာမှ သွေးပြည်များ တစိုစိုတစိစိ ယိုနေမည်သာဖြစ်သကဲ့သို့ လူကိုယ်မှာလည်း မျက်စိပေါက်(စက္ခုဒွါရ) လောဘ၊ ဒိဋ္ဌိ၊ မောဟ အကုသိုလ်တရားများ ယိုနေပါသည်။

လှတာလေးကိုမြင်၍ လိုချင်လျှင် လောဘသွေးပြည်များ ယိုနေခြင်းဖြစ်သည်။ အလားတူ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်အင်္ဂါတို့မှလည်း လောဘ၊ ဒိဋ္ဌိ၊ မောဟ၊ အာသဝ သဘာဝ ဆိုးတရားများတို့ ယိုစီးကျနေပါသည်။

ဤတရားများသည် မိမိမှာ (ဝါ) လူမှာ မျက်စိကမြင်တိုင်း၊ နားကကြားတိုင်း၊ နှာခေါင်းကနံတိုင်း၊ လျှာကအရသာသိတိုင်း၊ ကိုယ်ကထိတွေ့တိုင်း စိတ်ကကြံစည်တိုင်း ဖြစ်ပေါ်ယိုစီးနေပါသည်။

ဤအာသဝတရား(၄)ပါးကို အလျှင်အထုံ့ခွဲပြီး ယစ်မူးစေတတ်၊ အရည်ကဲ့သို့ ယိုစီးတတ်၊ ပြည်ကဲ့သို့ တစိုစိုတစိစိဖြစ်တတ်သောကြောင့် အာသဝတရားဟူ၍ ဗုဒ္ဓက ဟောကြားခဲ့သလို သူတို့၏ဇာတိရုပ်ပေါ်လာအောင် အမည်နာမလည်း တပ်ဆင်ပေး၍ ဟောကြားထားခဲ့ပါသည်။

- လူလောက၊ နတ်လောကဟူသော ကာမ
  လောက၌ လိုချင်တပ်မက်သောလောဘကို ကာမာသဝ
- ဗြဟ္မာလောကရောက်ရစ္စာန်တရားများကို ကပ်ငြိတွယ်တာသော လောဘကို ဘဝါသဝ

ဟူ၍ လောဘတစ်ခုတည်းကိုပင် ကာမာသဝ၊ ဘဝါသဝဟူ၍ အမည်ပေး ဖော်ထုတ်ဟောခဲ့ပါသည်။

အမှန်ကိုမသိ၊ အမှားကိုသိသော မောဟကို သရုပ်ပေါ်အောင် အဝိဇ္ဇာသဝဟု အမည်တပ်၍ ဖော်ထုတ်ဟောခဲ့သည်။ အဝိဇ္ဇာဟူသည် အမှန်၏ဆန့်ကျင်ဘက်ကိုသိခြင်း အမှားကိုသိခြင်း သဘောဖြစ်ပါသည်။

ဤအာသဝေါတရားများကို ဗုဒ္ဓက သူ၏ အဘိဓမ္မာတရားတော်၌ ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားခဲ့ပါသည်။ ဤအာသဝေါတရား၏ သဘာဝကို သိပ္ပံပညာက မသိသေး။ ဖော်ထုတ်၍ မပြနိုင်သေးပါ။

www.dhammaransi.com



ဗုဒ္ဓဘာသာလောက၌ ဤအာသဝေါတရားလေးပါးသည် အလွန်ထင်ရှား ကျော်ကြားပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားရှိခိုးပြီးပါက . . .

"ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"

မေ - တပည့်တော်၏၊ ဣဒံပုညံ - ဤကောင်းမှုသည်၊ အာသဝက္ခယံ - အာသဝေါတရားလေးပါးတို့၏ ကင်းရာကုန်ရာ (နိဗ္ဗာန်)ကို၊ ဝဟံ - ရွက်ဆောင်နိုင်သည်၊ ဟောတု - ဖြစ်ပါစေသတည်းဟု တွင်တွင်ဆုတောင်းခဲ့ကြပါသည်။ ဆုတောင်းသူကား ဆုမတောင်းသူထက် သာပါသည်။

အာသဝေါတရားမှန်းသိခြင်း၊ တိုးပွားလျှင် တိုးပွားမှန်းသိခြင်း၊ မဖြစ်လျှင် မဖြစ်မှန်းသိခြင်းသည် ကုသိုလ်ရပါသည်။ အကုသိုလ်ကို အကုသိုလ်မှန်းသိခြင်း၊ အကုသိုလ်ဖြစ်မှန်းသိခြင်းသည်ပင် ကုသိုလ်မည်ပါသည်။

အကုသိုလ်အာသဝေါတရားကား အသိခံရသောအာရုံတရား၊ သူ့ကိုသိသည်က အဘိဓမ္မာအသိဉာဏ်၊ အဘိဓမ္မာအသိဉာဏ်သည် ကုသိုလ်တရားဖြစ်၍ ထိုအသိဉာဏ် မိမိမှာ ဖြစ်ပေါ်ခြင်းသည် ကုသိုလ်ရခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် လူသားတို့ခန္ဓာကိုယ်၌ ခြယ်လှယ်နေသော အဆိုးတရား(၃)ပါး၏ သဘာဝကို ယနေ့ထိ သိပ္ပံကမမြင် မဖော်ထုတ်နိုင်သေးသော်လည်း ဗုဒ္ဓကမူ လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်ကတည်းက အဘိဓမ္မာဟူ၍ အမည်တပ်ပြီး ထုတ်ဖော်ဟောကြားပေးထားခဲ့ပါသည်။

⊙ ⊙ ⊙

www.dhammaransi.com

# အပိုင်း [ ၃ ]

# နာမ်၏ သဘာဝများ

## လူသားအား သံသရာမှမလွတ်စေသော တရားသဘာဝများ၏ ပရိယာယ်များ

ဂေါတမဗုဒ္ဓသည် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏အကျိုးငှါ လောကရှိ သဘာဝတရားများ၏ အမှားများနှင့် အမှန်တရားတို့ကို ထုတ်ဖော်ဟောကြားခဲ့ပါသည်။ ထိုသို့ ဟောကြားထုတ်ဖော်ပြရာ၌ အကုသိုလ်သဘာဝတရားများက လူသားတို့က မည်သို့သိပုံ၊ ခြယ်လှယ်ပုံကို အသေးစိတ်ထုတ်ဖော်ရာ၌ သာမန်လူသားတို့ နားလည်နိုင်ရန် လောကသဘာဝများနှင့် နှိုင်းယှဉ်၍ ဟောပြောပြလေ့ရှိပါသည်။

အဘယ်ကြောင့် နှိုင်းယှဉ်၍ ဟောပြောရသနည်းဆိုသော် လူသားတို့၏အဆင့်အတန်းနှင့် အသိဉာဏ် ကွဲပြားမှုကြောင့်ဖြစ်ပါသည်။ လူသဘာဝကို ဆန်းစစ်ကြည့်လျှင် အသိပညာနည်းသော လူပြိန်းတို့က လူတစ်ယောက်လုံးကို ငါဟုထင်ပြီး ကိုယ်ခန္ဓာဒြပ်ဝတ္ထုကိုသိသည်။ ငါ့ခြေ၊ ငါ့လက်၊ ငါ့ဗိုက်၊ ငါ့ဦးခေါင်းဟု အပေါ်ယံမျှသာ သိကြသည်။ ထိုထက်ပို၍မသိကြ။ သိရန်လည်း မကြိုးစားကြပေ။

အနည်းငယ် စဉ်းစားဉာဏ်ရှိသူက ငါမှာ အရိုး၊ အရေ၊ အသား၊ အသွေး၊ နှလုံး၊ ကျောက်ကပ်၊ အဆုတ်၊ အူသိမ်၊ အူမများ ဦးခေါင်းထဲ၌ ဦးနှောက်စသောကောဋ္ဌာသများရှိကြောင်းသိသည်။ သို့သော် ထိုကောဋ္ဌာသအသီးသီး၏တစ်ခုစီ ဆောင်ရွက်ပုံကို မသိ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ခန္ဓဗေဒပါရဂူကား ထိုထိုကောဋ္ဌာသတစ်ခုစီ၏ ဆောင်ရွက်လုပ်ကိုင်ပုံအကြောင်းစုံကို အသေးစိတ်သိသည်။ သိသည်များကို ဖော်ထုတ်ဟောကြားခြင်း၊ ရေးသားခြင်း ပြုကြသည်။

ထိုဥပမာအတိုင်းပင် ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ရှင်၊ ခန္ဓဗေဒပညာရှင်၊ စိတ္တဗေဒပညာရှင်ဖြစ်နေ၍ လူသား၏ ရုပ်နာမ်သဘာဝနှင့် ထိုရုပ်နာမ်သဘာဝအတွင်းရှိ လူသားတို့အား အကုသိုလ်ဖြစ်အောင် နှစ်မွန်းအောင်၊ သံသရာရှည်အောင်ပြုလုပ်တတ်သော လောဘ၊ ဒိဋ္ဌိ၊ မောဟတရားတို့ကို လူ၊ နတ်၊ ဗြဟ္မာတို့အား သိရှိနားလည်အောင် ပုံဆောင်၍ဟောပြထုတ်ဖော်ပြခဲ့ပါသည်။

ထိုသို့ပြရာ၌ ယင်း လောဘ၊ ဒိဋ္ဌိ၊ မောဟ တရားကို အရက်ကဲ့သို့ အလျှင်ဖြင့် အထုံဖြစ်ပြီး ယစ်မူးစေတတ်၊ အရည်ကဲ့သို့ ယိုစီးတတ်၊ ပြည်ကဲ့သို့ တစိုစိုတစိစိဖြစ်တတ်၍ အာသဝတရားဟူ၍ ထုတ်ဖော်ဟောခဲ့သလို မဟာသမုဒ္ဒရာ၌ အရှိန်အဟုန်ပြင်းစွာ ပတ်ချာလည်စီးဆင်းနေသော ရေစီးရေခဲတို့ကို ပါဠိဘာသာဖြင့် ဩဃဟူ၍ ခေါ်သည်။ အလားတူ ဤလောဘ၊ ဒိဋ္ဌိ၊ မောဟတရား(၃)ပါးသည် မိမိတို့ကို လက်ခံဖြစ်ပေါ်ခွင့်ပေးသူ၊ လူသားအား အပါယ်လေးပါး၌ နစ်မြုပ်ပျက်စီးစေတတ်၏။ ယင်းအကုသိုလ်သဘာဝတို့က လူ၊ နတ်၊ ဗြဟ္မာပြည်ရောက်အောင် ဖြစ်အောင် တိုးမြှင့်ပေးသည်ဟူ၍ မရှိပါ။

ယင်း(၃)ပါးကို ဇာတိရုပ်ပေါ်အောင် ဗုဒ္ဓက...

- ကာမကို လိုချင်သောလောဘတည်းဟူသောသဘာဝတရားကို ကာမောဃ
- ရှာန်ဆိုင်ရာ ဗြဟ္မာဘဝစသည်ကို လိုချင်သော လောဘဟူသော နစ်မြုပ်တတ်သော သဘာဝတရားကို ဘဝေါဃ
- အမြင်မှားသောဒိဋ္ဌိတရားတည်းဟူသောနစ်မြုပ်တတ်သောသဘာဝတရားကို ဒိဋ္ဌောဃ
- အမှန်မသိအမှားကိုသိသောအဝိဇ္ဇာ(မောဟ)တည်းဟူသောနစ်မြုပ်စေတတ်သော သဘာဝတရားကို အဝိဇ္ဇောဃဟူ၍အမည်တပ်ပေးပြီး

ဟောခဲ့ပြန်ပါသည်။

ထိုမှတစ်ဖန် ယင်းတရား(၃)ပါးသည်...

မိမိဖြစ်ရာလူကို သံသရာဝဋ်ဆင်းရဲနှင့် ဆက်စပ်ပေးတတ်၊ ဘဝတစ်ခုနှင့်တစ်ခု ဆက်စပ်ပေးတတ်၏။

လောကလူသားသည် အကုသိုလ်လောဘတွေဖြစ်နေသမျှ သံသရာဝဋ်မှ ဘယ်သောအခါမှမထွက်၊ လောဘများဖြစ်နေသမျှ ဤဘဝမှသေလျှင် နောက်ဘဝ ဆက်၍ဖြစ်ဦးမည်သာ ဘဝမပြတ်၊ လောဘသည် ဘဝချင်း ဆက်စပ်ပေးနေ၏။

www.dhammaransi.com



ဤနည်းအရ အသိမှား၊ အမြင်မှား၊ ဒိဋ္ဌိ (အမြင်)တွေ ဖြစ်နေသမျှ ကာလပတ်လုံး၊ တွေဝေမိုက်မှားသောတရားများဖြစ်နေသမျှ ဝဋ္ဋ ဒုက္ခမှ မလွတ်နိုင်၊ ဘဝမပြတ်နိုင်၊ ဤသည်ကို သိရန်လိုအပ်ပါသည်။

လောကသဘာဝ၌ တစ်ခုနှင့်တစ်ခုကပ်တတ်သော အစေးဆိုသည်များ (ဥပမာ - ကပ်စေးနဲ၊ မျောက်နဲစေး၊ ကော်စေး) ရှိနေကြပါသည်။ ထိုအစေးများသည် အရာဝတ္ထုများကို တွဲစပ်၊ ယှဉ်စပ်ပေးတတ်၏။ ယင်းကို ပါဠိဘာသာအားဖြင့် ယောဂဟု ဗုဒ္ဓက ထုတ်ဖော်ဟောပြ၏။

လောဘ၊ဒိဋ္ဌိ၊မောဟတရားတို့သည်လူကိုဝဋ္ဋဆင်းရဲနှင့်ယှဉ်စပ်ပေးတတ်၏။ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို ဆက်စပ်ပေးတတ်၏။ သို့အတွက် အစေးနှင့်တူ၏။ ယင်းကို ဗုဒ္ဓက ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ ဟူ၍ ထုတ်ဖော်ဟောခဲ့ပါသည်။

(ဤယောဂဟူသော ပါဠိဝေါဟာရသည် တရားအားထုတ်သူ ယောဂီနှင့်လည်းကောင်း၊ ယောဂအကျင့်ဆိုသည်နှင့်လည်းကောင်း၊ မသက်ဆိုင်ပါ။ မိမိဖြစ်ပေါ်ရာကို သံသရာဝဋ္ဋဆင်းရဲနှင့် ယှဉ်စပ်ပေးတတ် သောသဘောမျှသာ ဖြစ်ပါသည်)

လူတွင် နာမ်နှင့်ရုပ်အဓိကသဘာဝ(၂)ခု သာရှိသည်။ လူ၏ကိုယ်မှ နာမ်ကို နုတ်လိုက်လျှင် လူသေဖြစ်သွား၏။ ရုပ်ကိုနုတ်လိုက်ပါက ချက်ချင်းပျောက်ကွယ်သွားပြန်၏။ သို့တွက် ရုပ်နှင့်နာမ်သဘာဝ(၂)ရပ်ကို တွဲစပ်ဖြစ်နေကြောင်း သိသာနိုင်ပါသည်။

လူ၌ရှိသောနာမ်သည်တစ်ခုတည်းမဟုတ်၊အများဖြစ်၍နာမ်အပေါင်း(နာမကာယ) ရုပ်ကိုလည်း အများရုပ်အပေါင်းဖြစ်၍ ရူပကာယပင်ဖြစ်၏။ ယင်းနာမကာယနှင့် ရူပကာယသည် ဆက်စပ်၍သာ ဖြစ်နိုင်ကြသည်။

လောဘ၊ ဒေါသ၊ ဒိဋ္ဌိ တရား(၃)မျိုးသည်လည်း ထိုနာမကာယနှင့် ရူပကာယကို ဆက်စပ်ပေးရာတွင် ကော်စေးနှင့်ဆက်စပ်ပေးသည်ထက် ခိုင်မြဲစွာ ဆက်ပေး၏။ ပစ္စုပ္ပန်တစ်ဘဝတာအတွက် ဆက်ပေးရုံမက သေလွန်သောအခါ ဤဘဝစုတိနှင့် နောက်ဘဝပဋိသန္ဓေကိုပါ ခိုင်မြဲစွာ ဆက်၍ပေးပြန်သည်။ နောက်ဘဝ၌လည်း နာမကာယနှင့် ရူပကာယကို ဆက်၍ပေးပြန်သည်။

လောက၌ သံကွင်းဆက် ဆက်ပေးသောတရားကို ဗုဒ္ဓက ဂန္ထဟူ၍ အမည်ပေးပြီး အဘိဓမ္မာ၌ ထုတ်ဖော်ဟောခဲ့ပါသည်။

ဤဂန္ထတရားသည် မူလတရားကိုယ်အသိအားဖြင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိအားဖြင့် (၃) မျိုးသာရှိသည်။ အလုပ်ကိစ္စအလိုက် ခွဲဝေသော် ယင်းဂန္ထတရားကား (၄)မျိုးရှိကြောင်း ဟောခဲ့ပါသည်။

---

www.dhammaransi.com



- သူတစ်ပါး၏ပစ္စည်းကိုရေးရှု၍လိုချင်တတ်သောလောဘသဘာဝကိုအဘိဇ္ဈာဟုဟောပြီး ယင်းအဘိဇ္ဈာအပေါင်းကို အဘိဇ္ဈာကာယဟု ဟောပါသည်။ ယင်းအဘိဇ္ဈာကာယသည် ပင်ကိုယ်ရုပ်နှင့် သံကွင်းဆက်သဖွယ် ဆက်ပေးတတ်သောကြောင့် အဘိဇ္ဈာကာယဂန္ထဟူ၍ ဟောခဲ့ပါသည်။
- သူတစ်ပါးကို ဖျက်ဆီးတတ်သော သဘာဝတရားကို ဗျာပါဒဟုဟောပြီး ယင်းဗျာပါဒအပေါင်းကို ဗျာပါဒကာယဟု ဟောပါသည်။

ယင်းဗျာပါဒကာယသည် ရူပကာယနှင့်ဆက်စပ်တတ်သောကြောင့် ဗျာပါဒကာယဂန္ထဟု ခေါ်ပါသည်။

ထိုအမြင်မှား၊ အယူမှား၊ ဒိဋ္ဌိတစ်လုံးကိုပင် နောင်ဖွဲ့မှု (ဂန္ထ)၌ (၂)မျိုးခွဲ၍ ထုတ်ဖော်ဟောပြခဲ့ပါသည်။

၁။ မှားယွင်းသောအလေ့အကျင့် (ခွေး၊ နွားစသည်အကျင့်များကိုအမှန်ဟူ၍သုံးသပ်ခြင်း၊ မြင်ခြင်း သီလဗ္ဗတပရာမာသ၊

၂။ သူ၏အမှားကို အမှန်ထင်ပြီး သူ၏အမြင်မှတစ်ပါး အခြားအလေ့အကျင့်အမြင်အယူအဆအားလုံး အမှားချည်းဟု တစ်ဖက်သတ်ယူခြင်း ဣဒံသစ္စာဘိနိဝေသ၊

လူ၏ မှားယွင်းသောအကျင့်ကို အမှန်ပဲဟု သုံးသပ်ခြင်း မြင်ခြင်းဖြစ်က ထိုအမြင်သည် ထိုသူ၏နာမကာယနှင့် ရူပကာယကို သံကွင်းဆက် ဆက်ပေးပြီး ဝဋ်ဆင်းရဲမှမထွက်အောင် ပြုလုပ်လေသည်။ စုတိနှင့်ပဋိသန္ဓေကို ဆက်စပ်ပေး၏။

ထိုကဲ့သို့အမြင်မှားမှုကိုပါဠိဘာသာအားဖြင့်သီလဗ္ဗတပရာမာသကာယဟုခေါ်ဆိုခဲ့သည်။

ထိုသို့သော အယူမှား၊ အမြင်မှား လက်ကိုင်ထားသူသည် ငါ၏အမြင်သာ မှန်သည်ဟု လွှန်လွန်ကဲကဲ သက်ဝင်ခဲ့သည်ရှိသော် ဣဒံသစ္စာ ဘိနိဝေသ ဖြစ်ရပြန်ပါသည်။

ယင်းသည် အမြင်များပေါ်အစွဲများ ဆင့်ပြန်သည့်အတွက် ပိုဆိုး ပါသည်။ ဤအမြင်များ အစွဲများ၊ ဒိဋ္ဌိသည်လည်း ကာယချင်းဆက်ပေးပြီး ဘဝချင်းပါ ဆက်ပေးပြန်သဖြင့် ဣဒံသစ္စာ ဘိနိဝေသကာယဂန္ထဟု ပါဠိဘာသာဖြင့် ထုတ်ဖော်ဟောခဲ့ပါသည်။

ဗုဒ္ဓသည် လောကလူသားတို့၏ ပါရမီ အနေ၊ အရင့်အပေါ် အသိဉာဏ်အပေါ် မူတည်ပြီး လူသားတို့အား သံသရာဝဋ်ဆင်းရဲက မလွတ်အောင် ဖန်တီးပေးတတ်သော တရားသဘာဝများကို ဤကဲ့သို့သော ဥပမာဝေါဟာရစကားအစုံဖြင့် ထုတ်ဖော်ဟောကြား ပြသခဲ့ပါသည်။

www.dhammaransi.com



ယနေ့သိပ္ပံပညာသည် လူသားတို့အား ဆင်းရဲဒုက္ခဖြစ်စေမှုကို ပြုလုပ်နေသော တရားသဘာဝများကို မထုတ်ဖော်နိုင်သေးပါ။ ထိုတရားသဘာဝကို သိသောသူတို့သည် ဤလောကဝယ် လူအဖိုးတန်လူများဖြစ်မည်။ သို့အတွက် ဗုဒ္ဓက ဤတရားသဘာဝများကို ထုတ်ဖော်ဟောကြားပြသခဲ့ခြင်းဖြစ်ပါသည်။

## လူ၏သဘာဝစွမ်းအားဖြင့် မြေလျှိုးမိုးပျံနိုင်မှု

ယနေ့ကမ္ဘာလောကကို လေ့လာကြည့်လျှင် သက်ရှိသက်မဲ့ သဘာဝ (၂) မျိုးကို တွေ့နေရပါသည်။ သက်ရှိလောကတွင်ကြည့်သော် လူနှင့်တိရစ္ဆာန်လောကကို တွေ့ရပါသည်။

သက်ရှိတိရစ္ဆာန်လောကတွင် အာကာသကောင်းကင်သို့ ပျံသန်းသွားနိုင်သော သတ္တဝါ၊ ကုန်းမြေ၌နေသောသတ္တဝါ၊ ရေ၌နေသောသတ္တဝါဟူ၍ (၃) မျိုး ခွဲခြားမြင်နိုင်ပါသည်။

ကောင်းကင်ပျံငှက်မျိုးနွယ်မှတစ်ပါး လူသားများနှင့် ကျန်သတ္တဝါများသည် သိပ္ပံပညာကပြောသော မြေကြီး၏ဆွဲငင်အားဖြင့် ကုန်းပေါ်၌ရပ်တည်ပြီး လှုပ်ရှားသွားလာနေရသည်။

ငှက်တို့ကောင်းကင်သို့ ပျံသန်းသွားနိုင်ခြင်းကို လေ့လာသော် မျိုးရိုးဗီဇအခြေခံကို တွေ့ရပါမည်။ ယင်းတို့၏ဗီဇအရ ကိုယ်ခန္ဓာ၌ အတောင်အားသန်ခြင်း၊ အမွေးပေါ့များ ပေါက်ရောက်နေခြင်း စသည်တို့ကြောင့် လေကိုယက်ယူပြီး ခန္ဓာကိုယ်ကို မြေပြင်မှ ကြွတက်အောင် ပျံသန်းနိုင်ကြသည်။

ဤတွင် လောကသဘာဝ၌ လေနှင့်မြေသဘာဝကို ဂရုပြုရန် လိုအပ်သည်။ ငှက်တို့သည် လေကို အားပြုကြသည်။ လူနှင့်တကွ ကုန်းသတ္တဝါတို့သည် မြေကို အားပြုကြသည်။ ငါးစသော ရေသတ္တဝါတို့မှာ ရေကို အားပြုကြသည်။ ငှက်တို့သည် မြေကြီး၏ဆွဲငင်အားကို ဆန့်ကျင်၍ကောင်းကင်သို့ ပျံတက်နိုင်သည်။ လူနှင့် အခြားတိရစ္ဆာန်များမှာမူ မြေကြီး၏ဆွဲငင်အားကို မကျော်လွှန်နိုင်ကြ၍ မြေပေါ်၌လျှောက်နေကြရသည်။

သို့သော် လူသားသည် အသိဉာဏ်ရှိသောသတ္တဝါ၊ စဉ်းစားဆင်ခြင်နိုင်ခြင်း၊ ဖန်ဆင်းခြင်းကို လက်မခံ။ မိမိ၏စိတ်ဓာတ်အား ကိုယ်ခန္ဓာအားဖြင့် အလုပ်နှင့်တီထွင်ဆန်းသစ်မှုကို ဖန်ဆင်းနိုင်သော အသိပညာ၊ အတတ်ပညာတို့ကို အသုံးပြုပြီး မိမိ၏ပတ်ဝန်းကျင်ကို လေ့လာကာ တီထွင်ဖန်တီးလာတတ်ကြသည်။

www.dhammaransi.com



ဤသို့သော ဉာဏ်ပညာအသိမြင့်မားသောလူသားသည် ငှက်တို့၏ မိုးကောင်းကင်ပျံနိုင်မှုကို လေ့လာသုံးသပ်ဆင်ခြင်ခဲ့သည်။

လူသည် အသိဉာဏ်ကိုအသုံးပြု၍ မိုးကောင်းကင်သို့ ပျံတက်နိုင်အောင် နည်းလမ်း (၃) နည်းဖြင့် ကြိုးစားခဲ့သည်ကို လူသမိုင်းကို လေ့လာသောအခါ တွေ့လာရပါသည်။

| | | |
|---|---|---|
| ပထမနည်းမှာ | - | လူ၌ရှိသော စိတ်ပိုင်းဆိုင်ရာကို ပြုပြင်တည်ဆောက်၍ ကောင်းကင်သို့ပျံခြင်း၊ ဥပမာ - ဈာန်ရရသေ့များ၊ ဘုရားရှင်နှင့် ဈာန်ရရဟန္တာအရှင်မြတ်များ၊ |
| ဒုတိယနည်းမှာ | - | ဆေးဝါး၊ အင်းအိုင်၊ မန္တရား အတတ်တို့ဖြင့် ကောင်းကင်ပျံနိုင်ခြင်း၊ ဥပမာ - ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ |
| တတိယနည်းမှာ | - | မျက်မှောက်ခေတ် သိပ္ပံပညာရှင်လူသားတို့ လေ့လာသုတေသနပြုပြီး တေဇောဓာတ်(မီး)နှင့် ဝါယောဓာတ်(လေ)ကို အကူအညီယူပြီး ကောင်းကင်ပျံနိုင်ခြင်း၊ ဥပမာ - လေယာဉ်ပျံ၊ ဂြိုဟ်တု၊ ဒုံးပျံယာဉ်စသည်တို့ ဖြစ်ပါသည်။ |

ဗုဒ္ဓမပွင့်ခင်၊ သိပ္ပံပညာမထွန်းကားခင်က ရသေ့များသည် သမာဓိစွမ်းအားဖြင့် ဈာန်ရအောင်ပြုလုပ်ပြီး ကောင်းကင်ပျံနိုင်ခဲ့ကြသည်။ ဝိဇ္ဇာ၊ ဇော်ဂျီများသည်လည်း ဆေးဝါး၊ အင်းအိုင်၊ မန္တရား အတတ်တို့ဖြင့် ကောင်းကင်ပျံနိုင်ခဲ့ကြသည်။

ဗုဒ္ဓဂေါတမ ပွင့်တော်မူလာသောအခါ ဗုဒ္ဓဂေါတမက ကောင်းကင်ပျံသန်းနိုင်နည်း၊ မြေလျှိုးမိုးပျံနည်းတို့၏ ကျင့်ပုံကျင့်နည်းစနစ်တို့ကို နည်းပေးလမ်းပြဟောခဲ့သည်။

သို့အတွက် ဗုဒ္ဓခေတ် ရဟန်းတော်များသည် မိမိတို့ကိုယ်တွင်း၌ရှိသော စိတ်၊ စေတသိက် နာမ်ပိုင်းကို ဗုဒ္ဓဟောပြသောနည်းဖြင့် ပြုပြင်ထိန်းသိမ်းကျင့်ကြံပြီး ကောင်းကင်သို့ ပျံနိုင်ခဲ့ကြသည်။ မဟာပထဝီမြေကြီးထဲသို့ ငုပ်လျှိုထွင်းဖောက် ဝင်ရောက်သွားလာနိုင်ခဲ့ကြသည်။

သို့ဖြစ်၍ ဗုဒ္ဓဂေါတမပေးခဲ့သော နည်းလမ်းများနှင့်တပည့်များ အသုံးပြုခဲ့သော ဉာဏ်သည် သိပ္ပံဉာဏ်ထက်လည်း သာသည်။ ဆေးဝါး၊ အင်းအိုင်၊ မန္တန်ထက်လည်း သာသည်။ ကြီးမားမြင့်မြတ်သည်ကို သိရပါသည်။

ယနေ့လူသားတို့သည် သိပ္ပံပညာလက်ရာဖြစ်သော ရုပ်ဝတ္ထုပစ္စည်းကို အခြေခံပြု၍ တေဇောဓာတ်၊ ဝါယောဓာတ်ကို အားပြုကာ လေယာဉ်ပျံစသည်ကို တီထွင်ဖန်တီးပြီး ကောင်းကင်ပျံခဲ့ကြသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထိုတီထွင်မှုသည် တစ်ဘက်ကလူသားကို အကျိုးပြုသလို အခြားတစ်ဘက်ကလည်း လူသားတို့ကို သတ်ဖြတ်ဖျက်ဆီး၍ အပြစ်ပြုသည်များရှိနေ၍ ကမ္ဘာလောကကြီးအတွက် ဘေးအန္တရာယ်မကင်း၊ ငြိမ်းချမ်းမှုကို ပျက်စီးစေခဲ့ပါသည်။ ဆေးဝါး၊ အင်းအိုင်သုံးဝိဇ္ဇာ၊ ဇော်ဂျီများသည်လည်း ကာမဂုဏ်၌ မတော်မတရားပြုမှုများ၊ သူများကို နှိပ်စက်ဖျက်ဆီးမှုများရှိနေ၍ သူတို့၏အတတ်ပညာသည်လည်း လူသားတို့အတွက် ကောင်းကျိုးမပြုသလို စင်းလုံးချောကောင်းသော အတတ်ပညာ မဟုတ်ပါပေ။

ဗုဒ္ဓဂေါတမ ပြသညွှန်ကြားပေးသော နည်းစနစ်အရ အာကာသကောင်းကင်ပျံ၊ မြေလျှိုးကြသော ရဟန်းသံဃာများကမူ လူ့လောကအကျိုးကိုသာပြုသည်။ အပြစ်ဖြစ်အောင် ဘေးဖြစ်အောင် မည်သည့်အခါမျှ မလုပ်ချေ။ လုပ်၍လည်း မရကြပါချေ။ ဗုဒ္ဓပညာဖြင့် ကောင်းကင်ပျံ မြေလျှိုးနိုင်ကြသောပုဂ္ဂိုလ်များက ဗုဒ္ဓသာသနာထွန်းကားသောခေတ်ဝယ် အလွန်ပေါ်များလှပါသည်။

သို့ရာတွင် သိပ္ပံပညာဖြင့် ကောင်းကင်ပျံသည်ဖြစ်စေ၊ ဆေးဝါး၊ အင်းအိုင်၊ မန္တာန်ဖြင့် ကောင်းကင်ပျံသည်ဖြစ်စေ၊ ဗုဒ္ဓဂေါတမပညာဖြင့် မြေလျှိုးမိုးပျံသည်ဖြစ်စေ၊ ဤသို့ပျံနိုင်ခြင်းသည် လူသားတိုင်းနှင့် သက်ဆိုင်ခြင်းမရှိပါချေ။ လူထူးလူဆန်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ဆန်း(ဝါ) ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဟူသော အဓိပတိလေးပါးတတ်စွမ်းနိုင်သူကိုသာ ပြုနိုင်သောကျင့်စဉ်ဖြစ်ပါသည်။ သာမညလူတို့ပြုလုပ်နိုင်၊ ကျင့်နိုင်သောအရာ မဟုတ်ပါ။

ဤကမ္ဘာလောကတွင် သိပ္ပံပညာရှင်နျူတန်က မြေကြီး၏ ဆွဲငင်အားကို ဖော်ထုတ်သက်သေထူ၍ လူနှင့် သက်ရှိသက်မဲ့အရာဝတ္ထုများ မြေပေါ်၌သာ တည်နေကြရပါသည်။ မြေကြီးဆွဲငင်အားက ဆွဲထားပုံကို ဖော်ထုတ်သကဲ့သို့ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က သိပ္ပံပညာများမထွန်းကားခင် လူသားတို့ အတွေးအခေါ်အသိဉာဏ် မဖွံ့ဖြိုးမတိုးတက်ခင် အချိန်၌ ဤလောက၌ ဗုဒ္ဓဂေါတမသည် လူသားတို့အတွက် ပွင့်တော်မူခဲ့ပြီး လူသားတို့၏ လောကီလောကုတ်ကောင်းကျိုးများကို ဖော်ထုတ်လမ်းညွှန်ပြသခဲ့ပါသည်။

ထိုသို့ လမ်းညွှန်ပြသခဲ့သောတရားများ၊ နည်းလမ်းကျင့်စဉ်များထဲ၌ လူသားများအဘယ်ကြောင့် ကောင်းကင်သို့ မပျံသန်းနိုင်သနည်း။ မပျံသန်းနိုင်သောတရားများ(ဝါ) အတားအဆီးအနှောင့်အယှက် အပိတ်အပင်များကို ဖော်ထုတ်ပြသပေးခဲ့ပါသည်။ တစ်ဘက်က ထိုပိတ်ဆို့တတ်၊ တားဆီးတတ်သော တရားဆိုးများကို ဟောဖော်ညွှန်ပြသလို တစ်ဘက်ကလည်း ထိုတရားများကို ဖယ်ရှားပြီး ကောင်းကင်ပျံနိုင်သော နည်းလမ်းများကို ပေးခဲ့ပါသည်။

ဗုဒ္ဓက လူသားတို့ မြေလျှိုး၊ မိုးမပျံနိုင်အောင် ပိတ်ပင်တားဆီးတတ်သော သဘာဝတရားဆိုးများကို ထုတ်ဖော်ဟောကြားရာ၌...

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



၁။ ကာမစ္ဆန္ဒ(ကာမဆန္ဒ)

- မေထုန်မှီဝဲခြင်းအပါအဝင် အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ပြင်းပြသော လိုချင်တပ်မက်မှုများပြင်းထန်များပြားနေခြင်း၊

၂။ ဗျာပါဒ

- သန့်ရှင်းကြည်လင်ဖြူစင်သော စိတ်ကလေး၏ သဘာဝကို ဖျက်ဆီးတတ်သော ဒေါသတရား၊ အာဃာတတရားများ လွှမ်းမိုးပြင်းထန်မှုများပြားနေခြင်း၊

၃။ ထိနမိဒ္ဓ

- ကြိုးစားအားထုတ်မှုမပြုဘဲ ထိုင်းမှိုင်း၊တွေဝေနေမှုများ များပြားနေခြင်း၊

၄။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ

- စိတ်ဓာတ်မတည်ငြိမ်ပျံ့လွင့်နေခြင်း၊ အမြဲပူပန်စိုးရိမ်နေမှု များပြားခြင်း၊

၅။ ဝိစိကိစ္ဆာ

- သဘာဝမှန်ကို မစဉ်းစားမဆုံးဖြတ်နိုင်ဘဲ သို့လောသို့လော သံသယစိတ်များ များပြားလွန်းနေခြင်း၊

၆။ အဝိဇ္ဇာ

- သဘာဝအမှန်တရားများကို ပယ်ခြင်း၊ မသိခြင်း။

ဤ(၆)ချက်ဟူသော လူ၏သဘာဝဆိုးများ အားများနေသောကြောင့် လူသားများသည် မြေလျှိုးမိုးပျံနိုင်မှုမရှိဟု ဗုဒ္ဓက ဖော်ထုတ်ပေးခဲ့ပါသည်။

ထိုနည်းတူထိုတရားဆိုး၊သဘာဝများကိုဖယ်ရှားပေးနိုင်သောဈာန်ဆိုသောသမထကျင့်စဉ်နည်း(၄၀)ကိုလည်းကောင်း၊ ထိုလူသား၌ လောဘ၊ ဒေါသ စသော စရိုက်အမျိုးမျိုးရှိနေ၍ မိမိ၌ရှိသော စရိုက်နှင့် ကိုက်ညီသော သမထကျင့်စဉ်ကိုလည်းကောင်း ဗုဒ္ဓက နည်းပေးလမ်းပြဟောခဲ့ပါသည်။

ထိုဈာန် (သမထ)ဆိုသောနည်းလမ်း ကျင့်စဉ်တစ်ရပ်ကို စနစ်တကျ ကြိုးစားအားထုတ်နိုင်ပါက လူသားသည် ငါးဖြာအာရုံကို မမှီဝဲ။ စိတ်မဆိုးတတ်၊ တွေဝေထိုင်းမှိုင်းမှုမရှိ။ စိတ်တည်ကြည်၏၊ ပူပန်မှုငြိမ်း၏။ အာရုံတစ်ခုခု၌ စူးစိုက်တည်နေ၏၊ သဘာဝမှန်ကို သိမြင်၏။

ဤအရည်အချင်းများ ပြည့်စုံနေပါက လူသားသည် ကောင်းကင် မှချပျံနိုင်ပါသည်။

www.dhammaransi.com



လောကသဘာဝကိုကြည့်လျှင် လူသားတို့သည် ကာမဆန္ဒများ၊ ဒေါသ၊ မောဟများ ပျံ့လွင့်ပူလောင်မှုများ၊ သံသယစိတ်ဓာတ်များ များပြားပြင်းထန်နေကြပြီး အပျော်အပါးသမားများ၊ လူဆိုးလူမိုက်များ ဖြစ်နေကြရသောကြောင့် ဗုဒ္ဓပေးသော ပညာဖြင့် ကောင်းကင်သို့ မပျံနိုင်ကြဘဲ မေထုန် စသော ကာမဂုဏ်တရား စသည်များကို ရှောင်ကြဉ်ကြသော သူတော်စင်များ၊ ရဟန်းသံဃာများသာ ထိုနိဗ္ဗာန်ဂြိုဟ်ဟူသော တားဆီးပိတ်ပင်တတ်သော တရားများကင်းပြီး ကောင်းကင်ပျံနိုင်ကြခြင်းဖြစ်သည်ကို တွေ့ရပါမည်။

ဗုဒ္ဓသာသနာခေတ်ဝယ် ဗုဒ္ဓဝေါဒမက နည်းပေးထားပါ၏။ ထိုနည်းတို့ကို လူသမိုင်း၌ လူပညာရှင်တို့က တိကျစွာ မဖော်ထုတ်နိုင်သေးပါ။ ဗုဒ္ဓက ဖော်ထုတ်ပေးထားသော နည်းတို့ကို မိမိတို့က လက်တွေ့လိုက်နာကျင့်သုံးနိုင်ကြသည်ရှိသော် အသင်လူသားသည် ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ၍ တည်ဆောက်ထားသော လေယာဉ်ပျံ ဂြိုဟ်တုစသည်ကို စီးရန်မလို။ မိမိစွမ်းအားဖြင့် မြေလျှိုးမိုးပျံနိုင်ပါမည်။

လောကလူသားသည် ကာမဆန္ဒ၊ တဏှာရာဂ၊ ဒေါသ၊ မောဟ စသည်တို့ကို မခွာနိုင်သမျှ ကာလပတ်လုံး မြေကြီး၏ဆွဲငင်အားမှ ဆွဲသမျှ ခံနေကြရပြီး နောက်ဆုံးမြေကြီးအောက်ရောက်ကာ မြေကြီး၏ဝါးမျိုခြင်း ကိုသာ ခံသွားကြရပေမည်။

## ပုထုဇဉ်မိမိဘဝ၌ ကိန်းအောင်းနေသော သဘာဝတရားများ

မြန်မာတို့ဆိုရိုး၌ အနုသယမကင်းအရင်းကသူတဏှာ ဟု ဆိုကြလေ့ရှိပါသည်။ သို့သော် ယင်းအနုသယ၏ တည်ပုံ၊ ကိန်းပုံ သဘာဝကို သိသူကား အလွန်ရှားပါးပါသည်။

အနုသယဆိုသည်မှာ သတ္တဝါတို့၏ သန္တာန်၌အစဉ်တစိုက် ကိန်းအောင်းပါရှိနေသော အကုသိုလ်ဓာတ်သဘာဝတစ်မျိုးဖြစ်ပါသည်။

သတ္တဝါတစ်ဦးကို နိဗ္ဗာန်မရောက်မချင်း သံသရာလောကကြီးထဲမှာ တစ်ဘဝပြီး တစ်ဘဝ၊ ဖြစ်ပျက်နေစေသော ဘဝမျိုးစေ့ကို အနုသယဟုဆိုပါသည်။ ယင်းကို ပညာရှိတို့က သံသရာ၏စွဲငင်အား သံသရာစွမ်းအားဟူ၍လည်း ခေါ်ကြပါသည်။

ယင်းအနုသယဓာတ်ကို အရဟတ္တမဂ်ဉာဏ်ဖြင့်သာ လုံးဝပယ်သတ်နိုင်ပါသည်။ အနုသယကင်းသွားလျှင် (၃၁)ဘုံဟူသော ဘုံ၌ (ဝါ) ကာမ၊ ရူပ၊ အရူပ ဟူသော ဩဘာသလောကရေး(၃)မျိုး၌ ဘဝဆက်လက်မဖြစ်တော့ပါ။

www.dhammaransi.com



ထိုအနုသယသဘာဝကို သိပ္ပံပညာရှင်တို့ မတွေ့နိုင်သေးပါ။ ဗုဒ္ဓက တွေ့ခဲ့၍ ယင်းအနုသယတရားဆိုးများကို ဖော်ထုတ်ဟောပြခဲ့ပါသည်။ ယင်းအနုသယသဘာဝကား...

၁။ ရာဂ - ယင်းသည် တရားပရိယာယ်အားဖြင့် လောဘသဘာဝပင်ဖြစ်၏။ဤနေရာ၌ လောဘဟူသမျှကို မဆိုလိုပါ။ ကာမ၌ တပ်မက်မှု ဘဝ၌ တပ်မက်မှုဟူသော ရာဂသဘောကိုသာ အနုသယခေါ်ခြင်းဖြစ်ပါသည်။

၂။ ပဋိဃ - ယင်းသည် တရားကိုယ်အားဖြင့် ဒေါသသဘာဝပင်ဖြစ်ပါသည်။ ပြစ်မှားမှု ဒေါသမှန်သမျှကို မဆိုလိုပါ။ မုန်းတီးမှုသဘောရှိသော ပဋိဃကိုသာ အနုသယဟုခေါ်ခြင်းဖြစ်ပါသည်။

၃။ မာန - စိတ်နေစိတ်ထားမောက်မာမှု။

၄။ ဒိဋ္ဌိ - အသိမှား၊ အမြင်မှားတတ်မှု။

၅။ ဝိစိကိစ္ဆာ - သဘာဝအမှန်၌ယုံမှားတတ်မှု။

၆။ အဝိဇ္ဇာ - ယင်းသည် မောဟဖြစ်ပါသည်။ မောဟာနုသယဟူ၍ မဟောဘဲ အဝိဇ္ဇာနုသယဟူ၍သာ ဟောထားပါသည်။ တွေဝေမှု၊ မသိမိုက်မဲမှုမှန်သမျှ (မောဟ)ထဲမှ အဝိဇ္ဇာ၏ဆန့်ကျင်ဘက် (သို့မဟုတ်)အမှန်သိ၏ဆန့်ကျင်ဘက်၊ အမှားသိ (အဝိဇ္ဇာ) ကိုသာ အနုသယအဖြစ် ဖော်ပြထားပါသည်။

ဤအနုသယတို့၏ တည်ပုံ၊ ကိန်းပုံနှင့် ပတ်သက်၍ ဥပမာပြဆိုရလျှင် အသီးသီးသော သစ်ပင်တစ်ပင်ကိုကြည့်ပါက အသီးမသီးသေးခင် ထိုသစ်ပင်၏ အသီး.သီးစေမည့် စွမ်းအင်ရှိနေပါသည်။

သို့သော် ယင်းစွမ်းအင်ကို အမြစ်များ၊ ပင်စည်များ၊ အကိုင်း အခက် အရွက်များတို့၌ ခွဲစိပ်ကြိုချက်ရှာဖွေစေကာမူ အသီးသီးစေမည့် ဇီဇဓာတ်ကို တွေ့နိုင်မည်မဟုတ်ပါ။

သို့သော် ရှင်သန်ဖွံ့.ဖြိုးနေသော သစ်ပင်ကား အသီးသီးစေနိုင်သော ဇီဇဓာတ်က အမှန်ရှိနေပါသည်။

ထို့ကြောင့် ရာသီကာလအချိန်ကျရောက်၍ သီးချိန်တန်လျှင် အကိုင်းအခက်ကြားမှ အဖူးများ၊ အပွင့်များ ထိုးထွက်လာပြီး အသီးများကို သီးစေပါသည်။ အကယ်၍ ဇီဇသတ္တိမရှိပါက မည်သည့်နည်းနှင့်မျှ အသီး သီးလာနိုင်မည်မဟုတ်ပါ။

သတ္တဝါတို့၏ခန္ဓာ၌ အနုသယဓာတ်များ ကိန်းအောင်းနေပါသည်။ သို့အတွက်...

- အကုသိုလ်များ ထပ်ကာထပ်ကာ ဖြစ်လာသည်၊
- ကုသိုလ်များစွာကို ပြုလုပ်နေကြသည်၊
- ဘဝအသစ်များ ထပ်ကာထပ်ကာ ဖြစ်နေကြပါသည်၊

www.dhammaransi.com



စင်စစ် အနုသယဆိုသည်မှာ အကုသိုလ်သဘာဝသာဖြစ်၏။ မျိုးဗီဇမျှသာဖြစ်သော အကုသိုလ်ဓာတ်ဖြစ်ပါသည်။ တစ်နည်းဆိုသော် အတွင်းစွမ်းအင်ဖြစ်ပါသည်။

အကုသိုလ်အနုသယဓာတ်သဘာဝများ ရှိနေသည့်အတွက် ကုသိုလ်ဖြစ်ခွင့်ရနေကြသည်။ ထိုကုသိုလ် - အကုသိုလ်နှစ်မျိုးကြောင့် ဘဝသစ်များ အဆက်ဆက်ဖြစ်ပြီး သံသရာလည်နေကြရပါသည်။

အနုသယသဘောကား ဗုဒ္ဓ၏ အဘိဓမ္မာတရား၌ အလွန့်အလွန် နက်နဲသိမ်မွေ့သဖြင့် သဘောပေါက်ရန်ခက်ခဲသော အကြောင်းအရာ သဘာဝတစ်မျိုးဖြစ်ပါသည်။ သို့သော် စေ့စေ့တွေးက ရေးရေးပေါ်ဆိုသကဲ့သို့ အထိုက်အလျောက် မိမိ၏ဉာဏ်ဖြင့် ဆက်စပ်ကြည့်က သိသာနိုင်ပါသည်။

မိမိသည် စာဖတ်နေခိုက်၊ စာရေးနေခိုက်၊ တစ်စုံတစ်ခုကို ပြုလုပ်နေခိုက်တွင် ဒေါသစိတ်များ ဖြစ်ပေါ်မနေပါ။ စိတ်သည် ကြည်လင်အေးမြနေပါသည်။

ထိုအချိန်တွင် တစ်စုံတစ်ယောက်က လာရောက်ပြီး ဆဲဆိုလိုက်၍ ကြားမိသိရှိသွားပါက စိတ်ထဲ၌ ထောင်းခနဲ ဒေါသဖြစ်လာသည်။

ဤတွင် စာဖတ်၊ စာရေးနေတုန်းက ထိုသူ၏စိတ်ထဲ၌ ဒေါသမဖြစ်ပါဘဲနှင့် ယခုမှ အဘယ်ကြောင့် ဒေါသဖြစ်လာရသနည်းဆိုသော် အဆဲခံရခြင်းဟူသော မလိုလားအပ်သော အာရုံအသံကြောင့် ဖြစ်လာရခြင်းဖြစ်ပါသည်။

ထိုသို့ဆိုက မဖြစ်ခင်က ဒေါသသဘာဝသည် ထိုသူ၏ခန္ဓာကိုယ်ထဲမှာ အခံရှိနေ၍သာ ဖြစ်ပါသည်။ (ဝါ) ကိန်းနေ၍သာ ဖြစ်သည်ဟု သိရပါသည်။

ဘုရား၊ ရဟန္တာများနှင့် စံထိုးနှိုင်းယှဉ်ကြည့်ပါက ရဟန္တာတစ်ပါးအား သွားရောက်ဆဲပါက အဆဲခံရသောရဟန္တာသည် ဒေါသ ထောင်းခနဲမထပါ။

အဘယ်ကြောင့်နည်း - ရဟန္တာ၌ ဒေါသဖြစ်လာစေနိုင်သော အနုသယဓာတ်ခံ မရှိတော့သည့်အတွက် အဆဲခံရပေမယ့် ဒေါသမဖြစ်ဘဲ ပကတိတည်ငြိမ်သော စိတ်ရှိနေခြင်းဖြစ်သည်။

လောကဥပမာနှင့်ကြည့်လျှင် သံလိုက်ဓာတ်ဝင်နေသော သံတုံးတစ်တုံးနှင့်ဥပမာပြုကြည့်က ထင်ရှားပါသည်။ သံတုံးတစ်တုံး သံလိုက်ဓာတ်ဝင်နေပါက အခြားသံပစ္စည်းဝတ္ထုနှင့် နီးပါက ဆွဲငင်တတ်ပါသည်။ သံလိုက်ဓာတ် ပျက်ပြယ်သွားပါက မဆွဲတော့ချေ။

လူ၌လည်း အနုသယတည်းဟူသော သံလိုက်ဓာတ်အားရှိနေသည့်အတွက် တွေ့ရသောအာရုံအလိုက် ရာဂဖြင့် ဆွဲလိုက်၊ ပဋိဃ (ဒေါသ) များ ဖြစ်လိုက်၊ မာနများ တက်လိုက်စသည်ဖြင့် အကုသိုလ်တရားများ ပွက်၍ပွက်၍ ထနေခြင်းဖြစ်ပါသည်။

www.dhammaransi.com



အနုသယဓာတ်ကင်းသွားလျှင်ကား မည်သည့်အာရုံနှင့် တွေ့ရတွေ့ရ ရာဂ၊ ဒေါသ၊ မာန စသည်တို့ ဖြစ်၍မလာတော့ပါ။

ကျမ်းဂန်များ၌ဆိုထားသည်မှာ အဆိပ်ဆူး (ဝိသကဏ္ဍက) ဖြင့် ပင်စည်ကို ထိုးလိုက်ပါက ဓာတ်ပျက်ပြီး အသီးမသီးတော့ဘဲ မြုံသွားသည်ဟု ဆိုပါသည်။ သစ်ပင်ကို လောက သဘာဝအရ သင်းလိုက်သော သဘောဖြစ်ပါသည်။ ဤသို့လျှင် ဗီဇဓာတ်ကို ဖျက်လိုက်သော အခါ မျိုးမချနိုင်တော့ဘဲ အပင်သေသွားသည်။ ဤအပင်၏မျိုးသည်လည်း ပြတ်လေတော့ သည်။

သတ္တဝါတစ်ဦး၏ သန္တာန်၌လည်း အနုသယမျိုးဗီဇသည် အရဟတ္တ မဂ်ဉာဏ်တည်း ဟူသော အဆိပ်ဆူးဖြင့် အထိုးမခံရမချင်း ဘဝသစ်တည်းဟူသော အပွင့်၊ အသီး၊ အနန္တတို့ကို ဆက်လက်ထုတ်လုပ်နေမည်သာ ဖြစ်ပါသည်။

အနုသယကိန်းနေသော ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ ယင်းအနုသယဓာတ်ခံ ရှိနေသည့် အတွက် တွေ့ရသော အာရုံအလိုက် အကုသိုလ်များ ထ၍ထ၍ ဖြစ်နေပါသည်။

အနုသယကင်းပြီးသောရဟန္တာအရှင်မြတ်တို့ကားအနုသယဓာတ်ခံမရှိတော့သည့် အတွက် ကောင်းဆိုးအာရုံ ကြုံရစေကာမူ အကုသိုလ်မဖြစ်တော့ပါ။

ထို့ကြောင့် အနုသယဆိုသည်မှာ လူ၌ အရင်းခံအကျဆုံး အတွင်းစွမ်းအင်တစ်ရပ် ဖြစ်ကြောင်း ဗုဒ္ဓက မိန့်မြွက်ပြခဲ့ပါသည်။ ထိုအနုသယစွမ်းအင်ကို ယနေ့သိပ္ပံက မမြင်မတွေ့ သေးပါ။ ဗုဒ္ဓ၏အဘိဓမ္မာနည်းဖြင့် ရှာဖွေကသင်သည် ထိုအနုသယဓာတ်ကိုတွေ့ရှိပြီးမကောင်း မှုအကုသိုလ်များကို ရှောင်ရှားနိုင်ပြီး . . .

- ကုသိုလ်များစွာ ပြုလုပ်နိုင်ပါမည်၊
- ဘဝသံသရာနှောင်ကြိုးကို ဖြတ်တောက်နိုင်ပါမည်၊

## စိတ်ဓာတ်ကို ညစ်နွမ်းပူလောင်စေသော ကိလေသာသဘာဝတရားများ

သက်ရှိလောကသတ္တဝါတိုင်း၌ စိတ်ဆိုသော သဘာဝတရားလေးရှိသည်ဟု လူ တိုင်းက လက်ခံယုံကြည်ထားကြပါသည်။

လူသား၏ စိတ်ဓာတ်သဘာဝသည် သူ့ပကတိအတိုင်းဆိုပါက လွန်စွာသန့်ရှင်းပါ သည်။ အညစ်အကြေးကင်းပါသည်။

ဥပမာ - ရွှေသည် ချေးညှော်အညစ်အကြေး ကင်းစင်လေလေ၊ အရောင်တောက်ပ လေလေ၊ သစ်လွင်လေလေ ဖြစ်သကဲ့သို့ စိတ် (နာမ်) သဘာဝသည်လည်း ပင်ကိုသဘာဝ

www.dhammaransi.com



အတိုင်းဆိုပါက အညစ်အကြေး လုံးဝကင်းစင်ပြီး သန့်ရှင်းလွန်းသဖြင့် ဖြိုးဖြိုးဖြက်ဖြက် အရောင်ထွက်လုမတတ် ရှိလေသည်။

စိတ်(နာမ်)သည် ရုပ်ဝတ္ထုမဟုတ်သည့်အတွက် တကယ်အရောင် မထွက်သော်လည်း စူးရှထက်မြက်လွန်းသော နက်နဲသောဉာဏ်ဖြင့် ရှုမြင်ပါက ဖြိုးဖြိုးဖြက်ဖြက်သဘောကို မြင်နိုင်ပါသည်။

စိတ်သည် သန့်ရှင်းပြီး တည်ငြိမ်နေပါက အေးမြချမ်းမြေ့လာပါသည်။ စိတ်ချမ်းမြေ့သည်နှင့်အမျှ စိတ်ကိုအမှီပြုပြီးဖြစ်ရသော နှလုံးသွေးသည်လည်း ကြည်လင်အေးမြပါသည်။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းသည်နှင့်အမျှနှလုံးသွေးပျံ့နှံ့ရာလူတစ်ကိုယ်လုံးသည်လည်း ချမ်းချမ်းမြေ့မြေ့ရှိနေလေသည်။

ထိုစိတ်၌ ညစ်နွမ်းစေတတ်သောသဘော ပူလောင်စေတတ်သော သဘောရှိသော ကိလေသာ ပူသောသဘာဝတရားများ ပူးဝင်လိုက်သည်နှင့်တပြိုင်နက်တည်း စိတ်သည် ညစ်နွမ်းသွားသည်၊ ပူလောင်သွားသည်။

ကိလေသာဟူသောစကားသည် ပါဠိဝေါဟာရစကားဖြစ်သည်။ ထိုစကားကို ဗုဒ္ဓဘာသာဝင်အများတို့က ယဉ်ပါးနားလည်နေကြပြီးဖြစ်သည်။

လူသာမန်အနည်းငယ်ကသာ တဏှာလောဘကို ကိလေသာဟူ၍ သိနေကြသည်။ အထူးသဖြင့် ကာမရာဂကိစ္စလွန်ကဲသူများကို ကိလေသာအလွန်ကြီးသောသူဟု သမုတ်ကြသည်။ ကာမရာဂကိစ္စမျိုး၌ လိုချင်တပ်မက်သော လောဘရမ္မက်မျိုးကိုမှ ကိလေသာဟု သဘောထားကြလေ့ရှိသည်။

ထိုကိလေသာဆိုသော သဘောသဘာဝသည် လူသား၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် မည်သည့်နေရာ၌ ဖြစ်ပေါ်လာပါသနည်းဟု ဆန်းစစ်ကြည့်ပါက...

လူ၏ စိတ်ဓာတ်သဘောအရင်းနှင့် စိတ်နှင့် စိတ်၏တည်ရာ မှီရာ ကိုယ်ခန္ဓာ၏ အခြေခံသဘာဝကို မဏ္ဍိုင်ပြု၍ မှတ်သားရန်လိုပါသည်။

ကိလေသာသည် လူခန္ဓာကိုယ်အတွင်းရှိ နှလုံးသွေးအကြည်ရုပ်ကို မှီ၍ဖြစ်လျက်ရှိသော စိတ်၌သာ ကိလေသာသဘာဝတရားများ ယှဉ်ကပ်ဖြစ်ပေါ်လာတတ်သည့် သဘာဝရှိပါသည်။ ထိုသည်ကို သိပ္ပံပညာဖြင့် စမ်းသပ်၍မရသေးပါ။ အလွန်နက်နဲသော ဂမ္ဘီရပညာဖြင့်သာ သိနိုင်ပါသည်။

စိတ်၌ ကိလေသာသဘာဝများ ပူးဝင်လိုက်သည်နှင့်တပြိုင်နက်တည်း စိတ်သည် ညစ်နွမ်းသွားသည်၊ ပူလောင်သွားပါသည်။

စိတ်နှင့်ရုပ်ခန္ဓာသည် တစ်ဆက်တစ်စပ်တည်း ဖြစ်နေ၊ ဒွန်တွဲနေ၍ စိတ်ညစ်နွမ်း

www.dhammaransi.com



လျှင် ကိုယ်ခန္ဓာပါ ညစ်နွမ်းသွားပါသည်။ အထူးသဖြင့် လူသား၏ မျက်နှာအမူအရာ အသွင်အပြင်မှာ သိသိသာသာ ပြောင်းလဲသွားတတ်ပါသည်။

ကိလေသာသဘာဝများ မပူးမကပ်မီကာလက ကြည်လင်အေးမြနေသော မျက်နှာသည် ကိလေသာပူးဝင်လာသည်နှင့် တစ်ပြိုင်နက်တည်း ကြည်လင်မှုများ လွင့်ပျောက်ပြီး ညစ်နွမ်းသွားပါသည်။ ပူလောင်လာပါသည်။

စိတ်ပူလျှင် ကိုယ်ခန္ဓာပါ ချမ်းချမ်းမြမြမရှိတော့ဘဲ ခြစ်ခြစ်တောက် ပူလောင်လာတတ်ပါသည်။ ဤသည်မှာ သိပ္ပံပညာကမသိသေးသော စိတ်၌ ကိလေသာဝင်လာလျှင် ဖြစ်ပေါ်လာမြဲဖြစ်သော သဘာဝအခြေအနေများ ဖြစ်ကြပါသည်။

ဗုဒ္ဓဝေါဟာရက ကိလေသာဟုဆိုသော သဘာဝတရားသည် (ဝါ) လူ့စိတ်ကိုညစ်နွမ်းစေတတ်၊ ပူလောင်စေတတ်သော ကိလေသာဆိုသော သဘောတရားသည် တစ်ပါးတည်း မဟုတ်။ (၁၀)ပါးပင်ရှိကြောင်း ထုတ်ဖော်ဟောပြခဲ့ပါသည်။

ယင်းကိလေသာသဘာဝတရား(၁၀)ပါးမှာ...

၁။ လောဘကိလေသာ - တွယ်တာတပ်မက်ခြင်း၊ လောဘသည် စိတ်ကိုညစ်နွမ်းစေတတ် ပူလောင်စေတတ်သည်။

၂။ ဒေါသကိလေသာ - စိတ်ကို အမျက်ဒေါသစွန်းထင်စေမှု။

၃။ မောဟကိလေသာ - မသိမှု၊ တွေဝေမှုဖြစ်ခြင်း၊ အမှားမှားအယွင်းယွင်း သိခြင်း၊

၄။ မာနကိလေသာ - စိတ်နေစိတ်ထားမြင့်မောက်သောသဘာဝ၊

၅။ ဒိဋ္ဌိကိလေသာ - မမှန်မကန်သိမြင်တတ်မှု၊

၆။ ဝိစိကိစ္ဆာကိလေသာ - သဘာဝဓမ္မကိုစူးစမ်းရာ၌ အဓိပ္ပာယ်မှန်ကို မဆုံးဖြတ်နိုင်ခြင်း၊

၇။ ထိနကိလေသာ - စိတ်ထိုင်းမှိုင်းမှု၊

၈။ ဥဒ္ဓစ္စကိလေသာ - စိတ်ပျံ့လွင့်ဂဏာမငြိမ်မှု၊

၉။ အဟိရိကကိလေသာ - အကုသိုလ်ဒုစရိုက်တရားတို့၌ မရှက်မှု၊

၁၀။ အနောတ္တပ္ပကိလေသာ - အကုသိုလ်ဒုစရိုက်တရားတို့၌ မကြောက်မှု၊

ဤ(၁၀)ပါးသည် သန့်ရှင်းကြည်လင် အေးမြလျက်ရှိသော ပင်ကိုစိတ်သဘာဝလေးကို ညစ်ညူးညစ်နွမ်းစေတတ်၊ ပူလောင်စေတတ်သော သဘာဝတရားများ ဖြစ်ကြပါသည်။

လူတစ်ဦးစီ၌ ကိလေသာ(၁၀)မျိုး ဖြစ်တတ်သည်ဟု ဆိုလိုပါသည်။ ထိုကိလေသာတို့တွင် (၂)မျိုးခွဲခြားသိနိုင်ပါသည်။

www.dhammaransi.com



၁။ စွမ်းအားကြီးသော ကိလေသာ

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟူသော ဤ (၆)မျိုး သဘာဝသည်စွမ်းအားကြီးသည်။ စွမ်းအားကြီးသောကိလေသာများသည် သတ္တဝါတို့၏သန္တာန်၌အမြဲ မပြတ် ကိန်းအောင်းနေတတ်ပါသည်။ သို့တွက် ဤ(၆)မျိုးသဘာဝကို အနုသယကိလေသာ ဟူ၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။

၂။ စွမ်းအားနည်း သာမန်ကိလေသာ

ဤကိလေသာသဘာဝ(၄)မျိုးမှာ သတ္တဝါတို့၏သန္တာန်၌ထာဝရကိန်းအောင်းတည် နေခြင်းမရှိ။ သာမန်သာဖြစ်၍ အနုသယကိလေသာ မဖြစ်ပါပေ။

စွမ်းအားကြီးသောအနုသယကိလေသာ (၆)မျိုးသည် သတ္တဝါတို့၏ ရုပ်နာမ်သန္တာန် ၌ ဘဝဆက်ကာ အစဉ်မပြတ် ကိန်းအောင်းပါရှိနေပါသည်။

ကိလေသာနှင့်ပတ်သက်၍ ၁၅၀၀ ကိလေသာဟူသောစကားသည် ဗုဒ္ဓအဘိဓမ္မာ၌ လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တို့၌လည်းကောင်းထင်ရှားသောဝေါဟာရစကားတစ်ခုဖြစ်နေ ပါသည်။

ယင်း ၁၅၀၀ ကိလေသာဟူသည် ဤမူရင်းကိလေသာ ၁၀ ပါးကို မြှောက်ပွားယူထား ခြင်းဖြစ်ပါသည်။

လူတစ်ဦးတွင် စိတ်တစ်ခု၊ စေတသိက် (၅၂) ခုအားဖြင့် နာမ်တရားပေါင်း (၅၃)ပါး၊ မဟာဘုတ် စသော နိပ္ဖန္နရုပ် (၁၈)ပါး၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာဟူသော လက္ခဏာ ရုပ်(၄)ပါးအားဖြင့် ရုပ် ၂၂ ပါး -၅၃+၂၂= ၇၅ ပါးသည် လူတစ်ဦးစီ၌ရှိသော နာမ်ရုပ်တရား ဖြစ်သည်။

ထိုနာမ်ရုပ် ၇၅ ပါးကို ကိလေသာ (၁၀)ပါးနှင့်မြှောက်သော် (၇၅ × ၁၀ = ၇၅၀)ဖြစ် ၏။ သို့အတွက် လူတစ်ဦးစီပွား ကိလေသာအပွား ၇၅၀ စီရှိသည်ဟု မှတ်ယူရပါမည်။

တစ်ဖန် မိမိ (အဇ္ဈတ္တသန္တာန်) ပြင်ပ (ဗဟိဒ္ဓသန္တာန်)ဟူ၍ရှိရာ မိမိနှင့်သူတစ်ပါးနှစ်ဦး သားပေါင်းလျှင် (၇၅၀ + ၇၅၀ = ၁၅၀၀) ကိလေသာ ဖြစ်ပါသည်။

မိမိတို့ဇနီးမောင်နှံ(၂)ဦး ပမာပြုကာ လင်မှာကိလေသာ ၇၅၀ ဇနီးမှာ ကိလေသာ ၇၅၀၊နှစ်ယောက်ပေါင်းသော်ကိလေသာ၁၅၀၀ဖြစ်သည်။ ရာဂကား၁၅၀၀၊အချစ်ကား၁၅၀၀ မဟုတ်ပါ။ စင်စစ်ရာဂ (အချစ်)သည် ၁၅၀၀/၁၀ = ၁၅၀ သာ ပါဝင်နေသည်ကို သိပါ။ တိတိ ကျကျတွက်လျှင် လင်၌ရာဂ (၇၅)၊ မယား၌ ၇၅ စီသာဖြစ်သည်။ အချို့ပညာရှင်က ကိလေသာ စက်သုံးထောင်ဝက်ဟုဆိုထားရာ သုံးထောင်၏တစ်ဝက်ဟု ဆိုခြင်းဖြစ်ပါသည်။

လူသားတို့၏စိတ်ဓာတ်ကို ညစ်နွမ်းပူလောင်မှုကို ဖြစ်စေတတ်သော ဤသဘာဝ တရားများ၏သဘာဝကို သိပွဲကမမြင်သေးပါ။ ဗုဒ္ဓကမြင်၍ ထုတ်ဖော်ပေးခဲ့ဟောခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## အနုသယနှင့် ကိလေသာတို့၏ သဘာဝများ

တေဘုမ္မကဟူသော (၃၁)ဘုံသားသတ္တဝါတို့၌ အနုသယကိလေသာတရားများ ရှိနေသည်။ လောကုတ္တရာဘုံကား အနုသယကိလေသာ မရှိပါချေ။

အနုသယနှင့် ကိလေသာတို့ကို ယခင်က တစ်ခုစီရှင်းပြခဲ့ပြီးဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့က အနုသယနှင့်ကိလေသာကို တွဲစပ်၍ သုံးစွဲနေကြသော်လည်း အနုသယနှင့်ကိလေသာသည် အခြေခံအားဖြင့် သဘာဝတစ်မျိုးစီ တရားကိုယ်တစ်မျိုးစီဖြစ်ပါသည်။ သို့သော် အချို့နေရာ၌ အနုသယနှင့် ကိလေသာသည် ဆက်သွယ်လျက်ရှိနေသည်ကို တွေ့ရပါမည်။

အနုသယဆိုသည်မှာ သတ္တဝါတို့၏သန္တာန်၌ အစဉ်တစိုက် ကိန်းအောင်းပါရှိနေသော အကုသိုလ်စာတ်သဘာဝမျိုးဖြစ်သည်။ အရဟတ္တမဂ်ဉာဏ်ဖြင့် မသတ်နိုင်သေးသမျှကာလပတ်လုံး ဘဝသံသရာထဲဝယ် စုန်ဆန်လှည့်ပတ်နေမှုကိုဖြစ်စေသော သဘာဝတရားမျိုးဖြစ်ကြောင်း အနုသယတွင် ရှင်းကြခဲ့ပြီးဖြစ်ပါသည်။ ယင်းအနုသယတရားကား (၆)မျိုးရှိပါသည်။

ယင်းအနုသယဓာတ်သဘာဝကို ဘုရားရဟန္တာတို့အဆင့်ကျမှသာ ပယ်သတ်နိုင်ပါသည်။ ကင်းပြတ်နိုင်ပါသည်။

ကိလေသာဆိုသည်က လူ၏စိတ်ကို ညစ်နွမ်းစေသော သဘာဝတရား ပူလောင်စေတတ်သောသဘာဝတရားဖြစ်ပါသည်။ ယင်းတရားကား(၁၀)မျိုးရှိနေပါသည်။ ယင်း(၁၀)မျိုးတွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟူသော ကိလေသာ(၁၆)မျိုးသည် စွမ်းအားကြီးသော သဘာဝတရားမျိုးဖြစ်နေ၍ လူကို ပြင်းစွာ ပူလောင်စေသည်၊ ညစ်နွမ်းစေသည်။

ယင်း(၆)ပါးသည် သတ္တဝါတို့၏သန္တာန်၌ ကိန်းဝပ်နေတတ်သဖြင့် အနုသယလည်း မည်နေပါသည်။ ကိလေသာ(၁၀)ပါးတွင် ပါဝင်နေသော ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ (၄)ပါးကား သာမန်စွမ်းအားဖြစ်၍ အနုသယကိလေသာ မမည်ပေ။

၃၁ - ဘုံတွင် အသည်းသတ်ပြဟ္မာတို့သည် ရုပ်သက်သက် သတ္တဝါမျိုးဖြစ်သည်။ ထိုရုပ်ပြဟ္မာတို့၏ သန္တာန်မှာလည်း အနုသယကိလေသာ ဓာတ်သဘာဝရှိနေပါသည်။ အလားတူ အရူပပြဟ္မာ(၄)မျိုးသည် နာမ်သက်သက်သာရှိသော သတ္တဝါမျိုးဖြစ်ကြသော်လည်း ထိုအရူပပြဟ္မာတို့၏ သန္တာန်၌ အနုသယကိလေသာဓာတ်များ ရှိနေကြပါသည်။

ရုပ် - နာမ်(၂)မျိုးလုံးရှိသောအပါယ်လေးဘုံသားများ လူ၊ နတ်၊ ရူပ ပြဟ္မာတို့၏ သန္တာန်၌လည်း အနုသယကိလေသာကား ဆိုဖွယ်ရာမရှိ ရှိနေကြပါသည်။

www.dhammaransi.com



ဤတွင် သန္တာန်နှင့်သဏ္ဍာန်ခွဲခြား သိထားရန် လိုအပ်လှပါသည်။ သန္တာန်ဆိုသည်မှာ ရုပ်၊ နာမ်ခန္ဓာသဘာဝတို့၏ဖြစ်စဉ်ကို ဖြစ်ပါသည်။ သဏ္ဍာန်ဆိုသည်မှာ ဒြပ်ပုံဖြစ်ပါသည်။

အနုသယကိလေသာ ကိန်းအောင်းသော သန္တာန်ဆိုသည်ကား ပရမတ္ထသဘာဝတို့၏ဖြစ်စဉ်ကို ဆိုလိုပါသည်။ ယင်းရုပ်နာမ်သန္တာန်၌သာ အနုသယကိလေသာ ကိန်းဝပ်ပါရှိနေခြင်းဖြစ်ပါသည်။ လူ၏ဒြပ်ပုံသဏ္ဍာန်၌ အနုသယကိလေသာ မကိန်းမတည်ပါ။

လူ၏ရုပ်၊ နာမ်သန္တာန်၌ အနုသယကိလေသာရှိနေပုံကို ကြည့်ပါက ဗုဒ္ဓ၏အဘိဓမ္မာ၌ အမှန်တရားတစ်ခုရှိမှာ တစ်ချိန်တည်းမှာ တစ်ပြိုင်နက် စိတ်(၂)မျိုး မဖြစ်နိုင်ခြင်း သဘာဝဖြစ်ပါသည်။

ဥပမာ - လိုချင်စရာတစ်ခုခုကိုမြင်ပြီး လိုချင်လောဘစိတ် ဖြစ်နေခိုက်ဝယ် စိတ်ဆိုးသောဒေါသစိတ် မဖြစ်ပါ။ အခြားသော ကုသိုလ်ဇောစိတ်များလည်း မဖြစ်ပါ။ လိုချင်သောလောဘဇောသာ ကျရောက်နေပါသည်။ အလားတူ ဒေါသဖြစ်နေခိုက်၌ ဒေါသဇောစိတ်တွေသာ ဖြစ်နေပါသည်။ ထိုဒေါသဇောဖြစ်နေခိုက်၌ လိုချင်သောလောဘဇောစိတ်များ မဖြစ်ပါ။

ထိုနည်းတူ ဘုရားရှိခိုးနေခိုက် တရားစာဖတ်နေခိုက်မှာ ကုသိုလ်စိတ်ဖြစ်နေလျှင် ထိုကုသိုလ်စိတ်ဖြစ်နေတုန်းမှာ လိုချင်လောဘစိတ်၊ ရန်ငြိုးဒေါသစိတ် မဖြစ်ပါ။

တစ်ချိန်တည်း တစ်ပြိုင်နက်တည်းမှာ စိတ်(၂)မျိုး၊ ဇော(၂)မျိုး မဖြစ်နိုင်သည့်အတွက် ကုသိုလ်ဇောစိတ်ဖြစ်နေခိုက်မှာ လောဘကိလေသာ၊ ဒေါသကိလေသာ၊ လောဘစိတ်၊ ဒေါသစိတ်များ မဖြစ်သည်မှာ သေချာပါသည်။

တစ်ဖန် ဒေါသဖြစ်သည်၊ လောဘဖြစ်သည်ဟုဆိုသော စိတ်အစဉ်(ဝီထိ)ဖြစ်သွားမှုကို ကြည့်လျှင်လည်း ဖြစ်၊ တည်၊ ပျက် (ဥပါဒ် - ဌီ - ဘင်) ခဏငယ်(၃)ချက် အစဉ်အားဖြင့် ဖြစ်သွားခြင်းဖြစ်ပါသည်။

ဥပါဒ် - ဌီ - ဘင် အထင်အရှား ဖြစ်ရန်အတွက်ကလည်း အာရုံတစ်ခုခုကို အာရုံပြုရမှာ ဖြစ်နိုင်ပါသည်။ လိုချင်စရာ နှစ်သက်စရာကောင်းသော အာရုံ (ဣဋ္ဌာရုံ)တစ်ခုခုကို အာရုံမပြုဘဲ လောဘဇောစိတ် စတင်မဖြစ်နိုင်(မဥပါဒ်နိုင်)ပါ။ စိတ်ဆိုးစရာမကောင်းသော အာရုံ (အနိဋ္ဌာရုံ) တစ်ခုခုကို အာရုံမပြုဘဲလည်း ဒေါသဇောစိတ် မဖြစ်နိုင်(မဥပါဒ်နိုင်ပါ)။

ဘုရားရှိခိုးနေခိုက်၊အလှူဒါနပြုနေခိုက်၊တရားစာပေဖတ်နေခိုက်တွင်လူမှာကုသိုလ်ဇော (ကုသိုလ်စိတ်) ဖြစ်နေပါလျှင် ထိုသူ၌ ထိုအချိန်တွင် လောဘဇော၊ ဒေါသဇော (လောဘစိတ်၊ ဒေါသစိတ်) မဖြစ်နေသည်မှာ သေချာပါသည်။

သို့ရာတွင် ကုသိုလ်စိတ်ဖြစ်နေသော ထိုသူ၌ လောဘ၊ ဒေါသ၊ မောဟကိလေသာတရားများ လုံးဝ ကင်းစင်နေပါသလားဟုဆိုက မကင်းစင်ပါ။ ဓာတ်သဘာဝအရ ငုပ်လျှိုးငြိမ်

www.dhammaransi.com



သက်နေခြင်းသာ ဖြစ်ပါသည်။ ဤသို့ ငြိမ်သက်ငုပ်လျှိုးနေသော လောဘစာတ်၊ ဒေါသစာတ် သဘာဝမျိုးတို့ကို အနုသယကိလေသာဟု ဆိုရပါသည်။

ဗုဒ္ဓက အဘိဓမ္မာယမိုက်ကျမ်း၌ ဥပါဒ် - ဌီ - ဘင်အားဖြင့်မှု မဖြစ်ပေါ်သေး။ အကြောင်းညီညွတ်လာလျှင် ဖြစ်ပေါ်လာစေနိုင်သည်အနေဖြင့် ငုပ်လျှိုးငြိမ်သက်နေသည်နှင့် ပတ်သက်၍ ဖြစ်မှုနှင့်ကိန်းဝပ်မှုကို ကွဲပြားစေရန် ဖြစ်မှုအတွက် ဥပ္ပဇ္ဇတိဟူ၍ဟောခဲ့ပြီး ကိန်းမှုအတွက် အနုသေတိဟူ၍ ဟောပြခဲ့ပါသည်။

ကိလေသာ (၁၀)ပါးတွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟူသော (၆)ပါးသည် အနုသယကိလေသာစွမ်းအားကြီးကြ၍ သတ္တဝါတို့၏ ရုပ်နာမ်သန္တာန်၌ ကိန်းဝပ်နေသော အနုသယကိလေသာ သဘာဝများဖြစ်ကြသည်။ အကြောင်းမညီညွတ်သေးသမျှ ဥပါဒ်-ဌီ-ဘင် ဖြစ်မလာသေးဘဲ ဓာတ်သဘာဝအားဖြင့်သာ ကိန်းဝပ်ငုပ်လျှိုးနေသော ကိလေသာဖြစ်သည်။

လူသည် လိုချင်စရာ (ဣဋ္ဌာရုံ) တစ်ခုခုကို တွေ့မြင်ရသောအခါ ဥပမာ- အလွန်လှပသော ပန်းတစ်ပွင့်ကို တွေ့ရသောအခါ လိုချင်စိတ်များဖြစ်လာသည်။ ရယူချင်လာသည်။ ထိုအခါ ထိုသူ၌ လောဘအနုသယကိလေသာမှတစ်ဆင့် လောဘဇော (လောဘနှင့်ယှဉ်သောစိတ်များ) စတင်ဖြစ်ပေါ် (ဥပါဒ်)လာပါသည်။

တွယ်တာကပ်ငြိသည့်အတွက် တဏှာဟု ခေါ်ပြန်ရသည်။ မဖြစ်မနေ လိုချင်လာလျှင် ဥပါဒါန်ဖြစ်လာသည်။

ဤအခါတွင် လောဘဇောများ ဥပါဒ် - ဌီ - ဘင်အနေဖြင့် အမျှင်တန်းဖြစ်လာလေတော့သည်။

ဤကဲ့သို့ ကိန်းဝပ်နေရာမှ ဥပါဒ် - ဌီ - ဘင် စနစ်ဖြင့် အထင်အရှား ထကြွဖြစ်ပေါ်လာသော ကိလေသာအဆင့်ကို ပါဠိလို ပရိယုဋ္ဌာနကိလေသာဟု ခေါ်လေသည်။

ပရိယုဋ္ဌာနဆိုသည်မှာ ကိန်းဝပ်နေသော အနုသယကိလေသာသည် အာရုံတစ်ခုခု၏ဆွဲဆောင်မှု စသော အကြောင်းတရားကြောင့် ဥပါဒ် - ဌီ - ဘင် အထင်အရှားဖြစ်ပေါ်လာခြင်း ထကြွလာခြင်းကို ဆိုလိုပါသည်။

ပန်းပွင့်လှလှလေးကို လိုချင်လှချည့်ရဲ့ဟု လောဘဇောများထကြွရာမှ ရှေ့တစ်ဆင့်တက်၍ လိုချင်ရာကို ရအောင် ပြုလုပ်လာသည်။

ထိုသို့ရအောင် ပြုလုပ်ရာတွင် စိတ်တွင်သာမက ကိုယ်နှင့်နှုတ်ပါ ပါလာသည်။ ပါးစပ်ဖြင့်ပြောခြင်း၊ ကိုယ်ဖြင့်ပြုလုပ်ခြင်း စသည်ဖြင့် ထိုပန်းပွင့်ကိုရအောင် ဆောင်ရွက်လေသည်။

www.dhammaransi.com



ရအောင်ပြုလုပ်အားထုတ်သော အခိုက်၌ ဖြစ်ပေါ်လျက်ရှိသော ကိလေသာအဆင့်ကို ပါဠိလို ဝိတိက္ကမကိလေသာဟူ၍ ခေါ်သည်။ ဝိတိက္ကမ၏အဓိပ္ပာယ်မှာ ကျူးလွန်ခြင်းပင်ဖြစ်သည်။

ဒေါသကိလေသာသဘာဝနှင့်ကြည့်လျှင် လူမှာ ဒေါသအနုသယ ကိလေသာကိန်းဝပ်နေသည်။ သူ့ကို တစ်ဦးဦးက ဆဲဆိုလိုက်ပါက သူသည် စိတ်ဆိုးသွားသည်၊ ဒေါသစိတ်ဖြစ်လာသည်၊ ယင်းသည် ပရိယုဋ္ဌာနဖြစ်သည်၊

သူသည် စိတ်ဆိုးပြီး မိမိအားဆဲသူကို သွား၍ရိုက်သည်၊ ထိုရိုက်ဆဲခဏမှာ ဖြစ်သောဒေါသများသည် ဝိတိက္ကမကိလေသာဖြစ်သည်၊ ကိုယ်ထိလက်ရောက်ကျူးလွန်သောအဆင့်ကို ဝိတိက္ကမဟု သိထားရပါမည်၊

ဤသို့ဖြင့် ဗုဒ္ဓသည် လူသားတို့၏စိတ် (နာမ်)ပိုင်းဆိုင်ရာ ကိလေသာ (နာမ်ရောဂါ)ကို အဆင့်(၃)ဆင့်ခွဲပြီး ဟောပြထားပါသည်။ ဆက်လက်၍ ယင်းကိလေသာများနှိမ်နင်းရေးနှင့်ပတ်သက်၍လည်း...

- ဝိတိက္ကမကိလေသာ (လွန်ကျူးမှု) ကို မဖြစ်ရလေအောင် သီလအကျင့်ဖြင့် တားဆီးရမည်။
- ပရိယုဋ္ဌာနကိလေသာ(စိတ်တွင်ထကြွမှု)ကို သမာဓိဘာဝနာဖြင့် ငြိမ်ဝပ်စေရမည်။
- အနုသယကိလေသာ (ကိန်းဝပ်နေသောဓာတ်)ကိုမူ ဝိပဿနာဘာဝနာဖြင့် ရယူအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ပယ်သတ်ရမည်...

ဟူ၍ ဗုဒ္ဓကနည်းလမ်းကို ဟောကြားခဲ့ပါသည်။

အနုသယကိလေသာကို ပယ်သတ်နိုင်လျှင် ထိုသူသည် သံသရာမှလွတ်ပြီး နိဗ္ဗာန်သို့ ရောက်ပါမည်။

ဗုဒ္ဓသည်လူနှင့်လူ့လောကကိုပယ်ပယ်နယ်နယ်အသေးစိတ်ဟောကြားထားရုံသာမက လူတိုင်း-လူတိုင်းအတွက် ထားရှိရမည့် နောက်ဆုံးပန်းတိုင်သို့ ရောက်စေရန် နည်းလမ်းများကိုလည်း နည်းပြဟောခဲ့ပါသည်။

ထိုအနုသယကိလေသာသဘာဝဓာတ်သဘောများလူသားတို့၌ဖြစ်ပေါ်မှုကိုလည်းကောင်း၊ ငြိမ်းသတ်မှုကိုလည်းကောင်း မည်သည့်သိပ္ပံပညာရပ်ကမှ ဖော်ထုတ်မပြနိုင်သေးပါ။ ဗုဒ္ဓကသာ ဖော်ထုတ်ပြသခဲ့ပါသည်။

www.dhammaransi.com



## သံယောဇဉ်တရားတို့၏ သဘာဝများ

သံယောဇဉ်ကြိုး၊ ဆယ်မျိုးနိုင်နိုင်၊

တုပ်ထားချုပ်ထား၊ လွှပ်ရှားမနိုင်၊

မှတ်ကရော့၊ ဓာတ်သော့ သံချည်တိုင်။

သံယောဇဉ်နိုင်ခန့်စွာ ချည်နှောင်ထားတတ်မှုသဘောကို ပညာရှိများက အထက်ပါအတိုင်း စာရေးသား ဆုံးမထားခဲ့ကြပါသည်။

ထိုသံယောဇဉ်နှင့်ပတ်သက်၍ပြီးခဲ့သောအပတ်ကဗုဒ္ဓသည်သံယောဇဉ်ကိုသုတ္တန်နည်းအရ အဘိဓမ္မာနည်းအရ ခွဲဟောခဲ့သည်။ ထိုသံယောဇဉ်သဘာဝများနှင့် ပတ်သက်၍...

သုတ္တန်နည်းအရ သံယောဇဉ်(၁၀)ပါးတွင် ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ သံယောဇဉ်(၅)မျိုးသည် အထက်သံယောဇဉ်မျိုး (၅)ကြိုးဟု ခေါ်ပါသည်။ ကာမရာဂ၊ ပဋိဃ၊ သီလဗ္ဗတပရာမသ၊ ဝိစိကိစ္ဆာ၊ ဒိဋ္ဌိသံယောဇဉ် (၅) မျိုးသည် အောက်သံယောဇဉ်ကြိုးများ ဖြစ်သည်။ ငရဲစသော အပါယ်လေးဘုံသို့ရောက်အောင် ဆွဲချတတ်ပါသည်။

အဘိဓမ္မာနည်းအရဆိုသော် ဘဝရာဂ၊ မာန၊ အဝိဇ္ဇာ(၃)မျိုးသည် အထက်ကြိုး(၃) ချောင်း၊ ကာမ၊ ပဋိဃ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ (၇)မျိုးသည် အောက်ကြိုးများဖြစ်ကြသည်ဟု ဆိုပါသည်။

### ၁။ . ကာမရာဂသံယောဇဉ်

ထိုသံယောဇဉ်တရားများ၏သဘာဝကို ဆန်းစစ်ကြည့်ပါက ကာမရာဂသံယောဇဉ် ဆိုသည်မှာ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို စွဲလမ်းသောလောဘက ခိုင်ခံ့စွာ ချည်နှောင်ထားခြင်းဟု ဆိုပါသည်။

အနာဂါမ်ရဟန္တာမှလွဲ၍ ကျန်သော သက်ရှိသတ္တဝါအားလုံးမှာ ကာမရာဂသံယောဇဉ်ကြိုးရှိနေကြပါသည်။ ဤကြိုးသည် အကုသိုလ်စိတ်ထဲမှ လောဘစိတ်ထဲတွင် တည်နေပါသည်။

အရာဝတ္ထုများကို ထုံးချည်ဖွဲ့နှောင်ထားသော သာမန်ကြိုးကို မျက်စိဖြင့် မြင်တွေ့နိုင်သော်လည်း လောဘကြိုးကိုကား သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။ သို့သော် လောဘသည် အလွန်နူးညံ့သိမ်မွေ့သော ဓာတ်သဘာဝဖြစ်၍ စွမ်းရည် အလွန်ထက်လှပါသည်။ ဤစွမ်းရည်ကို သိပ္ပံပညာဖြင့် စမ်းသပ်၍ မရနိုင်သေးပါချေ။

ကြိုးဖြင့် အရာဝတ္ထုတစ်ခုကို ချည်နှောင်ရာတွင် ကြိုးစတစ်စကို လက်ထဲမှာထားပြီး တစ်စကို အရာဝတ္ထုတွင် ချည်သည်။ ထိုကဲ့သို့ပင် စိတ်ထဲမှာရှိသော လောဘကြိုးကလည်း

www.dhammaransi.com



တစ်ဖက်က ကာမဂုဏ်အာရုံငါးပါးကို သင့်တော်ရာကြုံရာတွင် ချည်၍ တစ်ဘက်က စိတ်မှာ ချည်ထားသည်။

အလားတူ လူတစ်ယောက်သည် အဆိပ်ခပ်ထားသော အစားအစာကောင်းကောင်း တစ်ခုကိုမြင်သော် အလွန်စားလိုသော စိတ်ဖြစ်၍ စားလိုက်မိသည်။ အဆိပ်ခပ်ထားသည်ကို မသိပေ။

ထိုသူ၏စားလိုသော လောဘကြိုးတစ်စသည် စိတ်ကိုချည်ထား၍ အခြားတစ်စ သည် ရသာရုံမှာ ချည်ထားသည်။ စိတ်နှင့်အရသာရုံကို လောဘကြိုးက ပြင်းစွာချည်ထား သော် မရုန်းထွက်နိုင်တော့ဘဲ အဆိပ်ခပ်ထားသောအစာကို စားမိသည်။

ထိုအခါတွင် ဒုက္ခကာယဝိညာဉ်စိတ်ဟုခေါ်သော ဝိပါက (အကျိုးဘက်)ဖြစ်ပေါ်လာ တော့သည်။ ပြင်းထန်ပူလောင်သော ဝေဒနာကို ခံစားရ၍ သေရသည်။ အကုသိုလ်လောဘ စိတ်ကြောင့်ပင် ဖြစ်သည်။

ရုပ်ရှင်ဇာတ်ပွဲကိုကြည့်လိုသောလောဘစေတသိက်ကစိတ်ဖြင့်မင်းသား၊မင်းသမီး ကို ချည်ထားသည်။ ရူပါရုံအဆင်းကောင်း၊ သဒ္ဒါရုံ-အသံကောင်းကို မြင်လို ကြားလိုသည်၊ လောဘ၏ချည်နှောင်မှုကြောင့် အကုသိုလ်လုပ်ငန်းများမှ မရုန်းထွက်နိုင်ဘဲ ဆောင်ရွက်လုပ် ကိုင်သော် အကုသိုလ်အကျိုးလည်း ခံရမည်။ ရုပ်ရှင်၊ ဇာတ်ပွဲကို ကြည့်သောကြောင့် ကျန်းမာ ရေးချို့တဲ့ခြင်း၊ ဥစ္စာပစ္စည်းဆုံးပါးခြင်း စသည်အပြစ်များကို ရင်ဆိုင်တွေ့ ကြုံရတတ်သည်။ ပျော်ပွဲသဘင်ကြည့်စဉ်က အချိန်တိုဖြစ်သော်လည်း ခံစားရသောဆိုးကျိုးကား လပိုင်း, ရက် ပိုင်း, နှစ်ပိုင်းထိ ဖြစ်တတ်သည်။

ထို့ကြောင့် ဆိုးဝါးသောအဖြစ်များ မခံစားရလေအောင် စိတ်နှင့်ကာမဂုဏ် အာရုံ တရားများကိုခိုင်ခံ့စွာချည်နှောင်ထားသောလောဘကြိုးကိုပယ်ဖျောက်နိုင်ရန် သီလ၊ သမာဓိ၊ ပညာဖြင့် ကြိုးပမ်းရမည်ဟု ဗုဒ္ဓက ဟောခဲ့သည်။ ထိုရှုပ်ထွေးနက်နဲသော လောဘတရား၏ ဖြစ်ပေါ်မှုခံစားမှုကို မည်သည့်သိပ္ပံပညာ၊ သိပ္ပံဆရာကမျှ မကုစား၊ မဖော်ထုတ်နိုင်သေးပါ။ ဗုဒ္ဓ ကသာလျှင် ဖော်ထုတ်ပေးခဲ့ပါသည်။

၂။ ရူပရာဂသံယောဇဉ် - ရူပဈာန်နှင့်ရူပဘုံကို စွဲလမ်းသော လောဘတရားက ခိုင် ခံ့စွာ ချည်နှောင်ထား၏။

၃။ အရူပရာဂသံယောဇဉ် - အရူပဈာန်နှင့် အရူပဘုံကို စွဲလမ်းသော လောဘက ခိုင် ခံ့စွာ ချည်နှောင်ထားခြင်း။

ကာမဂုဏ်တရားများကို သာယာဖွယ်ကြည်နူးနှစ်သက်ဖွယ်ဟု သဘောပိုက်ခံစား လာရာမှ ငြီးငွေ့လာသဖြင့်လည်းကောင်း၊ ထိုတရားများသည် စိတ်ညစ်စရာ၊ စိတ်ဆင်းရဲစရာ များဖြစ်သည်ဟူသော ဗုဒ္ဓ၏တရားကို သဘောပေါက်၍လည်းကောင်း၊ ကာမဂုဏ်တရားများ

www.dhammaransi.com



ကို ကာလကြာမြင့်စွာ ခံစားရ၍ ငြီးငွေ့လာသောကြောင့်လည်းကောင်း ဈာန်တရားများဘက်သို့ နှစ်သက်အာရုံဝင်လာသည်။

ကာမဂုဏ်တရားများ၏ အပြစ်ကိုမြင်၍ တောထွက်သော် ရသေ့-ရဟန်းပြုသော် ကာမဂုဏ်တရားများကို လွှတ်လိုက်သောကြောင့် ကာမရာဂသံယောဇဉ်ကြိုးသည် ငုပ်သွားသည်။ ဖြပ်ဘ္မာဘုံရောက်အောင် ဈာန်ရအောင်ကျင့်မည်ဟု စိတ်ပေါ်လာသော် ရူပရာဂ သံယောဇဉ်ကြိုးသည် နိုးကြားလာတော့သည်။

သမထဘာဝနာပွားများ၍ ရူပဈာန်တရားများရပြီးနောက် ကြာလာသော် ငြီးငွေ့လာပြန်သည်။ အရူပဈာန်ကို ရအောင်လုပ်မည်ဟူ၍ စိတ်ပေါ်လာသော် ရူပရာဂသံယောဇဉ်သည် ငုပ်လျှိုးသွားပြီး အရူပရာဂသံယောဇဉ်ကြိုး ပေါ်လာသည်။

အရူပရာဂသံယောဇဉ်ပေါ်လာ၍ ရူပရာဂသံယောဇဉ် ငုပ်သွားသော်လည်း နှစ်မျိုးစလုံးကို ပြန်၍ဝင်စားနိုင်သည်။ အရူပဈာန်ကိုတစ်ချိန် ရူပဈာန်ကို တစ်ချိန်အားဖြင့် တစ်ချိန်စီ ဝင်စားနိုင်သည်။ အရူပဈာန်ဝင်စားသော် အရူပရာဂသံယောဇဉ်ဝင်လာ၍ ရူပဈာန်ဝင်စားသော် ရူပရာဂသံယောဇဉ်ဝင်လာသည်။

ကာမရာဂသံယောဇဉ်ကား လုံးဝမလာတော့ပေ။ ဈာန်တရားရပြီးသော သူတို့တွင် ကာမရာဂသံယောဇဉ်ဝင်လာသော် ဈာန်လျှောကျသွားနိုင်သည်။

ရာဂနှောင်ကြိုး(၃)ကြိုးသည် တစ်ချိန်တည်း တစ်ခါတည်းတွင် တစ်ပြိုင်နက် မပေါ်နိုင်ပေ။ တစ်ကြိုးပေါ်နေစဉ် ကျန်(၂)ကြိုးသည် ငုပ်နေ၏။ ကာမရာဂနှင့် ကာမဂုဏ်တရားများကို စွဲလမ်းသောစိတ်များရှိနေလျှင် ဈာန်မရနိုင်ပေ။

အနွေးထည်နှင့် ယပ်တောင်သည် လူ၏အသုံးအဆောင်များဖြစ်သော်လည်း ပူသော၊ အေးသော အချိန်တစ်ချိန်တည်း၌ ပြိုင်သုံး၍ မဖြစ်နိုင်သကဲ့သို့ ကာမဂုဏ်တရားနှင့် ဈာန်တရားသည်လည်း လူတို့နှစ်သက်စရာဖြစ်သော်လည်း တစ်ပြိုင်တည်း သုံး၍မရပေ။ ကာမဂုဏ်တရားများ ဖြစ်ပေါ်နေစဉ် ဈာန်မရနိုင်ပေ။

ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂ သံယောဇဉ်တို့သည် တရားကိုယ်အားဖြင့် လောဘဖြစ်သော်လည်း ကာမရာဂသံယောဇဉ်သည် အောက်သို့ ဆွဲချနိုင်၏။ ရူပရာဂသံယောဇဉ်နှင့် အရူပရာဂသံယောဇဉ်ကား အထက်သို့ ဆွဲတင်နိုင်သည်။

ကာမဂုဏ်တရားများကို များစွာလိုက်စားသူသည် နိမ့်ကျသွားနိုင်၏။ ဖြစ်ဆဲဘဝ၌ပင်လျှင် ပညာရေး၊ ကျန်းမာရေး၊ ဂုဏ်သိက္ခာ စသည်တို့သည် ကျဆင်းသွားနိုင်သည်။ နောင်တမလွန်၌ကား နိမ့်ကျသည်ထက် နိမ့်ကျသွားနိုင်သည်။

ဈာန်တရားများကို လေ့လာသူကား ဖြစ်ဆဲဘဝ၌လည်းကောင်း၊ နောင်တမလွန်၌လည်းကောင်း အရည်အချင်း မြင့်တက်လာနိုင်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



၄။ ပဋိဃသံယောဇဉ် - နိုင်ခံ့စွာချည်နှောင်ထားသော ဒေါသကြိုး၊ ပဋိဃသံယောဇဉ်ဟူသော ဒေါသကြိုးက နိုင်စွာ ချည်နှောင်ထားသောကြောင့် တစ်ဦးနှင့်တစ်ဦး ရန်ဖြစ်ကြ၏။ တစ်ရွာနှင့်တစ်ရွာ စောင်းမြောင်းကြ၍ တစ်ပြည်နှင့်တစ်ပြည် တိုက်ခိုက်ကြသည်။

ဒေါသကြိုးတင်းလေ ပိုမိုပြင်းထန်စွာ တိုက်ခိုက်ကြလေဖြစ်သည်။

ဥပမာအားဖြင့် မောင်ဖြူက မောင်ညိုကို ဒေါသထွက်စိတ်ဆိုးသော် ဒေါသကြိုးတစ်ဘက်သည် မောင်ညိုကိုချည်၍ တစ်ဘက်ကြိုးစကား ကာယကံရှင်၏စိတ်ကို ချည်နှောင်ထားသည်။ မောင်ညိုနှင့်မောင်ဖြူတို့ တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်ကြသော် ဒေါသစိတ်၏ အကျိုးဆက်ဆိုးကျိုးများ ဖြစ်လာမည်။ မောင်ဖြူ၏ဒေါသကြိုးသည် မကောင်းသော ခံစားမှုကို ချည်ထားလိုက်ပြန်သည်။

အလားတူမုန်းသူ၏စိတ်သည်လည်းအမုန်းခံရသူကို အာရုံပြုနေပါ၏။ အမုန်းခံရသူသည် မုန်းသူ၏စိတ်မျက်စိထဲရောက်နေ၏။ ထိုအတွက် မုန်းသူနှင့် အမုန်းခံရသူသည် အလွန်နီးစပ်နေပြီးအမုန်းဟူသောပဋိဃ (ဒေါသ)တရားကား သူတို့နှစ်ဦးသားကို ဆက်စပ်ချုပ်နှောင်ထားတော့သည်။

လောကသဘာဝတွင် အချို့သော လုလင်ပျို၊ လုံမပျိုတို့သည် မုန်းစရာကြီး၊ ကြည့်၍မရဘူးဟုဆိုရာမှ တော်တော်ကြာသောအခါ ချစ်ကြိုက်သွားတတ်ကြသည်။ ဤသို့ဖြစ်ရသည်မှာ ပထမ မုန်းသည်ဆိုသောအချက်ဖြင့် ဆက်သွယ်မိပြီး စိတ်အာရုံထဲ ရောက်လာသည်။ နီးစပ်လာသည်။ မုန်းခြင်းသည် လောကသဘာဝအားဖြင့် စိတ်ဝင်စားစရာ တစ်မျိုးဖြစ်၏။ အဘိဓမ္မာနည်းအရ သံယောဇဉ်တွယ်မိခြင်း ဖြစ်ပါသည်။

၅။ မာနသံယောဇဉ် - နိုင်ခံ့စွာချည်နှောင်ထားသော မာန်ကြိုးဖြစ်သည်။

ယင်းကြိုး ချည်နှောင်ထားခြင်းခံရသော သူသည် ထောင်လွှားတက်ကြွလို၏။ သူတစ်ပါးထက် ပိုသာကဲလွန်လို၏။

မာနတွင် မှီဝဲအပ်သော မာန၊ မမှီဝဲအပ်သော မာနဟူ၍ နှစ်မျိုးရှိသည်။

ဤစာမရလျှင် ငါမထ၊ ဤတရားမရလျှင် ငါမထ၊ အရိုးကြေကြေ အရေခန်းခန်း ကြိုးစားမည်ဟူသော မာနသည် မှီဝဲအပ်သောမာန (သေဝိတဗ္ဗမာန) ဖြစ်ပါသည်။

ပစ္စည်းဥစ္စာ ကြွယ်ဝပေါများ၍လည်းကောင်း၊ အဆင်းအင်္ဂါ လှပ၍လည်းကောင်း တက်ကြွထောင်လွှားမှုမျိုးသည် မမှီဝဲအပ်သောမာန (အသေဝိတဗ္ဗမာန) ဖြစ်ပါသည်။ မာနသည် ကိစ္စကောင်းများကို ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာစေတတ်သော အဆီးအတားတစ်ခုဖြစ်သည်။ "တက်ကြွားကြွကြွ၊ မြင့်လွန်းကလည်း လျော့ကျနောက်ဆုံးရှိချေ၏" ဟု ဆိုထားသည့်အတိုင်း မာနကြောင့် အနိမ့်ပိုင်းသို့ ကျဆင်းသွားတတ်ကြသည်။

ထိုကြောင့် မာနတံခွန် အလံထူမှုကို စွန့်ပစ်ရမည်ဟူ၍ ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

www.dhammaransi.com



၆။ ဒိဋ္ဌိသံယောဇဉ် - အမြင်မှားက ခိုင်မြဲစွာ ချည်နှောင်ထားသည့်ကြိုးဖြစ်သည်။ ဤကြိုးဖြင့် ချည်နှောင်ထားခြင်း ခံရသောသူသည်အမြင်မှားကို လက်ခံယုံကြည်သည်။ နောက်ဘဝမရှိ - လှူတာ အကျိုးမရှိ၊ သေပြီး ပြီတာပဲ စသည်ဖြင့် တစ်ယူသန် စွဲမြဲသောသူများသည် ဒိဋ္ဌိသံယောဇဉ်ကြိုး စွဲမြဲစွာ ချည်နှောင်ထားခြင်းခံရသူများသာဖြစ်သည်။ ဒိဋ္ဌိကြိုးခိုင်မြဲလေလေ အမြင်မှားစွဲမြဲလေလေ ဖြစ်ပါသည်။

၇။ သီလဗ္ဗတပရာမာသသံယောဇဉ် - ခွေးအကျင့်၊ နွားအကျင့်စသော အလေ့မှား အကျင့်မှားများနှင့် ချည်နှောင်ခံထားရသော ကြိုးဖြစ်သည်။

ကာမဂုဏ်အာရုံတရားများကို ဝလင်စွာ စားသောက်သုံးဆောင်သော် ကြာလျှင် ကာမဂုဏ်တရားခံစားရခြင်းကို ငြီးငွေ့သွားနိုင်ပါသည်။ ကုန်ခမ်းပျောက်ပျက်သွားနိုင်သည့် ကာမဂုဏ်တရားများကို အစွမ်းကုန်လိုက်စားခြင်းသည် အလေ့မှားဖြစ်သည်။ ဓမ္မစကြာတရားတော်အရ ကာမသုခလ္လိကာနုယောဂလမ်းဖြစ်ပါသည်။

ကာမဂုဏ်တရားများလျော့နည်းသွားစေရန် ခန်းခြောက်သွားစေရန် ပဉ္စာတပဟူသော ငါးမျိုးကို ခံယူသောအကျင့်၊ နွား၊ ခွေးတို့ကဲ့သို့ ကျင့်သောအကျင့်များသည် အလေ့မှား၊ အကျင့်မှားများ ဖြစ်ကြသည်။

အချို့မှာ အဆင်းအာရုံကို မခံယူနိုင်စေရန် မျက်စိကို ထိုးဖောက်၏၊ အသံအာရုံကို မကြားနိုင်စေရန် နားကို ပိတ်ဆို့ထားတတ်၏။ ထိုအကျင့်များတို့မှာ မိမိကိုယ်ကို ညှင်းဆဲသော (အတ္တကိလမထာနုယောဂလမ်း)ပင် ဖြစ်ပါသည်။

ထိုသို့သော အကျင့်များဖြစ်သော သီလဗ္ဗပတပရာမာသသံယောဇဉ်က ချည်နှောင်ထားခြင်းခံရသောသူသည် အလယ်အလတ်ရှုကြည့်ဆင်ခြင်သော မဇ္ဈိမပဋိပဒါလမ်းကို တွေ့ရှိနိုင်မည်မဟုတ်ပါ။ မဂ္ဂင်(၈)ပါးကိုမသိဘဲ သံသရာတွင် လည်ပတ်နေရဦးမည်သာ ဖြစ်ပါသည်။

၈။ ဝိစိကိစ္ဆာသံယောဇဉ် - ယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်းဟူသော သဘာဝတရားများက ခိုင်ခံ့စွာ ချည်နှောင်ထားသည်။

ယင်းသည် အကြောင်းကိစ္စတစ်ခုခုကို မှားသည်၊ မှန်သည်၊ ဆောင်ရွက်သင့်သည်၊ မဆောင်ရွက်သင့်သည် စသည်ကို မဆုံးဖြတ်နိုင်ဘဲ ယုံမှားသံသယဖြစ်စေရန် စိတ်နှင့်အာရုံကို ချည်နှောင်ထားသည်။ သို့အတွက် လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် ပြီးစီးအောင်မြင်မှုမရနိုင်၊ နှောင့်နှေးကြန့်ကြာကြရသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



၉။ ဥဒ္ဒစ္စသံယောဇဉ် - ပြန့်လွင့်ခြင်းသဘာဝတရားက နိုင်ခံ့စွာ ချည်နှောင်ထားသည်။ ကိစ္စတစ်ခုခုကို ဆောင်ရွက်ရာတွင် စိတ်တည်ငြိမ်မှုမရှိ၍ လုပ်ငန်းအချိန်မီပြီးစီးရန် မဖြစ်တော့ပေ။ နှောင့်နှေးကြန့်ကြာ၍ အကျိုးယုတ်မှုများ ဖြစ်ကြရသည်။

၁၀။ ဣဿာသံယောဇဉ်မစ္ဆရိယသံယောဇဉ် - သူတစ်ပါးကောင်းစားနေသည်ကို မနာလိုသောသူအား ဣဿာနှောင်ကြိုးက ချည်နှောင်သည်။ မိမိပိုင်ဆိုင်သည်များကို နမြောဝန်တိုသူအား မစ္ဆရိယနှောင်ကြိုးက ချည်နှောင်သည်။

ဤသံယောဇဉ်(၂)ပါးသည် ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသော (ဒေါစတုတ်) (၄)ပါးတွင် ဒေါသနှင့်ယှဉ်တွဲသောကြောင့် ဒေါသ (ပဋိဃ)ကြိုးနှင့် ဆက်နွယ်နေသည်။

ထိုဣဿာမစ္ဆရိယနှစ်ပါးသည် လက်ရှိဘဝ၌ပင်လျှင် တက်လမ်းသို့ မရောက်ရှိနိုင်ဘဲ အောက်အနိမ့်သို့ကျရပြီး သေသောအခါ၌လည်း အပါယ်သို့ ကျရောက်တတ်ရသည်။

၁၁။ အဝိဇ္ဇာသံယောဇဉ် အမှန်ကိုမသိ၊ အမှားကိုသိခြင်း၊ ဖုံးလွှမ်းခြင်းသဘာဝတရားက ချည်နှောင်ထားသည်။

အဝိဇ္ဇာမောဟသည် မှန်တာကိုမသိ၊ မှားတာကို သိသည်။ သစ္စာကိုမသိ၊ လိမ်ထားတာကို သိသည်။ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုကို မြဲသည်၊ ချမ်းသာသည် အစိုးရသည်ဟု ထင်နေမှုများသည် အဝိဇ္ဇာမောဟဖြစ်ပါသည်။

မောဟ (အဝိဇ္ဇာ) ဆိုသည်မှာ ဘာမျှမသိတာမဟုတ်ပါ။ စိတ်၌ယှဉ်သောစေတသိက်နာမ်တရားလေးတစ်ခုဖြစ်သည်။ ရုပ်လို ဘာမျှမသိတာမဟုတ်ပါ။ သိစရာကိုညွှတ်သောသဘောရှိပါသည်။ သို့သော် မမှန်တာကို သိခြင်းသဘာဝရှိသော နာမ်တရားဖြစ်သည်။

သံယောဇဉ်နှောင်ကြိုးများဟူသည် ပကတိကြိုးများ မဟုတ်ပါ။ စိတ်ဓာတ်ဆွဲအားကြိုးများသာဖြစ်သည်။ နိုင်မြဲသည်၊ တစ်ကမ္ဘာလုံးရှိ လူသားအားလုံး၏ အချစ်၊ မေတ္တာ၊ ဥစ္စာ၊ ဂုဏ်၊ သိက္ခာ၊ ရာထူး၊ အရှိန်အဝါ စသည်များကို ဤသံယောဇဉ်ကြိုးများဖြင့် ဆွဲငင်ချည်နှောင်ထား၍ ကမ္ဘာလူသားအားလုံးသည် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲများကို အမြဲခံစားနေရပါသည်။

ဤသဘာဝကို သိပ္ပံပညာ၊ သိပ္ပံအမြင်က မမြင်နိုင်၊ မသိနိုင်၊ စမ်းသပ်၍ မရနိုင်သေးပါ။ ဗုဒ္ဓကမူ လက်တွေ့ကျကျ၊ သဘာဝကျကျ ဖော်ထုတ်ဟောပြထားခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



# လူသားတို့၏သဘာဝဆိုးများနှင့် လွတ်မြောက်မှုများ

သက်ရှိလူသားတွင် လက်ဝဲအကုသိုလ်သဘာဝတရား၊ လက်ယာကုသိုလ်သဘာဝတရားနှစ်ပါးက ခြယ်လှယ်ထားပါသည်။

လောဘစသောအကုသိုလ်စေတသိက်များ၏သဘာဝသတ္တိအရပေါ်ပေါက်လာခဲ့ရသော စိမ်မှန်သော(ပရမတ်)လက္ခဏာသည် (၉)မျိုး ရှိနေပါသည်။ ယင်း(၉)မျိုးသည် အခြားတစ်ပါးမှာ ဖြစ်နေသည်မဟုတ်၊ မိမိမှာဖြစ်နေသည်။ သို့အတွက် မိမိသည် လျှို့ဝှက်ဆန်းကြယ်သော လူသဘာဝဆိုးကြီးမှ မရုန်းထွက်နိုင်ဘဲ ရှိနေရသည်။

လူသား၌ နေ့စဉ် လောဘသဘာဝတရားသည် ဖြစ်ပေါ်နေရ၏။ လောဘသည် အရက်ကဲ့သို့ လူသားအား ယစ်မူးစေ၏၊ စွဲလမ်းစေ၏၊ အရက်သည် စွဲ၍သောက်သောသူအားထပ်၍ထပ်၍သောက်အောင် ဆွဲဆောင်သကဲ့သို့ လောဘသည်လည်း မိမိကိုဖြစ်စေသောသူအား ထပ်၍ထပ်၍ဖြစ်စေ၏။ ရလေလိုလေ၊ အိုတစ္ဆေကဲ့သို့ ဖြစ်စေ၏။

ဝန်ဆောင်နွားလားနောက်သို့ လှည်းဘီးသည် ထပ်ကြပ်မကွာ လိုက်ပါနေသကဲ့သို့ လောဘသဘာဝသည်လည်း နေဝသညာနာသညာ အရူပဗြဟ္မာကြီးဖြစ်ပြီး ဘဝ၏ အဆုံးအထိပြေးသော်လည်း မလွတ်။ ထပ်ကြပ်မကွာ လိုက်ပါနေပါ၏။

သောတာပန်ဖြစ်အောင် အားထုတ်၍ သံသရာမှ ရုန်းထွက်ရာ၌ပင် မဂ်အနီးအနားအထိ အတင်းလိုက်သေး၏။

ဤကား လောဘသဘာဝတရား၏ စွမ်းအားဖြစ်ပါသည်။

ထိုလောဘသဘာဝတရားသည်...

- ဝဲသြဃသည် မိမိဝဲထဲရောက်လာသူကို နစ်မြုပ်တတ်သလို နစ်မြုပ်တတ်၍ သြဃအမည်ရ၏။
- မြေကြီး၏ ဆွဲငင်အားကြောင့် သတ္တဝါများမြေကြီးနှင့် ဆွဲခံနေရသလို ဘဝသံသရာထဲ၌ မလွတ်အောင် ဆွဲခံထားရ၍ ယောဂအမည်ရ၏။
- ကြိုးအထုံးဖွဲ့ချည်ထားသကဲ့သို့ လောဘက လူကိုဖွဲ့ချည်ထုံးထား၍ ဂန္ထအမည်ရ၏။
- လောဘသည်လိုချင်မှုအားကြီးလာသောအခါမရမနေလိုချင်လာပြီးတမ်းတမ်းတတစွဲလမ်းလာသဖြင့် = ဥပါဒါန်အမည်ရ၏။

www.dhammaransi.com



- လူသည် ဗုဒ္ဓသာသနာနှင့်တွေ့ခိုက် ရှာန်မဂ်ဖိုလ်ရလိုသော စိတ်ရှိလာသော အခါလောဘကစိတ်မစင်ကြယ်အောင်ပိတ်ပင်တားဆီးသဖြင့်နီဝရဏအမည် ရ၏။
- လောဘဟူသော သဘာဝသည် လူသားသန္တာန်၌ လိမ္မာပါးနပ်စွာ တွယ်တာညိ ကပ်နေသဖြင့် အနုသယအမည်ရ၏။
- လောဘသည် ငါ့လင်၊ ငါ့မယား၊ ငါ့သမီး၊ ငါ့သား၊ ငါ့ဥစ္စာ စသည်ဖြင့် လူကို ထို ပတ်ဝန်းကျင်မှ မထွက်နိုင်အောင် ချည်နှောင်ထားတတ်သောကြောင့်လည်း ကောင်း၊ သံယောဇဉ်လောဘသည် တစ်ခုခုကို လိုချင်လာသောအခါ လူကို ပူလောင်စေတတ်သောကြောင့်လည်းကောင်း ကိလေသာအမည်ရ၏။

ဟူ၍ လောဘသဘာဝဆိုးများ၏ အမည်အမျိုးမျိုးကို ဗုဒ္ဓက အဘိဓမ္မာ၌ ဟောထား ပြခဲ့ပါသည်။

လူသားတွင် လောဘတစ်မျိုးတည်းသာ ရှိသည်မဟုတ်။ အကုသိုလ်သဘာဝ စေတသိက် (၁၄)မျိုး ရှိနေပါသည်။

လောဘမှတစ်ပါး ကျန်(၁၃)မျိုးတို့အနက် ဒိဋ္ဌိသည် ပိတ်ပင်တားဆီးတတ်သော နီဝရဏသဘာဝမှတစ်ပါး လောဘတွင်ဖော်ပြခဲ့သော ကျန်သဘာဝ(၈)မျိုးဖြစ်သော အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန် - အနုသယ၊ သံယောဇဉ်၊ ကိလေသာတို့၌ ပါဝင်နေပါသည်။

နီဝရဏသည် ပရမတ္ထတရားတို့၏ အလုပ်ကိစ္စပိုင်းဖြစ်၍ ဒိဋ္ဌိသည်ကား မှားယွင်း သော အမြင်ပိုင်းဖြစ်သည်။ ထို့ကြောင့် နီဝရဏထဲ၌ ဒိဋ္ဌိ မပါဝင်ပါ။

မောဟသည်လည်း ဂန္ထနှင့်ဥပါဒါန်၌မပါ ကျန်(၇)မျိုး၌ ပါဝင်သည်။ မောဟသဘော သည် သစ္စာကိုမသိခြင်း၊ တွေးဝေခြင်းဖြစ်၍၊ တုပ်ချည်သောသဘောဂန္ထ၊ ပြင်းစွာစွဲလမ်းသော သဘော ဥပါဒါန်တို့နှင့် မသက်ဆိုင်လေ။

- ဒေါသသည်ဂန္ထ၊နီဝရဏ၊အနုသယ၊သံယောဇဉ်၊ကိလေသာ(၅)မျိုး၌သာပါ၍ အာသဝ၊ဩဃ၊ယောဂ၊ ဥပါဒါန်တို့၌ မဖြစ်ပေါ်ပေ။
- ဝိစိကိစ္ဆာသည် နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာ (၄) မျိုး၌သာ ပါဝင်၍ ကျန်(၅)မျိုး၌ မဖြစ်ပါ။
- မာနသည် အနုသယ၊ သံယောဇဉ်၊ ကိလေသာ(၃)မျိုး၌သာဖြစ်၍ ကျန်(၆) မျိုး၌ မဖြစ်ပါ။
- ဥဒ္ဓစ္စသည် နီဝရဏ၊ သံယောဇဉ်၊ ကိလေသာ(၃)မျိုး၌သာဖြစ်၍ ကျန်(၆)မျိုး၌ မဖြစ်ပါ။

www.dhammaransi.com



- ထိနသည် နီဝရဏနှင့်ကိလေသာ (၂)မျိုး၌သာ ဖြစ်သည်။
- ကုက္ကုစ္စနှင့်မိဒ္ဓသည် နီဝရဏ(၁)မျိုးသာဖြစ်သည်။
- အဟိရိက၊ အနောတ္တပ္ပသည် ကိလေသာ(၁)မျိုး၌သာဖြစ်သည်။
- ဣဿာနှင့်မစ္ဆရိယသည် သံယောဇဉ်တစ်မျိုး၌သာ ဖြစ်သည်။

ပါရမီခံရှိသူများ၊ ဉာဏ်ကြီးရင့်သူများအနေဖြင့် ဤအကုသိုလ်(၁၄)ပါး၏ခြယ်လှယ်ခံရမှုကို တွန်းလှန်၍ မြင့်မြတ်သောလူသားအဖြစ်ရောက်အောင် သမထ၊ ဝိပဿနာကျင့်စဉ်ဟူသော မဂ္ဂင်(၈)ပါးအကျင့်ကို ကြိုးစားအားထုတ်ကြသဖြင့် အဆင့်လိုက် ထိုအကုသိုလ်များကို ပယ်နိုင်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်များသည် သုတ္တန်နည်းအရဖြစ်စေ၊ အဘိဓမ္မာနည်းအရဖြစ်စေ သံယောဇဉ်သဘာဝတရား(၁၀)ပါးလုံး ရှိနေပါသည်။

မဂ္ဂင်(၈)ပါးဟူသော သမထ၊ ဝိပဿနာတရားအားထုတ်လာ၍ မဂ်အဆင့်ဆင့်ရောက်ရှိရရှိကြသော် ပယ်နိုင်သော သံယောဇဉ်များကို အောက်ပါအတိုင်း တွေ့ရပါမည်...

## သောတာပန်ပုဂ္ဂိုလ်ပယ်သော သံယောဇဉ်များ

**သုတ္တန်နည်း**

၁။ ဒိဋ္ဌိသံယောဇဉ်
၂။ သီလဗ္ဗတပရာမာသသံယောဇဉ်
၃။ ဝိစိကိစ္ဆာသံယောဇဉ်

ကျန်(၇)ပါးရှိသေးသည်။

**အဘိဓမ္မာနည်း**

၁။ ဒိဋ္ဌိသံယောဇဉ်
၂။ သီလဗ္ဗတပရာမာသသံယောဇဉ်
၃။ ဝိစိကိစ္ဆာသံယောဇဉ်
၄။ ဣဿာသံယောဇဉ်
၅။ မစ္ဆရိယသံယောဇဉ်

ကျန်(၅)ပါးရှိသေးသည်။

သကဒါဂါမ်ပုဂ္ဂိုလ်များသည်လည်း သောတာပန်အတိုင်း ပယ်သည်။ သို့သော် သကဒါဂါမ်တွင်ရှိသေးသော သံယောဇဉ်များသည် သောတာပန်တွင်ရှိသော သံယောဇဉ်ထက် စွမ်းရည်အင်အား နည်းပါးပါသည်။

www.dhammaransi.com



## အနာဂါမ်ပုဂ္ဂိုလ်ပယ်သောသံယောဇဉ်များ

သုတ္တန်နည်း

၁။ ကာမရာဂသံယောဇဉ်

၂။ ပဋိဃသံယောဇဉ်

၃။ ဒိဋ္ဌိသံယောဇဉ်

၄။ သီလဗ္ဗတပရာမာသသံယောဇဉ်

၅။ ဝိစိကိစ္ဆာသံယောဇဉ်

ကျန်(၅)ပါးရှိသေးသည်။

အဘိဓမ္မာနည်း

သုတ္တန်ပယ် ၁ မှ ၅ အထိနှင့်

၆။ ဣဿာသံယောဇဉ်

၇။ မစ္ဆရိယသံယောဇဉ်

ကျန်(၃)ပါး ရှိသေးသည်။

အရဟတ္တမဂ်အဆင့်ရောက် ရဟန္တာပုဂ္ဂိုလ်ဟူသမျှတို့သည် သုတ္တံနည်းအရဖြစ်စေ အဘိဓမ္မာနည်းအရဖြစ်စေ သံယောဇဉ်(၁၀)ပါးလုံးကို ပယ်ပြီးဖြစ်ပါသည်။

ဤကဲ့သို့သော အဆင့်ဆင့်ပယ်ပြီးသော ပုဂ္ဂိုလ်များ၏ စိတ်ဓာတ် သဘာဝသည် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ချမ်းသာခြင်း အပြည့်အဝ ရရှိခံစားကြရပါသည်။

ဤလူ့ဂှက်ဆန်းကြယ်သောအကုသိုလ်သဘာဝဆိုးများကို သာမန်မျက်စိဖြင့်မမြင်နိုင်သလို သူတို့၏ချယ်လှယ်မှုစွမ်းအားကို သိပ္ပံပညာ၊ သိပ္ပံစမ်းသပ်ချက်နှင့် မတွေ့နိုင်ပါ။ ဗုဒ္ဓ၏ မဂ္ဂင်(၈)ပါး ကျင့်စဉ်နည်းလမ်းဖြင့် စမ်းသပ်ကျင့်ကြံအားထုတ်မှ သိနိုင်ပါသည်။ စင်ကြယ်သန့်ရှင်းနိုင်ပါသည်။

## လူသားတို့၏ စွမ်းရည်လေးရပ်

ယနေ့ကမ္ဘာတွင် စက်မှုလက်မှုများ ထွန်းကားလာပြီး လေယာဉ်ပျံများ၊ ဂြိုဟ်တုများအထိ တီထွင်ကာ ကမ္ဘာကြီးတစ်ခုလုံးကို တစ်စက္ကန့် တစ်မိနစ်အတွင်း ဆက်သွယ်နိုင်၊ ပြောနိုင်လာအောင်တီထွင်လာမှုများ(ဝါ)ကမ္ဘာရွာကြီးဖြစ်လာအောင်တည်ထောင်ဖန်တီးနိုင်

www.dhammaransi.com



သူများသည် ဘုရားရှင်က ဖန်တီးပေးသည်မဟုတ်ပါ။ လူသား၏ဆန္ဒနှင့် စွမ်းရည်ကြောင့်သာ ဖြစ်သည်ကို ယနေ့သိပ္ပံပညာရှင်များက လက်ခံလာခဲ့ကြပြီးဖြစ်ပါသည်။

လကမ္ဘာကို လူသားများရောက်အောင် ဦးဆောင်ပြုလုပ်ခဲ့သော အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင် ဖွန်ဘရောင်ကို သတင်းထောက်များက ...

"ဆရာကြီး . . . လကမ္ဘာသို့ လူသားများ ရောက်အောင်ပို့ပေးရာ၌ အရေးကြီးဆုံး က ဘာလဲ"

ဟုမေးသောအခါ ဖွန်ဘရောင်က ...

"ငါ့ရဲ့ဆန္ဒက အဓိကပဲကွ"

ဟု အဖြေပေးခဲ့ပါသည်။

အရာဝတ္ထုတစ်ခုပြီးစီးအောင်မြင်ရန် မိမိဘဝ မိမိလိုလားသောဆန္ဒ ပြီးမြောက် အောင်မြင်ရန်တွင် မည်သည့်အရာသည် အရေးကြီးပါသနည်းဟု ဆန်းစစ်ရကြည့်ပါက ...

ဥပမာ - ဂြိုဟ်တုတစ်ခုတည်ဆောက်ရာ၌ ပြီးစီးအောင်မြင်အောင် တည်ဆောက် တတ်သည့် အတတ်ပညာသည်သာ စွမ်းရည်ဖြစ်ကြောင်း သိသာနိုင်ပါသည်။

အလုပ်တစ်ခု အရာဝတ္ထုတစ်ခု တည်ဆောက်ပြီးစီးမှု၊ မိမိ၏ရည်မှန်းချက် အောင်မြင် ပြီးစီးမှု၊ ရပိုင်လာမှုကို ပါဠိဘာသာဖြင့် သိဒ္ဓိဟူ၍လည်းကောင်း၊ ဣဒ္ဓိဟူ၍လည်းကောင်း ခေါ်ပါသည်။

မည်သည့်ကိစ္စမဆို ပြီးစီးစေခြင်း၊ အောင်မြင်စေခြင်း၌ ပြီးစီးစေခြင်းနှင့် ပြီးစီးခြင်း အောင်မြင်ခြင်းနှင့် အောင်မြင်စေခြင်းဟူ၍ အရင်းနှင့်အဖျား နှစ်မျိုးနှစ်စားရှိသည်ကို တွေ့ကြ ရပါသည်။

ဥပမာ - ဂြိုဟ်တုတစ်ခုကို တည်ဆောက်ရာ၌တည်ဆောက်ပြီးစီးအောင်မြင်မှုသည် အဖျားဖြစ်ပြီး ယင်းသို့ပြီးစီးအောင်မြင်အောင် တည်ဆောက်သော အတတ်ပညာသည် အရင်း ဖြစ်ပါသည်။

ဤတွင် ဂြိုဟ်တုကြီးသည် စွမ်းရည်လား၊ ဂြိုဟ်တုကြီးကို အောင်မြင်အောင် တည် ဆောက်သော အတတ်ပညာသည် စွမ်းရည်လားဟု ဆန်းစစ်ကြည့်ပါက အတတ်ပညာသည် သာ စွမ်းရည်ဖြစ်ကြောင်း တွေ့ရှိရပါမည်။

ထိုအတတ်ပညာစွမ်းရည်သည် မည်သူ၏စွမ်းရည်နည်းဟု ဆက်လက်ဆန်းစစ်ပြန် သော် လူသား၏စွမ်းရည်ဖြစ်ကြောင်း တွေ့ရပါမည်။

မည်သည့်ကိစ္စမဆို ပြီးစီးအောင်မြင်အောင် လုပ်နိုင်သော လူ့စွမ်းရည်ဟူသည် သာမန်စွမ်းရည်မဟုတ်ပါ။ သာမန်စွမ်းရည်နှင့်လည်း ကြီးကျယ်သောအလုပ်များကို မအောင် မြင် မပြီးစီးနိုင်ပါ။

www.dhammaransi.com



ဗုဒ္ဓက ထိုထိုလုပ်ငန်းနှင့် ရည်ရွယ်ချက် အောင်မြင်ဖို့အတွက် လူစွမ်းရည်၌ အဓိပတိတပ်၍ လုပ်ဆောင်မှ အောင်မြင်မည်ပြီးစီးမည်ဟု ထုတ်ဖော်လမ်းညွှန်ထားပါသည်။

အဓိပတိဟူသောစကားသည် ပါဠိစကားဖြစ်ပါသည်။ ယင်းစကားလုံးကို သရုပ်ခွဲပြရာ၌ အဓိန + ပတိဟူ၍လည်းကောင်း၊ အဓိက + ပတိဟူ၍လည်းကောင်း ပုဒ်ခွဲပြပြီး အဓိပ္ပာယ်ဖော်ပေးထားပါသည်။

အဓိန = မိမိနှင့်စပ်သမျှ (ဝါ)ပတ်သက်သမျှ၊

ပတိ = အရှင်(ဝါ) အစိုးရခြင်း၊

အဓိက = လွန်ကဲသော (ဝါ) ပြိုင်ဘက် ကင်းသော၊

ပတိ = အရှင်

လောကဥပမာကြည့်လျှင် ဝန်ကြီးများသည် မိမိဆိုင်ရာ ဝန်ကြီးဌာနကိုသာ အစိုးရသည်။ အခြားဌာနများနှင့် မသက်ဆိုင်။ သမ္မတ၊ ဝန်ကြီးချုပ်တို့ဟူသည် ဝန်ကြီးအားလုံးအပေါ်နှင့် တစ်တိုင်းပြည်လုံးအပေါ်၌ အစိုးရသည်။ စိုးမိုးအုပ်ချုပ်သည်။

တစ်ဖန် လောကသဘာဝ အစည်းအဝေးတစ်ခုပြုလုပ်လျှင် သဘာပတိဟူ၍ ထားလေသည်။ (သဘာ = အစည်းအဝေးပွဲသဘင်၊ ပတိ = အရှင်) အစည်းအဝေးပွဲသဘင်၏အကြီးအကဲဟူ၍ ဆိုလိုပါသည်။

အစည်းအဝေးသဘောအရ နောက်အစည်းအဝေးတစ်ခု၌မူ အခြားသူတစ်ဦးက သဘာပတိဖြစ်လာနိုင်သောကြောင့် အလှည့်ကျကြီးကဲရသော သဘောရှိပါသည်။ ထို့ကြောင့် အဓိပတိသည် အလှည့်ကျကြီးကဲရသည့်သဘော (ဝါ) အလှည့်ကျဗိုလ်လုပ်ရသည့်သဘော ရှိနေပါ သည်။

သို့သော် အကြီးကဲရခိုက်၊ အစိုးရခိုက် ကာလများ၌ ပြိုင်ဘက်မရှိ၊ တစ်ဦးတည်းသာ ထိပ်တန်းရောက်ရသည့်သဘောဖြစ်ပါသည်။

ဤလောက၌ မည်သည့်ကိစ္စမဆို ပြီးစီးအောင်မြင်အောင်လုပ်နိုင်သော လူ၌ရှိသော လူ့စွမ်းရည်ကား အဓိပတိတပ်သော စွမ်းရည်ဖြစ်သလို ထိုစွမ်းရည်သည်ကား တစ်မျိုးမဟုတ် (၄)မျိုးပင်ရှိနေကြောင်း ဗုဒ္ဓက ထုတ်ဖော်ပြခဲ့ပါသည်။

- လူမှာရှိသောလူ၏ဆန္ဒသည်လည်း လူ၏စွမ်းရည်တစ်ပါး၊
- လူမှာရှိသောလူ၏ဝီရိယသည်လည်း လူ၏စွမ်းရည်တစ်ပါး၊
- လူမှာရှိသောလူ၏စိတ်သည်လည်း လူ၏စွမ်းရည်တစ်ပါး၊
- လူမှာရှိသောလူ၏ဉာဏ်ပညာသည်လည်း လူ၏စွမ်းရည်တစ်ပါး၊

လောကတွင် များသောအားဖြင့် မည်သည့်စိန်၊ မည်သည့်ကျောက်သည် မည်မျှကောင်းသည်၊ မည်မျှအဖိုးတန်သည်ဟုတိတိကျကျသိရှိနားလည်သူနည်းပါးသကဲ့သို့မိမိမှာရှိ

www.dhammaransi.com



နေသော မည်သည့်အရာက၊ မည်မျှအဖိုးတန်သည် မည်မျှအစွမ်းရှိသည်ကို မသိသူက ပိုများပါသည်။

ဥပမာ - ကိုယ်ခန္ဓာအတွင်းပိုင်းတွင် မျက်စိက ဘယ်လိုအစွမ်းရှိသည်၊ နားက ဘယ်လိုအစွမ်းရှိသည်ဟု အပေါ်ယံလောက်သာ သိတတ်ကြပြီး မိမိ၏ကိုယ်တွင်းရှိနေသော အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ်တို့က မည်သို့အစွမ်းရှိသည်ကို သိဖို့ဆိုလျှင် များစွာပင် သင်ယူရဦးမည်ဖြစ်ပြီး ကိုယ်ခန္ဓာပိုင်းကိုသင်သော ပညာသည်ပင် အဆင့်မြင့်တက္ကသိုလ် ပညာဖြစ်နေခဲ့သည်။

ထို့ထက်ပို၍ လူ၏နာမ်ခန္ဓာပိုင်းတွင် မည်သည့်သဘာဝက မည်သို့အစွမ်းရှိသည်ဆိုသော အချက်ကိုမူ ပို၍အသိခက်ပေမည်။ အစွမ်းရှိသော သဘာဝများကို အစွမ်းထက်မြက်လာအောင် မည်ကဲ့သို့ ပြုစုပျိုးထောင်ရမည်ဟု သိတတ်ရန်မှာမူ ပို၍ လိုအပ်နေပေမည်။

လူ့ဘဝတွင်လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက်လူမှာရှိသောအစွမ်းကိုထုတ်သုံးတတ်ရပေမည်။

လူတွင် ရုပ်နှင့်နာမ်ဟူ၍ရှိရာ၌ ရုပ်သည် အဓိပတိဖြစ်နိုင်သော စွမ်းရည်လုံးဝမရှိ။ စိတ်, စေတသိက်ထဲမှာသာ အဓိပတိဖြစ်နိုင်သော သဘာဝစွမ်းရည်များရှိကြောင်း ကမ္ဘာပေါ်တွင် ပြိုင်ဘက်မရှိ ပေါ်ထွန်းခဲ့သော ဗုဒ္ဓက ဖော်ထုတ်ဟောခဲ့ပါသည်။

- ယနေ့ လူသားတို့ ပိုင်ဆိုင်ရရှိထားသော ထူးဆန်းလှသော စိတ်သည် အလုပ်လုပ်သည့်အရာ၌ သူသာ ကြီးကဲစိုးရ ပြိုင်ဘက်မရှိ အဓိပတိဖြစ်သည်။
- စိတ်ကိုလှုံ့ဆော်ပေးသော စေတသိက်ထဲတွင် ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံးကို ဆန္ဒစေတသိက်နှင့် ဝီရိယစေတသိက် နှစ်လုံးသည်လည်း ပြိုင်ဘက်မရှိ အဓိပတိဖြစ်နိုင်သည်။
- ကုသိုလ်သောဘဏစေတသိက်(၂၅)လုံးတွင် ပါဝင်သော ပညာစေတသိက်သည်လည်း ပြိုင်ဘက်မရှိ အဓိပတိဖြစ်သည်။

အဓိပတိဖြစ်နိုင်သောသဘာဝများမှာ စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ပညာ ဤလေးမျိုးသာဖြစ်ကြောင်း ဗုဒ္ဓက ပဋ္ဌာန်းဒေသနာတော်၌ အကျယ်တဝင့် ဟောကြားလမ်းညွှန်ထားခဲ့ပါသည်။

ကိုယ်စွမ်းကိုယ်စဖြင့် အောင်မြင်လိုသူများအတွက် ဤလေးချက်ကို ထုတ်သုံးတတ်မှ အောင်မြင်ပြီးစီးနိုင်ပါသည်။

ဤ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ(ပညာ) ဟူသော လူ့စွမ်းရည် သဘာဝ (၄) မျိုးသည် ဦးဆောင်မှုပိုင်းတွင် ပြိုင်တူဦးမဆောင်ပါ။ တစ်ခုပြီးမှတစ်ခု အလှဲအလှယ်ဖြင့် ဦးဆောင်ခြင်းသာ ဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



- မိမိ၏စိတ်ဆန္ဒပြင်းပြနေခိုက် ကျန်ဝီရိယ၊ စိတ်၊ ပညာတို့က နောက်ကနေ ခြံရံပံ့ပိုးပေးနေပါသည်။
- ဝီရိယလွန်ကဲနေခိုက် ဆန္ဒ၊ စိတ္တ၊ ဝီမံသတို့က ကူညီပံ့ပိုးပေးနေပါသည်။
- စိတ်ဦးဆောင်နေခိုက်တွင်လည်း ဆန္ဒ၊ ဝီရိယ၊ ဝီမံသတို့က ကူညီရံကူညီသည်။
- ပညာဟူသော စိန်သွားကမူ ပြဿနာများလုပ်ဆောင်ရမည့် အလုပ်ကိစ္စများကို တချန်းချန်းခွဲခြမ်းစိတ်ဖြာရှင်းလင်းနေခိုက်မှာ ဦးဆောင်နေပါသည်။

ဤစွမ်းရည်(၄)မျိုးသည် (၂)မျိုးတစ်ပြိုင်နက်၊ (၃)မျိုးတစ်ပြိုင်နက်၊ (၄)မျိုးတစ်ပြိုင်နက် ဦးဆောင်မှုမရှိပါပေ။

ဥပမာ - မီးစကြာတစ်ခုကိုမီးလုံး(၄)လုံးတပ်ဆင်ပြီးထားရာ၌တစ်လုံးလင်း၊ (၃)လုံးပျောက်စနစ်ဖြင့် အားလုံး တစ်လှည့်စီ တဖျတ်ဖျတ်နှင့် လင်းနေပုံမျိုးဖြစ်သည်။

လူ့သားဘဝမှာ ရည်မှန်းချက်တစ်ခု အောင်မြင်ရေးအတွက် တကယ်စွမ်းရည်အစစ်မှာ - ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဤလေးချက်ဖြစ်သည်ကို သိရှိပြီးနောက်နောက်ထပ်ဆက်လက်သိထားရမည့် အရေးကြီးသောအချက်မှာ . . .

- လောဘက ကြီးစိုးခြင်း သဘာဝသည် ကြီးပွားကြောင်း၊ အောင်မြင်ကြောင်း မဟုတ်၊
- ဒေါသစိတ်ဆိုးတတ်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း၊ ထစ်ခနဲဆို ရှူးရှူးရှဲရှဲပြုလုပ်တတ်ခြင်းသဘာဝသည် ကြီးပွားကြောင်း အောင်မြင်ကြောင်း မဟုတ်၊
- ရာထူး၊ အာဏာကိုမှီပြီး မာနကြီးခြင်း၊ ဘဝင်မြင့်ခြင်း၊ ငါနှင့်ငါသာ နိုင်းစရာဟု စိတ်ကြီးဝင်ခြင်းသည် အောင်မြင်ရာ အောင်မြင်ကြောင်း မဟုတ်၊
- သူတစ်ပါး ကြီးပွားချမ်းသာသည်ကို မနာလိုခြင်း မိမိပစ္စည်းပေးလှူရမည်ကို နှမြောတွန့်တိုခြင်းများသည်လည်း ကြီးပွားကြောင်း အောင်မြင်ကြောင်း မဟုတ်၊

လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယတရား သဘာဝတရားတို့သည် ထိုက်တန်သော အောင်မြင်မှုများရရှိရေးအတွက် လူ့အရည်အချင်း လူ့စွမ်းရည်များမဟုတ်ကြ။ သူတို့သည်ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသော လူ့စွမ်းရည်(၄)ရပ်ကိုပင် ဖျက်ဆီးပစ်တတ်သော သဘာဝတရားဆိုးများ ဖြစ်ကြသည့်အတွက် ဤသဘာဝတရားဆိုးများကို နားလည်သဘောပေါက်ပြီး ချိုးနှိမ်ပစ်ရန်လိုအပ်ကြောင်းကြည်လင်ပြတ်သားစွာ သိမြင်ကြရပါမည်။

ဤဆောင်ရန် ရှောင်ရန် သဘာဝကောင်း၊ သဘာဝဆိုးများကို သိရှိပြီး လက်တွေ့ဆောင်ရွက်သောသူသည် လူ့ဘဝတွင် သိက္ခာရှိရှိ၊ ဂုဏ်ရှိရှိ အောင်မြင်မှုရမည်သာ ဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ယနေ့လူသားများသည် ဆန်းအိတ်ပေါ်ထိုင်ပြီးထမင်းငတ်နေသဖြင့် ခွက်လက်စွဲကာ သူတစ်ပါးထံမှ စားစရာကို မျှော်လင့်နေရရှာသူများကဲ့သို့ ဗုဒ္ဓက ဟောကြားလမ်းညွှန်းထားသော ကြီးပွားချမ်းသာရေးနည်းများ၊ အောင်မြင်ခြင်းလမ်းကြောင်းမှာ ငြိမ်းချမ်းရေးလမ်းစဉ်များကို အရမယူတတ်ကြဘဲ ရှိနေကြပါသည်။

ဗုဒ္ဓ၏လူ့စွမ်းရည်(၄)ရပ်ကို သိပ္ပံပညာရှင်နှင့် သိပ္ပံပညာရပ်က မဖော်ထုတ်မပြသနိုင်သေးပါ။ ဗုဒ္ဓက ဖော်ထုတ်ပြသခဲ့ပြီးပါပြီ။ ယနေ့ ကမ္ဘာ့လူသားများ လကမ္ဘာအထိ သွားလာနိုင်အောင် လူ့လောကသားများ လောကနိဗ္ဗာန်အရသာခံစားနိုင်အောင် စက်မှုလက်မှု သိပ္ပံပညာများ ထွန်းကားလာအောင် ဆောင်ရွက်အောင်မြင်မှုမှန်သမျှသည် ဗုဒ္ဓဟောကြားသော (၄)ချက်ထဲကပင်ဖြစ်ကြောင်း သေချာစွာ လေ့လာဆင်ခြင်ကြည့်က သိသာနိုင်ပါသည်။

## ကိုယ်တွင်းဩဇာ(အာဟာရ) ရုပ်၏သဘာဝ

သတ္တဝါတစ်ဦးဖြစ်ပေါ်မှုအတွက် ပထမပဋိသန္ဓေယူသည်။ ပဋိသန္ဓေနောက် စိတ္တဇရုပ်ဖြစ်ပေါ်ရာတွင် ထိုစိတ္တဇရုပ်ထဲမှ အဝိနိဗ္ဘောဂ ရုပ်(၈)ခု၌ တေဇောဓာတ်နှင့် ဩဇာဓာတ်ပါဝင်ပါသည်။

တေဇောမှာ ဥတုဖြစ်၍ ဩဇာမှာ အာဟာရဖြစ်သည်။ ဥတုက ဥတုဇရုပ်များ ပေါက်ဖွား၍ အာဟာရမှ အာဟာရဇရုပ်များ ပေါက်ဖွားပါသည်။

ဥတုဇရုပ်ထဲတွင်လည်းကောင်း၊ အာဟာရဇရုပ်ထဲတွင်လည်းကောင်း၊ တေဇောနှင့် ဩဇာပါ၏။ ထိုတေဇောနှင့်ဩဇာသည် ဥတုနှင့် အာဟာရဖြစ်၏။ ထိုဥတုနှင့် အာဟာရတို့မှ တစ်ဖန် ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ ပေါက်ဖွားပြန်သည်။

ရုပ်ကလာပ်တစ်ခုဖြစ်ပေါ်တိုင်း မကွဲမပြားသော ရုပ်သဘာဝ (၈)ခုပါဝင်နေပါသည်။ ထို(၈)ခုထဲ၌ တေဇောနှင့်ဩဇာသည် အမရုပ်ဖြစ်သည်။ ကျန်ရုပ်တို့က အဖိုရုပ်များဖြစ်ကြသည်။

စိတ်က ရုပ်ကလာပ်ကို ဖြစ်ပေါ်စေရာတွင် ဥပါဒ်အချိန် (စတင် ဖြစ်ပေါ်ချိန်)တွင် ဖြစ်ပေါ်စေပြီး၊ ကံက ရုပ်ကလာပ်ကို ဖြစ်ပေါ်စေရာတွင် ခဏတိုင်း - ခဏတိုင်း အချိန်ပြည့်ဖြစ်ပေါ်စေသည်။

ဥတုနှင့်အာဟာရရုပ်များက ရုပ်ကလာပ်များကို ဖြစ်ပေါ်စေရာတွင် တည်နေချိန် (ဌီခဏအချိန်)မှာ ဖြစ်ပေါ်စေသည်။

www.dhammaransi.com



လူသတ္တဝါများသည် မိမိတို့ဘဝများစွာက ပြုလုပ်ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံ စီမံဖန်တီးမှုများကြောင့် ဖြစ်ပေါ်ရသည်။

မိမိအတိတ်ဘဝများစွာက ကုသိုလ်အလုပ် များများပြုလုပ်ခဲ့လျှင် ကိုယ်ခန္ဓာအချိုးအစားကျနစွာ ရုပ်လှပမည်။

မိမိဘဝအတိတ်ဘဝများစွာက အကုသိုလ်အလုပ်ဆိုးတွေ လုပ်ခဲ့ပါက အရုပ်ဆိုးနေပါမည်။

ကံထဲတွင်ပါသောတေဇောက ပေါက်ဖွားလာသည်။ ကံသည် အရင်းခံဖြစ်သည့် အတိုင်း အလုပ်ချင်းကွာသည်နှင့်အမျှ လူပုံစံ၊ စိတ်နေစိတ်ထားတို့သည်လည်း မတူနိုင်ကြပါ။ မျက်စိ၊ နား၊ နှာခေါင်း၊ ကိုယ်၊ လက်၊ ခြေ စသော ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင်ရှိသော အရေ၊ အသား၊ အကြောစသော အကြောင်းရင်းများသည်ပင် မတူညီကြပါ။

ကုသိုလ် အကုသိုလ်ကံ (ကမ္မဇ)ကြောင့် ဖြစ်လာသော လူသား၏ရုပ်သဘာဝသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော မဟာဘုတ် ရုပ်(၄)ခုအပေါ်၌ အမာခံတည်နေပါသည်။ ဤမဟာဘုတ်(၄)ပါးတွင် အမာခံသည် ပထဝီရုပ်ဖြစ်ပါသည်။

အရာဝတ္ထုများတွင်လည်းကောင်း၊ နေရာတိုင်းတွင်လည်းကောင်း ပထဝီသည် အမာခံဖြစ်နေပါသည်။

ဤနေရာ၌ ပထဝီဟူသည် ပရမာဏုမြူ တစ်မှုန်ကိုမျှပင် ပထဝီဟုဆိုလိုပါသည်။ ထိုတစ်မှုန်မျှသောပထဝီတွင် မကွဲမပြားတည်သော (အဝိနိဗ္ဘောဂ) ရုပ်ဟူသော စွမ်းအား(၈)မျိုး ပါဝင်နေပါသည်။

ထိုအား(၈)မျိုးမှာ...

၁။ ပထဝီခေါ်သောအမာခံရုပ်သဘာဝ

၂။ တေဇောခေါ်သော အပူအအေးသဘာဝ

၃။ အာပေါခေါ်သော အပူအအေးနှင့်အမာခံပထဝီကို ဖွဲ့စည်းပေးသောသဘာဝ

၄။ ဝါယောခေါ်သော လှုပ်ရှားမှု တွန်းကန်မှု ငြိမ်သက်မှုသဘာဝ

၅။ ဝဏ္ဏခေါ်သော အဆင်းသဘာဝ

၆။ ဂန္ဓခေါ်သောအနံ့သဘာဝ

၇။ ရသခေါ်သော အရသာသဘာဝ

၈။ ဩဇာခေါ်သော အဆီအစေးသဘာဝတို့ ဖြစ်ပါသည်။

သက်ရှိတွင်ရှိသော ဩဇာသည် အဇ္ဈတ္တ (အတွင်း)ဩဇာဖြစ်သည်။ သက်မဲ့တွင်ရှိသော ဩဇာသည် ဗဟိဒ္ဓ(ပြင်ပ)ဩဇာဖြစ်သည်။

www.dhammaransi.com



ဤအဇ္ဈတ္တသြဇာ၊ ဗဟိဒ္ဓသြဇာ(၂)မျိုးတွင် လူသားတို့ရုပ်ကလာပ်ကို ပေါက်ဖွားပေးနိုင်သည်မှာ အဇ္ဈတ္တသြဇာကသာ ပေါက်ဖွားပေးနိုင်ပါသည်။ ဗဟိဒ္ဓသြဇာက ရုပ်ကလာပ်ကို မပေါက်ဖွားပေးနိုင်ပါ။ သို့သော် အဇ္ဈတ္တသြဇာသည် ရုပ်ကလာပ်များကို ပေါက်ဖွားပေးရာတွင် ဗဟိဒ္ဓသြဇာ၏ အကူအညီကို ယူရပါသည်။

ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ ရုပ်သဘာဝဖြစ်ပေါ်ရာ၌ ဗုဒ္ဓက အဘိဓမ္မာ၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော ရုပ်ဖြစ်စေကြောင်းတရား (၄)ပါးရှိသည်ဟု ဟောထားရာ၌ အာဟာရဇ = အာဟာရကြောင့်ဖြစ်သော ရုပ် ပါဝင်ပါသည်။

တစ်ဖန် သဗ္ဗေသတ္တာအာဟာရဋ္ဌိတိကာ = သတ္တဝါမှန်သမျှအာဟာရအပေါ်၌ မှီခိုနေရသည် ဟု ဟောထားပါသည်။

ဤနေရာ၌ အထက်ဆိုခဲ့သော သြဇာသည်ပင် အာဟာရ ဖြစ်ပါသည်။

ပဋ္ဌာန်းဒေသနာတော်၌ ကဗဠီကာရောအာဟာရောဣမဿ ကာယဿ အာဟာရပစ္စယေနပစ္စယော = အလုပ်အကျွေးပြုအပ်သော အစာအာဟာရသည် ဤရုပ်ကြီးအား ကျေးဇူးပြုနေသည်ဟု ဟောထား ပါသည်။

အာဟာရဆိုသည်မှာ ပါဠိစကားဖြစ်ပါသည်။ အဓိပ္ပာယ်မှာ လွန်စွာဆောင်ခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။ ဆောင်ခြင်းဆိုသည်မှာ စိတ်ဆောင်တယ်၊ စိတ်လျော့တယ်ဆိုသကဲ့သို့ ဒီလူက စိတ်ဆောင်နေလို့ မသေသေးတာ၊ စိတ်လျော့လိုက်တော့မှသေသွားတယ်ဟု ပြောဆိုကြလေ့ရှိကြပါသည်။

ဤသဘောအရ ဆောင်နေတယ်ဆိုသည်မှာ ဖြစ်စေနေတယ်ဟု သဘောရောက်ပါသည်။ အာဟာရဆောင်သည်ဆိုသည်မှာ ဖြစ်စေတာဖြစ်ပါသည်။

ဖြစ်စေသောနေရာမှာလည်း ကိုယ်ကစပြီးဖြစ်စေတာတစ်မျိုး၊ ဖြစ်ပြီးသားကို ထောက်ပံ့ပေးတာတစ်မျိုးဟူ၍(၂)မျိုး ရှိနေပါသည်။

စိုက်ပျိုးထားသော သစ်ပင်တစ်ပင်ကိုကြည့်ပါက မျိုးစေ့က သစ်ပင်ကို စတင်ဖြစ်စေပါသည်။ ယင်းမျိုးစေ့သည် အဇ္ဈတ္တသြဇာ (အတွင်းအဆီအနှစ်)နှင့် တူပါသည်။ မိုးရေမရပါက မျိုးစေ့သည်ပင် အပင်မပေါက်နိုင်ပါ။ ရေလောင်းပေးမှ သစ်ပင်ဆက်ပေါက်ပြီး ရှင်သန်ကြီးထွားပါမည်။ ရေသည် ဗဟိဒ္ဓသြဇာ(အပြင်အဆီအနှစ်) ဖြစ်ပါသည်။

မိုးရေမရရှိသောကြောင့် မျိုးစေ့များ အပင်မပေါက်နိုင်သကဲ့သို့ ဗဟိဒ္ဓသြဇာမရလျှင် အဇ္ဈတ္တသြဇာသည် ရုပ်ကလာပ်များကို မပေါက်ဖွားနိုင်စေပါ။ ဗဟိဒ္ဓသြဇာ၏ အရင်းခံသည် ဥတုဖြစ်သည်၊ အဇ္ဈတ္တသြဇာ၏အရင်းခံသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဖြစ်သည်။

အာဟာရတွင် အထောက်အပံ့ပြုမှုသည် အဓိကကျပါသည်။ အထောက်အပံ့ပေးသော အာဟာရတွင် ရုပ်အာဟာရနှင့် နာမ်အာဟာရ ဟူ၍ (၂)မျိုးရှိပါသည်။

www.dhammaransi.com



ရုပ်အာဟာရဆိုသည်မှာ ရုပ်အမျိုးအစား (၂၈)ပါး၌ တစ်ပါးအဖြစ် ပါဝင်ရသော အာဟာရရုပ်ဖြစ်ပြီး ထိုအာဟာရရုပ်ဆိုသည်မှာလည်း အစားအသောက်များထဲ၌ ပါဝင်နေသော ရုပ်ဩဇာပင်ဖြစ်သည်။

ဥပမာ- အာဟာရအလိုငှာ ထမင်းစားကြသည်။ ထမင်းသည် ဗဟိဒ္ဓဩဇာဖြစ်ပါသည်။ ကိုယ်ခန္ဓာအတွင်း၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်နေသော အဇ္ဈတ္တဩဇာကလည်း ရှိနေပါသည်။ ခန္ဓာကိုယ်ထဲ၌ မိမိ၏ကံကြောင့် ဩဇာရုပ်၊ အာဟာရရုပ်များ မပြတ်ဖြစ်နေရပါသည်။ အသက်ရှိနေသော လူတစ်ယောက်မှာ ဉပါဒ်၊ ဌီ၊ ဘင် စနစ်အရ အမြဲမပြတ်ကိုယ်တွင်းအာဟာရရုပ် (ဩဇာ) ဖြစ်နေပါသည်။ ဤသည်မှာ ကိုယ်ခံအာဟာရ (ဝါ) ကိုယ်ခံဩဇာရုပ် ဖြစ်ပါသည်။

သို့သော် သက်ရှိသတ္တဝါ၏ ကိုယ်တွင်းရှိသော ဩဇာရုပ်ကလာပ်များကို ပေါက်ဖွားပေးနိုင်ရန် ထမင်းဟူသော ဗဟိဒ္ဓဩဇာက အကူအညီပေးနေရပါသည်။ ဗဟိဒ္ဓဩဇာအကူအညီမရသော် အဇ္ဈတ္တဩဇာသည် ရုပ်ကလာပ်များကို မပေါက်ဖွားနိုင်တော့ဘဲ အားအင်ကုန်ခမ်း ချည့်နဲ့လာပေမည်။

အကြမ်းဖျင်းပြောရလျှင် သက်ရှိသတ္တဝါတစ်ဦး အသက်ရှင်ရေးအတွက် လေအာဟာရ၊ ရေအာဟာရ၊ ခဲဖွယ်ဘောဇဉ်အာဟာရများစွာ လိုပါသည်။

သတ္တဝါ၏ကိုယ်တွင်းမှာဖြစ်ရှိနေသော ကံကြောင့်ဖြစ်သည့် ဩဇာရုပ်နှင့် ပြင်ပကလေ၊ ရေ၊ အစားအစာများပါသော ဩဇာရုပ် ဤရုပ်(၂)ခု ပေါင်းစပ်မိသောအခါကျမှ သတ္တဝါကိုယ်ထဲမှာ အာဟာရကြောင့်ဖြစ်တဲ့ ရုပ် (အာဟာရသမုဋ္ဌာန်ရုပ်) ဖြစ်လာနိုင်ပါသည်။

သင်္ချာသဘောနှင့်ပြရလျှင် အဇ္ဈတ္တဩဇာ + ဗဟိဒ္ဓဩဇာ = အာဟာရသမုဋ္ဌာနရုပ်ဟူ၍ ပြရပါမည်။

ကံနှင့်ကမ္မဇရုပ်ကံကြောင့်ဖြစ်သောရုပ်၊စိတ်နှင့်စိတ္တဇရုပ်စိတ်ကြောင့်ဖြစ်သောရုပ်၊ ဥတုနှင့်ဥတုဇရုပ် (ဥတုကြောင့်ဖြစ်သောရုပ်) မတူကြသလို အာဟာရနှင့် အာဟာရကြောင့်ဖြစ်တဲ့ရုပ်(အာဟာရသမုဋ္ဌာန်ရုပ်)တို့ မတူကြသည်ကို သိထားရပါမည်။

သက်ရှိသတ္တဝါတွင် နှာခေါင်းနှင့်ပါးစပ်သည် အဓိကကဏ္ဍမှာ ပါဝင်နေပါသည်။ နှာခေါင်းက လေကိုရှူသွင်းလိုက်သောအခါ လေထဲမှာပါသော ဩဇာရုပ်နှင့် ကိုယ်တွင်းဩဇာရုပ်ပေါင်းမိပြီး အာဟာရသမုဋ္ဌာန်ရုပ် သတ္တဝါကိုယ်မှာ ဖြစ်ပါသည်။

တစ်ဖန် သတ္တဝါ၏ပါးစပ်က ရေကို သောက်ချလိုက်သောအခါ ရေထဲတွင်ပါသော ဩဇာနှင့် ကိုယ်တွင်မှရှိသော ဩဇာပေါင်းမိပြီး ကိုယ်ထဲမှာ အာဟာရသမုဋ္ဌာန်ရုပ် ဖြစ်စေပါသည်။

www.dhammaransi.com



အစားအစာမျိုချပြန်သောအခါ အစားအစာထဲ၌ပါသော ဩဇာရုပ်နှင့်ကိုယ်တွင်း ဩဇာရုပ်ပေါင်းမိပြီး ကိုယ်ခန္ဓာထဲမှာ အာဟာရသမုဋ္ဌာန်ရုပ်များ ဖြစ်ရပြန်ပါသည်။

အမိဝမ်းတွင်းမှ သန္ဓေသားကလေးသည် သူ့၏ပါးစပ်နှင့် ဘာမျှမစားသော်လည်း သူ့၏ချက်ကြိုးမှတစ်ဆင့် မိခင်ထံမှဩဇာရုပ်ကိုရပြီး သူ့၏ကိုယ်မှာ အာဟာရသမုဋ္ဌာနရုပ်များ ဖြစ်ကာ ကြီးထွားလာခြင်းဖြစ်ပါသည်။ အာဟာရဇရုပ်မဖြစ်ဘဲ မကြီးလာနိုင်ပါ။

ဤနေရာမှာ လျှာကောင်းလျှင် ကောင်းသလောက် အရသာဆောင်မည့် အကြော များသန်လျှင် သန်သလောက် အရသာယူတာမြန်ပါသည်။ အစားအစာဘက်ကလည်း အဆီ ဩဇာရှိအစားအစာအနုစားဆိုလျှင် ဩဇာပျံ့နှံ့မှုမြန်ပါသည်။ မာသောအစားအစာဆိုက ကြိတ် ချေဝါးပြီးမှ ဩဇာပျံ့နှံ့မှုဖြစ်လာရပါမည်။

ထိုကဲ့သို့ ပါးစပ်ကနေ သောက်ချစားချလိုက်သော ဗဟိဒ္ဓဩဇာပါသော အစား အသောက်များသည် အစာအိမ်ထဲသို့ ရောက်သောအခါ ပါစက ဝမ်းမီးကချက်ပေးလိုက်သည့် အတွက် အဆီအနှစ်(ဩဇာ)များသည် သွေးကြောများထဲသို့လျှောက်ပြီး တစ်ကိုယ်လုံးမှာ ရသာဓာတ်ရည်များ ပျံ့နှံ့လေတိုင်း အာဟာရသမုဋ္ဌာန်ရုပ်များ ဖြစ်စေပါသည်။

ဗုဒ္ဓက အဘိဓမ္မာ၌ ပြင်ပကဩဇာသည် ဉပါဒ်ခဏမှာ အာဟာရသမုဋ္ဌာန်ရုပ်ကို မဖြစ် စေနိုင်ဘူး။ တည်ရှိချိန်(ဌီခဏရောက်မှသာ ဖြစ်စေနိုင်သည်)ဟု ဟောထားပါသည်။ ဉပါဒ် - ဌီ - ဘင် (၃) ချက်မှာ ဌီခဏသည် အကြာဆုံးဖြစ်ပါသည်။

တစ်ဖန် အစားအစာကို ပါးစပ်ကမှမဟုတ်ဘဲ မွေးညှင်းကဖြစ်စေ နှာခေါင်းကဖြစ် စေ၊ အစားအစာ အရေသွင်းပေးလျှင်လည်းဖြစ်စေ၊ ဆေးထိုးအပ်နှင့် အကြောထဲထိုးသွင်း၍ ဖြစ်စေ အာဟာရဇရုပ်များ ဖြစ်နိုင်ပါသည်။

တစ်ဖန် ဆေးလည်းအစာ၊ အစာလည်းဆေးဟုဆိုသည့်အတိုင်း သင့်လျော်သော အစားအစာ ကိုယ်နှင့်ကိုက်ညီတဲ့ အစားအစာကို စားလိုက်ပါက ကိုယ်ထဲတွင် ကောင်းသော အာဟာရသမုဋ္ဌာန်ရုပ်ကို ဖြစ်စေပါသည်။ မတဲ့သော မကောင်းသော အစာကိုစားပါက မသင့် မြတ်သော အာဟာရသမုဋ္ဌာန်ရုပ်များ ဖြစ်စေပါသည်။

အာဟာရအထောက်အပံ့ကောင်းလျှင် အစာသည် ဆေးဖြစ်ပါသည်။ မတဲ့တာစား လျှင် ဘေးဖြစ်တတ်ပါသည်။

အကယ်၍ လူတစ်ယောက်အသက်ရှင်ဖို့ ကံအားနည်းလာပြီးဆိုက ကိုယ်တွင်းမှာ ကံကြောင့်ဖြစ်သောရုပ်များ ကိုယ်ခံအားဩဇာရုပ်များ ညံ့လာပါသည်။ ကိုယ်ခံကမ္မဇဩဇာက ညံ့လာပြီးဆိုလျှင် ဆေးဆရာဝန်က ပြင်ပဗဟိဒ္ဓဩဇာကို မည်မျှပင်ကောင်းအောင် သွင်းပေး သွင်းပေး အာဟာရသမုဋ္ဌာန်ရုပ်ဖြစ်ဖို့ အားနည်းလာပါသည်။ သေတော့မည့်လူနာကို ပြင်ပ

www.dhammaransi.com



ဗဟိဒ္ဓသြဇာ မည်သို့ပင်သွင်းသွင်း ကိုယ်ခံကမ္မဇသြဇာက ညံ့လာသည်ဖြစ်၍ အာဟာရ သမုဋ္ဌာန်ရုပ်များ မဖြစ်တော့ဘဲ တဖြည်းဖြည်း သေဆုံးရပါတော့သည်။

လူတစ်ယောက်သည်အကယ်၍သေသွားပါကသူ၏ကိုယ်တွင်ကံကြောင့်ဖြစ်သော ရုပ်၊ စိတ်ကြောင့်ဖြစ်သောရုပ်၊ ကိုယ်တွင်းကိုယ်ခံ ကမ္မဇသြဇာကြောင့်ဖြစ်သော အာဟာရဇ ရုပ်များ မရှိတော့သည့်အတွက် ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်သာ ကျန်ပါတော့သည်။

သက်ရှိသိပ္ပံလောကက လူသား၏ကံစွမ်းအားကို ရှာဖွေမတွေ့ကြသေးပါ။ သို့တွက် လူသေလျှင် သွေးလည်ပတ်မှုရပ်သွားပြီး သွေးကြောထဲ ဆေးမသွား၍သေသည်ဟု ပကတိ မျက်စိမြင်သည့်အတိုင်း မိမိတို့၏ တီထွင်ထားသော ကိရိယာများနှင့် တိုင်းထွာရသည့်အတိုင်း ပြောကြပါသည်။

ဗုဒ္ဓကမူ အဇ္ဈတ္တကမ္မဇသြဇာ (ကိုယ်ခံသြဇာ)မရှိတော့၍ သေသည်ဟု ဉာဏ်အမြင် ဖြင့် ထုတ်ဖော်ခဲ့ပါသည်။

လူသေအလောင်းသည် ဥတုဇရုပ်ကလာပ်ကြီးဖြစ်သွား၍ ကိုယ်ထဲမှာ အသက်ရှူ လေနှင့် သန့်စင်ထားရသော အူ၊ အသည်း စသည်များသည် သေသောအခါ အသက်ရှူလေ နှင့် မသန့်စင်ရလေတော့ နေပူလျှင် မြန်မြန်ပုပ်ပါသည်။ အအေးခံထားလျှင် တော်တော်နှင့် မပုပ်ပါ။ ဗိုက်ထဲက အူ၊ အသည်းများထုတ်ပြီး လေထုအခန်းထဲထည့်၊ ဥတုကိုအကျိုးပြုသော ဆေးဝါးများကူပြီး စိမ်ထိုးပေးထားပါက နှစ်ပေါင်းရာချီ၍ မပုပ်မသိုးနိုင်ပါ။

ဤသည်မှာ ရုပ်သဘာဝ ရုပ်အာဟာရ နှင့်ပတ်သက်၍ သိပ္ပံက ရှာဖွေမတွေ့သေး သော ကိုယ်တွင်းအဇ္ဈတ္တသြဇာဓာတ်နှင့် ပြင်ပဗဟိဒ္ဓသြဇာဓာတ်တို့ကြောင့် ရုပ်ကြီးရုပ်တည် ဖြစ်ပေါ်မှုကို ဗုဒ္ဓက ဖော်ထုတ်ပြထားသည်ကို တင်ပြရခြင်းဖြစ်ပါသည်။

## နာမ်အာဟာရများ၏သဘာဝ

အာဟာရ (သြဇာ) နှင့်ပတ်သက်၍ ရုပ်အာဟာရတွင် ပြင်ပက ဗဟိဒ္ဓသြဇာသည် ကိုယ်တွင်းရှိ အဇ္ဈတ္တသြဇာနှင့်ပေါင်းစပ်မိလျှင် လူ၏ခန္ဓာကိုယ်ထဲမှာ အာဟာရသမုဋ္ဌာန်ရုပ် များ ဖြစ်ပွားစေသည်ဟု တင်ပြခဲ့သလို ရုပ်အာဟာရ နာမ်အာဟာရရှိကြောင်းကိုလည်း နိဒါန်း ခံခဲ့ပါသည်။

ထောက်ပံ့မှုပေးပြီး လွန်စွာဆောင်တတ်သော (အာဟာရ) အကြောင်းတရားတို့ကို ရှာဖွေရာဝယ် ရုပ်ပိုင်းလွန်ပြီး နာမ်ပိုင်း၌...

www.dhammaransi.com



- ဖဿစေတသိက်
- စေတနာစေတသိက်
- ဝိညာဉ် (စိတ်)

ထိုသည်လည်း ဆိုင်ရာအကျိုးဖြစ်စေဖို့ ကောင်းစွာထောက်ပံ့နိုင်သော (ဝါ)ဆောင်နိုင်သော အကြောင်းတရားများဖြစ်ကြ၍ အာဟာရစာရင်းထဲ ထည့်သွင်းထားပါသည်။ ထို(၃)မျိုးသည် နာမ်တရားများဖြစ်ကြသောကြောင့် နာမ်အာဟာရ(၃)ပါးဟူ၍ သတ်မှတ်ထားပါသည်။

ဖဿအာဟာရသည် မည်သည့်အရာကို ဆောင်ပါသလဲ (ဝါ) ထောက်ပံ့ပါသလဲ ဟုဆိုက...

လူသားသဘာဝသည် ထိခိုက်ရှနာဒဏ်ရာအနာတရဖြစ်သောအခါဝယ်ကိုယ်ဆင်းရဲမှု (ကာယိကဒုက္ခ) ခံစားရပါသည်။

- ပိုးဖဲကတ္တီပါ၊ မွေ့ယာ၊ ဆိုဖာ စသော အသားညက်ချော နူးညံ့ဖတ်သောအရာများနှင့် ထိတွေ့ရသည့်အခါဝယ် ကိုယ်ချမ်းသာမှု (ကာယိကသုခ) ခံစားရပါသည်။
- ထီပေါက်သည်၊ ငွေရသည်၊ စာမေးပွဲအောင်သည်၊ ရာထူးတက်သည် စသည်မျိုး၌ ဝမ်းသာအယ်လဲ (သောမနဿဝေဒနာ) ခံစားရပါသည်။
- သားသေ၊ ကုန်ရှုံးစသော ပျက်စီးမှုမျိုးစုံကြုံတွေ့လာရသောအခါဝယ်စိတ်ဆင်းရဲမှု (ဒေါမနဿဝေဒနာ)ခံစားရပါသည်။

သာမန်လူတို့သည် ဤကဲ့သို့သော ခံစားမှု (ဝေဒနာ) ဖြစ်ဖို့ အနီးကပ်မဟုတ်က ဘာလဲဟူ၍ မသိကြပါ။

ဥပမာ - ဓားထိ၍နာသည်ဟု ခံစားရာ၌ ဓားထိ၍နာရသည်ဟု တစ်ဆက်တည်းသာ သိမှတ်ကြပါသည်။ ဓားထိတာနှင့် နာသည့်ကြားထဲက ဘာဖြစ်သလဲဟု မသိကြပါချေ။

လူသား၏ခန္ဓာကိုယ်၌ ဆံပင်၊ လက်သည်း၊ ခြေသည်း၊ အသားမာ၊ ကျွဲပခုံး စသော နေရာမျိုး၌ သွေးမလျှောက်၍ ကိုယ်အကြည်ရုပ် (ကာယပသာဒရုပ်)မရှိပါ။ ထိုအကြည်ရုပ်မရှိသောနေရာများ၌ဓားဖြင့်လှီးဖြတ်၊ကိုက်ဖြတ်သော်မနာကျင်ပါ၊ကိုယ်အကြည်ရှိသောနေရာ၌သာ နာကျင်တတ်ပါသည်။

ဓားထိ၍နာကျင်သည်ဟုဆိုသောဝေဒနာမဖြစ်ခင်၊ဝေဒနာခံစားမှုဖြစ်ရလေအောင် အနီးကပ်အကြောင်းတရား(ဝါ) ကြားခံ အကြောင်းတရားသဘာဝရှိကြောင်းကို သိပ္ပံပညာက မသိသေး မထုတ်ဖော်နိုင်သေးသော်လည်း ဗုဒ္ဓအဘိဓမ္မာက ထုတ်ဖော်ပြောပြထားပါသည်။

ယင်းမှာ ဖဿဟုပါဠိလိုခေါ်သော တွေ့ထိမှုသဘာဝပင် ဖြစ်ပါ သည်။

www.dhammaransi.com



လက်ကို ဓားထိသည့်အခါ လက်၏အသားထဲသို့ ဓားဖျားဝင်သွားသည်နှင့် ပထမဦးစွာ အာရုံကိုတွေ့ထိမှုသဘော ဖဿဖြစ်သွားရပါသည်။ တွေ့ထိမှု (ဖဿ)ဖြစ်ပြီးမှ နာသည်ဆိုသော (ဝေဒနာ) ခံစားမှုဖြစ်ရပါသည်။ ယင်းကို သာမန်လူတို့က ဓားထိတာနှင့် နာတာပဲဟု တစ်ဆက်တည်းသိမှတ် သွားကြပါသည်။

တွေ့ထိမှု (ဖဿ)မဖြစ်လျှင် ခံစားမှု (ဝေဒနာ)မဖြစ်ပါ။ ယနေ့ သိပ္ပံပညာခေတ်တွင် ထုံဆေးပေးပြီး ခွဲစိပ်သောအခါ မနာကျင်သည်မှာ ယင်းခွဲမည့်နေရာကို ကာယပသာဒ အကြည်ရုပ်မရောက်အောင် ထုံဆေးဖြင့် ခေတ္တတားထားနိုင်၍ဖြစ်ပါသည်။

ထုံနေသောနေရာသည် ကာယပသာဒအကြည်ရုပ်မရောက်၍ အသားမာကျဲပခုံးကဲ့သို့ ခေတ္တဖြစ်နေသဖြင့် ဓားဖြင့် လှီးဖြတ်သောအခါထိတွေ့မှု (ဖဿ) သဘောမဖြစ်၍ခံစားမှု (ဝေဒနာ) နာတယ်ဆိုတာ မဖြစ်ခြင်းဖြစ်ပါသည်။

လူနာကို မေ့ဆေးပေး၍ ခွဲစိပ်သောအခါ၌လည်း လူနာသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသကဲ့သို့ဖြစ်နေ၍ သူ၏အသားကို လှီးဖြတ်သည့်အတွက် အာရုံကိုတွေ့ထိမှုသဘော (ဖဿ)မဖြစ်၍ နာသည်ဆိုသော ခံစားမှု(ဝေဒနာ) မဖြစ်ပါ။

အိပ်ပျော်နေစဉ် အသားကို ခြင်ကိုက်၊ ကြွက်ကိုက်သည်ကို မသိခြင်းသည် အိပ်ပျော်နေ၍ (ဝါ) ဘဝင်ကျနေ၍ အာရုံကို တွေ့ထိမှု သဘောဖဿမဖြစ်ပါ။ ဖဿမဖြစ်၍ နာတယ်ဆိုသော ဝေဒနာမဖြစ်ပါ၊ မခံစားရပါ။

ဤနေရာ၌ ဖဿ၏ အာရုံထိတွေ့မှုသဘောဆိုသည်မှာ ဓားနှင့်အသား ထိတွေ့သည်ဆိုသော အတုံးလိုက်၊ အတစ်လိုက် သဘောမျိုး ဖြစ်နေပါသည်။

မည်သည့်အရာနှင့်မျှ မထိမတွေ့ရသော်လည်း ဖဿဖြစ်သော အရာများစွာလည်း ရှိနေပါသေးသည်။

ဥပမာ - သစ်ပင်ထိပ်ဖျားအမြင့်တက်နေသူကို မြင်တွေ့ရသောအခါ ဒီကောင်တော့ ပြုတ်ကျတော့မှာပဲဟု စိတ်ကတွေးမိပြီး အောက်ကကြည့်နေသူသည် အသည်းတယားယား ဖြစ်ကာ ခံစားနေရသည်။

မည်သည့်အရာနှင့်မျှ သူ၏ကိုယ်မှာ မထိမတွေ့ပါဘဲနှင့် ကြည့်သူမှာ အသည်းယားခြင်းသည် အာရုံနှင့်စိတ်တွေ့ပြီး ဖဿဖြစ်ပြီး၊ စိုးရိမ်ခြင်းဝေဒနာ ခံစားရခြင်းဖြစ်ပါသည်။

အလားတူစာမေးပွဲအောင်သည်၊ ရာထူးတက်သည်၊ ထီပေါက်သည်ဟုကြားရသည်နှင့် ဝမ်းသာမှု(သောမနဿဝေဒနာ) ခံစားရခြင်းများသည်လည်း အာရုံနှင့်စိတ်တွေ့ဆုံမှုကြောင့် ဖဿဖြစ်ပြီး ဝေဒနာခံစားရခြင်းဖြစ်ပါသည်။

ထိုနည်းတူ မကောင်းသတင်းကြားရ၍ မိမိကို စော်ကားသံကြားရ၍ စိတ်ဆိုးခြင်း၊ စိတ်မချမ်းမသာဖြစ်ရခြင်း (ဒေါမနဿဝေဒနာ) ခံစားရခြင်းများသည် အာရုံနှင့်စိတ်တွေ့ဆုံမှုကြောင့် ဖဿဖြစ်ပြီး ဝေဒနာခံစားရခြင်း ဖြစ်ပါသည်။

www.dhammaransi.com



ဗုဒ္ဓက ပဋိစ္စသမုပ္ပါဒ်၌ ဖဿပစ္စယာဝေဒနာဟူ၍ အတိအလင်း ထုတ်ဖော်ဟောထားပါသည်။ ထိမှု(ဖဿ)ဖြစ်လျှင်၊ ခံစားမှု (ဝေဒနာ) ဖြစ်မည်။

ဖဿသည် ဝေဒနာဖြစ်ရန်အတွက် အဓိကသော့ချက်ခလုတ်ဖြစ်ပါသည်။ ဖဿသည် ဝေဒနာဖြစ်ပေါ်အောင် အထောက်အပံ့ပြုပါသည်။ အလွန်ဆောင်ပါသည်။

ထိုကြောင့် ဖဿသည် နာမ်တရားမျိုးဖြစ်၍ နာမ်အာဟာရတစ်မျိုးဖြစ်ကြောင်း သိရပါသည်။

ဒုတိယနာမ်အာဟာရတစ်မျိုးမှာ စေတနာအာဟာရဖြစ်ပါသည်။ စေတနာသည် စေတသိက်(၅၂)မျိုး၌ပါဝင်သောနာမ်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ စေ့ဆော်ခြင်းဟူ၍ဖြစ်ပါသည်။

စေ့ဆော်သည်ဟုဆိုရာ၌ လူ၏အပြုအမူ အပြောအဆို အကြံအစည်များဖြစ်ထွန်းလာအောင် စတင်ပေးလိုက်သော နာမ်စနက်တံတစ်မျိုးဖြစ်ပါသည်။ စေတနာစေ့ဆော်မှုမရှိက မည်သည့်ပြုလုပ်မှုမျှ ပေါ်လာမည်မဟုတ်ပါ။

ယင်းကို အဘိဓမ္မာဝေါဟာရအရ ပြုပြင်စီမံသည့် အလုပ်သဘောဖြစ်၍ "သင်္ခါရ" ဟူ၍ အမည်ပေးထားပါသည်။

ပြုလုပ်မှုကို ပါဠိဘာသာအားဖြင့် ကမ္မဟုခေါ်ရာ ယင်းကမ္မကို မြန်မာတို့က ကံဟူ၍ ခေါ်ဝေါ်သုံးစွဲနေခဲ့ကြပါသည်။

ကံဆိုသည်မှာ လူ၏ ကိုယ်၊ နှုတ်၊ စိတ် အလုပ်ဖြစ်ပါသည်။ ထိုအလုပ်(၃)မျိုးဖြစ်ပေါ်လာအောင် မျိုးစေ့(ဝါ)အခြေခံကိုရှာသော် စေ့ဆော်ပေးသောစေတနာကို တွေ့ရပြန်ပါသည်။

ယင်းကို သင်္ချာသဘောဖြင့်ပြရလျှင် စေတနာ = ကံ = အလုပ်ဖြစ်ပေသည်။ ယင်းစေတနာကို အနုစိပ်ကြည့်ပါက (၂)မျိုးတွေ့ရပါသည်။

- စိတ်ယှဉ်စေတသိက်ယှဉ်သဘောအရ မိမိနှင့်အတူဖြစ်ကြသော အခြားသော စေတသိက်များနှင့် စိတ်ကိုစေ့ဆော်သည့်အနေဖြင့် ပါဝင်ခြင်း၊
- လူသားတစ်ဦးအနေဖြင့် ပြုလုပ်ပြောဆိုကြံစည်လေတိုင်း ဖြစ်ရသော ဇီဝိတ် (ဝါ)ဇောစိတ်များ၌ ပါဝင်သောစေတနာဖြစ်သည်။

ထိုစေတနာသည် ကံဖြစ်နေပြီး၊ ကံ၏ သတ္တိစွမ်းရည်သည် ထိုသူ၏နာမ်ခန္ဓာဖြစ်စဉ်ကြီး၌ သံသရာဆုံးသည်တိုင်အောင် လိုက်နေတတ်ပါ သည်။

ဥပမာ - သီလရှိသော လူပုဂ္ဂိုလ်တစ်ဦးကို ဖျက်ဆီးလိုသောအခါ ထိုသို့ဖျက်ဆီးပစ်မှ ကောင်းမည်ဟူသော စေတနာဆိုးက နှိုးဆော်ဖန်တီးလိုက်သည်အတွက် ဒေါသစိတ်စေတနာဖြင့် ပြုလုပ်သည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဖျက်ဆီးပြီးသောအခါ စေတနာအသချေ်တို့ ဖြစ်-ချုပ်ကြသည်။ စေတနာဆိုးများ ဖြစ်-တည်-ပျက် (ဥပါဒ်-ဌီ-ဘင်)အနေဖြင့် ချုပ်သွားပြီးကြသော်လည်း ယင်းစေတနာဆိုးတို့ဖြင့် ပြုလုပ်ခဲ့သော မကောင်းမှုကံ၏သတ္တိ(ကမ္မသတ္တိ)မှာမူ ထိုမတရားလုပ်သော ပုဂ္ဂိုလ်၏ နာမ်ခန္ဓာအစဉ်၌ မပြတ်ပါလျက်သာ ရှိနေပါသည်။ အကြောင်းညီညွတ်လာလျှင် မကောင်းကျိုးတို့ ဖြစ်ပေါ်လာစေပါသည်။

ထို့အတွက် -

၁။ သမ္ပယုတ်စေတနာဟုခေါ်သော မိမိနှင့်ယှဉ်ဖော်ယှဉ်ဖက် နာမ်တရားတို့ကို စေ့ဆော်သော စေတနာကတစ်မျိုး

၂။ နာနာက္ခဏိကစေတနာဟုခေါ်သော ပြုလုပ်.ပြောဆို. ကြံစည်သည့် ခဏတိုင်း -ခဏတိုင်းမှာ ဖြစ်ပြီးချုပ်သွားသည့် ချုပ်ပြီး သတ္တိစွမ်းရည် ကျန်ရစ်သော စေတနာကတစ်မျိုး

ဟူ၍ (၂)မျိုးရှိကြောင်း သိရပါမည်။

ယင်းစေတနာ(၂)မျိုးတွင် ဒုတိယအမျိုးအစားစေတနာသည် ပြုလုပ်ဖန်တီးသည့် သဘောပါဝင်၍ သင်္ခါရအမည်ရပါသည်။

ကောင်းသောသုစရိုက်တို့ကိုပြုရန် စေ့ဆော်သောစေတနာကို ကုသိုလ်စေတနာဟု ခေါ်သည်။ ထိုကုသိုလ်စေတနာသည် ကောင်းကျိုးကို ဖြစ်စေသည်။

မကောင်းမှုတို့ကိုပြုလုပ်ရန် စေ့ဆော်သောစေတနာကို အကုသိုလ်စေတနာဟုခေါ်၍ ထိုစေတနာသည် မကောင်းကျိုးတို့ကို ဖြစ်စေ၏။

စေတနာသည် အကျိုးတစ်ရပ်ရပ် မုချစင်စစ်ဖြစ်လာစေဖို့အတွက် တွန်းအားအဖြစ်ပေးနေသောသဘာဝမျိုး ဖြစ်ပါသည်။

ဘဝသံသရာတွင် အရေးအကြီးဆုံးဖြစ်သော ဝိညာဉ်ဆိုသော သဘာဝဖြစ်ပေါ်လာဖို့အတွက် အားပေးအားမြှောက်ပြုပါသည်။

စေတနာအာဟာရသည် ဘဝတစ်ခု၌ အစဆုံးဖြစ်ရသည်။ ပဋိသန္ဓေဝိညာဉ် ဖြစ်ပေါ်လာစေရေးအတွက် အလွန်ဆောင်ရွက်ပေးပါသည်။

အကယ်၍ သတ္တဝါတစ်ဦးတစ်ယောက်သေပြီးနောက် နောက်ထပ်ပဋိသန္ဓေဝိညာဉ် မဖြစ်တော့ပါက ဘဝသံသရာပြတ်၍ နိဗ္ဗာန်ရောက်သွားခြင်း ဖြစ်ပါသည်။

စေတနာအာဟာရသည်က ပဋိသန္ဓေဝိညာဉ်သစ်ကို ဖြစ်ရလေအောင် ဆောင်ရွက်ပေးသောကြောင့် ဘဝဆက်ကာ သံသရာမပြတ် လည်ရတော့သည်။

ဤနာမ်အာဟာရစေတနာ (သင်္ခါရ)က ပဋိသန္ဓေဝိညာဉ်ဖြစ်စေရန် အလွန်ဆောင်ရွက်တတ်သောအချက်သည် နောက်ဘဝရှိ-မရှိ ပြဿနာအဖြေရှာရာတွင် အရေးပါသော အချက်ဖြစ်ပါသည်။

www.dhammaransi.com



ဘဝကို စေတနာသင်္ခါရတို့ကြောင့် ဝိညာဉ်ဖြစ်ပေါ်မှုစတင်စေပြီးနောက် မသေမချင်း တစ်ဘဝလုံးမပြတ် ဝိညာဉ်များဖြစ်ပေါ်စေရန်လည်း စေတနာအာဟာရက အထောက်အကူပြုသွားပါသည်။

နောက်အာဟာရတစ်မျိုးမှာ ဝိညာဉ်ပင်ဖြစ်ပါသည်။ ဝိညာဉ်သည် သင်္ခါရကြောင့်ဖြစ်ရသော အကျိုးတရားဖြစ်ပါသည်။ သို့သော် ထိုအကျိုးတရား ဝိညာဉ်သည်ပင်လျှင် သူ၏ဆောင်ရွက်ချက်အရ အကြောင်းဖြစ်ရပြန်ပါသည်။

ပဋိသန္ဓေဝိညာဉ်ကြောင့် နာမရူပရုပ်ဖြစ်သည်။ (ဝိညာဏပစ္စယာ နာမရူပ)ဟုဖော်ပြသော ပဋိစ္စသမုပ္ပါဒ်တရားတော်အရ လူ့ခန္ဓာကိုယ်၌ လက်ရှိဖြစ်ပေါ်နေသောစိတ်၊ စေတသိက်နာမ်တရားများနှင့် ခြေ၊ လက်၊ မျက်နှာ စသောရုပ်တရားတို့မှာ ဝိညာဉ်ကြောင့်ဖြစ်လာသောအကျိုးတရားများ ဖြစ်ပေသည်။

လူ၏ခန္ဓာကိုယ်ရှိ နာမ်နှင့်ရုပ်ဟူသော အထည်ခံ၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာစသော ဒွါရများနှင့် ခြေလက်အင်္ဂါ ခက်မငါးဖြာတို့ပေါ်လာ ရပေသည်။

အရေးကြီးသောအထည်ခံ နာမ် - ရုပ်တည်းဟူသော ကုန်ကြမ်းကို ဝိညာဉ်တည်းဟူသော အာဟာရတွင်းကြီးမှ မပြတ်ရနေပါသည်။ ဝိညာဉ်သည် နာမ် - ရုပ်ဖြစ်စေရန် အလွန်ဆောင်ပါသည်။

ဤဩဇာ၊ ဖဿ၊ စေတနာ၊ ဝိညာဉ်ဟူသော လေးမျိုးမှတစ်ပါး အာဟာရဖြစ်နိုင်သော အခြားသောတရားတစ်စုံတစ်ရာမျှ မရှိပါချေ။

ဗုဒ္ဓ၏ပရမတ္ထတရားဖြစ်စဉ်များသည် နက်နဲလှပါသည်။ အလွန်နက်နဲသော ဉာဏ်ပညာဖြင့် ဝေဖန်ယူနိုင်မှသာ အမှန်အဖြေထွက်ပါမည်။

(နက်နဲသောအတိဂမ္ဘီရပညာ) မရှိဘဲ အနောက်တိုင်းဖိလော်ဆိုဖာ (တွေးခေါ်ဆင်ခြင်)ပညာရှင်များကဲ့သို့ သိသလောက်၊ မြင်သလောက် ပြောဆိုပါလျှင် ပညတ်၏လှည့်စားမှုကို ခံရမည်သာဖြစ်ပါသည်။

ဤအာဟာရများအကြောင်းကို သိပ္ပံပညာရှင်တို့က စမ်းသပ် မတွေ့ရသေးပါ။ ဗုဒ္ဓက လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကပင် တွေ့ရှိဖော်ထုတ်ပေးထားခဲ့ပါသည်။

## အဆင့်မြင့် မြင့်မြတ်သော လူသားတစ်ယောက်ဖြစ်လာစေရန်

လောကလူသားများသည် ပစ္စုပ္ပန်ဘဝ ချမ်းသာရေးအတွက်ကြိုးစားရှာဖွေလုပ်ကိုင်ကြသလို ဘဝကမမြဲသောသဘော၊ ဖြစ်ပျက်နေသောသဘောသဘာဝကိုကမ္ဘာပေါ်ရှိဘာသာအသီးသီး ယုံကြည်သူတိုင်းက လက်ခံနေရပါသည်။

www.dhammaransi.com



ကမ္ဘာလူသားများသည် ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်၍ နောက်ဘဝကို အထူးအားထားကြသည်။ အလေးပေး ဆောင်ရွက်ကြလေ့ရှိပါသည်။ ဗုဒ္ဓဘာသာမှတစ်ပါး အခြားဘာသာဝင်များက ကယ်တင်ရှင်ကို အားကိုးကြသည်။ ယုံကြည်ကြသည်။ ဗုဒ္ဓဘာသာတွင်မူ ကယ်တင်ရှင် မရှိပါ။ မိမိပြုသော ကုသိုလ်အလုပ် အကုသိုလ်အလုပ်ကသာလျှင် မိမိဘဝကို အပါယ်ပို့မည်။ ကောင်းမွန်ရာ လူ၊ နတ်၊ ဗြဟ္မာပြည် ပို့ပါမည်။ နောက်ဆုံး ဤသံသရာက လွတ်မြောက်မည်။

ထို့အတွက် ဗုဒ္ဓက ဗောဓိပက္ခိယတရား (၃၇)ပါးလမ်းစဉ်ကို လူသားတို့အတွက် ထုတ်ဖော်ပြသပေးခဲ့ပါသည်။ ယင်းတရား(၃၇)ပါးဆိုသည်မှာ အကျဉ်းခေါင်းစဉ်အားဖြင့် ...

သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး တို့ဖြစ်ပါသည်။

ဗောဓိပက္ခိယဆိုသည်မှာ ပါဠိစကားဖြစ်ပါသည်။ တစ်ခုစီ၏အဓိပ္ပာယ်မှာ ဗောဓိဆိုသည်မှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်။ ပက္ခိယဆိုတာက အသင်းအပင်းအစုအဖွဲ့ဟု အဓိပ္ပာယ်ရပါသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၏ အသင်းအပင်းဖြစ်သော တရားစုများကို ဗောဓိပက္ခိယတရားဟု ခေါ်ပါသည်။

ဤတရားများသည် အဓိကအားဖြင့် လောကသံသရာက လွန်မြောက်စေဖို့အတွက် ညွှန်ပြထားသောတရား (လောကုတ္တရာတရား) များဖြစ်ကြပါသည်။

သို့သော် ဤတရားထဲတွင် အချို့သောတရားများက လောကီရေးရာအတွက်လည်း အသုံးဝင်နေပါသည်။

လောကီရေးဆိုသည်မှာ အတိုင်းမသိ ကျယ်ပြန့်ပါသည်။ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ပါသည်။ လူကြီး၊ လူလတ်၊ လူငယ် အားလုံး၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ နိုင်ငံရေး စသော အရေးပေါင်းစုံနှင့် အကျုံးဝင်နေပါသည်။

ဤတရားများထဲတွင် သတိပဋ္ဌာန် ၄-ပါး၊ ဗောဇ္ဈင် (၇)ပါး၊ မဂ္ဂင်(၈)ပါး တရားတို့သာ လောကုတ္တရာအတွက် သီးသန့်ဖြစ်နေပါသည်။ ဤတရားများသည် လောကီ-လောကုတ္တရာ အောင်မြင်မှုအတွက် ဘဝရေးရာအတွက် များစွာအရေးကြီး အသုံးဝင်သော တရားများ ဖြစ်နေကြပါသည်။

ဤတရားများကို အသုံးပြုနိုင်ပါမှ လောကတွင် လူသားသည် အဆင့်မြင့်သော လူသားဖြစ်လာပါမည်။

ဤသို့ အဆင့်မြင့်သော လူသားတစ်ယောက်ဖြစ်ဖို့ဆိုသည်မှာ ဗုဒ္ဓက သမ္မပ္ပဓာန် တရားရှိရမည်ဟု ဟောထားပါသည်။

www.dhammaransi.com



သမ္မပ္ပဓာန်ဆိုသည်မှာ ပါဠိစကားဖြစ်ပါသည်။ သမ္မ + ပဓာန ဟူသော (၂)ပုဒ် ပေါင်းထားပါသည်။ သမ္မာ = ကောင်းစွာ၊ ပဓာန = ကြိုးစားအားထုတ်ခြင်း၊ လုံ့လပြုခြင်း၊ သမ္မပ္ပဓာန = ကောင်းစွာလုံ့လပြုခြင်းဟု အဓိပ္ပာယ်ရပါသည်။

သမ္မပ္ပဓာနဟူသော လုံ့လပြုမှုဟူသည် သာမန်လုံ့လပြုမှုမဟုတ်ပါ။ လွန်ကဲသော လုံ့လ (ဝီရိယ) ဖြစ်ပါသည်။ အဖိုးတန်သော အထက်တန်းစား အမြတ်စား ဝီရိယမျိုးဖြစ်ပါသည်။

ဤလုံ့လဝီရိယကို မည်သူက ပြုရမည်နည်းဟုဆိုက မိမိကိုယ်တိုင် လုံ့လပြုရမည် ဖြစ်ပါသည်။ အခြားသူက မိမိအတွက် လုံ့လပြုပေမည်မဟုတ်ပါ။

တစ်နည်းဆိုရသော် မိမိပြုသော အကုသိုလ်အလုပ်၏ဆိုးကျိုးကို သူတစ်ပါးက ဝင်ကယ်ပေး၍ မရနိုင်ပါ။ ကိုယ်စားဝင်ခံပေး၍ မရနိုင်ပါ။ အလျော်အစားပြု၍လည်း မရပါ။ မိမိကိုယ်တိုင်သာလျှင် မပြုမိအောင် ပယ်နိုင်အောင် လုံ့လပြုရပါမည်။

ဗုဒ္ဓက ဝိဘင်းပါဠိတော်၌ လူသားတစ်ယောက်အနေနှင့် လုံ့လပြုရမည့်အချက်(၄) ချက်ကို ထုတ်ဖော်ဟောထားပါသည်။

၁။ မဖြစ်သေးသောအကုသိုလ်တို့ မဖြစ်ရလေအောင် လုံ့လပြုခြင်း၊

၂။ ဖြစ်ပြီးသောအကုသိုလ်တို့ ပယ်နိုင်အောင် လုံ့လပြုခြင်း၊

၃။ မဖြစ်သေးသောကုသိုလ်တို့ကို ဖြစ်ပေါ်လာအောင် လုံ့လပြုခြင်း၊

၄။ ဖြစ်ပြီးသောကုသိုလ်တို့ လွန်စွာတိုးပွားအောင် လုံ့လပြုခြင်း၊

ဤတွင် အကုသိုလ်နှင့်ပတ်သက်၍ (၂)မျိုး ကုသိုလ်နှင့်စပ်၍ (၂)မျိုး ပါဝင်ပါသည်။

ဤသမ္မပ္ပဓာန်လေးပါးသည် ရဟန္တာမဟုတ်သေးသော ပုထုဇဉ်လူသားများနှင့် ပတ်သက်သော လူသားများအတွက် တရားဖြစ်ပါသည်။ ယခုခေတ်လူသားများ ပြုလုပ်ကျင့်သုံးရမည့် တရားနည်းလမ်းဖြစ်ပါသည်။

ဤတရားများသည် ယခုဘဝနှင့်သက်ဆိုင်သော တရားနည်းလမ်းဖြစ်ပါသည်။ အတိတ်ဘဝ၊ အနာဂတ်ဘဝများနှင့် မသက်ဆိုင်ပါ။ ယခု ပစ္စက္ခရေးရာ တရားနည်းလမ်းကျင့်စဉ်များ ဖြစ်ပါသည်။

ဤတွင်ဖော်ပြထားသော အကုသိုလ်ဆိုသည်မှာ ဒုစရိုက်တရားကို အဓိကဆိုလိုသည်။ ကုသိုလ်ဆိုရာ၌လည်း သုစရိုက်နှင့် ပုညကြိယာ (၁၀)ပါးကို ဆိုလိုပါသည်။

ဤသမ္မပ္ပဓာန်တရားလမ်းစဉ်သည် ယနေ့ ပုထုဇဉ်လူသားများ၏ ကြီးပွားရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်အတွက် မှန်မြတ်သောလမ်းစဉ်ဖြစ်ပါသည်။

ဗုဒ္ဓက ဤသမ္မပ္ပဓာနလမ်းစဉ်တွင် ပုထုဇဉ်လူသား အကုသိုလ်သမားများကို

www.dhammaransi.com



အကုသိုလ်များ မလုပ်ကြနဲ့၊ ဝေးဝေးက ရှောင်ကြ၊ ရှောင်ကြရမည်၊ မပြုလုပ်ကြနဲ့ဟူ၍ တင်းတင်းမာမာ ပညတ်ချက်သဘောဖြင့် မပြောပါ။

ဝါယမော = လုံ့လပြုပါဟု ခပ်ချိုချို ဟောထားပါသည်။ ဗုဒ္ဓသည် မဖြစ်နိုင်တာ မလုပ်နိုင်တာများကို အတင်းရောအဓမ္မပါ မလုပ်ခိုင်းပါ။ လူသားသဘာဝကို ဆင်ခြင်သုံးသပ်ပြီး အကုသိုလ်များမဖြစ်အောင် လုံ့လပြုပါဟူ၍သာ ပညာသားပါပါ ဟောကြားထားခဲ့ပါသည်။

"မဖြစ်ဘူးသေးသော အကုသိုလ်တို့ကို မဖြစ်အောင် လုံ့လပြုပါ" ဟူသော အနုစိပ်ခွဲခြမ်း စိပ်ဖြာလေ့လာကြည့်ပါက...

လူတွင် အတောမသတ်ကျင်လည်ခဲ့ကြသော သံသရာဆိုတာ ရှိနေကြသည်။ ဘဝများစွာ အသင်္ချေ ရှိနေခဲ့သည်။ ထိုထိုဘဝများစွာ၌ အလုပ်မျိုးစုံ လုပ်ခဲ့ကြသည်။ ယခုရရှိသော လက်ရှိဘဝကို သံသရာနှင့် ပိုင်းဝေခွဲကြည့်ပါက လက်ရှိဘဝသည် တကယ်တစ်ခဏကလေး ကာလဖြစ်သည်။

သင်္ချာသဘောအရပိုင်းခြေ၊ ပိုင်းဝေခွဲဝေသော် ယခုဘဝ/ သံသရာဟူ၍ ရပါမည်။ တန်းအောက်က သံသရာပိုင်းခြေသည် အဆမတန်များပြားပြီး တန်းအပေါ်က လက်ရှိဘဝပိုင်းဝေသည် တစ်ခဏကလေးမျှသာ ဖြစ်ပါသည်။

ဤသို့ဘဝ ကမ္ဘာအသင်္ချေကြာမြင့်ခဲ့ပြီး ဘဝအနန္တတစ်လျှောက်မှာ လူတစ်ယောက်သည် အကုသိုလ်မျိုးစုံပြုခဲ့ပြီး ဖြစ်ခဲ့ပြီးဖြစ်ပါမည်။

ယနေ့ လူကောင်း ရှင်ကောင်းဆိုသူသည် ဘဝသံသရာတုန်းက သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်း၊ သူ့သားအိမ်ရာပြစ်မှားခြင်း၊ လိမ်ညာခြင်း၊ သေရည်သောက်ခြင်းစသော ငါးပါးသီလကို ချိုးဖောက်ကျူးလွန်ခဲ့ဖူးသူ ဖြစ်နေပါမည်။ မပြုခဲ့ဖူးသော မဖြစ်ခဲ့ဖူးသော အကုသိုလ်မရှိနိုင်ပါ။

သာမန် အကုသိုလ်မဆိုထားဘိ။ အနန္တရိယကံဟုဆိုအပ်သော အကုသိုလ်မျိုး၊ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူမျိုး ပြုလုပ်ခဲ့ဖူးသူ ယူခဲ့ဖူးသူ ဖြစ်ကောင်းဖြစ်နိုင်ကြပါသည်။

မဖြစ်ဖူးသေးသော ဆိုသောစကားအရ အတိတ်ဘဝသံသရာကြီးနှင့် သက်ဆိုင်၍ ကား မရပါ။ အတိတ်ဘဝသံသရာကြီးမှာ လူတစ်ယောက်အဖို့ မဖြစ်သေးသော အကုသိုလ်ဟူ၍ မရှိနိုင်ပါ၊ ရှိမည်သာဖြစ်ပါသည်။

နောင်လာလတ္တံ့သောဘဝမှာ ဖြစ်စရာရှိသော အကုသိုလ်တို့ကိုလည်း ယခုဘဝက ကြိုတင်၍မဖြစ်အောင် လုပ်၍မရနိုင်ပါ။ ပုထုဇဉ်လူသားများ ဖြစ်ကြသည့်အတွက် ဘာတွေဖြစ်လာမည်ကို မသိနိုင်ပါ။

ဤမဖြစ်ဖူးသေးဟူသော သမ္မပ္ပဓာနတရားအရ ယခုဘဝ လက်ရှိဘဝ၌ မဖြစ်သေးသည်ကိုသာ ဆိုလိုပါသည်။

www.dhammaransi.com



ယခုဘဝထဲမှာပင် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် ထပ်ပိုင်းနိုင်ပါသည်။ လွန်ခဲ့သော ကလေးအရွယ် (ပထမ)အရွယ်က သူသည် ကြက်၊ ငှက် သတ်ခဲ့ဖူးသည်၊ ယခု ဒုတိယအရွယ်၌ ကြက်ငှက်မသတ်ခဲ့ဖူးသေးဆိုလျှင် ဤဒုတိယအရွယ်၌ သူ့အဖို့ ကြက်၊ ငှက်သတ် အကုသိုလ်မဖြစ်သေးသောဟု ဆိုရပါမည်။

အကုသိုလ်ဟူသောစကားတွင် ဗုဒ္ဓက ပါပကာနံဟူ၍ ဟောခဲ့ပါသည်။ ပါပကာနံဟူသောစကားသည် ယုတ်မာသောဟူ၍ အဓိပ္ပာယ်ရပါသည်။ ယင်းကို ဆရာတော်များက ပါပကာန = အကုသိုလ်ဟူ၍ ဘာသာပြန်ဆိုပေးခဲ့ကြပါသည်။ အကုသိုလ်ဟူသည် ယုတ်မာယုတ်ညံ့သောသဘောရှိ၍ ဤကဲ့သို့ တိုက်ရိုက်မြန်မာပြန်ဆိုခြင်းဖြစ်ပါသည်။

သို့ရာတွင် အကုသိုလ်ဟူသောစကားသည်ကား အလွန်ကျယ်ပြန့်လှပါသည်။ ကုသိုလ်၏ဆန့်ကျင်ဘက်တရားမှန်သမျှ အကုသိုလ်ချည်းသာဖြစ်ပါသည်။

အဘိဓမ္မာသဘောအရ လှလှကလေးမြင်၍ သဘောကျလျှင် တဏှာဝင်သဖြင့် အကုသိုလ်ဖြစ်သည်။ ချိုသာသောသီချင်းသံကလေး ကြားရ၍ နားဝင်ချိုမှုသည် နှစ်သက်မှု တဏှာပါနေ၍ အကုသိုလ်ဖြစ်သည်။ မွှေးမွှေးကလေး နမ်းရှူရ၍ နှစ်သက်လျှင် တဏှာဖြစ်၍ အကုသိုလ်ဖြစ်သည်။ လျှာရင်းမြက်မြက်ကလေးစားရ၍ ကောင်းလိုက်တာဟုဆိုလျှင် တဏှာပါလာ၍ အကုသိုလ်ဖြစ်သည်။ အိအိညက်ညက်ကလေးတွေ့ထိရ၍ သာယာလျှင် တဏှာပါ၍ အကုသိုလ်ဖြစ်သည်။

အဘိဓမ္မာသဘောအရ သစ္စာလေးပါးကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိသေးသောသူများ (မောဟ)ဟူသော အကုသိုလ်ဖြစ်နေမည်သာ ဖြစ်ပါသည်။

ထိုကဲ့သို့ နေ့စဉ်ကြုံတွေ့နေရသော အဆင်းစသော အာရုံငါးပါးတို့ကို သာယာနှစ်သက်သော သာမန်သဘောကို အကုသိုလ်ဟုဆိုရစေကာမူ ပါပ,ပါပက - ယုတ်မာသည်ဟု ဆိုလျှင်ကား ပြောစရာမြေမရှိဆိုသကဲ့သို့ ယုတ်မာမှုမှလွတ်အောင် ပုန်းရန်မလွယ်ပါ။

ထို့အတွက် ဗုဒ္ဓက အနုပ္ပန္နာနံ အကုသလာ နံ အနုပ္ပာဒါယ ဝါယမော = မဖြစ်သေးသော အကုသိုလ်များ မဖြစ်ရအောင် လုံ့လပြုပါဟူ၍မဟော။ အနုပ္ပန္နာနံပါပကာနံ ပါပ ဟူသော ဝေါဟာရကိုသုံး၍ ဟောခဲ့ပါသည်။

မင်္ဂလာတရားတော်၌ အာရတီ ဝိရတီပါပါ = မကောင်းမှုမှ ဝေးဝေးရှောင်၊ အထူးရှောင်ဟူ၍ ပါပပါဠိစကားလုံးဝေါဟာရဖြင့် ဟောကြားခဲ့ပါသည်။

အိမ်ရာတည်ထောင် လူ့ဘောင်၌နေကြသော သူများအတွက် ပါပကာနံအရ ဒုစရိုက် (၁၀)ပါးကို ဗုဒ္ဓက ရည်ညွှန်းပါသည်။ မဂ္ဂင်(၈)ပါးတွင် သီလမဂ္ဂင်၌ သမ္မာဝါစာအရ ဝစီဒုစရိုက် (၄)ပါးမှရှောင်ကြဉ်မှု သမ္မာကမ္မန္တအရ ကာယဒုစရိုက်(၃)ပါးမှ ရှောင်ကြဉ်မှုတို့ကိုသာ ယူထားပါသည်။

---

ဆုံပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထို့ကြောင့် ဤသမ္မပ္ပဓာန်တရား၌ မဖြစ်သေးသော အကုသိုလ်ဟုဆိုရာ၌ ဒုစရိုက် (၁၀)ပါး အကုသိုလ်ဟူ၍သာ မှတ်ယူရပါမည်။

ဒုစရိုက် (၁၀) ပါးကား...

၁။ သူ့အသက်သတ်ဖြတ်ခြင်း

၂။ အရှင်မပေးသော သူတစ်ပါးဥစ္စာကိုခိုးယူခြင်း

၃။ သူ့သားအိမ်ယာ ပြစ်မှားခြင်း

၄။ လိမ်ညာပြောဆိုခြင်း

၅။ လူနှစ်ဦးအချစ်ပျက်အောင် ကုန်းတိုက်ခြင်း

၆။ ကြမ်းတမ်းစွာ ဆဲရေးခြင်း

၇။ အကျိုးမရှိစကား ပြောခြင်း

၈။ သူတစ်ပါးပစ္စည်းကို ကိုယ်ပစ္စည်းဖြစ်လိုခြင်း

၉။ သူတစ်ပါးကို ပျက်စီးစေလိုခြင်း

၁၀။ အယူမှားခြင်း

ဤသမ္မပ္ပဓာနလုံ့လပြုရာ၌ မည်သို့သော တရားဆိုးများမျှမဖြစ်အောင် လုံ့လပြုရမည်ကိုလည်းကောင်း၊ လူသားတစ်ယောက်၌ မည်သို့သော အကုသိုလ်တရားများကင်းပမှ မွန်မြတ်သော အဆင့်တန်းမြင့်သော လူသားတစ်ယောက်ဖြစ်မည်ကိုလည်းကောင်း၊ သိပ္ပံပညာရှင်တို့က မဖော်ထုတ်နိုင်ပါ။ ဗုဒ္ဓက သာမန်ပုထုဇဉ်လူသားတစ်ယောက်ဘဝမှ မြင့်မြတ်အဆင့်အတန်းမြင့်သော လူသားတစ်ယောက်ဘဝအထိရောက်အောင် မည်သို့သောယုတ်မာမှုကို ရှောင်ရမည်ဟု ထုတ်ဖော်လမ်းညွှန်ပြခဲ့ပါသည်။

## လူသား၏အား (ဗလ- ဝိုလ်) ဆိုသည်မှာ

"ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုး ကိုယ်၌ တည်စေမင်း

"ဝီရိယဆိုး၊ ညဉ့်ကိုနိုးမှု၊ သူခိုးဖြစ်တတ်၊ ဝီရိယကောင်းလွန်းပြီး ညဉ့်နက်သန်းခေါင် မအိပ်ဘဲနေက သူတစ်ပါးအဖိုးတန်ပစ္စည်းကိုမြင်ပြီး သူများအိပ်နေစဉ် အလစ်ခိုးယူလိုသော စိတ် ဝင်တတ်သည်"

ဟု ဆိုလိုပါသည်။

www.dhammaransi.com



လူဟူသည် စိတ်. စေတသိက်. ရုပ် ဟူသော ပရမတ္ထသဘာဝ (၃)မျိုးရှိသော ခဏိကရုပ်ပုံမျှသာဖြစ်သလို ထိုစိတ်. စေတသိက်. ရုပ်တရားတို့သည် မပြတ်ဖြစ်နေကြပါသည်။ ဤမပြတ်ဖြစ်နေသော သဘာဝတရား (၃)ပါးထဲတွင် စေတသိက်သဘာဝသည် အရာကျယ်ဝန်းပြီး စိတ်ကို ခြယ်လှယ်နေသည်။ ထိုခြယ်လှယ်ခံရသော စိတ်သည် ရုပ်ကြီးကို နိုင်းနေသဖြင့် ရုပ်ကြီးသည် အမြဲမပြတ်နှင့် အလုပ်လုပ်နေရသည်။

ထိုစေတသိက်၏ သဘောသဘာဝများ ဂုဏ်သတ္တိများကို ဗုဒ္ဓက ရှုထောင့်အမျိုးမျိုးကနေ ဖော်ထုတ်ပြထားခဲ့ပါသည်။ ထိုသဘာဝဂုဏ်သတ္တိထူးများကို ယနေ့သိပ္ပံပညာရှင်တို့ မမြင်ကြသေး၊ စမ်းသပ်၍မရကြသေးပါ။

ဗုဒ္ဓသည် မိမိ၏သဗ္ဗညုတဉာဏ်တော်ဖြင့် ယှဉ်ဖော်ယှဉ်ဖက်တရားတို့၌ နိုင်မြဲသော စေတသိက်ဆန့်ကျင်ဘက်သဘာဝတို့ကြောင့် မတုန်မလှုပ် ကြံ့ခိုင်သော စေတသိက်တို့၏သဘာဝတရားတို့ကို လူတို့နားလည်အောင် အမည်နာမ တပ်ပေးခဲ့ပါသည်။

လူသည် ပုထုဇဉ်သဘာဝအရ မကောင်းသော အကုသိုလ်မျိုးကိုလည်း အင်နှင့်အားနှင့် လုပ်သည်၊ ကောင်းသောကုသိုလ်မျိုးကိုလည်း အင်နှင့်အားနှင့် လုပ်လေ့ရှိကြပါသည်။ ဘဝသံသရာမှ မလွတ်မြောက်သေးကြသော သတ္တဝါများပီပီ စားဝတ်နေရေး ဘဝရပ်တည်ရေးအတွက် လုပ်နေကြရသည်။

ယင်းအင်နှင့်အားနှင့်ပြုလုပ်မှုကို ဗုဒ္ဓက ပါဠိဝေါဟာရအားဖြင့် (ဗလ)ဟူ၍ အမည်ပေးခဲ့သည်။ ယင်းကို မြန်မာတို့က ဗလဗိုလ်ဟူ၍ မြန်မာမှုပြုလိုက်သည်။ ဝိဇ္ဇာခရကို ဝိဇ္ဇမိုရ် ဗလကို ဗိုလ်ဟု မြန်မာမှုပြုသကဲ့သို့ ပြုခဲ့ခြင်းဖြစ်ပါသည်။

ဗလ၏အဓိပ္ပာယ်မှာ နိုင်မြဲသောအား ကြံ့ခိုင်သောအားဟူ၍ ဖြစ်ပါသည်။

စိတ်ကိုမှီတွယ် စိတ်ကိုခြယ်လှယ်သော စေတသိက်(၅၂)မျိုးတွင် ကြံ့ခိုင်သော ဗလ (ဗိုလ်) စေတသိက်(၉)မျိုးရှိပါသည်။

ယင်းတို့မှာ သဒ္ဓါဗလ၊ ဝီရိယဗလ၊ သတိဗလ၊ သမာဓိဗလ၊ ပညာဗလ၊ ဟိရိဗလ၊ ဩတ္တပ္ပဗလ၊ အဟိရိကဗလ၊ အနောတတ္တပ္ပဗလ တို့ဖြစ်ပါသည်။

ယင်း(၉)မျိုးတွင် သဒ္ဓါ၊ သတိ၊ သမာဓိ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပက မကောင်းသော အကုသိုလ်ဗလများဖြစ်သည်။ အဟိရိက အနောတ္တပ္ပက မကောင်းသောအကုသိုလ်ဗလများ ဖြစ်သည်။ ဝီရိယကား ကုသိုလ်၊ အကုသိုလ် (၂)မျိုးဖြစ်နိုင်သော ဗလ(အား) ဖြစ်ပါ၏။

ဝီရိယ၏သဘာဝမှာ ကြိုးစားအားထုတ်ခြင်းဖြစ်သည်။ လူတစ်ယောက် ရဲရင့်သည်၊ သတ္တိကောင်းသည်ဟု ဆိုရာ၌ ဝီရိယ၏စွမ်းအင် သဘာဝဖြစ်ပါသည်။

ကိစ္စတစ်ခု ကောင်းသောအလုပ်ဖြစ်စေ၊ မကောင်းသောအလုပ်ဖြစ်စေ၊ သာမန်

www.dhammaransi.com



ကြိုးစားလျှင် သာမန်ဝီရိယဖြစ်သည်။ မလျှော့ဘဲ အံခဲကြိတ်မှိတ်၍ ဆင်းရဲဒုက္ခကို သည်းခံကာ မဖြစ်မနေလုပ်ခြင်း၊ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ခိုင် ရဲရဲဝံ့ဝံ့ ကြိုးစားလုပ်ခြင်းမျိုးသည် ဝီရိယဗလဖြစ်သည်။ ယင်းဝီရိယဗလကို မြန်မာလိုလုံ့လအားဟူ၍ ဘာသာပြန်ဆိုကြသလို သတ္တိဟူ၍လည်းကောင်း၊ "ဇွဲ" ဟူ၍လည်းကောင်း ခေါ်ဆိုကြလေ့ရှိပါသည်။

ဝေဿန္တရာမင်းကြီးက ပစ္စည်းဥစ္စာကို ပေးလှူရုံတင်မက သားသမီး၊ ဇနီးကိုပင် လှူခဲ့၍ သူသည် အလှူရဲသောမင်းဝေဿာန်ဟူ၍ ဥဒါန်းတွင်ရစ်သည်။

ဤကဲ့သို့ အလှူရဲခြင်းသည် ဝီရိယသဘောဖြစ်သည်။ အလှူရဲခြင်း၊ ပေးလှူရာ၌ မတုန်မလှုပ် ကြံ့ခိုင်ခြင်းသည်လည်း ကုသိုလ်ပိုင်းဖြစ်၍ ကုသိုလ်ဝီရိယအား (ဝီရိယဗလ) ဖြစ်ပါသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာတို့၊ အလောင်းဘုရားတို့ စစ်တိုက်ရာ၌ အလွန်ရဲရင့်၏၊ အသက်ကိုပဓာနမထား၊ ဤကဲ့သို့ တိုက်ခိုက်သတ်ဖြတ်ရာ၌ မကြောက်မရွံ့ မတုန်မလှုပ်ကြံ့ခိုင်ခြင်းသည်လည်း ဝီရိယဗလသဘောဖြစ်ပါသည်။ သို့သော် တိုက်ခိုက်သတ်ဖြတ်ရာ၌ ရဲရင့်ခြင်း၊ မတုန်လှုပ်ခြင်းသည် အကုသိုလ်ဝီရိယဗလဖြစ်သည်။

ထို့ကြောင့် ရက်ရက်ရောရောပေးလှူခြင်း၊ မိမိအလိုဆန္ဒကို ချုပ်တည်း၍ ကိုယ်ကျင့်သီလကို ထိန်းသိမ်းခြင်း၊ ကိုယ်ခန္ဓာကိုမညှာမတာဘဲ တရားအားထုတ်ခြင်း ရတနာသုံးပါးအကျိုးကို အားကြိုးမာန်တက်ဆောင်ရွက်ခြင်း၊ ဇွဲလုံ့လထက်သန်မှုမှန်သမျှသည် ကောင်းသော ဝီရိယဗလများသာ ဖြစ်ကြပါသည်။

ငါးမျှား၊ ကြက်သတ်၊ ဝက်သတ်၊ ငှက်ပစ်၊ တောလိုက် စသည်တို့၌ ကြိုးစားအားထုတ်ခြင်း၊ သူတစ်ပါးပစ္စည်း ခိုးရန်၊ လုယက်ရန်၊ နိုက်ယူရန်၊ တိုက်ယူရန် အမျိုးမျိုး ကြိုးစားအားထုတ်ခြင်း၊ လင်ရှိမယားကို မှောင်ခိုကျူးလွန်ဖို့၊ သူတစ်ပါး သားပျို-သမီးပျိုကို ခြေတော်တင်ဖို့ နည်းပရိယာယ်အမျိုးမျိုးသုံး၍ လုံ့လပြုခြင်း စသည်တို့က မကောင်းသော ဝီရိယဗလများသာ ဖြစ်ကြပါသည်။

ကောင်းတာကို ကြိုးစား-ကြိုးစား မကောင်းတာကို ကြိုးစား- ကြိုးစား သာမန်ကြိုးစားရုံမဟုတ်ဘဲ မည်သည့်အရာကိုမျှမမှု၊ အရိုးကြေကြေ အရေခန်းခန်း မတုန်မလှုပ် ရဲရဲဝံ့ဝံ့ ကြံ့ကြံ့ခိုင်ခိုင်အားထုတ်လျှင် ဝီရိယဗလ (ဝီရိယဗိုလ်) အဆင့် ရောက်ပါသည်။

ထိုဝီရိယသည် ကုသိုလ်၊ အကုသိုလ်နှင့် အတူတကွဖြစ်ခြင်း၊ ယှဉ်ခြင်းရှိနေသည့်အတွက် စေတသိက်ကဏ္ဍ၌ လူပေါင်းကောင်းသူကဲ့သို့ ဟိုဘက်လည်းပါလိုက်၊ ဒီဘက်လည်းပါလိုက်၊ ဟိုရောဒီရော ဟိုပါဒီပါ ရောတတ်သဖြင့် ပကိဏ်းစေတသိက်ဟု အမည်ပေးထားခြင်းခံရပါသည်။

www.dhammaransi.com



ကုသိုလ်ဖလ(၇)ပါး၊ အကုသိုလ်ဖလ(၂)ပါး၌ ဝီရိယသည် အဓိကအခရာ အခြေခံ ဖြစ်နေပါသည်။ ဥပမာ - အဝတ်အထည်တစ်ခု၌ ညို၊ ရွှေ၊ နီ၊ ဝါ၊ ပြာ၊ စိမ်း စသော အရောင်မျိုးစုံ ရရှိနိုင်ရေးအတွက် အဖြူရောင်သည် အခြေခံဖြစ်သကဲ့သို့ အဖြူရှိမှ ညိုနိုင်၊ ရွှေနိုင်၊ နီနိုင်၊ ဝါနိုင်၊ ပြာနိုင်၊ စိမ်းနိုင်မည်၊ အဖြူနှင့်ကင်း၍ မရနိုင်ပေ။

အလားတူ စိတ်တစ်ခု၌ ဝီရိယယှဉ်၍ ဝီရိယအခြေခံမှ အခြားစေတသိက်များ ဖလ အဆင့်ရောက်နိုင်ပါသည်။ ဝီရိယမယှဉ်က ဖလမဖြစ်နိုင်ပါပေ။ သဒ္ဓါ၊ သတိ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ ဟူသော ဖလ(၅)မျိုးသည် ဝီရိယယှဉ်သော စိတ်၌သာ ယှဉ်ပြီးမှသာ ဖလဖြစ်နိုင်သည်။ သူတို့သည် ဝီရိယအားထုတ်မှုမပါသော စိတ်၌ယှဉ်၍ မဖြစ်နိုင်ကြပါချေ။

ဖလ(ဗိုလ်) ခွန်အားဖြစ်စေဖို့အတွက် ဝီရိယသည် အလွန်ပင် အရေးပါလှပါသည်။

ဤဖလကိစ္စနှင့်ပတ်သက်၍ အဘိဓမ္မတ္ထသင်္ဂဟ၌ အရှင်အနုရုဒ္ဓါ ဆရာက . . . "အဝီရိယေသု ဗလာနိ ဟု အက္ခရာ(၈)လုံးမျှသာဆိုပြီး ဝီရိယနှင့် မယှဉ်သောစိတ်(၁၆)ပါး ဟူသော စက္ခုဝိညာဏ်ဒွေး စသော ပဉ္စဝိညာဏ် (၁၀)ပါး၊ သမ္ပဋိစ္ဆိုင်းစိတ် (၂)ပါး၊ သန္တီရဏစိတ် (၃)ပါး၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁)ပါးကို ပြဆိုထားသည်။

အမှန်မှာ အက္ခရာလေးလုံးသောစကားသည် အက်တွန် (ATOM) ခေါ် အဏုမြူ (၈)လုံးလောက် အရာရောက်ပြီး ဖောက်ခွဲလိုက်ပါက အဏုမြူမှိုပွင့်ကြီးများ ဖွားခနဲ ပေါ်လာ နိုင်သကဲ့သို့ အဓိပ္ပာယ်ကျယ်ဝန်းလှပါသည်။

ဝီရိယမပါလျှင် စိတ်ခွန်အားသည် စိတ်မကြံ့ခိုင်၊ တုန်လှုပ်မည်။ သို့အတွက် ဖလဆို သော ဗိုလ်အဆင့်ကို မရနိုင်ပါ။ ဝီရိယပါလာလျှင် စိတ်ခွန်အားရှိမည်၊ ကြံ့ခိုင်မည်။ ဆန့်ကျင် ဘက်များနှင့်တွေ့ရပေမယ့် မတုန်မလှုပ် ရပ်တည်နိုင်မည်ဖြစ်၍ ဗိုလ်အဆင့်ရောက်ပါမည်။

ဝီရိယ၏သဘာဝသည် -

- သူတစ်ပါးဗိုလ်အဆင့်ရဖို့အခြေခံသည်၊
- မိမိကိုယ်တိုင်လည်းစ၍ ဗိုလ်လုပ်တတ်သည်။

မိမိဘဝတိုးတက်ရေး မိမိ၏မိသားစု၊ မိမိ၏လူမျိုး၊ ကြီးပွားရေးသည် ပစ္စက္ခ လူ့ဘဝအတွက် အကျိုးရှိသော ဝီရိယထားတတ်ဖို့ လိုပါသည်။

ဤဝီရိယသာ ဘဝ၏စွမ်းအားကို ဗုဒ္ဓက အဘိဓမ္မာတွင် ဖော်ထုတ်ပေးထားခဲ့သည်။ ယနေ့ထိ သိပ္ပံပညာကား ဤသဘာဝကို ဖော်ထုတ်မပေးနိုင်သေးပါ။

ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးဆိုသည်မှာ ကောင်းမှုတို့၌ ဝီရိယထား၍ ကြိုး စားအားထုတ်ပါဟု၍ ဆိုဆုံးမထားခြင်း ဖြစ်ပါသည်။

---

ဆုပြည့်စုံတွန်းစာပေ

www.dhammaransi.com



## နောင်တတစ်ဖန်ပူပန်မှု (ကုက္ကုစ္စ)

ဤကမ္ဘာလောကဝယ် ပုထုဇဉ်လူသားမှန်သမျှ မကောင်းမှု အကုသိုလ်ဒုစရိုက်တရားများကို အနည်းနှင့်အများ ပြုမိကြ၏။ ထိုပြုမိခဲ့သော အကုသိုလ်အမှုတို့တွက် နောင်တတစ်ဖန် ပူပန်မှုတွေ ခံစားကြရ၏။ ထိုခံစားရမှုသည် သေခါနီးဝယ်စွဲလာသော် အပါယ်လေးပါးသို့ ကျရောက်တတ်ရကြောင်းဖြစ်၍ ဗုဒ္ဓက အဘိဓမ္မာသမ္ပဂ္ဂဟာနတရား၌ဖြစ်ပြီး ပြုပြီးသော အကုသိုလ်မကောင်းမှုများကို ပယ်ခြင်းငှာ လုံ့လပြုရန်ဟူ၍ လမ်းညွှန်ထားခဲ့ပါသည်။

ထိုပြုမိသော အကုသိုလ်များကိုပယ်၍ နောင်တတစ်ဖန် ပူပန်မှု (ကုက္ကုစ္စ)မဖြစ်စေရန် မည်သို့လုပ်ရမည်နည်းဟု မေးစရာရှိလာပါသည်။ အကုသိုလ်မကောင်းမှုပြုမိ၍ နောင်တတစ်ဖန်ပူပန်မှု(ကုက္ကုစ္စ)ဖြစ်ကြရာ၌ ဗုဒ္ဓက ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ ဒုကနိက္ခေပ၌ -

- မအပ်သည်၌အပ်သည်ဟု အမှတ်ရှိသူအဖြစ်
- အပ်သည်၌ မအပ်ဟု အမှတ်ရှိသူ၏အဖြစ်
- အပြစ်မဟုတ်သည်၌ အပြစ်ဟု အမှတ်ရှိသူအဖြစ်
- အပြစ်ဟုတ်သည်၌ အပြစ်မဟုတ်ဟု အမှတ်ရှိသူ၏အဖြစ်

ဤသို့အကြောင်းရင်းသဘော အခြေခံရှိသော နောင်တတစ်ဖန် ပူပန်ပုံအခြင်းအရာ နောင်တတစ်ဖန် ပူပန်သူ၏အဖြစ် -

- နှလုံးမသာယာခြင်းသဘော စိတ်ရှုပ်ရှုပ်ထွေးထွေးဖြစ်ခြင်း၏ သဘောရှိ၏။

ဤသဘောကို နောင်တတစ်ဖန်ပူပန်ခြင်း (ကုက္ကုစ္စ)ဟူ၍ ဆိုအပ်ပေ၏ဟူ၍ ဟောထားခဲ့ပါသည်။

ယင်းကို အဋ္ဌကထာဆရာကြီးက -

- ငါသည် ကုသိုလ်ကောင်းမှုကို မပြုအပ်မိလေစွ၊ ကြောက်ခြင်းမှ စောင့်ရှောက်တတ်သော ကုသိုလ်ကို မပြုမိလေစွ။
- မကောင်းမှုကို ပြုမိလေခြင်း၊ ကြမ်းတမ်းသောမကောင်းမှုကို ပြုမိလေခြင်း၊ မကောင်းကျိုးကိုပြုတတ်သောအမှုကို ပြုမိလေခြင်း။

ဤကဲ့သို့ အပြစ်မဟုတ်သည်၌ အပြစ်ဟု အမှတ်ရှိသူ၏အဖြစ်ဖြင့်လည်း ကျူးလွန်မှုကို ပြုပြီးနောက်မှ ဖြစ်တတ်သေး၏။

မဟာဂန္ဓာရုံဆရာတော်အရှင်ဇနက၏ သင်္ဂြိုဟ်ဘာသာဋီကာ၌ ဒုစရိုက်မှုကိုပြုပြီးနောက် ရရှိမည့်အပြစ်တွေကို ဆင်ခြင်မိသည့်အခါ (သို့မဟုတ်) မကောင်းကျိုးကိုခံစားရသော အခါ ထိုဒုစရိုက်မှုကို ပြုမိလေခြင်းဟူသော စိတ်၏အမှုအရာ ဖြစ်ပေါ်လာတတ်၏။

www.dhammaransi.com



ပစ္စည်းဥစ္စာ ကုန်လုံးကြွယ်ဝသည့်အခါ ငယ်ရွယ်ကျန်းမာသည့်အခါတုန်းက ကုသိုလ်ကောင်းမှုကို မပြုခဲ့ဘဲ ပစ္စည်းကုန်ခမ်းသည့်အခါ ကြီးရင့်သည့်အခါ မကျန်းမာသည့်အခါကျမှ သုစရိုက်ကောင်းမှုကို မပြုခဲ့မိလေခြင်းဟူသော စိတ်အမှုအရာ ဖြစ်ပေါ်လာတတ်ပါသည်။

ထိုသို့ဖြစ်ပေါ်လာသောစိတ်အမှုအရာသည် ပြုခဲ့ပြီးသော ဒုစရိုက်ကိုလည်း မပြုရာရောက်အောင်၊ မပြုခဲ့မိသောသုစရိုက်ကောင်းမှုတို့ကိုလည်းပြုပြီးသားဖြစ်သွားအောင်မတတ်နိုင်၊ ပညာရှိတို့မြင်ပြင်းကပ်စရာ သက်သက် အပိုအမှုအရာသာဖြစ်သည်။ ထိုအမှုအရာမျိုးဖြစ်သည့်အခါ စိတ်ထဲမှာ အတော်ပူပူပန်ပန် ဖြစ်စေတတ်သည်။

ထို့ကြောင့် ထိုသို့သော စိတ်အမှုအရာတို့ကို နောင်တစ်ဖန်ပူပန်မှုဟူ၍ ပြောဆိုရိုးပြုကြသည်။

ဤဗုဒ္ဓဟောကြားချက်များ အဋ္ဌကထာဆရာ၊ ဋီကာဆရာများ၏ ဟောကြားချက်များအရ နောင်တတစ်ဖန် ပူပန်မှုသည် -

၁။ ပြုခဲ့သောအကုသိုလ်အမှုကို အကြောင်းပြုပြီး ဖြစ်တတ်သော နောင်တပူပန်မှု၊

၂။ မပြုလုပ်ခဲ့မိသောကုသိုလ်ကို အကြောင်းပြုပြီးဖြစ်တတ်သော နောင်တပူပန်မှုဟူ၍(၂)မျိုး တွေ့ရပါမည်။

နောင်တတစ်ဖန် ပူပန်မှု (ကုက္ကုစ္စ)သည် အလွန်ပင် ကြောက်စရာကောင်းလှပါသည်။

ဓမ္မပဒအဋ္ဌကထာ ဧရကပတ္တနဂါးဝတ္ထုတွင် ကဿပဘုရားရှင် လက်ထက်က အနှစ်နှစ်သောင်းတိတိတရား အားထုတ်ခဲ့သော ရဟန်းငယ်သည် ဂင်္ဂါမြစ်ကူးရင်း လှေပေါ်မှနေပြီး ပိန်းရွက်ကိုဆွဲမိပြီး ဝိနယကုက္ကုစ္စဖြစ်မိ၍ သေသောအခါ ဧရကပတ္တမည်သော သားစိမ်း၊ ငါးစိမ်းစား တိရစ္ဆာန်မျိုး နဂါးဖြစ်ခဲ့ရသည်။

ဂေါတမဘုရားရှင် သာသနာတော်ကို အလွန်ကြည်ညိုလေးစားမြတ်နိုးပြီး သင်္ကန်းဝတ်ချင်၍ ဥစ္စာစည်းစိမ်နှင့် ဇနီးမယားကိုစွန့်ပြီး ဝတ်ခဲ့သော ရှင်သုဒိန်သည် သဒ္ဓါပဗ္ဗဇိတရဟန်းဖြစ်သည်။ သို့သော် မယားဟောင်းကို သားမျိုးစေ့ပေးမိ၍ (ထိုအချိန်က ပထမပါရာဇိကဥပဒေမပညတ်ရသေးပါ) ထိုအပြစ်ကို နောင်တတစ်ဖန် ပူပန်သံသယဖြစ်ပြီး နလုံးမသာမယာဖြစ်ကာ တရားအားထုတ်၍ မရတော့ချေ။

သို့သော် နှစ်(၅၀)ကြာ လူသတ်သမား တာဝန်ကိုထမ်းဆောင်ခဲ့သော တမ္ဗဒါဌိက၏ သံသယပူပန်မှုကို ရှင်သာရိပုတ္တရာက အခိုက်အတန့် ကလေးစိတ်သက်သာရသွားအောင် နားဝင်အောင် လူတွေကို သင့်သဘောနှင့် သင်သတ်သလား အခြားသူသတ်ခိုင်း၍ သတ်သလောဟု မေးသည်။

www.dhammaransi.com



တမ္ပဒါဌိကမင်းက သတ်နိုင်း၍ သတ်ရပါသည်ဟု အဖြေပေးသည်။ ဒီလိုဆို အကုသိုလ်ဘယ်လိုဖြစ်ပါ့မလဲ (အကုသိုလ်မဖြစ်ဟု မပြော) ဟု ဖြေသည်။

တမ္ပဒါဌိကသည် ထိုမျှစကားဖြင့် မိမိ၌ အပြစ်မရှိဟုထင်ပြီး သံသယပျောက် စိတ်သက်သာရာရသွားပြီး ရှင်သာရိပုတ္တရာထံ တရားထပ်တောင်းပြီး နာသည်။ သေသော အခါ တုသိတာနတ်ပြည်၌ နတ်သားဖြစ်ပါသည်။

အလားတူ ဒုဋ္ဌဂါမဏိမင်းကြီးသည် ကျေးကုလားများကို စစ်ပွဲ၌ သတ်ခဲ့မိ၍ သံသယ နောင်တပူပန် စိတ်ခံစားရသည်။ ပိယင်္ဂုကျွန်းနေ ရဟန္တာကြီး(၈)ပါးက အဘိညာဉ်ဖြင့် မင်းကြီး ၏အကြံကိုသိ၍ကြွလာပြီးလျှင် ကျေးကုလားတို့ကိုသတ်ခဲ့သဖြင့် နတ်ပြည်အန္တရာယ် မဂ်ဖိုလ် အန္တရာယ်မဖြစ်၊ သတ်မိသူတို့တွင် လူတစ်ယောက်နှင့်တစ်ပိုင်းအတွက်သာ အပြစ်ရှိသည်။ တစ်ယောက်ကား ငါးပါးသီလမြဲသူ၊ တစ်ယောက်ကား သရဏဂုံတည်သူ၊ ကျန်သူများက နွားနှင့်သားငါးသတ်သကဲ့သို့ရှိသည်ဟု အဖြေပေးကြသည်။

သို့အတွက် မင်းကြီး၏ နောင်တသံသယပျောက်ပြီး (၂၄)နှစ်တိတိ ဘုရားတည်၊ ကျောင်းဆောက် သာသနာတော်ကို စောင့်ရှောက်ပြုစုသွားသည်။ သေသော် နတ်ရထားများ ဆိုက်၍ တုသိကာနတ်ပြည်၌ နတ်သားဖြစ်ရသည်။

ဤဖြစ်ရပ်များကိုကြည့်ပါက နောင်တတစ်ဖန်ပူပန်မှု (ကုက္ကုစ္စ) သည် လူတို့အား မည်မျှ မကောင်းကျိုးပေးသည်။ မရှိမှုသည် မည်မျှကောင်းကျိုးပေးသည်ကို သိနိုင်ပါပြီ။ ဤ အဖြစ်ပျက်များနှင့်ပတ်သက်၍ သင်ခန်းစာယူမည်ဆိုလျှင် -

- အကုသိုလ်ပြုမိလျှင် သံသယနောင်တ (ကုက္ကုစ္စ) အဝင်မခံရ ပယ်ဖျောက်ရမည်။
- အကုသိုလ်ပြုမိလျှင် ကုသိုလ်များများ ပို၍ပြုလုပ်ပေးရမည်။

ကုသိုလ် - အကုသိုလ်ဖြစ်ပြီး ပြုပြီးနောက် လူ၌ကျန်ရစ်သောကံ သတ္တိ (မျိုးဇီဇ)နှင့် ပတ်သက်၍ ဗုဒ္ဓအဘိဓမ္မာနည်းအရ အကုသိုလ်ဖြစ်စေ၊ ကုသိုလ်ဖြစ်စေ၊ ကံတစ်ခုခုကို ပြုမိပြီး ဆိုပါက သာမန်နှင့်သတ္တိက မပျက်ပါပေ။ တချို့ကံမှာ နိဗ္ဗာန်ရသည်အထိ ဘဝတိုင်း လိုက်နေ ပါသည်။ အချို့ကံသည် မျိုးစေ့ပုပ်သွားသကဲ့သို့ အကျိုးမပေးတော့ဘဲ အချည်းနှီး ဖြစ်သွားလေ့ ရှိပါသည်။

သို့သော် မည်သည့်ကံကလိုက်နေ၍ မည်သည့်ကံက အချည်းနှီးဖြစ်သွားသည်ကို သိပ္ပံပညာဖြင့်စမ်းသပ်၍ မရနိုင်သလို သာမန်လူတို့လည်း မသိနိုင်ပါ။ ဗုဒ္ဓက လူသားတို့အား ဆုံးမရာ၌ သင်တို့ ပုထုဇဉ်များအဖို့ အကုသိုလ်ဒုစရိုက်တစ်ခုခုကို တစ်ခါတစ်ခါ ပြုမိကြမည်။ ထိုပြုမိသော အကုသိုလ်ကို ဒီအတိုင်းပစ်မထားပါနှင့်၊ ပယ်နိုင်အောင် ကြိုးစားရမည်ဟု ဟော ကြားခဲ့သည်။

---

ဆုပြည့်စုံတွန်းစာပေ

www.dhammaransi.com



- အကုသိုလ်ဆိုသည်မှာ အကြောင်းပြည့်စုံလာမှ ရင့်ကျက်လာမှသာ အကျိုးပေးတတ်သော သဘာဝဖြစ်ခြင်း၊
- လူတွင် စိတ်ဓာတ်သည် အရေးကြီးသောအချက်ဖြစ်ခြင်း၊
- မြတ်စွာဘုရားက အာပတ်သင့်သော ရဟန်းများအား အာပတ်ဖြေနည်းစနစ်ကို ချမှတ်ပေးတော်မူခြင်း၊

ပထမအချက်မှာ လူတို့ပြုလုပ်အပ်သော အကုသိုလ်ကံ၏ သဘောသဘာဝဖြစ်ပါသည်။ လူတို့ပြုလုပ်အပ်သော အကုသိုလ်ကံနှင့်ပတ်သက်၍ နိဂဏ္ဌနာဋပုတ္တဂိုဏ်းဆရာကြီးက သူ့ကိုကိုးကွယ်သူ အသိဗန္ဓကရွာသူကြီး၏သားအား -

သူ့အသက်သတ်မှုစသော အကုသိုလ်ဒုစရိုက်ပြုသူများသည် အပါယ်သို့ကျသည်၊ များသော ထိုထိုကံတို့က ဆောင်သွား၏ဟူ၍ ဟောလိုက်သည်။

နိဂဏ္ဌဆရာကြီး၏ ဟောကြားချက်အရ ပြုမိသောအကုသိုလ်ကို ပယ်၍မရတော့ချေ။ ကုစား၍လည်း မရတော့ချေ။

ထိုအဖြေကို မကျေနပ်၍ ရွာသူကြီးသားက ဗုဒ္ဓဘုရားထံ သွားရောက်၍ နိဂဏ္ဌဆရာကြီး၏ အယူနှင့်ဟောပြောချက် ဟုတ် - မဟုတ် သွားရောက်လျှောက်ထားသည်။

ဗုဒ္ဓက နိဂဏ္ဌဆရာကြီး၏များသော ကံကဆောင်သွားသည်ဟူသော စကားကိုယူ၍ များသောကံကဆောင်သွားရိုးမှန်လျှင် -

ပထမအချက် - လူသည် တစ်နေ့ (၂၄) နာရီရှိသည့်အနက် သူ့အသက်သတ်သော ကံကိုပြုသောအချိန်က မည်မျှကြာသနည်း။ ငါးမိနစ်လား၊ နာရီဝက်လား တစ်နာရီလား။ ထိုသူ၏ သူ့အသက်ကို သတ်မှုမပြုဘဲ လွတ်နေသောအချိန်က မည်မျှရှိသနည်း။

ဤသို့ လက်တွေ့ကျကျ စိစစ်သောအခါ တစ်နေ့တာတွင် သူ့အသက်သတ်မှုကျူးလွန်သောအချိန်က အလွန်အလွန်နည်းပါးတိုတောင်းပြီး သူ့အသက်သတ်မှုမှကင်းလွတ်နေသောအချိန်ကသာ များပြားရှည်လျားနေပါသည်။ သူ့အသက်သတ်မှု လွတ်နေသောအချိန်တွင် အခြားသောကောင်းမှုကုသိုလ်များကို ပြုလုပ်နေမည်သာဖြစ်သည်။ ဥပမာ - ဘုရားရှိခိုးခြင်း၊ ဆွမ်းလောင်းခြင်း၊ မိသားစုကို ရှာဖွေပြုစုလုပ်ကျွေးခြင်း စသည်များကို ပြုလုပ်နေခြင်းများရှိပါမည်။

ဗုဒ္ဓက ဆက်လက်ဟောကြားသည်မှာ -

"ငါသည် သတ်မိပြီး ငါ့ဆရာကလည်း သတ်မှုကျူးလွန်လျှင် မချအပါယ်ကျမည်"

ဟု ဟောထားသည်။ ထို့ကြောင့် ငါတော့ မချအပါယ်ကျတော့မည်။ ဤကဲ့သို့သော မိစ္ဆာအယူကိုယူပြီး ထိုအယူကိုမစွန့်ဘဲ စွဲလမ်းပြီး သေသည်ရှိသော် မချအပါယ်ကျမည်။

www.dhammaransi.com



ဗုဒ္ဓ၏သဘာဝကျ (ယထာဘူတ) အမြင်မှာ သူ့အသက်သတ်မှု ကျူးလွန်တိုင်း သေလျှင် မုချ အပါယ်ကျမည်မဟုတ်ပါ။ မိဘကိုသတ်ခြင်း စသော ပဉ္စနန္တရိယကံကို ကျူးလွန်၍ သေမှသာလျှင် မုချဧကန် အပါယ်ကျမည်။ ကျန်သော ဒုစရိုက်မှုများကို ကျူးလွန်မှုရှိက မုချကျမည်ဟု မဆိုပါချေ။

ဗုဒ္ဓက သူ့အသက်သတ်မှုစသော ဒုစရိုက်အမှုတို့ကို အားမပေးပါ။ အပြစ်ရှုံ့ချခဲ့ပါသည်။ သို့သော် သဘာဝမှန်ကိုကား ထိန်ချန်၍ မဟောပါ။ သဘာဝဓမ္မတာလမ်းကို အမှန်အတိုင်းသာ ထုတ်ဖော်ဟောခဲ့ပါသည်။

ဒုတိယအချက် - လူ့စွမ်းရည်ထက်မြက်မှုကိုသိရန် လိုအပ်လှပါသည်။ ၃၂ - ကောဋ္ဌာသဆိုသောရုပ်ပိုင်းသည် စိတ်နှင့်စာလျှင် စွမ်းရည်နည်း ပါးသည်။

ယနေ့သိပ္ပံပညာရှင်များက ဦးနှောက်ဟု အဓိကပြောနေကြသည်မှာ ဟဒယနှလုံးက အခြေခံပြီး ဦးနှောက်မှတစ်ဆင့်ဖြစ်နေသော စိတ်တည်းဟူသော နာမ်သတ္တိကိုမသိကြသောကြောင့် ဖြစ်ပါသည်။ စိတ်၏စွမ်းရည်ကို သိပ္ပံပညာရှင်တို့ မစမ်းသပ် မဖော်ထုတ်နိုင်သေးပါ။

လူ့စိတ်၏သဘာဝတို့နှင့် စွမ်းရည်အဆိုးကနေ အကောင်းဖြစ်အောင် လုပ်နိုင်သည်။ အကောင်းကနေ အဆိုးဖြစ်အောင် လုပ်နိုင်သည်ဆိုသော စွမ်းရည်ရှိသည်ကို သိထားရပါမည်။

တတိယအချက် - ဗုဒ္ဓသည် မိမိသာသနာတော်ထဲသို့ ဝင်လာကြသော တပည့်သားသံဃာတော်များအတွက် အစားစည်းကမ်း၊ အဝတ်စည်းကမ်း၊ အနေစည်းကမ်း၊ အကျင့်စည်းကမ်းဟူသော များစွာသော ဝိနည်းသိက္ခာပုဒ်ဥပဒေများကို ပညတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။ သူ၏ရဟန်းတော်များကို ကမ္ဘာပေါ်၌ အယဉ်ကျေးဆုံး၊ အလိမ္မာဆုံးလူသားဖြစ်အောင် စီမံထားခဲ့ပါသည်။

သို့သော် သာသနာဝင်ရဟန်းများတွင် ပုထုဇဉ်ရဟန်းများလည်း ပါနေသဖြင့် သိက္ခာပုဒ်ဥပဒေကို ဖောက်ပျက်ကျူးလွန်မှုများလည်း ရှိလာတတ်ပါသည်။

ထိုပုဂ္ဂိုလ်များအတွက် ဗုဒ္ဓက အပြစ်သင့်သောရဟန်းကို သူ့အပြစ်နှင့်သူခံ၊ သူ့ထိုက်နှင့်သူ့ကံဟု ပစ်မထားခဲ့ပါ။ အပြစ်ကို အကြီး၊ အသေး၊ အလေး၊ အပေါ့ ခွဲခြားပြီး ပါရာဇိကကဲ့သို့ အပြစ်ကြီးကျူးလွန်ပါက သင်္ကန်းချွတ်နိုင်းပြီး လူဝတ်ကို ပြန်ဝတ်စေသည်။ အလတ်စားသံဃာဒိသိသ်အပြစ်မျိုးဖြစ်က သံဃာ(၂၀)ရှေ့မှာ ဝတ်ဆောက်တည်စေပြီး ဝန်ချတောင်းပန်စေသည်။ အငယ်မျိုးဖြစ်က ဒေသနာကြားခြင်းဟူသော မထေရ်ကြီးထံ မိမိပြုသောအပြစ်ကို ဝန်ခံစေခြင်း ထုတ်ဖော်ပြောကြားစေခြင်းဖြင့် ရပ်တန့်စေပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အလားတူ လောကီလူသားတို့ နယ်ပယ်တွင်လည်း အကုသိုလ်ပယ်နည်းကို သဠာယတန သံယုတ် ဂါမဏိသံယုတ်မှာ အတိအကျ လမ်းညွှန်ဟောထားပါသည်။ ယင်းမှာ လောကသဘာဝနှင့် ပြောရလျှင် လူသားအာပတ်ဖြေနည်းဟု ဆိုရပါမည်။

ဗုဒ္ဓ၏ဖြေနည်းမှာ -

"ငါသည် သူ့အသက်ကို သတ်မိချေပြီ"

ဤသတ်မိခြင်ကား စင်စစ်မကောင်းချေ။ သို့သော် သတ်မိလေခြင်းဟု နောင်တဖြစ်နေခဲ့၍လည်း အကျိုးမရှိ။ အကုသိုလ်သာ ထပ်တိုးပွားမည်။

နောင်တစ်ဖန် ပူပန်သည့်အတွက် ပြုမိထားတာကလည်း ပျက်မသွား မပြုမိရာ မရောက်တော့။

ထိုကြောင့် ငါသည် ဤသတ်မိသောကိစ္စကို လုံးဝမစဉ်းစားတော့ဘဲ ဂရုမထားတော့ဘဲ မေ့မေ့ပျောက်ပျောက်သာ နေတော့အံ့။

နောက်နောင်ခါမှာတော့ ယခုလို မသတ်မိအောင် ငါရှောင်တော့အံ့။ ဤကဲ့သို့ ဆင်ခြင်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ရှောင်ကြည်ခြင်းသည် သတ်မိသောကံကို ပယ်ရာရောက်သည်"

ဟု ဗုဒ္ဓက နည်းပေးခဲ့ပါသည်။

ခိုးမိသည့်ကိစ္စ၊ ကာမကျူးလွန်မိသည့်ကိစ္စ၊ လိမ်ညာသည့်ကိစ္စ စသည်ဖြင့် ဒုစရိုက် (၁၀)ပါးလုံးကိုလည်း ဤနည်းအတိုင်း အာပတ်ဖြေကျင့်ရပါမည်။

ဤသို့ အာပတ်ဖြေရာ၌ စိတ်ပါလက်ပါရှိပြီး စိတ်ပြတ်ရပါမည်။ နောင်စောင့်စည်းမည်ဟု သန္နိဋ္ဌာန်နိုင်မာစွာချထားသော်ကုသိုလ်ဖြစ်တော့သည်။ အခြားကုသိုလ်ကောင်းမှုများ ကြီးကျယ်စွာ ပြုလုပ်ခဲ့သော် ထိုအသေးအမွှားအကုသိုလ်များသည် ရေများရေနိုင် မီးများမီးနိုင် လောကသဘာဝကဲ့သို့ ပပျောက်သွားပါမည်။

လူသားတို့မှာ အကုသိုလ်ဒုစရိုက်အပြစ်ထိုက်ပုံတွေ၊ ငရဲကြီးပုံတွေ၊ အကုသိုလ်ကြောက်စရာကောင်းပုံတွေ၊ အပါယ်ဘေးတွေကိုသာ ကြားနာနေကြရပြီး ပုထုဇဉ်သဘာဝဖြစ်ရသောအပြစ်တို့ကို ဘယ်ကဲ့သို့ ဖြေပျောက်ကုစားရမည်ကို မသိကြသဖြင့် အချို့သည် ကြောက်စိတ်များ နောင်တတစ်ဖန်ပူပန်မှု (ကုက္ကုစ္စ) ဖြစ်ပေါ်ဖိစီးပြီး အသေမှား သေကြရပါသည်။

ဤသည်မှာ ဗုဒ္ဓ၏ အဘိဓမ္မာတရားကို မသိကြ၍ဖြစ်ပါသည်။ ယနေ့သိပ္ပံပညာရှင်များကလည်း ဤသဘာဝကို မသိကြသေးပါ။ ဗုဒ္ဓက ပုထုဇဉ်တို့၏ သာမန်အကုသိုလ်အပြစ်ကုစားနည်းကို ထုတ်ဖော်ပြခဲ့ပါသည်။

အပါယ်ဘေးမှ ကင်းဝေးကြပါစေ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## စူးစိုက်မှု (ဧကဂ္ဂတာ)နှင့် တည်ကြည်မှု (သမာဓိ)

လူသားတို့၏စိတ်ကို ခြယ်လှယ်စီမံသော စေတသိက်(၅၂)လုံးတွင် ဧကဂ္ဂတာဟု အမည်ပေးထားသော သဘာဝတစ်မျိုး ပါဝင်နေပါသည်။

ယင်း၏သဘောအဓိပ္ပာယ်မှာ အာရုံတွေမထွေပြားဘဲ အာရုံတစ်ခုဆို တစ်ခုတည်း မှာပဲ စိတ်ကို စွဲမြဲစေသောသဘောဖြစ်သည်။

ဥပမာ - ဘုရားကိုအာရုံပြုသည်ဆိုလျှင်စိတ်သည်အခြားအာရုံသို့မပျံ့လွင့်ဘဲဘုရား ဂုဏ်တော်၌သာ စွဲစိုက်တည်နေသည်။

ဤကဲ့သို့အာရုံမပွားစိတ်မများဘဲအာရုံတစ်ခုဆိုတစ်ခုတည်း၌သာစိတ်ဓာတ်တည် ငြိမ်နိုင်ခံ့နေမှုကို သမာဓိဟူ၍ ခေါ်ပါသည်။

စေတသိက်သဘာဝ(၅၂)မျိုးတွင် ဧကဂ္ဂတာစေတသိက်သာပါသည်။ သမာဓိဟူ သော အမည်ပညတ်ပါစေတသိက်ကို မတွေ့ရပါ။ စင်စစ် သမာဓိသည် ဧကဂ္ဂတာစေတသိက် ၏ အမည်သစ်သာဖြစ်ပါသည်။

ထို့ကြောင့် သမာဓိ၏ပရမတ္ထတရားကိုယ်ကောက်ယူလိုလျှင်ဧကဂ္ဂတာစေတသိက် ကိုသာ ကောက်ယူရပေမည်။

သို့သော် ဧကဂ္ဂတာနှင့် သမာဓိသည် လုံးဝတူသော သဘောတော့ မရှိပါချေ။

ဧကဂ္ဂတာစေတသိက်သည်အဘိဓမ္မာသဘာဝအရကြည့်ပါကစိတ်အားလုံး၌အတူ တကွ ယှဉ်ဖက်ဖြစ်ကြောင်း တွေ့ရပါသည်။ စိတ်ဖြစ်တိုင်း - ဖြစ်တိုင်းမှာ သူပါနေ၍ အလုံးစုံ သောစိတ်နှင့် ဆက်ဆံသောစိတ် (သဗ္ဗစိတ္တသာဓာရဏ) စေတသိက်ဟူ၍ ခေါ်ထားပါသည်။

ဤကဲ့သို့ စိတ်ဟူသမျှမှာပါလေ ယှဉ်လေမြဲဖြစ်၍ အခြေခံကျသော်လည်း သမည စေတသိက်သာ ဖြစ်နေရပါသည်။

ဧကဂ္ဂတာနှင့် သမာဓိကွဲပုံကို ဥပမာအနေနှင့်ကြည့်လျှင် ဧကဂ္ဂတာသည် ရေရိုးရိုး နှင့်တူသည်။ အားလုံး၌ ပျော်ဝင်နိုင်ပါသည်။

သမာဓိကား ရေနီနှင့်တူသည်။ အားလုံး၌ မပျော်ဝင်နိုင်၊ နီသော အရာဝတ္ထု၌သာ ပျော်ဝင်နိုင်သည်။ (ဝါ) သူပျော်ဝင်လျှင် နီသွား၏။

အလားတူ မူလရေတည်ဟူသော ဧကဂ္ဂတာသည် အနီတည်းဟူ သောဝီရိယနှင့် ပေါင်းစပ်မှ ရေနီတည်းဟူသော သမာဓိဖြစ်ပေါ်လာပါ မည်။

ရေနီ၌ ရေရိုးရိုးနှင့် ဆေးနီတွဲစပ်မှ ဖြစ်ပေါ်သကဲ့သို့ သမာဓိ၌ ဧကဂ္ဂတာနှင့်ဝီရိယ တွဲစပ်ပါမှ (ဝါ) ဝီရိယယှဉ်သော ဧကဂ္ဂတာဖြစ်ပါမှ သမာဓိအဆင့်ကိုရနိုင်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



တွေ့ကြုံရသောအာရုံအလိုက် (ဝါ) လုပ်ငန်းအလိုက်အာရုံကိစ္စ တစ်ခုခုအပေါ်မှာ စိတ်တည်တံ့မှုသည် သာမန်မျှမဟုတ်ဘဲ အတော်အတန် အဆင့်မြင့်လာပါက ဤအဆင့်ကို ဧကဂ္ဂတာဟူ၍ မခေါ်တော့ပါ။ ဤအဆင့်ကို သမာဓိဟူ၍ ခေါ်ဆိုလာပါသည်။

သမာဓိဟူသော ပါဠိစကား၏အဓိပ္ပာယ်မှာ သံ+ အာဓိ - သံ = ကောင်းစွာ၊ အာဓိ = တည်တံ့မှု၊ ကောင်းစွာတည်တံ့မှုကို သမာဓိဟူ၍ခေါ်ပါသည်။ သံ = ကောင်းစွာဆိုသည်မှာ စွဲစွဲမြဲမြဲဆိုသော အနက်မျိုးကို ဆိုလိုပါသည်။

ထို့ကြောင့် သမာဓိဆိုသည်ကား သာမညတည်တံ့ရုံမျှမက (ဝါ) ဧကဂ္ဂတာဖြစ်ရုံမျှမက ထိုထက်ပို၍ စွဲစွဲမြဲမြဲ တည်တံ့သောသဘာဝ ဖြစ်ကြောင်း သိရပါသည်။

ဤသို့ စွဲမြဲစွာတည်တံ့ရေးအတွက် (ဝါ) သမာဓိဖြစ်ရေးအတွက် ဝီရိယအကူအညီ ပါပြီး ဝီရိယနှင့် ကြိုးစားအားထုတ်ပါမှ စွဲမြဲစွာ တည်တံ့မှု ဖြစ်နိုင်ပါသည်။

ထို့ကြောင့် အဘိဓမ္မာစိတ်ယှဉ် စေတသိက်ယှဉ်၌ ဝီရိယမယှဉ်သော စိတ် (၁၇)မျိုး (ပဉ္စဒွါရာဝဇ္ဇန်း(၁)၊ ဒွေးပဉ္စဝိညာဏ်(၁၀)၊ သမ္ပဋိစ္ဆိုင်း (၂)၊ သန္တီရဏ (၃)၊ ဝိစိကိစ္ဆာ (၁)တို့၌ ဧကဂ္ဂတာသာ ယှဉ်၏၊ သို့သော် သမာဓိကား မယှဉ်ဟူ၍ ဆိုထားပါသည်။

ဆိုလိုသည်မှာ ဝီရိယကင်းသော ဧကဂ္ဂတာသည် သာမန်ဧကဂ္ဂတာမျှသာဖြစ်၍ သမာဓိ(ဧကဂ္ဂတာ)မဖြစ်ဟု ဆိုလိုပါသည်။

သမာဓိတည်တံ့မှုနှင့်ပတ်သက်၍လည်း -

- အပြစ်ရှိသောအလုပ်ကိစ္စမျိုး၌လည်း တည်တံ့တတ်၏၊
- အပြစ်မရှိသောအလုပ်ကိစ္စမျိုး၌လည်း တည်တံ့တတ်၏။

အပြစ်ရှိသောအလုပ်ကိစ္စမျိုး၌ တည်တံ့မှု ဟူသည် ဥပမာ - ငါးမျှားရာ၌ စိတ်စူးစိုက်တည်တံ့မှုမျိုး ခိုးရန်ကြိုးစားရာ၌ စိတ်အာရုံစူးစိုက်မှုမျိုးတို့ ဖြစ်သည်။

ငါးမျှားနေသူသည်ငါးမျှားတံကိုကိုင်ရင်းငါး၏ဟပ် - မဟပ်အရိပ်အခြေကိုငါးမျှားတံအတွေ့အထိ၌စူးစိုက်အာရုံကျနေခြင်းမျိုးဖြစ် သည်။ ထိုသို့ အာရုံစူးစိုက်နေခိုက်၊ ခြင်ကိုက်တာလည်း မသိ၊ မျှော့တွယ်တာကိုလည်းမသိ ပတ်ဝန်းကျင်ကို မေ့နေသည်။ ယင်းတံငါသမာဓိမျိုးသည် အပြစ်ရှိသော တည်တံ့မှု မိစ္ဆာသမာဓိဖြစ်ပါသည်။

အချုပ်အားဖြင့် ဒုစရိုက်(၁၀)ပါးပြုလုပ်မှု၌ မြဲမြဲစွာစူးစိုက် တည်တံ့မှုမှန်သမျှသည် အပြစ်ရှိသော မိစ္ဆာသမာဓိမျိုးဖြစ်ပါသည်။ အပြစ်မရှိသော သမာဓိတည်တံ့မှုဆိုသည်ကား -

အလှူပေးခြင်း၊ ဥပုသ်တီတင်းသီလဆောက်တည်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်း၊ ကြီးသူကိုရိုသေခြင်း၊ ရတနာသုံးပါးနှင့် မိဘဆရာသမားတို့၏ ဝေယျာဝစ္စပြုလုပ်ခြင်း၊ အမျှဝေခြင်း၊သာဓုခေါ်ခြင်း၊တရားဟောခြင်း၊တရားနာခြင်း၊အယူမှန်ကန်မှုတို့၌စိတ်စူးစူးစိုက်စိုက်တည်တံ့မှုမျိုး ဖြစ်ပါသည်။

www.dhammaransi.com



မိမိပစ္စည်းပေးလှူနေခိုက် အခြားသော ကြောင့်ကြမှု၊ တောင့်တမှု ဘာတစ်ခုမျှမဖြစ်ဘဲ ပေးလှူနေရသည်ကို ဝမ်းသာကြည်နူးစိတ် ဝင်စားနေသောအခိုက် တည်ကြည်နေသော စိတ်အဆင့်ကို အပြစ်ကင်းသော သမာဓိ (ဝါ) သမ္မာသမာဓိဟု ခေါ်ရပါသည်။

လူသတ်လက်နက်ကိုတီထွင်နေသော သိပ္ပံပညာရှင်၏ ထိုလက်နက်အပေါ်၌ အာရုံစူးစိုက်နေပါက မိစ္ဆာသမာဓိ၊ လူသားကို့အသက်ရှင်အောင်၊ ချမ်းသာစွာနေနိုင်ရန် ဆေးဖော်စပ်စမ်းသပ်မှု၌ အာရုံစူးစိုက်နေပါက သမ္မာသမာဓိဖြစ်နေပါမည်။

သမာဓိတွင် သာမန်သမာဓိနှင့်အားရှိသော သမာဓိ(ဝါ) သမာဓိ ဗိုလ်ဟူ၍ (၂)မျိုး ရှိနေပါသည်။

ဗလ(ဗိုလ်)ဆိုသည်မှာ ဆန့်ကျင်ဘက်တို့ကြောင့် မတုန်မလှုပ် ကြံ့ကြံ့ခိုင်သော သဘာဝကို ဆိုပါသည်။ တည်တံ့မှုပျက်လောက်အောင် ဘေးကဖျက်ဆီးလာသောအရာများကို ဆန့်ကျင်ဘက်ဟုသတ်မှတ်၍ တည်နေတာကိုမတည်အောင် ပျံ့လွင့်သွားအောင် ထိုးနှက်လာသော အာရုံမှန်သမျှသည် ဗလ(အား)ကို စမ်းသပ်ရာ အရာများသာ ဖြစ်ပါသည်။

စိတ်စူးစိုက်မှုတည်တံ့မှု (ဝါ)သမာဓိရမှုသည် အခြားသောအပျက်တစ်ခုခုကြောင့် ပျက်သွားလျှင် သာမန်သမာဓိမျှသာဖြစ်ပါသည်။ မည်သည့်အရာတွေကဖျက်ဖျက် စိတ်တည်တံ့မှုမပျက်ဟုဆိုလျှင် သမာဓိအား (သမာဓိဗိုလ်) ဖြစ်ရတော့သည်။

ဥပမာ- ငါးမျှားနေခိုက် ခြင်ကိုက်၍ နာသောဆန့်ကျင်ဘက် အာရုံကိုမသိ၊ မျှော့တွယ်ခံနေရပြီး သွေးစုပ်ခံနေရသည်ကိုလည်း မဖြုံဖြစ်နေပါက မိစ္ဆာသမာဓိဗိုလ်ဖြစ်နေသည်ဟု ဆိုရပါမည်။

တရားအားထုတ်နေရာ၌ စိတ်တည်ငြိမ်နေပြီး အညောင်းအညာ ထုံကျင်ကိုက်ခဲမှုစသော အန္တရာယ်တို့ကိုသမာဓိရပြီး ခံနိုင်ရည်ရှိနေခြင်းသည် သမ္မာသမာဓိဗိုလ်ဖြစ်နေသည်ဟု ဆိုရပါမည်။

မြန်မာစကား၌ ဗိုလ်ကျသည်ဟုဆိုရာ၌ အားခွန်ဗလကိုသုံး၍ အနိုင်ကျင့်ခြင်းနှင့် စစ်ပွဲ၌ခေါင်းဆောင်လုပ်သူ တိုက်ပွဲ၌ ကျဆုံးခြင်းတို့၌ သုံးစွဲသည်ကို တွေ့ရပါသည်။

အလုပ်တစ်ခုခု (ဝါ) အာရုံတစ်ရပ်ရပ်၌ဆန့်ကျင်ဘက်အတိုက်အခိုက်များကိုမတုန်လှုပ်၊ မဖြုန်၊ စွဲစွဲမြဲမြဲ စိတ်စူးစိုက်နေခိုက် သမာဓိဗလ (သမာဓိဗိုလ်) ဖြစ်နေသော်လည်း ဝီရိယ၊ ဖွဲ့သတ္တိ လျှော့လိုက်သဖြင့် သမာဓိအရှိန်ကျလာလျှင် ဘေးကထိုးနှက်တိုက်ခိုက်လာသော အာရုံများက နိုင်ပြီး စိတ်ပျံ့လွင့်သွားတတ်ပါသည်။ (ဝါ) သမာဓိ ပျက်သွားတတ်ပါသည်။

ဤအခါမျိုး၌ ဗုဒ္ဓ၏အဘိဓမ္မာသဘောအရ ဗိုလ်ကျသွားပြီဟု ပြောရပါသည်။

သမာဓိကိုဖျက်ဆီးသော အနီးကပ်ရန်သူကား . . . အာရုံတစ်ခုခုအပေါ်မှာ စွဲစွဲမြဲမြဲ မဖြစ်ဘဲ ဟိုဟာလား ဒီဟာလား တွေးတောပြီး ယုံမှားသံသယများဖြစ်နေမှုကို ဝိစိကိစ္ဆာဟု အဘိဓမ္မာကအမည်ပေးထားပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထိုသို့ ဝိစိကိစ္ဆာဟူသော အာရုံများ သံသယများဝင်နေလျှင် သမာဓိမရနိုင်ပါ။ အကုသိုလ်ဘက်မှာပဲဖြစ်ဖြစ်၊ ကုသိုလ်ဘက်မှာပဲဖြစ်ဖြစ် သို့လောသို့လော တွေးတောတတ်ပါက စိတ်တည်မှုသမာဓိမရပါ။ ဝိစိကိစ္ဆာမများဘဲ ဒါဆိုဒါပဲဟု စိတ်ပြတ်သူသည် သမာဓိ ရလွယ်ပါသည်။

သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ (၃)ပါးများပါသော သမာဓိသည်ကား သမ္မာသမာဓိ (ကောင်းသောတည်တံ့မှု)ဖြစ်၏။ သို့သော် သမ္မာသမာဓိဖြစ်တိုင်း သမာဓိဗိုလ်မဖြစ်ပါ။ ဆန့်ကျင်ဘက်အာရုံများ တွေ့ကြုံလာ၍ မတုန်မလှုပ်တည်တံ့ပါမှ ကြံ့ကြံ့ခံနိုင်ပါမှ၊ သမာဓိဗိုလ်(သမာဓိအား) ဖြစ်ရပါသည်။

အချုပ်ဆိုရသော် -

- သာမညစိတ်တည်တံ့မှုကား ...ဧကဂ္ဂတာ
- ဝီရိယနှင့်ယှဉ်ပြီးတည်တံ့မှုကား ...သမာဓိ
- အပြစ်ရှိသောဘက်၌စိတ်တည်တံ့မှုသည် ...မိစ္ဆာသမာဓိ
- အပြစ်ကင်းသောဘက်၌စိတ်တည်တံ့မှုသည် ...သမ္မာသမာဓိ
- ဆန့်ကျင်ဘက်အဖျက်အာရုံများကြောင့် စိတ်စူးစိုက်တည်တံ့မှု မပျက်ဆီးမှုသည် ...သမာဓိဗိုလ်

ဤသို့လျှင် ဗုဒ္ဓက လူသား၏စိတ်သဘာဝတည်တံ့မှု အဆင့်ဆင့်ကို ဟောထုတ်ပြထားပါသည်။ဤသဘာဝနိယာမဖြစ်စဉ်များလူသား၌အဆင့်ဆင့်ဖြစ်နေရသည်ကိုသိပ္ပံပညာနှင့် သိပ္ပံပညာရှင်တို့က ဓာတ်ခွဲ ဖော်ထုတ်၍ မရကြသေးပါ။

## ဓာတ်ရုပ်ရှိသော လူသားသဘာဝ

ယနေ့သိပ္ပံပညာရှင်များကစက်ရုပ်ကိုတီထွင်နေကြသည်။ သိပ္ပံပညာရှင်တို့စက်ရုပ်ကိုပြုလုပ်ရာ၌ ပထမဒြပ်ဝတ္ထုပိုင်းကို အရင်တည်ဆောက်ပြီးမှ ဦးနှောက်ပိုင်း (ကွန်ပျူတာပိုင်း)ကို နောက်မှ ထည့်ပေးအသက်သွင်းလေ့ ရှိပါသည်။

ယနေ့လူသားခန္ဓာသည် ဓာတ်ရုပ်၊ ဓာတ်ခန္ဓာ၊ ဓာတ်ကောင်သဘာဝဖြစ်ပါသည်။

လူဓာတ်ကောင်ခန္ဓာကိုဆန်းစစ်ကြည့်ပါက အကြမ်းဖျဉ်းအားဖြင့်...

၁။ သိတတ်သောနာမ်ပိုင်း(ရုပ်သဘာဝကို မှီပြီး ဖြစ်ပေါ်နေရသော နာမ်သဘာဝ)

၂။ မသိတတ်သောရုပ်ပိုင်း(နာမ်အမှီခံနေရသောရုပ်သဘာဝ) ဟူ၍ သဘာဝ(၂)မျိုးသာတွေ့ရပါမည်။

www.dhammaransi.com



လူသား၏ခန္ဓာကိုယ်၌ -

၁။ ပူမှု၊ အေးမှု၊ ရာသီဥတုကြောင့်ဖြစ်သော ဥတုဇရုပ်

၂။ အစားအစာသြဇာဓာတ်ကြောင့်ဖြစ်သော အာဟာရဇရုပ်

၃။ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်

၄။ ကုသိုလ် အကုသိုလ်ပြုလုပ်ခဲ့သောကံကြောင့်ဖြစ်သော ကမ္မဇရုပ်

ဤရုပ်သဘာဝ(၄)မျိုးသာ ရှိနေပါသည်။

လူသား၏ခန္ဓာကိုယ်တွင် အအေး၊ အပူ ဟူသော ဓာတ်သဘာဝ (၂)မျိုးကြောင့် ရုပ်တရားတို့ မပြတ်ဖြစ်နေကြရပါသည်။ ယင်းကို အဘိဓမ္မာ ဝေါဟာရအရ -

- အအေးကြောင့်ဖြစ်သော သီတရုပ်
- အပူကြောင့်ဖြစ်သောဉဏှရုပ် ဟူ၍ ခေါ်ပါသည်။

လူသားသဘာဝသည် အအေး၊ အပူ မရှိသောနေရာ၌ မရှိသလို အအေး၊ အပူ ကင်းသောနေရာဟူ၍လည်း ဤလောကသဘာဝတွင် မရှိပါချေ။

အအေးကြောင့်ဖြစ်သောအအေးရုပ်၊အပူကြောင့်ဖြစ်သောအပူရုပ်တို့သည်လူသား၏ခန္ဓာ၌ အခြေခံဖြစ်နေပါသည်။ အအေးလွန်ကဲလျှင် အအေးရုပ်များသိပ်များပြီး ကိုယ်ခန္ဓာ ဖောက်ပြန်သည်။ အပူရုပ်များ လွန်လာပြန်တော့လည်း ကိုယ်ခန္ဓာဖောက်ပြန်ပါသည်။

ရေခဲအေးထဲတွင် လက်ကို အကြာကြီးစိမ်ထားပါက ပဲကြီးတွန့် တွန့်လာသည်။ လက်ကို မီးလောင်ပါက ဖူးဖူးရောင် ထလာသည်။ ဤသဘာဝကို လူသာမန်တို့ သိနိုင်မြင်နိုင်ကြသော်လည်း အအေး - အပူ ကြောင့် ရုပ်များဖြစ်ပေါ်လာမှုကို ဉာဏ်ဖြင့် မသိမမြင်ကြပါချေ။

လူသား၏ခန္ဓာကိုယ်သဘာဝကို အပူ - အအေးကြောင့်ဖြစ်ရသော ဥတုဇရုပ်ဟူ၍ ခေါ်ပါသည်။ ဥတုဇရုပ်သည် လူသေ - လူရှင် (၂)မျိုးလုံးမှာ ရှိနေပါသည်။

လူသေကောင်သည် အအေးရုပ် - အပူရုပ်ခေါ်သော ဥတုဇရုပ် သက်သက်သာဖြစ်ပါသည်။ ယင်းလူသေဥတုဇရုပ်သည်ပြင်ပအအေးအပူဥတုက တိုက်ခိုက်လာသောအခါ နေပူလျှင် အလောင်းကောင် မြန်မြန်ပုပ်သည်။ ရေခဲတိုက်ထဲထည့်ထားက အပူလောက် မြန်မြန် မပုပ်ပါချေ။

ယနေ့ လူတို့စားသောက်နေကြသော ကြက်သား၊ ဝက်သား၊ ငါး စသည်တို့သည်လည်း ဥတုဇရုပ်အလောင်းကောင်းများသာ ဖြစ်သည်။ လူတို့သည် ထိုအလောင်းကောင်များကို ရေခဲသေတ္တာထဲထည့်ပြီး ဂုဏ်ယူကာ စားနေကြခြင်းသာ ဖြစ်ပါသည်။

ထိုဥတုဇရုပ်သည် အအေး - အပူဟူသော ရာသီဥတုကြောင့်ဖြစ်သော သဘာဝရုပ်ဖြစ်၍ ပင်ကိုယ်အားဖြင့် မည်သည့်အလေးချိန်မျှမရှိချေ။ ထိုရုပ်သည်လည်း ဖြစ်လိုက်၊ ပျက်လိုက်၊ နိယာမ ဓမ္မတာအတိုင်းသာ သွားနေသည်။ တစ်ခုမှ တည်မြဲသည်ဟူ၍ မရှိပါချေ။

www.dhammaransi.com



တဖျတ်ဖျတ်ဖြစ်ပျက်နေသောအရှိန်အဟုန်ကြီးမှာမြန်လွန်းမကမြန်သည်အတွက် ကြောင့် ဝဏ္ဏဟုခေါ်သော အဆင်းဓာတ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

မြန်လွန်းသော အရှိန်အဟုန်သဘောသည် မမြင်ရသောအရာကို မြင်လာရစေသည်။ မြင်ရသောအရာကို မမြင်ရအောင် ကွယ်ပျောက်သွားစေသော အံ့ဩဖွယ်အရာကို ဖြစ်စေပါသည်။

ညအခါ မီးစတစ်စကိုယူပြီး အလွန်လျင်မြန်အောင် ဝှေ့ယမ်းလိုက်ပါက မီးကွင်းကို မြင်ရသည်။ စင်စစ် ယခင်က မီးကွင်းမရှိပါချေ။ မြန်လွန်းသော အရှိန်အဟုန်ကြောင့်သာ မီးကွင်းဝိုင်းကြီး ဖြစ်ပေါ်မြင်ရခြင်းဖြစ်သည်။

တစ်ဖန် ပန်ကာ၌တပ်ထားသော ဒလက်ကိုကြည့်လျှင် ရပ်ထားပါက ပန်ကာဒလက်ကို အထင်အရှားမြင်နေရသည်။ လျှပ်စစ်မော်တာက ဆွဲလှည့်လိုက်သောအခါ အရှိန်အဟုန် လျင်မြန်ပြီး ပန်ကာဒလက်ကို မမြင်ရတော့ချေ။

ထိုကြောင့် လူသား၏ဥတုဇရုပ်သည် မူလရုပ်က အအေး - အပူ သဘာဝမျှသာဖြစ်သည်။ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ် - တည် - ပျက်)စနစ်ဖြင့် တစ်ခုချုပ်ပျက် တစ်ခုဆက်သာသွားနေသည်။ သဘာဝတစ်ခုစီသာ ဖြစ်ပါသည်။

သို့သော် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖြစ် - ပျက် - ဖြစ်ပျက် ဆက်လာသောအခါ ထိုသဘာဝသည်ပင် မြင်သာသောဝဏ္ဏဓာတ် (အသီဓာတ်)ဖြစ်ပေါ်လာဖလေသည်။ ထို့ကြောင့် လူသားတို့သည် တစ်ဦးနှင့်တစ်ဦး ဥတုဇရုပ်ဝဏ္ဏဓာတ်ကို မြင်နိုင်နေကြရခြင်း ဖြစ်ပါသည်။

လောကသဘာဝတွင် အလေးချိန်မရှိသလို အခြေခံဥတုဇရုပ်များ အလေးချိန်မရှိပါ။ ထိုသို့မရှိဘဲလျက် အဘယ်ကြောင့် လေးနေပါသနည်း။

ဥတုဇရုပ်ဖြစ်သော လူသား၏ခန္ဓာကိုယ်ထဲ၌ လူ၏ကုသိုလ်ကံ၊ အကုသိုလ်ကံ ကြောင့် ဖြစ်ရသော ကမ္မဇရုပ်ခေါ်သော ရုပ်တစ်မျိုးက ရှိနေပါသည်။

အသက်ရှင်လျက်ရှိသော လူ၏ကိုယ်ခန္ဓာတွင် ကမ္မဇရုပ်များ တစ်ကိုယ်လုံး ပျံ့နှံ့ပြီး ဖြစ်ချုပ်နေပါသည်။

သို့သော် အဓိကအကျဆုံး ကမ္မဇရုပ်ကား ဝမ်းခေါင်းအတွင်း ဗိုက်၏အလယ်၊ ချက် ဝန်းကျင်၌ရှိသော ဝမ်းမီးပါစက တေဇောခေါ် ဝမ်းမီးဖြစ်ပါသည်။ ထိုဝမ်းမီးသည် လူသား၏ ကံကြောင့်ဖြစ်ရသော အပူဓာတ်ဖြစ်ပါသည်။ ထိုအပူဓာတ်သည် မွေးသည်မှ သေသည်အထိ တစ်သက်လုံးရှိနေရသော လူသား၏မီး ဖြစ်ပါသည်။

ထိုပါစကဝမ်းမီးကြောင့် ဥတုဇရုပ်အဖွဲ့အစည်းဖြစ်သော လူသား၏ကိုယ်ခန္ဓာတစ်ခု လုံး ပူနွေးနေသည်။ လူ၏ကိုယ်ငွေ့သည် အလွန်ပူပါသည်။ လူတစ်ယောက်ထိုင်သွားသော

www.dhammaransi.com



နေရာ၌ ထိုသူထသွားပါက ပူပြီးကျန်ရစ်သည်ကို တွေ့ရပါမည်။ မှန်ပိတ်ထားသော ကားထဲ၌ လူများအပြည့် အသိပ်စီးမိပါက လူ၏အပူငွေ့ကြောင့် ပူလောင်အိုက်စပ်လာပါသည်။

ဤသည်မှာ လူတွင် အပူငွေ့ကြီးကြောင်းနှင့် အပူငွေ့များထွက်နေကြောင်း သိသာနိုင်ပါသည်။

လူသား၏ဥတုဇရုပ်ခန္ဓာကြီးသည် ထိုဝမ်းမီးကမ္မဇတေဇော အပူဓာတ်ကြောင့် မပုပ်မသိုးရုံမျှမက ပေါ့ပါးနေပြီး သွားလာလှုပ်ရှားနေနိုင်ပါသည်။ ထိုမီးမရှိ၍ လူသေဖြစ်သွားသော အခါ လူခန္ဓာဥတုဇရုပ်သည် လေးလံသွားပါသည်။

ဥတုဇရုပ်ဖြစ်သော လူသား၏ခန္ဓာထဲတွင် ဝမ်းမီးပါစကတေဇောဟုခေါ်သော ကမ္မဇ ရုပ်အပြင် နောက်ကမ္မဇရုပ်(၅)မျိုးလည်း ရှိပါသေးသည်။

ယင်းတို့မှာ -

- မျက်စိအပေါက်ထဲမှာ မျက်နက်ဝန်းအကြည်ရုပ်
- နားအပေါက်ထဲမှာ လက်စွပ်ကွင်းသဏ္ဌာန်ရှိ နားအကြည်ရုပ်
- နှာခေါင်းအပေါက်ထဲမှာ ဆိတ်ခွာသဏ္ဌာန်ရှိ နှာခေါင်းအကြည်ရုပ်
- လျှာအပေါက်ထဲမှာ လျှာထိပ်အလည်ရှိ ကြာဆူးပမာရှိ လျှာအကြည်ရုပ်
- ကိုယ်ထဲမှာ တစ်ကိုယ်လုံးပျံ့နှံ့နေသော ကိုယ်အကြည်ရုပ်

လူသား၏ခန္ဓာကိုယ်ထဲ၌ ဤမည်သော ရုပ်(၅)မျိုးရှိနေပါသည်။

ကံကြောင့်ဖြစ်သော တေဇောဓာတ်နှင့် အကြည်ရုပ်တို့သည်လည်း သဘာဝတရားများဖြစ်၍ အလေးချိန်မရှိပါ။

ဥတုဇရုပ်ဖြစ်သောခန္ဓာကိုယ်ထဲ၌ ဝမ်းမီးရှိလာသော် ထိုမီးလောင်ရန် လောင်စာလိုလား၍ အစာအာဟာရ ထည့်ပေးရသည်။ လူသား၏ပါးစပ် (ခံတွင်း) ဖြင့် စားဝါးမျိုချလိုက်သော အစားအစာကို ပါးစပ်ရှိ တေဇောဝမ်းမီးက ဆီးပြီး ချက်ပေးလိုက်သည်။ အဖတ်များ ညက်ညက်ကြေသွားစေသည်။ အစာသစ်များ အစာဟောင်းဖြစ်သွားစေသည်။

ဝမ်းထဲမျိုချလိုက်သောအစားအစာကို (၅)ပုံ ပုံလျှင် -

- တစ်ပုံစာသည် ဝမ်းမီးလောင်၍ ကုန်သွားသည်၊
- တစ်ပုံစာသည် ဝမ်းထဲမှာရှိသော ပိုးမွှားစား၍ ကုန်သည်၊
- တစ်ပုံမှာ အစာဟောင်းခေါ် ကျင်ကြီး(မစင်)ဖြစ်သွားသည်၊
- တစ်ပုံမှာ ကျင်ငယ်(ဆီး)ဖြစ်သွားသည်၊
- တစ်ပုံမှာ လူ၏ခန္ဓာအတွင်း ဩဇာအစေး(သွေးသား)ဖြစ်သွားသည်။

လူသား၏ဝမ်းဗိုက်ထဲ၌ ဝမ်းမီးက အမြဲတောက်နေသည်။ ထို့ကြောင့် ထိုမီးအတွက် အစားအစာနှင့်ရေကို မပြတ်ထည့်ပေး နေရသည်။

www.dhammaransi.com



ဝမ်းမီးလောင်စရာ အစာသစ်မရှိပါက ဝမ်းမီးက လူ၏ဝမ်းရေကို လောင်သည်။ ထိုအခါ ဝမ်းပူလာသည်။ ထိုပူသည်ကို မြန်မာဝေါဟာရက ဆာသည်ဟု ဆိုပါသည်။

လူသည် ပါးစပ်ကနေ အစားအစာကိုစားသောအခါ ခံတွင်းထဲသို့ထည့်၍ မျိုချလိုက်သည်နှင့် တစ်ပြိုက်နက်တည်း ထိုစားမျိုသော အစားအစာက လူသား၏ကိုယ်မှာ ရုပ်တစ်မျိုးကို တိုးတက်ဖြစ်စေသည်။

အစားအစာကြောင့်ဖြစ်သော ရုပ်ဖြစ်၍ ထိုရုပ်ကို အဘိဓမ္မာဝေါဟာရအရ အာဟာရကြောင့်ဖြစ်သဖြင့် အာဟာရဇရုပ်ဟူ၍ ခေါ်ပါသည်။

ဤကမ္မဇရုပ်နှင့် အာဟာရဇရုပ်များသည် လူရှင်မှာသာရှိသည်။ လူသေမှာ မရှိပါချေ။

ဗုဒ္ဓက လူသား၏ကိုယ်ခန္ဓာကို ကမ္မဋ္ဌာန်းရှုထောင့်မှကြည့်ပြီး ဆံပင်အစု၊ မွေးညင်းအစု၊ ခြေသည်းလက်သည်းအစု စသည်ဖြင့် (၃၂) ကောဋ္ဌာသအစု ဟူ၍ ခွဲပြခဲ့ပါသည်။

ထို(၃၂)ကောဋ္ဌာသထဲ၌ ဟဒယ(နှလုံး)ဆိုသောအစုတစ်စု ပါရှိပါသည်။ လူသား၏ရင်ခေါင်းထဲ၌ နှလုံးဟုခေါ်သော ရုပ်အစိုင်အခဲတစ်ခုရှိပြီး ထိုနှလုံးဘူးထဲ၌ အလွန်ကြည်လင်သော သွေးရှိနေပါသည်။ ထိုသွေး၌ လူ၏ စိတ်၊ စေတသိက်များ မှီ၍ ဖြစ်ပျက်နေပါသည်။

ဗုဒ္ဓက ပဋ္ဌာန်းပါဠိတော်၌ -

"အကြင်ရုပ်ကိုအမှီပြု၍မနောဓာတ် (သာမန်အသိစိတ်) မနောဝိညာဏဓာတ် (မြင်သိစိတ်)တို့ ဖြစ်ကုန်၏။ ထိုရုပ်သည် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့ကို အမှီပြုရာအဖြစ်ဖြင့် ကျေးဇူးပြုသည် (ဝါ) အထောက်အပံ့ပေးသည်" ဟူ၍ ဟောထားပါသည်။

မနောဓာတ်၊ မနောဝိညာဏဓာတ်ဆိုသည်မှာ စိတ်၏အမည်သာ ဖြစ်ပါသည်။ ထိုထဲတွင်ဖော်ပြသော အကြည်ရုပ်။ ထိုရုပ်ဆိုသည်မှာ အခြားမဟုတ်ပါ။ နှလုံးသားထဲတွင်ရှိသော သွေးအကြည်ကလေးများ ပျံ့နှံ့၍နေသော ဟဒယဝတ္ထုဟုခေါ်သော (နှလုံးကောဋ္ဌာသ) ရုပ်ဖြစ်ပါသည်။

ဟဒယဝတ္ထုဟုဆိုသော ပါဠိတော်စကား၏ အဓိပ္ပာယ်မှာ ဟဒယ = စိတ်၊ ဝတ္ထု = တည်ရာမှီရာ၊ ဟဒယဝတ္ထု = စိတ်၏တည်ရာမှီရာဟု ဆိုလိုပါသည်။ ယင်းကို မြန်မာတို့က စိတ်နှလုံးဟူ၍ ခေါ်ဆိုကြပါသည်။ စိတ်ကောင်းရှိသည်ကို နှလုံးကောင်းသည်ဟု တင်စား၍ဆိုကြပါသည်။

ထိုနှလုံးသွေးကြည်ကို မှီ၍ဖြစ်သောစိတ်သည် (၂)မျိုးရှိပါသည်။

၁။ ဘဝင်စိတ်(အိပ်ပျော်နေသောစိတ်)

၂။ ဝီထိစိတ် (နိုးကြားနေသောစိတ်)

ဟဒယဝတ္ထုရုပ်ကိုမှီပြီး ဖြစ်ပေါ်လာသောစိတ်တို့က လူသား၏ခန္ဓာကိုယ်မှာ စိတ်ကြောင့်ဖြစ်သောရုပ် (စိတ္တဇရုပ်)များကို ဖြစ်စေပါသည်။ ပထဝီရုပ်၊ အာပေါရုပ်၊ တေဇောရုပ်၊

www.dhammaransi.com



ဝါယောရုပ်များအပါအဝင် ကျန်ရုပ်များစွာကို ဖြစ်စေပါသည်။ တစ်နည်းဆိုပါက လူ၏မျက်နှာမှာလည်း စိတ်ကြောင့် ရုပ်တွေဖြစ်နေရသည်။ ခြေလက်အင်္ဂါများ စိတ်ကြောင့် လှုပ်ရှားနေရပါသည်။

အသက်ရှင်လျက်ရှိလာသူများ ဘဝင်စိတ်နှင့် ဝီထိစိတ်(၂)မျိုးတွင် ဘဝင်စိတ်သည် လူခန္ဓာကိုယ်ကြီး ထောင်မတ်နေအောင် သွား၊ လာ၊ ရပ်၊ ထိုင်၊ လျောင်း စသော ကြိယာပုထ်များကို မဖြစ်စေနိုင်ပါ။ ဘဝင်စိတ်သည် လူသားကို တစ်ခါတည်း သေမသွားအောင် အသက်ဆက်ပေးရုံမျှ တတ်နိုင်သော စိတ်ဖြစ်ပါသည်။ ဘဝင်စိတ်က အသက်ဆက်ထားသည့်အတွက် ဘဝင်ကျနေရာမှ (ဝါ) အိပ်ပျော်နေရာမှ နိုးကြားလာနိုင်ခြင်းဖြစ်ပါသည်။

ဝီထိစိတ်(နိုးစိတ်)ကမူ လူကို သွား၊ လာ၊ ရပ်၊ ထိုင်၊ လျောင်း ဆိုသော လူမှုကိရိယာအမူအရာများကို ဖြစ်အောင် ပြုလုပ်နိုင်ပါသည်။

ဤစိတ်(၂)ခု ဥပမာကြည့်ပါက ကားပေါ်၌ အတူစီးလာသော လူနှစ်ယောက်တွင် တစ်ယောက်သည် အိပ်ချင်စိတ်ဖြစ်လာ၍ ငိုက်လာသော အသိစိတ်မရှိတော့ဘဲ သူတစ်ပါးပေါ် ခေါင်းမှီပြီး အိပ်ချလိုက်သည်။ ကုလားထိုင်ပေါ်၌ စာဖတ်နေသူသည် စာဖတ်ရင်း အိပ်လိုစိတ်ဝင်လာသော အသိစိတ်မရှိတော့၍ လက်ထဲကစာအုပ် လွတ်ကျသွားတတ်သည်။

ဤသည်မှာ နိုးကြားစိတ် (ဝီထိစိတ်) ပြတ်သွားပြီး ဘဝင်စိတ်ဖြစ်သွား၍ဖြစ်ပါသည်။ မိမိခန္ဓာကိုယ် လှုပ်ရှားသွားလာနိုင်ခြင်းသည် မိမိ၏နှလုံးသွေး ဟဒယဝတ္ထုမှာ မှီ၍ဖြစ်နေသော ဝီထိစိတ် (နိုးကြားစိတ်) ကြောင့်ဖြစ်သည်ကို သိရပါမည်။

လူသေတွင် ထိုစိတ်မရှိတော့၍ သူ၏ခန္ဓာကြီး မလှုပ်ရှားနိုင်တော့ပါ။ သူတစ်ပါးထားသလို နေရတော့သည်။

သို့အတွက် လူသား၏ခန္ဓာကိုယ်၌ ဥတုကြောင့်ဖြစ်သော ဥတုဇ ရုပ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ်၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် ဟူသော ရုပ်လေးမျိုး၊ ဓာတ်သဘာဝကြီးသာရှိပြီး ထိုဓာတ်သဘာဝကြီးသည် ဖြစ်ပျက်အလျင်ဖြင့် မပြတ်ဖြစ်နေရပါသည်။

ဤဓာတ်ရုပ်ကြီး၏ဖြစ်ပျက်စီးဆင်းနေမှုကို သိပ္ပံပညာရှင်များက မမြင်သေးပါ။ ဗုဒ္ဓကမြင်ပြီး၍ ဤကဲ့သို့ ထုတ်ဖော်ဟောကြားပြသထားခဲ့ပါသည်။

## လူ၏အလိုဆန္ဒကို သူတစ်ပါးအား သိစေမှုသဘာဝများ

လောကလူသား၏ကိုယ်ခန္ဓာ၌ ပူမှု၊ အေးမှု ဥတုကြောင့်ဖြစ်သော ရုပ်၊ စားသောက်သော အစာအာဟာရကြောင့်ဖြစ်သောရုပ်၊ ကံကြောင့်ဖြစ်သောရုပ်၊ စိတ်ကြောင့်ဖြစ်သောရုပ် ဟူ၍ (၄)မျိုးမပြတ် ဖြစ်ပျက်နေသည်ကို ရေးသားတင်ပြခဲ့ပြီးပါပြီ။

www.dhammaransi.com



ရုပ်ကိုဖြစ်စေသော ကံ၊ စိတ်၊ ဥတု၊ အာဟာရ (၄) မျိုးအနက် စိတ်သည် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်အားဖြင့် အခြေခံ (၂) မျိုးရှိသည်။ အကုသိုလ်စိတ်များသည် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ကုသိုလ်စိတ်များကား အလောဘ၊ အဒေါသ၊ အမောဟစိတ်များ ဖြစ်သည်။

ထိုသို့မရသော စိတ်တို့ကြောင့် မတူသောရုပ်များ မိမိ၏ခန္ဓာမှာ ဖြစ်နေကြရသည်။

စိတ်တွင် စေတသိက်ဟုခေါ်သော သဘောတရားများသည် စိတ်ဖြစ်တိုင်း အမြဲ မပြတ် ထပ်ကြပ်မကွာ ဖြစ်အတူ - ပျက်အတူ ပါလေသည်။

ထိုသို့သော စေတသိက်တို့တွင် ဆန္ဒဟူသောစေတသိက်သည် အကုသိုလ်ဖြစ်တိုင်း၊ ကုသိုလ်ဖြစ်တိုင်း အမြဲပါဝင်နေပါသည်။

ဥပမာ - လောဘစိတ်ဖြစ်သောအခါ လောဘစေတသိက်နှင့်ဆန္ဒ စေတသိက်အတူ တကွ ဖြစ်သည်။ ကျန်ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟစိတ်တို့သည် အလား တူဆန္ဒ စေတသိက်အတူတကွ ပါဝင်မြဲ ဖြစ်ပါသည်။

လူ၏ခန္ဓာကိုယ်တွင် မျက်နှာသည် အတွင်းစိတ်သဘောကို သိသာပေါ်လွင်စေ သည်။ ဘေးကကြည့်မြင်သော သူတို့သည် သူ၏မျက်နှာကိုကြည့်ပြီး သူ၏အတွင်းစိတ်ကို သိခွင့်ရကြသည်။ ဘေးကကြည့်သူ မြင်သူ သိနိုင်သည်မှာ သူ၏မျက်နှာပေါ်၌ မိမိ၏ဆန္ဒကို သူ တစ်ပါးသိစေနိုင်သော ရုပ်တစ်မျိုးဖြစ်သောကြောင့် ဖြစ်ပါသည်။

စိတ်ကြောင့် ရုပ်တွေဖြစ်ရာတွင် ပထဝီရုပ်တွေ အာပေါရုပ်တွေ စသည်ဖြစ်ရုံမျှဖြင့် အတွင်းစိတ်သဘောကို မသိနိုင်သေးပါ။ သူတစ်ပါးသိစေနိုင်သော ရုပ်တစ်မျိုးဖြစ်လာပါမှ သူ ၏အလိုဆန္ဒကို သိစေနိုင်ပါသည်။ ထိုရုပ်ကို ဗုဒ္ဓ၏အဘိဓမ္မာက ဝိညတ္တိရုပ် = မိမိ၏အလိုဆန္ဒ ကို သူတစ်ပါးအား သိစေသည့်ရုပ်ဟူ၍ ခေါ်ဝေါ်ထားပါသည်။

ထိုဝိညတ်ရုပ်ကို စိတ်တိုင်းမဖြစ်စေနိုင်ပါ။ ဥပမာ - ဘဝင်စိတ်တို့သည် ဝိညတ်ရုပ် ကို မဖြစ်စေနိုင်ပါ။ သို့အတွက် အိပ်နေသူမျက်နှာပေါ်၌ ဝိညတ်ရုပ်မရှိပါ။

ထိုနည်းတူ စက္ခုဝိညာဏ်စသော အဟိတ်စိတ်တို့၌လည်း ဝိညတ်ရုပ် မဖြစ်စေနိုင် ပါ။

မိမိ၏အလိုဆန္ဒကို သူတစ်ပါးအား သိစေသောဝိညတ်ရုပ်ကို လောဘဇောစိတ်၊ ဒေါသဇောစိတ်၊ မောဟဇောစိတ်၊ အလောဘဇောစိတ်၊ အဒေါသဇောစိတ်၊ အမောဟဇောစိတ် တို့ကသာ ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့်ပင် ထိုဇောစိတ်တို့ဖြစ်သောအခါမျက်နှာမှာဝိညတ်ရုပ်ဖြစ်သည့်အတွက်

www.dhammaransi.com



လိုချင်မှုန်း၊ စိတ်ဆိုးမှုန်း၊ တွေဝေမှုန်း၊ အေးမြကြည်လင် စိတ်ကောင်းဝင်နေမှုန်း သိရခြင်း ဖြစ်ပါသည်။

မျက်နှာသည် ကိုယ်ကာယအစိတ်အပိုင်းဖြစ်သည့်အတွက် မျက်နှာမှာပေါ်နေသော ဝိညတ်ရုပ်ကို ကာယဝိညတ်ရုပ်ဟု ခေါ်ပါသည်။

မျက်နှာတွင် မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ နှုတ်ခမ်း တို့ဖြင့်လည်း အလိုဆန္ဒကို သိစေပါသည်။ မျက်စိမှိတ်ပြခြင်း၊ မျက်စိထောင့်ကပ်ကြည့်ခြင်း၊ မျက်လုံးပြူးပြခြင်း၊ မျက်ထောင့်နီကြည့်ခြင်း၊ မျက်စပစ်ပြခြင်း၊ မျက်မှောင်ကုတ်ပြခြင်း၊ နှာခေါင်းရှုံ့ပြခြင်း၊ နှုတ်ခမ်းစူပြခြင်း၊ နှုတ်ခမ်းကိုက်ပြခြင်း၊ အံ့ကြိတ်ပြခြင်း၊ ခေါင်းညိတ်ခြင်း၊ ခေါင်းခါခြင်း၊ လက်ယပ်ခေါ် ခြင်း၊ လက်ခါပြခြင်း၊ လက်သီးဆုပ်ပြခြင်း၊ လက်သည်းချင်းခြစ်ပြခြင်း၊ လက်ညှိုးထောင်ခြင်း၊ ခြေဆောင့်ပြခြင်း၊ လက်ကို ဗိုပုံထောင်ပြခြင်း စသည်တို့သည် အတွင်းစိတ်၏ဆန္ဒကို ကာယဝိညတ်ဖြင့် သိစေခြင်းဖြစ်ပါသည်။

အသံပိုင်းကို ကြည့်ပါက လူတွင် အသံ (၂) မျိုးထွက်၏။

- အပူအအေးဥတုကြောင့်ဖြစ်သောအသံ (ဥပမာ - ဝမ်းထဲကလေများ တရှိုက်ရှိုက်မြည်သောအသံ၊ အမှတ်တမဲ့လေလည်သံ၊ ကျွတ်ထိုးသံ စသည်များဖြစ်သည်)
- စိတ်ကြောင့်ဖြစ်သော လူ၏နှုတ်ကထွက်သော စိတ္တဇသံ ယင်းစိတ္တဇနှုတ်ထွက်သံ (၂) မျိုးရှိနေပါသည်။

## ရိုးရိုးထွက်သောအသံ

ဥပမာ - စာအံသံ သူ၏စာအံသံအတွင်းသဘောကို အခြားသူသိစေလိုသော ဆန္ဒသဘောထားမရှိ၊ သူ့ဘာသာသူ စာအံနေခြင်းမျှသာ ဖြစ်သည်။

## မိမိအလိုဆန္ဒကို သူတစ်ပါးအားသိစေသောအသံ

ဥပမာ - ဆရာမက ကလေးကို လက်မြှောက်ဟုပြောလိုက်ခြင်းသည် လက်မြှောက်စေလိုသော ဆရာမ၏ဆန္ဒကို ကြားရသူကလေးက သိသည်။

ထိုနည်းတူ သွားဆိုသောအသံ၊ လာဆိုသောအသံများသည် သွားစေလိုခြင်း၊ လာစေလိုခြင်းကို ကြားသူက သိသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



စာအံသံကဲ့သို့ ရှီးရှီးထွက်သောအသံကို ကြားရာ၌ အသုံးပြုသူ၏စိတ်ဆန္ဒကို မသိရ။ လာ သွား စသည် ပြောဆိုသောအသံကို ကြားရာ၌ ပြောသူ၏စိတ်ဆန္ဒကို သိရသည်။ ဤသည်မှာ ရှီးရှီးထွက်သောအသံမှာ ဝိညတ်မပါ၊ စကားပြောသံ၌ ဝိညတ်ရုပ်ပါလာသည်။

ထိုကြောင့် စကားပြောသံကိုကြားရာ၌ စကားပြောသူ (ဝါ) အသံပြုသူ၏ အလိုဆန္ဒကို သိရခြင်းဖြစ်ပါသည်။

စကားသံကို နှုတ်ကမြွက်ဆိုရသည် ဖြစ်သောကြောင့် နှုတ်သံ (ဝါ) စကားသံဖြင့် သိစေရန် ဖော်ဆောင်သောရုပ်ကို ဝစီဝိညတ်ရုပ် ဟု ခေါ်ပါသည်။

ဤတွင် စိတ်တို့က ဝစီဝိညတ်ရုပ်ကို မဖြစ်စေနိုင်ပါ။ လောဘဇောစိတ်၊ ဒေါသဇောစိတ်၊ မောဟဇောစိတ် စသည်တို့ကသာ ဝစီဝိညတ်ရုပ်ကို ဖြစ်စေနိုင်ပါသည်။ ထိုကြောင့် အသံအမျိုးမျိုးကြားရပြီး ဤအသံက လောဘသံ၊ ဤအသံက ဒေါသသံ၊ ဤအသံက မေတ္တာသံ၊ ဤအသံက ကရုဏာသံ၊ ဤအသံကား ဝမ်းမြောက်သံ စသည်ဖြင့် ခွဲခြားသိနိုင်ခြင်း ဖြစ်ပါသည်။

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟတို့သည် လူ၏နှလုံးအိမ်အတွင်းရှိ ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ဖြစ်၏။

နှလုံးနှင့် မျက်စိ၊ နား၊ နှာခေါင်း စသော ပသာဒရုပ်တို့သည် မဟာဘုတ်ရုပ်ချင်းတစ်ဆက်တည်းဖြစ်၏။ ဦးခေါင်းခွံထဲမှာရှိသော ဦးနှောက်နှင့်လည်း မဟာဘုတ်ရုပ်ချင်း ဆက်နေ၏။

ရုပ်ပိုင်းပစ္စည်းများကောင်းမှ အာရုံအလိုက် စိတ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ စိတ်ဖြစ်ပေါ်လာမှ စိတ်ကြောင့် ဝိညတ်ရုပ်ဖြစ်လာပြီး မိမိ၏အလိုဆန္ဒကို သူတစ်ပါးအား သိစေနိုင်ပါ၏။ အကယ်၍ လည်ပင်း၌ရှိနေသော အကြောကလေးတစ်မျှင်ပိတ်နေ - ပြတ်နေပါက အသိစိတ် မဖြစ်နိုင်တော့ပါ။

ဤသို့လျှင် ရုပ်မကောင်းသောအခြေအနေမှတစ်ပါး ပကတိရုပ်ပိုင်းကောဋ္ဌာသများကောင်းနေပါက အထက်တွင်ဆိုခဲ့သော လောဘ စသော ဇောစိတ်ကြောင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ ဝိညတ်ရုပ်များ ဖြစ်ပေါ်ပြီး လူသားသည် မိမိသိစေချင်သောဆန္ဒကို သူတစ်ပါးအားသိစေကာ နေ့စဉ်အချင်းချင်း ဆက်သွယ်နေထိုင်သွားနိုင်ခြင်းဖြစ်ပါသည်။

ဤစိတ်သဘာဝနှင့် ရုပ်သဘာဝဆက်သွယ်မှုဖြင့် ဤကဲ့သို့သော သိစေမှုများဖြစ်ပေါ်နေမှုကို သိပ္ပံပညာရှင်များက မစမ်းသပ်မတွေ့ရှိသေးပါ။ ဗုဒ္ဓက ဤသဘာဝကို ထုတ်ဖော်ဟောကြားခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## နိုးစိတ်နှင့် ကုသိုလ် -အကုသိုလ် ဖြစ်မှုသဘာဝ

လူတစ်ယောက် သွားလာလှုပ်ရှားမှု ပြုနိုင်ခြင်းသည် နိုးစိတ် (ဝီထိစိတ်) ကြောင့်ဖြစ်သည်။

လူသာမန်(ပုထုဇဉ်)၌ လောဘစိတ် ၈-ပါး၊ ဒေါသစိတ် ၂-ပါး၊ မောဟစိတ် ၂-ပါး ဟူသော အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် (၁၈)ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါတ်စိတ် ၈-ပါး အားဖြင့် စိတ် ၄၅-ပါး ရ.နေပါသည်။

ထိုတွင် ၄၅-မျိုးတွင် လောဘ၊ ဒေါသ၊ မောဟ ဆိုသော အကုသိုလ်စိတ် ၁၂-မျိုးနှင့် မဟာကုသိုလ်စိတ်သည် အဓိကကျ၍ အရေးပါလှပါသည်။ ထိုစိတ်များ ဇောအသွင်ဖြစ်လာသောအခါ လူ၏လျှောက်ခြင်း၊ ထိုင်ခြင်း၊ မတ်တတ်ရပ်ခြင်း၊ သွားလာခြင်းဟူသော ဣရိယာပုထ် ၄-ပါးကို ဖြစ်စေသည်။

ထိုဣရိယာပုထ်ဖြစ်သောအခါ လူသည် လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်အမှုကိုလည်းကောင်း၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်အမှုကိုလည်းကောင်း ပြုလုပ်ကြတော့သည်။

အသက်ရှိသော လူ၏ခန္ဓာကိုယ်တွင် စိတ်ကြောင့် ရုပ်တွေ (စိတ္တဇ ရုပ်)တွေ ဖြစ်နေရသည်။ မျက်နှာမှာလည်း စိတ်ကြောင့်ဖြစ်သောရုပ်တွေ၊ ခြေလက်မှာလည်း စိတ်ကြောင့်ဖြစ်သော ရုပ်တွေ၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ကျော စသည့်ခန္ဓာ အလယ်ပိုင်းမှာလည်း စိတ်ကြောင့်ဖြစ်သောရုပ်များ မပြတ် ဖြစ်-ချုပ်နေလျက်ရှိနေပါသည်။

ဤသို့ဖြစ်ရာတွင် အကုသိုလ်စိတ်ကြောင့်လည်း ရုပ်တွေဖြစ်နေရသည်။ ကုသိုလ်စိတ်ကြောင့်လည်း ရုပ်တွေဖြစ်နေရသည်။

အကုသိုလ်စိတ်ဆိုသည်မှာ ညစ်ညူးသောစိတ်၊ ကုသိုလ်စိတ်ဆိုသည်မှာ ဖြူစင်သန့်ရှင်းသော စိတ်ဖြစ်သည်။ ထို့ကြောင့် အကုသိုလ်စိတ်ကြောင့်ဖြစ်သော ရုပ်တို့သည် ညစ်နွမ်းကြသည်။ ကုသိုလ်စိတ်ကြောင့်ဖြစ်သော ရုပ်တို့သည် သန့်ရှင်းကြပါသည်။

လောဘဖြစ်နေသူ၏ မျက်နှာကိုကြည့်က ရမ္မက်မျက်နှာ၊ တဏှာမျက်နှာထားကို အတိုင်းသားမြင်နိုင်သည်။ ပစ္စည်းလောဘ၊ ကာမလောဘကြီးနေခိုက် အလွန်သိသာပါသည်။ လောဘမျက်နှာ မခက်ထန်ဘဲ ချိုသလိုလိုရှိသော်လည်း လောဘသည် အကုသိုလ်စိတ်ဖြစ်သည့်အတွက် မျက်နှာထားမှာ ညစ်ပါသည်။

လူတစ်ယောက် လောဘစိတ် ဖြစ်သောအခါ အထူးသဖြင့် တဏှာစိတ်ဖြစ်သောအခါ သူ၏မျက်နှာကိုကြည့်ပြီး သူ၏အလိုရမ္မက်ကိုသိရသည်။ ယောကျ်ားပျိုတစ်ဦးသည် သူချစ်သော မိန်းမပျိုတစ်ဦးကို တွေ့မြင်သောအခါ တပ်မက်သော သူ၏အတွင်းစိတ် တဏှာ

www.dhammaransi.com



သဘောသည် သူ၏မျက်နှာတွင် ပေါ်နေပါသည်။ သူ၏ရမ္မက်မျက်နှာထားကို သိသာထင်ရှားစွာ မြင်နိုင်ပါသည်။

ထိုတဏှာမျက်နှာထားတွင် လိုချင်သော ဆန္ဒသဘောထားကိုပါ သိနိုင်ပါသည်။ အတွင်းစိတ်ပါသော တဏှာဆန္ဒ(ကာမဆန္ဒ)ကြောင့် လူတို့တွင် မျက်နှာအမျိုးမျိုး ဖြစ်လာရသည်။ ကြည့်ပုံ၊ ရှုပုံ ကွဲပြားလာရသည်။ ကြာကြည့်ကြည့်သော အကြည့်မျိုး၊ သမင်လည်ပြန်၊ စံပယ်ကြည့်ကြည့်သော အကြည့်မျိုး၊ ရွှန်းရွှန်းစားစားကြည့်သော အကြည့်မျိုးများဖြင့် ကြည့်လာသည်။

ဤသို့သော အကြည့်မျိုးသည် မောင်က မယ်ကို၊ မယ်က မောင်ကို ချစ်သည်၊ လိုချင်သည် စသောဆန္ဒသဘောကို သိစေပါသည်။

ဒေါသဖြစ်သူ၏ မျက်နှာကိုကြည့်ပါက ခက်ထန်သောရုပ်၊ ကြမ်းကြုတ်သောရုပ်၊ ညစ်ညှိုးသောရုပ် ဖြစ်ပေါ်နေ၍ မျက်နှာမှာ ကြည့်မကောင်း ရှုမလှ ဖြစ်နေပါသည်။

စိတ်ဆိုးသောသူ၏ အတွင်းခံဒေါသ ဆန္ဒသဘောသည် မျက်နှာပေါ်တွင် ပေါ်နေပါသည်။ မုန်းသည်၊ မကြိုက်ဘူး၊ မကျေနပ်ဘူး စသော သူ၏စိတ်သဘောထားကို စိတ်ဆိုးသူ၏မျက်နှာက ပြနေပါသည်။ မင်းကို မလိုဘူး၊ ငါ့နားမလာနှင့်ဟု စသည့် သူ၏အလိုဆန္ဒကိုပါ သူ့မျက်နှာက ပြနေပါသည်။

တွေဝေမောဟဖြစ်နေသူ၏ မျက်နှာထားများ၊ ထိုင်းထိုင်းမှိုင်းမှိုင်းအမူအရာ၊ ညစ်သိုးသိုးမျက်နှာအနေအထားဖြစ်နေပါသည်။ သူ၏မျက်နှာတွင်လည်းစိတ်ရှုပ်နေသည့်ပုံ၊ ပတ်ဝန်းကျင်ကို ဥပေက္ခာပြုနေသည့်ပုံ ပေါ်နေသည်။ သတိကင်းလွတ်ပြီး ဘာကိုမျှ မည်မည်ရရ မသိ ဖြစ်နေသည်။ သူ့မျက်နှာကိုကြည့်က ဤသဘောကို မြင်ရပါသည်။

ကုသိုလ်ပိုင်းက ကုသိုလ်စိတ်ဖြစ်နေသောအခါ မျက်နှာထားမှာ ကုသိုလ်စိတ်ကြောင့်ဖြစ်သောစိတ္တဇရုပ်များ လွှမ်းမိုးနေသောကြောင့် အလွန်ကြည်လင်အေးမြနေပါသည်။

အလှူအတန်းလှူနေခိုက်၊ ဘုရားကို အာရုံပြုရှိခိုးနေခိုက် ထိုသူ၏မျက်နှာကိုကြည့်လျှင် သန့်ရှင်းအေးမြနေသည်ကို တွေ့နိုင်ပါသည်။ မေတ္တာပို့နေစဉ် ထိုသူ၏မျက်နှာထားသည် အဒေါသကုသိုလ်စိတ္တဇရုပ်များ ဖြစ်နေသောကြောင့် ကျက်သရေရှိနေသည်ကို တွေ့ရပါသည်။

အလောဘစိတ်ဖြစ်နေသောအခါ အလောဘဆန္ဒသည် ပါမြဲဖြစ်သည်။ ထိုအခါ သူ၏မျက်နှာထားသည် တွယ်တာကပ်ငြိမှု၊ လိုချင်တပ်မက်မှုမပြဘဲ အေးဆေးတည်ငြိမ်မှုသဘောကို ပြနေသည်။

လောဘသည် ကိလေသာဖြစ်၍ ပူလောင်သည်၊ အလောဘသည် ကိလေသာမဟုတ်၊ ဒါနဖြစ်၍ အေးငြိမ်းသည်။ အလောဘအေးငြိမ်းမှု သဘောသည် သူ၏မျက်နှာ၌

www.dhammaransi.com



ပေါ်နေပါသည်။ သူသည် ပစ္စည်းကို မတွယ်တာ၊ တောင်းလျှင် အလှူခံလျှင် ပေးမည်၊ လှူမည့်ပုံပေါ်နေပါသည်။

အဒေါသစိတ်ဖြစ်သောအခါ အဒေါသနှင့်ဆန္ဒလည်း အတူဖြစ်လာ၏။ ထိုအခါ သူ၏မျက်နှာရိပ်တွင် ဒေါသရိပ်၊ ဒေါသခိုးတွေ ကင်းနေပါ၏။ မိုးသားမြူတိမ်ကင်းနေသော ကောင်းကင်ပြာကဲ့သို့ဖြစ်နေ၏။ သူ၏မျက်နှာကို မြင်ရသူအဖို့ အေးမြ၏။

ဒေါသသည် ကိလေသာဖြစ်၍ ပူလောင်၏။ ဒေါသမျက်နှာကို မြင်ရလျှင် မြင်ရသူပါ အပူကူး၏၊ အဒေါသသည် ကိလေသာမဟုတ်၍ အေးမြ၏။ အဒေါသမျက်နှာ စိတ်မဆိုး စိတ်ကြည်လင်အေးမြနေသူ၏မျက်နှာကို မြင်ရသောအခါ မြင်ရသူပါ စိတ်အေး၏။ ဓာတ်ကူးခြင်းဖြစ်ပါသည်။

အမောဟစိတ်ပညာနှင့် ယှဉ်သောစိတ် ဖြစ်သောအခါ ဆန္ဒသည် ပါ၏။ ပညာနှင့်ယှဉ်သော စိတ်ဖြစ်နေသူ၏မျက်နှာကို မြင်ရ၍ မိမိလည်း မတွေမဝေဖြစ်ရ၏။ စိတ်တက်ကြွရွှင်လန်း၏။ ဉာဏ်ပွင့်လာ၏။

ထို့ကြောင့် စာတော်သူနှင့်ပေါင်းက မိမိလည်း စာတော်၍ စာညံ့သူနှင့်ပေါင်းလျှင် မိမိလည်း တဖြည်းဖြည်းတုံးလာသည်။ အတွင်း ကုသိုလ်စိတ်၊ အကုသိုလ်စိတ် (စိတ္တဇရုပ်များ) မျက်နှာထားများသည် မျက်နှာပေါ်တွင် ပေါ်နေပါသည်။

ကုသိုလ်နှင့် အကုသိုလ်စိတ်ကြောင့် စိတ္တဇရုပ်များဖြစ်ပေါ်ပြီး မျက်နှာထားအမျိုးမျိုးဖြစ်ပေါ်ပုံကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက -

- သူ့အသက်ကို သတ်နေသူ လူသတ်သမားမျက်နှာထားနှင့် သတ္တဝါများကို ဘေးမဲ့ပေးနေသူ၏မျက်နှာထား၊
- ခိုးနေသူ သူခိုး၏မျက်နှာထားနှင့်အလှူပေး ရေစက်ချနေသူ၏ မျက်နှာထား၊
- မနာလိုသူ၏ မျက်နှာထားနှင့် ကြည်ဖြူသူ၏ မျက်နှာထား၊
- မာနကြီးသူ၏ မျက်နှာထားနှင့် တည်တည်ငြိမ်ငြိမ်မှန်မှန်နေသူ၏ မျက်နှာထား
- ရာဂစရိုက်များသူ၏ မျက်နှာထားနှင့် ရာဂကင်းသူ၏ မျက်နှာထား၊
- ငါးစိမ်းသည်၏ မျက်နှာထားနှင့်ဥပုသ်သည်၏ မျက်နှာထား၊
- ဝိပဿနာတရားထိုင်သူ ယောဂီမယ်၏ မျက်နှာထားနှင့် မော်ဒယ်မယ်၏ မျက်နှာထား၊
- ဖြောင့်မတ်သူ၏ သမာဓိမျက်နှာထားနှင့် ဉာဏ်များကောက်ကျစ်သူ၏ မျက်နှာထား

မျက်နှာထားအမူအရာအခြေအနေများ ကွဲပြားခြားနားနေသည်ကို တွေ့ရပါမည်။

လူလူချင်းသတ်ရာတွင် သတ်သူ၏မျက်နှာထားနှင့် အသတ်ခံရသူ၏မျက်နှာထားသည် ဒေါသအကုသိုလ်စိတ်ကြောင့်ချည်းသာ ဖြစ်ပါသည်။ သို့သော် သတ်သူ၏မျက်နှာထား

www.dhammaransi.com



မှာ ခက်ထန်၏။ သေရမည့်သူ၏ မျက်နှာထားမှာ ဆုတ်နစ်ကြောက်ရွံ့သော မျက်နှာထားဖြစ်၏။ ခက်ထန်ခြင်းသည်လည်း ဒေါသ၊ ကြောက်ရွံ့ ခြင်းသည်လည်း ဒေါသဖြစ်သည်ဟု ဗုဒ္ဓ အဘိဓမ္မာက ဖွင့်ဆိုပြထားပါသည်။

အထက်တွင် လူသည် ဇောဖြစ်လာသောအခါမှ ဣရိယာပုထ်ကို ဖြစ်စေနိုင်သည်ဟု ဆိုခဲ့သည်။

ဇောဆိုသည်မှာ စိတ်တစ်မျိုးထဲ၌ (၇) ကြိမ်ဆက်ကာဆက်ကာ ဖြစ်ခြင်းမျိုးဖြစ်သည်။ ထိုသို့သော ဇောအုပ်စုစိတ်များကလည်း မျက်တောင်တစ်ကြိမ်ခတ်အတွင်းမှာ ကုဋေတစ်သိန်း ဖြစ်ပျက်သွားပါသည်။

လူကို ငြိမ်ငြိမ်ကလေးသိပ်ထားပါက စိတ်ထဲက ထ.ချင်သည်ဟု ဖြစ်လာလျှင် လူခန္ဓာကိုယ်ကြီး လှုပ်ရှားပြီး ထ.လာ၏။ မတ်တတ်ရပ်ချင်သောစိတ် ဖြစ်လာလျှင် မတ်တတ်ရပ်၏။ သွားချင်သောစိတ် ဖြစ်လာလျှင် ခြေထောက်များက လှုပ်ရှားလှမ်းသွား၏။

ဤဖြစ်ရပ်များသည် အတိုင်းမသိ လျင်မြန်လှသဖြင့် စိတ်ဖြစ်ပြီးမှ လူကိုယ်ကြီး လှုပ်ရှားသွားတာပါကလားဟု သတိမပြုမိကြ။ ထချင်တာနှင့်ထသည်။ ထိုင်ချင်တာနှင့်ထိုင်သည်၊ သွားချင်တာနှင့် သွားသည်ဟု အသိမှားနေကြသည်။ အမှန်မှာ ထချင်တာကတစ်မျိုး၊ ထတာကတစ်မျိုး ဖြစ်သည်ကို မသိကြပါပေ။

ရုပ်ခန္ဓာကြီးသည် နာမ်၏ အသုံးခံဖြစ်သည်။ ရုပ်သည် အကန်း၊ နာမ်သည် အကျိုးဟု ဆိုပါသည်။ ရုပ်အကန်းကြီးကို နာမ်အကျိုးက ကုပ်(ရုပ်)ခွစီးပြီး သူလိုသမျှ ခိုင်းစားနေခြင်းသာဖြစ်သည်ဟု ဆိုပါသည်။

ဝီထိစိတ်ဇောအဟုန်က ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ပြုပ်ရှားစေပါသည်။

ဥပမာ - လူသည် လက်ကို မ.ချစ်စိတ် ဖြစ်ပေါ်လာ၏။ ထိုစိတ်သည် ဇောသဘောဖြင့် အရှိန်အဟုန်ပြင်းစွာ အဆက်မပြတ် ဖြစ်လေသည်။ ထိုဇောစိတ်သည် ဝါယောဓာတ် (လေ)ကို ဖြစ်စေသည်။

(စိတ္တဇဝါယောဓာတ်စိတ်ကြောင့် ဖြစ်သောလေဟု အဘိဓမ္မာက ဆိုပါသည်)

လေ၏သဘောသဘာဝ (သို့မဟုတ်) သတ္တိသည် ရှန်းကန်ခြင်း၊ ထောက်ကန်ခြင်းဖြစ်လေရာ လေအဆက်မပြတ်ဖြစ်လာသည်နှင့် လက်အကြောများအတွင်း၌ရှိသော သွေးကို လေလျှောက်လေတော့သည်။ သွေး၌လေလျှောက်သောအခါ အကြောများ တင်းမာတောင့်တင်းလာသည်။ ခွန်အားဝင်လာသည်။

တခြားသော ပထဝီရုပ်၊ အာပေါရုပ်၊ တေဇောရုပ်တို့သည်လည်း မဟာဘုတ်ရုပ်အချင်းချင်းဆက်သွယ်ပြီး ဝါယောလေရုပ်နှင့်အတူ ဖြစ်သည့်အတွက် ထိုရုပ်တို့လည်း ပါလာလေသည်။

www.dhammaransi.com



ထိုအခါ လူက သူ၏လက်ကို မ.ချင်ကြွ.ချင်သော ဆန္ဒအတိုင်း ထက်သန် မ.ကြွ.လာလေတော့သည်။

စိတ်သည် မျက်တောင်တစ်ချက်ခတ်လောက် ကာလတိုလေးအတွင်းမှာ ကုဋေတစ်သိန်း ဖြစ်ပျက်သွားနိုင်သည်ဖြစ်၍ တကယ်ဖြစ်သောအခါ လက်ကိုမ.ချင် ကြွားချင်သည်နှင့် ချက်ချင်းကြွတာပဲဟု ထင်မှတ်နေ ကြတော့သည်။

လိုချင်သော လောဘဇောကြောင့် ခါးပိုက်နှိုက်သူခိုး၏လက်သည် လှုပ်၏။ နွားသတ်သမား၏လက်သည်ဒေါသဇောကြောင့်လှုပ်၏။ ခလုတ်တိုက်မိသူ၏ခြေထောက်သည်မောဟဇောကြောင့် လှုပ်၏။

အလှူရှင်၏လက်သည် အလောဘဇောကြောင့် ပေးလှူ၍လှုပ်၏။ မေတ္တာပို့သူ၏နှုတ်ခမ်းသည် အဒေါသဇောကြောင့် လှုပ်၏။ ဘုရားရှိခိုးသူ၏လက်သည် အမောဟဇောကြောင့် နဖူးပေါ်၌ တည်၏။

ဘဝင်စိတ်(အိပ်စိတ်)သည် လူ၏ခန္ဓာကိုယ်ကို မလှုပ်ရှားစေနိုင်ပါ။ အသေကောင်လိုသာ ပက်လက်ဖြစ်စေသည်။ အသက်မသေအောင်သာ သူကအသက်ဆက်ပေး၏။ တစ်ဖန်ဝီထိစိတ်တွေဖြစ်လာအောင် လူကို ထိန်းသိမ်းထားသေး၏။

ဝီထိစိတ် (နိုးစိတ်)သည် လူ၏ခန္ဓာကိုယ်ကို လှုပ်ရှားစေပါသည်။ ထိုနိုးကြားစိတ်များအနက် ကုသိုလ်၊ အကုသိုလ်စိတ်တို့သည် ဇောဖြစ်လာပါက ထ.ရပ်.ထိုင်.လျှောင်းစသော လူ၏အပြုအမူကို ဖြစ်စေသည်။

မိမိ၏ခန္ဓာကို သုံးသပ်ကြည့်ပါက ဆံပင်ကိုသိသောအသိ၊ မျက်နှာကိုသိသောအသိ၊ ရင်ဘတ်.ကျောဘက်ကို သိသောအသိ၊ ခါး. တင်. ခြေတို့ကို သိသောအသိ စသည်ဖြင့် သိမှုကလေးများကို တွေ့ရပါမည်။

ဤသိမှုကလေးသည် တစ်ခုတည်းဟု ထင်ရသော်လည်း တစ်ခုတည်းမဟုတ် စိတ်ဓာတ်ဇောများ တစ်ခုပြီးတစ်ခု အဆက်မပြတ်ဖြစ်ပျက်သွားခြင်းဖြစ်သည်။

ဤအသိဓာတ်ကလေးသည် ခြေ၊ လက်၊ ဦးခေါင်းကဲ့သို့ ပုံသဏ္ဌာန်မရှိသော်လည်း လျှပ်စစ်ဓာတ်ကဲ့သို့ အလွန့်အလွန် အစွမ်းသတ္တိရှိနေပြီး သူသည် ဤခန္ဓာကိုယ်ကြီးကို ကြိုက်သလို စီမံစေနိုင်ပါသည်။

ဤဝီထိစိတ် (နိုးစိတ်) ကလေး၏ အစွမ်းသတ္တိသဘာဝကို သိပ္ပံပညာရှင်များက ဖော်ထုတ်ပြသနိုင်ခြင်း မရှိသေးပါ။ ဗုဒ္ဓက သူ၏အဘိဓမ္မာ၌ ဤစိတ်သဘာဝ၏ စွမ်းအားသတ္တိနှင့် ကုသိုလ်၊ အကုသိုလ်ဖြစ်ပုံ သဘာဝကို ဖော်ထုတ်ပြသထားပါသည်။

---

www.dhammaransi.com



## လူသားဘဝပြည့်စုံစေမှု သဘာဝတရား(ဣဒ္ဓိပါဒ)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်ယံ၌ သီတင်းသုံးစဉ် ရှင်အာနန္ဒာကို...

"ချစ်သားအာနန္ဒာ . . . ဣဒ္ဓိပါဒ်တရားလေးပါးကို ပွားများထားလျှင်၊ လေ့ကျင့်ထားလျှင်၊ ယဉ်ကဲ့သို့ ပြုလုပ်ထားလျှင်၊ တည်ရာကဲ့သို့ပြုထားလျှင်၊ ဆောက်တည်ထား၍ ကောင်းစွာ ဆည်းပူးထားလျှင်၊ ကောင်းစွာ အားထုတ်ထားလျှင်၊ ထိုသူသည် သက်တမ်းစေ့နေလိုက နေနိုင်၏။ အသက်တမ်းထက်ကျော်ပြီး အသက်ရှည်ရှည်နေလိုကလည်း နေနိုင်လေ၏။

ဤနေရာတွင် ဗုဒ္ဓက ဣဒ္ဓိပါဒ်ပွားများထားလျှင် အသက်ရှည်နိုင်သည်ဟု ရည်ညွှန်းထားပါသည်။

ဣဒ္ဓိပါဒ်ဆိုသည်မှာ ပါဠိစကားဖြစ်ပါသည်။ ဣဒ္ဓိ = ပြည့်စုံမှုပြီးမြောက်မှု၊ ပါဒ = အခြေခံအကြောင်းရင်း၊ ဣဒ္ဓိပါဒ = ကိစ္စတစ်ခုခု ပြီးမြောက်ရေးအတွက် အခြေခံအချက်ဟူ၍ အဓိပ္ပာယ်ရပါသည်။

ကိစ္စတစ်ခုခု ပြည့်စုံပြီးမြောက်စေသည့် တကယ်အခြေခံအကြောင်းရင်းကို ဗုဒ္ဓ၏ အဘိဓမ္မာက နာမ်စွမ်းအားအဖြစ် ဖော်ထုတ်ပြထားပါသည်။

ပြည့်စုံပြီးမြောက်စေခြင်း အခြေခံ (ဣဒ္ဓိ ပါဒ)အကြောင်းရင်းမှာ များများစားစား မဟုတ်ပါ။ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ (၄)မျိုးသာဖြစ်ပါ သည်။

၁။ ဆန္ဒကို အခြေမခံလျှင် ကိစ္စတစ်ခုမပြီးနိုင်ပါ။

၂။ ဝီရိယစိုက်ထုတ်မှုမရှိက မည်သည့်ကိစ္စမျှ မဖြစ်ထွန်းနိုင်ပါ။

၃။ စိတ်မပါလျှင် ဘာမျှလုပ်၍ မဖြစ်နိုင်ပါ။

၄။ ပညာမစေစားပါက အလဟဿအချည်းနှီး ဖြစ်ရသည်။

အချို့သော တွေးခေါ်ပညာရှင်များက ကိစ္စတစ်ခု၊ အလုပ်တစ်ခု အောင်မြင်ရန် အတွက် လောဘသည် သူ့နေရာနှင့်သူ လိုအပ်သည်။ ဒေါသလည်း သူ့ကိစ္စနှင့်သူ အသုံးဝင်၏။ မာနသည်လည်း သူ့အရာဌာနအလိုက် ထားသင့်ထားရ၏ဟူ၍ မှတ်ထင်ထားကြသည်။

ဗုဒ္ဓ၏အဘိဓမ္မာကမူ အလုပ်ကိစ္စတစ်ခုပြီးမြောက်အောင်မြင်ဖို့အတွက် ထိုလောဘ၊ ဒေါသ၊ မာနတို့ကို ဖော်ထုတ်မပြပါ။ ဤအချက်သည် အရေးကြီးသောအချက် စဉ်းစားစရာ အချက် ဖြစ်နေရပါသည်။

ဤဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ (၄)ချက်သည် သာမန်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အောင်မြင်ပြီးပြည့်စုံမှုမှသည် သဗ္ဗညုတဉာဏ် ပြည့်စုံစေနိုင်သည်အထိ အခြေခံကောင်းဖြစ်နေပါသည်။

www.dhammaransi.com



ဗုဒ္ဓသုတ္တန်တရားတော်များ၌ ဤတရား (၄)ပါးကို...

"ဆန္ဒဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ"

"တကယ်သာဆန္ဒရှိခဲ့လျှင် ဘယ်ကိစ္စမဆို မပြီးစီးဘဲရှိရာအံ့နည်း"

"ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ"

"တကယ်သာကြိုးစားလျှင် အဘယ်မည်သောအမှုသည် မပြီးစီးဘဲ ရှိရာအံ့နည်း"

"စိတ္တဝတော ကိံနာမကမ္မံ နသိဇ္ဈတိ"

"စိတ်သာပါလျှင် မည်သည့်ကိစ္စ မပြီးစီးဘဲ မရှိနိုင်"

"ပညာဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ"

"ဉာဏ်ပညာ ရှေ့သွားပြုလုပ်လျှင် ကိစ္စဟူသမျှ မပြီးစီးဘဲ မရှိနိုင်"

ဟူ၍ ဟောထားပါသည်။

လူသားတစ်ယောက်၏ ဘဝအခြေခံကို ဆန်းစစ်ကြည့်လျှင် ကျန်းမာရေးပြည့်စုံမှု၊ ပညာရေးပြည့်စုံမှု၊ စီးပွားရေးပြည့်စုံမှု၊ လူမှုရေးပြည့်စုံမှုတို့ လိုအပ်ပါသည်။

ဤအရာများ ပြည့်စုံရန်အတွက် လူသား၏ အရည်အချင်း ဤလေးမျိုးရှိဖို့ လိုအပ်ပါသည်။

လူတစ်ယောက်သည် အထက်ပါလိုအင် ပြည့်စုံရရန်အတွက် ပြည့်စုံပြီးမြောက်မှု၏ အခြေခံဖြစ်လာသည်အထိ ဆန္ဒရှိရမည်။ ပြင်းပြထက်သန်ရမည်။ ခဏတောက်သော ကောက်ရိုးမီးပမာ မဖြစ်စေရ၊ စွဲစွဲမြဲမြဲ ဆန္ဒထားရမည်။

ဝီရိယကိုကြည့်ပါက ပြည့်စုံပြီးမြောက်အောင် ကြိုးစားအားထုတ်ရမည်။ အပျင်းထူသည့်အခါ ထူလိုက်၊ ထလုပ်ချင်သည့်အခါ ထလုပ်လိုက်သဘော မရှိစေရပါ။ မစွဲမမြဲမပြု လုပ်ရ။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်စိတ်မွေးပြီး ကြိုးစားအားထုတ်ရမည်။

စိတ်သဘာဝကိုကြည့်ပါက စိတ်ထက်သန် စိတ်ဆောင်နေရမည်။ စိတ်ပါလက်ပါ လုပ်လိုစိတ် ရှိနေရမည်။ စိတ်ဝင်တစား လုပ်ရမည်။

ဝီမံသ (ပညာ)ဘက်ကကြည့်လျှင် အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြား သိတတ်ရမည်။ ထိုပညာဆင်ခြင်မှုသည် ပြည့်စုံသော ပညာအဆင့်ရောက်ရမည်။

ဤဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ (၄)ပါးတွင် ဆန္ဒ၊ ဝီရိယ၊ ဝီမံသတို့က စိတ်ကိုခြယ် လှယ်ကြသော စေတသိက်များဖြစ်ကြသည်။ စိတ်နှင့်ယှဉ်၍ ဖြစ်ကြသည်။ တစ်ခုစီ သီးခြား မဖြစ်ကောင်းပါ။

ဗုဒ္ဓ၏ အဘိဓမ္မာသဘောအရ ဆန္ဒဖြစ်လျှင် ကျန် ဝီရိယ၊ စိတ်၊ ပညာတို့ ပါရသည် ပင်၊ ဝီရိယဖြစ်လျှင်လည်း ကျန် ၃-ပါး၊ စိတ်ဖြစ်လျှင် ကျန် ၃-ပါး၊ ဝီမံသဖြစ်လျှင်လည်း ကျန် ၃-ပါး ပါဝင်ကြရသည်သာဖြစ်ပါသည်။

---

ဆုပြည့်စုံတွန်းစာပေ

www.dhammaransi.com



ထို့ကြောင့် ဘဝ၏စီးပွားရေး ပြီးပြည့်စုံသောအခြေခံ အကြောင်းတရား (ဣဒ္ဓိပါဒ) ဖြစ်ဖို့အတွက် ဆန္ဒရှိလာပြီးဆိုလျှင် ကြိုးစားခြင်း၊ စိတ်ထက်သန်လာခြင်း၊ သင့်-မသင့် စူးစမ်းဆင်ခြင်တို့ ဒွန်တွဲလာမြဲဖြစ်သည်။

စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည် ပြည့်စုံလိုပါလျက် မပြည့်မစုံ ဖြစ်ကြရသည်မှာ သူတို့၏ဆန္ဒ စသည်များသည် ဣဒ္ဓိပါဒအဆင့် မရောက်ကြသောကြောင့် မပြည့်စုံကြသောကြောင့် ဖြစ်ရပါသည်။

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့ဖြစ်သောအခါသည်ကား နိုးကြားစိတ် (ဝီထိစိတ်)ဖြစ်သောအခါတည်း။ ထိုဆန္ဒစသည်တို့က လူ၏ခန္ဓာကိုယ်ထဲမှာ စိတ္တဇရုပ်များကို ဖြစ်စေသည်။ အဆုတ်၊ အသည်း၊ ကျောက်ကပ်၊ သွေး၊ သွေးကြော၊ မျက်စိ၊ နား၊ သွား စသည်တို့မှာဖြစ်ကြသလို တစ်ကိုယ်လုံးမှာဖြစ်သည်။ တစ်ကိုယ်လုံး စိတ်ကြောင့် ရုပ်များဖြစ်ကြရသည်။

ထိုဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဟူသော (ဣဒ္ဓိပါဒ)လေးပါးကြောင့် မိမိ၏ကိုယ်မှာ ဖြစ်သော ရုပ်တို့သည် ရုပ်ကောင်းများသာ ဖြစ်ကြပါမည်။

ဗုဒ္ဓဟောကြားလမ်းညွှန်ခဲ့သော ဣဒ္ဓိပါဒ်စကားတွင် ပွားများလေ့ကျင့်၊ ယာဉ်ကဲ့သို့ပြု၊ တည်ရာကဲ့သို့ပြု၊ ဆောက်တည်၊ ကောင်းစွာဆည်းပူး၊ ကောင်းစွာအားထုတ်ဟူသော အချက်(၇)ချက်ကို တွေ့ရပါသည်။

- ပွားများနေသည်ရှိသော် ပွားများသည်အတွက် မိမိကိုယ်မှာ ဣဒ္ဓိပါဒ်ရုပ်များ တဖွားဖွားဖြစ်နေမည်။
- လေ့ကျင့်နေလျှင် မိမိကိုယ်မှာ ဣဒ္ဓိပါဒ်ရုပ်များမပြတ်ဖြစ်နေမည်။
- စီးနင်းစရာယာဉ်ကဲ့သို့ စီးနင်းနေလျှင် မိမိကိုယ်မှာ ဣဒ္ဓိပါဒ်ရုပ်များ လိုရာရောက်မည်။
- တည်ရာဖြစ်အောင်ပြုနေလျှင် ဣဒ္ဓိပါဒ်ရုပ်များမိမိကိုယ်မှာအစဉ်ထာဝရတည်နေမည်။
- ဥပုသ်ဆောက်တည်သကဲ့သို့ ဆောက်တည်နေလျှင် မိမိကိုယ်မှာ ဣဒ္ဓိပါဒ်ရုပ်တွေ ဖြစ်နေပါမည်။
- ကောင်းစွာဆည်းပူးနေလျှင် မိမိကိုယ်မှာ ဣဒ္ဓိပါဒ်ရုပ်တွေ ဖြစ်နေပါမည်။
- ကောင်းစွာအားထုတ်နေလျှင် မိမိကိုယ်မှာ ဣဒ္ဓိပါဒ်ရုပ်တွေ ဖြစ်နေပါမည်။

လောဘ၊ ဒေါသ၊ မာန၊ မောဟရုပ်များ မိမိကိုယ်မှာ တဖွားဖွားဖြစ်နေပါက ထိုရုပ်များသည် ရုပ်ဆိုးများဖြစ်နေ၍ မိမိ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်လုပ်ငန်းများအောင်မြင်ဖို့ မဖြစ်နိုင်ပါ။ ထိုတရားများသည် လူသားတို့၌မသင်ရာဘဲ တတ်နေကြပါသည်။

www.dhammaransi.com



ဣဒ္ဓိပါဒ်လေးပါးကို သိသူ၊ ရှားပါသည်။ ဤလေးပါးသည် မိမိကိုယ်ထဲမှာ ရနိုင်သောပစ္စည်းဖြစ်ပါလျက် မသုံးတတ်၊ မစွဲတတ်ဖြစ်နေကြရပါသည်။

ဘဝကြီးပွား အောင်မြင်ပြည့်စုံဖို့ ဆောင်ရမည်ကား ဣဒ္ဓိပါဒ် ၄-ပါး၊ ရှောင်ရမည်ကား လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယတရား။

ဣဒ္ဓိပါဒ်လေးပါးသည် လူသား၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာ ရေး၊ လူမှုရေးတို့တွင် အဆင့်မြင့်ဆုံးဖြစ်သည်။ သိပ္ပံပညာရှင်တို့ ထုတ်မပြနိုင်သော အချက်များ ဖြစ်ကြပါသည်။

ရခဲလှသော လူ့ဘဝကို ရလာသောသူတို့သည် မိမိတို့ဘဝစီးပွားရေး စသည် ပြည့်စုံအောင်မြင်ရန်အတွက် အခြေခံဖြစ်သော ဤဣဒ္ဓိပါဒ်လေးပါးကို မပြတ်သတိထား ကြိုးစားအားထုတ်နေရပါမည်။

## လူသား၏ ငိုခြင်း၊ ရယ်ခြင်း သဘာဝများ

လူသား၏စိတ်သဘာဝကို လေ့လာလျှင် လူသား၌ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းဟူသော စိတ်အခြေအနေ(၂)ရပ်နှင့် ဝမ်းနည်းတာလည်းမဟုတ်၊ ဝမ်းသာတာလည်းမဟုတ်သော မှန်ကန်အနေအထား စိတ်ထားလည်းရှိနေပါသည်။

လူသားသည် ဝမ်းသာသောအခါ ပြုံးသည်၊ ရယ်သည်။ ဝမ်းနည်းလွန်းသောအခါ ငိုသည်။ ငိုခြင်းနှင့် ရယ်ခြင်းသည် ဆန့်ကျင်ဘက်ဖြစ်ပါသည်။

ငိုခြင်းသဘာဝကို အဘိဓမ္မာနည်းအရ ရှာဖွေဆန်းစစ်သော် ဒေါသကို တွေ့ရပါသည်။ ငိုခြင်းဟူသမျှ ဒေါသကို အကြောင်းခံ၏။

ဒေါသ၏ သဘာဝအဆင့်များမှာ -

| | | |
|---|---|---|
| သောက | = | စိုးရိမ်ပူဆွေးခြင်း၊ |
| ပရိဒေဝ | = | တမ်းတငိုကြွေးခြင်း၊ |
| ဒုက္ခ | = | ကိုယ်ဆင်းရဲခြင်း၊ |
| ဒေါမနဿ | = | စိတ်ဆင်းရဲခြင်း (စိတ်နှလုံးမသာယာခြင်း) |
| ဥပါယာသ | = | ရှိုက်ကြီးတငင်ငင်ဖြင့် အတွင်းဆွေး.ပူဆွေးခြင်း။ |

စိတ်တွင် ဒေါသယှဉ်၍ သောကဝင်လာသောအခါ လူတွင်ရှိသော(၃၂)ကောဋ္ဌာသ

www.dhammaransi.com



ထဲမှ မျက်ရည်ဟူသောအာပေါ(ရေ) ရုပ်တို့သည် မျက်စိမှ ယိုစီးထွက်ကျ၍ လာလေသည်။ သောကပြင်းထန်လွန်းပါက အသံပါထွက်၍ အော်ဟစ်ငိုလေသည်။

ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ စိတ်မချမ်းသာခြင်း၊ စိတ်ဆင်းရဲခြင်း မှန်သမျှတို့သည် တရားကိုယ်အားဖြင့် ဒေါသ၏လက်ချက်ဖြစ်သည်။

အဘိဓမ္မာသဘောကို မသိသူတို့က စိတ်ဆိုးခြင်းကိုသာ ဒေါသဟု ထင်မှတ်နေကြသည်။ စိတ်၏ ဆုတ်နစ်မှုသဘောဟူသမျှသည် ဒေါသအရင်းခံ၍ ဖြစ်ရသည်။

ငိုခြင်းဟူသမျှ ဒေါသအကုသိုလ်ဖြစ်သည်။ ဒေါသအကုသိုလ်သည် လူကို ကောင်းကျိုးမပေး၊ လူကို ကျန်းမာရေးထိခိုက်စေသည်။ လူကို အိုလွယ်၊ ရင့်လွယ်စေသည်။ ငိုခြင်းကို အကုသိုလ်ဟုဆိုရာ၌ အပါယ်ကျလောက်စေသော အကုသိုလ်မဟုတ်ပါ။ သို့သော် အထက်ပါ မကောင်းခြင်း သဘာဝများရှိနေတတ်ကြကာ မတတ်သာ၍ တွေ့ကြုံကြရသော ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း၊ စိတ်မချမ်းသာခြင်း စသည်တို့ကို တာရှည်အဖြစ်မခံကြဘဲ နည်းအမျိုးမျိုးဖြင့် ဖြေဖျောက်ပစ်ရမည်ဟု ဆိုပါသည်။

မျက်စိမှ မျက်ရည်ကျတိုင်း ဒေါသဖြင့် ငိုသည်ဟူ၍ ထစ်ထစ်ချ မမှတ်ရသည်များလည်း ရှိပါသည်။ တစ်ခုခုအောင်မြင်မှုရ၍ ဝမ်းသာလွန်းမက ဝမ်းသာ၊ နှစ်သက်လွန်းမက နှစ်သက်မှုစိတ် ဖြစ်လာသောအခါ မျက်စိမှ မျက်ရည်ကျတတ်ပါသည်။ ဝမ်းသာပီတိမျက်ရည်ဟူ၍လည်း ခေါ်ကြလေ့ရှိပါသည်။

လောကသဘာဝအရ လူသားသည် မျက်ရည်မထွက်ဘဲ အခြောက်ငိုတတ်သော သဘာဝလည်း ရှိနေတတ်ပါသည်။ ဝမ်းထဲတွင် ကြိတ်ပြီး သောကမီးလောင်နေမှု၊ ပရိဒေဝမီးစွဲနေမှု၊ ဒေါမနဿမီးပွားနေမှုဟူသမျှသည် အခြောက်ငို ငိုခြင်းဖြစ်သည်ဟု ဆိုပါသည်။

အစိုငိုငို၊ အခြောက်ငိုငို၊ အငိုဟူသမျှသည် အကုသိုလ်ဖြစ်၍ ရှောင်ကြဉ်ကြရမည်။ သတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

ရယ်ခြင်း၊ ပြုံးခြင်း သဘာဝကိုကြည့်လျှင်လည်း အကုသိုလ်ကြောင့်လည်း ရယ်သည်၊ ကုသိုလ်ကြောင့်လည်း ရယ်သည်ဟူ၍ (၂)မျိုး တွေ့ရပါသည်။

လောကတွင် အကုသိုလ်ကြောင့်လည်း ရယ်သည်။ တွေ့ ကြုံမြင်ရသော အာရုံအလိုက် လောဘဖြစ်၍ ပျော်လျှင် အကုသိုလ်ရယ်ဖြစ်ပါသည်။

မဟာကုသိုလ်စိတ်ကြောင့်လည်း ရယ်သည်။ ကုသိုလ်ဒါနပြုပြီး ဝမ်းမြောက်ဝမ်းသာ၍ ရယ်ခြင်းသည် ကုသိုလ်ရယ်ဖြစ်ပါသည်။

အလင်္ကာရကျမ်း၌ ရယ်ခြင်းနှင့် ပုဂ္ဂိုလ်၊ အယုတ်၊ အလတ်၊ အမြတ်ကို ခွဲခြားထားပါသည်။

---

ဆုံပြည့်စုံထွန်းစာပေ

www.dhammaransi.com



၁။ မျက်စိပွင့်ရုံရယ်ခြင်း (သိတ)

၂။ စင်းငယ်သွားပေါ်ရုံရယ်ခြင်း (ဟသိတ)

၃။ အသံညှင်ညှင်သာသာထွက်၍ရယ်ခြင်း(ဝိဟသိတ)

၄။ ဦးခေါင်းပုခုံးလှုပ်၍ ရယ်ခြင်း (ဥပဟသိတ)

၅။ မျက်ရည်ထွက်အောင်ရယ်ခြင်း (ဥပဟသိတ)

၆။ ကိုယ်ကို ရှေ့ထိုးနောက်ငင်ခွက်ထိုးခွက်လန်ရယ်ခြင်း (အတိဟသိတ)

အမှတ် ၁ - ၂ ဖြင့် အမြတ်စားပုဂ္ဂိုလ်များ ရယ်သည်။

အမှတ် ၃ - ၄ ဖြင့် အလတ်စားပုဂ္ဂိုလ်များရယ်သည်။

အမှတ် ၅ - ၆ ဖြင့် အညံ့စားပုဂ္ဂိုလ်များ ရယ်သည်။

ဟူ၍ ဆိုထားပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာ၌ ရယ်ခြင်းကို ဖြစ်စေတတ်သောစိတ်နှင့် ပတ်သက်၍ -

- အကုသိုလ်သောမနဿ ၄ - ပါး
- မဟာကုသိုလ်သောမနဿ ၄ - ပါး
- မဟာကြိယာသောမနဿ ၄ - ပါး
- ဟသိတုပ္ပါဒ်စေ ၁ - ပါး

အားဖြင့် စိတ် ၁၃ - မျိုးရှိသည်ဟု ဟောထားပါသည်။

ဤစိတ်များတွင် ပုထုဇဉ်ပုဂ္ဂိုလ်များက အကုသိုလ်သောမနဿ ၄ - ပါး မဟာကုသိုလ်သောမနဿ ၄ - ပါးတွင် ၈ - ပါးသောစိတ်များဖြင့် ရယ်သည်။

- သေက္ခဟုဆိုသော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်(၃)ယောက်တို့သည်ကား ဒိဋ္ဌိဂတာဝိပ္ပယုတ်သောမနဿ ၂ - ပါး၊ မဟာကုသိုလ်သောမနဿ ၄ - ပါး၊ ၆ - ပါးသောစိတ်ဖြင့် ရယ်သည်။
- အသေက္ခဟုဆိုအပ်သော ရဟန္တာပုဂ္ဂိုလ်များနှင့် ဘုရားရှင်သည် မဟာကြိယာသောမနဿ ၄ - ပါး၊ ဟသိတုပ္ပါဒ် ၁ - ပါး ဤငါးပါးဖြင့် ရယ်သည်။

ဤအဘိဓမ္မာတရားတော်အရ လူသားသည် အကုသိုလ်ဘက်၌ လောဘကြောင့် ရယ်သည်၊ ဒေါသ၊ မောဟဖြင့် မရယ်နိုင်။

ကုသိုလ်ဘက်၌မူ အလောဘဖြင့် ရယ်ပါသည်။ အဒေါသဖြင့်လည်း ရယ်သည်။ အမောဟဖြင့်လည်း ရယ်ပါသည်။

သို့သော် အလောဘ၊ အဒေါသ၊ အမောဟတို့ကမူ လူကို မရယ်စေနိုင်ပါ။ အာရုံအလိုက် နှစ်မြို့က်သဘောကျပီတိ သောမနဿဖြစ်မှသာ ရယ်စေနိုင်သည်။

www.dhammaransi.com



ထိုသို့ ရယ်ရာ၌လည်း ကုသိုလ်ရယ်၊ အကုသိုလ်ရယ်ဟူ၍ ခွဲခြားနိုင်ပါသည်။ ချောင်းထဲ ငါးသွားရှာ၍ ငါးရ၍ရယ်ခြင်းသည် အကုသိုလ်ရယ်ဖြစ်သည်။ တရားဟောဓမ္မကထိက တရားထဲ၌ တရားနှင့်ပတ်သက်၍ ရယ်စရာထည့်ပြော၍ ရယ်မှုသည်လည်းကောင်း၊ ကုသိုလ်ကောင်းမှု၌ အားရ၍ ရယ်ခြင်းသည်လည်းကောင်း ကုသိုလ်ရယ်ဖြစ်ပါသည်။

တစ်ဖန် အာရုံအမျိုးအစားကို လိုက်၍လည်းကောင်း၊ လူအမျိုးအစားကို လိုက်၍လည်းကောင်း၊ အသံတိတ်ရယ်၊ အသံထွက်ရယ်၊ အခြောက်ရယ်ဟူ၍ (၃)မျိုး ရှိပြန်ပါသည်။

အသံတိတ်ရယ်ဆိုသည်မှာ ဝမ်းထဲ၌ နှစ်သက်သောအာရုံတွေ့၍ ပစ္စည်းရ၍ ပီတိသောမနဿဖြစ်ပြီး မျက်စိမျက်နှာ ရွှင်လန်းရုံမျှပြသည်။ တချို့မှာ သွားကလေးပေါ်ရုံမျှဖြင့် ရွှင်ပြသောအမှုအရာကို ပြသည်။ အသံ မထွက်တတ်ပေ။

ယင်းရယ်သူသည် မြင့်မြတ်သူတို့၏ ရယ်ခြင်းဖြစ်သည်။ ဤရယ်ခြင်းကား ကုသိုလ်ရယ်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

တချို့မှာ အသံသာသာညှင်းညှင်း အသံထွက်ရုံမျှရယ်သည်။ အချို့က အသံထွက်ရုံမျှမက ဦးခေါင်းနှင့် ပခုံးများ တသိမ့်သိမ့်လှုပ်အောင် ရယ်သည်။

ဤရယ်မှုသည် အလတ်တန်းစားရယ်ခြင်းမျိုးဖြစ်သည်။

တချို့မှာ အသံထွက်ရုံမျှမက မျက်ရည်ထွက်အောင် တအုန်းအုန်းရယ်သည်။ တစ်ကိုယ်လုံး ခန်ပေါက်ရွှေ့ရှား ရယ်သည်။ ဤသို့ရယ်နေစဉ် သတိ လုံးဝကင်းလွတ်နေသည်။ စိတ်ကို လုံးဝလွှတ်ထားပြီး ပေါက်လွတ်ပဲစားစိတ်ဖြင့် တအားရယ်သည်။ ဤရယ်မှုသည် ယုတ်ညံ့သောသူ၏ ရယ်ခြင်းမျိုးဖြစ်သည်။

အခြောက်ရယ်ဆိုသည်မှာ- တကယ်တော့ အရယ်စစ်စစ်မဟုတ်ချေ။ ဝမ်းထဲက ပီတိသောမနဿမဖြစ်ဘဲ အပေါ်ယံရယ်သံပြုခြင်းဖြစ်သည်။

ဥပမာ- မိမိရန်သူကို ဖမ်းမိပြီး သတ်ခါနီးတွင် မင်းလိုကောင်မျိုး ငါ့လက်ထဲရောက်ပြီး ဘာတတ်နိုင်သလဲဟု သရော်စိတ်ဖြင့် တဟားဟားရယ်သည်။ ဤသို့ရယ်ရာ၌ အသံသာ ရယ်သံဖြစ်၏။ စိတ်မှုကား ဒေါသစိတ်ဖြစ်သည်။

နောက်အခြောက်ရယ်နည်းတစ်ခုမှာ သဘင်သည်များ ဇာတ်လမ်းဇာတ်ကွက်အရ ဟန်ဆောင်ရယ်ခြင်းမျိုး ဖြစ်ပါသည်။

အချုပ်ဆိုရသော် ငိုခြင်းသည်၊ ဒေါသအရင်းခံသည်။ ဒေါသသည် အကုသိုလ်ဖြစ်၍ လူကိုအကျိုးမပြု၊ ကျန်းမာရေးကို ထိခိုက်စေ၏။ နလုံးရောဂါကို ဖြစ်စေ၏။ လူအထင်သေး၏။ အရှိန်အဝါကျ၏။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ရယ်ခြင်းသည် လောဘသောမနဿနှင့် ကုသိုလ်ပီတိ သောမနဿအရင်းခံ၏ လောဘနှင့်ရယ်လျှင်မကောင်း။ ကုသိုလ်နှင့်ရယ်သော် အပြစ်မရှိ။ သို့သော် ရယ်ခြင်းသည် လူကိုပေါ့စေ၏။ ထောင်တန်စကား ရယ်ပေါ့၏။ လူကြီးလူကောင်း ဣန္ဒြေကို ပျက်စီးစေ၏။ ရယ်လွန်းလျှင် ရှူးတတ်၏။

လူသားတို့၏ရုပ်သဘာဝ စိတ်သဘာဝအပေါ်မူတည်ပြီး ရယ်ခြင်းနှင့် ငိုခြင်းသဘာဝ ဖြစ်မှုကို သိပ္ပံပညာရှင်တို့က စမ်းသပ်မတွေ့ရှိရသေးပါ။ ဗုဒ္ဓက သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်၍ ဤကဲ့သို့ ထုတ်ဖော်ဟောကြားထားခဲ့ပါသည်။

## နာမ- စိတ္တ- ဝိညာဏ၏ ဖြစ်ပေါ် ရာသဘာဝ

လူသား၏နှလုံးအိမ် (ဝါ) ဟဒယဝတ္ထု ရုပ်ဟုခေါ်သော ရုပ်ထဲတွင် ပုန်းညက်စေ့ခန့် လောက်ရှိသော တွင်းကလေးတစ်တွင်းရှိသည်။ ထိုတွင်းကလေးထဲတွင် အလွန်တရာ ကြည် လင်လှသော သွေးကလေးများရှိနေပါသည်။ ဤသွေးကြည်ကလေးကို အမှီပြုပြီး စိတ်အသိ (မနောဝိညာဏ်) ခေါ်သော ဗဟိုချက် ဓာတ်ကြီးသည် မပြတ်ဖြစ်လျက်ရှိနေသည်။ ထိုဗဟို ချက်ကနေ လူသား၏ဦးနှောက်သို့ အသိကို ဝေဖန်ဆုံးဖြတ်ပေးရန် ပို့ပေးနေသည်။

လူသားတွင် လည်ပင်းကြောတစ်ကြောပြတ်နေပါက ထိုလူသားသည် သတိမေ့ ခြင်း၊ သတိမရခြင်း စသည်ဖြစ်တတ်သည်။

ထိုစိတ်အသိ (မနောဝိညာဏ်)သည် လူအိပ်နေသောအခါမှာလည်း ဖြစ်ပျက် အစဉ်နှင့်အမြဲရှိနေသည်။ ဤဗဟိုချက်ဖြစ်သောအသိစိတ် (မနောဝိညာဏ်) ကြောင့်လူမသေ စေဘဲ ရှိနေပါသည်။ ဤအသိစိတ်ကလေးသည် လူကိုယ်၏ ဗဟိုချက်ကနေပြီး လူအသက် ရှိနေသမျှ အသိစိတ်များ တဖွားဖွားဖြစ်စေဖို့ တာဝန်ယူထားရသည်။

ဤကဲ့သို့ လူကိုမသေအောင် တာဝန်ယူထားရသောအခြေခံ အကြောင်းဖြစ်နေ၍ ယင်းကို ဘဝင် (ဘဝင်္ဂ = ဘဝ + အင်္ဂ) ဘဝ၏ အကြောင်းဟူ၍ ခေါ်ဝေါ်သမုတ်ထားပါသည်။

ဤမနောဝိညာဏ်ခေါ် ဘဝင်စိတ်ပြတ်သွားလျှင် လူသည် သေသည်ဟုဆိုပါသည်။ ရုပ်သည် ငုတ်ပျောတုံး လက်ပံတုံးကဲ့သို့ အသုံးမဝင်ဖြစ်သွားရသည်။

မိမိ၏ကိုယ်ထဲတွင် သိ၍သိ၍နေသော သဘာဝလေးကို သေသေချာချာ သတိ ထားကြည့်ပါလျှင် အသိခံရမည့်အရာဆီသို့ ညွှတ်၍ညွှတ်၍ သွားနေသော အခြင်းအရာ သဘာဝလေးကို တွေ့နိုင်ပါသည်။

www.dhammaransi.com



ဥပမာ - ဦးခေါင်းကိုသိနေရာမှ ခြေထောက်ကိုပြောင်း၍ သိတော့မည်ဆိုလျှင် ထိုသိသော သဘာဝကလေးသည် ခြေထောက်ဆီသို့ ညွတ်သော အခြင်းအရာကလေး ပါလာပါသည်။

ထိုကဲ့သို့ ညွတ်၍ညွတ်၍ဖြစ်သော အခြင်းအရာသဘာဝလေးကို ပါဠိဘာသာဝေါဟာရအားဖြင့် "နာမ"ဟုခေါ် ကြသည်။ ယင်းကို မြန်မာတို့က တိုက်ရိုက် နာမ = နာမ်ဟူ၍ ခေါ်ဆိုနေကြပါသည်။

ထိုသိ၍သိ၍နေသော သဘာဝကလေးဟုခေါ်သော လူ၏ကိုယ်တွင်းရှိ သဘာဝကလေးသည် အလွန်တရာ ဆန်းကြယ်လှသောကြောင့် ပါဠိဘာသာအားဖြင့် နောက်တစ်မျိုး စိတ္တဟု ခေါ်ပြန်ပါသည်။ ယင်းကိုလည်း မြန်မာတို့က တိုက်ရိုက် စိတ်ဟူ၍ ခေါ်ဆိုကြသည်။

တစ်ဖန် သိ၍နေသော သဘာဝကလေးသည် တစ်မျိုးတစ်ဖုံ ထူးခြားစွာ သိမှုရှိနေသည့်အတွက် ဝိညာဏ(ဝိ + ဉာဏ)ဝိ = အထူး၊ ဉာဏ = သိခြင်း၊ ဝိညာဏ = အထူးသိခြင်းဟူ၍ ပါဠိဘာသာအားဖြင့် ခေါ် ပြန်ပါသည်။ မြန်မာတို့က ဝိညာဏ် (ဝိညာဉ်)ဟူ၍ ခေါ်ဆိုနေကြပါသည်။

ထိုစိတ်သဘာဝကလေးသည် မိမိ၏ မူလသဘာဝများ စိန်တုံးကြီးကဲ့သို့ ကြည်လင်လင်းလက်လျက်ရှိသည်။ လောဘ၊ ဒေါသ၊ မောဟ စသော စေတသိက်အညစ်အကြေးများ လာရောက်ရောစပ်မှ ညစ်ထေးခြင်း၊ အရောင်ပြောင်းသွားခြင်း စသည်ဖြစ်ရသည်။

ထိုကြောင့် လူ၏ကိုယ်တွင်းရှိစိတ် ဝိညာဉ်သည် စိန်တုံးကြီးလင်းနေသကဲ့သို့ လင်းနေသည်မဟုတ်။ ပြောင်းလဲဖြစ်ပေါ်နေသော သဘာဝတစ်ရပ်ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမက ထိုစိတ်ဝိညာဉ်ကို ပါဠိဝေါဟာရများဖြင့် နိစ္စ - အမြဲ၊ ဓုဝ - အမြဲ၊ သဿတ - အမြဲမဟုတ်၊ တစ်ခုတည်းမဟုတ်၊ အနိစ္စ = မမြဲ၊ အဒ္ဓုဝ = မမြဲ၊ အသဿတ = မမြဲ၊ ပြောင်းလဲဖြစ်ပေါ်၍သာနေသော သဘာဝဖြစ်သည်ဟု ထုတ်ဖော်ဟောခဲ့သည်။

ယင်းစိတ်သည် ဖြစ်၍ဖြစ်၍ ချုပ်၍ချုပ်၍သာလျှင် တစ်ခုပြီးတစ်ခု စဉ်ဆက်မပြတ်ဖြစ်နေသော သဘာဝဓမ္မဖြစ်စဉ်ဖြစ်သည်။

ယင်းဖြစ်ခြင်းကို ပါဠိဝေါဟာရအရ ဥပ္ပါဒ (ဥပါဒ်)၊ ခဏတစ်ဖြုတ် တည်တံ့သည်ကို ဌီ၊ ချုပ်ခြင်းကို ဘင်္ဂ(ဘင်)ဟု ခေါ်ပါသည်။

ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက် အဆက်မပြတ် ခရီးဆက်နေသော သဘာဝမျှသာ ဖြစ်သည်။

စိတ်ဝိညာဉ်သဘာဝတရား၏ တစ်ခုတည်း တည်မြဲမနေပုံကို မြစ်ရေအလျဉ်ဥပမာ၊ ဆီမီးဥပမာတို့ဖြင့် ပမာဆောင်ပြထားပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



စီးဆင်းနေသောမြစ်ကမ်းနဖူး၌ သားအဖ(၂)ဦး ထိုင်ကြည့်နေသည်။ ကလေးငယ်သည် တသွင်သွင်စီးနေသော မြစ်ရေစီးကြောင်းကြီးကို တစ်လုံးတစ်စီးတည်း တစ်ခုတည်းဟု မြင်သည်။

ဖခင်က မိမိမျက်စိရှေ့သို့ရောက်လာသော ရေတို့သည် မိမိကိုဖြတ်ကျော်မျောပါ၍ သွားကြသည်။ရေဟောင်းတို့နေရာ၌ရေသစ်များထပ်၍ထပ်၍ရောက်လာသည်ဟုမြင်သည်။ နားလည်သည်။ ထို့ထက်ပို၍ကား မသိပါချေ။

ထိုနေရာသို့ ပညာဆင်ခြင်တတ်သော ပုဂ္ဂိုလ်တစ်ယောက် ရောက်လာပြီး ရေဟောင်းရေသစ် တပြောင်းလဲလဲဖြစ်၍ စီးနေရာ၌ အရေးကြီးသော အချက်တစ်ရပ်ကို စဉ်းစားမိသည်။ ယင်းမှာ အရှိန်အဟုန်ပင်တည်း ဟု သိသည်။

အဟောင်းအသစ်ပြောင်းလဲဖြစ်၍ ဖြစ်၍နေသောအရာတို့၌ အရှိန်အဟုန်သည် အဓိကအင်အားတစ်ရပ်ဖြစ်သည်။ အရှိန်အဟုန်သည် စီးဆင်းမှု၊ ရှင်သန်မှု အင်အားဖြစ်သည်။ မြစ်ရေစီးဆင်းနေမှုကို အရှိန်အဟုန်က ကြီးစိုးနေသည်။ အသက်သွင်းနေသည်။

အကယ်၍အရှိန်အဟုန်သာမရှိပါက မြစ်ဘဝမှ ရေစီးမဲ့သော ရေအိုင်ဘဝသို့ ပြောင်းလဲသွားမည်ဖြစ်သည်။ အရှိန်အဟုန်ရှိနေခြင်းသည်လည်း အမြင့်၊ အနိမ့်အခြေအနေအရ အမြင့်က ဖိအား အနိမ့်က ဆွဲအားကြောင့်ဖြစ်ရသည်ဟု သိသည်။

ဆီမီးခွက်တစ်ခုတွင် မီးခွက်၊ မီးစာ၊ ဆီထည့်ပြီး ထွန်းညှိထားသည်။ မီးတောက်ကလေးသည် လေပြင်းမတိုက်၊ လူမသတ်ပါက မီးစာကုန်ဆီခန်းမှ ငြိမ်းလေရာ၏။ မီးစာ၌ စုပ်ဝင်နေသော ဆီကိုပါ ဆက်၍လောင်ပါက မီးစာသည် ပြာဖြစ်သွားသဖြင့် နောက်ဆုံး မီးတောက်ကလေး နိဂုံးချုပ်သွားရလေသည်။

မီးတောက်ကလေးတွင် ရှေးဦးမီးတောက်ကလေး ငြိမ်း၍ငြိမ်း၍ သွားလေတိုင်း နောက်ထပ်မီးတောက်ကလေးများ ဆက်တိုက်ဆက်တိုက် ဖြစ်ပေါ်လာနေခြင်းသာ ဖြစ်သည်။

အကယ်၍ ရှေးဦး မီးတောက်ချုပ်ငြိမ်းမသွားပါက နောက်ထပ်မီးတောက် အသစ်အသစ်ဖြစ်၍လာနေလျှင် တဖြည်းဖြည်း မီးတောက်သည် ကြီးလာပေမည်။ သို့မဟုတ်က ရှိနှင့်နေသောမီးတောက်နှင့် နောက်ပေါ်မီးတောက်တို့ ပဋိပက္ခဖြစ်၍ တစ်နည်းတစ်ပုံ သွင်ပြင်လက္ခဏာသစ် ဖြစ်ပေါ်ရာ၏။

သို့ရာတွင် ငြိမ်း၍ငြိမ်း၍သွားသော မီးတောက်ဟောင်းများနေရာ၌ မီးတောက်သစ်များ ဝင်၍ဝင်၍ လာသောကြောင့် ဟန်မပျက်မီးဆက်နေခြင်းသာဖြစ်သည်။

ဤတွင်လည်း အရှိန်အဟုန်ပါနေပါသည်။ အကယ်၍ မီးတောက်ဟောင်းငြိမ်းသွားပြီးနောက် မီးတောက်သစ်လည်း ချက်ချင်းဖြစ်မလာပါက မီးတောက်တစ်ခုနှင့်တစ်ခုအကြား ပြတ်၍သွားရာ၏။ သို့မဟုတ် ငြိမ်းသွားရာ၏။ ယခုမှုကား ရှေးဦးမီးတောက်ငြိမ်းသည်နှင့်

www.dhammaransi.com



နောက်မီးတောက်သည် ချက်ချင်း နေရာဝင်ယူလျက်ရှိသောကြောင့် ဆီမီးတောက်ကလေးသည် ဟန်မပျက်ရှိနေခြင်းဖြစ်ပါသည်။

ယနေ့သိပ္ပံပညာခေတ်တွင် မော်တော်ကားနှင့် လေယာဉ်တို့၏ ပလပ်တို့တွင် အစဉ်တစ်ချက်ချင်း ဖျတ်ဖျတ်ဟုပွင့်ရာမှ အရှိန်အဟုန်အား ဝင်လာသောအခါ တဖျတ်ဖျတ် တရစပ်ဖြစ်နေပြီး စက်နိုးကာ သွားလာနိုင်သည်။

ထိုမြစ်ရေ၊ ဆီမီးကား ပလပ်နှင့် လျှပ်စစ်မီးတို့၏ တစ်ခုချင်းဖြစ်စဉ်သဘော၊ အရှိန်အဟုန်သဘောကို ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်သက်ဝင်နိုင်ပါလျှင် လူ၏ကိုယ်တွင်း နှလုံးအိမ် (ဟာဒယဝတ္ထု) ၌ဖြစ်ပေါ်နေသော စိတ်ဝိညာဉ်၏သဘောထားကို သိနိုင်ပါသည်။

စိတ်သည် အချုပ်ဆိုရသော် တစ်ခုဖြစ် - ပျက်၊ တစ်ခုဆက်သဘောဖြင့် အတောမသတ်ဖြစ်နေသော အရှင်ဓာတ်ဖြစ်နေသည်။

ဤသည် စိတ်၏ဖြစ်ပေါ်ရာဌာန ဖြစ်ပေါ်မှုအခြေအနေတို့ကို သိပ္ပံပညာရှင်တို့ စမ်းသပ်မတွေ့ရှိရသေးပေ။ ဗုဒ္ဓက မိမိ၏သဗ္ဗညုတ ဉာဏ်တော်ဖြင့် လူသားအားလုံးသိရှိနိုင်ရန် အဘိဓမ္မာ၌ ထုတ်ဖော်ဟောကြားခဲ့ပါသည်။

## စိတ်၏အလျင်နှုန်း (ဖြစ်-ပျက်)သဘာဝ

စိတ်၏သဘာဝသည် အလွန်လျင်မြန်သည်။ ယင်းကို ဗုဒ္ဓက . . .

"ချစ်သားတို့ . . . စိတ်လောက်လျင်မြန်သောတရား တစ်စုံတစ်ခုကိုမျှ ငါဘုရား မြင်တော်မမူ၊ စိတ်၏လျင်မြန်ပုံကို ဥပမာပြဖို့ပင် မလွယ်ချေ"

ဟု ဗုဒ္ဓက မိမိ၏သဗ္ဗညုတဉာဏ်တော်ဖြင့် အင်္ဂုတ္တိုရ် အစ္ဆရာဝဂ် အင္ဂမသုတ်၌ ဟောကြားခဲ့ပါသည်။

ယင်းကို သာသနာနှစ်(၅၀၀)က မိလိန္ဒမင်းကြီးက စိတ်လျင်မြန်ပုံနှုန်းနှင့် ပတ်သက်၍ ရှင်နာဂသိန်ကို မေးသည်။

"အရှင်ဘုရား . . . အကယ်၍စိတ်သည် ရုပ်တစ်ခုကဲ့သို့ဖြစ်သည် ဆိုပါစို့။ ဤသို့ဖြစ်လျှင် လက်ဖျတ်တစ်တွက် အချိန်တစ်ချိန်အတွင်းဖြစ်သော စိတ်၏အပုံသည် အဘယ်မျှကြီးပါမည်နည်း"

"မင်းကြီး . . . စိတ်တစ်ခုကို စပါးစေ့တစ်စေ့နှင့် ပမာပြုသည် ဆိုကြပါစို့။ ဤသို့ပမာပြုလျှင် လက်ဖျစ်တစ်တွက်အချိန်အတွင်း၌ ဖြစ်ချုပ်သော စိတ်အပေါင်းသည် စပါးတင်း

www.dhammaransi.com



ပေါင်း (၁၂၀၁၉)တင်းနှင့် တစ်စိပ်နစ်ပြည့်၌ပါရှိသော စပါးစေ့ပေါင်းထက် (၁၆)ဆမက များလိမ့်ဦးမည်။

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ကာလကို ခေတ်နာရီဖြင့်ဆိုပါက တစ်စက္ကန့်ခန့်ရှိပါမည်ဟု ခန့်မှန်းရပါသည်။ တစ်စက္ကန့်အချိန်အတွင်း၌ စပါးတင်းပေါင်းသောင်းကျော်၌ပါရှိသော စပါးစေ့အရေအတွက်ထက် များသောစိတ်မှာ ဖြစ် - ချုပ်သည်ဟုဆိုရာ၌ စပါးတစ်တင်း၌ပင် စပါးစေ့ပေါင်း သိန်းသန်းမက ပါရှိနေပေသည်။

စပါးစေ့သချာဖြင့် ရှင်နာဂသိန်၏အဖြေကို နားရှုပ်ဖွယ်ရှိ၍ အရှင်မဟာဗုဒ္ဓဃောသက ခန္ဓသံယုတ်၊ ခန္ဓဝိဘင်း အဋ္ဌကထာ၌...

"စိတ်တို့သည် လက်ဖျစ်တစ်တွက် အချိန်အတွင်းမှာ ကုဋေတစ်သိန်းခန့်မျှ ဖြစ်ချုပ်ကြကုန်၏"

ဟု ရိုးရိုးသချာဖြင့် ဖော်ပြခဲ့ပါသည်။

တစ်စက္ကန့်ကို အပုံပေါင်းကုဋေတစ်သိန်းပုံလျှင် တစ်ပုံစာသည် စိတ်သက်ကာလဖြစ်သည်။ တစ်စက္ကန့်၏ ကုဋေတစ်သိန်းတစ်ပိုင်းသည် စိတ်သက်ကာလဟူ၍ ဆိုရပါမည်။

ဤစိတ်၏အလျင်ကို နိမိတ်ပုံဖြင့် ဆင်ခြင်စဉ်းစားကြည့်မည်ဆိုပါက ကြိုးစတစ်ဘက်၌ မီးရှို့ပြီးတစ်ဘက်ကိုင်၍ ရမ်းလိုက်သည်ရှိသော် မီးဝိုင်းကြီးပေါ်လာမည်။ ယင်းသည် ရမ်း၍ လည်နေသောအရှိန်အဟုန်ကြောင့် ဖြစ်သည်။ ဖြည်းဖြည်းကလေးရမ်းနေပါက မီးဝိုင်းကြီး ပေါ်လာမည်မဟုတ်ချေ။ သွက်လက်မြန်ဆန်သော အရှိန်အဟုန်ကလေးက မီးဝိုင်းကြီး ပေါ်လာခြင်းဖြစ်သည်။

ထိုကြိုးစမီးဝိုင်းကြီးကို မြင်တွေ့ရသောကလေးက မီးဝိုင်းကြီးဟူ၍သာ မှတ်ထင်ရာသည်။ လူကြီးကမူ ကြိုးစကိုကိုင်ပြီး ဝှေ့ရမ်းနေသောအဟုန်ကြောင့်သာ အဝိုင်းဖြစ်နေသည်။ တကယ်စင်စစ် အဝိုင်းမဟုတ်၊ ကြိုးစတစ်စသာဟု သိသည်။

ဤတွင် အမြင်နှင့်အသိသည် ဉာဏ်ပညာအတိမ်အနက်အရ ကွာခြားသွားသည်။ တစ်မျိုးစီဖြစ်သွားသည်။ မျက်မြင်သည် မမှန်၊ အသိသည် မှန်လေသည်။ အမြင်နှင့်အသိ ကွဲပြားသွားအောင် ဖန်တီးပေးသောအရာသည်ကား အခြားမဟုတ်၊ အလျင်အဟုန်ပင်ဖြစ်သည်။

သဘာဝဓမ္မကို လေ့လာစူးစမ်းနေကြသော သိပ္ပံပညာရှင်များသည် ယင်းတို့၌ရှိသော ဉာဏ်စွမ်းပကားအားနည်းမှုကြောင့် စိတ်၏ အလျင်အရှိန်အဟုန်နှုန်းကို ပြတ်ပြတ်သားသား မမြင်နိုင်ကြချေ။ စမ်းသပ်၍ မရနိုင်ကြပေ။

ထိုသို့မမြင် စမ်းသပ်၍ မရနိုင်သောကြောင့် စိတ်၏ဖြစ်စဉ်ကို မသိကြဘဲ စိတ်သည်တစ်ခုတည်းသာဖြစ်သည်။ အမြဲရှိနေသော သဘာဝတစ်မျိုးဟု မှားယွင်းစွာ သုံးသပ်စွဲယူခဲ့ကြသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဤစိတ်အခြေခံကို အကိုင်မှားခဲ့ရာမှ ဤကမ္ဘာလောကဝယ် ဝါဒအမျိုးမျိုးတွေ၊ ကိုးကွယ်မှုအမျိုးမျိုးတွေ ဖြစ်ပေါ်လာနေရခြင်းဖြစ်ပါသည်။

စိတ်၏ လျင်မြန်နှုန်းပြဿနာနှင့်ပတ်သက်၍ ခေတ်သိပ္ပံပညာရှင်တို့ ခေတ်သိပ္ပံနည်းဖြင့် ယနေ့ထိ ရှာမရကြသေးသလို လက်ရှိသာမန်လူတို့၏ ကိုယ်ပိုင်ဉာဏ်မျှဖြင့်လည်း ရှာ၍မရနိုင်ပါ။

လူသား၏ကိုယ်ကျင့်သီလကို အခြေခံပြီး နည်းစနစ်တကျ ထူထောင်အပ်သော သမာဓိကိုယ်စောင့်ပေါ်က ဉာဏ်ပညာဖြင့်သာ စူးစမ်းရှာဖွေနိုင်မည်ဖြစ်ပါသည်။

စိတ်သည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းတစ်ပိုင်းစာမျှ အဖြစ်၊ အပျက်၊ လျင်မြန်မှုကို ဗုဒ္ဓက အဘိဓမ္မာ၌ ဥပ္ပါဒ, ဘင်္ဂဟူသော ဝေါဟာရဖြင့် သုံးခဲ့ပါသည်။ ဥပ္ပါဒ = စ၍ဖြစ်ခြင်း၊ ဘင်္ဂ = ပျက်သောအစိတ်အပိုင်းဟူ၍ ဖြစ်ပါသည်။ ယင်းကို မြန်မာဘာသာပြန်သော်၊ အဖြစ်-အပျက် (ဖြစ်-ပျက်ဟူ၍ ဘာသာပြန်ပါသည်)

ယင်းဖြစ်-ပျက်စဉ်ကိုအချို့ပညာရှိတို့ကဥပါဒ်နှင့်ဘင် (ဖြစ်-ပျက်) တို့တောင်းလျင်မြန်လှသော်လည်း ယင်းဥပါဒ်နှင့် ဘင်အကြားဝယ် စိတ်၏ တည်တံ့မှုအခိုက်အတံ့ကလေး တစ်ခုရှိရမည်ဟု ယူဆပြီး စိတ်တစ်ခု၏ ခဏတာကာလကလေး၌ ဥပါဒ် - ဌီ - ဘင် (ဖြစ်-တည်-ပျက်) လက္ခဏာသုံးရပ်ကို လက်ခံထားကြပါသည်။

ယင်းစိတ်တစ်ခဏကို အဘိဓမ္မာပညာရှင်များက စိတ်အစဉ်သွားလာမှုကို ချပြရာ၌ အမှတ်အသားအားဖြင့် သုညသုံးလုံးနှင့် တန်းစီပြသကြလေ့ရှိပါသည်။

ပထမသုညက - ဥပါဒ်၊ ဒုတိယသုညက - ဌီ၊ တတိယသုညက - ဘင်ဟူ၍ ဖြစ်ပါသည်။

ထိုဥပါဒ်ခဏ၊ ဌီခဏ၊ ဘင် ခဏကလေးများတစ်ခုစီကို "ခဏငယ်" ဟုခေါ်သည်။ ထို(၃)ခုပေါင်းကို "ခဏကြီး" တစ်ခုဟု ခေါ်ပါ သည်။

ခဏကြီးတစ်ခုသည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံ၍ တစ်ပုံသာ ကြာသောခဏသာ ဖြစ်ပါသည်။

ဤကဲ့သို့ စိတ်တစ်ခုတစ်ခု၌ ဌီခဏ တိုတောင်းလှသဖြင့် စိတ်အသွင်ဟူ၍ မပေါ်နိုင်ခြင်းဖြစ်သဖြင့် ဥပါဒ်ဘင် (ဖြစ်-ပျက်) ဟူ၍သာ ယူနေကြခြင်းဖြစ်ပါသည်။

လူသား၌ သိတတ်သောသဘာဝတရား (စိတ်)ရှိသည့်နည်းတူ မသိတတ်သော သဘာဝတရား ရုပ်ဆိုတာလည်းရှိနေပါသည်။ ထိုရုပ်သည်လည်း ထာဝရတည်မြဲနေသည် မဟုတ်။ ဖြစ်-ပျက် ပြိုပြင်မှုရှိနေသော အနိစ္စသဘာဝ (မမြဲသော သဘာဝ) ရှိနေပါသည်။

ရုပ်သဘာဝ၌လည်းဥပါဒ်၊ဘင် (ဖြစ်-ပျက်) သဘာဝသည်စိတ်သဘာဝအတိုင်းပင် ဖြစ်ပြီး လျင်မြန်လှပါသည်။ ဆိုလိုသည်မှာ စိတ်၏ဥပါဒ်နှင့် ရုပ်၏ဥပါဒ်၊ စိတ်၏ဘင်နှင့် ရုပ်၏ ဘင်တို့သည် ဖြစ်-ပျက် လျင်မြန်ပုံ တူကြပါသည်။

www.dhammaransi.com



အရေးကြီးသော ထူးခြားချက်မှာ ရုပ်၏ဌီကာလဖြစ်ပါသည်။ ရုပ်၏ဌီကာလသည် စိတ်၏ဌီကာလထက် ပို၍ရှည်ကြာပါသည်။ ရုပ်၏တည်တံ့မှု (ဌီကာလ)သည် စိတ်၏တည်တံ့မှု (ဌီကာလ) ထက် ၄၈ - ဆမျှ ပို၍ရှည်ကြသည်။

(ရုပ်တစ်ခု၌ ဥပါဒ် ၁ + ဌီ ၄၉ + ဘင် ၁ = ၅၁ ချက်ဖြစ်လေရာ ရုပ်သဘာဝတစ်ခုတွင် ခဏငယ်ပေါင်း ၅၁ - ချက်ရှိသည်။ ယင်း ၅၁ ကို (၃)ဖြင့်စားသော် (၁၇)ချက်ရှိ၍ ခဏကြီး (၁၇) ချက်ဟု ဆိုပါသည်။ ယင်းကို နီးစိတ် (ဝီထိစိတ်)၌ သေချာစွာ သိရပါမည်)

စိတ်၌ ဌီကာလာသည် တိုတောင်းလျင်မြန်လွန်းလှသဖြင့် စိတ်၏ အသွင်သဏ္ဍာန် ရုပ်မပေါ်ပါ။ ရုပ်၌မူ ဌီကာလရှည်ကြာသဖြင့် ရုပ်အသွင် အဆင်းသဏ္ဍာန်ကိုယ်ခန္ဓာကြီး (ဝဏ္ဏ) ပေါ်နေ၍ မြင်နေရပါသည်။

စိတ်၏လျင်မြန်မှုနှင့် ပတ်သက်၍ သာမန်ပုထုဇဉ်လူသားတို့က ဉာဏ်အားနည်း၍ မသိမြင်ကြပါ။ မသိမြင်၍ ယုံကြည်မှုနည်းကြသည်။ ဗုဒ္ဓကမူ ဉာဏ်ပညာအထွတ်အထိပ်ဟူသော သဗ္ဗညုတဉာဏ်တော် ရ,ထား၍ ထိုစိတ်၏လျင်မြန်မှုကိုသိသည်။ ထို့အတွက် လောကလူသားများပါသိအောင် ထုတ်ဖော်ဟောကြားခဲ့ပါသည်။

ဗုဒ္ဓက ထိုသို့မြင်နိုင်ရန် ဉာဏ်အမြင်ရရန် သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်စခန်းကို နည်းပေးလမ်းပြခဲ့သည်။

မိမိက ဉာဏ်မမီမသိ၍ မယုံဟုမဖြစ်ရလေသော် တောင်ပေါ်ကလူနှင့် တောင်အောက်က လူအမြင်မတူပုံ တောင်ပေါ်ကလူ၏ အမြင်ပြောပြချက်ကို တောင်အောက်က မိမိ မမြင်၍ မယုံပါက အန္ဓပုထုဇဉ် အကာန်းနှင့်တူပုံ၊ မိမိတို့၌ ဘိုးဘွားဘီဘင်ရှိသည်။ မိမိတို့ မတွေ့မြင်၊ မသိခဲ့ကြ။ ထိုသို့ မတွေ့မြင် မသိခဲ့သဖြင့် မရှိ၊ မယုံဟူ၍ ပြော၍မရနိုင်ပေ။

သိပ္ပံပညာရှင်တို့က ရေကို ဟိုက်ဒရိုဂျင် ဓာတ် ၂ - ဆ၊ အောက်ဆီ ဂျင်ဓာတ် ၁ - ဆ၊ ဓာတ် ၂ - မျိုးပေါင်းပစ္စည်းဟုဆိုထားသည်ကို မိမိကိုယ်တိုင် မစမ်းသပ်၊ စမ်းသပ်မှုကိုလည်း မတွေ့ရ၍ မယုံကြည်ပါ၊ မရှိပါဟူ၍ ပြော၍မရပေ။

ပရမတ္ထသဘာဝတရားအရ သဒ္ဓါ = ယုံကြည်မှု၊ ဝီရိယ = လုံ့လစိုက်မှု၊ သတိ = မြဲမြံမှု၊ သမာဓိ = တည်ကြည်မှု၊ ပညာ = ဉာဏ်စေစားမှုဟူသော အချက်(၅)ချက်ကို မြဲမြံဆုပ်ကိုင်ထားပြီး လူသား၏စိတ်လျင်နှုန်းကို လေ့လာလျှင် တွေ့နိုင်သည်ဟု ဗုဒ္ဓက လမ်းညွှန်ခဲ့ပါသည်။ ထိုငါးနည်းဖြင့် လျင်သော မြန်သော ဖြစ်-ပျက်ရှိနေသောစိတ်ကို ဖမ်းချုပ်နည်းသမထ ဝိပဿနာကျင့်စဉ်လမ်းစဉ်ကို ထုတ်ဖော်ဟောကြားထားပေးခဲ့ပါ သည်။

စိတ်အလျင်နှင့် စိတ်ကိုထိန်းချုပ်နည်းကို သိပ္ပံပညာရှင်တို့က မတွေ့မမြင် မစမ်းသပ်နိုင်သေးပါ။ ဗုဒ္ဓကမူ လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်ကပင် ဖော်ထုတ်ပြီးခဲ့ပါပြီ။ ဗလ(၅) တန်ဖြင့် လေ့လာစူးစမ်းအားထုတ်ရန်သာ လိုပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



# နိုးကြားစိတ် (ဝီထိစိတ်) သဘာဝဖြစ်စဉ်

လက်ရှိကမ္ဘာ လူသားပေါင်းများစွာတို့သည် မျက်စိကိုအသုံးချပြီး မိမိတို့၏ဘဝ ဝန်းကျင်နှင့် နေ့စဉ် ဆက်သွယ်နေကြရသည်။ သူတို့သည် ကြည့်၍ မြင်၍သာလျှင် အလုပ်လုပ်နေကြသည်။

သိပ္ပံပညာရှင်တို့ကလည်း မျက်စိဖြင့်ကြည့်၍သာလျှင် သိပ္ပံပညာကို ရှာဖွေနေကြသည်။ လယ်သမား၊ အလုပ်သမားတို့ကလည်း မျက်စိဖြင့်မြင်၍ အလုပ်လုပ်နေကြသည်။

မျက်စိဖြင့် မြင်ရန်အတွက် စက္ခုပသာဒ (မျက်စိအကြည်ရုပ်) နှင့် ရူပါရုံ (အဆင်း) ရုပ်၊ အာလောက (အလင်း)၊ မနသိကာရ (နှလုံးသွင်းမှုဟူသော လက္ခဏာ ၄ - ချက်ရှိက စက္ခုဝိညာဏ (မြင်သိစိတ်) ဖြစ်ပေါ်ရသည်ဟု ဗုဒ္ဓ၏အဘိဓမ္မာက ဆိုပါသည်။

ထိုသို့မျက်စိမှ မြင်သိစိတ်ဖြစ်ပေါ်လာသော တွေ့ထိမှု (ဖဿ) ခံစားမှု (ဝေဒနာ)၊ လိုချင်မှု (တဏှာ)၊ စွဲလမ်းမှု (ဥပါဒါန်) ပြုလုပ်မှု (ကမ္မ) ဟူ၍ ထုတ်ဖော်ပြောပြရသော သဘောတရားများ ဖြစ်ပေါ်လာရသည်။

ဤကဲ့သို့ မျက်စိဖြင့်မြင်၍ သိမြင်ခြင်းကို ဘဝင်စိတ် (အိပ်ပျော်စိတ်) မှ နိုးလာခြင်း၊ နိုးစိတ် (ဝီထိစိတ်) ဟု အဘိဓမ္မာကခေါ်ပါသည်။

လူတစ်ယောက်အိပ်ပျော်ရာမှနိုးလာစဉ် အခိုက်အတန့်ကလေး၌ မနိုးမီ တတိယမြောက် နောက်ဆုံးအိပ်စိတ်ကလေးအခိုက် မျက်စိအတွင်းရှိ အကြည်ရုပ်ကလေး၌ ပြင်ပက ရူပါရုံအဆင်းဓာတ်ကလေးက လာထင်ဟပ်လိုက်သည်ရှိသော် အလင်းရောင်ကလည်း ရှိမည်ဆိုပါက စက္ခုပသာဒ (မျက်စိအကြည်ရုပ်) ကလေးနှင့် ပြင်ပအဆင်းဓာတ်တို့ ရုပ် (၂) ခုတို့ အတူတူဖြစ်ကြသည်။

တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံလျှင် တစ်ပုံစာမျှသာရှိသော ကာလတို့အတွင်း အဖြစ် (၃) ခု (ဥပါဒ် - ၃ - ချက်) ဆိုင်မိကြသည်။

- တတိယနောက်ဆုံးစိတ် (ဘဝင်စိတ်) (နာမ်)
- စက္ခုပသာဒ (မျက်စိအကြည်ရုပ်) (ရုပ်)
- ပြင်ပအဆင်းရုပ် (ရုပ်)

ဤနာမ်နှင့် ရုပ်သဘာဝ (၃) ချက်သည် တစ်ချိန်တည်းအတူ ဥပါဒ်ဖြစ်ပေါ်လာသည်။

စက္ခုအကြည်နှင့် ရူပါရုံ (၂) ခုသည် ရုပ်သဘာဝများဖြစ်ကြ၍ ဌီကာလချိန်တာ ကြာရှည်သည်။ အတူဖြစ်သော တတိယဘဝင်စိတ်ကလေးသည် ဥပါဒ်ပြီးနောက် ဌီ - ဘင် (၂) ချက်ဖြင့် (တည် - ပျက်) သွားပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ရုပ်သဘောမှာမူ ဖြစ်သည်မှ ချုပ်သည်အထိရောက်အောင် နာမ်သဘာဝပေါင်း (၁၇)မျိုးလိုက်ရသည်။

ရုပ်တစ်သက် = နာမ်(၁၇)ချက် (ညီမျှပါသည်) ရုပ်တစ်ခုတစ်ခုဖြစ် ပျက်ရာ၌လည်း ဖြစ်-တည်-ပျက် အားဖြင့် (၃)မျိုးပင်ရှိပါသည်။ ရုပ်တရားတို့၏ဖြစ်မှုကာလ(ဥပါဒ်ခဏ)နှင့် ပျက်မှုကာလ(ဘင်ခဏ)တို့သည် စိတ် (နာမ်)တရားတို့၏ ဖြစ်မှုကာလ၊ ပျက်မှုကာလနှင့် တူပါသည်။

သို့သော်လည်း စိတ်၏ဌီခဏသည် ခဏငယ်(၁)ချက်သာကြာ၏။ ရုပ်၏ဌီခဏကား ခဏငယ်ပေါင်း(၄၉)ချက်ကြာလေသည်။

ထို့ကြောင့် စိတ်သက်သည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ခဏ ၄၉-ချက်၊ ဘင်ခဏ(၁)ချက်အားဖြင့် ခဏငယ်ပေါင်း (၅၁)ချက်ရှိပါသည်။

ဤသို့လျှင် စိတ်တစ်ခုပျက်ရာ၌ ဥပါဒ်- ဌီ-ဘင်အားဖြင့် ခဏငယ် (၃)ချက်၊ (ခဏကြီးတစ်ချက်)သာ အသက်ရှည်၏။

ရုပ်တစ်ခုဖြစ်ပျက်ရာ၌ကား ဥပါဒ်-၁၊ ဌီ-၄၉၊ ဘင်-၁အားဖြင့် ခဏငယ်(၅၁)ချက်၊ ခဏကြီး (၁၇)ချက် အသက်ရှည်ပါသည်။

ထို့ကြောင့် စိတ်၏အသက်သည် ကာလတို၍ ရုပ်အသက်ကား ရှည်ကြာသည်။

ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏သန္တာန်၌ နီးစိတ် ဝင်ရာထွက်ရာအပေါက် (၆ါရ)နှင့် အထဲ၌ အကြည်ဓာတ်များ အသီးသီးရှိနေပါသည်။

| | | |
|---|---|---|
| မျက်စိအပေါက် | - | သန်း၏ဦးခေါင်းပမာဏရှိသော မျက်နက်ဝန်း မျက်စိအကြည်ရုပ် |
| နားအပေါက် | - | မွေးနီနုတို့ စုဝေးပေါက်ရာ လက်စွပ်ကွင်းသဏ္ဍာန်ရှိ နားအကြည်ရုပ်၊ |
| နှာခေါင်းအပေါက် | - | ဆိတ်ခြေသဏ္ဍာန်ရှိသော နှာခေါင်းအကြည်ရုပ် |
| လျှာအပေါက် | - | လျှာပြင်အထက်၌ ကြာရွက်ဖြားသဏ္ဍာန်ရှိသော လျှာအကြည်ရုပ် |
| ကိုယ်အပေါက် | - | တစ်ကိုယ်လုံးပျံ့နှံ့တည်နေသော ကိုယ်အကြည်ရုပ် |
| စိတ်အပေါက် | - | နှလုံးအိမ်၌တစ်လက်မခန့်ရှိသော သွေးအကြည်ရုပ် (ဟဒယဝတ္ထု) |

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အကြည်ရုပ်တစ်ခုခုနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ကြံစည်မှုတစ်ခုခုနှင့် တွေ့ထိမှု(ဖဿ)ဖြစ်ခဲ့သော် မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ်၊ အရသာ သိစိတ်၊ တွေ့ထိမှုသိစိတ်၊ ကြံစည်မှုသိစိတ်များ အသီးသီးဖြစ်ပေါ်လာရသည်။

www.dhammaransi.com



ထိုအခါအာရုံ၊ ရုပ်တရားတို့သည် စိတ္တက္ခဏ(၁၇)ချက် အသက်ရှည်သောကြောင့် ယင်းအာရုံနှင့်ရုပ်ကြောင့် ဖြစ်ပေါ်လာရသော နီးစိတ် (ဝီထိစိတ်)တို့သည်လည်း ဖြစ် - တည် - ပျက် (၁၇)ချက်ကြာအောင် ဖြစ်ရလေသည်။ ဤသို့ ရုပ်တရားတို့နှင့်အညီအမျှ နီးစိတ်တို့၏ စိတ္တက္ခဏ (၁၇)ချက်ကြာအောင်ဖြစ်မှုကို နီးစိတ်တစ်စိတ်(ဝါ) (တစ်ဝီထိ)ဟု သတ်မှတ်ပါသည်။

မျက်စိအကြည်ရုပ်နှင့် အဆင်းရုပ်တို့တွေ့ထိမှုကြောင့် အတူတကွဖြစ်ပေါ်ရာ၌ (နီးစိတ်တစ်စိတ်ဖြစ် - ပျက်သွားပုံကိုကြည့်လျှင် အောက်ပါ (ဝီထိစိတ်) အစဉ်ရှိသည်ကို အဘိဓမ္မာ၌ ထုတ်ဖော်ပြထားသည်ကို တွေ့ရပါသည်။ (ဝီထိစိတ်)

| | | | | | | | |
|---|---|---|---|---|---|---|---|
| တီ | န | ဒ | ပ | စ | သံ | ဏ | |
| ooo | ooo | ooo | ooo | ooo | ooo | ooo | |
| ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ |
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ရုံ | ရုံ | ဘင် | | | | | |
| ooo | ooo | ooo | | | | | |
| ၁ | ၂ | | | | | | |

o = ဥပါဒ်(ဖြစ်)    o = ဌီ(တည်)    o = ဘင်(ပျက်)

ယင်းတို့ကို အဘိဓမ္မာဝေါဟာရအရ

တီ - အတီတဘဝင် = လွန်သွားသောဘဝင်

န - ဘဝင်စလန = လှုပ်ရှားသောဘဝင်

ဒ - ဘဝင်ုပစ္ဆေဒ = ပြတ်သွားသောဘဝင်

ပ - ပဉ္စဒွါရာဝဇ္ဇန်း = အပေါက်ငါးခုတစ်ခုခု၌ ထင်လာသောအာရုံကို ဆင်ခြင်သောစိတ်

စ - စက္ခုဝိညာဏ် = မြင်သိစိတ်(သောတ၊ ဃာန၊ ဇိဝှါ၊ ကာယနည်းတူ)

သံ - သမ္ပဋိစ္ဆိုင်း = အာရုံကိုခံယူသောစိတ်

ဏ - သန္တီရဏ = အာရုံကိုစုံစမ်းသောစိတ်

ဝု - ဝုဋ္ဌော = အာရုံကိုဆုံးဖြတ်သောစိတ်

ဇ - ဇော = အာရုံအရသာကို အသုံးပြုခံစားသောစိတ် (၇)စိတ်

ရုံ - တဒါရုံ = ဇော၏အာရုံနောက်သို့ အရှိန်နှင့်လိုက်သောစိတ် (၂)စိတ်

ဤနီးစိတ်(၁၇)ချက်ဖြစ်ပြီးနောက် ဒုတိယတဒါရုံနှင့်ပြိုင်၍ ချုပ်ပြီး ဘဝင်စိတ် (အိပ် - စက်)များ ဆက်လက်ဖြစ်လေသည်။

www.dhammaransi.com



စိတ်၏အောက်က (ဝ)လုံး (၃)လုံးတွင် ပထမ(ဝ)လုံးက ဥပါဒ်ဖြစ်ခြင်း၊ ဒုတိယ(ဝ) လုံးက ဋ္ဌီ=တည်ခြင်း၊ တတိယ(ဝ)လုံးက ဘင်=ပျက်ခြင်းဟူသော ခဏဖြစ်-တည်-ပျက်မှု ခဏငယ်(၃)ချက်ဟုခေါ်သည်။ ထိုခဏငယ်တစ်ခုကို ခဏကြီးတစ်ခုဟုခေါ်သည်။ ထို့ကြောင့် ဖြစ်-တည်-ပျက် ခဏကြီး ၁၇-ချက်၊ ခဏငယ် ၁၇ × ၃ = ၅၁ ချက်ဟု အဘိဓမ္မာ၌ ဆိုထားခြင်း ဖြစ်ပါသည်။ ယခု မြင်သိနိုးစိတ်ကလေး အစဉ်ဖြစ်သွားပုံကို လေ့လာလျှင် ...

အိပ်ပျော်နေသော (ဝါ) ဘဝင်ကျနေသော လူတစ်ယောက်သည် နိုးခါနီး(ဝါ)နိုးစိတ်များဖြစ်လာခါနီးဆဲဆဲ၌ဘဝင်စိတ်၃-ချက်အမျှကျန်သောအချိန်(ဝါ)တတိယမြောက်နောက်ဆုံးဘဝင်စိတ်ဖြစ်ချိန်၌ မျက်လုံးထဲက အကြည်ရုပ်နှင့် ပြင်ပအဆင်းရုပ်တို့ စတင်တိုက်ဆိုင်ဖြစ်ကြလေသည်။

သို့သော် နောက်ဆုံး တတိယဘဝင်စိတ်ကလေးသည် စိတ်၏ အလျင်နှုန်းအဟုန် ကြောင့် ဖြစ်-တည်-ပျက်မှုဖြင့် အဆုံးသတ်သွားလေသည်။ ဤကဲ့သို့ ဘာမျှမထူးခြားဘဲ လွန်သွားရသည်ကို ပါဠိဘာသာဖြင့် အတီတအဝင်ဟု ခေါ်သည်။

နောက်ဆုံး ဒုတိယဘဝင်စိတ်ကလေးမှကား ဘဝင်အလျင်ပြတ်လုခါနီးဆဲဆဲဖြစ်၍ ဂဏမငြိမ်သော သဘောဖြစ်လာသည်။ ယင်းမငြိမ်သည်ကို ပါဠိဘာသာဖြင့် စလနဟု ခေါ်သည်။ ဘဝင်္ဂစလနစိတ်ဟုခေါ်သည်။

နောက်ဆုံးဘဝင်စိတ်ကလေးကမူ မိမိ ဖြစ်-တည်-ပျက်ပြီးသည်နှင့် ဘဝင်ကြောပြတ်ရသည်၊ သဘာဝမတူသော နိုးကြားစိတ်များ (ဝီထိ စိတ်များ) ဖြစ်ပေါ်လာရသည်။

ယင်းဘဝင်စိတ်ပြတ်သွားသည်ကို ဥပစ္ဆေဒဟူ၍ ပါဠိဘာသာဖြင့် ခေါ်သည်။ ထို့ကြောင့် နောက်ဆုံး ဘဝင်စိတ်ကို ဘဝင်္ဂုပစ္ဆေဒဟု ခေါ်သည်။

အိပ်ပျော်နေခိုက် (ဝါ)ဘဝင်ကျနေခိုက် အတောမသတ်ဖြစ်နေသော စိတ်များထဲမှ နိုးထခါနီး (ဝါ) ဝီထိစိတ်ပြောင်းခါနီး နောက်ဆုံး ဘဝင်စိတ်(၃)စိတ်ကိုယူ၍ အဘိဓမ္မာက အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟူ၍ ပိုင်းခြားနာမည် သတ်မှတ်ပေးခဲ့သည်။

ဘဝင်စိတ် (၃)စိတ်ပြတ်သွားပြီးနောက် မြင်သိ၊ နိုးစိတ်(၁၄)မျိုးတို့သည် ဆက်လက်အဆက်မပြတ် ဖြစ်ပေါ်လာသည်ဟု ဆိုရပါမည်။

ဘဝင်စိတ်၊ အိပ်စိတ် ချုပ်သွားပြီးနောက် မျက်စိအကြည်နှင့် အဆင်းတွေ့ထိမှုကြောင့်ဖြစ်ပေါ်လာသောအဆင်းအာရုံကိုဘာပါလိမ့်ဟုဆင်ခြင်သည်။ (ထိုဆင်ခြင်သောစိတ်သည် နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ အရသာနှင့်လျှာ၊ အတွေ့အထိနှင့်ကိုယ်တွေ့ဆုံမှု၌လည်း ဆင်ခြင်သဖြင့် ငါးပေါက်၌ ဆင်ခြင်စိတ် (ပဉ္စဒွါရာဝဇ္ဇန်)ဟု ခေါ်ပါသည်။ ပရမတ်၏သဘာဝမှာ ပြုလုပ်တတ်သောသတ္တိမရှိ၊ သူ့သဘောသူဆောင်၍ သူ၏လက္ခဏာနှင့်သူ ဖြစ်ပေါ်ချုပ်ပျက်ကာမျှသာ ဖြစ်ပါသည်။

---

www.dhammaransi.com



သို့ရာတွင် ထူးခြားသောလက္ခဏာကို အခြေခံ၍ လူများနားလည်အောင် ဝေါဟာရ မှည့်ခေါ်၍ ဖြစ်အောင်မလုပ်တတ်သော်လည်း လုပ်တတ်သကဲ့သို့ တင်စား၍ ပြောရခြင်းဖြစ်သည်။

ဘဝင်စိတ်ပြတ်ပြီးနောက် ပထမဆုံး စတင်ဖြစ်ပေါ်လာသော နိုးစိတ်ကလေးသည် ရုပ်မဟုတ်၊ နာမ်သဘောတရားဖြစ်၍ အခြေခံအားဖြင့် အာရုံသို့ညွတ်သောသဘော၊ အာရုံကို သိသောသဘောရှိပါသည်။

ထိုသဘောရင်း(၂)ရပ်အပြင် အာရုံကို တကယ်မဆင်ခြင်သော်လည်း ဆင်ခြင်ဘိ သကဲ့သို့ဖြစ်၏။ ဤသို့ ဆင်ခြင်သကဲ့သို့ဖြစ်သော လက္ခဏာကိုအစွဲပြုပြီး ဤစိတ်ကို အာဝဇ္ဇန်း စိတ်ဟူ၍ နာမည်ခေါ်ခြင်း ဖြစ်ပါသည်။

အခြားစိတ်များလည်း ဤနည်းတူပင် လက္ခဏာသဘာဝထူးရာကို လိုက်ပြီး အမည် ပေးထားခြင်း ဖြစ်ပါသည်။

အာဝဇ္ဇန်စိတ်ချုပ်ပြီးနောက် ဆက်တိုက်ဖြစ်ပေါ်လာသော စိတ်ကား မျက်စိအကြည် ရုပ်ကလေးကို အမှီပြု၍ အဆင်းဓာတ်ကိုသိမြင်သော စိတ်ဖြစ်သည်။ ယင်းကို ပါဠိဘာသာဖြင့် စက္ခုဝိညာဏ်စိတ်ဟူ၍ အမည်ပေးထားခဲ့ပါသည်။ သိမြင်စိတ်ဟု အဓိပ္ပာယ်ရပါသည်။

အတီတဘဝင်နှင့် အတူဖြစ်ခဲ့သော အဆင်းရုပ်သည် တည်ဆဲ (ဌီခဏ)ရှိနေ၏။ ထို ပစ္စုပ္ပန်ရုပ်အဆင်းကို အာရုံပြုပြီး ထိုအာရုံကို ဆက်၍လက်ခံသည့်အနေဖြင့် လက်ခံစိတ်ရှိ သည်။ ယင်းကို သမ္ပဋိစ္ဆိုင်းစိတ်ဟူ၍ ပါဠိဖြင့် အမည်ပေးထားပါသည်။ ကောင်းစွာခံယူခြင်းဟု အဓိပ္ပာယ်ရပါသည်။

လက်ခံစိတ်ချုပ်ပြီးနောက် ထိုပစ္စုပ္ပန်အဆင်းကို ဘာပါလိမ့်ဟု စုံစမ်းသောစိတ်ကို သန္တီရဏဟု ပါဠိဘာသာဖြင့် ခေါ်ပါသည်။

စုံစမ်းစိတ်ချုပ်ပြီးနောက် တည်ခဏရှိနေသောအဆင်းကို ဘာအဆင်းပဲဟု ဆုံးဖြတ် မှုပေးသောစိတ်ကို ပါဠိဘာသာအားဖြင့် ဝုဋ္ဌောဟု ခေါ်ပါသည်။

ဌီခဏအားဖြင့် ရှိနေဆဲဖြစ်သော အဆင်းရုပ်ကို ဆင်ခြင်ခြင်း၊ မြင်ခြင်း၊ ခံလင့်ခြင်း၊ စုံစမ်းခြင်း၊ ဆုံးဖြတ်ခြင်းဟူသော ကိစ္စ(၅)ရပ်ဆောင်ရွက်ပြီးဖြစ်သည်။

ယခုခါ ထိုအဆင်းကို အာရုံပြုလျက် စိတ်တစ်မျိုးထပ်ဖြစ်လာသည်။ ယင်းစိတ်သည် တစ်မျိုးတစ်စားတည်းနှင့်ပင် (၇)ကြိမ် ထပ်၍ထပ်၍ဖြစ်၏။ ပထမစိတ် ဖြစ်-တည်-ပျက် ပြီးလျှင် ဒုတိယစိတ်ဖြစ်လာ၏။ ဤနည်းဖြင့် (၇)ကြိမ်အထိ ဖြစ်သွား၏။

ဤသို့စိတ်တစ်မျိုးတည်း (၇)ကြိမ်ထပ်ဖြစ်သောအခါ လူတစ်ယောက်သည် ခုနစ် လှမ်းပြေးသကဲ့သို့ဖြစ်သည်။ မြန်ဆန်သောသဘော၊ အရှိန်အဟုန်သဘောဆောင်လာသည်။

www.dhammaransi.com



ဤမြန်ဆန်သောအရှိန်အဟုန်သဘောကို ပါဠိဘာသာဖြင့် ဇဝနဟုခေါ်သည်။ ယင်းကို မြန်မာမှုပြုသောအခါ "ဇော" ဟူ၍ဖြစ်လာပါသည်။

ဘဝင်စိတ် ၃-မျိုး၊ အာဝဇ္ဇန်းစသောစိတ် ၅-မျိုး၊ ယခုဇောစိတ် ၇-မျိုး၊ စုစုပေါင်း ၁၅-စိတ်၊ ဖြစ်-တည်-ပျက်နှင့်ဖြစ်သွားသည်။ သို့သော် အတီတဘဝင်နှင့်အတူဖြစ်ခဲ့သော အဆင်းရုပ်ကလေးသည် မချုပ်သေးပါ။ ရုပ်သက်သည် စိတ်ခဏကြီး ၁၇-ချက်၊ ခဏလေး ၅၁-ချက်ရှိနေသောကြောင့် နောက်ထပ်စိတ် (၂)မျိုးထပ်ဖြစ်ပြန်ပါသည်။

ထိုစိတ်(၂)မျိုးသည်ဇောစိတ်၏အာရုံကိုပင် အာရုံပြုသည်။ လူတစ်ယောက်ပြေးနေသော အရှိန်အဟုန်သည် ရုတ်တရက်တိခနဲတည်း ရပ်၍မရ၊ အရှိန်အဟုန်ရှိနေ၍ အနည်းငယ်ရှေ့သို့ ပြေးထွက်ရသည်။ စားနေသောသူသည် စားနေသောအရသာကို ရုတ်တရက် ရပ်၍မရ၊ အရှိန်အဟုန်လိုက်၍ အကြွင်းအကျန်ကို လျှာဖြင့်လျက်၍ မြိုချရသကဲ့သို့ ထိုဇောအရှိန်အဟုန်နောက်သို့ လိုက်သောစိတ်ကို တဒါရမ္မဏစိတ္တ = တဒါရုံ စိတ်ဟုခေါ်ပါသည်။

(တံ = ထိုဇောစိတ်အာရုံကိုပင်၊ အာရမ္မဏ = ဆက်ပြီးအာရုံပြုသော၊ စိတ္တံ = စိတ်တည်)

ထိုတဒါရုံစိတ်သည် အရှိန်အဟုန်ကြီးသော ဇောစိတ်နောက်သို့ တစ်ကြိမ်တည်း မလိုက်ပါ။ ၂-ကြိမ်လိုက်သဖြင့် တဒါရုံ(၂)ကြိမ်ဟု ဆိုပါသည်။

တဒါရုံ(၂)ကြိမ် ဖြစ်-တည်-ပျက်ပြီးသောအခါ စိတ်ခဏကြီး (၁၇) ချက်ပြည့်သွားသည်။ သို့အတွက် အတီတဘဝင်နှင့်အတူဖြစ်ခဲ့သော အဆင်းရုပ်သည် ယခု ဒုတိယတဒါရုံစိတ်၏ ဘင်(ပျက်စိတ်)နှင့်အတူ ပျက်သွားလေသည်။

ယင်းအဆင်းရုပ်ကလေး မြင်သိစိတ် ဖြစ်ပေါ်မှုသဘာဝကို အဘိဓမ္မာဋီကာဆရာက လူတစ်ယောက် သရက်ပင်အောက်၌ အိပ်ပျော်နေသောသဘာဝနှင့် နှိုင်းယှဉ်ပြပါသည်။

- လူတစ်ယောက်သရက်ပင်အောက်မှာ ခေါင်းမြီးခြုံပြီး အိပ်ပျော်နေသည်။ (ဘဝင်ကျနေခြင်းအိပ်ပျော်နေခြင်းနှင့်တူသည်)
- အနီးအပါး၌ သရက်သီးကြွေကျသံကြား၍ လန့်နိုးလာသည်။ (ဘဝင်္ဂစလန - ဘဝင်္ဂုပစ္ဆေဒနှင့် တူသည်)
- ဘာပါလိမ့်ဟု ဆင်ခြင်ကြည့်မိသည်။ (ပဉ္စဒွါရာဝဇ္ဇန်းနှင့်တူသည်)
- သရက်သီးကိုမြင်သည်။ (စက္ခုဝိညာဏ် = မြင်သိစိတ်ဖြစ်မှုနှင့်တူသည်)
- လက်ဖြင့်ကောက်ယူမိသည်။ (သမ္ပဋိစ္ဆိုင်းလက်ခံခြင်းနှင့်တူသည်)
- မှည့်-မမှည့် နှိပ်နယ်စုံစမ်းကြည့်သည်။ (သန္တီရဏစုံစမ်းမှုနှင့်တူသည်)

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



- အနံ့ခံပြီးမှည့်မှန်းသိသည်။ (ဝုဋ္ဌော - ဆုံးဖြတ်မှုနှင့်တူသည်)
- စားသည် (ဇောဖြစ်ခြင်းနှင့်တူသည်)
- အကပ်အသပ်ကလေးကို လျှာဖြင့်လျက်၍ မျိုချသည်။

  (တဒါရုံအရှိန်အဟုန်လိုက်သည်နှင့်တူ၏)
- တစ်ဖန် ခေါင်းမြီးခြုံပြီးအိပ်သည်။

(တစ်ဖန် ဘဝင်ကျသွားသည်နှင့် တူသည်)

(အလားတူ အသံကြားမှု၊ အနံ့နံမှု၊ အရသာသိမှု၊ အတွေ့အထိ ခံစားမှုတို့သည်လည်း ဤသဘောအတိုင်းအစဉ်ပြုပြီး ဖြစ် - တည် - ပျက် - ချုပ်ကြပါသည်)

အိပ်ပျော်နေသူ (ဝါ) ဘဝင်ကျနေသည်။ အိပ်ရာက နိုးခါနီးဆဲဆဲ၌ သူ၏မျက်စိ အကြည်ရုပ်ကလေးတွင် ပြင်ပကအဆင်းရုပ်ကလေး ထင်ဟပ်လာသောအခါ ထိုအဆင်းရုပ် ကလေးသည် ဖြစ် - တည် - ပျက်ဟူသော သဘာဝနိယာမအတိုင်း ဖြစ်သွားလေသည်။

ဤသို့ ရုပ်သဘာဝကလေးတစ်ခုဖြစ်ပေါ်ရာတွင် ထိုရုပ်ကို အကြောင်းပြုပြီး နာမ် သဘာဝကလေးပေါင်း (၁၇) မျိုးလည်း အတူတူ ဖြစ် - တည် - ပျက်သွားရပါသည်။

သို့သော် ရုပ်တစ်သက် = နာမ် ၁၇ - သက်၊ (ဝါ) ရုပ်အဖြစ်နှင့် နာမ်အဖြစ် ရုပ် အပျက်နှင့်နာမ်အပျက်တို့သည်အချိန်တူအသက်တူသော်လည်းရုပ်၏ဌီနှင့်နာမ်၏ဌီတို့သည် မတူကြပါ။ ရုပ်၏တည်ရှိချိန် (ဌီကာလ)က နာမ်၏တည်ရှိချိန်ထက် (၄၈)ဆမျှ ပိုကြာသဖြင့် ထိုရုပ်၏ တည်ရှိချိန် (ဌီကာလ)၌ စိတ်သဘာဝပေါင်း ၁၆ - ခု နီးပါးလိုက်၍ ဖြစ်ပျက်ရသည်။

စိတ်အစဉ် (၁၇) ချက်တွင် အတီတဘဝင်၏ဖြစ်ချိန်နှင့် အဆင်းရုပ်၏ဖြစ်ချိန် အချိန် တူသည်။ ဒုတိယတဒါရုံစိတ်၏ ပျက်ချိန် (ဘင်ခဏ) နှင့် အဆင်းရုပ်၏ပျက်ချိန်သည် တူပါ သည်။

အတီတဘဝင်စိတ်၏ ဌီကာလမှစ၍ ဒုတိယတဒါရုံစိတ်၏ ဌီကာလတိုင်အောင် သည်ကား အဆင်းရုပ်အသက်ရှည်ကြာတည်နေသော ရုပ်၏တည်ချိန်ကာလ (ဌီကာလ)ဖြစ် နေပါသည်။ ထိုရုပ်၏ဌီကာလကို စိတ် ၁၆ - စိတ်နှင့်ခဏငယ်(၂)ချက် ခဏငယ်ပေါင်း ၄၉ - ချက်မျှ လိုက်ရလေသည်။

ခဏငယ် (၅) ချက်ကို မှတ်ည်ပြောရလျှင် ...

အဆင်းရုပ်၏ ဖြစ်ခဏ၊ ပျက်ခဏနှင့် အတီတဘဝင်၏ဖြစ်ခဏ ဒုတိယ တဒါရုံစိတ် ၏ ပျက်ခဏအချိန်တူ၏။

ရုပ်၏တည်ရှိမှုခဏသည် ၄၉ - ချက်အချိန် အတောအတွင်း၌ အဆင်းရုပ်အာရုံကို ယူ၍ ပဉ္စဒွါရာဝဇ္ဇန်းစသော စိတ်သဘာဝ(၅)ချက် ဇောသဘာဝ(၇)ချက်၊ တဒါရုံစိတ်သဘာဝ တို့သည် သူ့သဘာဝနှင့်သူ သူ့ကိစ္စသူ ဆောင်ရွက်ပြီး ချုပ်သွားကြပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဤနိုးစိတ် (ဝီထိစိတ်)ဖြစ်ရာ၌ ဘဝင်၏အခြားမဲ့၌ အာဝဇ္ဇန်းဖြစ်ရမည်။ အာဝဇ္ဇန်း၊ အခြားမဲ့၌ စက္ခုဝိညာဏ်စိတ်ဖြစ်ရမည် စသည်ဖြင့် ပြုပြင်စီမံနိုင်သူ၊ နတ်၊ လူ၊ ဗြဟ္မာ ထာဝရဘုရားတစ်စုံတစ်ယောက်မျှ မရှိပါချေ။

ထိုသို့မရှိပါဘဲလျက် ပြခဲ့သောအထက်ပါဥပမာအရ အာရုံ၏ပသာဒ၌ ထိခိုက်ခြင်းကိုစွ၊ ဘဝင်အစဉ်ပြတ်ခြင်းကိုစွ၊ မြင်ခြင်းကိုစွစသည်တို့ကိုယ်စီကိုယ်င ရှေ့နောက်မတူအောင် အသီးသီးဆောင်ရွက်လျက် ရှည်လျားစွာ တသီတတန်းကြီး အချက်ကျအောင်ဖြစ်ပုံသည် မျက်မြင်မဟုတ်စေကာမူ သဘာဝဓမ္မဖြင့် လွန်စွာထင်ရှားလျက်ရှိသောကြောင့် ဆန်းကြယ်၍ အံ့သြဖွယ်ကောင်းသော စိတ်နိယာမသဘာဝပင် ဖြစ်ပါသည်။

ဤနိုးစိတ် - ဘဝင်စိတ်တို့၏ သဘာဝကိုလည်းကောင်း၊ ထိုသဘာဝ၏ အမည်နာမများကိုလည်းကောင်း၊ လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်က အိန္ဒိယတွင် ပေါ်ထွန်းခဲ့သော ဗုဒ္ဓဂေါတမက ထိုခေတ်က လူအများနားလည်သောဘာသာစကားကို အသုံးပြု၍ ဖော်ထုတ်ပေးခဲ့သည်။

ဗုဒ္ဓဂေါတမသည် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားစစ်စစ် ဖြစ်တော်မူပြီး နောက်သီတင်း(၄)ပတ်အကြာရတနာဃရရွှေအိမ်တော်ရှင်သဘာဝတရားအားလုံးကိုဉာဏ်တော်ဖြင့် သုံးသပ်ခဲ့သည်။ ဤသို့သုံးသပ်ရာ၌ သဘာဝအနှစ် ပရမတ်အစစ်များနှင့်တကွ ပညတ်အမျိုးမျိုးကို ထည့်သွင်းဆင်ခြင်ပြီး ဤကဲ့သို့ ဝေါဟာရများကို အမည်ပေးခဲ့ပါသည်။

ယနေ့သိပ္ပံပညာသည် ဤသဘာဝနိယာမများကို ထုတ်ဖော်ပြ၍မရကြသေးပါ။ စမ်းသပ်၍မရကြသေးပါ။ ဗုဒ္ဓဂေါတမကမူ သူ၏သမထ၊ ဝိပဿနာကျင့်စဉ်နည်းအတိုင်းသာလိုက်နာကျင့်သုံးကြမည်ဆိုလျှင် ထိုသဘာဝများကို သိနိုင်၊ ထိန်းသိမ်းနိုင်ပြီး နောက်ဆုံး ဤလူ့လောကအပါအဝင် (၃)ဘုံကလွတ်မြောက်မည်ဟု ဟောကြားခဲ့သလို လမ်းစဉ်ကိုလည်း ချမှတ်ပေးထားခဲ့ပါသည်။

## အဆင်းရုပ်မှတစ်ဆင့် အရာဝတ္ထုကိုသိခြင်းသဘာဝ

မျက်စိဖြင့်မြင်မှုနှင့်ပတ်သက်၍ မြင်သည်ဆိုသောကိစ္စ၌ လူအများက အရာဝတ္ထုကိုမြင်သည်ဟုထင်မှတ်ကြသည်။ ပန်းကလေးတစ်ပွင့်ကိုမြင်ကလူများကသူမြင်သည်။ ငါမြင်သည်ဟု ယူဆထားကြသည်။ ဤအယူအဆသည် ကလေးဘဝမှစပြီး သမုတိလောကကြီးထဲမှာ သိရိုးသိစဉ်သိထားသော အသိဖြစ်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဤအသိကို ဗုဒ္ဓ၏အဘိဓမ္မာက လက်မခံပါ။ ထိုမြင်မှုကို အနစိတ် ဖော်ပြသေးပြန်ပါသည်။

မြင်သည်ဆိုသည်မှာ စင်စစ်အပြင်မှ အဆင်းအာရုံနှင့် မျက်စိထဲက အကြည်ရုပ် (မှန်ရုပ်)တို့ တိုက်ဆိုင်မှုကိုပင် မြင်သည်ဟု ခေါ်ပါသည်။

ဥပမာ - မျက်စိမှိတ်ထားပြီး မျက်စိရှေ့မှာ ပန်းတစ်ပွင့်ချထားပါ။ ပြီးလျှင် မျက်စိဖွင့်ပြီး ကြည့်လိုက်ပါ။ အရင်ဆုံး ဖြူ၊ နီ၊ ညိုပြာ၊ အရောင်အသွေးအဆင်းကို မြင်ပါမည်။ ပန်းပွင့်တစ်ခု၏ ဒြပ်ဝတ္ထုကြီးတစ်ခုလုံးကို မမြင်သေးပါ။ ပန်းပွင့်အပေါ်၌ မှီနေသောအဆင်းကိုသာ မြင်ခြင်းဖြစ်ပါသည်။

ထိုသို့အဆင်းကို မြင်ရာမှာလည်း ပန်းပွင့်မှာရှိသော အဆင်းအားလုံးကို မြင်တာမဟုတ်ပါ။ မျက်စိအကြည်ရုပ်မှာ ထင်ဟပ်သော အခိုက်အတန့်ကလေးဖြစ်ပေါ်သော ပစ္စုပ္ပန်အဆင်းရုပ်ကလေးကိုသာ မြင်ခြင်းဖြစ်ပါသည်။ ပျက်၍ပျက်၍ ပြောင်းလဲကုန်ဆုံးသွားသော အတိတ်အဆင်းတို့ကို မမြင်ရပါ။

ပန်းပွင့်ပေါ်မှာရှိသော အဆင်းအရောင် ဓာတ်သဘာဝကလေးသည် မပြတ်ဖြစ်ပျက်နေသည်။ ပြောင်းလဲနေသည်။ အဟောင်းပျက်သွားသောနေရာ၌ အသစ်များ၊ အစားထိုးဖြစ်နေသည်ဟု နားလည်ရမည်ဖြစ်ပါသည်။ ဖယောင်းတိုင်မီးတွန်းရာ၌ပြောင်းလဲသကဲ့သို့ပြောင်းလဲဖြစ်ပေါ်နေပါသည်။

ပစ္စုပ္ပန်ဖြစ်သောအဆင်းရုပ်နှင့် မျက်စိအကြည်ရုပ် (မှန်ရုပ်)တို့ တိုက်ဆိုင်မိ၍ မြင်သောအခါများ ဖြစ်ပေါ်လာသောစိတ်များကို တန်းစီဖော်ပြရာ၌ ဘဝင်စိတ်(၃)စိတ်ချန်ထားလျှင် နိုးစိတ် (ဝီထိစိတ်) ၇ - မျိုးသာ ဖြစ်ပါသည်။ (ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇော၊ ရုံ)တို့ ဖြစ်ပါသည်။

ပန်းကလေးမှာရှိသော အဆင်းရုပ်တစ်ရုပ်၏ ပစ္စုပ္ပန်ဆတ်ဆတ်မှာ မြင်ရမှုတွင် ဘဝင်စိတ် - ၃ ၊ ဝီထိစိတ် - ၁၄ အားဖြင့် စိတ်ခဏကြီး ၁၇ - ချက် ခဏငယ် ၅၁ - ချက် ဖြစ်၍ ဖြစ်၍ချုပ်သွားပြီး ဖြစ်ပါသည်။

ဤနေရာ၌ သတိပြုရမည်မှာ ပစ္စုပ္ပန်အဆင့် ရုပ်ပျက်သွားပြီး သူ့ကိုအာရုံပြု၍ဖြစ်သော စိတ် ၁၇ - မျိုးသည်လည်း သူနှင့်အတူ ချုပ်ပျောက်သွားပြီးဖြစ်၍ ဤအဆင့်တွင် အဆင်းကို မြင်ရရုံပဲရှိပေးသည်ကို သတိပြုရပါမည်။

ဖြူ၊ ပြာ၊ နီ၊ ဝါ၊ ညိုဆိုသောအဆင်းကိုသာ မြင်သောအဆင့်ဖြစ်ပါသည်။ ပန်း၏ ဒြပ်ဝတ္ထုကို မသိသေးပါ။ ဤအဆင့်ကိုမြင်သော အဆင့်ဟူ၍သာ သတ်မှတ်ထားရပါမည်။

လူ၏မျက်စိသည် ဤအမြင်အဆင့်မှာပင် အဆုံးသတ်သည်။ မျက်စိသည် မြင်ရုံလောက်ပဲ အသုံးဝင်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဒြပ်ဝတ္ထုကို သိဖို့ကိစ္စမှာမူ မျက်စိနှင့်မသက်ဆိုင်ပါ။ စိတ်အသိ (မနောဝိညာဏ)ဟု ခေါ်သော လူ၏အတွင်းပိုင်းစိတ်၏ အခန်းကဏ္ဍဖြစ် သွားရပါသည်။ နှလုံးသားအတွင်းမှာရှိသော သွေးအကြည်ရုပ်တွင် မှီနေသော အသိစိတ်ကလေး၏တာဝန်ဖြစ်နေပါသည်။ ဤမနောဝိညာဏ၏အဆင့်ကို အသိအဆင့်ဟု သတ်မှတ်ရပါမည်။

ခုနပန်းပွင့်ကလေးမှာရှိသော ပစ္စုပ္ပန်ဆတ်ဆတ်အဆင်းရုပ်ကလေးသည် ခဏငယ် ၅၁-ချက်ပြည့်၍ ချုပ်သွားပြီးသောအခါ သူသည် အတိတ်အဆင်း (ဝါ) လွန်လေပြီးသော အဆင်းဖြစ်သွားပါသည်။

ဤအတိတ်ဖြစ်သွား လွန်သွားသော အဆင်းရုပ်ကလေးကို စိတ်အသိဆိုသော မနောဝိညာဏ်စိတ်က လိုက်ဖမ်းယူပါသည်။ ပစ္စုပ္ပန်ရုပ် ချုပ်ပျက်သည်နှင့်တစ်ဆက်တည်း ဆက်ခံပြီး ဆောင်ရွက်ပါသည်။

ပစ္စုပ္ပန်ဆတ်ဆတ်ဖြစ်သော အဆင်းရုပ်ကလေး ချုပ်ပျောက်သွားသော ပစ္စုပ္ပန်ဝီထိစိတ်များ၏နောက်ကိုအစဉ်လိုက်၍ဖြစ်သောစိတ် (ဝါ) ဆက်ဖြစ်နေသောအသိစိတ်ကို (မနောဝိညာဏ်စိတ်) ဟု ခေါ်ပါသည်။

မနောဆိုသည်မှာ ဘဝင်ကို ဆိုလိုပါသည်။ ဘဝင်ကိုအခြေခံပြီးဖြစ်လာသော စိတ်ဖြစ်၍ မနောဝိညာဉ်ဟု ခေါ်ပါသည်။ စိတ်နှင့်ဝိညာဉ်သည် သဘာဝအတူတူ တစ်ခုတည်းဖြစ်ပါသည်။

ခုနက ချုပ်ပျက်သွားသောအတိတ်အဆင်းရုပ်သည် မနောဘဝင်မှာ လာပြီးထင်ပါသည်။ ပစ္စုပ္ပန်အဆင်းတုန်းက မျက်စိအကြည်ရုပ်မှာ ထင်လာခြင်းဖြစ်သကဲ့သို့ အတိတ်အဆင်းရုပ်သည်လည်း မနောဘဝင်မှာ ထင်လာပါသည်။

ဤကဲ့သို့ ထင်လာသောအတိတ်အဆင်းကို အကြောင်းပြုပြီး မနောဝိညာဏ်စိတ်များဆက် ဖြစ်လာပါသည်။ ပစ္စုပ္ပန်ရုပ်နှင့် စိတ်ဝီထိ ချုပ်သွားပြီးတိုင်း ဤမနောဝိညာဏ်စိတ်သည် ဆက်ဖြစ်မြဲ ဖြစ်ပါသည်။ မည်သူကမျှ လာမလုပ်ရပါ။ သူ့ဓမ္မတာအတိုင်း လောကကြီး၏ သဘာဝနိယာမအတိုင်း ဖြစ်ခြင်းဖြစ်လာရခြင်း ဖြစ်ပါသည်။ ဤအသိအဆင့်မှာ ဖြစ်ပေါ်သော စိတ်များကမူ ဝီထိစဉ်ချကြည့်ပါက -

| | | | | | | | |
|---|---|---|---|---|---|---|---|
| န | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |
| ဇ | ရုံ | ရုံ | | | | | |
| ၀၀၀ | ၀၀၀ | ၀၀၀ | | | | | |

ဟူ၍ တွေ့ရပါမည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဘဝင်္ဂစလနစိတ်၊ မနောဒွါရာဝဇ္ဇန်းစိတ်၊ ဇောစိတ်၊ တဒါရုံစိတ်ဟူ၍ စိတ်(၄)မျိုးဖြစ်သည်ကို တွေ့ရပါမည်။ ဘဝင်္ဂစလနစိတ်ကို ဖယ်လိုက်ပါက နီးစိတ် (ဝီထိစိတ်) ၃-မျိုး ကျန်ပါသည်။ မနောဒွါရာဝဇ္ဇန်း-၁၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ပေါင်းလိုက်ပါက မနောဝိညာဉ်စိတ် (၁၀)စိတ်ဖြစ်ပြီး ချုပ်ပျက်သွားပါသည်။

ဤမနောဝိညာဉ်စိတ်သည် အတိတ်ဖြစ်သောအဆင်းရုပ်ကို အာရုံပြုသည် (ဝါ) အကြောင်းပြုသည်ဆိုသည်ကို သတိထားခွဲခြားမှတ်ရပါမည်။

ပြန်ကောက်ကြည့်မည်ဆိုပါက ပထမအဆင့်၌ ပန်းတစ်ပွင့်ကို မြင်သည်ဆိုသော နေရာမှာ ပန်းအပေါ်မှာ မှီ၍ဖြစ်နေသော အဆင်းကို မြင်ခြင်းဖြစ်ပါသည်။ ထိုအဆင်းရုပ်ထဲများမှ အဆင်းကို မြင်သိစိတ် (စက္ခုဝိညာဏဝီထိစိတ်) အုပ်စုနှင့် မြင်ခြင်း ဖြစ်ပါသည်။

ထိုပစ္စုပ္ပန်အဆင်းချုပ်သွား၍ အတိတ်ဖြစ်သွားသောအဆင်းရုပ်ကိုမူ မနောဝိညာဉ်စိတ်က ဆက်၍ သိခြင်းဖြစ်ပါသည်။

တစ်နည်းပြောရလျှင် မျက်စိက ပစ္စုပ္ပန်ကိုမြင်သည်။ မနောဝိညာဉ်က အတိတ်ကိုသိသည် ဟု ဆိုရပါမည်။

နောက်တစ်ဆင့်မှာ ပန်းဆိုသောအမည်ပညတ်ကို ဆက်ဖြစ်သော မနောဝိညာဉ်အချို့က သိပါသည်။ ယင်းမှာ တတိယအဆင့် ဖြစ်ပါသည်။

ထိုမနောဝိညာဉ်အုပ်စု ချုပ်ပျက်သွားသည်နှင့်တစ်ပြိုက်နက်တည်း ပန်းဒြပ်ဝတ္ထုတစ်ခုလုံးကိုသိသော မနောဝိညာဉ်စိတ်တစ်အုပ်စု ဖြစ်လာပါသည်။ စတုတ္ထအဆင့် ဖြစ်ပါသည်။

သို့အတွက် ပန်းတစ်ပွင့်ကို မြင်ရန်၊ သိရန်အတွက် စိတ်အုပ်စု (၄)စု ဖြစ်လာရပါသည်။

| | | |
|---|---|---|
| ပထမအုပ်စုက | - | ပန်း၏ပစ္စုပ္ပန်အဆင်းကိုမြင်သော စက္ခုဝိညာဉ်စိတ်အုပ်စု |
| ဒုတိယအုပ်စုက | - | အတိတ်အဆင်းကိုဆက်ဖြစ်သိသော မနောဝိညာဉ်စိတ်အုပ်စု |
| တတိယအုပ်စုက | - | ပန်းအမည်ပညတ်ကိုသိသော မနောဝိညာဉ်စိတ်အုပ်စု |
| စတုတ္ထအုပ်စုက | - | ပန်းဒြပ်ဝတ္ထုကိုသိသော မနောဝိညာဉ်စိတ်အုပ်စု |

မည်သည့်ပစ္စည်းဖြစ်ဖြစ် မြင်သောအခါမှာ ဤစိတ်အုပ်စု(၄)မျိုး ဖြစ်မြဲဓမ္မတာ ဖြစ်ပါသည်။

စိတ်အုပ်စု(၄)မျိုးမှာပါသော စိတ်အရေအတွက်ကိုကြည့်လျှင် ပထမစိတ်အုပ်စုမှာ နီးစိတ် ၁၄-ခု ဒုတိယ၊ တတိယ၊ စတုတ္ထစိတ်အုပ်စု (၃)မျိုး၌ တစ်မျိုးလျှင် စိတ် ၁၀-ခုစီဖြစ်၍ ပေါင်း ၃၀ ဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထိုကြောင့် စိတ်အုပ်စု(၄)ခုပေါင်း၌ စိတ်ပေါင်း ၄၄-ပါး ဖြစ်ချုပ်သွားနေပါသည်။ ဤကဲ့သို့ စိတ် ၄၄-ပါးဖြစ်ချုပ်သွားမှ ဒြပ်ဝတ္ထုတစ်ခုလုံးကို မြင်လည်းမြင် သိလည်းသိပါသည်။

အမြင်ခံရသော ပန်းဘက်နှင့်မြင်သောလူ (အာရမ္မဏိက)ဘက် ဤကဲ့သို့ ခွဲခြားကြည့်ပါက ပန်းအမြင်ခံဘက်၌ (၁)ပန်းအဆင်း၊ (၂) ပန်းဟူသော အမည်ပညတ်၊ (၃)ပန်းဒြပ်ဝတ္ထုတစ်ခုလုံး ဤကဲ့သို့ ၃-မျိုး ရှိလေသည်။

ပန်းပွင့်၌တည်နေသော ဖြူ၊ နီ၊ ညိုပြာ စသောအဆင်းသည် ပန်းတည်းဟူသော ဒြပ်ဝတ္ထုကိုပြတတ်သောကြောင့် (ဝါ) ပြသလိုဖြစ်သောကြောင့် ပါဠိဝေါဟာရအားဖြင့် ရူပဟူ၍ ခေါ်သည်။ အဆင်းဖြစ်၍ ဝဏ္ဏဟူ၍လည်း ခေါ်ပါသေးသည်။

ထိုအဆင်းသည် ပန်းဒြပ်ဝတ္ထု၌ပါသော ဂုဏ်သတ္တိတစ်မျိုးဖြစ်ပါသည်။ သို့သော် အဆင်းသည် ပန်းဒြပ်ဝတ္ထုမဟုတ်ပါချေ။ အဆင်းသည် အရောင်အလင်းရှိမှ ထင်ရှားပါသည်။ ညဥ့်မှောင်မိုက်၌ ပန်းအဆင်းသည် မထင်ရှားပေ။

သို့ဖြစ်၍ အဆင်း၏မိတ်ဘက်သည်ကား - အလင်းဖြစ်ကြောင်း သိရသည်။ နေရောင်၊ လရောင်၊ မီးရောင်၊ မည်သည့်အရောင်အလင်းမဆိုပန်းပွင့်၌ရှိသောအဆင်းကိုထင်ရှားစေနိုင်ပါသည်။

ယင်းပန်းပွင့်ကလေးကို အဘိဓမ္မာနည်းအရ သရုပ်ခွဲကြည့်ပါကလည်း မပြတ် ဖြစ်-ပျက် ပြုပြင်ပြောင်းလဲနေသော သဘာဝတရားတို့၏ ယာယီဖွဲ့စည်းမှု ဖြစ်ပေါ်နေမှု ဓာတ်သဘာဝအစုသာဖြစ်ကြောင်း ဉာဏ်အမြင်၌ ပီပြင်စွာ ထင်ရှားပါသည်။

ပန်းပွင့်ကလေး၌...

၁။ ခက်မာနူးညံ့သောသဘာဝ

၂။ ဖွဲ့စည်းယိုစီးသောသဘာဝ

၃။ ပူအေးသောသဘာဝ

၄။ တွန်းကန်သောသဘာဝ

ဤသဘာဝ(၄)ရပ်သည် အခြေခံဖြစ်နေပါသည်။ ဤသဘာဝ (၄)ရပ် ပေါင်းစပ်မိသောအခါ...

၅။ အဆင်းဖြစ်လာသည်။

၆။ အနံ့ရှိလာသည်။

၇။ အရသာဝင်လာသည်။

၈။ အနစ်ဩဇာပါလာသည်။

---

www.dhammaransi.com



ဤသဘာဝ(၈)မျိုးသည်ဖြစ် - တည် - ပျက်စနစ်ဖြင့် မပြတ်ဖြစ်နေပါသည်။ ယင်းသို့ မပြတ်ဖြစ်နေရာ၌ ဌီကာလကြာရှည်မှုကြောင့် အစိုင်အခဲဒြပ်ဝတ္ထု ထင်ရှားဖြစ်လာရပါသည်။ တစ်ဖန် ဗီဇနိယာမသဘောအရ ယင်း ဒြပ်ဝတ္ထုသည် ပန်းဖြစ်လာပါသည်။

ထိုသဘာဝအစိုင်အခဲ ပန်းကလေးသည် အပူဓာတ်၊ အအေးဓာတ် လွန်ကဲခြင်း၊ လျော့နည်းခြင်း မညီမမျှဖြစ်လာသောအခါ ပြောင်းလဲဖြစ်ပေါ်လာတတ်သည်။ မာရာမှ ပျော့၏၊ ပျော့ရာမှ မာလာ၏။ ဖွဲ့စည်းရာမှ ယိုစီး၏၊ ယိုစီးရာမှ ဖွဲ့စည်း၏။ ပူရာမှ အေး၏၊ အေးရာမှ ပူ၏၊ ထိုသို့ အတွင်းသဘာဝများ ပြောင်းလဲမှုကြောင့် ပန်းအဆင်းဒြပ်များလည်း ပြောင်းလဲ၏။

ဤကဲ့သို့ပြောင်းလဲမှုကိုဖောက်ပြန်မှုဟူ၍လည်းခေါ်သည်။ ယင်းကိုပါဠိဘာသာဖြင့် ရူပဟုခေါ်လေသည်။

ဤ ရုပ်သဘောအစုအဖွဲ့ကလေးကို လူတို့က ပန်းဟူ၍ သတ်မှတ်ကာ အမည် ပညတ် တပ်ဆင်ပေးထားကြပါသည်။ ထို့ကြောင့် သဘာဝအပေါင်းအစု(၈)ခုမျှသာဖြစ်သော ဓာတ်အစုကလေးသည် "ပန်း" ဖြစ်ပေါ်လာရသည်။

အထက်ပါအချက်ကိုကြည့်ပါက "ပန်း" ဟူသောအမည်သည် လူတို့က မှည့်ခေါ်ထားသော နောက်ပွားအမည်ပညတ်သာဖြစ်ပါသည်။ အဆင်းသဘာဝနှင့် ပန်းဒြပ်ဝတ္ထုသည်သာ မူလအခြေခံဓာတ်စုဖြစ်သည်ကို သိသာပါသည်။

ပန်းအဆင်းကလေးသည် အလင်းရောင်ရသည့်အခါ မျက်စိအကြည်ရုပ်၏ အစာ ဖြစ်လျက် ရှိနေပါသည်။ ပန်းကလေး၏အဆင်းရုပ်သည် မျက်စိထဲရှိ အကြည်ရုပ်ကလေးနှင့် ရုပ် - ရုပ်ချင်းဆိုင်မိကြသောအခါ မီးခြစ်အိမ်နှင့် မီးခြစ်ဆံပွတ်မိရာတွင် မီးပွင့်လာနေသကဲ့သို့ အမြင်စိတ်ကလေးများ တဖွားဖွားဖြစ်ပေါ်လာနေသည်။

ထိုအမြင်စိတ်ကလေးများပေါ်လာသည်ကို အမြင်စိတ်ကလေးများသည် အဆင်း၌ ပျော်မွေ့ကြသည်ဟု တင်စားဆိုကြပါသည်။ ပျော်မွေ့ရာဖြစ်သည်ကို အာရုံ(အာရမ္မဏ)ဟုခေါ်ပါသည်။

အဆင်းနှင့်မွေ့လျော်ရာ အာရုံဟူသော စကား(၂)ရပ်ကို ပေါင်းစပ်၍ ပါဠိဘာသာ အားဖြင့် (ရူပ = အဆင်း + အာရမ္မဏ = အာရုံ) (ရူပ + အာရုံ = ရူပါရုံ) ဟူ၍ အဘိဓမ္မာဝေါဟာရ စကားလုံး ပေါ်လာရခြင်းဖြစ်ပါသည်။

ရူပါရုံဟူသည် ပန်းကလေး၌ရှိသော အဆင်းပင်ဖြစ်၍ ဤအဆင်းကို စိတ်ကလေး များ မွေ့လျော်ရာဖြစ်သည့်အတွက် ရူပါရုံဟူ၍ ခေါ်ကြောင်း သိရပါသည်။

ထို့ကြောင့် အမြင်ခံဖြစ်သောပန်းဘက်၌ ၁။ ပန်းအဆင်း၊ ၂။ ပန်းဟူသောအမည် ပညတ်၊ ၃။ ပန်းဒြပ်ဝတ္ထု (၃)မျိုးရှိသလို ကြည့်သော လူဘက်ကလည်း ၁။ မျက်စိအကြည်ရုပ်၊ ၂။ ဘဝင်စိတ်၊ ၃။ နိုးစိတ် (ဝီထိစိတ်) ၃ - မျိုး ရှိပေသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဤဘက်(၂)ဘက်တို့တွင် ပန်းကဲ့သို့ အမြင်ခံပစ္စည်းများ မြင်စရာများက တစ်လောကလုံးအပြည့်ရှိနေပါသည်။ မြင်သောလူဘက်ကလည်းအသက်ဝိညာဉ်ရှိနေသမျှဘဝင်စိတ်နှင့် နီးစိတ် (ဝီထိစိတ်)များရှိနေမည်သာဖြစ်ပါသည်။

သို့သော် မျက်စိအကြည်ရုပ်မှာ အမြဲမရှိပေ၊ ကန်းနေသောသူအား မျက်စိအကြည်ရုပ်မရှိပါ။ မည်သည့်အဆင်းကိုမျှ မြင်တော့မည်မဟုတ်ပါ။ မျက်စိမှိတ်ထားခိုက်၌လည်း အကြည်ရုပ်သည် ပိတ်လျောင်ခံထားရ၍ မြင်ရမည်မဟုတ်ပါ။ ပသာဒ(အကြည်ရုပ်) မကောင်းပါကလည်း အမြင်မကြည်လင် မှုန်ဝါးဝါးသာ မြင်ရပါမည်။

ဤသို့လျှင် မြင်မှုအကြည်ပိုင်း၌ မျက်စိအကြည်ရုပ် (စက္ခုပသာဒ) သည် အခရာဖြစ်ကြောင်း သိရပါသည်။ ထိုကြောင့် ဗုဒ္ဓက မျက်စိအကြည်ရုပ်သည် မြင်မှုကိစ္စနှင့် အစိုးရ၏ဟုဆိုကာ စက္ခုန္ဒြေဟူ၍ ဟောထားခဲ့ပါ သည်။

ထိုကြောင့် မျက်စိကောင်းသောသူသည် ပန်းကိုမြင်သောခဏ၌ အဆင်းမြင် (၁) ဝီထိ၊ အသိ (၃)ဝီထိ စိတ်ပေါင်း ၄ - ဖြစ်မှ ပန်းဒြပ်ဝတ္ထုအထိ သိနေပါသည်။

ဤအထိကား ပန်းကလေးတစ်ပွင့်ကို မျက်စိအောက်မှာထားပြီး ကြည့်သောအခါ မည်သို့မြင်သည်၊ မည်သို့သိသည်ဟူသောအချက်ကို အာရုံပိုင်းမှာနေပြီး စီစစ်တင်ပြချက် ဖြစ်ပါသည်။

မြင်သည်၊ သိသည်အပိုင်း၌ တာဝန်ယူကြရသော လူ၏စိတ် သဘာဝကလေးများသည် အာရုံကိုလက်ခံယူသောတရားများ၊ အာရုံရှိသောတရားများဟူသော သဘာဝအရ ပါဠိဘာသာဖြင့် အာရမ္မဏိကတရားဟူ၍လည်း ခေါ်ပါသည်။

ထိုအာရမ္မဏိကဖြစ်သော စိတ်ကလေးများသည် လူတွင်ရှိသော ၃၂ - ကောဋ္ဌာသတွင် ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ အဆုတ်၊ အသည်း၊ အူ စသောရုပ်ကြမ်းများ၌ မတည်နိုင် - မဖြစ်ပေါ်နိုင်ပါ။

စန္ဒကူးနံ့သာပင်၌ အမွှေးရနံ့သည် အနှစ်၌သာတည်သကဲ့သို့ လူ၏ခန္ဓာကိုယ် ဇပ်ကိုချက်မဖြစ်သော အကြည်ဆုံး၊ အနူးညံ့ဆုံး သွေးရုပ်ကလေးများရှိသော ဟဒယဝတ္ထုဟုခေါ်သော နှလုံးသားအတွင်း၌သာ မနောဝိညာဏ်စိတ်သဘာဝကလေး မှီတင်းဖြစ်ပေါ်နိုင်ပါသည်။

မျက်စိမြင်၍ သိရသည်မှာ မျက်စိအတွင်း၌ စိတ်ဝိညာဉ်များတည်မှီဖြစ်လာနိုင်သော မျက်နက်ဝန်းအလယ်က သူငယ်အိမ်တည်နေရာ၌ အကြည်ရုပ်ကလေးများ အပြည့်ရှိနေသဖြင့် စိတ်ဝိညာဉ်များ တည်ရာမှီရာဖြစ်လာပြီး စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာရပါသည်။

ထိုနည်းတူ ကျန်သောစိတ် ၄၃ - ပါးသော စိတ်များသည် ဟဒယဝတ္ထုရုပ်ကိုသာ အမှီပြုပြီး ဖြစ်ပေါ်နေရပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com


ဤကဲ့သို့ စိတ်အုပ်စုတွေ၊ စိတ်တွေအများကြီးဖြစ်နေ၍ ကြာသည်ဟု မထင်မှတ်ရပါ။ စိတ်အလျင်နှုန်းသည် အလွန်မြန်ဆန်လွန်းလှသည့်အတွက် စိတ်အုပ်စု(၄)မျိုးနှင့် စိတ် ၄၄ - မျိုး ဖြစ် - ချုပ်ရန်ဆိုသည်မှာ မျက်တောင်တစ်ခါခတ်မျှပင် မကြာပါ။ မိမိ၏မျက်တောင်ကို အမှန်ဆိုတဖျတ်ဖျတ်ခပ်ကြည့်ပါ။ ဤမျှမြန်သောမျက်ပွင့်အချိန်ကလေးအတွင်းမှာမြန်လည်းမြန်၊ သိလည်းသိသည်ကို လက်တွေ့သိရပါမည်။

မိမိ၏တစ်ဘဝလုံးမျက်စိဖြင့် မြင်တိုင်း - ကြည့်တိုင်း ယခုကဲ့သို့ စိတ်အုပ်စုများ ဖြစ် - ပျက်လျက်ရှိကြောင်း၊ မျက်စိသည် အဆင်းကိုသာမြင်သည်။ စိတ်ဝိညာဉ်သည်သာ အရာဝတ္ထုကိုသိသည်။ အကြောင်းကို ဗုဒ္ဓက သုတ္တ၏အဘိဓမ္မာ၌ ဖွင့်ဆိုပြထားခဲ့ပါသည်။

ဤသဘာဝနိယာမဓမ္မတာသဘောများကို သိပ္ပံပညာရှင်များအနေဖြင့် ယနေ့ထိ ခွဲခြမ်းစိတ်ဖြာ၍ မပြနိုင်သေးပါ။

## စိတ်ကိုမှီ၍ဖြစ်ပေါ်နေသော သဘာဝတရားများ

စိတ်သည် ပသာဒ(အကြည်ရုပ်)တည်ရာ (ဝတ္ထုရုပ်)တို့အပေါ်၌ အမှီပြု၍ ဖြစ်ပေါ်ရာတွင် စိတ်သဘာဝတစ်ခုတည်းမဟုတ်။ စိတ်ကိုမှီတွယ်ပြီး စိတ်ကိုချယ်လှယ်သော အရေးကြီးသော သဘာဝရုပ်များလည်း ပါရှိနေသည်ကို သိရပါမည်။

အကြောင်းတရားညီညွတ်၍ စိတ်ဖြစ်သည့်အခါတိုင်း စိတ်နှင့်အတူဖြစ်သော သဘာဝကို စိတ်၌မှီ၍ဖြစ်သော သဘာဝတရားကို ပါဠိလို စေတသိကတရားဟု ခေါ်ပါသည်။

စိတ်၌မှီ၍ဖြစ်သော တရားဆိုသောအချက်ကို အလေးအနက် ထား၏။ စားလျှင်စိတ်အမှီမရပါက မဖြစ်။ သူချည်းမဖြစ်ဟူသော သဘာဝကို တွေ့ရှိရပါသည်။

ထိုကြောင့် စေတသိက်ဟုခေါ်သော သဘာဝတစ်ရပ်သည် သူ့ဟာသူချည်းသက်သက် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်ရိုးမရှိ။ စိတ်သဘာဝကိုမှီရမှသာ ဖြစ်နိုင်သည်ကို သိရှိထားရန်ဖြစ်ပါသည်။

စေတသိက်ဆိုသည်မှာ အထူးမဟုတ်ပါ။ စိတ်၏ဂုဏ်သတ္တိမျှသာ ဖြစ်သည်ဟု အထင်မှားတတ်ပါသည်။ အမှန်စင်စစ် စိတ်သည် သဘာဝတရားတစ်ခု၊ စေတသိက်သည် သဘောတရားတစ်ခု ဖြစ်ပါသည်။

စိတ်သည် သူ့လက္ခဏာနှင့်သူ၊ သူ့ကိစ္စနှင့်သူ၊ သူ့အကျိုးနှင့်သူ၊ သူ့အကြောင်းခံနှင့်သူသာ ဖြစ်သည်။

www.dhammaransi.com



စေတသိက်ကလည်း သူ့လက္ခဏာနှင့်သူ၊ သူ့ကိစ္စနှင့်သူ၊ သူ့အကျိုးနှင့်သူ၊ သူ့အကြောင်းခံနှင့်သူသာ ဖြစ်သည်။

ဤသို့ အရင်းခံအကျဆုံးသဘာဝ စွမ်းရည်များကို မြင်နိုင်၊ သိနိုင်မှသာ စိတ်နှင့်စေတသိက်သဘောတရား(၂)ရပ်ကို ကွဲပြားစွာ မှတ်နိုင်ပါမည်။

ရုပ်သဘာဝတွင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ရုပ်ဓာတ်ကြီး(၄)ပါးသည် အခြေခံဖြစ်သည်။ အားလုံးသောရုပ်များ၏မှီရာ၊ အမှီခံရုပ်ဖြစ်သည်။ ထိုရုပ်ကြီး(၄)ပါးပေါင်းမိသောအခါ ဝဏ္ဏ-အဆင်း၊ ဂန္ဓ-အနံ့၊ ရသာ-အရသာ၊ ဩဇာ-အဆီအနှစ်ဟူသော နောက်ထပ်ရုပ်သဘာဝ(၄)မျိုးထပ်ဖြစ်ပေါ်လာသည်။ယင်းဝဏ္ဏစသောရုပ်(၄)ပါးသည်ဓာတ်ကြီးလေးပါးအမှီရမှသာ ဖြစ်ပေါ်ရသည်။ သူ့ဟာသူ မဖြစ်နိုင်ပေ။ ဤနည်းတူ စေတသိက်ဟူသောသဘာဝသည် စိတ်ကိုအမှီရမှသာဖြစ်သော နာမ်သဘာဝများဖြစ်ကြပါသည်။

ရုပ်သဘာဝတွင် အမှီခံရုပ်နှင့် အမှီရုပ် (၂)မျိုးနှစ်စားရှိသကဲ့သို့ နာမ်သဘာဝပိုင်းတွင်လည်း အမှီခံနာမ်နှင့် အမှီနာမ်ဟူ၍ (၂)မျိုး (၂)စားရှိသည်။ အမှီခံနာမ်မှာ စိတ်ဖြစ်ပြီး၊ အမှီနာမ်မှာ စေတသိက်ဖြစ်သည်။ အမှီခံမရှိဘဲ အမှီမဖြစ်နိုင်။ ပရမတ္ထသဘာဝတရားတို့၏ အရေးပါအရာရောက်မှုကို အမှီသဘာဝများက ချယ်လှယ်နေပါသည်။

ဥပမာ- ကိုယ်လုံးနှင့်လက်ခြေတို့ကို ကြည့်ပါက ကိုယ်လုံးကိုမှီ၍ လက်ခြေတို့ပေါက်နေရသည်။ ကိုယ်လုံးသည် အမှီခံ၊ လက်ခြေတို့သည် အမှီ။

သို့သော် အသုံးပြုသောအပိုင်း၌မူ လက်ခြေတို့ကသာ ပို၍ အသုံးဝင်သည်။ လက်ဖြင့်သာ ကိုင်တွယ်ရသည်။ ခြေဖြင့်သာ လမ်းလျှောက်သွားရသည်။ အကယ်၍ လက်ပြတ်၊ ခြေပြတ်ဖြစ်နေလျှင် ကိုင်တွယ်မှုကိစ္စ၊ လမ်းလျှောက်မှုကိစ္စများ မဖြစ်နိုင်တော့ပါ။ ခြေလက်မဲ့သော ကိုယ်လုံးသည် ဆန်အိတ်ထောင်ထားသကဲ့သို့ ငုတ်တုတ်အဖြစ်သာ ရှိနေပါမည်။

ထို့ကြောင့် လက်၊ ခြေတို့သည် ကိုယ်၌မှီရသော်လည်း အမှုကိစ္စတို့ကို အကောင်အထည်ဖော်ရာ၌မူ ပဓာနကျသောနေရာ၌ ရှိနေပါသည်။

ဤဥပမာကဲ့သို့ပင် စေတသိက်တို့သည် စိတ်၌သာမှီ၍ဖြစ်ကြရသော်လည်း ပရမတ္ထဆိုင်ရာတို့ကို အကောင်အထည်ဖော်ရာ၌မူ သူကပင် ပြဋ္ဌာန်းနေပါသည်။ အရာရောက်နေပါသည်။

သိပ္ပံသဘာဝနှင့်ကြည့်လျှင် သမုဒ္ဒရာရေအောက် စမ်းသပ်သော ရေငုပ်သင်္ဘောနှင့်တူသည်။ ရေငုပ်သင်္ဘောသည် သမုဒ္ဒရာကြမ်းပြင်သို့ရောက်အောင် ပို့ပေးသည်။ သမုဒ္ဒရာအောက်စမ်းသပ်သော ကိရိယာက သမုဒ္ဒရာကြမ်းပြင်ကို လေ့လာသုတေသနပြုသည်။

---

www.dhammaransi.com



အလားတူ စိတ်သည် ရေငုပ်သဘော်နှင့်တူ၍ သမုဒ္ဒရာအောက် စမ်းသပ်စက်သည် စေတသိက်နှင့်တူသည်။

**စေတသိက်သည် စိတ်နှင့်အတူတကွ ဥပါဒ်ဖြစ်ပေါ်ခြင်း။**

ထို မိမိနှင့်အတူဖြစ်သောစိတ်နှင့်အတူ ချုပ်၏။ (စိတ်သက်လောက် ပင် စေတသိက် အသက် မြန်ဆန်၏)

- စိတ်နှင့်အာရုံတူ၏ (စိတ်ပြုသော အာရုံကိုပင် စေတသိက်ကပြု၏။ စိတ်နှင့် စေတသိက်သည် တစ်ခုတစ်မျိုးစီ အာရုံမပြုကြချေ)
- စိတ်နှင့်အတူမှီသည် (စိတ်က ဟာဒယဝတ္ထုကိုမှီလျှင် စေတသိက်လည်း ဟာဒယဝတ္ထုကိုပင် မှီသည်)

ဤကဲ့သို့ စိတ်နှင့်ဖြစ်တူ၊ ချုပ်တူ၊ အာရုံ တူ၊ မှီရာတူဟူသော တူ(၄)ချက် အင်္ဂါ(၄) ရပ်လုံးနှင့် ညီညွတ်ပါက စိတ်လည်းမဟုတ်သောအခြားသဘောတရားကို စေတသိက်ဟု သီးခြားခွဲထုတ်သတ်မှတ်ခြင်း ဖြစ်ပါ သည်။

စေတသိက်ဟူ၍ သတ်မှတ်ရာတွင် စိတ်နှင့်ဖြစ်တူ၊ ချုပ်တူ၊ အာရုံတူ မှီရာတူဟူ သော တူ(၄)ဖြာအင်္ဂါလေးရပ်လုံးနှင့်လည်း ပြည့်စုံ သည်။ စိတ်ကိုလည်းမှီ၍ ဖြစ်သည်။

ဤအင်္ဂါ(၄)ချက်နှင့်ပြည့်စုံသော သဘောတရားကို လူ့လောက လူ့သဘာဝတွင် စိတ်ကိုစေ့ဆော်သူ စိတ်ကိုမှီ၍ဖြစ်သူ စေတသိက်ဟူ၍ ခေါ်ပါသည်။

အထက်ပါ အင်္ဂါ(၄)ချက်ထဲက တစ်ခုခုချို့တဲ့နေလျှင် စေတသိက်ဟု မသတ်မှတ် ရပါ။ ပမာထုတ်ပြရသော် ကံကြောင့်ဖြစ်သော ရုပ်၊ စိတ်ကြောင့်ဖြစ်သော ရုပ်တို့သည် စိတ်နှင့် ကား အတူဖြစ်သည်။ အင်္ဂါတစ်ချက်ညီ၏၊ သို့သော် ချုပ်ရာ၌မတူပေ။

ရုပ်သည် စိတ်ထက် အသက်ရှည်သောကြောင့် ချုပ်ပြီးနောက်မှ ချုပ်လေသည်။ ရုပ်သည်အာရုံကိုလည်း မပြုနိုင်။ စိတ်နှင့် မှီရာလည်းမတူ၊ စိတ်ကိုမှီ၍လည်း မဖြစ်။ ဤအင်္ဂါ (၄)ရပ် လိုနေသည်။

ထိုကြောင့် ထိုကံရုပ်၊ စိတ်ရုပ်တို့ကို စေတသိက်ဟူ၍ မသတ်မှတ်ပေ။ နောက်တစ်ခု မိမိအလိုကိုတစ်ပါးသူကိုသိစေသောအမူအရာဝိညတ်ရုပ်။ ဤရုပ်သည်စိတ်နှင့်အချုပ်အပျက် တူ၏။ စိတ်ချုပ်သည်နှင့် ဝိညတ်ရုပ်လည်း ချုပ်၏။ အင်္ဂါတစ်ချက်ညီ၏။ သို့သော် စိတ်နှင့် အဖြစ်မတူ။ အာရုံလည်းမယူတတ် မှီရာလည်းမတူ။ ထိုသို့အင်္ဂါမစုံသောကြောင့်ဝိညတ်ရုပ်ကို စေတသိက်ဟူ၍ မသတ်မှတ်ပေ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



စိတ်နှင့် စေတသိက်၏သဘာဝကို ရှေးပညာရှိတို့က ရေနှင့် ဖြူ၊ နီ၊ ညို၊ ပြာ၊ ဝါ ဆေးရောင်နှင့် ဥပမာပေးကြပါသည်။ ရေသည် ပကတိဖြူစင်သည်။ တောက်ပကြည်လင်သည်။ အနီရောင်နှင့်ရောက အနီဖြစ်ပါသည်။ အပြာနှင့်ရောက ရေပြာဖြစ်ရသည်။ အနက်နှင့်ရောက ရေနက်ဖြစ်ရသည်။

အလားတူ စိတ်သည် ပကတိရေနှင့်တူသည်။ စေတသိက်များသည် ဆေးရောင်စုံနှင့်တူသည်။ ဆေးရောင်စုံဟူသော စေတသိက်နှင့်ရော၍ စိတ်သည် ပုံစံအမျိုးမျိုးဖြစ်ရသည်။ ညစ်နွမ်းမှု ဖြူစင်မှုများ ဖြစ်ရသည်။

အလားတူ ဟင်းရေတစ်ခွက်ထဲတွင် ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါးဟူသော အရသာများ ပါနေသည်။ ပင်မရေ၌ကား အရသာ(၆)ပါးမရှိပါချေ။ ရေသက်သက်သည် မချို၊ မချဉ်၊ မခါး၊ မငန်၊ မစပ်ပါပေ။ သို့သော် ဟင်းရေထဲ၌ပါသော ရေကား ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်နေပါသည်။ ဤသည်မှာ ရေနှင့် ရောရောနှောနှော ဖြစ်နေသောကြောင့်ဖြစ်သည်။

ဤတွင် စိတ်သည် ဟင်းရေထဲပါသော ရေနှင့်တူသည်။ စေတသိက်သည် ချို၊ ချဉ်၊ ဖန်၊ ငန်၊ စပ်၊ ခါးနှင့် တူသည်။

ဤနေရာ၌ ရေသည် ချို၊ ချဉ်၊ ဖန်၊ ငန်၊ စပ်၊ ခါးအရသာမျိုးကို သယ်ဆောင်ပေးရုံသာဖြစ်သည်။ ဟင်း၌ကား ချို၊ ချဉ် စသောအရသာကသာ ပြဌာန်းသည်။ သို့သော် ရေမပါဘဲလည်း ဟင်းမဖြစ်ပါပေ။

စိတ်စေတသိက်ဟူသော နာမ်ခန္ဓာအဖွဲ့အစည်း၌ စေတသိက်တို့က သဘာဝကိစ္စကို ခြယ်လှယ်လေသည်။ စိတ်သည်ကား ရေကဲ့သို့ ကိုယ်ထည်သဘောမျှသာ ဖြစ်သည်။ သို့သော် စိတ်မရှိဘဲ (ဝါ) စိတ်ကိုအမှီမရဘဲ စေတသိက်တို့ လုံးဝမဖြစ်နိုင်ပါ။

ဗုဒ္ဓသည် သဘာဝတရားများကို တစ်ခုစီခွဲခြားရာ၌ အရမ်းကာရော ခွဲခြားသည် မဟုတ်ပါ။ စနစ်တကျခွဲခြင်းသာ ဖြစ်ပါသည်။ ဗုဒ္ဓခွဲသောစနစ်မှာ လက္ခဏာသဘာဝအပေါ် မှု တည်၍ ခွဲခြားပြခြင်းဖြစ်ပါသည်။

သဘာဝတရားတစ်ခု၏ ထူးသောလက္ခဏာအမှတ်အသား၊ ဆောင်ရွက်သောကိစ္စ၊ သို့မဟုတ်ပြည့်စုံမှုအခြေအနေ၊ ဆင်ခြင်လိုက်သည့်အခါ ဉာဏ်၌ထင်လာပုံအခြင်းအရာ၊ အနီးဆုံးအကြောင်းတရား (လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဌာန်၊ ပဒဌာန်) ဤလေးချက်ဖြင့် စနစ်တကျ ရှုမြင်ခွဲခြားခြင်း ဖြစ်ပါသည်။

ဤလက္ခဏာစနစ်သည် သဘာဝဓမ္မများကို အပေါင်းအစိတ်ခွဲချ ယူသောစနစ်ဖြစ်သည်။ လက္ခဏာမတူလျှင် မတူသည့်အလျောက် သဘာဝတစ်ခုအဖြစ် သတ်မှတ်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဥပမာ - အရာဝတ္ထုတစ်ခုကိုမြင်သော လူ၏ခန္ဓာကို အဘိဓမ္မာအမြင်ဖြင့်ကြည့်ပါက မသိတတ်သော သဘာဝအဖွဲ့အစည်း၊ သိတတ်သော သဘာဝအဖွဲ့အစည်းဟူ၍ (၂)မျိုးသာရှိသည်ကို တွေ့မြင်ရသည်။

သိတတ်သောသဘာဝအဖွဲ့အစည်းသည် အာရုံသို့ညွှတ်သော လက္ခဏာရှိ၍ နာမ (နာမ်)ဟု ခေါ်ရသည်။

မသိတတ်သောသဘာဝ၊ အဖွဲ့အစည်းသည် ရှေ့နောက်အစဉ် ပြုပြင်ပြောင်းလဲ ဖောက်ပြန်တတ်ခြင်း၊ အထင်းသား အတွင်းသားမြင်သာသော သဘောရှိခြင်းကြောင့် ရူပ (ရုပ်)ဟူ၍ ခေါ်ရသည်။

နာမ်တွင် အာရုံကိုသိတတ်သော လက္ခဏာအမှတ်အသားရှိသော သဘာဝကို ဝိညာဏ(ဝိညာဉ်)ဟု အမည်ပေးသည်။

ထိုဝိညာဉ်သည် အာရုံကို အထူးသိတတ်ခြင်း၊ ဆန်းကြယ်သော သဘောရှိသောကြောင့် စိတ္တ (စိတ်) ဟူ၍ သတ်မှတ်သည်။

စိတ်ဟူသော သဘောတရား၏ မဖောက်မပြန်သော အမှတ်အသားပရမတ္ထလက္ခဏာသည်ကား၊ အာရုံကို အထူးသိတတ်ခြင်းပင်ဖြစ်သည်။ အထူးသိဟူသည် ရုပ်ကိုထောက်ဆ၍ ရုပ်သည် အာရုံကိုမသိတတ်၊ စိတ်ကသာသိတတ်၍ ရုပ်နှင့်မတူ။ ရုပ်မှ ထူး၍သိသည်ဟု ဆိုလိုပါသည်။ နာမ်တရားများစွာထဲမှ အာရုံကို အထူးသိတတ်သော လက္ခဏာရှိသော သဘာဝကို စိတ္တ(စိတ်)ဟူ၍ ဗုဒ္ဓက ဝေါဟာရပေးထားခြင်း ဖြစ်ပါ သည်။

ယင်းစိတ္တကို ထပ်မံစိစစ်သောအခါ ယင်းကိုအမှီပြု၍ဖြစ်နေသော သဘာဝကို တွေ့ရပြန်ပါသည်။ ထိုသဘာဝများသည် စိတ်ကိုမှီ၍ ဖြစ်ခြင်းဟူသော ထူးခြားသော လက္ခဏာတစ်ရပ်ကို တွေ့ရသည်။

ထို့ကြောင့် ယင်းကို ပါဠိဘာသာအားဖြင့် စေတသိက်ဟူ၍ အမည်မှည့်ပြီး ထပ်မံခွဲထုတ်ပေးလိုက်သည်။

နာမ်အခြေခံအစု (ခန္ဓာ)ကို သူတို့၏ထူးခြားမှုလက္ခဏာတို့ကို အခြေခံ၍ ဗုဒ္ဓက ခွဲခြား၍ ဟောကြားပြသခြင်း ဖြစ်ပါသည်။

ထိုသဘောသဘာဝများကို သိပ္ပံပညာရှင်တို့က ယနေ့ထိ စမ်းသပ်စူးစမ်း၍ မတွေ့ရှိကြသေးပါချေ။

ဤစိတ်၊ စေတသိက်တို့၏သဘာဝများက လူသားကို လူဆိုး၊ လူကောင်း၊ အဖိုးတန်လူ၊ တန်ဖိုးမဲ့လူဖြစ်စေသည်ဟူသော သဘာဝကို ဗုဒ္ဓအဘိဓမ္မာက အနစိပ်ခွဲခြား၍ ပြသွားသည်ဖြစ်ပါသည်။

---

www.dhammaransi.com



## အဘိဓမ္မာ အနားယူအားမွေးစိတ် (ဘဝင်)၏သဘာဝ

ဘဝင်စိတ်ဟူသည် နှလုံးသွေးအကြည် ရုပ်ကိုမှီ၍ မပြတ်ဖြစ်လျက်ရှိသည်။ ယင်းနှလုံးသွေးအကြည်ရုပ်ကို အဘိဓမ္မာ၌ ဟဒယဝတ္ထုရုပ် ဟု အမည်ပေးထားပါသည်။

ဘဝင်စိတ်သည် အခြားနိုးစိတ် (ဝီထိစိတ်)မှာ အနားယူသောအခါတိုင်း အစားဝင်၍ ဖြစ်ရပါသည်။ ဘဝင်စိတ်က ကြားဝင်ဆက်စပ်ပေးမှုကြောင့် လူသည် စိတ်ပြတ်ပြီး သေမသွားခြင်း ဖြစ်ရပါသည်။ ထို့ကြောင့် ဘဝင်စိတ်ကို သက်စောင့်စိတ်ဟူ၍ ခေါ်လေ့ရှိပါသည်။ ဘဝင်စိတ်သည် မြစ်ရေအလျင်ကဲ့သို့ ဆီမီးတောက်ကဲ့သို့ ဆက်တိုက်ဖြစ်သည်ဟု ဆိုခဲ့သည်။

တစ်ဖန်ဘဝင်ကို အိပ်စိတ်ဖြစ်သည်ဟု ဆိုပါသည်။ အိပ်ပျော်နေခိုက် ဘဝင်စိတ်သည် လူသားပဋိသန္ဓေ နေစဉ်အခါတုန်းက မြင်ခဲ့သောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်(၃)မျိုးတွင် တစ်မျိုးမျိုးကိုပြန်ပြီး သိမြင်နေတတ်သော သဘောရှိသည်။

လူ၌ရှိနေသော ဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏အာရုံကိုပင် အာရုံပြုပြီး ဖြစ်ပေါ်ရသည်။ လူသားတိုင်းသည် မိမိပဋိသန္ဓေနေစဉ်က မြင်ခဲ့ - သိခဲ့သောအာရုံကား မိမိဘဝကို ဖြစ်ပေါ်စေသည့် ဘဝမျိုးစေ့ ကံသဘောတရားကို သိနေခဲ့ပါသည်။ သို့မဟုတ် ထိုဘဝမျိုးစေ့ကံကို ပြုလုပ် အားထုတ်ခဲ့စဉ် အတိတ်ဘဝတုန်းက အခြင်းအရာများကို သိနေပါသည်၊ မြင်နေပါသည်။

ဥပမာ - ဒါနကုသိုလ်ကံပြုလုပ်နေစဉ်က အလှူပွဲလာပရိသတ်များ၊ အလှူပွဲကြွလာသံဃာများ၊ လှူဒါန်းသောပစ္စည်းများ၊ မိမိကလှူဒါန်းနေပုံများ၊ ပရိသတ်ကို ကျွေးမွေးနေပုံများ ဤသို့စသည်ဖြင့် အလှူ၏ အခြေအနေ အခြင်းအရာများကို ပြန်လည်သိနေသည်။

အကုသိုလ် ကံသတ်မှုကို ပြုလုပ်ပါကလည်း သတ်ပုံအခြင်းအရာ အမှုအရာများကို ပြန်လည်သိနေပါသည်။

ဤကံများကို ပြုလုပ်စဉ်က အခြေအနေ၊ အခြံအရံအကြောင်းခံများကို ကမ္မနိမိတ္တ (ကမ္မ၊ အလုပ်၊ နိမိတ္တအာရုံအကြောင်း) အလုပ်ကံ၏ အာရုံအကြောင်းဟူ၍ ခေါ်ပါသည်။

ထိုပြင် ကံသဘာဝကိုဖြစ်စေ၊ ကမ္မနိမိတ်အာရုံကိုဖြစ်စေ သိလျှင် မိမိလားရောက်ရမည့်ဘဝနှင့်ပတ်သက်သော အချက်တို့ကို ကြိုတင်သိလေသည်။

ဥပမာ - လူဖြစ်မည့်သူက မိခင်၏သားအိမ်အတွင်းရှိ ဝမ်းရေကို သိမြင်သည်။ နတ်ဖြစ်မည့်သူက မိမိရောက်ရမည့် နတ်ဘုံ၊ နတ်ဗိမာန်၊ နတ်သမီးအခြံအရံတို့ကို ကြိုတင်သိမြင်သည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ငရဲရောက်မည့်သူက ငရဲမီးလျှံမြင်သည်၊ ပြိတ္တာဘုံရောက်မည့်သူက တောတောင်၊ ချုံလိုက်ဂူတို့ကို မြင်သည်။

ဤသို့ရောက်ရှိမည့်ဘဝ၏ အစဦးအခြေအနေကို ဂတိနိမိတ္တ (ဂတိလားရာ ဘဝ နိမိတ္တ = အာရုံ၏အကြောင်း) လားရာဘဝအာရုံ၏အကြောင်း ဟုခေါ်ပါသည်။

လူ၏ပဋိသန္ဓေစိတ်သည် ဤဆိုခဲ့သော ကံ(အလုပ်)ကိုဖြစ်စေ၊ ကမ္မနိမိတ် (အလုပ်၏အခြင်းအရာများ)ကိုဖြစ်စေ၊ ဂတိနိမိတ် (လားရောက်ရမည့်ဘဝ)ကိုဖြစ်စေ တစ်ခုခုကို အာရုံပြုစမြဲဖြစ်ပါသည်။

(မိမိသည် သို့မဟုတ် မည်သူသည် မည်သည့်နိမိတ်ကို အာရုံယူခဲ့သည်ဟူ၍ သိရန် မလွယ်ပါ။ အဘိညာဉ်ခေါ် အလွန်ထူးခြားထက်မြက်သော ဉာဏ်မျက်စိရမှသာ ခွဲခြားသိနိုင်ပါသည်)

သို့အတွက် ဘဝင်စိတ်သည် နိုးစိတ်(ဝီထိစိတ်) မရှိသောအခါ ပဋိသန္ဓေနေစဉ်က အာရုံယူခဲ့သောကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်တစ်ခုခုကိုသာအာရုံပြုပြီးဘဝင်စိတ်အဆက်မပြတ် ဖြစ်နေရပါသည်။

ဘဝင်စိတ်သည် အာရုံတစ်ခုတည်းကိုသာယူပြီး စိတ်လည်း တစ်မျိုးတစ်စားတည်း ဖြစ်ကာ ဆက်တိုက်တသွင်သွင် ဖြစ်နေပါသည်။

ဘဝင်ကျနေသောအခါ ရုပ်ခန္ဓာအင်အားကို ဖြစ်ထွန်းစေပါသည်။ အိပ်လိုက်လျှင် အားရှိလာသည်များ ဘဝင်စိတ်၏အကျိုးပြုချက်ဖြစ်ပါသည်။

အိပ်ပျော်နေခိုက် ကိုယ်ခန္ဓာမလှုပ်မရှက်ငြိမ်သက်နေ၍ အနားရပြီး အားရှိလာခြင်း ဖြစ်သည်ဟု ရုပ်ဘက်ကိုလှ၍ယူလိုလျှင် မလှုပ်မယှက် မအိပ်မစက်ဘဲ ငြိမ်ငြိမ်ကလေးနေ ကြည့်နိုင်ပါသည်။ တစ်နာရီအိပ်ပျော်နေရာမှ နိုးထလာခြင်းနှင့် တစ်နာရီငြိမ်ငြိမ်ကလေးနေပြီး ထလာခြင်းဟူသော ဖြစ်ရပ်(၂)ခုကို နှိုင်းယှဉ်ကြည့်ပါက မည်သည်က ကိုယ်ခန္ဓာကို အင်အား ဖြစ်စေသည်ကို သိလာနိုင်ပါသည်။

ထိုကြောင့် ဘဝင်စိတ်ကို အားယူစိတ်၊ အနားပေးစိတ်ဟူ၍ ခေါ်ကြခြင်းဖြစ်ပါသည်။

ထိုပြင် မေ့ဆေးပေးပြီး အသိစိတ်များကိုဖြတ်ချရာ၌ ဘဝင်စိတ် ရောက်သွားသည့် သဘော သက်ရောက်ပါသည်။ အိပ်ဆေးများစားခြင်း၊ အိပ်ဆေးများထိုးခြင်းတို့သည် အတင်း အဓမ္မ ဘဝင်ချခြင်းဖြစ်ပါသည်။ အိပ်ဆေး၊ မေ့ဆေးများသွားလျှင် လူသည် ဘဝင်စိတ်မှ စုတိ စိတ်ဖြစ်ကာ သေကြရသည်။

လူသည် သေစိတ်ဖြစ်လိုက်သောအခါ တစ်ဘဝတာမှ လုံးဝအနားယူသွားရသည်။ သေခါစလူသည် ကိုယ်လက်အင်္ဂါအကောင်းချည်း ရှိပါသေးလျက် ဘာမျှမလှုပ်ရှားတော့ပေ။

www.dhammaransi.com



အလုပ်အားလုံးကိုလည်းကောင်း၊ အသိအားလုံးကိုလည်းကောင်း လုံးဝစွန့်လွှတ်လိုက်ပြီးဖြစ်သည်။ ဘဝင်ချ၍ အိပ်ပျော်စေခြင်းသည် ထိုကဲ့သို့ အသေကြီးမသေခင် အပိုင်းအခြားနှင့် သေခြင်းသဘောပင်ဖြစ်သည်။ သို့အတွက် အိပ်ပျော်နေသူသည် အလုပ်အားလုံးကိုလည်းကောင်း၊ အသိအားလုံးကိုလည်းကောင်း ယာယီစွန့်လွှတ်ထားပြီးဖြစ်သည်။

တစ်နည်းဆိုရသော် ဘဝင်စိတ်ဟူသည် လူကိုဘဝအသိ၊ ဘဝလုပ်ငန်းအားလုံးကို စွန့်လွှတ်ပြီး၊ အသေကြီးမသေရလေအောင် ကြားကခံပေးသော အဆက်အစပ်စိတ် ဖြစ်သည်။

လူသည် အမြင်စိတ်၊ နီးစိတ်များမှ အနားမယူ၍ မဖြစ်ပါ။ အနားယူသောအခါ အကယ်၍စိတ်ပြတ်သွားပါလျှင် နောက်ဆုံးစိတ်သည် သေစိတ်(စုတိစိတ်) (ဝါ) တစ်ဘဝတာမှ ရွှေ့လျောစိတ် ဖြစ်ရတော့သည်။

ယခုမူ စုတိစိတ်ကို အဝင်မခံဘဲ ဘဝင်စိတ်က ကြားကဝင်ခံပေးနေသောကြောင့် ဘဝင်စိတ်ကို ဘဝင်္ဂ(ဘဝ + အင်္ဂ) = ဘဝ၏ အကြောင်းခံ စိတ်အသက်ဆက်စိတ်ဟု ခေါ်နေရသည်။

ဘဝင်စိတ်သည် အာရုံတစ်ခုတည်းကိုသာယူပြီး တစ်မျိုးတစ်စားတည်းဖြစ်ကာ ဆက်တိုက်ဖြစ်ပေါ်နေသည်။ အာရုံထွေပြားခြင်းမရှိခြင်း၊ စိတ်ထွေပြားမှုမရှိခြင်းသည် ဘဝင်စိတ်ကို သန့်ရှင်းစေပါသည်။

ဗုဒ္ဓ၏သုတ္တန်ဒေသနာတော်များ၌ ဘဝင်စိတ်ကို ပဘဿရစိတ် သန့်စင်ကြည်လင်သည့်အတွက် ပြိုးပြိုးပြက်ပြက် အရောင်ထွက်ဘိသကဲ့သို့ ရှိသောစိတ်ဟူ၍ ခေါ်ဆိုသမုတ်ခဲ့ပါသည်။

စိတ်ဟူသည်အာရုံထွေပြားပြန့်လွင့်(ဥဒ္ဓစ္စ)ဖြစ်လျှင်မိမိ၏မှီရာရုပ်ခန္ဓာကိုအားနည်းစေပါသည်။ စိတ်သည် အာရုံတစ်ခုတည်း၌ စူးစိုက်တည်တံ့လျှင် (ဝါ) သမာဓိဖြစ်နေလျှင် မိမိမှီရာရုပ်ခန္ဓာကို အင်အားပြည့်ဝစေပါသည်။

## စိတ်၏သဘောသဘာဝများ

လူသား၏ နှလုံးသားအတွင်းရှိ သွေးအကြည်ရုပ်ကလေးများသည် နာမ်တရားသဘာဝများအမှီပြု၍ ဖြစ်စရာနေရာဖြစ်၍ စိတ္တဝတ္ထုရုပ်၊ မနောဝတ္ထုရုပ်၊ ဝိညာဏဝတ္ထုရုပ်ဟု ခေါ်သလို ပါဠိဘာသာအားဖြင့် မှီရာဖြစ်၍ ဟဒယဝတ္ထုဟူ၍လည်း သုံးနှုန်းခေါ်ဝေါ်ကြပါသည်။

---
ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



စိတ်များဖြစ်ပေါ်မှုသည် လူ၏နလုံးအကြည်ရုပ်ကလေးကို အမှီပြုပြီး ဘဝင်စိတ်တွေ မပြတ်ဖြစ်နေရသည်။ နီးစိတ်သည် အာရုံရုပ်နှင့် အမှီခံဝတ္ထုရုပ် ဤ(၂)မျိုးကို အကြောင်းပြု၍ ဖြစ်လာရသောသဘာဝ တစ်ရုပ်ဟု သိနိုင်ပါသည်။

ထိုစိတ်သဘာဝသဘောနှင့်ဓလေ့ကိုလေ့လာလျှင် ထိုစိတ်သဘာဝသဘောသည် -

၁။ ဝေးသောအရပ်ကိုသွားနိုင်သည်။

၂။ အကောင်အထည်မရှိ။

၃။ ကိုယ်ထဲမှာသာရှိသည်။

၄။ လောကကိုဆွဲဆောင်နိုင်သောအားရှိသည်ကို တွေ့ရပါသည်။

စိတ်၏ဓလေ့သည် -

၁။ ကာမဂုဏ်အာရုံ၌ ပျော်မွေ့တတ်သည်။

၂။ အကြောင်းမဲ့သက်သက်အလကားနေလိုသည်။

၃။ ကြိုက်သလို မနေရပါက စိတ်ဆိုးနေ၏၊ ဖောက်ပြန်နေပါ၏။

စိတ်သည် ဝေးသောအရပ်သို့ သွားနိုင်ခြင်းဆိုသည်မှာ ခန္ဓာကိုယ်ကသာ အိမ်ထဲမှာ ရှိနေသည်။ စိတ်သဘာဝက ရန်ကုန် - မန္တလေး နိုင်ငံခြားတိုင်းပြည်များသို့ စိတ်ဖြင့်တစ်ခဏ ချင်းသွားနိုင်၊ ပြန်နိုင်ပါသည်။ မိမိသွားလိုရာ ဝေးသောအရပ်ဖြစ်စေ၊ နီးသောအရပ်ဖြစ်စေ ချက်ချင်းသွားနိုင်သည်။

စိတ်ကို မမြင်နိုင်ပါ။ တွေ့ထိကိုင်တွယ်၍လည်း မရနိုင်ပါ။ သို့သော် လူစသော သက်ရှိ သတ္တဝါများ၌ စိတ်ရှိကြောင်း ထင်ရှားပါသည်။ စိတ်ကြောင့်ပင် ပြုမူပြောဆို၊ ကြံစည်လုပ်ကိုင် နေကြပါသည်။ သို့သော် စိတ်၌ အကောင်အထည်ဒြပ်ဝတ္ထုဟူ၍ကား မရှိပါချေ။

အကောင်အထည်ဒြပ်ဝတ္ထုမရှိသော စိတ်သည် သက်ရှိသတ္တဝါများ၏ ကိုယ်ထဲ၌ သာရှိပါသည်။ အပြင်ဘက်၌မရှိပါ။ သစ်စေးသည် သစ်သီးထဲတွင်ရှိသကဲ့သို့ဖြစ်ပါသည်။ ကိုယ်ခန္ဓာထဲ၌ရှိသော စိတ်ကဆွဲဆောင်လျှင် ကိုယ်ခန္ဓာကြီးသည် စိတ်၏ပြုမူစေခိုင်းချက်ကို လိုက်နာဆောင်ရွက်ပေးရလေ့ရှိသည်။

စိတ်သဘာဝသည် သက်ရှိသတ္တဝါတို့ပါဝင်သော သတ္တလောက၊ သက်မဲ့တောတောင်ရေ၊ မြေ စသည်ပါဝင်ပြီး ကမ္ဘာလောကကြီးဖြစ်သော ဩကာသလောက၊ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့သာ ဖြစ်သောသင်္ခါရလောကတို့ကို ဆွဲဆောင်နိုင်သောအားရှိသည်။ လောကသုံးပါးထက် စိတ်သည် အားကောင်းသည်၊ ပြင်းထန်သည်၊ စွမ်းရည်ထက်မြက်သည်။

ဥပမာ - သတ္တဝါတစ်ဦး၏စိတ်သည် လျှပ်စစ်ဓာတ်အားနှင့်တူသည်။ လျှပ်စစ်ဓာတ်အားသည် ဓာတ်ကြိုးထဲတွင်ရှိ၍ အားရှိပြီး အမျိုးမျိုးအသုံးချနိုင်သည်။ ထိုကဲ့သို့ပင် ကိုယ်ထဲ၌

www.dhammaransi.com



ရှိသော စိတ်ဓာတ်သည်လည်း လောကကြီးကိုဆွဲဆောင်နိုင်ရန် အားရှိသည်။ စိတ်အားကို အမျိုးမျိုး အသုံးချနိုင်သည်။

စိတ်သည် သတ္တဝါတို့ကို အမျိုးမျိုး ဖန်တီးပေးနိုင်သည်။ ပညာတတ်၊ လူလိမ္မာ တစ်ယောက်ဖြစ်လာသည်မှာ စိတ်ဓာတ်၏အင်အားကြောင့်ဖြစ်သည်။ ထို့တူ လူယုတ်မာ လူမိုက်တစ်ယောက်ဖြစ်လာခြင်းသည်လည်း စိတ်၏အင်အားကြောင့် ဖြစ်သည်။

စိတ်ဓာတ်အားကြောင့်ကောင်းမှုကိုလည်းဖြစ်စေ၍မကောင်းမှုကိုလည်းဖြစ်စေနိုင် ပါသည်။ ထို့ကြောင့် စိတ်သည် အကောင်းအဆိုး (၂)မျိုးလုံး ဖြစ်စေနိုင်သော သဘာဝသတ္တိ ရှိနေပါသည်။

စိတ်သည် ထက်မြက်အားကောင်းလွန်းသောကြောင့် စိတ်ကို ပစ်ထား၍မရပေ။ စိတ်ကို ဂရုတစိုက်ထိန်းသိမ်းရသည်။ စိတ်ကို ယင်း၏သဘောအလျောက် နေချင်သောနေရာ တွင် လွှတ်ထားပါက အကျိုးမဲ့ဖြစ်ရတတ်သည်။ စိတ်ကိုထိန်းသိမ်းရာတွင် ကောင်းသော အလုပ်၊ ကောင်းသောစကား၊ ကောင်းသောအကြံအစည်များ စာပေသင်ကြားခြင်း၊ တရားဓမ္မ စာပေဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ နာကြားခြင်းဟူသော ကောင်းမွန်သောဌာနတို့၌သာ ထိန်းချုပ် ထားသင့်သည်။ သို့မှသာ ကောင်းမွန်သော အကျိုးကျေးဇူးများကို ခံစားရပေမည်။

လူတိရစ္ဆာန်စသော သက်ရှိသတ္တဝါများကို သတ္တလောကဟု ခေါ်သည်။ စိတ်သည် မိမိကိုယ်ကိုလည်း ဆွဲဆောင်နိုင်သည်။ သူတစ်ပါးကိုလည်း မိမိအလိုသို့ ပါစေနိုင်၏။ တစ်နေ ရာရာသို့သွားချင်ပါက ကိုယ်ခန္ဓာက ထ၍သွားရ၏။ အခြားသူများ မိမိအလိုသို့ပါအောင် ဆွဲ ဆောင်စည်းရုံးနိုင်၏၊ စေခိုင်းနိုင်၏။

လူသတ္တဝါတွင် ကြိုးစားပညာရှာသူက ပညာတတ်ဖြစ်ပြီး ရာထူးရာခံနှင့် ချမ်းသာ ၏။ ပညာမရှာသူ၊ အချိန်ဖြုန်းသူက ကြီးသောအခါ ပညာမဲ့ဖြစ်ပြီး ဆင်းရဲပင်းပန်းကြီးစွာ ရှာစား ရသည်။ ကုသိုလ်ပြုသူက ပစ္စုပ္ပန် - သံသရာနှစ်ဖြာဘဝချမ်းသာ၏။ ဂုဏ်သတင်းကျော်စော၏။ အကုသိုလ်ပြုသူက ပစ္စုပ္ပန်သံသရာဆင်းရဲ၏၊ ဂုဏ်သတင်း မကောင်းသတင်း ကျော်စော၏။

စိတ်သည် ဩကာသလောကကြီးကို ဆွဲဆောင်နိုင်၏။ လူသား၏စိတ်ဓာတ်ဖြင့် လောကကြီး သဘာဝအမျိုးမျိုးဖြစ်စေနိုင်၏။ ဗုဒ္ဓ၏စိတ်ဓာတ်အားစွမ်းကြောင့် ဗုဒ္ဓမွေးသော အခါ သစ်ပင်များအလိုလိုဖူးပွင့်လာရခြင်း၊ မြေကြီးတုန်လှုပ်ရခြင်း၊ စီးဆင်းနေသောရေများရပ် တန့်ခြင်း စသော အခြေအနေများသည် ဘုရားလောင်း၏ အားကောင်းသော ပါရမီစိတ်ဓာတ် များကြောင့် ဖြစ်ရသည်။ ဗုဒ္ဓ၏စိတ်ဓာတ်အားကြောင့် ရေ၊ မီး အစုံစုံ တန်ခိုးများထွက်ရသည်။

ပြုပြင်မှုလောကဟုဆိုအပ်သော သင်္ခါရလောကကိုလည်း စိတ်က ဆွဲဆောင်ပြုပြင် နိုင်ပါသည်။ လှုပ်ရှားပြေးလွှားပြီး ဖြစ် - ပျက်ဖြစ်နေသော ရုပ် - နာမ်သဘာဝကိုတည်အောင် သမာဓိရအောင်ချာန်အဘိညာဉ်၊မဂ်ဖိုလ်ရအောင်၊နောက်ဆုံးဖြစ်ပျက်သင်္ခါရလောကမှလွတ် မြောက်ပြီး နိဗ္ဗာန်ရောက်အောင် စိတ်ကပင် ပြုလုပ်စီမံပေးပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထိုကြောင့် စိတ်သဘာဝသည် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟူသော လောက(၃)ပါးကိုလည်း လွှမ်းမိုးခြယ်လှယ်နိုင်သော သဘာဝများရှိနေပါသည်။

စိတ်သဘာဝကို ထပ်မံခွဲကြည့်လျှင် စေတသိက်ကြောင့် ကောက်သောစိတ်၊ ဖြောင့်သောစိတ်၊ တောင့်တချက်နှင့် မကိုက်ညီသော အကျိုးကောက်၊ တောင့်တချက်နှင့်ကိုက်ညီသောအကျိုးဖြောင့်၊ မကြာခင်ရောက်လာသော မခိုင်သောအကျိုး၊ ကြာမှလာသော ခိုင်သောအကျိုးစိတ်ဟူ၍ အမျိုးမျိုးရှိနေပါသည်။

စေတသိက်များကြောင့် စိတ်သည်အားရှိပြီး ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်ရာတွင် ကောင်းသောစိတ်၊ ဖြောင့်သောစိတ်ဖြင့် ဆောင်ရွက်သည်လည်းရှိသည်။ ကောက်သောစိတ်၊ မဖြောင့်သောစိတ်တို့ဖြင့် ဆောင် ရွက်သည်လည်းရှိပါသည်။

ဥပမာ – ရေစီးကြောင်းတစ်ခုတွင် ရေသည် တန်းတန်းမတ်မတ် စီးဆင်းသည်လည်းရှိသည်။ ကောက်ကွေ့စွာ စီးဆင်းသည်လည်းရှိသည်။ ဤသည်မှာ ရေအောက်တွင်ရှိသော မြေကြောင့်ဖြစ်သည်။ ရေသဘာဝသည် ကောက်နိုင်၊ ဖြောင့်နိုင်စီးဆင်းနိုင်သော သဘာဝမရှိ။ မြေကြောကောက်၍သာ ရေစီးကြောင်းကောက်ရသည်။

ဤသဘာဝအတိုင်းစိတ်သည်စေတသိက်၏လှုံ့ဆော်စေ့ဆောင်မှုကြောင့်ကောက်ရခြင်းဖြစ်ပါသည်။

ကောက်သောစိတ်ကြောင့် ရရှိသော အကျိုးသည်လည်း ကောက်ပေမည်။ ဖြောင့်သောစိတ်ကြောင့် ဖြောင့်သောအကျိုးကိုရပေမည်။ အကျိုးကောက်သည်မှာ တောင့်တချက်လိုလားချက်နှင့် မကိုက်ညီသော ဆန့်ကျင်သော အကျိုးဖြစ်သည်။ အကျိုးဖြောင့်ဆိုသည်မှာ တောင့်တချက်၊ လိုလားချက်နှင့် ပြည့်စုံသော အကျိုးဖြစ်ပါသည်။

ဥပမာ – မြားပစ်ရာတွင် မြားတံသည် ဖြောင့်ပါက မိမိပစ်လို ရောက်လိုသောနေရာသို့ တည့်မတ်ဖြောင့်တန်းစွာ သွားပေမည်။ မြားတံကောက်လျှင် မိမိရောက်လို၊ ပစ်လိုသောနေရာသို့ ရောက်ချင်မှရောက်ပေမည်။ ထိုကဲ့သို့ပင် စိတ်ကောက်လျှင် အကျိုးကောက်ဖြစ်ပေါ်၍ စိတ်ဖြောင့်လျှင် အကျိုးဖြောင့်ဖြစ်စေနိုင်သည်။

လူသားတစ်ဦးသည် သံသရာ၌ ဘဝပေါင်းများစွာ ကျော်လွန်လာရသောကြောင့် ဖြစ်သောစိတ်၊ ကောက်သောစိတ် များစွာရှိခဲ့ဖူးပါသည်။ ထို့ပြင် တစ်ဘဝတည်း၌ပင် ကောက်သောစိတ်၊ ဖြောင့်သောစိတ် များစွာရှိနေခဲ့သည်။

အခြားသူ တစ်ဦးတစ်ယောက်အပေါ်တွင် ကောက်သောစိတ်ထားပါက ထိုစိတ်ကောက်၏အကျိုးဖြစ်သော အကျိုးကောက်သည် သူတစ်ပါးအပေါ်သို့ နည်းနည်းသာရောက်ပြီး မိမိဘက်သို့ အကျိုးကောက်များများ လာတတ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဖြောင့်မတ်သော စိတ်ရှိသူသည် ဖြောင့်သောအကျိုးကိုသာရပါသည်။ ဖြောင့်သော စိတ်ဖြင့် တစ်ပါးသူကိုကူညီပါက ကူညီခံရသူက ပြန်၍ကူညီပေးမည်။ ပြန်၍မကူညီသော်လည်း အခြားဘေးကလူ၏ ကူညီမှုကို ခံရပါသည်။ မိမိပြုသော စေတနာကောင်းကျိုးသည် မည်သို့မျှ အလဟဿ အချည်းနှီးမဖြစ်ပါချေ။

ဖြောင့်သောစိတ်ကြောင့် တောင့်တချက်နှင့်ကိုက်ညီသော ဖြောင့်သောအကျိုးကို ရနိုင်ပါသည်။

ဖြောင့်သောအကျိုးတွင် ခိုင်သောအကျိုးနှင့် မခိုင်သောအကျိုးဟူ၍ ရှိလေသည်။ မခိုင်သောအကျိုးသည် နည်းသောအကျိုးဖြစ်၍ မြန်မြန်လာတတ်သည်။ ခိုင်သောအကျိုးကား များသောအကျိုးဖြစ်၍ အချိန်ကြာမြင့်သောအခါမှ လာတတ်ပါသည်။

ဉပမာ - ပူးပင်၊ သခွါပင်များ စိုက်ပျိုးရာတွင် သုံးလေးလဖြင့် သီးနိုင်၊ ပွင့်နိုင်ပြီး မြန်မြန် စားသုံးရသည်။ အချိန်တာရှည်မခံ၊ မြန်မြန်သေသွားနိုင်သည်။

သရက်ပင်၊ ပိန္နဲပင်စသည် အပင်ကြီးစိုက်ပျိုးခြင်းကား သီးနိုင်သည်အထိ (၇)နှစ် (၈)နှစ် စောင့်ရသည်။ ထိုအပင်များသည် ခဏအတွင်း မသေနိုင်။ ကြာရှည်စွာ တည်တံ့နိုင်ပြီး ကြာရှည်စွာ စားသုံးနိုင်သည်။

ထိုကြောင့် နည်းသောအကျိုး၊ မခိုင်သောအကျိုးသည် မကြာခင်လာတတ်၍ များသောအကျိုး၊ ခိုင်သောအကျိုးသည် ကြာမှလာတတ်သော သဘာဝရှိပါသည်။

ဤစိတ်၏သဘောသဘာဝများ၊ စိတ်၏လျင်မြန်မှုများကို သိပ္ပံပညာရှင်တို့က မစမ်းသပ် မတွေ့ရှိနိုင်သေးပါ။ ဗုဒ္ဓက မိမိ၏သဗ္ဗညုတဉာဏ်တော်ဖြင့် ခွဲခြားစိတ်ဖြာပြီး အသေးစိတ်ဟောကြားထားခဲ့ပါသည်။

## အမှန်ကို အမှားထင် (မောဟ)နှင့် သဘာဝအစဉ်များ

လူ၏ခန္ဓာကိုယ်သည် မမြဲသည့်ဓာတ် သဘာဝတို့၏ဖွဲ့စည်းတည်ဖြစ်မှု ယာယီသင်္ကေတန်မျှသာဖြစ်ကြောင်း၊ အမြဲမတည်ကြောင်း၊ အိုရ၊ နာရ၊ သေရမှုသည် စင်စစ်ဆင်းရဲကြောင်း စသည်ကို ယထာဘူတကျကျ ထိုးထွင်း၍ ဒိဋ္ဌမသိ မမြင်ကြပေ။

ဤသို့မမြင်ခြင်းသည် နာမ်ပိုင်းဆိုင်ရာအမှောင်တစ်ရပ်ကဖုံးလွှမ်းထား၍ဖြစ်သည်။ လူ၏စိတ်၊ စေတသိက်နာမ်ပိုင်းတွင် သစ္စာလေးချက် အမှန်သဘာဝကို မသိမမြင်အောင် ကာကွယ်တားဆီးနေသော သဘာဝတစ်ရပ်ရှိပါသည်။ ယင်းကို ပါဠိဘာသာအားဖြင့် မောဟဟူ၍

www.dhammaransi.com



ခေါ်ပြီးမြန်မာအဓိပ္ပာယ်မှာဖုံးလွှမ်းခြင်းသဘော၊ဖုံးလွှမ်းခြင်းလက္ခဏာရှိသောသဘာဝတရားဟု ဆိုလိုပါသည်။

မည်ကဲ့သို့ ဖုံးလွှမ်းသနည်းဟု ဥပမာပြရာ၌ လကွယ်နေ့ည သန်းခေါင်အခါ မိုးမှောင်ကျချိန် တောအုပ်ကြီးအတွင်း၌ မှောင်နှင့်မဲမဲရှိနေချိန် ဤအချိန်များတွင် မြင်စရာပစ္စည်းများကို မမြင်နိုင်အောင် အမှောင်ထု ဖုံးလွှမ်းထားသည်။ အမှောင်ထု၏ လက္ခဏာသဘာဝသည် ဖုံးလွှမ်းခြင်းလက္ခဏာရှိသည်ဟု ပြဆိုထားပါသည်။

လူ့လောက လူ့သဘာဝတွင် မိမိနှင့်ရင်နှီးခင်မင်သောသူ သေဆုံးသွားသောအခါ ထိတ်လန့်သံဝေဂဖြစ်မိကြသည်။ မိမိလည်း တစ်နေ့သေရမည်ဟု အနိစ္စသဘောကို ထင်ယောင်မြင်ယောင်လာသည်။

သို့သော် ထိုစိတ်ထားက ကြာရှည်မခံ။ တော်တော်ကြာ ယခင်အတိုင်းပြန်ဖြစ်ပြီး လုပ်ဟယ်၊ ကိုင်ဟယ်၊ သွားဟယ်၊ လာဟယ်၊ စားဟယ်၊ သောက်ဟယ်၊ ပျော်ဟယ်၊ ပါးဟယ်နှင့် နေမြဲအတိုင်း ပြန်ဖြစ်ကြပြန်သည်။

ဤသို့ နေမြဲအတိုင်းပြန်ဖြစ်ခြင်း အမှန်သဘာဝကို မမြင်ဖြစ်နေသည်မှာ စိတ်၌ မှီတွယ်ပြီးဖြစ်ပေါ်နေသည့် သဘာဝတစ်ရပ်ကြောင့်ဖြစ်၏။ အမှန်တရားကို ဖုံးလွှမ်းခြင်း လက္ခဏာရှိသော ထိုသဘာဝတရားကို မောဟဟူ၍ ဗုဒ္ဓက အမည်ပေးခဲ့သည်။ မောဟသည် လူ၌ရှိသော အမှန်ဓမ္မကို ဖုံးလွှမ်းတတ်သော အမှောင်သဘာဝတစ်မျိုး၏ နာမည်မျှသာဖြစ်ပါသည်။ ဖုံးလွှမ်းခြင်းလက္ခဏာရှိသော ပရမတ္ထသဘာဝတစ်မျိုးကိုသာ မောဟဟုခေါ်ခြင်းဖြစ်သည်။ မောဟသည် ဖုံးလွှမ်းတတ်သောအရာမဟုတ်။ သစ္စာဓမ္မကို ဖုံးလွှမ်းတတ်သော လက္ခဏာရှိသောသဘာဝသည်စိတ်၌မှီတွယ်၍စိတ်ကိုချယ်လှယ်တတ်သောကြောင့်မောဟစေတသိက်ဟုခေါ်သည်။ ဖုံးလွှမ်းခြင်းလက္ခဏာတစ်ရပ်၊ စိတ်၌မှီတွယ်ဖြစ်တတ်သော သဘာဝ ဤနှစ်ရပ်ပေါင်း၍ မောဟစေတသိက်ဖြစ်လာရသည်။

လကွယ်နေ့ညသန်းခေါင် မိုးမှောင်ကျချိန် တောအုပ်အလယ်သို့ ရောက်နေသောသူသည် တောင်မမြင်၊ မြောက်မမြင် ယောင်ယောင်မှားမှား စမ်းတဝါးဝါးဖြင့် ကုန်းမှန်းမသိ၊ ကျင်းမှန်းမသိ တိုက်မိခိုက်မိ ကတိမ်းကပါးဖြစ်နေမည်။ မြွေမှန်းမသိ ကင်းမှန်းမသိ ကိုင်မိကိုင်းရာ စမ်းမိစမ်းရာကို ကိုင်မိနေမည်မှာ အဟုတ်အမှန်ကို ခွဲခြား၍ မသိသောကြောင့်ဖြစ်ပါသည်။

အလားတူ စိတ်ပိုင်းဆိုင်ရာ၌ မောဟအမှောင်ကျနေသော လူသားတစ်ဦးသည် အမှန်ကိုမမြင်သဖြင့် အမှားကိုမြင်နေ၍ ဘဝသံသရာ၌ ဆင်းရဲဒုက္ခရောက်ရသည်။

သူသည် အနိစ္စ = မမြဲသည်ကို နိစ္စ = မြဲသည်ဟု ထင်သည်။ ဒုက္ခ = ဆင်းရဲသည်ကို၊ သုခ = ချမ်းသာသည်ဟုထင်၏။ အနတ္တ = အစိုးမရ၊ မိမိအလိုမလိုက်သည်ကို၊ အတ္တ - အစိုးရ

www.dhammaransi.com



၏၊ အလို လိုက်၏ဟု ထင်နေသည်။ အသုဘ - မတင့်တယ်သည်ကို၊ သုဘ - တင့်တယ်သည်ဟုထင်၏။ မောဟ လူသား၏အမြင်ကား အမှန်တရား၏ပြောင်းပြန်အမြင် ဖြစ်ပါသည်။

မောဟသည် ပညာ(ဉာဏ်)နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ပညာဉာဏ်သည် အမှန်ကို မြင်၏။ မောဟသည် အမှားကိုမြင်၏၊ ထို့ကြောင့် မောဟကို အညာဏဟူ၍လည်းကောင်း၊ အဝိဇ္ဇာဟူ၍လည်းကောင်း ခေါ်ပါသည်။

အချို့က မောဟကို ဘာမျှမသိ၊ ဘာမျှမဖြစ်သော တရားဟု အမှတ်မှားနေတတ်၏။ ထိုသို့မဟုတ်ပါ။ မောဟသည် မြင်တတ်ပါသည်။ သို့သော် အမှန်ကိုမမြင်၊ အမှားကိုမြင်တတ်သည်။ အမှန်ကိုဖုံးလွှမ်း၏။ မောဟနှင့်ယှဉ်သောစိတ်သည် အမှန်မသိ။

မောဟကို တွေဝေသည်ဟူ၍လည်း ဘာသာပြန်ပါသည်။ စိတ်ပိုင်း၌ မောဟစိတ်ကို…

ဝိစိကိစ္ဆာ = မဆုံးဖြတ်နိုင်ခြင်း

ဥဒ္ဓစ္စ = ပျံ့လွင့်ခြင်း ဟူ၍ ပြောထားပါသည်။

မဆုံးဖြတ်နိုင်ခြင်းသည် တွေဝေခြင်းသဘော ဖြစ်ပါသည်။ တွေဝေခြင်းဟူသည် အမှန်ကို မချဆတ်ဆတ်၊ တန်းတန်းမတ်မတ်မသိ၊ တွေ့ကြုံရသောအာရုံ၌ တွေဝေခြင်းဖြစ်သည်။

ယထာဘူတသဘာဝအမှန်ကို ဖုံးလွှမ်းပြီး အမှန်ဆို၏။ ဆန့်ကျင်ဘက်ကိုသာ သိစေ၏။ ထို့ကြောင့် ပုထုဇဉ်လောက၌ မောဟသည် ပညာယောင် ဟန်ဆောင်တတ်ပါသည်။ ပုထုဇဉ်လူညံ့တို့သည် မိမိတို့ ထင်မိထင်ရာသိမြင်ခြင်းကို မှန်သောအမြင် (သမ္မာဒိဋ္ဌိ)ဟူ၍ ထင်မှတ်တတ်ခြင်းသည်ကား မောဟအသိကို ပညာအသိဟု ထင်မိယောင်မှားခြင်းသာ ဖြစ်ပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာ၌ မရှက်ခြင်းလက္ခဏာရှိသော သဘာဝတရားအမည်ကို အဟိရိကဟု ခေါ်ပါသည်။

ဝက်သည် မစင်စားရသည်ကို မရှက်တတ်၊ ရှက်ရကောင်းမှန်း မသိသကဲ့သို့၊ အကုသိုလ်မကောင်းမှုတစ်ခုခုကို ပြုလုပ်ရာ၌ ရှက်ရကောင်းမှန်းမသိသော သဘာဝတစ်ရပ်သည် စိတ်ကိုမှီ၍ဖြစ်သည်။ ဤမရှက်တတ်သော သဘာဝသည်ကား အမှန်တရားကိုမသိသော မောဟ၏ တွဲဘက်သဘာဝ ဖြစ်ပါသည်။

မလန့်မကြောက်ခြင်း လက္ခဏာရှိသော သဘာဝတရားအမည်ကို အနောတ္တပ္ပဟူ၍ ခေါ်ပါသည်။

မီးကိုတိုးမိသော ပိုးဖလံတို့သည် မီးကို ကြောက်လန့်ရမှန်းမသိ။ မီးလောင်၍ သေရမည်ကိုမသိ၍ မီးရောင်လွင်လွင်ကလေးကိုပင် အကောင်းထင်၍ ဝင်တိုးကြသကဲ့သို့ မောဟရှိ

www.dhammaransi.com



သောလူသားသည် အကုသိုလ်ဒုစရိုက်အပြစ်ကို ပြုလုပ်ရန် မကြောက်တတ်၊ ကြောက်ရကောင်းမှန်းလည်း မသိပေ။ ဤမကြောက်တတ်သော သဘာဝကားအမှန်ကို အမှန်အတိုင်းမမြင်အောင် မောဟအမှောင် ဖုံးလွှမ်းနေသောကြောင့်ဖြစ်ပါသည်။

ပျံ့လွင့်ခြင်းလက္ခဏာရှိသော သဘာဝအမည်ကို ဥဒ္ဓစ္စဟူ၍ခေါ်ပါ သည်။

ပြာပုံတစ်ပုံကိုခဲဖြင့်ပစ်လိုက်သောအခါပြာနများပျံ့လွင့်သွားဘိသကဲ့သို့မတည်ငြိမ်သော စိတ်သဘာဝကို ဥဒ္ဓစ္စဟုခေါ်ပါသည်။

ဗုဒ္ဓသည် အပြစ်စွန်းငြိသော အကုသိုလ်သဘာဝတရားများကို လေ့လာသောအခါ အခြေခံကျသော...

- အမှန်ကိုဖုံးလွှမ်းခြင်းလက္ခဏာရှိသောသဘာဝတရား(မောဟ)
- အပြစ်ပြုလုပ်ရာ၌ မရှက်တတ်သောလက္ခဏာရှိသော သဘာဝတရား (အဟိရိက)
- အပြစ်ပြုလုပ်ရာ၌မကြောက်တတ်သောလက္ခဏာရှိသော သဘာဝတရား (အနောတ္တပ္ပ)
- စိတ်ပျံ့လွင့်ခြင်းလက္ခဏာရှိသောသဘာဝတရား (ဥဒ္ဓစ္စ)

အခြေခံကျသော သဘာဝတရား(၄)ပါးသည် စိတ်၌မှီတွယ်၍စိတ်ကိုချယ်လှယ်၏။ ထိုသဘာဝတရားတို့နှင့်အတူဖြစ်သော စိတ်သည် ညစ်ညူးကာ အပြစ်ငြိစွန်း၏။ အကုသိုလ်ဖြစ်၏။ အကုသိုလ်ဖြစ်သမျှ အရာတိုင်း ထို(၄)မျိုး အခြေခံပါသည်။

ဤတရား(၄)ပါးသည်အကုသိုလ်စိတ်ဖြစ်အောင် လုပ်၏။ သန့်ရှင်းကြည်လင်သော ရေကို ဆေးနက်ခတ်ပြီး ရေမဲဖြစ်အောင် ပြုလုပ်သကဲ့သို့ စိတ်ကိုမဲညစ်အောင် အကုသိုလ်ဖြစ်အောင် ပြုလုပ်သည်။

အကုသိုလ်ဖြစ်တိုင်း ဤ(၄)ပါး ပါဝင်နေပါသည်။ အမှန်ကို အမှန်တိုင်းမမြင်လျှင် အကုသိုလ် ဖြစ်၏။ အမှန်ကို အမှန်တိုင်းမြင်မှ ကုသိုလ်ဖြစ်ပါ၏။

ဤစေတသိက်(၄)မျိုးယှဉ်လာလျှင် စိတ်၌ အပြစ်ငြိတွယ်၏၊ ညစ်နွမ်း၏၊ မကောင်းသောအကျိုး ဖြစ်စေသည်။ အကြောင်းတရားဖြစ်၏၊ ထိုကြောင့် ထိုစေတသိက်(၄)မျိုးကို အကုသိုလ်နှင့်ဆက်ဆံသော စေတသိက်ဟူ၍ အဘိဓမ္မာ၌ ဆိုထားပါသည်။

ယင်း(၄)ပါးသည် အရင်းခံမြင်၍ ပင်စည်နှင့်တူပါသည်။ ယင်းပင်စည်မှ အောက်ပါအတက်တို့သည် လေးဘက်လေးတန်မှ ထွက်ပေါ်လာတတ်ပါသည်။

- လောဘ၊ ဒိဋ္ဌိ၊ မာနဟူသောအတက်တစ်ဘက်။

  ယင်းတွင် လောဘသည် အရင်းခံအတက်ဖြစ်၍ ဒိဋ္ဌိမာနသည် အခက်အလက်ဖြစ်သည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



- ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသောအတက် တစ်ဘက်။

  ယင်းတွင် ဒေါသသည် အရင်းခံအတက်ဖြစ်၍ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စသည် အခက်အလက်ဖြစ်သည်။

- ထိန၊ မိဒ္ဓဟူသော အတက်တစ်ဘက်။

  ယင်းသည် အတက်၏အတက်၊ အခက်၏အခက်ဖြစ်သည်။

- ဝိစိကိစ္ဆာဟူသော အတက်တစ်ဘက်။

  ယင်းသည် မောဟမှ တိုက်ရိုက်ထွက်သော အတက်ဖြစ်သည်။

အရာဝတ္ထုတစ်ခုသည် အမှန်စစ်စစ် တည်ရှိနေသော်လည်း မမြင်နိုင်၊ မသိနိုင်ခြင်းက ဖုံးလွှမ်းနေသော် မမြင်နိုင်ပေ။ ဥပမာ - ပန်းတစ်ပွင့်ကို အဝတ်တစ်ခုဖြင့် ဖုံးလွှမ်းထားပါက ပန်းသည် အမှန်စင်စစ်တည်ရှိနေသော်လည်း အဝတ်ဖုံးထား၍ မမြင်နိုင်ပေ။

အလားတူ မျက်စိမှုန်သော လူတစ်ယောက်သည် စာရွက်ပေါ်မှစာများကို မမြင်ရသော်လည်း ပါဝါမျက်မှန်တပ်လိုက်ပါက စာကိုမြင်ရပေမည်။ မျက်မှန်မတပ်ဘဲ အဝတ်တစ်ခုခုကို မျက်စိပေါ်တွင် တင်လိုက်ပါက ပို၍ပင် မမြင်နိုင်တော့ပါချေ။

ထိုကဲ့သို့ပင် စိတ်သည် မျက်မှန်နှင့်တူသော အမောဟ(ပညာ)နှင့် ယှဉ်တွဲပါက ကောင်းမွန်ပေမည်။ အမောဟ (ပညာ) သည် ကောင်းသော မွန်မြတ်သောစိတ်ဖြစ်စေရန် ကူညီ၏။

သို့မဟုတ်ဘဲ အဝတ်နှင့်တူသော မောဟစေတသိက်နှင့် ယှဉ်တွဲပါက စိတ်သည် ညစ်နွမ်းသွားပေမည်။ ထိုကြောင့် မောဟစေတသိက်သည် စိတ်ကို အနှောင့်အယှက်ပေးသည်။ ဤသည်ကို မည်သည့်သိပ္ပံဆရာ၊ သိပ္ပံပညာကမှ စမ်းသပ်၍မတွေ့ရှိရသေးပါ။ ဗုဒ္ဓကသူ၏သဗ္ဗညုတဉာဏ်တော်ဖြင့် တွေ့မြင်ခဲ့သဖြင့် သတ္တဝါတို့အတွက် ထုတ်ဖော်ဟောပြထားခဲ့ပါသည်။

## လိုချင်မှု (လောဘ)နှင့် အတက်၊ အခက်၊ အလက်များ၏ သဘာဝများ

လောဘဟူသောအတက် = လိုချင်ခြင်းကပ်ငြိခြင်း၊ တွယ်တာခြင်းသဘောတရားရှိသော စေတသိက်တရားများ ဖြစ်ကြသည်။ ယင်း၏ လောဘ၏ကပ်ငြိမှုကို သာမန်မျက်စိဖြင့် မမြင်နိုင်ပါ။ ထိုစိတ်သည် လိုချင်သူ၊ ကပ်ငြိတွယ်တာသူ၏စိတ်ထဲတွင်ရှိနေသည်။ အလွန်ပြင်းထန်သော စေတသိက်အားဖြစ်သည်။

www.dhammaransi.com



လောဘ၏ ထိုကပ်ငြိ၊ တွယ်တာမှုသည် ရှိုင်းစိုင်းသည်၊ ပြင်းထန်သည်၊ ကြမ်းတမ်းသည်။ ထိုလောဘအတက်ထွက်လာပါက လူသား၏ဘဝသည် နိမ့်ကျပျက်စီးသွားတတ်ပါသည်။

လောဘငြိခြင်းသည် သာမန်ပစ္စည်းများ ငြိနေသည်နှင့်မတူပေ။ ဆွဲဖြုတ်၍ မရတတ်ပေ။ ဥပမာ - အင်္ကျီစ၊ ပုဆိုးစများ အစွန်းတစ်ခုနှင့် ငြိနေက လက်ဖြင့် ဖြုတ်၍ရပါ၏။ သို့သော် စိတ်တွင်ရှိသော လောဘ စေတသိက်နှင့် အရာဝတ္ထုကပ်ငြိနေသော် ဖြုတ်၍မရပေ။ ကပ်ငြိနေကြောင်းကိုကား သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။

လောဘစေတသိက်သည် အရာဝတ္ထုတစ်ခုကို ကပ်ငြိရာတွင် အရာဝတ္ထု၏ပိုင်ရှင်ကိုပင် သတ်ဖြတ်သည်အထိ ကပ်ငြိသည်။ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ဓားပြတိုက်ခြင်း၊ လိမ်လည်ခြင်းတို့သည် သူတစ်ပါး၏ဥစ္စာကို လိုချင်ကပ်ငြိသော လောဘစေတသိက် ပြင်းထန်သောကြောင့် ဖြစ်သည်။

လူသတ္တဝါတို့သည် လောဘအရင်းခံကြောင့် ပင်ပန်းမှုကို ခံနေကြရ၏။ လောဘ (၂)မျိုးရှိပါသည်။

၁။ သမလောဘ - ညီညာမျှတသောလိုချင်မှု

၂။ ဝိသမလောဘ - မမျှမတဘဲ အလွန်အမင်းလိုချင်သော လောဘဖြစ်သည်။ လွန်ကျူးစွာလိုချင်သော လောဘစိတ်ကြောင့် လွန်ကျူးစွာပင် ဒုက္ခရောက်ရသည်။

လောဘအားပျော့လျှင် ဒုက္ခဆင်းရဲအား ပျော့သည်။ လောဘအားကြီး ပြင်းထန်လျှင် ဒုက္ခဆင်းရဲအား အားကြီးပြင်းထန်ပါမည်။

လောဘသည် မျောက်စေးနဲ့နှင့် တူသည်။ မျောက်စေးနဲသည် သားသတ်မုဆိုးများ မျောက်ထောင်ရာတွင် အသုံးပြုသောသစ်ပင်မှထွက်သော အလွန်စေးကပ်သော အစေးတစ်မျိုးဖြစ်သည်။ မျောက်နဲစေးသည် သွားရောက်ကပ်သော မျောက်၏ ခြေ၊ လက်၊ နှုတ်သီး အားလုံးကို ခွာမရအောင် ကပ်ထားနိုင်သကဲ့သို့ လောဘစိတ်သည်လည်း လောဘသားတို့ကို ခွာမရအောင် ကပ်ထားနိုင်ပါသည်။

လောဘသည် စိတ်ထဲတွင်ရှိသည်။ စိတ်ထဲတွင် ရောပါနေပါသည်။ လောဘစေတသိက်ကလေးတစ်ခု ဖြစ်ပေါ်လာပုံကိုကြည့်လျှင် ပန်းအလှတစ်ပွင့်မြင်မှုနှင့် နှိုင်းယှဉ်ကြည့်က သိသာနိုင်ပါ၏။

ပန်းလှလှကလေးတစ်ပွင့်ကို မျက်စိဖြင့်မြင်သောအခါ လူတွင် နီးကြားသိစိတ် (ဝီထိစိတ်အစဉ်များ) ဖြစ်လာကြောင်း သိခဲ့ရပါပြီ။ ယင်းကဲ့သို့ စိတ်ဝီထိနာမ်တရားစုထဲမှာ ပန်းလှလှကလေးကို တွယ်တာကပ်ငြိသလိုဖြစ်သော သဘာဝကလေး ပါလာပါသည်။

www.dhammaransi.com



လှလိုက်တာရယ်လို့ ထင်ကာနင့် ယင်းအလှအပေါ်မှာ ကပ်ငြိသလိုဖြစ်သော သဘာဝတရားကလေး ဖျတ်ခနဲပွင့်သွားပါသည်။ တကယ်ပန်းအလှကို ခံမင်စုံမက်လာသော သဘောမဖြစ်ဘဲမြင်ကာမျှမြင်တာမျိုးဆိုကကပ်ငြိသောသဘောမဖြစ်ပေါ်ပါ။ လှလိုက်တာဟု ပန်းအပေါ်၌ ကိုင်းညွတ်သွားပါမူ ကပ်ငြိသောသဘာဝကလေးသည် စိတ်မှာ တွယ်သွားပါ သည်။

ယင်းကဲ့သို့ ပန်းအလှကလေးပေါ်မှာ ကပ်ငြိသလိုဖြစ်တဲ့စိတ်၏ အတွယ်အတာ သဘာဝမျိုးကို ပါဠိဘာသာဖြင့် လောဘဟူ၍ ဗုဒ္ဓအဘိဓမ္မာ၌ နာမည်ပေးထားခဲ့ပါသည်။

ယင်းလောဘကို ဥပမာပေးကြရာ၌ ထန်းလျက်ခဲကိုကပ်သော ယင်ကောင်ကဲ့သို့ လည်းကောင်း၊ တော၌ဖြစ်သော မျောက်စေးနဲ့ဆိုသော ကော်တစ်မျိုးကဲ့သို့လည်းကောင်း ထိ မိကပ်မိလျှင် ခွာမရသောသဘော သဘာဝဟု ဥပမာပြဆိုကြပါသည်။

ယနေ့ခေတ်သိပ္ပံပညာနင့် ဥပမာပေးလျှင် သံလိုက်ဓာတ်သဘာဝဟု ဆိုပါသည်။ သံလိုက်ဓာတ်ရှိသော သံတုံးအနီးသို့ အခြားသံတုံးတစ်တုံး ကပ်သွားလျှင် သံလိုက်ဓာတ်ဆွဲ ခံရသကဲ့သို့ လောဘသဘာဝသည် ထိုသို့သော သဘောရှိသည် ဟု ဆိုပါသည်။

သံလိုက်ဓာတ်သည် သံတုံး၏ အရည်အသွေးတစ်မျိုး၊ အားတစ်မျိုး၊ ဂုဏ်သတ္တိ တစ်မျိုး ဖြစ်ပါသည်။ သံတုံးမှာမှီတွယ်ပြီး ဖြစ်နေသကဲ့သို့ ချယ်လှယ်နေသကဲ့သို့ လောဘ သည်လည်း စိတ်နာမ်အုပ်စု၏အရည်အသွေးတစ်မျိုး၊ ဂုဏ်သတ္တိတစ်မျိုး ဖြစ်ပါသည်။

သံလိုက်သည် အားကောင်းခြင်း၊ အားနည်းခြင်း၊ ကွယ်ပျောက်ခြင်း ဖြစ်တတ်သကဲ့ သို့ လူ့စိတ်မှာရှိသော လောဘသည်လည်း အားကောင်းခြင်း၊ အားနည်းခြင်း၊ ကွယ်ပျောက် ခြင်း ဖြစ်တတ်ပါသည်။

မျက်စိဖြင့် မမြင်နိုင်၊ ဉာဏ်ဖြင့်သာ ဆင်ခြင်သိနိုင်သော နာမ်ပိုင်းဆိုင်ရာ သဘာဝ တရားများကို ထင်သာမြင်သာ သိသာသောရုပ်ဥပမာဖြင့် နှိုင်းယှဉ်စဉ်းစားကြည့်က သိသာ နိုင်ပါသည်။

ဥပမာ- ကလေးတစ်ယောက်က ကစားစရာအရုပ်တစ်ခုကို တွေ့မြင်လျှင် လိုချင် တပ်မက်မှု ဖြစ်သည်။ လူကြီးက ဖြစ်မည်မဟုတ်။ လူပျိုက မိန်းမချောကလေးတစ်ယောက်ကို မြင်လျှင် တပ်မက်မှုဖြစ်မည်။ ကလေးကဖြစ်မည် မဟုတ်။

မြင်သောအရာပေါ်မှာကပ်ငြိတွယ်တာသောစိတ်အရည်အသွေးသစ်ကလေးသည် လောဘသဘာဝပင်ဖြစ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာမှာလောဘနင့်သဘာဝတူသောပါဠိဝေါဟာရတစ်လုံးရှိပါသည်။ယင်း က တဏှာဟူသော ဝေါဟာရဖြစ်ပါသည်။

လောဘကိုလိုချင်မှု၊ တဏှာကိုတပ်မက်မှုဟူ၍ မြန်မာမှု ပြုကြလေ့ရှိပါသည်။

www.dhammaransi.com



အလို၊ အမက်၊ ရမ္မက်၊ အဆာ၊ အမွတ်၊ အတွယ်အတာ စသော မြန်မာမှုဝေါဟာရများသည် ထို လောဘ၊ တဏှာတို့၏ အမည်များသာ ဖြစ်ကြပါသည်။

အထူးမှတ်ရမည်မှာ ကာမဂုဏ်အာရုံများကို လိုချင်မှု၊ တွယ်တာမှုမျိုးမှသာ လောဘ သဘာဝဖြစ်ပါသည်။ လိုချင်တာမှန်သမျှ လောဘဟုဆိုက မှားပါသည်။ ကာမဂုဏ်အာရုံ မဟုတ်သောကုသိုလ်တရားများ၊ဈာန်၊မဂ်၊ဖိုလ်များကိုလိုချင်သောနာမ်သဘာဝကားလောဘ တဏှာ မဟုတ်ပါ။ သမ္မာဆန္ဒာသာ ဖြစ်ပါသည်။

ဗုဒ္ဓကဓမ္မစကြာသမုဒယသစ္စာ၌ကာမတဏှာ၊ဘဝတဏှာ၊ဝိဘဝတဏှာဟူ၍ဟော ထားခဲ့ပါသည်။

- ကာမတဏှာဟူ၍ ကာမဂုဏ်အာရုံများ၌ တွယ်တာကပ်ငြိမှုသဘာဝ
- ဘဝတဏှာဟူသည် အမှားအမြင်ကို အမှန်အထင်ခံရသော သဘောအားလုံး ကို မြဲသည်၊ မြဲသောအမြင်ကို အဟုတ်ထင်ပြီး တွယ်တာတပ်မက်သဘော သဘာဝ (သဿတဝါဒ)
- ဝိဘဝတဏှာ သေပြီးလျှင်ပြီးတာပဲ ပြတ်တာပဲဟုဟူသော အမြင်ကို ဟုတ်လှ ပြီထင်ပြီး တွယ်တာကပ်ငြိသောသဘာဝ (ဥစ္ဆေဒဝါဒ)

ထို့ကြောင့် ကာမဂုဏ်အာရုံများကို လိုချင်သော တွယ်တာကပ်ငြိသော စိတ်၏ အရည်အချင်းမျိုးကိုမှ လောဘ(ဝါ)တဏှာဟု ခေါ်ပါသည်။

မောဟဆိုသော အဖုံးအကွယ်သဘာဝ၊ အဟိရိကဆိုသော အရှက်မဲ့သဘာဝ၊ အနောတ္တပ္ပဆိုသော ဒုစရိုက်ကိုမကြောက်သောသဘာဝ၊ ဥဒ္ဓစ္စဆိုသော ပျံ့လွင့်သောသဘာဝ ဤအကုသိုလ်သဘာဝ (၄)မျိုးတည်းဟူသော ပင်စည်ကြီးမှ (ဝါ) ဤအကုသလရေခံ၊ မြေခံ သဘာဝမှ လောဘဆိုသောသဘာဝ ပေါက်ဖွားလာရခြင်းဖြစ်ပါသည်။

မောဟကင်းကွာ အမြင်လင်းပြီး ဉာဏ်အလင်းပွင့်ပြီးသူ၊ ဒုစရိုက်အကုသိုလ်အမှုကို ပြုရမှာရှက်ပါဘိ၊ကြောက်ပါဘိဆိုသောသူ၊ဥဒ္ဓစ္စကင်းရှင်း၍သမာဓိရင့်ကျက်သူတို့၌လောဘ ရမ္မက်၊ အတွယ်အတာရှိမည် မဟုတ်တော့ပါ။

တွယ်တာကပ်ငြိမှုဟူသောသဘာဝသည်ကားမောဟ(အဝိဇ္ဇာ)နှင့်ဖြစ်တူ - ချုပ်တူ အာရုံတူ မှီရာတူသော စေတသိက်၏သဘာဝများ ဖြစ်ပေသည်။ ဒိဋ္ဌိ = လောဘအရင်းခံမှ ထွက်လာသော အခက်အလက်တစ်ခုဖြစ်သည်။

မှားသောအားဖြင့် မြင်ခြင်းလက္ခဏာရှိသော စေတသိက်တရား၊ အမှားမြင်သဘာဝ တရားကို ပါဠိလို ဒိဋ္ဌိဟုခေါ်သည်။

ဒိဋ္ဌိဟူသောပါဠိဝေါဟာရသက်သက် အဓိပ္ပာယ်မှာ အမြင်ဟူ၍ ဖြစ်ပါသည်။ ဒဿန ဆိုသောစကားမျိုးဖြစ်ပါသည်။ အမှားဟူသော အနက် မပါ.ပါ။

www.dhammaransi.com



သို့သော် ပါဌ်တစ်ချက်အနက် ဆယ်ဖြာဆိုသည့်အတိုင်း သူ့နေရာ နှင့်သူ စနစ်တကျ ကောက်ယူထား၍ ဒိဋ္ဌိကို အမြင်မှားဟူ၍ မြန်မာမှုဘာသာ ပြန်ထားခြင်းဖြစ်ပါသည်။

လောကဝေါဟာရတွင် စိန်သူဌေးနှင့် စိန်နှင့်သံပရာဟူသော စကား(၂)ရပ်၌ စိန်ဟူသော စကားနှစ်လုံး၌ ပါနေပါသည်။ စိန်သူဌေးဟူရာ၌ စိန်ဟူသောဝေါဟာရသည် မာကျောသောဖြူစင် ဝင်းလက်သော သက်ရင့်ကျောက်တစ်မျိုးကို ဖော်ပြထားပါသည်။

စိန်နှင့် သံပရာဟူရာ၌ ဤ၌စိန်သည် တစ်ရတီကို သုံးလေးထောင်တန်သော စိန်မဟုတ်။ သံပုရာရေနှင့်ဖျော်သောက်လျှင် သေတတ်သော အဆိပ်တစ်မျိုးဖြစ်သည်။

ထိုနည်းတူ ဒိဋ္ဌိ၌ကား အကုသိုလ်အရာ ဌာနဖြစ်ခြင်း၊ တွဲဖက်ဖြစ်သောလောဘကို ထောက်ဆရခြင်းတို့ကြောင့် ဒိဋ္ဌိ(အမြင်)ဆိုသော်လည်း ဤအမြင်သည် ကောင်းသော အမြင်မဟုတ်၊ အမြင်မှန်မဟုတ်ဟု သိနိုင်ပါသည်။ မောဟနှင့်ယှဉ် လောဘနှင့်ယှဉ်လျက် ဖြစ်လာသော အမြင်မျိုးဖြစ်နေ၍ သန့်ရှင်းစင်ကြယ်သောအမြင်မျိုး ဖြစ်တော့မည်မဟုတ်ပေ။

အလားတူ လောကတွင်ရှိသော "လေ" ၏သဘာဝကိုကြည့်လျှင် လေသည် သူ၏ သဘာဝ မည်သည့်အနံ့အသက်မျှမရှိပါ။ မွှေးလည်းမမွှေး၊ နံလည်းမနံပါ။ ဒိဋ္ဌိအမြင်ဆိုသည်မှာလည်း အမြင်သည် အမြင်ပင်ဖြစ်ပါသည်။

သို့သော် ပန်းချုံက ဖြတ်လာသောလေသည် မွှေးလာသည်၊ အသေကောင်ပုပ်ကဖြတ်လာသောလေသည် နံစော်လာမည်။ ယှဉ်မိ ပေါင်းမိသော အရာဝတ္ထုကိုလိုက်၍ ကွဲပြားခြားနားမှုဖြစ်ရသလို ဒိဋ္ဌိဆိုသော အမြင်သဘာဝသည်လည်း မောဟ၊ အဟိရိက၊ အနောတ္တပ္ပ ဥဒ္ဓစ္စဆိုသော ညစ်နွမ်းသော အကုသိုလ်သဘာဝများနှင့် ပေါင်းဖော်တွဲမိပါက ညစ်နွမ်းသွားပြီး အမြင်မှားဖြစ်ကြရပါသည်။

ထို့ကြောင့် သစ္စာလေးပါးအလင်းရောင်ကင်းမဲ့ပြီး၊ အဝိဇ္ဇာ အမှောင်ပညာမဲ့အမြင် မြင်သမျှသည် ဒိဋ္ဌိအမြင် (ဝါ) အကုသိုလ်အမြင်သာ ဖြစ်ပါမည်။ ဗုဒ္ဓအဘိဓမ္မာ၌ ဤဒိဋ္ဌိကို ခရီးမှားသောသူနှင့် ဥပမာပြုထားပါသည်။ ခရီးသွားသူသည် သွားတော့သွားနေသည်။ အရှေ့ကို အနောက်ထင်၊ အနောက်ကို အရှေ့ထင်၍ သွားနေသည်။ ခရီးမှန်မဟုတ်ချေ။ မျက်စိလည်သူနှင့်တူနေသည်။

ပညာ(ဉာဏ်)က အမှန်အတိုင်း မြင်သည်။ ဒိဋ္ဌိကား သဘောမှန်ကို သွေဖည်သော အမှားကိုသာ မြင်သည်။ ထို့ကြောင့် အကုသိုလ်အရာ၊ အကုသိုလ်နွယ်မှာ အမြင်(ဒိဋ္ဌိ)ဟူသမျှသည် အမြင်မှားသာဖြစ်သည်ဟု ဆိုပါသည်။ မာန = လောဘ၏အရပ်ခံမှ ထွက်လာသော အခက်အလက်တစ်ခုဖြစ်သည်။

ထောင်လွှားခြင်းသဘာဝ၊ ထောင်လွှားမြင့်မောက်ခြင်း အမှတ်လက္ခဏာရှိသော စေတသိက်တစ်မျိုးဖြစ်သည်။

---

ဆုံးပြည့်စုံထွန်းစာပေ

www.dhammaransi.com



မာနဟုခေါ်သော သဘာဝတစ်ရပ်သည် စိတ်၏ အရည်အသွေးတစ်ရပ်ပင် ဖြစ်ပါသည်။ စိတ်ကိုမှီတွယ်ဖြစ်ပေါ်ပြီး စိတ်ကိုချယ်လှယ်သော စေတသိက်တစ်မျိုးဖြစ်ပါသည်။

ဤမာနသည်လည်း မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘဟူသော အကုသိုလ်အခြေခံမှ ဖြစ်ပေါ်လာသော သဘာဝတရားတစ်ခုဖြစ်သည်။

- အမှန်ကိုမမြင်၍ မာနဖြစ်သည်။
- အရှက်မရှိ၍ မာနဖြစ်သည်။
- ဒုစရိုက်အကြောက်မရှိ၍ မာနဖြစ်သည်။
- စိတ်ပျံ့လွင့်၍ မာနဖြစ်သည်။
- လောဘ(တဏှာ)ဖြစ်၍ မာနဖြစ်သည်။

အမှန်ကိုမြင်နေလျှင်မာနမဖြစ်ပါ။ရှက်တတ်၊ကြောက်တတ်လျှင်မာနမဖြစ်။သမာဓိကြီးလျှင် မာနမဖြစ်၊ လောဘရမ္မက်ကင်းလျှင် မာနမဖြစ်။

ထို့ကြောင့် မာနဖြစ်ခြင်းသည် အကုသိုလ်အခြေခံဖြစ်၍ အကုသိုလ်သဘာဝဟု ဆိုရပါသည်။

မာန၏သဘောသည် ထောင်လွှားသည့်သဘောဖြစ်၍ တိုင်ထိပ်ဖျား၌ တလူလူလွင့်နေသော တံခွန်(အလံ)နှင့်တူသည်ဟု ကျမ်းဂန်တို့၌ ဥပမာပြဆိုထားပါသည်။ လောဘနှင့် အမြဲရောနေသည်။ လိုချင်ခြင်းသည် လောဘ၏စွမ်းရည်ဖြစ်သည်။ ပို၍လိုချင်ခြင်းသည် မာန၏ စွမ်းရည်ဖြစ်သည်။

မာန်ဖြစ်သောအခါ စိတ်ထားမညီညွတ်၊ စိတ်ထားမတည်ငြိမ်၊ ခက်ထန်၏။ ကိုယ်ခန္ဓာတောင့်တင်း၏၊ နူးညံ့မှုမရှိဖြစ်၏။ ဂါရဝ - ရိုသေမှု၊ နိဝါတ - နှိမ့်ချမှုကင်းလေသည်။ တဏှာ - ခက်ထန်မောက်မာသည်၊ ထောင်လွှားသည်။ ဤသည်မှာ သူ၏စိတ်၌ ပူးကပ်ဖြစ်ပေါ်နေသော မာနဟုခေါ်သော သဘာဝဆိုးတစ်ရပ်ကြောင့်ဖြစ်ပါသည်။ ထိုမာနသဘာဝသည် ဆန့်ကျင်ဘက်နှင့်တွေ့လေလေ၊ မာနကြီးလေလေဖြစ်သည်။

လောကသဘာဝတွင် ပကတိပင်လယ်ရေသည် ညီညာပြန့်ပြူး၏၊ ငြိမ်သက်တည်ကြည်၏။ သို့သော် ရေစီးနှင့်ဆန့်ကျင်၍ လေတိုက်ခတ်သောအခါ ပင်လယ်ရေများ လှိုင်းတံပိုးထလာပြီး ပင်လယ်သည် မာနကြီးလာသကဲ့သို့ပင် ဖြစ်သည်။

မာနမဖြစ်သောအခါတွင် လူ့စိတ်သည် နူးညံ့၏၊ သိမ်မွေ့၏။ လူ၏စိတ်၌ ပင်ကိုအားဖြင့် မာနစိတ်သည် သဘာဝအနေဖြင့် ကိန်းနေရှိနေသော်လည်း အမြဲတမ်း မာနဖြစ်၍မနေပါ။ ငြိမ်ဝပ်နေပါသည်။ နူးညံ့သိမ်မွေ့နေပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



မာနဖြစ်ရာဆန့်ကျင်ဘက်၊ အကြောင်းကိစ္စကြုံလာသော် စိတ်၌မှိုတွယ်လျက် စိတ်ကိုချယ်လှယ်သည်။ မောက်မာသော သဘာဝတစ်မျိုး ပေါ်လာခြင်းဖြစ်သည်။ မာနနှင့်ပတ်သက်၍ ဗုဒ္ဓစာပေ၌ တွေ့ရသည်မှာ မာန်(၃)မျိုး၊ မာန်(၉)မျိုးကို တွေ့ရပါသည်။ ယင်းမာန်(၃)မျိုး၊ (၉)မျိုးတွင်လည်း ဟုတ်မှန်သောမာနနှင့် မဟုတ်မမှန်မာနဟူ၍ ထပ်မံကွဲပြန်ပါသည်။

မာန်(၃)မျိုးမှာ...

၁။ ဇာတိမာန် - ငါဟာ သူဌေးမျိုး၊ ငါဟာ မင်းမျိုး၊ ငါဟာ မြန်မာလူမျိုး စသည်ဖြင့် ဇာတိကိုအစွဲပြု၍ ဖြစ်သောမာန်၊

၂။ ဂုဏမာန် - ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်များဖြစ်ပါသည်။ သီလရှိသောသူသည် သီလမရှိသူနှင့်ပေါင်းက ပျက်စီးတတ်သည်။ ပညာရှိသူက ပညာမရှိသူနှင့်ပေါင်းက ပျက်စီးတတ်သည်။ သမာဓိရှိသူက သမာဓိမရှိသူနှင့် ပေါင်းက ပျက်စီးတတ်သည်။

၃။ ပုညမာန် - ဘုန်းကံရှိသူဖြစ်၍ ဘုရင်သမီးတော် သားတော် သူဌေးသား သမီး စသည်တို့သည် ပုညမာန်ရှိသူများ ဖြစ်ကြသည်။

ကိုယ်က မျိုးရိုးဇာတိမကောင်းဘဲ ကောင်းသည်ဟုယူသောမာန်မျိုး၊ ဂုဏ်မရှိဘဲ ဂုဏ်ရှိသူယောင်ဆောင်သောမာနမျိုး၊ ဘုန်းကံမရှိဘဲ ဘုန်းကံရှိယောင်ဆောင်သူမျိုးတို့သည် အလွန်ဆိုးဝါးသောမာန်ဖြစ်ပါသည်။

လူတစ်ယောက်သည် ကိုယ့်မျိုးရိုး၊ ဇာတိမာန်ရှိရမည်။ ဂုဏ်ရှိသောသူသည် မိမိဂုဏ်ကို ထောက်ထားသော ဂုဏမာန်ရှိရမည်။

တရားထိုင်၍ပယ်သောအခါတွင်မှ မာနအားလုံး ပယ်ရမည်ဖြစ်ပါသည်။

# မာန်(၉)မျိုး

## ၁။ သေယျမာန်-အထက်တန်းစားပုဂ္ဂိုလ်

အထက်တန်းစားပုဂ္ဂိုလ်များက ငါဟာ အထက်တန်းစားပဲဟု မိမိကိုယ်ကိုထင်ပြီး ငါသည် အထက်တန်းစားပုဂ္ဂိုလ်ပဲ အောက်တန်းစားများနှင့် မတူဘူးဟုဆိုပြီး မကောင်းမှုကို မပြုဘဲနေသောမာန်မျိုး အထက်တန်းစားပုဂ္ဂိုလ်သည် အောက်တန်းစားနှင့် အတူတူပဲဟု ထင်မှတ်ပြီး ပေါင်းသင်း က ပျက်စီးတတ်သည်။

www.dhammaransi.com



## ၂။ သဒိသမာန်-တန်းတူအလတ်တန်းစားပုဂ္ဂိုလ်

ငါသည် လူလတ်တန်းစားပဲဟု မိမိကိုယ်ကို သတ်မှတ်ကျင့်သုံးမှုတို့သည် မှန်ကန်သောမာနဖြစ်သည်။ လူက အလတ်တန်းစားဖြစ်ပြီး ငါက အထက်တန်းစားတွေနှင့် ဘာထူးသေးသလဲဟုဆိုပြီးအထက်ကပုဂ္ဂိုလ်နှင့်ပြိုင်ကဲ့မာနသည်ပျက်စီးသောမာန်ဖြစ်သွားမည်။ အထက်တန်းစားပုဂ္ဂိုလ်တွေသုံးသလို ဖြုန်းသလို လိုက်သုံးက ဘဝပျက်စီးသွားပါမည်။

## ၃။ ဟီနမာန်-အောက်တန်းစားပုဂ္ဂိုလ်

အောက်တန်းစားပုဂ္ဂိုလ်တစ်ယောက်က မိမိကိုယ်ကို အောက်တန်းစားဟု ထင်မှတ်ထားက မှန်ကန်သောမာန်ဖြစ်သည်။ အောက်တန်းစားသည် လူနေချကြား၊ စိတ်နေဝတ်ဖျားသဘောဖြစ်က လွဲမှားသောမာန်ဖြစ်သည်။ ဘဝပျက်စီးပါမည်။

ထိုပုဂ္ဂိုလ်(၃)မျိုးတွင် တစ်မျိုးတစ်မျိုးမှာ မာနက (၃)မျိုး (၃)စား ဖြစ်နိုင်ပါသည်။ သေယျပုဂ္ဂိုလ်ကလည်း သေယျမာန်၊ သဒိသမာန်၊ ဟီနမာန် (၃)မျိုးဖြစ်နိုင်သည်။ တစ်ခုက မှန်သောမာနဖြစ်ပြီး နှစ်မျိုးက မှားသောမာနဖြစ်ပါသည်။

သဒိသပုဂ္ဂိုလ်တွင်လည်း သေယျာမန်၊ သဒိသမာန်၊ ဟီနမာန်(၃) မျိုး ဖြစ်နိုင်ပါသည်။ တစ်မျိုးက မှန်၍ နှစ်မျိုးက မှားပါသည်။ အောက်တန်းစားပုဂ္ဂိုလ်မှာလည်း သေယျ၊ သဒိသ၊ ဟီန (၃) မျိုးရှိ၍ တစ်မျိုးက မှန်၍ နှစ်မျိုးက မှားပါသည်။

ဤသို့အားဖြင့် မာန်(၉)မျိုးဖြစ်ရပါသည်။

မာနကို ရှေးက လူတစ်ကိုယ်ထင်တစ်လုံးနှင့်ဟု ဆိုလေ့ရှိပါသည်။ အောက်တန်းစားပုဂ္ဂိုလ်ကလည်း သူ့ဟာသူ ထင်တစ်လုံးနှင့် နေပါသည်။ အလယ်လတ်တန်းစားပုဂ္ဂိုလ်ကလည်း ငါတော့ ဘယ်နေ့ဘာဖြစ်ဦးမှာလဲဆိုပြီး ထင်တစ်လုံးနှင့် နေကြပါသည်။ မာနသည်လည်း မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဉဒ္ဓစ္စ၊ လောဘနှင့်အတူ ဖြစ်ပျက်သော သဘာဝဖြစ်၍ အကုသိုလ်သဘာဝပင်ဖြစ်ပါသည်။

သို့သော် ဒိဋ္ဌိနှင့်မာန သဘာဝတရား(၂)ပါးသည် တစ်ခဏထဲ၊ တစ်ချိန်တည်း အတူတကွ မဖြစ်နိုင်ခြင်းဖြစ်ပါသည်။ ဒိဋ္ဌိဖြစ်နေခိုက် မာန မဖြစ်၊ မာနဖြစ်နေခိုက် ဒိဋ္ဌိ မဖြစ်ပါ။

လက်တွေ့လောကကို သုံးသပ်ရာ၌ အချို့မိစ္ဆာဒိဋ္ဌိဝါဒသမားများသည် အလွန်သိမ်မွေ့နေပါသည်။ အခြေအမြစ်၊ အဖြစ်မှန်ကာ ဒိဋ္ဌိဖြစ်နေသော်လည်း မာနဖြစ်မနေ၍ သဘာဝရင်းမြစ်ကို နားမလည်လျှင် မာနမရှိသည်ကို သဘောကျပြီး ထိုသူ၏ဒိဋ္ဌိဝါဒကို သက်ဝင်ကြည်ညိုမိတတ်ကြသည်။

www.dhammaransi.com



တချို့သည်ဒိဋ္ဌိမဖြစ်၊မာနဖြစ်နေတတ်သည်၊အမြင်လည်းမမှား။သို့သော်မာန်တက်နေသဖြင့် လူမုန်းစရာ ဖြစ်နေတတ်သည်။ အမြင်မမှားဘဲ မာန်တက်ခြင်းသည်ကား မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဉဒ္ဓစ္စ၊ လောဘဟူသော အကုသိုလ်သဘာဝအခြေခံကြောင့်ပင် ဖြစ်ပါသည်။

အကယ်၍ အကုသိုလ်သဘာဝအခြေခံ မောဟစသည်နှင့် ကင်းကွာနေချိန် မဖြစ်ပေါ်နေချိန်မျိုးမှာဆိုလျှင် အမြင်မမှား၊ မာနလည်း မပျောက်၊ အလွန်နူးညံ့သိမ်မွေ့နေသည်။ ထိုအခါ ကုသိုလ်ဘက်ရောက်သွားသည်။

- အမြင်မှန်လျက် မာန်တက်ခြင်းသည် အကုသိုလ်အခြေခံကြောင့် ဖြစ်ပါသည်။
- အမြင်လည်းမှန် မာန်လည်းမတက်ခြင်းသည် ကုသိုလ်အခြေခံကြောင့် ဖြစ်ပါသည်။

## ကင်းသောကြောင့် (ဝါ) ကုသိုလ်အခြေခံသောကြောင့်

ဤသို့လျှင် မောဟဟူသော အကုသိုလ်ပင်စည်မှ လောဘအရင်းခံ၍ ဒိဋ္ဌိ၊ မာနတို့၏ အတက်အခက်များ၏ သဘာဝဖြစ်ပေါ်မှု၊ လူသားတို့၌ခံစားရမှုတို့ကို ဗုဒ္ဓက အဘိဓမ္မာ သဘာဝ၌ ဖော်ထုတ်ပြခဲ့ပါသည်။

ယနေ့သိပ္ပံပညာရှင်တို့သည် ထိုမောဟအရင်းခံ၊ လောဘအတက်၊ ဒိဋ္ဌိ၊ မာန၊ အခက်အလက်တို့၏ သဘောသဘာဝဖြစ်ပေါ်မှုကို စမ်းသပ်ထိတွေ့ခံစားမှု မရနိုင်ကြသေးပါချေ။

## အမျက် (ဒေါသ) ၏ အတက်၊ အခက်၊ အလက်များ၏ သဘာဝ

ဒေါသ = မောဟပင်စည်မှ အခြားထွက်လာသော အတက်မှာ ဒေါသအတက်ဖြစ်သည်။

ဒေါသသည်အရင်းခံအတက်ဖြစ်ရာထိုအတက်မှ ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စအခက်၊ အလက်များထွက်လာသည်ဟု ဆိုပါသည်။

တက်ကြွသောကြမ်းတမ်းခြင်း၊ ဆုတ်နစ်သောကြမ်းတမ်းခြင်း သဘာဝရှိသော တရားကို ပါဠိလိုဒေါသဟူ၍ခေါ်ပါသည်။ထိုဒေါသသည်စိတ်၌မှီတွယ်ပြီးစိတ်ကိုပါကြမ်းတမ်းသွားအောင် (သို့မဟုတ်) ဆုတ်နစ်သွားအောင် ဖန်တီးသော သဘာဝစေတသိက်တစ်ပါး ဖြစ်ပါသည်။

www.dhammaransi.com



ဒေါသစေတသိက်သည် စိတ်၌ အမြဲယှဉ်တွဲပြီး ရောပါနေသဖြင့် ဒေါသစေတသိက်က တက်ကြွလျှင် စိတ်ကလည်းတက်ကြွ၍ ကိုယ်ကြမ်းစိတ်ကြမ်း ဖြစ်ရသည်။ ဒေါသဆုတ်နစ်လျှင် စိတ်လည်း ဆုတ်နစ်သည်။

စိတ်ဆိုးခြင်းသည်တက်ကြွသောကြမ်းတမ်းခြင်းဖြစ်၍ပူဆွေးငိုကြွေးခြင်း၊ဝမ်းနည်းခြင်းသည် ဆုတ်နစ်သောကြမ်းတမ်းခြင်းဖြစ်ပါသည်။

ဆုတ်နစ်သောဒေါသတွင် ငိုခြင်းနှင့်ရယ်ခြင်းကို ခွဲခြားသိရပါမည်။ စိတ်နှလုံး ထိခိုက်မှုပါမှ စိတ်ထဲတွင် ထိခိုက်ပြီး ငိုခြင်းမှန်သမျှသည် ဒေါသသဘာဝဖြစ်သည်။

မျက်ရည်ကျခြင်းမှာ အရယ်လွန်လွန်းလျှင်လည်း မျက်ရည်ကျသည်။ ဝမ်းသာလွန်လျှင်လည်း မျက်ရည်ကျသည်။ ဝမ်းသာလွန်းလျှင်လည်း မျက်ရည်ကျရသည်။ အပူငွေ့ (ကြက်သွန် - ပရုပ်ဆီ ငွေ့)ဟပ်၍လည်း မျက်ရည်ကျရသည်။ ယင်းတို့မှာ ငိုသည်မဟုတ်ပါ။

အချုပ်သဘောမှာ ကြမ်းတမ်းပြစ်မှားမှုသည်လည်း ဒေါသအရင်းခံသည်။ ကြေကွဲဝမ်းနည်း ငိုကြွေးခြင်းသည်လည်း ဆုတ်နစ်သော ဒေါသအရင်းခံသည်။

ဥပမာ - တေဇောဓာတ်၏ အနက်ရင်းအဓိပ္ပာယ်မှာ ထက်မြက်ခြင်းဖြစ်သည်။ ပူပြီးထက်လျှင်လည်း တေဇောဖြစ်သလို အေးပြီးထက်လျှင်လည်း တေဇောဖြစ်သည်။ အလားတူ ကြမ်းပြီး ထိခိုက်လျှင်လည်း ဒေါသ၊ ဆုတ်နစ်ပြီး ထိခိုက်လျှင်လည်း ဒေါသဖြစ်ပါသည်။

ပြစ်မှားတတ်သော လက္ခဏာရှိသော သဘာဝတစ်မျိုးကို ဒေါသဟုဆိုရာ၌ မြွေဟောက်ကို တုတ်ဖြင့်ထိုးလိုက်လျှင် ရှူးခနဲပါးပြင်ထောင်၍ ပေါက်ဟန်ကိုယ်ဟန်ပြ၍ ပေါက်သည်၊ ကိုက်သည်။ ပါးပျဉ်းထောင်ခြင်းသည် နဂိုပျော့ပျောင်းနေသော မြွေ၏ကိုယ်ခန္ဓာ တောင့်တင်းခက်ထန်လာခြင်းဖြစ်သည်။ လူသည်လည်း ဒေါသမဖြစ်သည့်အခါ စိတ်ရောကိုယ်ပါနူးညံ့ပျော့ပျောင်း၏။ ဒေါသဖြစ်လာလျှင် စိတ်သည် ခက်ထန်၏။ ကိုယ်ခန္ဓာသည် ကြမ်းတမ်းခက်ထန်လာသည်။ ထိုအခါ ပြစ်မှားရန်အဆင့် ဖြစ်လာသည်။

ဒေါသကိုပင် ဗုဒ္ဓ၏အဘိဓမ္မာ၌ ပဋိဃဟူ၍လည်းကောင်း၊ အာဃာတဟူ၍လည်းကောင်း၊ ဗျာပါဒဟူ၍လည်းကောင်း ခေါ်ပါသည်။ ပဋိဃဆိုသည်မှာ စိတ်ထဲမှာ နည်းနည်းပင်ပန်းသွားခြင်း၊ စိတ်ထိခိုက်သွားခြင်းကို ခေါ်ပါသည်။ ထိုသို့ စိတ်ထိခိုက်ပင်ပန်းသွားပါက ဒေါသဖြစ်လာပါသည်။ အာဃာတ = ဒေါသဖြစ်စေသော အကြောင်းတရား ယင်းကို ရန်ငြိုးဟူ၍ မြန်မာမှု ပြုပါသည်။ ဒေါသဖြစ်ခြင်း၏ အကြောင်းတရား(၉) ပါးကို အာဃာတဝတ္ထု (၉)ပါးဟူ၍ ခေါ်ပါသည်။

အာဃာတဝတ္ထု(၉)ပါးဆိုသည်မှာ -

၁။ ဤသူသည် ငါ၏အကျိုးမဲ့ကို ရှေးကလည်း ပြုဖူးပြီး၊ ယခုလည်း ပြုဆဲ၊ နောင်လည်းပြုလတ္တံ့ဟု မိမိကိုယ်ကိုစွဲ၍(၃)ပါး၊

www.dhammaransi.com



၂။ ဤသူသည် ငါ့ချစ်သူ၏အကျိုးမဲ့ကို ရေးကလည်းပြုဖူးပြီး၊ ယခုလည်း ပြုဆဲ၊ နောင်လည်းပြုလတ္တံ့ဟု မိမိ၏ချစ်သူကိုစွဲ၍(၃)ပါး

၃။ ဤသူသည် ငါရန်သူ၏အကျိုးကိုရှေးကလည်းပြုဖူးပြီး၊ ယခုလည်းပြုဆဲ၊ နောင်လည်းပြုလတ္တံ့ဟု မိမိ၏ရန်သူကိုစွဲ၍(၃)ပါး ပေါင်း အာဃာတ (၉) ပါးဖြစ်သည်။

ဤ(၉)ပါးတွင် နေသည်ပူသည်။ မိုးကလည်း ရွာလိုက်တာစသည်ဖြင့် အရာမဟုတ်သည်၌ အမျက်ထွက်ခြင်း (အဋ္ဌာနကောပ) ကို ထည့်ပါက အာဃာတဝတ္ထု (၁၀)ပါး ဖြစ်ပါသည်။

တစ်ယောက်ကိုတစ်ယောက်က အာဃာတထားသည်ဆိုသည်ကို မြန်မာတို့က ရန်ငြိုးထားသည်ဟု ပြောခြင်းဖြစ်ပါသည်။

ဗျာပါဒ = ပျက်စီးစေသည်။ ဖျက်ဆီးတတ်သည်ဟု မြန်မာဝေါဟာရက ဆိုထားပါသည်။ လူတစ်ယောက်ကိုသေအောင် ဖျက်ဆီးဖို့ကြံစည်သော မနောကံစေတနာကို ဗျာပါဒဟူ၍ ခေါ်ပါသည်။

လူတစ်ယောက်ကို သေပါစေ၊ ပျက်စီးပါစေ။ မိမိနှင့်မတည့်သူကို ဒီလူကြီး မသေသေးဘူးလား၊ မြန်မြန်သေပါစေဟု စိတ်ဖြစ်ခြင်းသည် ဗျာပါဒမနောကံပင် ဖြစ်ပါသည်။ နာမ်တရားတို့တွင် ဒေါသသဘာဝသည် အသိသာဆုံး၊ အမြင်သာဆုံး၊ အထင်ရှားဆုံး သဘာဝဖြစ်သည်။

- မကြိုက်သည့်အခါ ဒေါသဖြစ်၏၊ ကြိုက်သည့်အခါ လောဘဖြစ်၏။
- မကောင်း ဒေါသ၊ မကောင်းလျှင် ဒေါသဖြစ်၏၊ ကောင်း လောဘ၊ ကောင်းလျှင် လောဘဖြစ်၏။
- ဒေါသသဘာဝသည် တွန်းကန်သောသဘာဝ၊ လောဘသဘာဝသည် ဆွဲငင်သောသဘာဝ။
- ဒေါသသည် တို၏။ လောဘသည် ချို၏၊ ချွဲ၏။ ထို့ကြောင့် ဒေါသစိတ်၊ စရိုက်ရှိနေသူသည် စကားပြောတိုင်း ပြတ်၏။ လောဘစိတ်နေစရိုက်ရှိသူသည် အပြောချို၏၊ ချွဲ၏။
- ဒေါသသမားသည် ရလိုမှုမရှိ၊ တွန်းထုတ်၏၊ လူသားတို့၏ သန့်ရှင်းသောစိတ်သဘာဝ၌ ဒေါသသဘောငြိစွန်းသောအခါ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဟူသော သဘာဝ(၃)ရပ် ထပ်ဆင့်ပေါ်လာတတ်ပါသည်။ ယင်းကိုဒေါသ၏ အခိုးထသည်ဟု ဆိုကြပါသည်။

www.dhammaransi.com



ဣဿာ = မနာလိုခြင်းလက္ခဏာရှိသော စေတသိက်ဖြစ်သည်။ ဒေါသစိတ်ကို မှီ၍ဖြစ်သောပြိုင်မနာလိုသည့်သဘာဝကို ပါဠိလို ဣဿာဟု ခေါ်ပါသည်။

သူတစ်ပါး ချမ်းသာကြီးပွားသည်ကိုလည်းကောင်း၊ သူတကာ ရာထူးဂုဏ်ကြီးသည်ကိုလည်းကောင်း၊ သူတကာမိသားစု ဘဝပြည့်စုံ ချမ်းသာစုံသည်ကိုလည်းကောင်း၊ မနာလိုမှုများသည် ဣဿာ၏ သဘာဝတရားများ ဖြစ်ကြပါသည်။

ဤဣဿာစိတ်သဘာဝကိန်းနေ၍ပြိုင်မနာလိုလျှင် လူအားလုံးသည် အကုသိုလ်ဖြစ်ပြီး ပျက်စီးကြမည်ဖြစ်ပါသည်။ သူများချမ်းသာလျှင် ကိုယ်မနာလို၊ ကိုယ်ချမ်းသာလျှင်လည်း သူကမနာလိုကြ၍ ကြာလာသောအခါ မတည့်ကြပြီး တိုက်ကြ၊ ခိုက်ကြသဖြင့် အားလုံးပျက်စီးကြရသည်။ ယနေ့ကမ္ဘာတွင် လူသားများအားလုံးသည် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဣဿာတရားတွေများနေကြ၍ စစ်ရေးစစ်ပွဲများ၊ စီးပွားရေးစစ်ပွဲများ၊ နိုင်ငံရေးစစ်ပွဲများ ဆင်နွှဲနေကြပြီး ပျက်စီးဆုံးရှုံးနေကြရပါသည်။

မစ္ဆရိယ = လျှို့ဝှက်ခြင်းလက္ခဏာရှိသော စေတသိက်ဖြစ်သည်။ ဒေါသနှင့် တွဲယှဉ်လျက်ရှိသည်။ နမြောခြင်းသည် သဝန်တိုခြင်း၊ သဘောထားမကြီးခြင်း နာမ်သတ္တမျိုးဖြစ်သည်။

ဝန်တို (သဝန်တို) (သဝန်ကြောင်)ဟူသော မြန်မာစကားသည် မစ္ဆရိယကို မြန်မာမှုပြုသော စကားဖြစ်ပါသည်။

သဝန်ဟူသောစကားသည် သဝဏ္ဏ = သ + ဝဏ္ဏ၊ သ = မိမိ၊ ဝဏ္ဏ = အဆင်း၊ အဆင့်၊ မိမိ၏အဆင်း၊ မိမိ၏အဆင့်ဟု အဓိပ္ပာယ်ရပါသည်။ သဝဏ္ဏမှသဝဏ် (သဝန်)ဖြစ်လာသည်ဟု ဆိုပါသည်။

မိမိနှင့်အဆင်းတူ အဆင့်တူဖြစ်လာမည်ကို မလိုလားသောသဘောထားကို သဝန်တိုသည်ဟု ဆိုပါသည်။ ထိုမစ္ဆရိယ (ဝန်တိုမှု)သည် အနစားမစ္ဆရိယ၊ အကြွမ်းစားမစ္ဆရိယဟူ၍ (၂) မျိုးရှိသည်။

အနစားမစ္ဆရိယဆိုသည်မှာမိမိချမ်းသာသလို၊အခြားသူများချမ်းသာသည်ကိုဝန်တိုသည်။ မိမိလို မချမ်းသာစေလို။ မိမိလှသလို သူများကို မလှစေလို။ မိမိပညာတတ်သလို သူများကိုမတတ်စေလို။ မိမိရာထူးရသလို သူတစ်ပါးကိုမရစေလို။ ဤသည်မှာအနစားမစ္ဆရိယတရားများ ဖြစ်ကြပါသည်။

အကြွမ်းစားမစ္ဆရိယဆိုသည်မှာ မိမိ၏ ပစ္စည်းဥစ္စာကို နမြောတွန့်တိုမှုဖြစ်သည်။ မိမိချမ်းသာသည်ကို သူများအားမပေးချင်။ ပေးရမည်ကို နမြောသည်။ မိမိ၏ရာထူးကို မစွန့်လွှတ်ချင်၊ တွယ်ကပ်နေချင်၏။ ဤသည်မှာ အကြွမ်းစား မစ္ဆရိယတရားများ ဖြစ်ကြပါသည်။

www.dhammaransi.com



ကုက္ကုစ္စမစ္ဆရိယသဘာဝ(၂)ရပ်လုံးသည် ဒေါသမှထလာသော အနိုးအငွေ့သမား ဖြစ်သည်။ ဒေါသအရင်းခံရှိ၏။

သို့သော် မနာလိုမှု (ဣဿာ)ဖြစ်ဆဲ ဖြစ်ခိုက်မှာ၊ ဝန်တိုမှု (မစ္ဆရိယ)မဖြစ်ပါ။ မစ္ဆရိယ ဖြစ်ခိုက်မှာ ဣဿာ မဖြစ်ပါ။ နှစ်ခုတစ်ပြိုင်တည်းမဖြစ်၊ တစ်ခုပြီးမှ တစ်ခုဖြစ်ပါသည်။ ဣဿာ နှင့် မစ္ဆရိယတို့၏ ခြားနားချက်မှာ -

- ဣဿာသဘောသည် မိမိကိုယ်မှ ပြင်ပ(ဗဟိဒ္ဓ)ဖြစ်သော သူတစ်ပါး၏စည်းစိမ်ကို ပြုမူသည်။
- မစ္ဆရိယသဘောသည် မိမိ၏စည်းစိမ်ကို လျှို့ဝှက်လိုမှုဖြစ်ပြီး ကိုယ်၏စည်းစိမ်ကို သူတစ်ပါးနှင့် မဆက်ဆံရအောင် လျှို့ဝှက်မှုဖြစ်သည်။

ဥပမာ - တစ်ဘက်အိမ်က စားနိုင်၊ သောက်နိုင်၊ ပေါင်းသင်း ဆက်ဆံရေးကောင်း၊ မိတ်ကောင်း၊ ဆွေကောင်းရှိနေတာကို ဒီဘက်အိမ်က မနာလို ဝမ်းမမြောက်သော စိတ်နေ သဘောထားသည် ဣဿာ - မိမိ၏ စားနိုင်၊ သောက်နိုင်၊ ပေါင်းသင်းဆက်ဆံရေးကောင်းမှု၊ မိတ်ကောင်းဆွေကောင်းရှိမှုကို တစ်ဘက်အိမ်မှာရှိလာမှာကို မလိုလား မနှစ်သက်သော သဘောသည် မစ္ဆရိယ။

အပြိုင်အဆိုင်သဘောမျိုး၌ ဣဿာ၊ မစ္ဆရိယ အဖြစ်များတတ်၏။ စျေးသည်များ၊ ရုပ်ရှင်သဘင်ဂီတ စသည်များ၊ လူအများ၏ အကြည်ညိုခံရသူများ၊ အလှူခံစားသူများ စသည် များကို သူတစ်ပါးကိုမှီ၍ အသက်မွေးသူများ (ပရဗဒ္ဓဇီဝိတ) ဟုခေါ်ပါသည်။

ထိုကဲ့သို့ အခြားသူများနှင့်ဆက်စပ်၍ အသက်မွေးရသူများ၏ လောက၌ ဣဿာ၊ မစ္ဆရိယတရားမျိုးများ လွှမ်းမိုးမင်းမူတတ်ပါသည်။ သဘောထားသေးသည်။ သဘောထားနု သည်ဆိုသည်မှာ ဤဣဿာ၊ မစ္ဆရိယစိတ်ထားပင်ဖြစ်ပါသည်။

ယနေ့ကမ္ဘာလောကရှိ လူသားအားလုံး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကြရသည် မှာလည်း ဤဣဿာ၊ မစ္ဆရိယတရားများကြောင့်ပင် ဖြစ်ပါ သည်။

ကုက္ကုစ္စ = စိုးရိမ်ပူပန်မှု၊ နောင်တဖြစ်မှု သဘောထားရှိသော စေတသိက်၊ ဒေါသ တရားကိုအခြေခံပြီး စိတ်ကိုမှီပြီးဖြစ်သော နာမ်တရားတစ်မျိုးဖြစ်သည်။

အကုသိုလ်လုပ်မိ၍ နောင်တတစ်ဖန် ပူပန်မှုဖြစ်ရခြင်း၊ အချိန်ရှိတုန်းက ကုသိုလ် မလုပ်မိ၍ နောင်တတစ်ဖန် ပူပန်ရခြင်းများသည် ဒေါသကိုအခြေခံ၍ ဖြစ်လာရပါသည်။

လောကတွင် ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်ဟူ၍ (၂)မျိုးရှိရာ ကုက္ကုစ္စဆိုသည်မှာ မိမိမကောင်းတာလုပ်မိတာကို ငါမကောင်းတာတွေ လုပ်မိခဲ့လေခြင်း၊ ပြုမိ ခဲ့လေခြင်းဟု စိတ်ထဲမှာဖြစ်နေခြင်းကို ကုက္ကုစ္စဟုဆိုပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



မကောင်းတာလုပ်ခဲ့မိလေခြင်းလို့ စိတ်ဆင်းရဲမှုဖြစ်နေပါက တရားအားထုတ်၍မရ။ စီးပွားရှာ၍လည်းမရဖြစ်တတ်ပါသည်။

ပစ္စည်းဥစ္စာများရှိစဉ်က လှူနိုင်လျက်မလှူမိသည်ကိုနောက်မှနောင်တရပြီးငါမလှူမိရလေခြင်းဟု နောင်တတစ်ဖန်ပူပန်မှု ကုက္ကုစ္စဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ရဟန်းတော်များနှင့်ပတ်သက်၍ ဝိနယကုက္ကုစ္စဟူ၍လည်း ရှိပါသည်။ ယင်းမှာ ဝိနည်းအရ အပ် - မအပ် ပြုလုပ်သင့် မပြုလုပ်သင့် သံသယဝင်ပြီး မိမိကိုယ်ကို သံသယဖြစ်မှုကို ဝိနယကုက္ကုစ္စဟူ၍ ခေါ်ပါသည်။

အဘိဓမ္မာ ကုက္ကုစ္စကမူ အကုသိုလ်ဒေါသအုပ်စု စေတသိက်ထဲ၌ ပါဝင်သော သဘာဝတရားဖြစ်သည်။ ကုက္ကုစ္စ၏သဘာဝသည် မိမိကိုလည်း ပျက်စီးစေတတ်သည်။ သူတစ်ပါးကိုလည်း ပျက်စီးစေတတ်ပါသည်။

မောဟအုပ်စုဝင် ဒေါသအရင်းခံအတက်နှင့် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စအခက်အလက်များ၏သဘောကို သိပ္ပံပညာရှင်တို့က စမ်းသပ်၍ မရနိုင်သေးပါ။ ဗုဒ္ဓကမူ အဘိဓမ္မာ၌ ထိုသဘာဝကို အသေးစိတ် ထုတ်ဖော်ဟောကြားထားခဲ့ပါသည်။

## ပရမာအဏုမြူရှိဓာတ်သဘာဝနှင့် ရုပ်(၈)မျိုး

ဗုဒ္ဓဂေါတမသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က ရုပ်ပိုင်းဆိုင်ရာ ဓာတ်သဘောကို ဉာဏ်တော်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားခဲ့ပါသည်။

ကမ္ဘာရေ၊ မြေ၊ လေမှ ရွှေ၊ ငွေ၊ ကျောက် သံပတ္တမြား၊ ကြေးနီ၊ ပြဒါး၊ ဘော၊ သွပ်၊ ပုလဲ၊ နီလာ စသော ဓာတ်သဘာဝများသည်ရှိသလို လူနှင့်သတ္တဝါတို့၏ တစ်ခန္ဓာသည်လည်း ဓာတ်သဘာဝတို့ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရပါမည်။

ထိုဓာတ်သဘာဝတို့ကို ယနေ့ကမ္ဘာ သိပ္ပံပညာရှင်အဆင့်ဆင့်တို့သည် ထိုဓာတ်သဘာဝတို့ကို ခွဲခြမ်းစိတ်ဖြာ လေ့လာနေကြဆဲဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ယနေ့လူသားလောက၌ ခေတ်စားနေသော အဏုမြူဟူသော ဓာတ်သဘာဝကို ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟူသော ဓာတ်သဘာဝရုပ်သဘာဝများ ခွဲခြမ်းစိတ်ဖြာပြရင်း ခွဲပြခဲ့ပါသည်။

ဗုဒ္ဓက အဏုမြူကို (၄)ဆင့်ခွဲ၍ ဟောကြားခဲ့ပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



၁။ ရထာရေဏုအဏုမြူ - ယာဉ်ရထားကားကြီး၊ ကားငယ်အသီးသီးတို့ သွားလာသော အခါ ဖုန်ထသည်ကို လူတိုင်းတွေ့ဖူးကြ၏။ ဤသို့ ရထား၊ ကား သွားလာစဉ် တစ်ဆက်တည်းဖြစ်ပေါ်လာသောဖုန်မှုန်များကို ရထာရေဏုအဏုမြူဟုခေါ်ပါသည်။

၂။ တဇ္ဇာရီအဏုမြူ - ထိုရထာရေဏုအဏုမြူကို (၃၆)စိပ်စိပ်ကြည့်သော် တစ်စိပ်ကို တဇ္ဇာရီအဏုမြူဟူ၍ခေါ်ပါသည်၊ ယင်းအဏုမြူကို နေရောင်၊ မီးရောင်၊ ဓာတ်မီးရောင်၊ ကားမီး စသည်တို့အရောင်ဖြင့် မြင်ရခြင်း။ အိမ်ပြတင်းပေါက်မှ နေရောင်နှင့်အတူဝင်ရာမှ မြင်နိုင်သော သေးငယ်လှသော မြူမျိုးဖြစ်ရာ မီးရောင်၊ နေရောင် အချိန်မှအပ သာမန်အားဖြင့် မမြင်နိုင်သော မြူမျိုးဖြစ်သည်။

၃။ အဏုမြူ - ဤတဇ္ဇာရီအဏုမြူထဲမှ မြူတစ်ခုကို ၃၆ စိပ်ခွဲကြည့်သော် တစ်စိပ်သည် အဏုမြူဖြစ်ပါသည်။ (ယနေ့သိပ္ပံပညာရှင်တို့က ဤအဏုမြူအထိ အဆင်းကို သိပ္ပံပညာဖြင့် ရှာဖွေတွေ့ရှိခဲ့ပြီး ကမ္ဘာတွင် အဏုမြူဗုံးဟူ၍ ပေါ်ထွက်လာခဲ့ပြီး ဖြစ်ပါသည်)

၄။ ပရမာအဏုမြူ - ထိုအဏုမြူကို ထပ်မံ၍ ၃၆စိပ် ခွဲစိပ်ပြီး တစ်စိပ်သည် ပရမာအဏုမြူမည်ပါသည်၊ ပရမာအဏုမြူကို ထပ်မံခွဲစိပ်၍ မရတော့ပါ။

ထိုပရမာအဏုမြူတစ်ခုတွင် ဓာတ်သဘာဝ (၈)မျိုးရှိကြောင်း ဗုဒ္ဓက ထုတ်ဖော်ဟောခဲ့ပါသည်။

၁။ ပထဝီဓာတ်

၂။ အာပေါဓာတ်

၃။ တေဇောဓာတ်

၄။ ဝါယောဓာတ်

၅။ ဝဏ္ဏဓာတ်

၆။ ဂန္ဓဓာတ်

၇။ ရသဓာတ်

၈။ သြဇာဓာတ်

ပရမာအဏုမြူတွင်ဤဓာတ်မျိုး(၈)ခုအသီးသီးပါဝင်နေပါသည်။ဤဓာတ်သဘာဝ ပါဝင်မှုကို လူသာမန်၊ နတ်သာမန်၊ ဗြဟ္မာသာမန်တို့ မြင်ရန် မလွယ်ကူပါ။

www.dhammaransi.com



ပရမာအဏုမြူမှသည် အဆများစွာပွားလျက် ရုပ်အဆင့်ဆင့်ကို ကြီးနိုင်သမျှ စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ၊ သက်ရှိသက်မဲ့တို့ အားလုံးအထိ ဤရုပ်ဓာတ်သဘာဝ(၈)ပါး ပါနေသည်ကို တွေ့ရပါသည်။

ဗုဒ္ဓက ယင်းကို အဌကလာပ်ရုပ်(ဝါ)မကွဲမပြား အတူရှိနေသော အဝိနိဗ္ဘောဂရုပ်(၈)ခုဟူ၍ ဟောခဲ့ပါသည်။ ယနေ့သိပ္ပံပညာရှင်တို့က ယင်းကို (၁၆) စိပ်ဖြင့် ခွဲခြားပြထားသည်ကို တွေ့ရပါသည်။

| | | | |
|---|---|---|---|
| ၁။ မာကြောခြင်း | (ပထဝီ) | ၂။ နူးညံ့ခြင်း | (ပထဝီ) |
| ၃။ ဖွဲ့စည်းခြင်း | (အာပေါ) | ၄။ ယိုစီးခြင်း | (အာပေါ) |
| ၅။ ပူခြင်း | (တေဇော) | ၆။ အေးခြင်း | (တေဇော) |
| ၇။ အားထုတ်ခြင်း | (ဝါယော) | ၈။ တွန်းကန်ခြင်း | (ဝါယော) |
| ၉။ လှုပ်ရှားခြင်း | (ဝါယော) | ၁၀။ ရုန်းကန်ခြင်း | (ဝါယော) |
| ၁၁။ ရုပ်သဏ္ဍာန်ပေါ်ခြင်း | (ဝဏ္ဏ) | ၁၂။ အရောင်အဆင်းရှိခြင်း | (ဝဏ္ဏ) |
| ၁၃။ အနံ့ရှိခြင်း | (ဂန္ဓ) | ၁၄။ အရသာရှိခြင်း | (ရသ) |
| ၁၅။ ဩဇာဓာတ်ရှိခြင်း | (ဩဇာ) | ၁၆။ ကြေညက်ခြင်း | (ဩဇာ) |

ဤအဌကလာပ်ဓာတ်ခေါ်(၈)ပါးတို့သည် မိဿက (ရော၊ နှော၊ ပြွန်း) သူ့ဓာတ်သဘော သူဆောင်လျက် ထပ်မံခွဲစိပ်၍ မရလောက်အောင် အတူတကွ တွဲနေကြပါသည်။

ဤသို့ ယှဉ်တွဲပေါင်းစပ်သည့်တိုင်အောင် အကြားအကြားအားဖြင့် တစ်မျိုးစီ ဓာတ်သဘောသတ္တိကို ဆောင်နိုင်ကြလေသည်။ သတ္တိအကျိုးပြုမတူသော်လည်း အတူတကွမှ လွဲ၍ ပထဝီသီးခြား အာပေါသီးခြား လုံးဝခွဲမရသော်လည်း တစ်ပါးစီ၊ တစ်ပါးစီ၌ အကြားအကြားဟူသော အာကာသဓာတ်ကရှိနေပါသည်။ ထိုသည်ကို ဗုဒ္ဓက မြင်တော်မူ၍ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူ၍ ဓာတ် (၉)ပါးကို ထပ်မံ ဟောခဲ့ပြီး စကြဝဠာကမ္ဘာအနန္တရှိ သက်ရှိသက်မဲ့တို့တွင် ဤဓာတ်(၉)ပါးရှိကြောင်း ဟောကြားခဲ့ပါသည်။

ဤဓာတ်(၉)ပါးရှိကြောင်း တွေ့သည်မှာ ဉာဏ်အမြင်ဖြင့်သာ တွေ့မြင်နိုင်ပါသည်။ အထင်အရှား ပကတိမျက်စိဖြင့် မမြင်နိုင်ပါ။

ဗုဒ္ဓသည် အဌကလာပ်ရုပ်(၈)ပါးနှင့် ရုပ်ပိုင်းဆိုင်ရာ ဓာတ်(၉)ပါးတွင် တစ်ပါးစီ၏ အခြင်းအရာ ဂုဏ်သတ္တိများကိုလည်း အနုစိပ်ဉာဏ်တော်ဖြင့် ခွဲခြမ်းစိပ်ဖြာ၍ ဟောကြားပေးတော်မူခဲ့ပါသည်။ ဤသည်ကို သင်ကြားတတ်မြောက် ခရီးရောက်ခဲ့တော်မူကြသော ဆရာတော်ကြီးများ၊ ဆရာကြီးများကို လောကဝေါဟာရအရ ဓာတ်ဝိဇ္ဇာဟူ၍ ခေါ်ဆိုကြပါသည်။

www.dhammaransi.com



ဤသည်မှာပင် ဆေးကျမ်း၊ ဓာတ်ကျမ်း စသည် လူ့ခန္ဓာ၊ သတ္တဝါအပေါင်း၏ ခန္ဓာဓာတ်၊ လောကကြီး၏ သဘာဝဓာတ်တို့ကို ဗုဒ္ဓဟောကြား ဓာတ်ခွဲချက်များကိုအမှီပြုပြီး ရေးဖွဲ့ထားခဲ့ကြပါသည်။

ဥပမာ - ပထဝီဓာတု ဇာနာတော၊ ပဿတောသက္ကာယဒိဋ္ဌိ သဟိယတိ စသည့် ဟောကြားချက်နှင့် ပထဝီဓာတ် စသည်ကို ပထဝီဟု မမြင်ကြသလို အခြားရုပ်လောကကြီး တစ်ခုလုံးမျှသာမက ရုပ်ကမ္ဘာကြီးကိုမျှ စိုးပိုင်သလိုအထိ လူသား၏ အတ္တ၊ ဒေါသ၊ မာနသတ္တိများသည် ကြောက်ဖွယ်လိလိ ဖြစ်နေကြပါသည်။

ဗုဒ္ဓ၏ ဓာတုဗေဒနည်းအရ သဝိညာဏက၊ အဝိညာဏက ဤကမ္ဘာလောက ဓာတ်သဘာဝ(၉)ပါးကိုလောကီဆရာတို့ကနဝင်းဓာတ်ခိုက်သည်၊နဝင်းဓာတ်ရိုက်သည်၊ချေသည်ဟုဆိုနေခြင်း ဖြစ်ပါသည်။

ဗုဒ္ဓက ဤဓာတ်ကိုးပါးမှ ဖွဲ့စည်းကပ်ပုံ အကြောင်းရင်းအနစ်ပ်ကို သိစေလိုပြန်သဖြင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း(၄)ပါးကြောင့် ဤသဘောဓာတ်ကြီးများ ဖြစ်ပေါ်မှုကို ဆက်လက်ထုတ်ဖော်ပြခဲ့ပါသည်။

- ဥတုကြောင့်ဖြစ်သောဓာတ်ကြီး ၉ - ပါး
- အာဟာရကြောင့်ဖြစ်သောဓာတ်ကြီး ၉ - ပါး
- စိတ်ကြောင့်ဖြစ်သောဓာတ်ကြီး ၉ - ပါး
- ကံကြောင့်ဖြစ်သောဓာတ်ကြီး ၉ - ပါး

ဤအကြောင်းတရားလေးပါးတို့၏ အဆွယ်အပွား (၉)ပါးစီကို ဗုဒ္ဓက မြင်တော်မူသည်။ ဤဓာတ်(၉)ပါးတို့၏ အကြောင်းရင်း၊ အကြောင်းအရာ(၄)ပါးတို့သည် ဖန်ဆင်း၍ လုပ်ကြံဖော်စပ်၍ ရသည်မဟုတ်ပါ။ သဘာဝအရှိအတိုင်းကို အရှိအတိုင်း မကျန်ရလေအောင် လက်တွေ့အနစ်ပ်ဉာဏ်တော်ဖြင့် အမှန်ရှိကို မြင်ခြင်းဖြစ်ပါသည်။

တစ်ဖန် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား(၄)ပါးရှိသဖြင့် သမ္မောဟအဋ္ဌကထာကျမ်းမှ အဏုမြူလေးပါးကို တစ်ပါးလျှင် ၃၆ - စိပ် ခွဲပြထားပါသည်။ ဖော်ပြပါဓာတ်သဘာဝကြီး ၉ - ခုကို အကြောင်းတရား(၄)ပါးဖြင့် မြှောက်ကြည့်ပါက ၃၆ - သာ ရပါသည်။

ဓာတ်သဘာဝကိုခွဲခြားခြင်းသည်အလွန်မှအနစ်ပ်လေရာဗုဒ္ဓကအဘိဓမ္မာ၌မကြွင်းမကျန်ရလေအောင် အပြီးတိုင် ခွဲပြတော်မူခဲ့ရာ အဏုမြူလေးမျိုး အဆင့်ဆင့်သာမက ဥတုဇအဏုမြူ၊ အာဟာရဇအဏုမြူ၊ တေဇောအဏုမြူ၊ ကမ္မဇအဏုမြူဟူ၍ အဏုဓာတ် (၄)ပါးကို ထပ်မံခွဲပြခဲ့ပါသည်။

ဥတုဇအဏုမြူဓာတ်၌ ဓာတ်ကြီး(၉)ပါးပါဝင်ရာ ထိုရုပ်(၉)ပါးတို့သည် ဥတုဟုဆိုသော သီတ၊ ဥဏှ၊ အပူအအေး၊ နေဓာတ်၊ လဓာတ်တို့မှ အခြေခံဖြစ်ရသဖြင့် သက်မဲ့တိုင်းမှာ

www.dhammaransi.com



ဤဥတုဇအဂ္ဂေါမြူပါဝင်သော်လည်း ဓာတ်စွမ်းအားကိုမူ သာမန်လူမျက်စိ ဉာဏ်အမြင်နှင့် မသိနိုင်ပါ။ မြင်နိုင်သော အပူအအေးအားနှင့် မမြင်နိုင်သော အပူအအေးအား(၂)ပါး ခွဲခြားစိပ်ဖြာ၍ ဟောခဲ့ပါသည်။

သက်ရှိသက်မဲ့ဖြစ်သော ရုပ်ဟူ၍ခေါ်ဆိုရနိုင်သမျှတွင် ထိုဥတုဇအဂ္ဂေါမြူဓာတ်၊ အပူအအေး အခြင်းအရာတို့သည် ပူးတွဲပါမိသကဓာတ်တွဲတို့၏ မကွဲမပြားနေလျက် ဤဥတုဇ တေဇောဓာတ်သဘောသည် စကြဝဠာကမ္ဘာအရပ်ရပ်တိုင်းရှိ ရုပ်တိုင်းကို အိုမင်းရင့်ရော်စေပါသည်။ ဆွေးမြေ့ပျက်စီးစေခြင်းဖြင့် တောက်လောင်ကာ အနိစ္စလက္ခဏာ၏မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းတို့ကို မြင်သာ သိသာ စေခဲ့ပါသည်။

ကမ္ဘာ၊ ရေ၊ လေ၊ မြေမှ ရွှေ၊ ငွေ၊ သံ၊ ကြေးနီစသော ဓာတ်ကြီး (၉)ပါးရှိပါသည်။ ထိုဓာတ်များမှ အဆိုးသတ္တိများထွက်ပါသည်။ လေ၌ အာကာသဓာတ်ရှိသည်။ ဤကမ္ဘာမြေ၌ ရွှေ၊ ငွေ၊ ဘော်၊ သွပ်၊ သံ၊ ပြဒါး၊ ဘင်၊ ကျွတ်၊ ကြေးနီ စသည် ဓာတ်များရှိသလို လူနှင့် သတ္တဝါတို့၏ တစ်ခန္ဓာသည် တစ်ကမ္ဘာအလား ဤဓာတ်(၉)ပါးတို့သည် ဓာတ်သဘောဆင်းလျက် ရှိနေကြပါသည်။

ကမ္ဘာမြေထွက် ဓာတ်လုံးဓာတ်ခဲများက မြင်သာသည်။ တူးဖော်ရရှိ အသုံးချနိုင်သည်။ မြင်အပ်သော ဓာတ်(၉)ပါးဖြစ်ပါသည်။

လူနှင့် သတ္တဝါတို့ခန္ဓာမှထွက်သော ဓာတ်(၉)မျိုးကိုမူ အစိုင်အခဲဟူ၍ မမြင်ရပါ။ သို့သော် သဘာဝအမှန်ကို လေ့လာလျှင် မျက်စိတွင် ပြဒါးဓာတ်၊ အရိုးတွင် ငွေဓာတ်၊ နှလုံးတွင် ရွှေဓာတ်၊ ဆံပင်တွင် ကြေးဓာတ်၊ အသားတွင် ခဲဓာတ် စသော ဓာတ်သဘာဝများ ပါဝင်နေသည်ကို တွေ့ရပါမည်။

လူသားတို့အတွက် ဓာတ်စာဆေးဝါးပြုလုပ်ကြရာ၌ သံဓာတ်ပါသောဆေး၊ ရွှေဓာတ်ပါသောဆေး စသည့် ဓာတ်ဆေး၊ ဖြည့်ဆေးများ၊ ဖြည့်စွက်ရသည်တိုင် ထိုဆေးတို့တွင် ရွှေတုံး၊ ငွေတုံး၊ သံတုံးအားဖြင့် မပါဝင်ပါ။ မမြင်ကြရပါ။ ဓာတ်စွမ်းအားသတ္တိအရာကိုသာ ပါသည်ကို သိစေလိုခြင်းမျှသာ ဖြစ်ပါသည်။

လူ၏ခန္ဓာ မွေးညှင်းမှဖြစ်စေ၊ ကောင်းကင်၊ အာကာသမြေမှ အခိုးပျံရာမှဖြစ်စေ၊ ထိုဓာတ်တို့အချို့ပါဝင်နေကြောင်း သိရပါသည်။ ဥပမာ - အာကာသပြဒါးကို ဆောင်းရာသီတွင် သရက်ပင်မျိုး၌ အပုပ်ကျွေးကာ ဖမ်းလျှင် ရနိုင်ကြသည်။ လူ့ခန္ဓာ၊ သတ္တဝါခန္ဓာများသည် ဤဓာတ်သတ္တိများဖြင့် ဖွဲ့စည်းထားသဖြင့် ဓာတ်ကောင်ဟု ခေါ်ပါသည်။

ဝိနည်းဘေသဇ္ဇခန္ဓက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဆေးတော်ကြီးဟု သိထားကြသည့် ဇီးဖြူ၊ ဖန်ခါး၊ သျှိရား (၃)မျိုးနှင့် ဘုတ်မေးအသီးတို့တွင် အသက်ရှည်၊ အနာ

www.dhammaransi.com



ကင်းစေသော အာကာသပြဒါးဓာတ် ခိုအောင်းသဖြင့် မိုဝဲသုံးဆောင်ကြရာ သက်ရှည်ကျန်းမာကြောင်း အညွှန်းရှိနေပါသည်။

ဤအညွှန်းနှင့်အတူ ခန္ဓဗေဒအားဓာတ် အားခွဲခြင်း၊ ရုပ်ပိုင်းခွဲခြားခြင်းများကို ဗုဒ္ဓက အဘိဓမ္မာ၌ ဓာတ်ခွဲရုပ်ခွဲပြတော်မူသည်။ လူ၏ခန္ဓာကိုယ်၌ အရိုးပေါင်း၊ အမွေးအမျှင်ပေါင်း၊ အကြောပေါင်း စသည်တို့ကို ခွဲစိပ်ဟောကြားပေးတော်မူခဲ့ပါသည်။

မြင်သာသောအရိုး၊ အကြော၊ ဆံပင်၊ မွေးညှင်းစသည့် ခန္ဓာဗေဒကို အသေးစိပ်ဓာတ်ခွဲသကဲ့သို့ နာမ်(စိတ်)မှာ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာအကုသိုလ်များ၊ သဒ္ဓါ စသော ကုသိုလ်များ အာရုံအသီးသီးဖြစ်ပေါ်တိုင်း နှလုံးသွေးရောင်တို့အပြင် ပထဝီ၊ အာပေါ စသည့် ဓာတ်ခွဲရာ၌လည်း ဗုဒ္ဓ၏ ကြီးကျယ်သောဉာဏ်ဖြင့်သာ ခွဲခြားစိပ်ဖြာပြနိုင်ပါသည်။

လောကကြီးနှင့် သတ္တဝါအနန္တတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောအကြောင်းတရား (၄)ပါး အခြေခံပြီးဖြစ်ပေါ်မှုကို တစ်ပါးစီအား အကျုံးပြုပါမကျန် ဗုဒ္ဓက သူ၏သဗ္ဗညုတဉာဏ်တော်ဖြင့် စကြဝဠာအနန္တထိ ထိုးဖောက်မြင်တော်မူသဖြင့် ဟောကြားနိုင်ခြင်းဖြစ်ပါသည်။

ပညတ်၊ ပရမတ်၊ ဓာတ်တို့၏အရာကိုပါ ပါရမီဉာဏ်အား၊ အကျင့်သညာထူးအရ သိတော်မူကြသော ပုဂ္ဂိုလ်လူများ၏ စိတ်ဆန္ဒတော်သည် ကုသလဓမ္မအရာ၌သာ ချမ်းသာဖြစ်ကြလျက် စိတ်တစ်လုံးနိုင် ကမ္ဘာတိုင်ဆိုသော စကားအရာဖြစ်ကြောင်း သိရပါသည်။

အကျုံးမြူဓာတ်တွင် ကမ္မဇအကျုံးမြူဓာတ်ဖြစ်သော အခိုးအရှိန်တန်ခိုး သတ္တိသည် တန်ခိုးအကြီးဆုံးဟု သိရသည်။ ထိုကမ္မဇဓာတ် အကျုံးမြူဓာတ်ပိုင် ပုဂ္ဂိုလ်ဆိုသည်မှာ လောကီသိဒ္ဓိ (၁၀) ပါးရ ဝိဇ္ဇာများပင် မနေနိုင်ပါ။ ဤဉာဏ်ကိုရလိုပါက ဝိပဿနာဉာဏ်အဆင့်ဆင့် (၉)ဆင့်ရပြီးမှသာ ရနိုင်ရာ ဝိပဿနာတရားထူး၊ တရားမြတ်၏တန်ဖိုး၊ တန်ခိုးကို သိသာနိုင်ပါသည်။

ဤအဆင့်မြင့်မရောက်မီ ဓာတ်ခန္ဓာ၊ အာယတနဓာတ်၊ သစ္စာအဆင့် ရသင့်သလောက်ရမှုပင်ရုပ်တို့၏အကျုံးမြူဓာတ်ကိုဓာတ်ပိုင်းဖြစ်ချေက ဘုန်းကံကြီးမားသောပုဂ္ဂိုလ်များဖြစ်လာရကြောင်း တွေ့ရှိရပါသည်။

ဤအကျုံးမြူဓာတ်အဆင့်ကိုကိုင်ဆောင်နိုင်သောပုဂ္ဂိုလ်ထူးတို့သည်ဘုရား၊ရဟန္တာအရှင်မြတ်ကြီးများ၏ ဓာတ်အကျုံးမြူအထိ သိမြင်သော အဆင့်ဆင့်မှ ဤလောကကို ပြုပြင်တည်ဆောက်နိုင်လောက်သော အကျုံးမြူအားနှင့် မိမိ၏တစ်ဘဝ၊ တစ်ခန္ဓာသာ ပြုပြင်တည်ထောင်သော ပါရမီဆုတောင်း အကျင့်စခန်းနှင့် နည်းလမ်းအရ သက်ရှိလောကသဘာဝ၊ သက်မဲ့လောကသဘာဝ၏ အကျုံးမြူကို ပြုပြင်ထိန်းချုပ်နိုင်သောအားဖြင့် လောကမီး၏ ငြိမ်းချမ်းသာယာရေးအထိ စွမ်းဆောင်နိုင်ပါမည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## လူသားတို့အား ကုသိုလ်ကောင်းကျိုးပေးသော စေတသိက်များ

မကောင်းကျိုးပေးသော သဘာဝကို အကုသိုလ်၊ ကောင်းကျိုးပေးသော သဘာဝကို ကုသိုလ်ဟူ၍ သိထားကြပါသည်။

စိတ်သည် ပင်ကိုယ်သဘောအားဖြင့် အကုသိုလ်လည်းမဟုတ်၊ ကုသိုလ်လည်း မဟုတ်။ ကုသိုလ် - အကုသိုလ်မှ အလွတ်သဘောကြည်လင် ဖြူစင်သောသဘာဝကလေး ဖြစ်ပါသည်။ သို့သော် စိတ်၌မှီတွယ် စိတ်ကိုချယ်လှယ်သော စေတသိက်များကိုလိုက်ပြီး အကုသိုလ်စိတ်၊ ကုသိုလ်စိတ်ဟူ၍ ခေါ်နေခြင်းဖြစ်ပါသည်။

စိတ်ကို အကုသိုလ်ဖြစ်အောင် ချယ်လှယ်သော စေတသိက်(၁၄) လုံးကို ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ လူမှာဖြစ်ပေါ်စေသော သဘာဝအဆိုးတရားသည်ကား ဤ(၁၄)ပါးအခြေခံ၍ ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

တစ်ဖန်စိတ်ကိုကုသိုလ်ဖြစ်အောင် ချယ်လှယ်သောအခြေခံစေတသိက်ကား(၂၅) မျိုး ရှိနေပါသည်။ ယင်းကို အနုစိပ်ခွဲကြည့်ပါက (၁၉)မျိုးတစ်မျိုး (၆)မျိုး တစ်မျိုးရှိနေပါသည်။

ဤစေတသိက်(၁၉)မျိုးသည် စိတ်ကို ကုသိုလ်စိတ်ဖြစ်အောင် ချယ်လှယ်ပေးနေပါသည်။

ရုပ်သဘာဝတွင် အခြေခံမကွဲမပြားသော (အဝိနိဗ္ဘောဂရုပ်) (၈)မျိုးရှိသလို စိတ်တွင်လည်း အခြေခံသဘာဝ(၈)မျိုးရှိပါသည်။ ယင်းမှာ မူလစိတ်ရင်း(၁)နှင့် ဖဿစသော သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)မျိုးတို့ ဖြစ်ပါသည်။

အကုသိုလ်စိတ်တွင်လည်း အခြေခံစိတ်ရင်းနှင့် မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ဟူသော ခေါင်းဆောင်(၄)ပါးနှင့် အခက်အလက် စေတသိက်များ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)ပါးတို့ဖြစ်ကြပါသည်။

ကုသိုလ်ပြုတိုင်းပါဝင်သောစေတသိက်က(၂၅)လုံး၊ အကုသိုလ်ပြုတိုင်းပါဝင်သော စေတသိက်က (၁၄)လုံးရှိရာ ကုသိုလ်နှင့်အကုသိုလ် တိုက်မည်ဆိုပါက အင်အားများသော ကုသိုလ်က နိုင်နိုင်ပါသည်။

တချို့က မကောင်းသောလူတွေများ၍ မကောင်းသောလူများကဘဲ နိုင်မည်ဟု ထင်ကြေးနှင့် ပြောကြပါသည်။ သဘာဝကို စဉ်းစားကြည့်လျှင် မကောင်းသောအလုပ်ကို လုပ်သောသူသည် လူမသိ၊ သူမသိ တိုးတိုးတိတ်တိတ် လုပ်ရပါသည်။ ကောင်းသောအလုပ်ကို လုပ်သူက ရဲရဲတင်းတင်း ပြောင်လုပ်ရဲပါသည်။ အများကလည်း သဘောကျပါသည်။ သို့အတွက် ရေရှည်တွင် ကောင်းသောအရာကသာ နိုင်ပါသည်။ ကောင်းအောင်နေ၊ ကောင်းအောင်လုပ်ပါက တစ်နေ့နေ့ မုချနိုင်ပါမည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



လူတို့အား ကောင်းကျိုးပေးသော စေတသိက်တို့၏သဘာဝကို အကြမ်းဖျင်း အောက်ပါအတိုင်း သိထားရပါမည်။

၁။ သဒ္ဓါ = သက်ဝင်ယုံကြည်ခြင်းသဘာဝ
၂။ သတိ = အမှတ်ရခြင်းသဘာဝ
၃။ ဟိရီ = မကောင်းမှုပြုလုပ်ရမည်ကို ရှက်သည့်သဘာဝ
၄။ ဩတ္တပ္ပ = မကောင်းမှုပြုလုပ်ရမည်ကို ကြောက်သည့်သဘာဝ
၅။ အလောဘ = မကပ်ငြိခြင်းသဘာဝ
၆။ အဒေါသ = မကြမ်းတမ်းခြင်း၊ မပြစ်မှားခြင်းသဘာဝ
၇။ တတြမဇ္ဈတ္တတာ = အလယ်အလတ်တည့်မတ်ခြင်းသဘာဝ

ဤ(၇)မျိုးကား တစ်သဘောစီဖြစ်ကြသည်။

စုံတွဲသဘာဝစေတသိက်များလည်း ရှိပါသည်။ စုံတွဲဖြစ်ရသည်မှာ တစ်ခုက စိတ်၏ အရည်အချင်း တစ်ခုက စေတသိက်၏အရည်အချင်းတို့ ဖြစ်သောကြောင့် စုံတွဲဖြစ်နေရပါသည်။

၁။ ပဿဒ္ဓိ = ငြိမ်းခြင်း
(က) ကာယပဿဒ္ဓိ = စေတသိက်တို့၏ငြိမ်းခြင်း
(ခ) စိတ္တပဿဒ္ဓိ = စိတ်၏ငြိမ်းခြင်း

၂။ လဟုတာ = ပေါ့ပါးခြင်း
(က) ကာယလဟုတာ = စေတသိက်တို့၏ပေါ့ပါးခြင်း
(ခ) စိတ္တလဟုတာ = စိတ်တို့၏ပေါ့ပါးခြင်း

၃။ မုဒုတာ = နူးညံ့ခြင်း
(က) ကာယမုဒုတာ = စေတသိက်တို့၏နူးညံ့ခြင်း
(ခ) စိတ္တမုဒုတာ = စိတ်တို့၏နူးညံ့ခြင်း

၄။ ကမ္မညတာ = အမှု၌ခန့်ခြင်း
(က) ကာယကမ္မညတာ = စေတသိက်တို့၏အမှု၌ခန့်ခြင်း
(ခ) စိတ္တကမ္မညတာ = စိတ်တို့၏အမှု၌ခန့်ခြင်း

www.dhammaransi.com



၅။ ပါဂုညတာ = ကျွမ်းကျင်ခြင်း

(က) ကာယပါဂုညတာ = စေတသိက်တို့၏ကျွမ်းကျင်ခြင်း

( ခ ) စိတ္တပါဂုညတာ = စိတ်တို့၏ကျွမ်းကျင်ခြင်း

၆။ ဥဇုကတာ = ဖြောင့်မတ်ခြင်း

(က) ကာယုဇုကတာ = စေတသိက်တို့၏ဖြောင့်မတ်ခြင်း

( ခ ) စိတ္တုဇုကတာ = စိတ်တို့၏ဖြောင့်မတ်ခြင်း

ပဿဒ္ဓိစသည်က (၆)စုံ၊ သဒ္ဓါစသည်က (၇)မျိုး စုစုပေါင်း(၁၉)မျိုး ဖြစ်ပါသည်။ ဤစေတသိက်(၁၉)မျိုးသည် စိတ်၌မှီတွယ်ပြီး စိတ်ကိုခြယ်လှယ်သည့်အတွက် စေတသိက်အမည်ရသလို ကုသိုလ်သဘာဝ၏ လက္ခဏာများလည်းဖြစ်ပါသည်။

ကျန်ရှိသော စေတသိက်တို့၏ သဘာဝမှာ...

၁။ ကရုဏာ = သနားခြင်းသဘော

၂။ မုဒိတာ = ဝမ်းမြောက်နှစ်လိုခြင်းသဘော

ယင်းစေတသိက်(၂)လုံးသည် အတိုင်းအရှည်မသိ သတ္တဝါပညတ်ပေါ်၌ အာရုံပြုပါသည်။ သက်မဲ့အရာဝတ္ထုပစ္စည်းများအပေါ်၌ အာရုံမပြုပါ။

၁။ သမ္မာဝါစာ - အပြစ်ရှိသောအပြောအဆိုကိုရှောင်ကြဉ်ခြင်းသဘော

၂။ သမ္မာကမ္မန္တ - အပြစ်ရှိသောအပြုအမူကိုရှောင်ကြဉ်ခြင်းသဘော

၃။ သမ္မာအာဇီဝ - အပြစ်ရှိသောအသက်မွေးမှုကိုရှောင်ကြဉ်ခြင်းသဘော

ဤသဘာဝ(၃)ရပ်သည် ဒုစရိုက်ရှောင်ကြဉ်ရာ၌ ပါဝင်သော သဘာဝ(၃)ရပ်ဖြစ်ပါသည်။ ဝါစာနှင့် ကမ္မန္တ(၂)မျိုးသည် အသက်မွေးဝမ်းကျောင်းကိစ္စနှင့် လုံးဝ မပတ်သက်ပါ။ အပျော်တမ်းဒုစရိုက်မျိုးမှ ရှောင်ကြဉ်ခြင်းသဘောမျိုးဖြစ်ပါသည်။

အာဇီဝမှာမူ အသက်မွေးဝမ်းကျောင်းအတွက် အကျိုးရှိပါလျက် အကုသိုလ်အလုပ်ဖြစ်နေပါက မလုပ်ဘဲ ရှောင်ကြဉ်ရခြင်းမျိုးဖြစ်ပါသည်။

၁။ ပညိန္ဒြေ = အရှိန်အဝါရှိရှိဖြင့် အမှန်ကို သိသည့်သဘော သိကာမျှ မတွ၊ မြင်ကာမျှ မတ္တမဟုတ်။ အမှန်တရားဆိုက်အောင် သိမြင်သောသဘောကို ပညာဟူ၍ ဆိုခြင်းဖြစ်ပါသည်။

ဤစေတသိက်(၂၅)မျိုးသည် လူသားတို့အား ကုသိုလ်တရားဖြစ်စေရန် ခြယ်လှယ်ပေးသော စေတသိက်များဖြစ်ကြပါသည်။ စိတ်ကို ကုသိုလ်မှု၌ခြယ်လှယ်၊ အကုသိုလ်မှု၌ ခြယ်လှယ်သော ဤမည်သော စေတသိက်အမျိုးအစားနှင့် သဘာဝတရားတို့ကို မည်သည့်သိပ္ပံပညာရှင်ကမှ မထုတ်ဖော်နိုင်သေးပါ။ ဗုဒ္ဓက လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်ကပင် ထုတ်ဖော်၍ ပြခဲ့ပြီးဖြစ်ပါသည်။

---

www.dhammaransi.com



## သံသယတောဝယ် အမောကြွယ်ရသော ဝိစိကိစ္ဆာ

အကုသိုလ်စေတသိက်အပိုင်းတွင် နောက်ဆုံးအတက်၊ အခက် သည် ဝိစိကိစ္ဆာ ဖြစ်ပါသည်။

စိတ်မှာ လောဘမယှဉ်၊ ဒေါသမယှဉ် (ဝါ) လောဘသဘော၊ ဒေါသသဘော၊ လွတ်နေတဲ့အခိုက် ကုသိုလ်ဘက်မရောက်လျှင် မောဟ ဝင်နေသည်။ မောဟယှဉ်နေသည်ဟု ဆိုရပါမည်။

စိတ်သည် မောဟစေတသိက်နှင့် ယှဉ်နေတဲ့အခါမှာ အလွန်တရာ တွေဝေပါသည်။ တစ်နည်းအားဖြင့် အမှန်ကိုမသိ၊ မမှန်တာကိုသိ မှားတာကိုသိနေမှုကို မောဟဟုခေါ်သည်။ မောဟသည် အမှန်တရားပညာ၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။

ဤလောကမှာ အမှန်တရားတို့ ထင်ရှားရှိနေပါသည်။ ပရမတ် တရား၊ ပညတ်တရား၊ ခန္ဓာတရား၊ အာယတနတရား၊ ဓာတ်ဖွဲ့စည်းမှု၊ သစ္စာတရား၊ ဤတရားများအမှန်ရှိသလို၊ ဤသဘာဝတရားများ၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုသဘာဝတရားများ၊ အကြောင်းအကျိုးဆက်စပ်မှု သဘာဝဖြစ်စဉ်တရားများ အမှန်ရှိနေပါသည်။

ဤအမှန်တရားများကို အမှန်တရားဖြစ်ကြောင်းကို ဉာဏ်ပညာကသာ သိနိုင်၊ မြင်နိုင်ပါသည်။ ဉာဏ်ပညာမရှိက မှန်ကန်ကြောင်းမသိနိုင်၊ မမြင်နိုင်ဖြစ်ကြသည်။ ဉာဏ်မရှိသောအခါ ဉာဏ်မဖြစ်သောအခါ မောဟ(အဝိဇ္ဇာ)ဆိုသော မမှန်မကန်သိသော မြင်သောသဘောဖြစ်ရတတ်ပါသည်။

ထိုကဲ့သို့ မောဟဖုံးလွှမ်းနေသောအခါ မြဲတာမှ ဟုတ်ရဲ့လား မှန်တာမှဟုတ်ရဲ့လား။ မမြဲတဲ့သဘာဝဖြစ်နေသလားဟူ၍ဝင်၍စူးစမ်းကြည့်မည်ဆိုလျှင် စိတ်ပင်ပန်းမှုဖြစ်ရပါသည်။ မြဲသည်၊ မမြဲဘူး၊ မှန်တယ်၊ မမှန်ဘူးဟူ၍ ယတိပြတ်မဆုံးဖြတ်နိုင်တဲ့အခိုက် စိတ်ပင်ပန်းရခြင်းမျိုး ဖြစ်ပါသည်။

မြဲသည်ပဲဖြစ်ဖြစ်၊ မမြဲသည်ပဲဖြစ်ဖြစ်၊ မှန်သည်ပဲဖြစ်ဖြစ်၊ မှားသည်ပဲဖြစ်ဖြစ်၊ တစ်ခုခုကို ဆုံးဖြတ်ချက်ကျသွားပါက စိတ်ပင်ပန်းမှုသဘော မဖြစ်တော့ပါ။

ဥပမာ – ခရီးသွားသူတစ်ဦး လမ်းဆုံရောက်နေက မှန်ကန်သော လမ်းကိုလျှောက်မိ၍ လိုရာခရီးရောက်လျှင် စိတ်ချမ်းသာ ဝမ်းမြောက်ဝမ်းသာခံစားရပါသည်။ လမ်းလွဲလိုက်မိက စိတ်ဆင်းရဲပြီး ထပ်မံပင်ပန်း ဆင်းရဲရောက်ရပါမည်။

မောဟကာဆီးပြီး အမှားကိုမြင်နေသော အခိုက်အတန့်မှာ အမှန်မြင်ရန် ဉာဏ်ပညာကဝင်လာလျှင် အမှားမြင်သောမောဟနှင့် အမှန်မြင်သောဉာဏ်တို့ လွန်ဆွဲပါတော့သည်။ ဉာဏ်က တစ်ခါတည်း မနိုင်နိုင်၍ တွေ့ရသောပြဿနာအပေါ်မှာ အမှားလား၊ အမှန်လားဟု စိတ်နှစ်ခွ ဖြစ်လာပါသည်။ စိတ်ထွေလာပါသည်။ ဝေခွဲမရဖြစ်လာပါသည်။

www.dhammaransi.com



မြသည်ဟုသိနေသော မောဟရောဂါကို ဉာဏ်ပညာတည်းဟူသော ဆေးဆရာဝန်က အကုခက်နေတတ်ပါသည်။ ဆေးမကုနိုင်ဟုဆိုပါက ထိုအခိုက်တွင် ထိုဆရာ စိတ်ပင်ပန်းပါမည်။ ဤပင်ပန်းမှုသဘာဝသည် မောဟမှာ အတူယှဉ်ပါလာပါသည်။ လူသားတို့အရပ်စကားနှင့်ပြောပါက မောဟအခိုးထမှုပင်ဖြစ်ပါသည်။ ယင်း၏ဂုဏ်သတ္တိမျိုးကို ဝိစိကိစ္ဆာဟူ၍ ဗုဒ္ဓက ပါဠိဘာသာဖြင့် အမည်ပေးခဲ့ပါသည်။

ယင်းပါဠိကို ပုဒ်ခွဲကြည့်ပါက…

ဝိစိနန္တောသ - သဘာဝအမှန်ကိုစူးစမ်းဆင်ခြင်သူအား

ကိစ္ဆာ - ပင်ပန်းစေတတ်သောတရား

တစ်နည်း

ဝိစိကိစ္ဆာ - ဉာဏ်ပညာဖြင့်ကုစားခြင်းမှ

ဝိ - ကင်းသောတရား

ထိုကြောင့် ဝိစိကိစ္ဆာဆိုသောသဘော သဘာဝသည် ယုံမှားသည်၊ သံသယဖြစ်သည်။ တွေဝေသည်။ တစ်ခုတည်းကိုယတိပြတ်မဆုံးဖြတ်နိုင်။ သို့လောသို့လောဟိုလိုလိုဒီလိုလို စိတ်ကစားသောသဘောဟု ဆိုရပါမည်။

ထိုကြောင့် ဝိစိကိစ္ဆာကို ဆုံးဖြတ်သော သဘောရှိသော (အဓိမောက္ခ)၊ စိတ်တည်ကြည်မှုရှိသော (သမာဓိ) တို့၏ ဆန့်ကျင်ဘက်တရားဟု အဘိဓမ္မာ၌ ဆိုထားပါသည်။

ဝိစိကိစ္ဆာဆိုသောသဘာဝသည် မောဟယှဉ်သောစိတ်မှာသာ ယှဉ်နိုင်ပါသည်။ မောဟမယှဉ်သောစိတ်မှာမယှဉ်နိုင်ပါ။ ဝိစိကိစ္ဆာသည်အကုသိုလ်သဘာဝတရားတွင်ပါဝင်ပါသည်။

ဝိစိကိစ္ဆာကို သံသယဟူ၍ဆိုရာဝယ် သံသယဆိုသည်တိုင်း အကုသိုလ်ဝိစိကိစ္ဆာလားဟု ဆိုစရာ၊ မေးစရာဖြစ်လာပါသည်။

ရတနာသုံးပါးဟူသော ဘုရား၊ တရား၊ သံဃာ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်၊ သိက္ခာပုဒ် ဤအချက်(၈)ချက်အပေါ်မှာ ယုံမှားသံသယဖြစ်မှ အကုသိုလ်ဖြစ်ပါသည်။

စာပေအဓိပ္ပာယ်ကို တွေးတောကြံစည်ရာ၌ ဟိုဟာလား ဒီဟာလားဟု မဆုံးဖြတ်နိုင်မှုသည် အကုသိုလ်ဝိစိကိစ္ဆာ မဟုတ်ပါ။

ဝိစိကိစ္ဆာသည် ဗုဒ္ဓတရားတော်၌ အလွန်အရေးကြီးသလို ယနေ့ ခေတ်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးများမှာလည်းအလွန်ပင်အရေးကြီးလှပါသည်။ မည်သည့်လုပ်ငန်းကိုပင်လုပ်လုပ်၊ ဝိစိကိစ္ဆာမရှိမှအောင်မြင်ပါသည်။ လုပ်ငန်းတစ်ခုခုကိုလုပ်သည့်အခါဖြစ်မှဖြစ်ပါ့မလားဟု သံသယဝင်နေလျှင် မည်သည့်အလုပ်မျှ သိပ်မဖြစ်တော့ပါ။

www.dhammaransi.com



ငါလုပ်နေသောအလုပ်သည် ဧကန်ဖြစ်ရမည်ဟူသော ယုံကြည်ချက်၊ ငါသင်နေသောပညာဟာ လူ့ဘဝမှာ တကယ်ထိပ်တန်းရောက်နိုင်သည်ဟူသော ယုံကြည်ချက်မျိုးများနှင့် အလုပ်လုပ်လျှင် ပညာပင်ယူလျှင် ချက်ချင်းအောင်မြင်နိုင်ပါသည်။

ဗုဒ္ဓ၏လောကုတ္တရာပညာအရ သောတာပန်ဆိုသောအရိယာ ပုဂ္ဂိုလ်ဖြစ်သောအခါကျမှသာ ဤဝိစိကိစ္ဆာကို ပယ်နိုင်ပါသည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သတ်နိုင်သောပုဂ္ဂိုလ်ကို သောတာပန်ဟူ၍ ခေါ်ပါသည်။ ယင်းဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဉာဏ်ကသာ ပယ်သတ်နိုင်ပါသည်။

ဤသို့သော မအောင်မြင်မှုသဘောကို ကျရှုံးမှုသဘောကို ဖြစ်စေသော အကုသိုလ်အမှုကို ဖြစ်စေသော ဝိစိကိစ္ဆာသဘာဝကို သာမန်လူသားတို့ မမြင်နိုင်ပါ။ သိပ္ပံပညာကလည်း ရှာဖွေမတွေ့သေးပါ။ ဗုဒ္ဓက ယင်းကိုရှာဖွေတွေ့ပြီး ထုတ်ဖော်ဟောပြခဲ့ပါသည်။

## လူသားတို့၏ ထိုင်းမှိုင်းတွေဝေမှု သဘာဝများ

လောကသဘာဝမှာလူသားများသည်တစ်ခါတစ်ရံအလုပ်မလုပ်ချင်ကြပါ။ ယင်းကိုပျင်းရိသည်ဟုဆိုကြပါသည်။ ပျင်းရိသောသူများသည် ကျောင်းတက်ရမှာပျင်းသည့်အတွက် စာမေးပွဲကျ၊ ပညာမတတ်ဖြစ်ရသောဆိုးကျိုးကို ခံစားရသည်။ ဥစ္စာစီးပွားရှာရမှာအလုပ်လုပ်ရမှာ ပျင်းရိသည့်အတွက် စားဝတ်နေရေးခက်ခဲမည်၊ ဆင်းရဲမည်၊ လူညွန့်တုံးဘဝသို့ ရောက်သွားသည်။

အလုပ်မလုပ်ချင်၊ ပျင်းရိမှုကို ဗုဒ္ဓက ထိနဟူ၍ အမည်ပေးခဲ့သလို အကုသိုလ်စိတ်အုပ်စုထဲတွင် ထည့်သွင်းဟောခဲ့ပါသည်။

ထိနကို စိတ်၏ထိုင်းမှုဟု မြန်မာဘာသာ ပြန်ဆိုကြပါသည်။ ထိနမှ ထိန် - ထိုင်မှ ထိုန် - ထိုန်မှ ထိုင်း အဆင့်ဆင့်ပြောင်းလဲလာသော ပါဠိသက်ဝေါဟာရဟု ဆိုပါသည်။

ထိန၏သဘာဝသည် စိတ်ကိုမှိုင်တွယ်၊ စိတ်ကိုခြယ်လှယ်သော စေတသိက်တစ်မျိုးဖြစ်၍ မိမိ၏မှီရာစိတ်ကို ထိုင်းစေသောသဘာဝပင် ဖြစ်ပါသည်။ စိတ်ကိုထိုင်းစေသည်ဆိုသည်မှာစိတ်ကိုတက်ကြွမှုမရှိအောင်ညှိုးသက်သွားအောင်၊နွံသွားအောင်ထုံသွားအောင်ဖိနှိပ်ဟန့်တားသကဲ့သို့ပြုတတ်သောသဘောဖြစ်လေသည်။တစ်နည်းဆိုရလျှင်စိတ်နေမကောင်းမှု၊စိတ်မကျန်းမာမှုဟူ၍ဆိုလည်းရပါသည်။ယင်းစိတ်မကောင်းမှု၊မကျန်းမာမှုဟူသည်ပျင်းရိမှုကို ဆိုလိုရင်းဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



စိတ်ထိုင်းမှုကို မြန်မာတို့ များစွာ နားမလည် သဘောမပေါက်ကြပါ။ တွန်းဆုတ်မှုကို နားလည်ကြပါသည်။ အလုပ်တစ်ခုကို လုပ်ရမည်ဆိုလျှင် တီကိုဆားနှင့်တို့သကဲ့သို့ ပျင်းသော သူများသည် တွန့်သွားတတ်ပါသည်။ ဤစာရအောင်ကျက်ပါဟု ခိုင်းပါက စာတွေက အများကြီးပဲဟုဆိုပြီး တွန့်သွားတတ်ကြပါသည်။

ထိုကြောင့် ထိနကိုစိတ်တွန့်သည်ဟု ဆိုတာထက် ပျင်းသည်ဟုဆိုက အားလုံး နားလည်လွယ်ကြပါသည်။

ထိုထိနကို အကုသိုလ်အုပ်စုထဲတွင် ပါဝင်နေရမှုနှင့်ပတ်သက်၍ မိမိအကျိုးစီးပွား သူတစ်ပါးအကျိုးစီးပွားများ ပျက်စီးစေနိုင်သော သဘာဝရှိနေ၍ ထိနကို လောဘ၊ ဒေါသ အကုသိုလ်အုပ်စုထဲပါသည်ဟု ဆိုရပါသည်။

ဥပမာ - လောဘဖြစ်လာလျှင် တစ်ခုခုကိုလိုချင်သည်။ လိုချင်၍ လုပ်သောအခါမှာ ပျင်းသောအခါလည်းရှိလာမည်။ သွက်သွက်လက်လက် လုပ်သည့်အခါလည်းရှိသည်။ လိုချင်၍လုပ်တော့လုပ်သည်။ လုပ်ပေမယ့် ပျင်းသောအခါတွင် စိတ်က တိုက်တွန်းပေးရ၍ သသင်္ခါရိကစိတ်ဟု ဆိုပါသည်။

လူသည် ပျင်းသောအခါရှိလာ၍မင်းပျင်းနေ၍မဖြစ်ဘူး။ ဥစ္စာပစ္စည်းရှာမှဖြစ်မှာ ပျင်းနေရင် လူညံ့ဖြစ်သွားမှာပေါ့။ စားဝတ်နေရေးခက်သွားမှာပေါ့ဟု မိမိစိတ်ကို မိမိတိုက်တွန်းပေးရသည်။

"မင်းလုပ်မှပေါ့ကွ။ ကြိုးစားမှမင်းပညာတတ်ဖြစ်မည်။ မင်းကြိုးစားလုပ်မှငွေရပြီးစားဝတ်နေရေး ပြေလည်မယ်"

ဟု တခြားလူကိုလည်း တိုက်တွန်းပေးရသည်။

ထိုသို့ လိုချင်၍လုပ်သည့်အခါ အခြားသူကို တိုက်တွန်းပေးရသည့်အခါ ထိနစေတသိက်သည် လောဘအုပ်စုထဲ၌ ပါနေပါသည်။

ဒေါသထဲပါဝင်မှုများမိမိဘာသာဒေါသဖြစ်ပြီးရှုံးဒိုင်းဖြစ်သည့်အခါ သူတစ်ပါးတိုက်တွန်းစရာမလိုပါ။

"မင်းကို ဘယ်သူက ဘယ်လိုပြောနေတာ၊ ရှင့်ကို ဘယ်သူတွေက ဘယ်လိုပြောနေတာ၊ ရှင်မသိဘူးလား။ ခင်ဗျားကို သူက ဘာပြောတယ်၊ ညာပြောတယ်"

စသည်ဖြင့် သူများက ပြောဆိုတွန်းပေးသည်နှင့် ဒေါသဖြစ်လာရသည်။ ထိုကဲ့သို့ သူများကတွန်းပေး၍ ဒေါသဖြစ်လာခဲ့လျှင် ထိနသည် ဒေါသအုပ်စုထဲ၌ ပါဝင်နေပါသည်။

စိတ်၏သဘာဝသည် မျက်တောင်တစ်ခတ်အတွင်း ကုဋေတစ်သိန်းခန့်ဖြစ်သည်ဟူသော အခြေခံအချက်ကိုကိုင်ပြီး စိတ်နှင့်အတူတကွ ဖြစ်ပျက်သော ထိုထိနစေတသိက်၏ အဖြစ်အပျက်မြန်ဆန်မှုကို ချင့်တွက်နိုင်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



သို့တွက် ထိနထိုင်းသည့်သဘာဝကို လူသာမန်တို့ မျက်စိဖြင့် မမြင်နိုင်၊ တရားဘာဝနာကို လက်တွေ့အားထုတ်နေသော ယောဂီပုဂ္ဂိုလ်များသည်သာ သမာဓိရင့်ကျက်သော ဉာဏ်အမြင်ဖြင့် စိတ်၏ထိုင်းမှုသဘော (ထိနစေတသိက်) ကို ရိပ်စားသိရှိနိုင်ပါသည်။

ထိနနှင့်တွဲဘက်သုံးသော စေတသိက်ကို မိဒ္ဓဟူ၍ အမည်ပေးခဲ့ပါသည်။ မိဒ္ဓကို မှိုင်းဟူ၍ မြန်မာမှုဝေါဟာရ ပြုထားသည်။ မိဒ္ဓ၏သဘာဝမှာ မိမိနှင့်အတူ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော စေတသိက်များကို ဖိနှိပ်ဟန့်တားသမှုပြုခြင်း သဘာဝရှိသည်ဟု ဆိုပါသည်။

ထိန - ထိုင်းသည်ဟုဆိုရာ စိတ်အလုပ် မလုပ်ချင်မှု၊ စိတ်ပျင်းရှိမှုကို ဆိုသည်။

မိဒ္ဓ - မှိုင်းသည်ဟုဆိုရာ၌စေတသိက်များအလုပ်မလုပ်ဘဲနေသည်ကိုဆိုပါသည်။ မိဒ္ဓဖြစ်နေသူမှာ စေတသိက်များ မှိုင်နေပါသည်။ အကုသိုလ်ဆိုင်ရာတွင် လိုချင်သောလောဘကလည်း အလုပ်မလုပ်၊ စိတ်ဆိုးသောဒေါသကလည်း အလုပ်မလုပ်၊ ကုသိုလ်ဆိုင်ရာတွင် သဒ္ဓါစေတသိက်ကလည်း အလုပ်မလုပ်၊ ပညာစေတသိက်ကလည်း အလုပ်မလုပ် ဤကဲ့သို့ စေတသိက်များ အလုပ်မလုပ်သည်ကို မှိုင်းသည်ဟု ဆိုပါသည်။

ထိန - မိဒ္ဓနှစ်ခုကိုတွဲပြီးမြန်မာဝေါဟာရကထိုင်း - မှိုင်းသည်ဟုတွဲ၍သုံးစွဲခဲ့ပါသည်။

ထိန - မိဒ္ဓသည် ဝီရိယစေတသိက်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဆုတ်နစ်ပျင်းရိလေးကန်သောသဘော ဖြစ်သည်။ တစ်နည်းဆိုရသော် ထိနနှင့်မိဒ္ဓနှင့်ဝီရိယသည် အလင်းနှင့်အမှောင်ကဲ့သို့ ဖြစ်သည်။ ဝီရိယဟူသော အလင်းရောင်ရှိနေပါက ထိနမိဒ္ဓတည်းဟူသော အမှောင်မရှိပေ။ ထိနမိဒ္ဓဟူသော အမှောင်ရှိနေပါက ဝီရိယတည်းဟူသော အလင်းမရှိ နိုင်ပါပေ။

စိတ်၏သဘာဝသည် တိုက်တွန်းမှု၊ နှိုးဆော်မှု၊ ပြုပြင်မှုမရှိဘဲ ထက်ထက်မြက်မြက်ဖြစ်သော စိတ်နှင့်တိုက်တွန်းနှိုးဆော်ပါမှ ထက်မြက်မှုဖြစ်ရသော စိတ်ဟူ၍ (၂)မျိုး ရှိနေပါသည်။

ပြုပြင်နှိုးဆော်မှုသဘာဝကို ပါဠိဘာသာအားဖြင့် သင်္ခါရဟုခေါ်သည်။ တိုက်တွန်းနှိုးဆော်မှုမလိုဘဲ သူ့ဟာသူဖြစ်သောစိတ်ကို အသင်္ခါရိကစိတ် (အ = မရှိ၊ သင်္ခါရိက = တိုက်တွန်းနှိုးဆော်သမှုပြုသည့်ပယောဂ)၊ တိုက်တွန်းနှိုးဆော်မှုရှိမှဖြစ်သောစိတ်ကို သသင်္ခါရိက (သ = ရှိသည်၊ သင်္ခါရိယ = တိုက်တွန်းနှိုးဆော်မှုပြုသည့်ပယောဂ)

ဤကဲ့သို့ စိတ်ဖြစ်ပုံ(၂)နည်းအနက် ထိနမိဒ္ဓစေတသိက်တို့သည် တိုက်တွန်းနှိုးဆော်မှုပါသော စိတ်မျိုး၌သာ ယှဉ်ခွင့်၊ အတူဖြစ်ခွင့်ရသည်။ သူတစ်ပါး တိုက်တွန်းနှိုးဆော်မှုပယောဂမပါဘဲသူ့ဘာသာသူဖြစ်သော(အသင်္ခါရိက)စိတ်မျိုး၌ထိနမိဒ္ဓ(ထိုင်းမှိုင်း)သဘာဝ မရှိနိုင်ပါ။

စေတသိက်များ အလုပ်မလုပ်တော့ပါက လူ့သဘာဝ အိပ်ချင်လာသည်ဟု ဆိုပါသည်။လူ့သဘာဝအိပ်ချင်သည်၊ အိပ်ငိုက်သည်၊ ထိုင်းမှိုင်းသည်ဟူ၍ ဖြစ်တတ်ပါသည်။

www.dhammaransi.com



အိပ်ချင်မှုနှင့်ပတ်သက်၍...

- ကိုယ်ခန္ဓာညှိုးနွမ်းပင်ပန်းအားနည်းမှုကြောင့်လည်း အိပ်ချင်တတ်ပါသည်။
- ဝီရိယကင်းလွတ်ပြီး ထိနမိဒ္ဓများ ဖိစီးလွှမ်းမိုးမှုကြောင့်လည်း အိပ်ငိုက်တတ်ပါသည်။

သို့ဖြစ်၍ လူတိုင်း အိပ်ချင်မှု၊ အိပ်ငိုက်မှုသည် အထက်ပါ ကိုယ်ခန္ဓာနွမ်းနယ်မှုဟူသော ရုပ်အကြောင်းတစ်ရပ်၊ ဝီရိယကင်းကွာပြီး ထိနမိဒ္ဓ ဖိစီးမှုဟူသော နာမ်အကြောင်းတစ်ရပ် ဤအကြောင်း (၂)ရပ်ကြောင့် အိပ်ချင်မှုဖြစ်ရပါသည်။

ဥပမာ - မိမိကိုယ်ခန္ဓာ၌ ကျန်းမာရေးကောင်းပြီး၊ ဓာတ်လေးပါး ညီညွတ်နေသည်။ ပင်ပင်ပန်းပန်းလည်း လုပ်ရကိုင်ရမှု မရှိဟုဆိုပါလျှင် ကြိုက်မရက် ငိုက်မရက် ဆိုရလောက်အောင် အိပ်ချင်ကြီးမှု မဖြစ်ပါပေ။

သွေးလေမမှန်လျှင်သော်လည်းကောင်း၊ အပန်းတကြီးလုပ်ကိုင် ဆောင်ရွက်ရသော်လည်းကောင်း၊ မထိန်းနိုင်၊ မသိမ်းနိုင် အိပ်ချင်တတ်ပေသည်။ မျက်တောင်ကြီးတွေ လေးစင်းပြီး ဣန္ဒြေဆယ်မရ အိပ်ချင်လာပြီး အိပ်တော့သည်။

ဤသည်မှာ ရုပ်ခန္ဓာနွမ်းနယ်မှုကြောင့် အိပ်ချင်ခြင်းဖြစ်သည်။

ဝီရိယနည်းသူ (ဝါ) ပျင်းရိသူများသည် ထိနမိဒ္ဓဖိစီးပြီး အိပ်ငိုက်တတ်ပေသည်။ သင်တန်း၌ စိတ်မပါဘဲ တက်ရသူများ၊ စာမသင်ချင်ဘဲ သင်ရသူများ၊ ရုံး၌အလုပ်သိပ်မရှိသူများ၊ မျှော်လင့်ချက်မရှိ၍ မကြိုးစားကြသူများ၊ ပင်ကို၌က အပျင်းထူသူများသည် တသမ်းသမ်း တဝေဝေနှင့် အိပ်ငိုက်နေတတ်ကြသည်။

အလုပ်များသူများ ရည်ရွယ်ချက်ကြီးမားထားပြီး၊ အလုပ်ကြိုးစားနေကြသူများအဖို့ အိပ်ငိုက်ရန် မဆိုထားဘိ။ အချိန်ကုန်သွားသည်ကို ကုန်မှန်းမသိ ဖြစ်တတ်ကြရသည်။

ထိုထက်အဆင့်မြင့် သဘာဝကိုဆိုရလျှင် သမ္မာဝါယမ,မဂ္ဂင် ထူထောင်ပြီး သမထ ဝိပဿနာကမ္မဋ္ဌာန်းအလုပ်တစ်ခုခုကို ဖောက်ချ၍ အားထုတ်နေသောအခါ ဝီရိယသည် အဓိပတိတို့၏ ထိပ်ရောက်နေသောကြောင့် ထိနမိဒ္ဓ လုံးဝ မသီမကပ်နိုင်ချေ။

ထိုကြောင့်တရားကိုဟုတ္တိပတ္တိအားထုတ်၍တရားတွေ့နေကြသူတို့သည်နေ့လည်း မအိပ်ချင်၊ ညလည်း မအိပ်ချင် တွင်တွင်ကြီး အားထုတ်နေနိုင်ကြခြင်းဖြစ်သည်။

အိပ်ချင်မှုနှင့် အိပ်မှု၏သဘာဝသည် ခြားနားပါသည်။ အိပ်ချင်မှုသည် အထက်က ဆိုခဲ့သည့်အတိုင်း ကိုယ်ခန္ဓာနွမ်းနယ်မှု၊ ဝီရိယကင်းမဲ့ပြီး ထိနမိဒ္ဓဖိစီးမှုအကြောင်း(၂)မျိုး ကြောင့်တွင် တစ်မျိုးမျိုးကြောင့်ဖြစ်ရသည်။

အိပ်မှုဟူသည်ကား တစ်မျိုးသာရှိပြီး ဘဝင်ကျသွားခြင်းသာဖြစ်ပါသည်။ ဘဝင်ကျ

www.dhammaransi.com



သွားသောအခါ မည်သည်စိတ်မျှ မကြားတော့ဘဲ ဘဝင်စိတ်တသွင်သွင်ကျနေသည်ကို အိပ်ပျော်သွားသည်ဟု ခေါ်လေသည်။

ထိနမိဒ္ဓသဘာဝ(၂)ရပ်သည် စိတ်၊ စေတသိက်တို့ကို ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်စေတတ်သော သဘာဝများဖြစ်သောကြောင့် အိပ်ပျော်ခါနီး အိပ်ငိုက်သောအချိန်နှင့် အိပ်ရာမှနိုးထစအချိန်၌ အဖြစ်များသည်။ နစ်နစ်မြိုက်မြိုက် အိပ်ပျော်နေသောအချိန်၌ ထိနမိဒ္ဓ မဖြစ်တော့ပါ။

တစ်ဖန် ထိနမိဒ္ဓသည် အကုသိုလ်စေတသိက် သဘာဝများဖြစ်သောကြောင့် ကုသိုလ် အကုသိုလ် လုံးဝပယ်ပြီးသော ရဟန္တာများ၌ ထိနမိဒ္ဓ မဖြစ်တော့ပါ။ ရဟန္တာများ၏အိပ်မှုသည် ရုပ်ခန္ဓာတော်ညှိုးနွမ်းမှုကြောင့်သာ အိပ်ခြင်းဖြစ်ပါသည်။

ထိုကြောင့် အိပ်ငိုက်သည်ဟူသောသဘာဝသည် မကောင်းသော အကုသိုလ်မှာပါပြီး သူသည်ပညာကို ထုံထိုင်းစေသည်။ ပညာကို ပိတ်ပင်တတ်သည်။ အအိပ်များသောသူများသည် ဉာဏ်ထိုင်းသူများ များပါသည်။ ဉာဏ်သိပ်တော်သူများသည် အိပ်လျှင်လည်း ဖျတ်ခနဲ ဖျတ်ခနဲ နိုးတတ်သည်။ များစွာမအိပ်ပါချေ။ နေ့လည်ဆိုတာ ယောင်၍ပင် တုံးလုံးမလှဲဟု ဆိုပါသည်။ ညအိပ်လျှင်လည်း ဖျတ်ခနဲ ထလာတတ်သည်။

ဤသည်မှာ ဝီရိယ၊ သတိ၊ ပညာတို့ ဦးဆောင်ပြီးနေသည့်အတွက် မိဒ္ဓက မကပ်နိုင်ခြင်းဖြစ်ပါသည်။

မိဒ္ဓသည်လည်း ထိနအတိုင်းပင် လောဘ၊ ဒေါသအုပ်စုထဲတွင် ပါဝင်နေပါသည်။ ဥပမာ – ဈေးရောင်းသူသည် လိုချင်၍ဈေးရောင်းသည်။ ဈေးဝယ်သူမလာသောအခါ အိပ်ငိုက်လာသည်။ သို့တွက် လောဘအုပ်စု တွင် မိဒ္ဓပါဝင်လာပါသည်။

ဒေါသပါမှုမှာ စိတ်ဆိုးစိတ်မကြည်နေသူတစ်ဦးသည် ထိုကြားထဲက ဖျတ်ခနဲ မိဒ္ဓဝင်လာသောအခါ အိပ်ချင် အိပ်ပျော်သွားသည်။ ကလေးငယ်များ သည်းစွာငိုပြီး အိပ်သွားသည်ကို တွေ့ရပါမည်။ စိတ်ထဲမှာ မကျေနပ်မှုရှိတိုင်း အိပ်မပျော်ဘဲနေသည်မဟုတ်ပါ။ မကျေနပ်မှု ကြားထဲကပင် မိဒ္ဓဝင်လာပြီး အိပ်သွားတတ်ပါသည်။

သို့တွက် မိဒ္ဓသည်လည်း ဒေါသအုပ်စုဝင် ဖြစ်သွားရပါသည်။ ဤထိနမိဒ္ဓထိုင်းမှိုင်းမှု၊ ထိုင်းမှိုင်းမှုသဘာဝသည် ပျင်းရိမှု၊ ထိုပျင်းရိမှု သဘာဝကြောင့် အိပ်ချင်စိတ်ဖြစ်လာမှု၊ အိပ်မှု သဘာဝတို့ကို သိပ္ပံပညာရှင်တို့က သိပ္ပံပညာဖြင့် စမ်းသပ်၍မရကြသေး၊ မသိကြသေးပါ။

ဗုဒ္ဓဂေါတမက ထိုထိနမိဒ္ဓသဘာဝလူသားများ၌ ဖြစ်ပေါ်နေမှုကို လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်ကပင် ဖော်ထုတ်ဟောပြခဲ့ပြီး ဖြစ်ပါ သည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## လျှင်မြန်ခြင်းအရှိန်အဟုန်ဇောဓါတ်သဘာဝ

အာရုံတစ်ခုကိုမြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိတွေ့မှုအစဉ်တွင် အဆင်းစသည် မြင်၊ ကြား၊ နံ၊ လျက်၊ ထိသိဝီထိ၊ ဆက်ဖြစ်ဝီထိ၊ အမည်သိဝီထိနှင့်ဒြပ်သိဝီထိဟူ၍ (၄)မျိုးဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယင်းကို သေချာစွာဆန်းစစ်ကြည့်ပါက အဆင်မြင်ဝီထိ၌ ဇောစိတ် (၇)ကြိမ်ကို တွေ့ရပါသည်။ ကျန်(၃)ဝီထိမှာလည်း ဇော(၇)ကြိမ်ဆိုသည်ကို ဝီထိတိုင်းမှာ ရှိနေပါသည်။

ဝီထိစိတ်အစဉ်တွင် ပဥ္စဒွါရာဝဇ္ဇန်းစိတ်၊ စက္ခုဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တိရဏစိတ်၊ ဝုဋ္ဌောစိတ်တို့မှာ တစ်ကြိမ်စီတစ်ခါစီမျှသာ ဖြစ်ချုပ်ကြပါသည်။ ဇောစိတ်ဆိုသည်မှာ (၇)ကြိမ် ခုနစ်ခါစီ ထပ်တလဲလဲဖြစ်နေသည်ကို တွေ့ရပါမည်။

ဇောဆိုသည်မှာ အဘယ်နည်း...

ဇောဆိုသောဝေါဟာရသည် ပါဠိစကား၊ ဇဝနမှလာသောစကားဖြစ်ပါသည်။ ဇဝန၌ "န" ငယ်ကိုဖြုတ်ပါက ဇဝဖြစ်ပါမည်။ ပါဠိသဒ္ဒါအရ "ဝ"ကို ဝေါ (ြသ)ပြုသဖြင့် ဇောဟူ၍ ဖြစ်လာပါသည်။

ဇဝန(ဇော)၏ရင်းမြစ်အဓိပ္ပာယ်မှာ လျင်မြန်ခြင်းဟူ၍ အဓိပ္ပာယ်ရပါသည်။

လျင်ခြင်း၊ မြန်ခြင်းဟူသော မြန်မာဝေါဟာရ၌ လျင်ရင်မြန်ရင် အရှိန်အဟုန်ဆိုသော သဘောသဘာဝပါနေသည်။ အရှိန်အဟုန်သည် အစွမ်းထက်ခြင်းသဘောရှိပါသည်။ ကားတစ်စီးကို (၁)နာရီ မိုင် (၄၀)နှုန်း မောင်းလာပါက လျင်မြန်ပြီး အရှိန်အဟုန်ကြီးသည်ကို တွေ့ရပါမည်။

တစ်ဖန် ဓါးတစ်လုံးကိုကိုင်ပြီးမုန့်ကိုအသာကလေးပစ်လိုက်၍သွားထိလျှင် မုန့်သည် မကွဲပါ။ ဘာမျှမဖြစ်ပါ။ ဓါး၏အရှိန်အဟုန်မလျင် မမြန်၍ဖြစ်ပါသည်။ အရှိန်အဟုန်မရှိ၍ဖြစ်ပါသည်။ ခပ်လှမ်းလှမ်းမှနေပြီး တအားလွှဲပေါက်လိုက်ပါက မုန့်သည် ခွမ်းခနဲမြည်ကာ ကွဲကြေသွားပါ မည်။ ဓါးတွင် အရှိန်အဟုန်ရှိလာ၍ ဖြစ်ပါသည်။

မုန့်ကွဲခြင်းသည် ဓါးကြောင့်မဟုတ်၊ အရှိန်အဟုန်ကြောင့် ကွဲခြင်းဖြစ်သည်ကို တွေ့ရပါမည်။ အရှိန်အဟုန်ရှိသောနေရာတွင် အဆင့်ဆင့်ကွဲ သွားပါသည်။ အရှိန်အဟုန်နည်းနည်း ရှိမှုနှင့် များများရှိမှု ကွာပါသည်။ အရှိန်အဟုန်နည်းက နှစ်ခါ၊ သုံးခါ၊ လေး - ငါးခါဆိုသလို ထပ်၍ ပစ်ရပါသည်။ အရှိန်ပြင်းထန်ကြီးလွန်းလျှင် တစ်ခါတည်းနှင့် ကိစ္စပြီးပါသည်။ ဥပမာ - ရိုးရိုးဖုံးတစ်လုံးကြဲချ၍ ပျက်စီးမှုနှင့် အနုမြူဗုံးကြဲချမှု မတူသကဲ့သို့ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဇောဆိုသောသဘာဝသည် လောကီကာမစိတ်နယ်ပယ်၌ အကြိမ်ကြိမ် ထပ်ဖြစ်ရပါသည်။ မဂ်ကိစ္စ၊ အဘိညာဉ်ကိစ္စများဆိုပါက တစ်ကြိမ်တည်းနှင့် ကိစ္စပြတ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ကာမဇောက ၄-၅ ကြိမ်ဖြစ်ပေမဲ့ မဂ်ဇော-အဘိညာဉ်ဇောကမူ (၁)ကြိမ်သာဖြစ်ပြီး ဖြတ်ပါသည်။

ဤသည်မှာ အရှိန်အဟုန်စွမ်းအားနည်းမှု ကြီးမှုသဘာဝပင်ဖြစ်ပါသည်။

ဤနေရာတွင်အဘိဓမ္မာပဋ္ဌာန်းသဘာဝအရအာသေဝနပစ္စည်းကျေးဇူးပြုမှုကိုမှတ်သားသတိပြုရန် လိုပါသည်။ အာသေဝန၏အဓိပ္ပာယ်မှာ အဖန်ဖန်မှီဝဲသည်ဟု အဓိပ္ပာယ်ရပါသည်။ အဖန်ဖန် မှီဝဲသည်ဆိုသည် မှာ မြန်မာစကားအရ "ထုံ" သည်ဟု ဆိုရပါမည်။ အလုပ်တစ်ခုကို တစ်မျိုး မျိုးကို အထပ်ထပ်လုပ်လျှင် အထပ်ထပ်ဖြစ်လျှင် အထုံဖြစ်ပါသည်။ ဟိုဟာတစ်မျိုးလုပ်လိုက်၊ ဒီဟာတစ်မျိုးလုပ်လိုက် လုပ်ပါက အထုံမရ မစွဲပါ။

ဥပမာ- သနပ်ခါးအမြဲလိမ်းသော သမီးပျိုတွင် သူ၏အသားများ သနပ်ခါးနဲ့ စွဲနေတတ်ပါသည်။ သနပ်ခါးပျက်သွားပေမဲ့ အနံ့က မပျက်သကဲ့သို့ပင် ဖြစ်ပါသည်။

အလားတူ စာကျက်သူသည် ထပ်ခါထပ်ခါ စာကျက်နေ ရွတ်နေပါက စာရပြီး မှတ်မိသွားပါသည်။ ရှေးကကျက်မှတ်မှုသည် နောက်ကကျက်မှတ်မှုကို အထောက်အပံ့ရသဖြင့် စာကျက်သော အခေါက်များသောအခါ စာရသွားပါသည်။

ဤကဲ့သို့အထုံရသည့်သဘာဝကိုအာသေဝနပစ္စည်းတပ်သည်၊ကျေးဇူးပြုသည်ဟု ဆိုပါသည်။

မဂ်ဇောအဘိညာဉ်ဇောမှ တစ်ပါးအခြားသော ဇောစိတ်များသည် ထပ်ကာထပ်ကာ ဖြစ်သောသဘောရှိပါသည်။ ရှေးရှေးကဖြစ်သောဇောစိတ်သည် ချုပ်သွားသော်လည်းနောက်နောက်က ဖြစ်လာမည့်ဇောစိတ်ကို အကျိုးပြုပါသည်။ ရှေ့ဇောက နောက်ဇောကို ကျေးဇူးပြုမှုသည် အာသေဝနသတ္တိ ဖြစ်ပါသည်။

ပန်းကလေးတစ်ပွင့်ကို ရှေ့မှာချကြည့်ပါက မျက်စိကကောင်းခြင်း၊ ပန်းပွင့်ကလေးက မျက်စိရှေ့မှာရှိခြင်း၊ အလင်းရောင်ရှိခြင်း၊ ကြည့်မည်ဟု နလုံးသွင်းရှိခြင်းဟူသော အင်္ဂါ(၄) ရပ်နှင့်ညီက ပန်းကိုမြင်ပါမည်။

- အဆင်းမြင်တာတစ်ဝီထိ
- ဆက်ဖြစ်တစ်ဝီထိ
- အမည်သိတစ်ဝီထိ
- ဒြပ်သိတစ်ဝီထိ

စိတ်အုပ်စု(၄)မျိုး ဆက်တိုက်ဖြစ်ချုပ်သွားသည်နှင့် ပန်းကို နှင်းဆီ ပန်း၊ ဘာပန်းစသည် အမည်သိသွားပါတော့သည်။

ပန်းကလေးကို မြင်သိတဲ့အခိုက်ဖြစ်လိုကြတဲ့စိတ်(၄)မျိုးလုံး၌ ဇောစိတ်(၇)ကြိမ်စီပါခဲ့သည်။ သို့အတွက် (၄)ဝီထိပေါင်းမှာ ဇောစိတ်ပေါင်း (၂၈) ကြိမ် ဖြစ်ချုပ်သွားခဲ့ပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



စက္ခုဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော စသည်စိတ်တို့သည် သူတို့၏ သဘာဝနှင့်သူတို့ အမည်ရှိကြသည်။ ဇောစိတ်တွက်မှ ဇောစိတ်ဟူ၍ ပြောရုံမျှနှင့် မရပါ။ အာရုံ၏အရသာကို ခံစားသောစိတ်ဟုဆိုကလည်း မပြည့်စုံပါ။

စိတ်၏သဘာဝကို လေ့လာသော် စိတ်ဆိုသည်မှာ ဖြူစင်သန့်ရှင်းသော သဘာဝ တစ်ခုမျှသာဖြစ်ပြီး ယင်းကို စေတသိက်(၅၂)လုံးက မှီတွယ်ပြီး ချယ်လှယ်နေပါသည်။ စိတ်ဆိုသည်နှင့် စေတသိက်ပါလာသည်ကို သိရပါမည်။

ဇောကိုပေါ်လွင်အောင်ဖော်ရန်အတွက် ဝီထိ(၄)မျိုးမှာပါသော စိတ်များကိုတန်းစီပြီး သူတို့ချယ်လှယ်နေသော စေတသိက်များကို လေ့လာရန် လိုအပ်ပါသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဆိုရာ၌ ဖဿစသော သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)လုံး နှင့် ဝိတက်၊ ဝိစာရ၊ အဓိမောက္ခဟူသော စေတသိက် (၁၀)ခု ပါဝင်ပါသည်။

အလားတူ စက္ခုဝိညာဏ်စိတ်၌ ဖဿ စသောသဗ္ဗစိတ္တသာ ဓာရဏ (၇)မျိုးပါ၏။

သမ္ပဋိစ္ဆိုင်း၌ - ဖဿစသောသဗ္ဗစိတ္တသာဓာရဏ (၇) ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ (၁၀)မျိုးပါ၏။

သန္တီရဏ၌ - ဖဿစသောသဗ္ဗစိတ္တသာဓရဏ (၇)၊ ဝိတက်၊ ဝိစာရ အဓိမောက္ခ ပီတိ (၁၁)မျိုး

ဝုဋ္ဌောစိတ်၌ - ဖဿစသောသဗ္ဗစိတ္တသာဓရဏ(၇)၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ ဝီရိယ (၁၁)မျိုး

မနောဒွါရာဝဇ္ဇန်းစိတ်၌ - အထက်ပါဝုဋ္ဌောစိတ်(၁၁)မျိုး

တဒါရုံစိတ်၌ - (သန္တီရဏတဒါရုံဖြစ်မှု) အထက်သန္တီရဏကဲ့သို့ပင် စေတသိက် (၁၁)မျိုး

(မဟာဝိပါက်တဒါရုံဖြစ်မှု)ဖဿစသော သဗ္ဗစိတ္တသာဓာရဏ(၇)၊ ဝိတက်စသောပြိုပ္ပမ်းသောပကိဏ်း စေတသိက် (၆)ပါး အရင်းခံ ကုသိုလ်စေတသိက် ၁၉ - ပါး၊ ပညာစုစုပေါင်း ၃၃ - မျိုး။

အဘိဓမ္မာသဘာဝအရ စက္ခုဝိညာဏ်ဟူ၍ ကြားလိုက်သည်နှင့် တပြိုင်နက်တည်း ဖဿ စသောသဗ္ဗစိတ္တသာဓာရဏ(၇)မျိုး ပါဝင်ပြီးသားဟုသိရပါမည်။ စိတ်ဆိုသည်မှာ တစ်ခု တည်း သီးသန့်ဖြစ်နိုင်သည်မဟုတ်၊ စေတသိက်တွဲလျက် မပြတ်ဖြစ်နေသည်ကို နှလုံးသွင်းမှု ရှိနေရပါမည်။

အထက်ဖော်ပြခဲ့သော စိတ်၊ စေတသိက်တို့၌ ဇော - စိတ် မပါဝင်သေးပါ။ ဇောဆို သည်မှာ အဘယ်နည်း။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဇောဆိုသည်မှာ စေတသိက်၏စွမ်းရည်ဖြစ်၍ ဇောသည် စေတသိက်အရင်းခံပါသည်။

မည်သည့်စေတသိက်များလဲဟုဆိုက အကုသိုလ်စေတသိက် (၁၄)မျိုးထဲမှာ လောဘ၊ ဒေါသ၊ မောဟ၊ စေတသိက်(၃)မျိုးသည်လည်း ကောင်း၊ကုသိုလ်စေတသိက်(၂၅)ခုထဲမှ အလောဘ၊ အဒေါသ၊ အမောဟ (ပညာ)(၃)မျိုးသည်လည်းကောင်း ဇောဖြစ်ပါသည်။

ကျန်စေတသိက်များသည် ဇောမဖြစ်နိုင်ပါ။ ထို့ကြောင့် လောက လူ့သဘာဝ ပြောကြဆိုကြရာဝယ် လောဘဇော၊ ဒေါသဇော၊ မောဟဇော၊ အလောဘဇော၊ အဒေါသဇော၊ အမောဟဇော (ပညာ)ဟူ၍ ခေါ်ဆိုနေကြပါသည်။

ကုသိုလ်ဇောတွင် ဝဋ်ပြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်များ၏သန္တာန်မှာ ဖြစ်လျှင်မူ ကြိယာဇောဟူ၍ခေါ်ပါသည်။

ဇောဆိုသည်မှာ အရှိန်အဟုန်ပြင်းထန်သော သဘာဝမျိုးဖြစ်၍ လောဘ၊ ဒေါသ၊ မောဟ ဆိုသည် အရှိန်အဟုန်ပြင်းထန်သော သဘာဝ တရားများဟု ဆိုရပါမည်။

ထို့ကြောင့် ဇောဆိုသည်မှာစိတ်မဟုတ်၊ စေတသိက်များသာဖြစ်သည်။ စေတသိက်များနှင့် ယှဉ်သည့်အခါ ဖြစ်ရသောစိတ်ဖြစ်၍ ဇောစိတ်ဟု ခေါ်ခြင်းဖြစ်ပါသည်။

ဇောစိတ်ဆိုသောစကားတွင် အကုသိုလ်ဖြစ်သော လောဘဇောစိတ်လည်း ဖြစ်နိုင်သည်။ ဒေါသဇောစိတ်လည်းဖြစ်နိုင်သည်။ မောဟဇောလည်းဖြစ်နိုင်သည်။ ကုသိုလ်ဖြစ်သော အလောဘဇော၊ အဒေါသဇော၊ အမောဟဇောလည်း ဖြစ်နိုင်သည်။

ဇောနှင့်ပတ်သက်၍လောဘစသည်ဖြင့် (၆)မျိုးရှိရာ၌ လောဘဇောအရာ ဝမ်းသာကြည်နူးမှုကိုခံစားရသော သောမနဿဝေဒနာနှင့် မှန်ကန်သဘော အနေအထားခံစားချက်ရှိသော ဥပေက္ခာဝေဒနာဟူ၍ ခံစားမှု(၂)မျိုး ရှိနိုင်ပါသည်။

ဒေါသဇောတွင်မူ စိတ်မချမ်းမြေ့ရသည့် ဒေါမနဿဝေဒနာ တစ်မျိုးတည်းသာ ရှိသည်။

ဒေါသစိတ်ဖြစ်သည့်အခါ ပျော်ရွှင်ချမ်းမြေ့မှုလည်းမရှိ၊ သာမန်အနေအထားလည်း မရှိပါပေ။

မောဟဇောအရာတွင်ကား ဥပေက္ခာ ဝေဒနာသက်သက်ဖြစ်၏။ မောဟစေတသိက်နှင့်ယှဉ်သောစိတ်၌ (ဝါ) မောဟဖြစ်သောအခါ၌ ပျော်ရွှင်မှု၊ ပြစ်မှားမှု စသောခံစားချက် လုံးဝကင်းမဲ့သည်၊ လျစ်လျူရှုသောသဘောသာ မင်းမူ၏။

အလောဘဇော၊ အဒေါသဇော၊ အမောဟဇောအရာ၌ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ(၂)မျိုး ခံစားနိုင်ပါသည်။ ဒေါမနဿဝေဒနာ လုံးဝမရှိပါ။

မတွယ်တာ၊မမက်မောသောစိတ်နေသဘောထားဖြစ်လျှင်ပျော်ရွှင်ဝမ်းသာမှုသော်

www.dhammaransi.com



လည်းကောင်း၊ သာမန်လျစ်လျူရှုမှုသဘောသော်လည်းကောင်း၊ တစ်မျိုးမျိုးဖြစ်၏။ စိတ်မချမ်းသာသော ဒေါမနဿဝေဒနာ လုံးဝမဖြစ်ပါ။

မပြစ်မှားခြင်း၊ သနားကြင်နာခြင်း စသော အဒေါသစေတသိက်နှင့်အတူ ဖြစ်သော စိတ်၌လည်း သောမနဿ၊ ဥပေက္ခာသဘောမျှသာ ဖြစ်၏၊ ဒေါမနဿဖြစ်ရိုးမရှိပေ။

မှန်ရာကန်ရာကို ယထာဘူတကျကျ သိတတ်၊ မြင်တတ်သော အမောဟ (ပညာစေတသိက်၊ စိတ်၌မှီတွယ်၊ စိတ်နှင့်အတူဖြစ်သောဉာဏ်၊ ဖြစ်လာသောအခါ၌လည်း သောမနဿနှင့် ဥပေက္ခာသာ ဖြစ်၏။ ဒေါမန သဿဝေဒနာ လုံးဝမဖြစ်။

စိတ်တို့၏ဖြစ်စဉ်တွင်မှု ခံစားမှုဟူသော ဇောသဘာဝကို ဗုဒ္ဓက သူ၏အဘိဓမ္မာ၌ ဤကဲ့သို့ ရှင်းပြခဲ့ပါသည်။ ကာမဘုံသားများသည် အရှိန် အဟုန်(ဇဝန) (ဇော)အားနည်းနေကြ၍ စိတ်အစဉ် (ဝီထိ)တွင် ဇော(၇) ကြိမ်ကျနေရပါသည်။

ရဟန္တာပုဂ္ဂိုလ်များကမူအရှိန်အဟုန်ကြီးမားသည့်အတွက်ဇောတစ်ကြိမ်ကျပြီးပြတ်ပါသည်။

ဤသည့်ဇောသဘာဝကို သိပ္ပံဆရာတို့ မမြင်သေးပါ။ ဗုဒ္ဓက မြင်တော်မူ၍ ဤကဲ့သို့ ထုတ်ပြခဲ့ပါသည်။

## အာရုံခေါ် ရာ စိတ်ကပါနေသောသဘာဝ

ပုထုဇဉ်လူသားတစ်ယောက်မှာ တွေ့ကြုံရသော အာရုံမြင်ကွင်းအလိုက် လောဘ စသော ဇော(၆)မျိုးတို့သည် အလဲအလှယ်နှင့် ဖြစ်ပျက်နေကြပါသည်။ လူသားများ၏ စိတ်၊ စေတသိက် (နာမ်ပိုင်း)ဖြစ်စဉ်ကြီးမှာဤဇော(၆)မျိုးသည်လွှမ်းမိုးခြယ်လှယ်နေပါသည်။ စိတ်အစဉ်(ဝီထိစဉ်) တွင်ကျန်သောစိတ်၊ စေတသိက်များသည်ဤဇော(၆)မျိုးကိုဝိုင်းဝန်းပံ့ပိုးဖြစ်ပေါ်နေပါသည်။

လူသားတွင် အိပ်စိတ်(ဘဝင်စိတ်)နှင့် နိုးစိတ်(ဝီထိစိတ်)ဟူ၍ အဓိက(၂)မျိုးသာရှိနေပါသည်။ မျက်စိ(၂)လုံးပွင့်သော အချိန်မှစ၍ အိပ်ချိန်အထိ နိုးစိတ်များ မပြတ်ဖြစ်နေပါသည်။ စိတ်မဖြစ်သောအချိန်ဟူ၍ မရှိပါ။

လူသားများ ထိုင်၊ ထ၊ သွားလာလှုပ်ရှားလုပ်ကိုင်နေကြရသည်မှာ ဤနိုးစိတ်များ၏ တွန်းအားပေးထားမှုကြောင့်ဖြစ်ပါသည်။ နိုးစိတ်ပျောက်ပြီး အိပ်စိတ်ဖြစ်လာသည်နှင့် လူသားသည် ကြွက်သားများပျော့ခွေပြီး လဲလျောင်းသွားပါတော့သည်။

www.dhammaransi.com



ဤကဲ့သို့ နီးစိတ်တစ်လျှောက် မပြတ်ဖြစ်နေသောစိတ်များသည် အာရုံတည်းဟူသော အကြောင်းနှင့်ကင်းပြီး မဖြစ်ပါ။ စိတ်ဖြစ်လေတိုင်း အာရုံပါရစမြဲ ဖြစ်ပါသည်။ အာရုံနှင့်ကင်းပြီးမဖြစ်ပါ။ အာရုံနှင့်ကင်း၍ဖြစ်သောစိတ်ဟူ၍မရှိပါ။ အာရုံကျက်စားရာသည်တစ်ကမ္ဘာလုံးအနှံ့ ရှိနေပါသည်။

အာရုံများကို တွေ့မြင်ကြရသောအခါဝယ် အကုသိုလ်ဇောကျချင်လည်း ကျမည်။ ကုသိုလ်ဇောကျချင်လည်း ကျပါမည်။ ယိုသို့ ကုသိုလ်၊ အကုသိုလ်ဖြစ်ဖို့ဆိုသည်က...

- လူ၏နှလုံးသွင်း (မနသိကာရ)
- တွေ့သောအာရုံ

ဤ (၂)ချက်အပေါ်မှာ မူတည်နေပါသည်။

နှလုံးသွင်းမှုဟူသည် များစွာကျယ်ဝန်းလှပါသည်။

- ကျားမဆိုသောလိင်ကွဲပြားမှုအချက်
- အသက်အရွယ်ဆိုသောအခြေအနေကွဲပြားချက်
- ပညာဗဟုသုတဆိုသော အရည်အချင်းမတူသောအချက်

စသောအကြောင်းများကြောင့် လူချင်းတူငြားသော်လည်း အသက်ရှုခြင်း ကွဲသည်ဆိုသကဲ့သို့ လူတစ်ဦးနှင့်တစ်ဦး အကြိုက်ချင်း၊ အမြင်ချင်းမတူကြသဖြင့် အာရုံတစ်ခုကို တွေ့မြင်ရာ၌ ဇောကျပုံချင်းလည်း ကွဲပြားသွားပါသည်။ ခံစားမှု (ဝေဒနာ)လည်း တစ်မျိုးစီဖြစ်သွားရပါသည်။

ဥပမာ- အလွန်လှပသောပန်းတစ်ပွင့်ကို အမျိုးသမီးပျိုငယ်တစ်ဦးက မြင်လျှင် လိုချင်သော(လောဘ)စိတ်၊ လောဘဇောကျဖို့ များပါမည်။ သဘောကျနှစ်သက်ဝမ်းမြောက်သော သောမနဿဝေဒနာလည်းဖြစ်ပါ သည်။

ယောက်ျားတစ်ဦးကမြင်ပါမူ ဝမ်းပန်းတသာလိုချင်မှု သောမနဿ လောဘဇောဖြစ်ချင်မှ ဖြစ်ပါမည်။

တဖန် အသက်အရွယ်အလိုက် စိတ်နေစရိုက် ကွဲပြားပါသည်။ အလွန်လှပသောပန်းတစ်ပွင့်ကို အပျိုကလေးက ငန်းငန်းတက်လိုချင်မည်ဖြစ်သော်လည်း အဘွားအိုတစ်ဦးကမြင်မူ သာမန်သဘောထားမျှရှိပါသည်။ ခံစားမှုချင်းမတူကြ၍ မိန်းမပျိုက သောမနဿလောဘဇောဖြစ်ပြီး အဘွားအိုက ဥပေက္ခာလောဘဇော ဖြစ်ပါသည်။

ပညာဗဟုသုတ အခြေခံအရလည်း အာရုံဇောကျပုံကွဲပြားနိုင်ပါ သည်။ ပန်းအလှကို မြင်ရာ၌ သာမန်မိန်းမပျိုက လှသောပန်းဟု သာမန်သာသိပါမည်။ ပညာဗဟုသုတရှိသူက ပန်းအမျိုးအစားနှင့် အသုံးဝင်ပုံ အလုံးစုံကိုသိပြီး ပိုမိုနှစ်သက်သွားပါမည်။

www.dhammaransi.com



ပညာဇဟုသုတရှိသူအတွက်ထိုပန်းသည်အလိုရှိအပ်နှစ်သက်အပ်သော(ဣဋ္ဌာရုံ) သာမက အလွန်နှစ်သက်မြတ်နိုးသော (အတိဣဋ္ဌာရုံ) အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

နှစ်သက်မြတ်နိုးသော (ဣဋ္ဌာရုံ)လောဘတပ်ပုံနှင့် အလွန်အမင်း မြတ်နိုးမှု (အတိဣဋ္ဌာရုံ) လောဘဇောကပ်ပုံချင်းသည် တူပါသည်။ လောဘဒီဂရီနည်းသည်၊ များသည်သာ ကွာသည်ဟုပြောက ဗိုရ်၍ သဘာဝကျပါသည်။ ပဋ္ဌာန်းတရားတော်သဘာဝအရ ပြောရလျှင် အတိဣဋ္ဌာရုံလောဘကပ်ပြီးဆိုပါက အဓိပတိပစ္စည်းတပ်ပြီး အလွန် အမင်းတန်ဖိုးထားသည် ဟု ပြောရပါမည်။

ဘုရားတရားလေးစားပြီး ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးက ထိုပန်းကိုမြင်၍ လှလိုက်တာ ဘုရားလှူရလျှင်ကောင်းမှာပဲဟု စိတ်ရောက်သွားပါက ထိုသူမှာ ကုသိုလ်လောဘဇောကျသွားပါမည်။

ထိုထက် ရင့်ကျက်သူ၊ ဝိပဿနာစီးဖြန်းအားထုတ်ထားပြီးမြင်မြင်သမျှ သင်္ခါရအနိစ္စဟု ရှုလေ့ရှိသူကမူ ယင်းပန်းကိုမြင်၍ မမြဲသောအလှ အနိစ္စ - အနိစ္စပါတကားဟု ရှုပွားဆင်ခြင်မိပါက ကုသိုလ်အလောဘဇော (ပညာဇော) ဖြစ်ပါမည်။

အာရုံတစ်ခုကိုမြင်ရာ၌ ကုသိုလ် - အကုသိုလ်ဖြစ်ရန်အတွက် ကာယကံရှင်လူသား တစ်ဦး၏နှလုံးသွင်း(မနသိကာရ) သည် ဤမျှ အရေး ပါလှပါသည်။

နောက်တစ်ခုမှာ တွေ့ကြုံရသော အာရုံ၏စွမ်းအားကိစ္စဖြစ်ပါသည်။ ပန်းအလှမြင်မှုနှင့် ခွေးသေကောင်ပုပ်မြင်မှုတွင် ခံစားမှုမတူကြပါ။

ပန်းအလှကိုမြင်က နှုတ်ကထုတ်မပြောသော်လည်း စိတ်ထဲက နှစ်သက်နေပြီး လှလိုက်တာဟု ဖြတ်ခနဲဖြစ်ပြီး လောဘဇောကျပါမည်။ များစွာသဘောကျလျှင် သောမနဿဝေဒနာဖြစ်မည်။ အမှတ်တမဲ့သာမန်ဆိုက ဥပေက္ခာဝေဒနာဖြစ်ပါမည်။

ခွေးသေကောင်ပုပ်ကို မြင်လိုက်ပါက မနှစ်သက်၊ မလိုလား၊ ရွံသောစိတ်ဖြစ်ပါမည်။ ဆုတ်နစ်သောစိတ်ဖြစ်ပါမည်။ ထိုစိတ်ဖြစ်သည်နှင့် ဒေါသဇောကျပါမည်။

ဤ (၂)ခုကလွတ်ပြီး ကိုယ့်အတွေးနှင့် ကိုယ်ငေးသွား၍ မမြင်မိပါက မောဟဇော ဖြစ်ပါမည်။

သာမန်ပုထုဇဉ်လူသားများအဖို့ အာရုံခေါ်ရာ စိတ်ကပါမြဲဖြစ်၍ နှစ်သက်၊ အလွန်နှစ်သက် (ဣဋ္ဌာရုံ - အတိဣဋ္ဌာရုံ)တွေ့က လောဘဇော ဖြစ်ပါမည်။ မနှစ်သက်သော (အနိဋ္ဌာရုံ) တွေ့ ဒေါသဇောဖြစ်ပါမည်။

ထက်မြက်ရင့်ကျက်သူအချို့ကမူ အာရုံခေါ်ရာ စိတ်မပါဘဲ အာရုံဖြားယောင်တိုင်း မလိုက်ဖြစ်ကြပါ။ ငိုလွယ်၊ ရယ်လွယ်မလုပ်ကြပါ။ တည်ငြိမ်သည်၊ ခိုင်မြဲသည်။ ဤသူမျိုးကား အကောင်းမြင်မြင်၊ အဆိုးမြင်မြင် တည်ငြိမ်ရင့်ကျက်စွာ တုံ့ပြန်ပါသည်။

www.dhammaransi.com



လောဘဇောလည်း အရမ်းမဖြစ်၊ ဒေါသဇောလည်းအရမ်းမဖြစ်၊ မြင်မြင်ကရာကို တင့်လှ၊ မလှ၊ နိမိတ်မယူ။ အာရုံကိုမလိုက်စား မိမိ၏ အလုပ်အကိုင် အကြံအစည်အတိုင်းသာ တည့်မတ်စွာ ထားလေ့ရှိသည်။

လူသားနှင့်ပတ်ဝန်းကျင် မည်သို့ဆက်သွယ်နေသည်ကို ယထာဘူတကျကျ အသိအမြင်ရရှိကြရန် လိုအပ်ပါသည်။ ဗုဒ္ဓက အဘိဓမ္မာ၌ လူသားနှင့် ပတ်ဝန်းကျင်ဆက်ဆံမှု၌ အရေးပါသော အာရုံ(၆)ပါးကို ဟောကြားရှင်းပြထားခဲ့ပါသည်။

လူသား၏စိတ်ဓာတ်သည် အလွန်ဆန်းကြယ်လှပါသည်။ စိတ်ဆိုသော လူ့သဘာဝတစ်ရပ်၏ဆန်းကြယ်ရှုပ်ထွေးလှပုံကို ဗုဒ္ဓက အဘိဓမ္မာ၌ ဟောကြားထားခဲ့ပါသည်။

လောကမှာ ဆန်းကြယ်ပါသည်ဟုဆိုသော အရာတို့ထက် စိတ်က ပို၍ဆန်းကြယ်ကြောင်း၊ လောက၌ ထူးဆန်းပေသည်ဆိုသော အရာမှန်သမျှကို စိတ်ကသာ ဖန်တီးတည်ဆောက်ပေးခဲ့ကြောင်း၊ ထိုစိတ်တည်ဆောက်မှုအတွက်ပတ်ဝန်းကျင်အာရုံနှင့်ဆက်သွယ်နေရကြောင်းများကို ဟောကြားခဲ့ပါသည်။

အကယ်၍ ထူးလွန်းဆန်းလွန်း၍ အံ့သြကြစတမ်းဆိုပါက လူ့စိတ် လူ့အကြံ လူ့အာရုံကိုသာ အံ့သြကြပေတော့ဟူ၍ ဟောခဲ့ပါသည်။

လူသားတို့၏စိတ်သည် ရုပ်သဘာဝထက် ပေါ့ပါးလျင်မြန်လွန်းလှ၏။ ငြိမ်ဝပ်ပိပြားအောင်ထားရန် ခဲယဉ်း၏။ အထိန်းရ အသိမ်းရ ခက်လှပါ၏။

လက်တွေ့အားဖြင့်လည်း လူသားများ၏ စိတ်သည် ကြံကြံဖန်ဖန် စိတ်ကူးတတ်ကြပါသည်။ ပုဂ္ဂိုလ်အဆင့်အတန်းကို လိုက်၍လည်း စိတ်သည် ပြောင်းလဲပါသည်။ မျက်စိ၊ နားစသောလူ၏ ဆက်သွယ်မှုပစ္စည်း (ဒွါရ)များကိုလိုက်၍လည်း စိတ်သည် ကွဲလွဲပါသည်။ စိတ်သည် ယိမ်းယိုင်၏။ အဖြစ်အပျက်အတွေ့အကြုံများကြောင့်လည်း အာရုံအပေါ်၌ သဘောထားပြောင်းတတ်ပါသည်။

ယနေ့လူသားတို့၏ပတ်ဝန်းကျင်တွင် အာရုံထင်စရာ မြင်စရာများ များစွာရှိနေသလို လူသားတို့၏စိတ်ကလည်း ထိုအာရုံများနောက်သို့ အထိန်းမရှိ တကောက်ကောက် လိုက်ပါနေတတ်ပါသည်။ ကောင်းသောအာရုံဘက်လိုက်မိပါက ဘဝချမ်းသာမည်။ မကောင်းသောအာရုံဘက် လိုက်မိပါက ဘဝဆင်းရဲမည်။ အာရုံသည် လူသား၏ ကောင်းကျိုး၊ ဆိုးကျိုးကို ဖန်တီးပေးနေပါသည်။

ထိုသဘောကို ဗုဒ္ဓက ထုတ်ဖော်ဟောကြားထားပါသည်။ သိပ္ပံက ထိုသဘောထိ မလိုက်နိုင်ကြသေးပါ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## အာရုံနှင့်ဇော ဇောသည် သဘာဝ

ဇောကို မည်ကဲ့သို့ရှာရမည်နည်းနှင့် ပတ်သက်၍ ထပ်မံရှင်းပြရသော်...

ပန်းတစ်ပွင့်ကို မြင်သောအခါ စိတ်အုပ်စု (ဝီထိစိတ်) (၄)မျိုးဖြစ်သည်။

၁။ အဆင်းမြင်ဝီထိစိတ်

၂။ ဆက်ဖြစ်ဝီထိ

၃။ အမည်သိဝီထိ

၄။ ဒြပ်သိဝီထိ

ယင်းဝီထိစိတ်အစဉ်တွင်ဇောစိတ်ပါဝင်နေပါသည်။ ဇောစိတ်သည်အကုသိုလ်ဇော၊ လောဘ၊ ဒေါသ၊ မောဟဇောများရှိသလို ကုသိုလ် ဇော၊ အလောဘ၊ အဒေါသ၊ အမောဟ ဇောများ ရှိနေပါသည်။

ဇောကိုသိဖို့ရန်မှာ တွေ့သောအာရုံနှင့် လူ၏နှလုံးသွင်းမှု (၂) မျိုးအလိုက် ဇောဆိုသည်မှာ စောရပါသည်။

အာရုံဆိုသည်မှာလူ၏စိတ်ဖြစ်ပေါ်လာဖို့ရာအကြောင်းပြုသောအရာမျိုးများဖြစ်ကြပါသည်။

ဗုဒ္ဓက စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ၊ မျက်စိအပေါက် (ဒွါရ)ထဲမှာရှိသော မျက်စိအကြည်ရုပ် (စက္ခုပသာဒ) ကိုလည်းကောင်း၊ မြင်စရာ အဆင်းရုပ်တို့ကိုလည်းကောင်းအစွဲပြု၍ မျက်စိမြင်သိစိတ်ဖြစ်ပေါ်လာရသည်ဟူ၍ ဟောကြားထားခဲ့ပါသည်။

ဥပမာ - မီးဖြစ်ပေါ်လာမှုတွင် မီးခြစ် ကျောက်နှင့်ဓာတ်ဆီ ဤနှစ်ခုကို အကြောင်းပြုပြီး မီးဖြစ်ခဲ့ရသလို မျက်စိထဲက မျက်နက်ဝန်းအလယ်မှာရှိသော မျက်စိအကြည်ရုပ်နှင့် မြင်ပမြင်စရာအဆင်းရုပ် ဤ(၂)ခုကို အစွဲပြုပြီး မြင်သိစိတ် (စက္ခုဝိညာဉ်စိတ်) ဖြစ်ရသည်။

ထိုမြင်စရာအဆင်းရုပ်ကို အာရုံဟူ၍ ခေါ်ပါသည်။ ရုပ်အဆင်းအာရုံကို (ရူပါရုံ)ဟူ၍ ခေါ်ပါသည်။

လူနှင့်လူ့ပတ်ဝန်းကျင်တွင်မြင်စရာ၊ အမြင်ခံအာရုံများ (ရူပါရုံများ) ပြည့်နေပါသည်။ စုံနေပါသည်။ ရေ၊ မြေ၊ တော၊ တောင်၊ အဆောက်အဦ သက်ရှိသက်မဲ့ အရာဝတ္ထုများသည် မြင်စရာ (ရူပါရုံ) ချည်းသာ ဖြစ်ကြပါသည်။

(လေ၊ အနံ့၊ အသံတို့ကိုမူ မြင်၍ မရကြပါ)

ရူပါရုံ (အဆင်းအာရုံ)များကို ပုံသဏ္ဍာန် အရောင်အသွေးများက ချယ်လှယ်ထား၍ ပုံသဏ္ဍာန်အမျိုးအစား ကွဲပြားသည့်အတွက် မြင်ကွင်းအမျိုးမျိုး ဖြစ်ရပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အရောင်မှာလည်း ဖြူ၊ နီ၊ ညို၊ ပြာ၊ ဝါ စသည်ဖြင့် ကျယ်ပြန့်သွားပါသည်။ လ၊ နေ ညဥ့်အမိုက်အမှောင် ကောင်းကင် (ဖြူ၊ နီ၊ ညို၊ ပြာ) ဤလေးရောင်သည် ကမ္ဘာ၏အခြေခံ အရောင်ဟု ဆိုပါသည်။ ဤအခြေခံအရောင်မှတစ်ဆင့် အနုအရင့် ကွဲလာပါသည်။ အချင်းချင်း ရောစပ်ပြီး အရောင်အသွေးအမျိုးမျိုး ဖြစ်လာကြခြင်းဖြစ်ပါသည်။

ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အမျိုးမျိုးကွဲပြားမှုကြောင့် ပကတိအခြေခံအားဖြင့် ကောင်းသောပုံသဏ္ဌာန်၊ မကောင်းသောပုံသဏ္ဌာန်၊ အရောင်တွင်လည်း ကောင်းသောအရောင်၊ မကောင်းသောအရောင်ဟူ၍ ကွဲပြားလာပါသည်။ ဥပမာ – ဥဒေါင်းငှက်ပုံသဏ္ဌာန်၊ လင်းတ ပုံသဏ္ဌာန်၊ အပျိုအရွယ်၏ပုံသဏ္ဌာန်နှင့် အဘွားအရွယ်ပုံသဏ္ဌာန်၊ နှင်းဆီပန်းပုံသဏ္ဌာန်နှင့် စက္ကူပန်းပုံသဏ္ဌာန် တစ်ခုနှင့်တစ်ခု နှိုင်းစာကြည့်လျှင် ပကတိသဘာဝအားဖြင့် ကောင်း– မကောင်း နှစ်သက် – မနှစ်သက်၊ ကြိုက် – မကြိုက် ကွဲပြားနေတတ်ပါသည်။

အရောင်ဘက်ကိုကြည့်လျှင်လည်း မီးသွေးခဲအရောင်၊ အိုးမဲအရောင်၊ ညဥ့်မိုက် အရောင်၊ နီရဲရဲအရောင်၊ ဖြူဖွေးဖွေးအရောင်၊ ရွှေဝါရောင်၊ ငှက်ပျောညွန့်အရောင် စသည် အရောင်တို့ကို နှိုင်းစာကြည့်လျှင် ကောင်း – မကောင်း ကြိုက် – မကြိုက် သဘာဝအားဖြင့် ကွဲ ပြားချက်ရှိနေပါသည်။

မျက်စိဖြင့်မြင်ရသော အဆင်းအာရုံ (ရူပါရုံ)တို့သည် ပင်ကိုသဘောအားဖြင့်ပင် ကွဲ ပြားခြားနားမှုရှိနေသည်ကို သိရပါမည်။

ကောင်းသောအာရုံ၊ မကောင်းသော အာရုံကွဲပြားမှုအပေါ်မူတည်၍ ကောင်းအလွန် ကောင်း၊ မကောင်း အလွန်မကောင်း၊ လှ အလွန်လှ၊ အရုပ်ဆိုး အလွန်အရုပ်ဆိုးဟူ၍ (၄)မျိုး ကွဲပြားလာပြန်ပါသည်။

ဗုဒ္ဓက စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိစက္ခု ဝိညာဏံ ဟူသောစကား၏ နောက်တွင် တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ စက္ခု၊ ရူပ၊ ဝိညာဏသုံးခု ပေါင်းဆုံမိသောကြောင့် တွေ့ထိမှု (ဖဿ)ဖြစ်လာရသည်။ တွေ့ထိမှုကြောင့် ခံစားမှု (ဝေဒနာ) ဖြစ်လာရသည်။ ခံစားမှုကြောင့် လိုချင်မှု (တဏှာ) ဖြစ်လာရသည်ဟူ၍ ဟောကြားထားခဲ့ပါ သည်။

စိတ်ကို မူသေကိုင်ထားပြီး စဉ်းစားကြည့်ပါက မြင်ရသောအဆင်း အာရုံ(ရူပါရုံ)က တစ်မျိုးတစ်စားတည်းမဟုတ်၊ ကောင်း – မကောင်း၊ လှ – မလှကွဲပြားနေသည့်အတွက်ကောင်း တဲ့ – လှတဲ့ ရူပါရုံကိုမြင်၍ဖြစ်လာသော ဖဿဝေဒနာနှင့် မကောင်းတဲ့ အရုပ်ဆိုးသောရူပါရုံ ကိုမြင်၍ဖြစ်လာသော ဖဿဝေဒနာများ မတူနိုင်ပါ။ အာရုံကမတူသည့်အတွက် ယင်းအာရုံ ကို အကြောင်းပြုပြီး ဖြစ်ရသောစိတ်သဘာဝလည်း မတူတော့ပါ။ ဤသည်မှာ မည်သည့် ပယောဂမှမပါ၊ သူ့သဘောသူဆောင်သွားသော ဖြစ်ရပ်ဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



လောကသဘာဝအနေဖြင့် ဗဟုသုတအတွေ့အကြုံမရှိသေးသော ကလေး၏စိတ်သည် အာရုံအလိုက် ပင်ကိုအတိုင်းဖြစ်ပေါ်နိုင်ပါသည်။ ဤကလေးသည် ကြောက်စရာအရုပ်စသည်ကို တွေ့မြင်က ကြောက်စိတ်ဝင်လာမည်။ ချစ်စရာမင်းသမီးရုပ်မြင်က လိုချင်စိတ်ဖြစ်ပေါ်လာသည်။ ဤသည်မှာ သဘာဝအာရုံအလိုက် စိတ်ဖြစ်ပေါ်လာမှုပင် ဖြစ်ပါသည်။

ထို့ကြောင့် အာရုံကောင်းလျှင် စိတ်ကောင်းမည်။ အာရုံဆိုးလျှင် စိတ်ဆိုးပါမည်။ အာရုံအေးလျှင် စိတ်အေးသည်။ အာရုံပူလျှင်စိတ်ပူသည်ဟူ၍ အဘိဓမ္မာဆရာများက ဆိုလေ့ရှိပါသည်။

သဒ္ဒါရုံ အသံအာရုံနှင့်ပြောလျှင်လည်း မိမိအား ဆဲသံကြားရလျှင် ဖြစ်သောစိတ်နှင့် ချီးကျူးပြောဆိုသောအသံကြားရလျှင် ဖြစ်လာသောစိတ်၊ ကောင်းသောအနံ့ကို ရသောစိတ်၊ မကောင်းသောအနံ့ရသောစိတ်၊ အရသာကောင်းကိုစားရသောစိတ်နှင့် အရသာမကောင်းကို စားရသောစိတ်၊ အတွေ့ထိကောင်းကို ထိတွေ့သောစိတ်နှင့် အတွေ့အထိမကောင်းကို ထိတွေ့ရသောစိတ်တို့ကို နှိုင်းယှဉ်ကြည့်ပါက သိသာပါသည်။

တစ်ဖန် လူ၏သဘာဝပိုင်းကို လေ့လာကြည့်ပါက လူများတွင် အယုတ်၊ အလတ်၊ အမြတ် (သို့မဟုတ်) အနိမ့်၊ အလယ်၊ အမြင့်ဟူ၍ ကွဲပြားနေပါသည်။ အယုတ်၊ အနိမ့် လူတန်းစား၏ စိတ်ဆန္ဒသည်လည်း မမှန်ပါ။ အမြင့်အမြတ် လူတန်းစားအမြင်သည်လည်း မမှန်တတ်ပါ။

ဥပမာ - အောက်တန်းစားသူတောင်းစားတစ်ယောက်ကကောင်းသည်ဟုထင်ထားတာသည် ပကတိကောင်းတာ ဟုတ်ချင်မှဟုတ်မည်။ အမြင့်အမြတ်စား သူဌေးတစ်ယောက်က ညံ့သည်ဟု ထင်ထားတာသည်လည်း ပကတိညံ့တာ ဟုတ်ချင်မှ ဟုတ်ပါမည်။

သူတောင်းစားက သာမန်အဝတ်အစား၊ အစားအစာကို ခုံမင်နှစ်သက်ပေမည်။ သူဌေးတစ်ယောက်ကမူ သာမန်တော်ရုံတန်ရုံ အဝတ်အစားကို နှစ်သက်မည်မဟုတ်ပါ။

ထို့ကြောင့် အယုတ်အနိမ့်လူတန်းစားနှင့် အမြင့်အမြတ် လူတန်းစားတို့၏ အမြင့်အထင်သည် စံထား၍ မရပါ။

အလယ်၊ အလတ်လူတန်းစားသဘာဝ သူ၏အမြင်၊ သူ့စိတ်ဆန္ဒသည် မှန်ကန်နေပါသည်။ ပကတိလောကကြီးမှာရှိနေသော မြင်စရာများကို ကောင်းတာကို ကောင်းသည့်အတိုင်း၊ ညံ့တာကို ညံ့သည့်အတိုင်း၊ လှတာကို လှသည့်အတိုင်း၊ မလှတာကို မလှသည့်အတိုင်း မှန်မှန်ကန်ကန် မြင်တတ်ပါသည်။

လူ့သားပတ်ဝန်းကျင်မှာရှိနေသော မြင်စရာအာရုံများကို "စံ"ဟူ၍ သတ်မှတ်ရန် အလယ်အလတ်လူကို အဓိကထားရပါသည်။ ထိုသူက...

www.dhammaransi.com



- နှစ်သက်သောအာရုံကို ပါဠိလို (ဣဋ္ဌာရုံ)ဟု ခေါ်သည်။
- အလွန်နှစ်သက်သောအာရုံကို ပါဠိလို(အတိဣဋ္ဌာ) ဟု ခေါ်ပါသည်။
- မနှစ်သက်သောအာရုံကို ပါဠိလို (အနိဋ္ဌာရုံ)ဟု ခေါ်ပါသည်။
- နှစ်သက်သည်လည်းမဟုတ်၊မနှစ်သက်သည်လည်းမဟုတ်ကြားကျနေသော အာရုံကို ပါဠိလို ဣဋ္ဌမဇ္ဈတ္တာရုံဟု ခေါ်ပါသည်။

ဤအလတ်တန်းစားလူသည် ပကတိကောင်းတာကို နှစ်သက်မည်၊ ပကတိမကောင်းသောအာရုံကိုနှစ်သက်မည်မဟုတ်ပါ။ ဤအလတ်တန်းစားလူ နှစ်သက်သောအာရုံကို သဘာဝဣဋ္ဌာရုံ မနှစ်သက်သောအာရုံကို သဘာဝအနိဋ္ဌာရုံဟူ၍ "စံ" ထားကြလေ့ရှိပါသည်။

ပန်းစသောလောကရှိ မြင်စရာအာရုံများသည် သူ့ဟာသူ သူ၏သဘာဝအတိုင်း အကောင်းလည်း ရှိနေသည်။ အဆိုးလည်း ရှိနေပါသည်။ ကောင်းလျှင် လိုချင်စရာ နှစ်သက်ရာ (ဣဋ္ဌ)ဖြစ်၍ မကောင်းလျှင် မလိုချင်စရာ မနှစ်သက်စရာ (အနိဋ္ဌ)ဖြစ်ပါသည်။

ဤကား လူစိတ်နှင့်မဆက်သွယ်ခင် သူ့သဘာဝနှင့်သူရှိနေသော အခြေအနေပင် ဖြစ်ပါသည်။

သို့သော် ဆန်းကြယ်သောလူစိတ်နှင့် ပေါင်းသင်းမိသည်ရှိသော် လူစိတ်သည် နှစ်သက်စရာအာရုံ(ဣဋ္ဌာရုံ)ကို မနှစ်သက်စရာအာရုံ (အနိဋ္ဌာရုံ) အနေဖြင့်လည်းကောင်း၊ မနှစ်သက်စရာအာရုံ (အနိဋ္ဌာရုံ)ကို နှစ်သက်စရာ (ဣဋ္ဌာရုံ)အဖြစ်လည်းကောင်း ပြောင်းပြန်ဖြစ်သွားတတ်သော သဘာဝရှိနေပါသည်။

ဤကဲ့သို့ မူလအတိုင်းမဟုတ်ဘဲ စိတ်ကြောင့်ဖြစ်လာသော မူလ (ဣဋ္ဌာရုံ) အား အနိဋ္ဌာရုံမြင်မှုကို ကြံကြံဖန်ဖန် ကပ်သိကပ်သတ်အာရုံဖြစ်မှု (ပရိကပ္ပအနိဋ္ဌာရုံ)ဖြစ်မှုဟုဆိုပါသည်။

မြင်စရာအာရုံပိုင်းတစ်ခုကို ဥပမာပြုသော် ငှက်သဘာဝနှင့် လူသား၏အမြင်သဘာဝကိုကြည့်ပါကတွေ့မြင်နိုင်ပါမည်။ဥဒေါင်းငှက်နှင့်ဇီးကွက်ငှက်(၂)ကောင်၏သဘာဝကို လူသားအမြင်နှင့်ကြည့်သော်...

ဥဒေါင်းငှက်သည် အဆင်းသဏ္ဌာန်လှသည်။ သို့တွက် သဘာဝအားဖြင့် နှစ်သက်စရာအာရုံ (ဣဋ္ဌာရုံ)ဖြစ်၏။ ဇီးကွ က်သည် မျက်စိပြူးပြီး၊ အဆင်းသဏ္ဌာန်မလှ၊ ကြောက်မက်ဖွယ်ရာရှိ၏။ သဘာဝအားဖြင့် မနှစ်သက်စရာအာရုံ (အနိဋ္ဌာရုံ) ဖြစ်၏။

သို့သော် ထိုဒေါင်းငှက်က လူကိုခွပ်သဖြင့် ထိခိုက်ဒဏ်ရာ ရသွားသည်ရှိသော် ထိုဥဒေါင်းသည် မနှစ်သက်စရာအာရုံ (အနိဋ္ဌာရုံ)ငှက်သတ္တဝါ ဖြစ်သွားပေမည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



လောကတွင် ဈေးသည်အချို့က ဇီးကွက်ကို ဈေးခေါ်လာဘ်တော်ဟုဆိုကာ ဇီးကွက်သည်လာဘ်လာဘရွှင်လန်းသည့်ရောင်းပန်းဝယ်ပန်းသာသည်ဟုစွဲမြဲယုံကြည်ကြပြီးအမြတ်တနိုးထားကြပြန်သည်။ ဇီးကွက်ရုပ်ကိုမြင်လျှင် နှစ်သက်၏၊ မြတ်နိုးကြ၏။ ထိုဈေးသည်များအဖို့ အရုပ်ဆိုးလှသောဇီးကွက်သည် နှစ်သက်စရာအာရုံ (ဣဋ္ဌာရုံ)ငှက်သတ္တဝါ ဖြစ်လာသည်။

အလားတူ လူသား၏ နေ့စဉ်သဘာဝလောကတွင် မြင်တွေ့နေကြရသော အရာများထဲ၌ သဘာဝဣဋ္ဌာရုံ၊ သဘာဝအနိဋ္ဌာရုံနှင့် စိတ်ကြောင့်ပြောင်းလဲဖြစ်လာသော ပရိကပ္ပဣဋ္ဌာရုံ ပရိကပ္ပအနိဋ္ဌာရုံတို့ များစွာ ရှိနေကြပါသည်။

ဤအာရုံဇောကျမှုနှင့်ပတ်သက်၍ လူနှင့်ပတ်ဝန်းကျင် ဆက်သွယ်ရာ၌ သတိထားရမည့် (၂) ချက်ရှိပါသည်။

ပထမအချက်မှာ သဘာဝကို ပြောင်းလဲပစ်၍ မရနိုင်သော အချက်ဖြစ်ပါသည်။ ဥဒေါင်းသည် သူ့အပေါ် ရန်ငြိုးရှိသူက မကြိုက်နိုင်သော်လည်း ပကတိအလှ မပျက်သလို ဇီးကွက်သည် ဈေးသည်အတွက် မြတ်နိုးဖွယ်ရာ နှစ်သက်ဖွယ်ရာဖြစ်သော်လည်း အရုပ်ဆိုးရာမှ လှ၍မလာပေ။ ပကတိသဘာဝအားဖြင့် ဥဒေါင်းသည် လှနေမည်။ ဇီးကွက်သည် အရုပ်ဆိုးနေပါမည်။

ဒုတိယအချက်မှာ သဘာဝဣဋ္ဌာရုံကိုပဲဖြစ်ဖြစ်၊ ပရိကပ္ပဣဋ္ဌာရုံပဲဖြစ်ဖြစ် မြင်တွေ့ရသောအခါ လူစိတ်၌ မပြစ်မှားသောစိတ်၊ မပြစ်မှား သောဇောကျပေမည်။

သဘာဝအနိဋ္ဌာရုံကိုဖြစ်စေ၊ ပရိကပ္ပအနိဋ္ဌာရုံကိုဖြစ်စေ မြင်တွေ့ရပြီဆိုလျှင် ပြစ်မှားသောစိတ် မကောင်းသောဇောကျပေမည်။

ဤအချက်သည်ကား လူနှင့်ပတ်ဝန်းကျင် ဆက်သွယ်ရာ၌ အရေးကြီးသောအချက်ဖြစ်ပါသည်။

အမြင်ခံအာရုံပိုင်း၌ အချုပ်ဆိုရသော်...

- သူ့သဘာဝအတိုင်းရှိနေသောနှစ်သက်စရာသဘာဝဣဋ္ဌာရုံ
- မနှစ်သက်စရာ သဘာဝအနိဋ္ဌာရုံ

ဤသို့အခြေခံအားဖြင့် အာရုံ(၂)မျိုး ရှိနေပါသည်။

ထိုအာရုံ(၂)မျိုးတွင် ဣဋ္ဌာရုံ၌...

- အလွန်နှစ်သက်စရာဖြစ်သည့် အတိဣဋ္ဌာရုံ
- ရိုးရိုးသာမန်မျှသာဖြစ်သည့် ဣဋ္ဌမဇ္ဈတ္တာရုံဟူ၍ (၂)မျိုး ကွဲပြားပါသည်။

အနိဋ္ဌာရုံ၌ကား ခွဲခြားမှု မရှိပါ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထို့ကြောင့် ပင်ကိုသဘာဝအားဖြင့် နှစ်သက်စရာအာရုံ (ဣဋ္ဌာရုံ) အလွန်နှစ်သက်စရာအာရုံ (အတိဣဋ္ဌာရုံ) သာမန်မျှဖြစ်သော အာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ) မနှစ်သက်စရာအာရုံ (အနိဋ္ဌာရုံ) ဟူ၍ အာရုံ(၄)မျိုး သာ ကွဲပြားပါသည်။

သို့သော် လူစိတ်က ကြံကြံဖန်ဖန် ကပြောင်းကပြန် လုပ်လိုက်သောအခါ ပရိကပ္ပဣဋ္ဌာရုံ၊ ပရိကပ္ပအနိဋ္ဌာရုံဟူ၍ အာရုံ (၂) မျိုး ပေါ်လာပြန်သဖြင့် အမြင်ခံပိုင်း၌ အာရုံ (၆)မျိုးဖြစ်ပေါ်လာခဲ့ရပါသည်။

ဤသို့လျှင် အာရုံနှင့် ဇော စေနိုင်သည့်အတွက် ဖဿပစ္စယာဝေဒနာဟူသော သဘာဝကွင်းဆက်အရစိတ်နှင့်အာရုံတွေ့ထိမှု(ဖဿ)ဖြစ်လာသည့်အတွက်ကြောင့်ဝေဒနာ ခံစားမှုများ ဖြစ်ပေါ်လာရသည်ကို ဗုဒ္ဓက ထုတ်ဖော်ဟောကြားခဲ့ပါသည်။ ဤသဘာဝကို သိပ္ပံပညာရှင်တို့ စမ်းသပ်ရှာဖွေ၍ မတွေ့ကြသေးပါ။

## စိတ်အာရုံခံစားမှုများနှင့် ဇောခံစားမှုသဘာဝများ

စိတ်သဘာဝသည် အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိ၍ စိတ်၌မှီလျက် ဖြစ်သောသဘာဝကို ဝေဒနာစေတသိက်ဟု ခေါ်ပါသည်။ ဝေဒနာစေတသိက်သည် စိတ်ဖြစ်တိုင်း ပါလေမြဲ အမြဲယှဉ်စေတသိက်တစ်မျိုးဖြစ်ပါသည်။

လူသာမန်တို့၏စိတ်သည် အာရုံကိုလိုက်၍ဖြစ်သလို ဇောစိတ်သည်လည်း များသောအားဖြင့် လိုက်စောပါသည်။ အာရုံကလည်း တစ်ခုတည်းမဟုတ် တစ်မျိုးတစ်စားတည်း မရှိ၊ကောင်းသောအာရုံ၊မကောင်းသောအာရုံ၊ကောင်းဆိုးမဟုတ်မှန်တန်းအာရုံဟူ၍သဘာဝ အမှန်အာရုံများ လောက၌ ရှိနေပါသည်။

ထိုသို့အာရုံများထွေထွေပြားပြားရှိနေသည်ဖြစ်ရာယင်းအာရုံကိုသွားသောဝေဒနာ သဘာဝသည်လည်းတစ်မျိုးတစ်စားတည်းမဟုတ်တော့ပါ။အာရုံကိုလိုက်၍ဝေဒနာအမျိုးမျိုး ဖြစ်ရပါတော့သည်။

ခံစားခြင်းဟု သဘာဝလက္ခဏာတစ်မျိုးတည်းမျှသာ ဖြစ်သော ဝေဒနာသည် အာရုံ အမျိုးမျိုးနှင့်ပေါင်းမိသောအခါ ခံစားပုံ၊ ခံစားနည်း ကွဲပြားလာရပါသည်။

လိုချင်စဖွယ် နှစ်သက်ဖွယ်ရှိသောအရာများကို မြင်. ကြား. နံ. လျက်. ထိသိမှုရှိလာသောအခါ ခံစားရမှုသည် ကောင်း၏၊ ချမ်းသာ၏။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



မုန်းတီးစရာ စက်ဆုပ်ရွံရှာဖွယ်ရာများကို မြင်. ကြား. နံ. လျက်. ထိသိမှုရှိလာသော အခါ ခံစားရမှုသည် မကောင်း၊ မချမ်းမြေ့ စိတ်နှလုံး ညှိုးနွမ်းတတ်ပါသည်။

မြတ်နိုးစရာလည်းမဟုတ် မကြိုက်ဖွယ်ရာဟူ၍လည်း မဆိုနိုင်သော မုန်တန်းအာရုံ မျိုးနှင့် တွေ့သောအခါ စိတ်ချမ်းသာ၊ ဆင်းရဲမရှိ၊ သာမန်ခံစားမှု (ဝေဒနာ)မျိုးသာဖြစ်ပါသည်။

- ကောင်းသောချမ်းသာသောသဘောကို ပါဠိဘာသာဖြင့် သုခ၊ သောမနဿဟုခေါ်ပါသည်။
- မကောင်းသောဆင်းရဲသောသဘောကို ပါဠိဘာသာဖြင့် ဒုက္ခ၊ ဒေါမနဿဟု ခေါ်ပါသည်။
- ထို(၂)မျိုး၏အကြား မုန်တန်းသဘာဝကို ပါဠိဘာသာဖြင့် ဥပေက္ခာဟု ခေါ်ပါသည်။

ယင်းဝေါဟာရများကို ဝေဒနာဟူသော ပါဠိဘာသာစကားနှင့် ပြန်တွဲစပ်ပြီး သုခ ဝေဒနာ၊ သောမနဿဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဒေါနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ ခေါ်ဝေါ် ကြပါသည်။

ဤတွင် ဗုဒ္ဓ၏အဘိဓမ္မာ၌ သုခဝေဒနာဟုဆိုရာတွင် သုခတခြား ဝေဒနာတခြား မဟုတ်ပါ။ သုခသည်ပင် ဝေဒနာဖြစ်ပါသည်။

ကောင်းသည်၊ ချမ်းသာသည်ဆိုသည်မှာ ခံစားမှုပင်ဖြစ်ပါသည်။ နိဗ္ဗာန်မှတစ်ပါး လောကီနယ်ပယ်၌ ခံစားမှုမရှိပါဘဲ ကောင်းသည်၊ ချမ်းသာသည်ဟူ၍ မရှိနိုင်ပါပေ။ ခံစားမှု ရှိ၍သာ၊ ခံစား၍ကောင်းသည်ဟူ၍ခေါ်ရခြင်းဖြစ်ပါသည်။ ယင်းကို ခံစားမှုချမ်းသာ (ဝေဒယိတ သုခ)ဟု ခေါ်ပါသည်။

ဥပမာ - လှပသောပန်းကလေးတစ်ပွင့်သည် ပန်းခြံအတွင်း၌ သူ့ဘာသာသူ ဖူးပွင့် နေပြီး လူနှင့်မဆက်ဆံမဆက်စပ်ပါက လှသည်ဟူ၍လည်းကောင်း၊ နှစ်သက်စရာဟူ၍လည်း ကောင်း ပြောရန်မလိုပါချေ။

လူ၏မျက်စိက မြင်လိုက်သောအခါကျမှ ပန်းကလေးကောင်းသည်၊ လှသည်၊ နှစ် သက်စရာဖြစ်သည်ဟု ပြောဆိုရခြင်းဖြစ်ပါသည်။ ပင်ကိုလှ၍လှသည်ဟု ဆိုခြင်းဖြစ်ပါသည်။

အလားတူ ဟင်းတစ်ခွက်ကိုကြည့်ပါက အပေါ် - အငန်ကိုမြည်း ကြည့်မှ ပြောနိုင်ပေ မည်။

ဤပန်းနှင့် ဟင်းခွက်ဥပမာကို စဉ်းစားကြည့်ပါက ခံစားမှုရှိလာမှသာ ယင်းခံစားမှုကို လိုက်ပြီးကောင်း၊ မကောင်း ခွဲခြားပြောဆိုရသော အဆင့်သို့ ရောက်ပါသည်။ ခံစားပါမှ ကောင်း သော ခံစားမှု၊ မကောင်းသော ခံစားမှုဟူ၍ ဖြစ်လာရကြောင်း သိသာနိုင်ပါသည်။

ဤကောင်းသောခံစားမှု၊ မကောင်းသောခံစားမှုဟူ၍ ကွဲပြားရခြင်းသည်ကား အာရုံ အမျိုးမျိုး၏ ပင်ကိုအရည်အသွေးအမျိုးမျိုး ကွဲပြားနေမှုကြောင့်ပင်ဖြစ်ပါသည်။

www.dhammaransi.com



ဇောနှင့်ပတ်သက်၍ ဝေဒနာကို ရှုကြည့်သော်...

- ကြိုက်နှစ်သက်စရာအာရုံနှင့်တွေ့လျှင် အကောင်းခံစားမှု (သောမနဿဝေဒနာ)
- မုန်းတီးစရာအာရုံနှင့်တွေ့လျှင် မကောင်းခံစားမှု (ဒေါမနဿဝေဒနာ)
- မကြိုက်မမုန်း မှန်တန်းအာရုံနှင့်တွေ့လျှင် လျစ်လျူရှုခံစားမှု (ဥပေက္ခာဝေဒနာ)ဖြစ်ကြပါသည်။

ဇောသည် လောဘဇော၊ ဒေါသဇော၊ မောဟဇောဟူသော အကုသိုလ်ဇော၊ အလောဘဇော၊ အဒေါသဇော၊ အမောဟဇောဟူသော ကုသိုလ်ဇောဟူ၍ ဇော(၆)မျိုးရှိခဲ့ရာ...

လောဘဇောအရာ၌...

- ဝမ်းသာကြည်နူးမှုကိုခံစားရသော သောမနဿဝေဒနာ (သောမနဿ လောဘဇော)
- မှန်ကန်သဘောအနေအထားခံစားချက်ရှိသော ဥပေက္ခာဝေဒနာဟူ၍ ခံစားမှု (၂)မျိုးရှိနိုင်ပါသည်။

ဒေါသဇောအရာတွင်...

- စိတ်မချမ်းမြေ့ရသော ဒေါမနဿဝေဒနာ(ဒေါမနဿ) တစ်မျိုးသာရှိပါသည်။ ဒေါသစိတ်ဖြစ်သည့်အခါ ပျော်ရွှင်ချမ်းမြေ့မှုလည်းမရှိ၊ သာမန်အနေအထားလည်း မရှိပါ။
- မောဟဇောအရာတွင်ကား ဥပေက္ခာဝေဒနာ သက်သက်သာဖြစ်ပါသည်။ မောဟဖြစ်နေသောအခါ၌ ပျော်ရွှင်မှု ဖြစ်ပွားမှုဟူသော ခံစားချက်လုံးဝကင်းမဲ့ပြီး လျစ်လျူရှုသောသဘောသာ မင်းမူနေတတ်ပါသည်။
- အလောဘဇော၊ အဒေါသဇော၊ အမောဟဇောအရာ၌ကား သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ(၂)မျိုး ခံစားချက်ဖြစ်နိုင်ပါသည်။ ဒေါမနဿဝေဒနာ လုံးဝမရှိပါ။
- မတွယ်တာ၊ မတပ်မက်သောစိတ်နေသဘောထားဖြစ်လျှင် ပျော်ရွှင်ဝမ်းသာမှုသော်လည်းကောင်း၊ သာမန်လျစ်လျူရှုမှုသဘောသော်လည်းကောင်းတစ်မျိုးမျိုးဖြစ်သည်၊ စိတ်မချမ်းသာသော ဒေါမနဿဝေဒနာ လုံးဝမဖြစ်ပါ။
- မဖြစ်ပွားခြင်း၊ သနားကြင်နာခြင်း စသော အဒေါသစေတသိက်နှင့်အတူဖြစ်သော စိတ်၌လည်း သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ သဘောမျှသာ ဖြစ်ပါသည်။ ဒေါမနဿဝေဒနာ ဖြစ်ရိုးမရှိပါပေ။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



- မုန်ကန်ရာကို ယထာဘူတကျကျသိတတ်၊ မြင်တတ်သော အမောဟ(ပညာ) စေတသိက် (စိတ်၌မှီ၍ စိတ်နှင့်အတူဖြစ်သောဉာဏ်) ဖြစ်လာသောအခါ၌ လည်း သောမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာဖြစ်ပါသည်။ စိတ်မချမ်းသာမှု ဒေါမနဿဝေဒနာ လုံးဝမဖြစ်ပါ။ သဘာဝအားဖြင့် ဉာဏ်သက်ဝင်နေလျှင် ပျော် နေမည် သို့မဟုတ် တည်ငြိမ်နေပါမည်။ စိတ်မချမ်းသာမှုကား လုံးဝမဖြစ်ပါ။

အာရုံနှင့်ဝေဒနာကို ထင်ဟပ်ကြည့်မည်ဆိုလျှင်လည်း...

- လိုလားနှစ်သက်ဖွယ်အာရုံကို ခံစားသောအခါ သာယာနှစ်သက်စွာ ခံစား သည်။ ယင်းခံစားမှုသည် သုခဝေဒနာ (ဝါ) သောမနဿဝေဒနာ
- မလိုလားအပ်သောအာရုံကို တွေ့ ကြုံခံစားရသောအခါ မသာမယာခံစားရ သည်။ ယင်းခံစားမှုသည် ဒုက္ခဝေဒနာ (ဝါ) ဒေါမနဿဝေဒနာ
- နှစ်သက်သည်လည်းမဟုတ်၊ မနှစ်သက်သည်လည်းမဟုတ်သော အလယ် အလတ် သာမန်မျှဖြစ်သောအာရုံကို ခံစားရသောအခါ သာယာနှစ်သက်မှုမရှိ ဘဲ လျစ်လျူရှုသဘောဖြင့်ခံစားသည်။ ယင်းခံစားမှုသည် ဥပေက္ခာဝေဒနာ

တစ်ဖန် အာရုံနှင့်ဇော၊ ဇောနှင့် ဝေဒနာ (၃)မျိုး ပေါင်းစပ်ကြည့်မည်ဆိုလျှင် အာရုံက လိုချင်စရာဖြစ်၍တွယ်တာငြိကပ်ပါက လောဘဇောစောပါသည်။ နှစ် နှစ်ခြိုက်ခြိုက်ခံစားပါက သောမနဿဝေဒနာ ဖြစ်ပါသည်။ ထို့ကြောင့် နှစ် သက်စရာအာရုံကို ခုံမင်တွယ်တာနှစ်သက်စွာ ခံစားပါလျှင် သောမနဿ လောဘဇော စောသည်ဟု ဆိုရပါသည်။

- အာရုံက များစွာမကောင်း၍အလယ်အလတ်တန်းစားဖြစ်ပြီးထိုအာရုံကိုတွယ် တာကပ်ငြိလျှင် လောဘဇောဖြစ်သည်။ ခံစားချက်မှာမူ မပြင်းထန်ဘဲ သာမန် လျစ်လျူရှုသော သဘောဖြစ်က ဥပေက္ခာဝေဒနာသာဖြစ်၏။ ထို့ကြောင့် အလယ် အလတ်တန်းစားအာရုံကို ခံစားချက်မပြင်းထန်ဘဲ သာမန်လျစ်လျူရှုသဘော ဖြင့်အာရုံပြုပါက ဥပေက္ခာလောဘဇော စောသည်ဟု ဆိုရပါမည်။
- အာရုံက မနှစ်သက်ဖွယ်ရာဖြစ်၍ ထိုအာရုံကိုစိတ်ဆိုး ပြစ်မှားပါက ဒေါသဇော ဖြစ်ပါမည်။ မသာယာသောအားဖြင့် ခံစား၍ ဒေါမနဿဝေဒနာဖြစ်ပါမည်။ ထိုမနှစ်သက်ဖွယ်အာရုံကို မလိုလား စိတ်ဆိုးပြီး မသာမယာခံစားမှုဖြစ်သော အခါ ဒေါမနဿ ဒေါသဇောစောသည်ဟု ဆိုရပါသည်။
- ကောင်းသောအာရုံကိုဖြစ်စေ၊ အလွန်ကောင်းသော အာရုံကိုဖြစ်စေ အလယ် အလတ်ဖြစ်သောအာရုံကိုဖြစ်စေ၊တွေ့မြင်သောအခါတွယ်တာကပ်ငြိမှုမရှိဘဲ အေးငြိမ်းချမ်းမြေ့တည်ငြိမ် သန့်ရှင်းစွာ အာရုံပြုလျှင် အလောဘဇောစောပါ သည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အကယ်၍ နှစ်သက်ဝမ်းမြောက်မှု သဘောပါလာလျှင် သောမနဿဝေဒနာဖြစ်ပြီး မှန်ကန်သဘောပါလာလျှင် ဥပေက္ခာဝေဒနာဖြစ်ပါမည်။ သို့အတွက် သောမနဿအလောဘဇော၊ ဥပေက္ခာအလောဘဇောဟူ၍ (၂)မျိုးဖြစ်နိုင်ပါသည်။

မကောင်းသောအာရုံကို တွေ့မြင်ရသောအခါ နှလုံးတွင် လိမ္မာစွာထား၍ မပြစ်မှား စိတ်မဆိုး ကြံ့ခိုင်တည်ငြိမ်သော စိတ်သဘောထားဖြစ်က အဒေါသဇောစောပါသည်။ ဤအဒေါသဇောသည်လည်း နှစ်သက်ခံစားမှု သောမနဿဝေဒနာ သာမန်ခံစားမှုဥပေက္ခာဝေဒနာ (၂)မျိုး ဖြစ်နိုင်ပါသည်။

နှစ်သက်စရာအာရုံ၊ အလွန်နှစ်သက်စရာအာရုံ၊ အလယ်အလတ်အာရုံ၊ မကောင်းသောအာရုံ စသည်ကို တွေ့ ကြုံလာရသောအခါ ယထာဘူတကျကျ ရှုမြင်ဆင်ခြင်လျှင် အမောဟ (ပညာ) ဇောစောပါမည်။

ယင်းပညာဇောစော၍ ဝမ်းသာကြည်နူးမှုဖြစ်လျှင် သောမနဿဝေဒနာဖြစ်၍ လျစ်လျူရှုသဘောဖြစ်လျှင် ဥပေက္ခာဝေဒနာဖြစ်ပါသည်။

ဤ၌အထူးသတိထားရန်မှာ လောဘဇော၊ ဒေါသဇောစောလျှင် မောဟဇောသည် အမြဲပါ.ပါသည်။ လောဘနှင့်မောဟ၊ ဒေါသနှင့်မောဟသည် အမြဲတွဲပါ၏။ မောဟမသိမှုကြောင့် ထိုလောဘ၊ ဒေါသတို့ ဖြစ်ခွင့် ရနေရခြင်းဖြစ်ပါသည်။

ဤသို့လျှင် လူ့သဘာဝတွင် လူစိတ်၏ အာရုံအပေါ်ခံစားမှုကို လိုက်၍ ခံစားမှုဝေဒနာများ၊ ဇောများ ဖြစ်ကြရသည်ကို ဗုဒ္ဓက ထုတ်ဖော်ဟောကြားခဲ့ပါသည်။ ယနေ့သိပ္ပံက ထိုသဘောကို မသိသေးပါ။

## လူသား၏ အသံနှင့်ကြားမှုသဘာဝ

လူသား၏စိတ်အစဉ် (ဝီထိ) သွားလာမှုနှင့် ပတ်သက်၍ မြင်မှုစိတ်ကလေး၏သွားလာကူးပြောင်းပုံကို ပန်းကလေးတစ်ပွင့်မြင်ပုံ ဥပမာပြပြီး...

- အဆင်းမြင်စိတ်အစဉ် (ပန်းအဆင်းကိုမြင်မှု)
- ဆက်ဖြစ်စိတ်အစဉ် (အဆင်းရုပ်ပါရုံကမချုပ်သေး၊ တည်ရှိနေဆဲစိတ်များဆက်ဖြစ်လာသည်)
- အမည်သိ စိတ်အစဉ် (ပန်းဟူသော အမည်ပညတ်)
- ဒြပ်သိ စိတ်အစဉ် (ပန်းဒြပ်ဝတ္ထု)ဟူ၍ ဖော်ပြခဲ့ပါသည်။

www.dhammaransi.com



လူ့၏ခန္ဓာကိုယ် (ရုပ်သဘာဝ)၌ အာရုံခံစားစရာ သဘာဝရုပ် (၅) ခုဖြစ်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ရှိနေပါသည်။ ထိုသဘာဝရုပ်(၅)ခုက မိမိတို့ကဏ္ဍအလိုက် အဆင်းကို မြင်သည်၊ အသံကို ကြားသည်၊ အနံ့ကိုနံ့သည်၊ အရသာကို သိသည်၊ အတွေ့အထိကို သိသည်။

ဤသဘာဝ(၅)ခုတွင် အဆင်းမြင်မှု၊ ခံစားမှုကို အထက်တွင် ဆိုခဲ့ပြီးဖြစ်သည်။ နားနှင့်အသံကြားမှုသည် မည်သို့ရှိပါသနည်းဟု မေးစရာ ရှိလာပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာသဘာဝတွင်နားနှင့်အသံအကြောင်းကိုဦးစွာရှင်းပြပြီးနားနှင့်အသံဆက်သွယ်မှုကို ဖော်ထုတ်ပြခဲ့ပါသည်။

မြန်မာအမည်ဝေါဟာရ နားကို ပါဠိက သောတဟူ၍ ခေါ်ပါသည်။ နား၏ကြားနိုင်သော အကြည်ရုပ်ကို ပသာဒဟု ခေါ်ပါသည်။

ပေါင်ချိန် (၁၀၀) ကျော်လေးသော လူသား၏ရုပ်ခန္ဓာသဘာဝ၌ ပြင်ပက အသံအာရုံများကို ခံယူနိုင်သော နေရာများစွာမရှိပါ။ အသံကို လက်၊ ခြေ၊ ဝမ်းဗိုက်စသည်တို့ဖြင့် မကြားနိုင်ပါ။ ခန္ဓာကိုယ်အတွင်းရှိသောတပသာဒ = ဟူသောနားအကြည်ရုပ်အစိတ်အပိုင်းတစ်ခုကသာ ကြားနိုင်ပါသည်။ ထိုအကြည်ရုပ်ကလေးမှတစ်ဆင့် အသိဉာဏ်ပွင့်ပြီး ကြားသိစိတ်ဖြစ်ပေါ်လာရပါသည်။

ထိုအသံရုပ်အကြည်ကလေးသည် အလွန်အလွန် သိမ်မွေ့နူးညံ့လှသည့်အတွက် ပြင်ပပစ္စည်းတစ်ခုခုနှင့် ခပ်ကြမ်းကြမ်းထိခိုက်မိလျှင် ယင်းအကြည်ရုပ်ကလေးများ တစ်ခါတည်း ပျက်စီးသွားမည်ဖြစ်သည့်အတွက် သဘာဝတရားက ခပ်လွယ်လွယ်ထိခိုက်ပြီး မပျက်စီးရလေအောင် လုံခြုံသော တွင်းအောင်းသဘာဝဖြင့် ဖန်တီးပေးထားပါသည်။

သို့သော် ထိုသဘာဝရုပ်ကို ခန္ဓာကိုယ် ဝမ်းဗိုက်ထဲမထားပါ။ အသံကို ယူဆောင်လာမည့်လေကို အလွယ်တကူ လုံခြုံအန္တရာယ်ကင်းပြီး လက်ခံနိုင်သောနေရာ၌ ထားပေးပါသည်။

နားအကြည်ရုပ်နှင့်အသံကြားထဲ၌ လေကအောင်သွယ်ပေးရန် လိုပါသည်။ လေမရှိလျှင် သူ့ထံသို့အသံမလာနိုင်ပါ။ ထိုကဲ့သို့လေလိုအပ်သည့်အတွက်ဝမ်းဗိုက်ထဲ လုံခြုံသောနေရာ၌မတည်ဘဲ လေလည်းရ၊ ထိခိုက်မှုလည်းကင်းသော ထွက်ပေါက် နားအပေါက် (သောတဒွါရ) ဂလောင်ထဲမှာ တည်ထားခြင်းဖြစ်ပါသည်။

ယင်းနားပေါက် (သောတဒွါရ)အတွင်း၌ လက်စွပ်ကွင်းသဏ္ဍာန် နေရာကလေးရှိပါသည်။ ယင်းနေရာကလေးမှာ အမွေးနုကလေးများ ပေါက်နေပါသည်။ ယင်းအမွေးပေါက်သော နေရာကလေးမှာ အသံခံအကြည်ရုပ်ကလေးများ ပျံ့နှံ့၍ ဖြစ်ပေါ်နေပါသည်။

အဘိဓမ္မာသဘာဝအရ ယင်းအပေါက်အတွင်းပိုင်း အမွေးကလေးများ ပေါက်

www.dhammaransi.com



ရောက်ရာနေရာဖြစ်သောလက်စွပ်သဏ္ဍာန်နေရာကလေးမှာအသံခံနားအကြည်ရုပ်ကလေး တန့်ရပ်နေနိုင်ဖို့ ရုပ်ဓာတ်သဘာဝ (၄၃)ခုတို့က ခံဆောင်ထားပါသည်။

ကံကြောင့်ဖြစ်သော ပထဝီရုပ်၊ အာပေါ ရုပ်၊ တေဇောရုပ်၊ ဝါယောရုပ်၊ အလားတူ စိတ်ကြောင့်ဖြစ်သော ဓာတ်ရုပ်(၄)ပါး၊ ဥတုကြောင့်ဖြစ်သော ဓာတ်ရုပ်(၄)ပါး၊ အာဟာရ ကြောင့်ဖြစ်သော ဓာတ်ရုပ်(၄)ပါး၊ ဓာတ်ကြီး(၄)ပါးစီ (၄)ရုပ်ပေါင်းလျှင် မဟာဘုတ်ဓာတ်ကြီး (၁၆)မျိုး။

ထိုဓာတ်ကြီး (၄)ပါး ပေါင်းမိသည့်အတွက် ဝဏ္ဏဓာတ် (အဆင်းဓာတ်၊ ဂန္ဓဓာတ် (အနံ့ဓာတ်)၊ ရသဓာတ်(အရသာဓာတ်)၊ ဩဇာဓာတ် (အဆီအစေးဓာတ်) ၄မျိုးစီ ၁၆ မျိုး၊ သုက်သွေး(၄)မျိုး၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းခံသောသဏ္ဍာန် ၄ မျိုး၊ စုစုပေါင်း ၄၀ မျိုး၊ ကံအကြောင်းတရားတစ်ခုတည်း သက်သက်ကြောင့်သာဖြစ်သော ဇီဝိတ (အသက်) ဓာတ် ၁ - မျိုး၊ ကျား - မ.ဆိုင်ရာဘာဝရုပ် ၁ မျိုး၊ ကိုယ်ကာယဆိုင်ရာ အကြည်ရုပ် ၁ မျိုး၊ ယင်း ရုပ်(၄၃)မျိုးပေါင်းပြီး ခံဆောင်သော နားပေါက်အတွင်း အမွေးနကလေးများပေါက်ရောက်ရာ လက်စွပ်သဏ္ဍာန်နေရာကလေးများမှ အသံခံအကြည်ရုပ်(ဝါ) နားအကြည်ရုပ်(သောတ ပသာဒ)စွဲမှီပြီး မပြတ် ဖြစ်ပျက်နေကြပါသည်။

တစ်နည်းဆိုရလျှင် နားအတွင်းအကြည်ရုပ်ကလေးကို ဓာတ်ကြီး (၄)ပါးက အထူး ကျေးဇူးပြုထားပါသည်။ ပူမှု၊ အေးမှု၊ ဥတုနှင့် လူ၏စိတ် စားသောက်သော အစာအာဟာရတို့ က ထောက်ပံ့ထားပါသည်။ အာယု (အသက်) ဓာတ်က မပြတ်စောင့်ရှောက်နေပါသည်။ အဆင်းဓာတ်(ဝဏ္ဏ ဓာတ်)၊ အနံ့ဓာတ်(ဂန္ဓဓာတ်)တို့က ခြံရံနေပါသည်။

၎င်းနားတွင်းပါ အကြည်ရုပ်ကလေးသည် အသံ၏ထိခတ်မှုခံရလျှင် အလွန် ကြည် ကြည်လင်လင် ခံယူပါသည်။ အသံများကို ဆွဲဆောင်သောသဘော ရှိနေပါသည်။ သူနှင့်အသံ ထိခတ်မှုကို အကြောင်းပြုပြီး သိမှုသဘောကလေး ပါလာတတ်ပါသည်။

ထိုနားအကြည်ရုပ်ကလေးဖြစ်ခွင့်ရအောင် ခံဆောင်ထားသော ရုပ်သဘာဝ(၄၃) မျိုး ဖွဲ့စည်းတည်ဖြစ်နေသော နားတွင်လက်စွပ်ကွင်းနေရာကလေး ပျက်စီးသွားပါက နား အကြည်ရုပ်ကလေး တည်တံ့ရပ်နား ဖြစ်ပေါ်ခွင့်မရနိုင်တော့ပါ။ နား၏အဆောက်အဦးပျက်စီး သွား၍ နားအကြည်ရုပ်ကလေး မဖြစ်နိုင်တော့လျှင် ဘာသံလာလာ အသိစိတ် မပွင့်နိုင်တော့ ပါ။ ယင်းကို နားကန်းသည်ဟု ဆိုကြပါသည်။

ကံ. စိတ်. ဥတု. အာဟာရကြောင့်ဖြစ်နေသော နားအကြည်ရုပ်ကို ခံဆောင်ထား သော ဓာတ်ကြီး(၄)ပါးဖောက်ပြန်၍ ပျက်စီးလာလျှင်ဖြစ်စေ၊ ပြင်ပအနှောင့်အယှက် တစ်ခုခု ကြောင့် နားအကြည်ရုပ်ကလေးကို မှီပြီးဖြစ်နေရသော နားတွင် ရုပ်ပစ္စည်းအဆောက်အဦး ထိခိုက်လျှင်ဖြစ်စေ၊ နားထိုင်း၊ နားပင်း၊ နားအူစသည့် ရောဂါများဖြစ်ကြရပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဗုဒ္ဓ၏ အဘိဓမ္မာသဘာဝ၌ ပကတိလူသားများ၏ မြင်အား၊ ကြားအားထက် ပိုမိုကြီးမား နက်ရှိုင်းသော မြင်အား၊ ကြားအား၊ နတ်မျက်စိ (ဒိဗ္ဗစက္ခုဉာဏ်)၊ နတ်နား(ဒိဗ္ဗသောတ) များကို ဟောကြားထားပါသည်။ ထိုနတ်မျက်စိ၊ နတ်နားများကိုလည်း လူသားတို့ကြိုးစားအားထုတ်လျှင် ရနိုင်ကြောင်း ဗုဒ္ဓက ထုတ်ဖော်ဟောပြပြီး နည်းလမ်းကောင်း ပေးထားခဲ့ပါသည်။

ကြားမှုအသံနှင့် ပတ်သက်၍ ပရမတ်များကို အခြေခံပြီး အသံကို ခွဲကြည့်မည်ဆိုပါက ကမ္ဘာပေါ်ရှိ အသံအားလုံးသည်...

၁။ စိတ်ကြောင့်ဖြစ်သော စိတ္တဇအသံ (ဥပမာ သက်ရှိသတ္တဝါတစ်ဦးဦး၏စိတ်ဆန္ဒကို အခြေခံပြီး နှုတ်ပါးစပ်ကမြည်လာသော အသံမျိုးများ၊ ဘောလုံးပွဲ၊ ဈေးထဲ လူအုံကြရာ၌ တသောသော စကားပြောသံများသည် စိတ္တဇအသံများ ဖြစ်ကြပါသည်။ ယင်းကို သက်ရှိအသံဟု ခေါ်သည်။

၂။ ဥတုဇအသံ (ဥပမာ မိုးချုန်းသံ၊ လှိုင်းပုတ်သံ၊ တော်လဲသံ၊ ဗိုက်ထဲက တကွိကွိမြည်သံ၊ လေတိုက်သံ၊ တောင်ပြိုသံ ဤအသံများသည် ဥတုကြောင့်ဖြစ်ပေါ်လာသဖြင့် ဥတုဇအသံဟုခေါ်ပြီး ယင်းကို သက်မဲ့အသံဟု ခေါ်ပါသည်။

၃။ စိတ္တဇပစ္စယဥတုဇအသံ - စိတ်ကိုအကြောင်းပြုပြီး ဖြစ်လာသော ဥတုဇအသံများ ဥပမာ - ခရာမှုတ်သံ၊ ဆိုင်းတီးသံ၊ ပလွေမှုတ်သံ၊ တူထုသံ၊ ကားသံ၊ ရထားသံစသည်တို့သည်လူ၏ပယောဂကြောင့် (ဝါ) လူ၏လုပ်ဆောင်မှုကြောင့်မြည်ထွက်လာသော လူလုပ်အသံအားလုံးသည် စိတ္တဇစွမ်းအား ဥတုဇအသံများဟူ၍ ခေါ်ပါသည်။

စိတ်ကြောင့်မည်ကဲ့သို့ အသံဖြစ်ပါသနည်းဆိုသော်...

လည်ချောင်းထဲတွင် လျှာခင်နှင့်တကွအာစောက်၊ လျှာရင်း၊ လျှာလယ်၊ လျှာဖျား၊ သွား၊ နှုတ်ခမ်းစသော နေရာများရှိပါသည်။ ယင်းကို အသံအိုး၊ အသံကြိုးဟူ၍လည်း ခေါ်ပါသည်။

ထိုနေရာများတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား(၄)ပါးကြောင့် မပြတ်ဖြစ်နေသော မဟာဘုတ်ဓာတ်ကြီး(၄)ပါး ရှိနေပါသည်။

တစ်နည်းဆိုရလျှင် ယင်းလျှာခင်နှင့်တကွ အသံဖြစ်ပေါ်လာရမည့် အင်္ဂါအစိတ်အပိုင်းများသည် ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဟူသော ဓာတ်ကြီးလေးပါး၏ အစုအဝေး၊ အဖွဲ့အစည်းလေးဖြစ်ပါသည်။

ယင်းဓာတ်ကြီး(၄)ပါးထဲတွင် ကံကြောင့် မပြတ်ဖြစ်နေသော ကမ္မဇပထဝီဓာတ်ရုပ်ရှိနေပါသည်။ အသံ၏ အင်္ဂါအစိတ်အပိုင်းများမှာ ပထဝီဓာတ် ရုပ်ကုဋေပေါင်းများစွာ မပြတ်ဖြစ်နေပါသည်။

www.dhammaransi.com



ပထဝီဓာတ်ဆိုသည်မှာ အမာဓာတ်၊ အခဲဓာတ်ဖြစ်ပါသည်။ စကားပြောတော့မည်ဆိုပါက...

- စကားပြောချင်သော စိတ်ဖြစ်လာသည်။
- ယင်းစိတ်ကြောင့် ဝါယောဓာတ်(လေ)ဖြစ်လာပါသည်။

(ယင်းလေဓာတ်ကို စိတ္တဇဝါယောဓာတ် ဟူ၍ ပါဠိဘာသာဖြင့် ခေါ်ပါသည်။)

လေဖြစ်လာသောနေရာတွင် လေ၌ အပူဓာတ် (တေဇော) အမာဓာတ်(ပထဝီ)၊ ဖွဲ့စည်းမှု(အာပေါ) ဟူသော ဓာတ်သဘာဝ (၃)ပါးလည်း တပါတည်းပါလာသည်ကို အဘိဓမ္မာသဘောအရ သိရပါမည်။

လူ၏စိတ်သည် လူ၏နှလုံးသွေးကြည်ကို မှီ၍ ဖြစ်ပျက်နေသည့်အတွက် စကားပြောချင်စိတ်သည့် ထိုနေရာမှဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် စိတ်ကြောင့်လေဖြစ်သောအခါမှာ ထိုဝမ်းထဲမှာပင် ဖြစ်လာပါသည်။ စကားပြောချင်သော စိတ်ကြောင့်ဖြစ်လာသော လေ (ဓာတ် ၄ ပါး) သည် မဟာဘုတ်ရုပ်ဓာတ်အဆက်ဆက် ဖြစ်ပျက်မှုအစဉ်ဖြင့် လည်ချောင်းဝသို့ထွက်လာပါသည်။

လည်ချောင်းထဲသို့ လေတက်လာသောအခါ လည်ချောင်းမှ နှုတ်ခမ်းအထိ အတွင်းပိုင်းမှာရှိနေသော အသံဖြစ်စေသောအင်္ဂါများကို ဖျစ်ညှစ်ပြုပြင်လိုက်သောအခါ လေမှာပါလာသော ပထဝီဓာတ်နှင့် အသံဖြစ်အင်္ဂါ(အာခံတွင်းမှာရှိသောအင်္ဂါ)မှာရှိနေနှင့်သော ပထဝီအမာဓာတ်နှင့် ပွတ်တိုက်လိုက်သောအခါ အသံမြည်ထွက်လာသည်။

အဘိဓမ္မာသဘာဝနှင့်ဆိုရသော် စိတ်ကြောင့် ရင်ချိုင့်ထဲကဖြစ်ပေါ်လာသော လေထဲမှာပါလာသည့် စိတ္တဇပထဝီဓာတ်နှင့် လည်ချောင်း စသည်မှာရှိနှင့်နေသော ကမ္မဇပထဝီဓာတ်တို့ အချင်းချင်း ထိခတ်သောကြောင့် အသံ(သဒ္ဒ)ဖြစ်လာရခြင်း ဖြစ်ပါသည်။

လူစိတ်က အာရုံဟုခေါ်သော ဆွဲငင်တွယ်တာမှီရာတစ်ခုခုကို ညွှတ်လိုက်ပြီးနောက် ပါးစပ်ကနေ မိမိဆန္ဒထုတ်ဖော်မည်ဟု စေ့ဆော်လိုက်သော စေတနာနှင့်တကွ နာမ်ခွန်အားစုက ဝါယောဓာတ်လေးကို ပွင့်သွားစေခြင်းသည် အသံဖြစ်ပေါ်မှု၏ အခြေခံဖြစ်ပါသည်။

ကလေးများမှုတ်သော ပီပီ၊ မော်တော်ကားဟွန်း၊ နဲ စသည်ကိုကြည့်ပါက လေကဆောင့်ပြီးတိုးသောအခါ လေထွက်သောလမ်းကြောင်းမှာရှိသော လျှာခင်စသည်နှင့်တိုက်ခတ်ပြီး အသံထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ယင်းမှာလည်း လေထဲမှာပါသော ပထဝီဓာတ်နှင့် လျှာခင်စသည်မှာရှိသော ပထဝီဓာတ်ချင်းခတ်မိကြ၍ အသံထွက်လာကြခြင်း ဖြစ်ပါသည်။

မည်သည့်သတ္တဝါမဆို အသံထွက်ခြင်းက အတူတူဖြစ်ပါသည်။ သို့သော် ကျွဲ၊ နွားစသော တိရစ္ဆာန်များ၏ အာခေါင်၊ နှုတ်ခမ်းစသည့် အနေအထားများသည် ညံ့သည့်အတွက်ကြောင့် ဘူး - ဂူး - ကျလီစသော အသံများလောက်သာ မြည်ပါသည်။

www.dhammaransi.com



လူကမူ အာခေါင်၊ နှုတ်ခမ်းစသော အသံဖြစ်ရာအင်္ဂါများ အလွန်ကောင်းသဖြင့် အသံမျိုးစုံ ထွက်၍ ရကြပါသည်။

မည်သို့ပင်ဖြစ်ဖြစ် ကမ္ဘာ့သက်ရှိသတ္တဝါအားလုံး၏ ထွက်သော အသံဟူသမျှသည် စိတ္တဇအသံချည်းသာ ဖြစ်ပါသည်။

စိတ်နှင့် ဥတုကြောင့် အသံဖြစ်ပေါ်ရသည်။ ကံနှင့်အာဟာရကြောင့် အသံမဖြစ်ဘူးဟု ဆိုသောအခါ အဆီများ၊ အစားများ၍ အသံဝင်သည်၊ ရှောက်သံပုရာ၊ လျက်ဆား၊ စိန်ပါသောဆေး စသည်စား၍ အသံကြည်လင်သည်၊ ကောင်းသည်ဟု လောကသဘာဝ ဖြစ်လာသောအခါ ယင်းသည် အာဟာရကြောင့် အသံဖြစ်မှုမဟုတ်လောဟု မေးခွန်းမေးစရာ ဖြစ်လာရပါသည်။

ယင်းမှာ အဆီများ၊ အစားများ၍ ရင်ခေါင်း၊ အာခေါင်၊ အာစောက် စသော အသံဖြစ်စေရာ ကမ္မဇပထဝီတည်ရှိရာနေရာများသည် မသန့်မရှင်းဖြစ်လာသည်။ သလိပ်စသည်များ မြှေးယှက်ဖုံးကွယ်လာသည်။ သို့အတွက် စကားပြောမည်ဟု စိတ်ကဖြစ်ပေါ်လာစေသည့် စိတ္တဇဝိညတ်ဓာတ် တက်လာသောအခါ ကမ္မဇပထဝီအခံဓာတ်မကောင်း၍ အသံပျက်ခြင်း ဖြစ်ပါသည်။

ရှောက်၊ သံပရာ၊ လျက်ဆား၊ စိန်ပါသော ဆေးနှင့် အခြားဓာတ်စာများစား၍ အသံကောင်းသည်ဟုဆိုရာ၌လည်းအသံဖြစ်စေသောအင်္ဂါနေရာများမှာ သည်းခြေ၊သလိပ်စသော အညစ်အကြေးများ ကင်းစင်နေသည့်အတွက် ဝမ်းထဲက စိတ်ကြောင့်ဖြစ်လာသော လေတက်လာသောအခါ ရင်ခေါင်း၊ အာခေါင်စသော အင်္ဂါများမှာ အညစ်အကြေးများ သန့်ရှင်းနေသည့်အတွက်ကြောင့် အသံကောင်းကောင်း ထွက်လာခြင်းဖြစ်သည်။

တစ်ဖန် ဘုရားရှင်၏ အသံတော်သည် ကရဝိက်ငှက်သံကဲ့သို့ သာယာသည်၊ ကြေးစည်ခေါင်းလောင်းလှူ၍ အသံကောင်းသည်ဟူသော ကုသိုလ်အယူအဆနှင့် ပတ်သက်သော အသံကောင်းမကောင်းဖြစ်မှုများ ရှိပါသည်။

မြတ်စွာဘုရားရှင်၏ အသံတော်နှင့်ပတ်သက်၍ မြတ်စွာဘုရား၏ အသံတော်သည် ဗြဟ္မာမင်း၏ အသံကဲ့သို့ သန့်ရှင်းခြင်း၊ သိလွယ်ခြင်း၊ သာယာခြင်း၊ နာချင်ဖွယ်ရာရှိခြင်း၊ အသံလုံးလုံးလဲလဲရှိခြင်း၊ တရားနာပရိသတ်၏ အပြင်ဘက်သို့ မထွက်ခြင်း၊ အသံတော်မတိမ်ဘဲနက်နဲခြင်း၊ ပဲ့တင်ထပ်ခြင်းဟူသော အင်္ဂါ(၈)ပါးနှင့် ပြည့်စုံသည် ကရဝိတ်ငှက်မင်း၏ အသံကဲ့သို့ လွန်စွာသာယာသည်ဟူ၍ ဆိုထားပါသည်။

ထိုသည်မှာ ဗုဒ္ဓသည် ဘဝများစွာက ယဉ်ကျေးသောစကားတော်ကို ဆိုခဲ့သော ကုသိုလ်ကြောင့် ထိုသို့ဖြစ်ရသည်ဟု ဆိုထားပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အသံကောင်းခြင်းအလှူတွင် ခေါင်းလောင်း၊ ကြေးစည်၊ ဆွဲလဲ လှူခြင်း၊ ဒန်ပူလှူခြင်း စသော အလှူများသည် အသံကောင်းခြင်း၏ အထောက်အပံ့ဖြစ်သော အလှူများဟု ဆိုထားပါသည်။

ကုမ္ဘယောသကသည် အတိတ်ကာလ ခွေးငယ်ဘဝက ရှင်ပစ္စေကဗုဒ္ဓါကို ခွေးအသံပြု၍ ပင့်ဖိတ်သော ကုသိုလ်ကံကြောင့် အသံအောင်သူအဖြစ် ထင်ရှားခဲ့သည်။

ထို့ကြောင့် အတိတ်ဘဝက အသံကောင်းစေသော အသံထွက်ပစ္စည်းဖြစ်သော ကုသိုလ်တေး ဟစ်ကြွေးဖော်ပေးတတ်သည့် ကြေးစည်၊ ခေါင်းလောင်း၊ ဆွဲလဲ စသည်ကို စေတနာလှုံ့ဆော်မှုဖြင့် လှူခဲ့သည်။ ထိုသူသည် သေပြီးနောက် လူ့ဘဝ နတ်ဘဝရောက်သော် သူ၏ ရင်တွင်း၊ အာခေါင်တွင်း၊ နှုတ်ခမ်းတွင်း၌ ကံကြောင့်ဖြစ်သော (ကမ္မဇ)အသံကောင်းဖြစ်စေသော အင်္ဂါကောင်းများ ရလာပါသည်။

ထိုအခါ ထိုသူသည် ပြောချင်ဆိုချင်သော စိတ်ကြောင့် ရင်ထဲကတက်လာသော လေ၌ပါသည့် ပထဝီဓာတ်နှင့် သူ၏ ရင်ခေါင်းအာခံတွင်းမှာ ဖြစ်နှင့်ရှိနှင့်နေသော အသံထွက်ကိရိယာများ တည်ဆောက်ထားပြီးခဲ့သော ကမ္မဇပထဝီဓာတ်တို့ ထိခတ်လာသောအခါ မြည်ထွက်လာသောအသံသည် သာယာကောင်းမွန်ပါသည်။

ဥတုကြောင့်အသံဖြစ်မှုကိုကြည့်လျှင်ဓာတ်ကြီး(၄)ပါးသည်မည်သည့်အခါမှတစ်ခုတည်းမဖြစ်ပါ။ (၄)ပါးသည် မည်သည့်အခါမျှ မကွဲပြားပါ။ မီးတွင် လေပါသည်၊ ရေပါသည်၊ ရေမှာ မီးပါသည် စသော ဓာတ်သဘာဝဖွဲ့စည်းမှုများ ရှိနေပါသည်။

ထို့ကြောင့် အပူဓာတ်လွန်ကဲလာလျှင် ပထဝီဓာတ်ပါလာတတ်ပါသည်။ ကမ္ဘာ့လေထုထဲမှာ အပူအအေး တေဇောဓာတ်သတ္တိချင်း တိုက်ပြီး မိုးခြိမ်းသံများ ပေါ်လာရသည်။ ပဋိပက္ခအပူဓာတ်များ၊ ပူးကပ်ပေါင်းစပ်၍ပေါက်ကွဲသံများဟိန်းထွက်လာရသည်မှာသည်ဥတုကြောင့် အသံဖြစ်ပေါ်လာပါသည်။

အသံထွက်ခြင်းသည် စိတ္တဇကြောင့်ပဲဖြစ်ဖြစ်၊ ဥတုဇကြောင့်ပဲဖြစ်ဖြစ်၊ ပထဝီဓာတ်ချင်း ထိခိုက်ပြီးမှ အသံ(သဒ္ဒ)ဖြစ်သည်ကို အဓိက မှတ်ရန်ဖြစ်ပါသည်။ ဥပမာ ဝါဂွမ်းစ(၂)ခု ထိခိုက်မိက မမာ၍ အသံမထွက်ပါ။ ကြောက်ခဲ (၂)ခု၊ ဒုတ်(၂)ခု ထိခိုက်မိက မာ၍ အသံထွက်ပါသည်။

ဤသည်ကို အသံဖြစ်ပေါ်မှုကို ဗုဒ္ဓက သူ၏အဘိဓမ္မာတွင် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်ကပင် သဒ္ဒေါစိတ္တောတုဇောဟူ၍ ဟောခဲ့ပါသည်။

ထိုအသံ၏ သဘာဝဖြစ်ပေါ်မှုကို ယနေ့သိပ္ပံပညာက ခရေစေ့တွင်းကျ မတွေ့ရှိမစမ်းသပ်နိုင်သေးပါ။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



# အသံကြားသိဖြစ်မှု သဘာဝအဆင့်ဆင့်

လူစသော သက်ရှိ သတ္တဝါတို့တွင် နားရှိသည်။ အသံများရှိသည်။ သို့သော် နားရှိရုံ အသံရှိရုံမျှဖြင့် ကြားသလား၊ သိသလားဆိုပါက အဘိဓမ္မာနည်းသဘာဝအရ ပြောရလျှင် မကြားသေး၊ မသိသေးပါ။

ပကတိလောကသဘာဝအရှိကို လေ့လာကြည့်လျှင် အသံလွှင့်ရုံ နှင့် အသံဖမ်းစက် ရေဒီယိုသဘာဝသည်ထင်ရှားပါသည်။အသံဖြစ်သောနေရာသည်အသံလွှင့်ရုံနှင့်တူပါသည်။ လူ၏နားသည် အသံဖမ်း စက်(ရေဒီယို)နှင့်တူသည်ဟု ဆိုရပါသည်။

တောင်ထိပ်(သို့မဟုတ်) အဝေးတစ်နေရာက ခေါင်းလောင်းထိုးသံ၊ အော်ပြောသံ ကိုတောင်အောက်ကလူ၊ အဝေးမှာရှိသောလူက ကြားရခြင်း၌ခေါင်းလောင်းထိုးလိုက်မှုအော် ဟစ်လိုက်မှုသည် အသံလွှင့်လိုက်ခြင်းဖြစ်သည်။ လူ၏နားက ကြားရခြင်းသည် အသံဖမ်းယူ လိုက်ခြင်းပင် ဖြစ်ပါသည်။

တောင်အောက်နှင့် တောင်ထိပ်အကြား အဝေးတစ်လျှောက်အသံသည် လေဖြင့် ကူးလာသည်ဟု လူသာမန်တို့က အကြမ်းဖျဉ်းအားဖြင့် သိကြပါသည်။ အဘိဓမ္မာသဘာဝအရ ကြည့်သော် လေထဲ၌ မီး၊ ရေ၊ လေ ဟူသော မဟာဘုတ်ဓာတ်ကြီး(၄)ပါးလုံး ပါနေပါသည်။ အသံသည် မဟာဘုတ်ရုပ်ဓာတ်သဘောအရ ဆက်သွယ်ပြီး လူ၏နားထဲသို့ ရောက်လာသည် ဟု သိရပါသည်။

လူ၏ နားသောတအကြည်ရုပ်သည် လူသား၏ခန္ဓာကိုယ်ထဲ၌ အလွန်နူးညံ့သော ရုပ်နကလေးဖြစ်ပါသည်။ လူထက် ကိုယ်ခန္ဓာနူးညံ့သော နတ်၊ ဗြဟ္မာများ၏ နားသောတ အကြည်ရုပ်နှင့် နှိုင်းစာသော် အလွန်ကြမ်းပါသည်။ ထိုကဲ့သို့ အကြမ်းစားလူ၏ နားသောတတို့ ကို ရနိုင်ရန်အတွက် လူလောကများရှိသော ဓာတ်သဘာဝ မဟာဘုတ်(၄)မျိုး လိုပါ သည်။

လူ့လောကမည်သည့်နေရာမဆို လေရှိသည် သို့မဟုတ် မဟာဘုတ်ဓာတ်ကြီး(၄) ပါးရှိသည်၊ယင်းရုပ်ဓာတ်ကြီး(၄)ပါးကဆက်သွယ်ပြီးအသံဖြစ်ရာနေရာကနေလူ၏နားပေါက် ထဲသို့ အသံရောက်လာခြင်း ဖြစ်ပါသည်။

နောက်သဘာဝတစ်ခုမှာ အသံလွှင့်ရုံက အသံလွှင့်ထုတ်သည့် ရေဒီယိုရှိသည်ဆို ရုံမျှဖြင့် အသိက မပြည့်သေးပါ။ ခလုတ်ဖွင့်မှ အသံပြည့်ပါ မည်။

ဤဥပမာကဲ့သို့ပင် နားရှိသည်။ အသံများရှိသည်ဆိုရုံမျှဖြင့် အသံကို မကြားနိုင်ပါ၊ ခလုတ်နှင့်တူသော နလုံးသွင်းမှု စိတ်ညွတ်မှု (မနသိကာရ) ရှိဖို့လိုပါသည်။ စိတ်နလုံးသွင်းမှု၊ စိတ်ညွတ်မှုရှိမှ အသံကို ကြားပါမည်။ စိတ်က တခြားကို စူးစိုက်နေလျှင် မကြားရပါ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အချုပ်ဆိုရသော် နားအကြည်ရုပ်ရှိရမည်။ အသံရှိရမည်။ နားပေါက်ကောင်းနေဖွင့်နေရမည်။ နှလုံးသွင်းမှုရှိရမည်။ ဤ(၄)ချက်ပြည့်စုံမှ အသံကိုကြားရပါမည်။ တစ်ချက်ချွတ်ယွင်းနေပါက အသံမကြားနိုင်ပါ။

ကြားပုံမှာ အသံများ၊ သောတပသာဒ (နားအကြည်ရုပ်)ကိုလာပြီး အရှိန်ရိုက်ခတ်သောအခါ ရင်ချိုင့်အတွင်းမှာရှိသော နှလုံးသွေးအကြည် ရုပ်တည်မှီဖြစ်ပေါ်နေသော ဘဝင်စိတ်ကလေးကိုလည်းတစ်ပြိုင်နက်တည်းထိခတ်မိပါသည်။ လာသောအသံသည်နားမှာရော၊ နှလုံးသားမှာပါ တစ်ချိန်တည်း ထိခတ်သည်ဟု ဆိုလိုပါသည်။

လူကိုယ်တိုင်က မဟာဘုတ်ရုပ် - ဓာတ်များ၏ အစုအဝေးဖြစ်နေပြီး နှလုံးသားနှင့် နားသည် တစ်ပေခန့် ကွာဝေးနေသည်ဖြစ်သော်လည်း မဟာဘုတ်သဘာဝအရ တစ်စပ်တည်း ဖြစ်နေပါသည်။ သို့အတွက် နားမှာ အသံရှိန်ထိခတ်ဟပ်သည်နှင့် တစ်ပြိုင်နက် နှလုံးသားများသို့လည်း တစ်ပြိုင်နက် ရောက်ခြင်းဖြစ်ပါသည်။

အသံများ၊ နားနှင့်နှလုံးမှာ အရှိန်ခတ်သည်ကို အာရုံထင်သည်ဟု ဆိုပါသည်။ အာရုံထင်သည်(ဝါ) အာရုံရုပ်များနှင့် အကြည်ရုပ်(ပသာဒရုပ်) ထိခတ်သည်နှင့် နှလုံးသွင်းစိတ်နေရာမှ နာမ်သဘာဝလေးများမီးခြစ်အိမ်နှင့် မီးခြစ်ခတ်လိုက်က မီးပွင့်လာသကဲ့သို့ ဆက်ကာဆက်ကာ ပွင့်လာ ပါသည်။

ဤနေရာတွင် အထူးမှတ်ရမည်မှာ မျက်စိနှင့်အဆင်းရုပ်မြင်စဉ်က အာရုံရုပ်နှင့် ပသာဒရုပ် မထိမခတ်မီကလေးမှာပင် ဝိညာဉ်စိတ်ကလေးများ ပွင့်လာသကဲ့သို့ပင် ယခု သဒ္ဒဆိုသော အသံများ၊ နားအကြည် ရုပ်ဆီလာသောအခါမှာ အသံနှင့်အကြည်ရုပ် မထိခတ်မီကလေးမှာပင် နာမ်ဓာတ်ကလေး ပွင့်ထွက်လာပါသည်။

ပထမဆုံးပွင့်လာသော စိတ်ကလေး၊ အသံရုပ်ကို နှလုံးသွင်း ဆင်ခြင်မှုသဘောဖြစ်ပါသည်။ သူ၏နောက်ဆက်ဖြစ်သောစိတ်က အသံကိုကြားသော သောတဝိညာဉ်စိတ် ဖြစ်ပါသည်။

ကြားသည်ဟုဆိုပေမယ့် ယခု ပြင်ပလောကသိနေကြသော ကြားသည်ဆိုသည်နှင့် မတူသေးပါ။ ကြားသည်ဆိုသော သဘာဝကလေးမျှသာ ရှိပါသေးသည်။ သူ့သဘာဝသည် သူ့ဟာသူဖြစ်ပြီး ချက်ချင်း ပျက်သွားပါသည်။ သူဖြစ်ပျက်သောကာလသည် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းစိတ်လျှင် တစ်စိတ်စာကာလကလေးလောက်မျှသာ ကြာပါသည်။

ထို့ကြောင့် ဤသောတဝိညာဉ်ကလေး တစ်ခုဖြစ်ရုံမျှနှင့် ယနေ့ ပုထုဇဉ်လူသားများ သိနေသလို အသံကြားပြီဟူ၍ မမှတ်ရသေးပါ။ နား တံခါးဖွင့်ပေးရုံမျှသာ ရှိပါသည်။

သောတဝိညာဉ်စိတ်ကလေး ဖြစ် - ချုပ်သွားသော်လည်း သဒ္ဒ (အသံ)ရုပ်က မချုပ်သေးပါ။ ရှိနေပါသေးသည်။ လောကသဘာဝအရ ရုပ်သက်က စိတ်သက်ထက်ကြာ၍ ရှည်၍ အသံရုပ်က မချုပ်သေးပါ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထို့ကြောင့် အသံလက်ဆင့်ကမ်း ပြေးဆွဲသလို တစ်ယောက်ထွက်သွားလျှင် နောက်တစ်ယောက်က ဆက်လက်သယ်သလို ရှေးက စိတ်တစ်စိတ်ချုပ်သွားပြီး နောက်က စိတ်တစ်စိတ် ပေါ်လာပါသည်။

ထိုအသံ(သဒ္ဒ)ရုပ်ကလေးကိုပဲ လက်ခံပြီး လက်ခံစိတ်၊ (၁) သမ္ပဋိစ္ဆိုင်းစိတ် စုံစမ်းစိတ် (သန္တီရဏစိတ်၊ ဆုံးဖြတ်စိတ်(ဝုဋ္ဌောစိတ်)(၃)မျိုး ဆက်ဖြစ်သွားပါသည်။

ဝုဋ္ဌောစိတ်ချုပ်သွားပြီးနောက်မှာ ယင်းအသံကို တွယ်တာသောသဘော လောဘဇောစိတ် (သို့မဟုတ်) မလိုလားငြင်းဆန်သော ဒေါသဇောစိတ်၊ ဘာရယ်ညာရယ်ဟု မည်မည်ရရသဘောမထားသော မောဟဇောစိတ် ဤစိတ်တစ်မျိုးမျိုးသည် (၇)ကြိမ်(၇)ခါတိတိ ဆက်ကာဆက် ကာ ဖြစ်ချုပ်သွားပါသည်။

ထို့နောက် ထိုဇောဝင်စိတ်သည် အရှိန်အဟုန်နောက်လိုက်ဖြစ်သော (သဒ္ဒါရုံ)စိတ်နှစ်ကြိမ်ဖြစ်ပြီး ချုပ်ပါသည်။ အသံ(သဒ္ဒ)ရုပ်သည်လည်း ရုပ်သက်စေ့၍ ချုပ်ပျက်သွားပါတော့သည်။

ယင်းကိုစိတ်အစဉ်(ဝီထိစိတ်)နှင့်ကြည့်ပါက အာဝဇ္ဇန်းစိတ်၊ သောတဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ်၊ တစ်ကြိမ်စီ၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်ဆိုသော စိတ်အားလုံးသည် အသံရုပ်(သဒ္ဒရုပ်)တစ်ခုကို လက်ခံအာရုံပြုပြီး အလံတော်လက်ဆင့်ကမ်းသယ်သကဲ့သို့ တစ်ခုပြီးတစ်ခု ဖြစ် - ချုပ်သွားကြသောအခါ ယင်းအသံကို ကြားသည်၊ သိသည်၊ ကြိုက်သည်၊ မကြိုက်ဘူးဟူသော သဘာဝများ ပေါ်လာပါသည်။

အသံသည် တစ်ခုတည်းမကဘဲ ဆက်ကာဆက်ကာ လာမြဲသဘောရှိပါသည်။ ဥပမာ - ကြေးစည်သံ၊ ခေါင်းလောင်းသံများသည် ရုပ်သက်(၅၁)ချက်ရှိသော အသံမျိုးဖြစ်ပါသည်။ ယင်းအသံကို လက်ခံပြီး စိတ်အစဉ်(ဝီထိစိတ်)ကလည်း ဖြစ်ပါသည်။

ခဏငယ် (၅၁) ချက်အသက်ရှိသော ရှေးရှေးအသံရုပ်များ ချုပ် - ပျက် - ပျက်ပြီး နောက် နောက်နောက်အသံများက ဆက်၍ဆက်၍ ဖြစ်ချုပ်ကြပါသည်။

အသံတစ်ခု မချုပ်ခင်ကို ပစ္စုပ္ပန်အသံ ဟူ၍ ခေါ်ပါသည်။ ဖြစ် - ချုပ်ပြီးသော အသံကို အတိတ်အသံဟူ၍ ခေါ်ပါသည်။

ဤအသံတွင် အသံတစ်မျိုးတည်းနှင့် အဓိပ္ပာယ်ပေါ်လွင်သော အသံမျိုးနှင့် အသံများ စုပေါင်းအဓိပ္ပာယ်ပေါ်လွင်သော အသံမျိုးဟူ၍ (၂)မျိုးရှိနေပါသည်။

ဥပမာ ခွေး၊ ကြောင်၊ နွား၊ ကျား၊ ကြောင်၊ ကြွက်စသော အသံများသည် အသံတစ်သံတည်းနှင့် ဒြပ်ကောင်အဓိပ္ပာယ် ပေါ်လွင်ပါသည်။ အိမ်မြှောင်၊ တောက်တဲ့၊ ကျားသစ်၊ ခြင်္သေ့ စသော အသံတို့မှာ နှစ်သံပေါင်းမှ အကောင်ဒြပ်ပေါ်ပါသည်။

(၃)သံ(၄)သံပေါင်းမှ ဒြပ်ကောင် အဓိပ္ပာယ်ရသည်များလည်း ရှိပါသည်။

www.dhammaransi.com



ထို့အပြင် သူကျောင်းသွားသည်၊ သူစားသည်၊ သူစာဖတ်သည် စသည်ဖြင့် စကားပြောများ၌ အသံများစုပေါင်းမှ အဓိပ္ပာယ်ကို သိရပါသည်။

အဓိပ္ပာယ်တစ်ခုရသော အသံကိုကြားရာ၌ ပစ္စုပ္ပန်အသံကို ပစ္စုပ္ပန် နား (သောတ) တစ်ဝီထိဖြင့် ခံယူပြီးနောက် ချုပ်ပျက်သွားသောအသံကို ဆက်လက်ခံယူပြီး မနောဒွါရဝီထိစိတ် (စိတ်တံခါးပေါက်ဝင်လာသော စိတ်အစဉ်)များ ဖြစ်ပါသည်။

ဥပမာ ခွေးဆိုသော အသံကြားရလျှင် ယင်းပစ္စုပ္ပန်အသံများကိုယူပြီး ပစ္စုပ္ပန်တစ်ဝီထိ ဖြစ်ချုပ်သွားပြီးနောက် ချုပ်သွားသောအတိတ်အသံကို ဆက်လက်ခံယူသော မနောဒွါရတစ်ဝီထိ ဖြစ်ပါသည်။

နောက် - ခွေးဆိုသော အမည်ပညတ်ကို အာရုံပြုပြီး မနောဒွါရတစ်ဝီထိ၊ ခွေးဒြပ်ကောင်ကို အာရုံညွှတ်ပြီး တစ်ဝီထိ၊

ဤကဲ့သို့ (၄)ဝီထိဆက်တိုက်ဖြစ်သွားပါသည်။ ထိုသို့ (၄)ဝီထိဖြစ်ပြီးမှ ခွေးတစ်ကောင်အထိ သိပါသည်။ စိတ်အလျင်နှုန်းက အလွန်မြန်သောကြောင့် ခုသိသည်ဟု ထင်မှတ်နေကြပါသည်။

အကယ်၍အသံကို သင်္ကေတဖြင့်ကြိုတင်မှတ်သားထားခြင်းမရှိပါက အသံကြားပြီး အမည်ပညတ်တွင် ရပ်သွားပါသည်။ ဒြပ်ကောင်အထိ မသိပါ။

ဥပမာ အင်္ဂလိပ်စကား မတတ်သူ၊ မသိသူတစ်ဦးအား ဒေါ့(ဂ်) (dog) ဟု ပြောလိုက်လျှင် သူသည် ပထမဆုံးဝီထိနှင့်ပင် ရပ်သွားပါမည်။ ခွေးဒြပ်ကောင် ထိအောင်မသိနိုင်ပါ။

ဤနည်းတူ မိမိမတတ်ကျွမ်းသော ဘာသာခြားအသံများကို ကြားရာ၌လည်း အသံကြားဝီထိများမှုကားဖြစ်ပါသည်။ သို့သော် ဒြပ် အဓိပ္ပာယ်အထိသိသော ဝီထိစိတ်မကျပါ။

အချုပ်ဆိုရလျှင် အသံကြားမှုသည် နားထဲကသောတရုပ် (အကြည်ရုပ်)က ကြားသည်မဟုတ်ပါ။ ရုပ်သည် အထောက်အကူပြု အကြောင်းတစ်ရပ်သာဖြစ်ပါသည်။ ပသာဒရုပ် (အကြည်ရုပ်)နှင့် အသံတို့ ထိခတ်ရာမှ ပေါ်လာသော နာမ်သောတဝိညာဉ်ကသာ ကြားခြင်းဖြစ်ပါသည်။ ဤကြားမှုသည်လည်း ကြားရုံသဘာဝကလေးမျှသာဖြစ်သည်။ နာမ်လေးသော်မှ ကြားခြင်း ကိစ္စတစ်ခုတည်းပြီးသည်မဟုတ်ပါ။ ဝီထိအုပ်စုနှင့် အုပ်စုလိုက်ဖြစ်ကြသော နာမ်တွေကသာ ကြားသည်၊ သိသည်ကို မှတ်ရပါမည်။

ကြားမှုကလေးတစ်ခု၏ အဆင့်ဆင့်ဖြစ်မှု၊ နက်နဲမှုကို ဗုဒ္ဓက အဘိဓမ္မာတွင် အသေးစိတ်ထုတ်ဖော်ဟောကြားခဲ့ပါသည်။ ယနေ့သိပ္ပံကထိုကြားမှုသဘောကလေး၏ နာမ်သဘာဝကို ထုတ်ဖော်မပြနိုင်သေးပါ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## လူသားတို့၏ အနံ့နံသော သဘာဝ

လောကရှိ သက်ရှိသတ္တဝါမှန်သမျှမှာ နှာခေါင်းဆိုတာရှိသလို ထိုနှာခေါင်းဖြင့် အနံ့များကို အနံ့ခံကြပါသည်။ ထိုအနံ့သည်လည်း လေ၏ သယ်ယူဆောင်မှုသဘော ပါနေပါသည်။

မဟာသမုဒ္ဒရာလောကသဘာဝ နိယာမအရ (၆)နာရီလျှင် တစ်ကြိမ်ကျ ရေတက်ရေကျဖြစ်ပေါ်ပြီးရေစီးကြောင်းထ.လျက်ရှိသလို သက်ရှိသတ္တဝါတစ်ဦး၏ကိုယ်ခန္ဓာမှာလည်း တစ်မိနစ်လျှင် ၁၀-ကြိမ်၊ ၁၅-ကြိမ်ခန့် နှာခေါင်းဝမှ ချက်အထိ မပြတ်ဝင်.ထွက်နေသော "လေစီးကြောင်း" ရှိနေပါသည်။ နိုးနေနေ၊ အိပ်နေနေ၊ သိသိမသိသိ လေစီးကြောင်းက မပြတ်စီးလျက်ရှိနေပါသည်။

ယင်းလေစီးကြောင်းသည် လူ၏နှာခေါင်းတစ်လျှောက် ဖြတ်ပြီး ဝင်ထွက်နေပါသည်။ နှာခေါင်းဝမှ ချက်အထိ လေစီးကြောင်းလမ်းမှာ နှာခေါင်းပေါက်ထဲ၌ ဆိတ်ခွာသဏ္ဌာန်နှင့်တူသောနေရာ၌ ရုပ်ဓာတ်အကြည်သဘာဝကလေးပေါင်းများစွာ မှီ၍ ဖြစ်ပျက်နေပါသည်။

ပါဠိဘာသာအားဖြင့် နှာခေါင်းကို ဃာန၊ အကြည်ကို ပသာဒဟုခေါ်သဖြင့် ဃာနပသာဒ နှာခေါင်းအကြည်ရုပ်ဟု နှာခေါင်းအပေါက်ထဲရှိ ဆိတ်ခွာသဏ္ဌာန်ရုပ်ရှိ အကြည်သဘာဝကလေးကို ဃာနပသာဒဟူ၍ ဗုဒ္ဓအဘိဓမ္မာ၌ ဟောထားပါသည်။

ယင်းဃာနပသာဒရုပ်ကလေးများသည် အနံ့မပါဘဲ လေသန့်သန့်များသာ နှာခေါင်းထဲဝင်လာပါက တုတ်တုတ်မျှ မလှုပ် ထိခတ်မှုမဖြစ်၊ နဂိုသဘာဝအတိုင်းပင် နေပါသည်။

ဤနေရာ၌ လေနှင့်အနံ့သဘာဝကိုလည်း သိထားရန် လိုအပ်လှပါသည်။

သာမန်ပုထုဇဉ်လူသား၏ လောကသဘာဝအမြင်အရဆိုလျှင် လေမှာအနံ့မရှိ၊ အရောင်အဆင်းမရှိ၊ အရသာမရှိ၊ စား၍မရ ဆိုပါမည်။ လေ၏သဘာဝကို အနံ့ခံကြည့်ပါက ဘာနံ့မှမရသည့်အတွက် အနံ့မရှိဟု ဆိုပါမည်။ လေကိုမျက်စိနှင့်မြင်၍ မရ၍ လေများအရောင်အဆင်းမရှိဟု ဆိုပါမည်။

လူသား၏ နှာခေါင်းနှင့် မျက်စိကိုစံပြုပြီး လေ၏သဘာဝကို ဆုံးဖြတ်ကြပါသည်။ သို့အတွက် သာမန်ပုထုဇဉ်များအဖို့ လေမှာ ဘာအနံ့မျှမရ၊ ဘာအဆင်းမျှမရှိဟု ဆိုခြင်းဖြစ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာအရ ဓာတ်ခွဲကြည့်ပါက လေတွင် အနံ့ရှိနေပါသည်။ လေကို ဓာတ်ခွဲကြည့်ပါက...

လေတွင် ခက်မာနူးညံ့သော ပထဝီဓာတ်၊ ဖွဲ့စည်းဖန်တီးထားသော အာပေါဓာတ်၊ ပူ-အေး တေဇောဓာတ်၊ ထောက်ကန်လှုပ်ရှားသော ဝါယောဓာတ်၊ အဆင်းဝဏ္ဏဓာတ်၊ အနံ့

www.dhammaransi.com



-ဂန္ဓဓာတ်၊ အရသာ ရသာဓာတ်၊ အဆီအစေး၊ ဩဇာဓာတ်ဟူသော ဓာတ်သဘာဝ(၈)မျိုး ပါနေပါသည်။

ယင်း(၈)မျိုးထဲမှ ဝါယောဓာတ်လွန်ကဲမှုသည် ဝင်လေထွက်လေ ဖြစ်နေမှုဖြစ်နေခြင်းဖြစ်ပါသည်။

ယင်းလေအဖွဲ့အစည်းထဲမှာ ပါနေသော အနံ့သဘာဝကို လူသားများ ကြမ်းတမ်းသောဃာနပသာဒကမထိတွေ့နိုင်ပါ။လူသား၏ဃာနပသာဒရုပ်ကကြမ်းသောအာရုံလောက်ကိုသာ လက်ခံနိုင်ပါသည်။ ဥပမာနှိုင်းယှဉ်ပြရလျှင် မျက်စိနှင့် နားဥပမာကြည့်ပါက လူ့မျက်စိနှင့်မမြင်နိုင်မကြားနိုင်သည်ကိုနတ်မျက်စိ၊နတ်နားနှင့်မြင်နိုင်ကြားနိုင်ပါသည်။မည်သို့ခြားနားသနည်းဟုဆိုပါက လူ၏ မျက်စိနှင့်နားသည် နတ်၏မျက်စိ၊ နားလောက်မနူးညံ့၊ ကြမ်းတမ်း၍ဖြစ်သည်။ တစ်နည်းပြောရလျှင် စွမ်းအားကွာ၍ဖြစ်သည်။

လူ၏ခန္ဓာကိုယ်နှင့် နတ်၏ခန္ဓာကိုယ်သည် ခန္ဓာငါးပါးဖွဲ့စည်းပုံ ချင်းတူခြားသော်လည်း နနယ်ပုံစွမ်းအားမှာမူ အလွန်ကွာပါသည်။

လူ့သဘာဝအလွန်စိတ်ဆိုးမှုဖြစ်လျှင် မသေပါ။နတ်အလွန်စိတ်ဆိုးလျှင် ကိုယ်ခန္ဓာထိခိုက်ပြီးသေပျောက်သွားနိုင်သည်။လူသေလျှင်အသေကောင်ကြီးသည်ပုပ်ပွပြီးအချိန်ကြာမှ ပျောက်ကွယ်သွားပါသည်။ နတ်သေလျှင် မီးတောက်ငြိမ်းသလို ချက်ချင်းပျောက်ကွယ်သွားပါသည်။

ဤသည်မှာ လူ၏ ခန္ဓာကိုယ်ကြမ်းတမ်းမှုနှင့် နတ်၏ခန္ဓာကိုယ် နူးညံ့မှုသဘာဝ ထူးခြားသော သဘောဖြစ်ပါသည်။

ဤကွာခြားမှုကိုကြည့်လျှင် နတ်၏မျက်စိ၊ နားသည် လူ၏မျက်စိ နားထက်ပို၍ သိမ်မွေ့နူးညံ့ ပို၍ စွမ်းအားထက်သန်သည်။ မြင်အား ကြားအားသန်သည်ကို တွေ့ရပါမည်။

(မြင်တာ-ကြားတာမဟုတ်၊ မြင်အား၊ ကြားအားသန်သည့်သဘောကို သဘောပေါက်ထားရမည်)

ယင်းမျက်စိသဘော၊ နားသဘောကို စဉ်းစားမိပါက လူ့၌နှာခေါင်းထဲက အနံ့ယူအကြည်ရုပ်(ပသာဒရုပ်)များသည်လည်းများစွာအစွမ်းမထက်ကြပါ။လေအဖွဲ့အစည်းများမှာပါသော ဂန္ဓဓာတ်ကို အလုမ်းမမီပါ။ ဤကဲ့သို့ နှိုင်းယှဉ်သိရပါမည်။ (မြေအနံ့၊ လေအနံ့၊ မီးအနံ့တို့သည်လည်း ထိုနည်းကဲ့သို့ရှိသည်ကို စဉ်းစားကြည့်ပါ)

သာမန်လူများက လေ၌အနံ့မရှိဆိုသည်ကို အဘိဓမ္မာသဘာဝအရ အနံ့ရှိနေပါသည်။ ယင်းကို ကြမ်းတမ်းသော သဘာဝရှိသောလူသား၏နှာခေါင်းပသာဒရုပ်နှင့် မရနိုင်၊ မနံနိုင်ဟု သိရပါမည်။

www.dhammaransi.com



ယင်းအန်နှင့် ပတ်သက်၍ ဗုဒ္ဓက အာယတနဝိဘင်း၌ "အန်ဆိုသည်မှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော မဟာဘုတ်ဓာတ်ကြီးလေးပါးကို အမှီပြုပြီး ထွက်လာပါသည်။ အန်ကို ပကတိမျက်စိဖြင့်မမြင်နိုင်၊ သို့သော် အန်သည် ဃာနပသာဒမှာ ထိခိုက်ထင်လာနိုင်ပါသည်။ အချုပ်အားဖြင့် အန်သည် အမြစ်နံ့၊ အနစ်နံ့၊ အခွံခေါက်အနံ့၊ အရွက်နံ့၊ အပွင့်နံ့၊ အဖူးနံ့၊ အစိမ်းနံ့၊ အမှည့်နံ့၊ အန်ကောင်း၊ အန်ဆိုး စသည်များဖြစ်ကြသည်။ ယင်းမဟာဘုတ်ကြီး(၄)ပါးကို စွဲမှီပြီး ဖြစ်ပေါ်လာသော နှာခေါင်းမှာ (ဝါ) ဃာနပသာဒမှာ လာထိခိုက်နိုင်သောလူတို့နမ်း၍ရှူ၍ရသောအရာအားလုံးကိုအန်ဟုဆိုရသည်" ဟူ၍ဟောကြားထားပါသည်။

အမြစ်နံ့ဆိုသည်မှာ အမြစ်က ထွက်လာသောအန်ဖြစ်ပါသည်။ အမြစ်သည်လည်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်ကြီးလေးပါး၏ အဖွဲ့အစည်းဖြစ်ပါသည်။ အမြစ်နံ့ဟူသော ဝေါဟာရသည် ပညတ်အမည် ဖြစ်ပါသည်။ ပရမတ်သဘောပြောလျှင် ဓာတ်ကြီး(၄)ပါး မှီ၍ဖြစ်သော အန်(ဥပါဒါဂန္ဓာ)ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုအန်သည်သက်ရှိ - သက်မဲ့(၂)မျိုးနှင့်ဆိုင်ပါသည်။သက်ရှိမှာလည်းအန်ရှိသည်၊ သက်မဲ့မှာလည်း အန်ရှိပါသည်။

အန်ဖြစ်ရသော အကြောင်းတရား(၄) ပါးရှိပါသည်...

- ကံကြောင့်လည်းဖြစ်ပါသည်။
- စိတ်ကြောင့်လည်းဖြစ်ပါသည်။
- အာဟာရကြောင့်လည်းဖြစ်ပါသည်။
- ဥတုကြောင့်လည်းဖြစ်ပါသည်။

သက်ရှိသတ္တဝါပဲဖြစ်ဖြစ်၊ သက်မဲ့အရာဝတ္ထုတွေမှာပဲဖြစ်ဖြစ် ဥတုကြောင့် အန်ဖြစ်ပုံကိုသိသာနိုင်ပါသည်။ ဥတုမျှတညီညွတ်လျှင် အန်ကောင်းပြီး ဖောက်ပြန်လျှင် အန်ဆိုးပါသည်။

သက်ရှိသတ္တဝါမှာ ကံရုပ်၊ စိတ်ရုပ်၊ ဥတုရုပ်၊ အာဟာရရုပ်၊ ဥတုရုပ်(၄)မျိုးရှိပါသည်။ လူသေကောင်မှာကျတော့ ကံရုပ်၊ စိတ်ရုပ်၊ အာဟာရရုပ် မရှိတော့ပါ၊ ဥတုဇရုပ်သက်သက်ပဲ ကျန်တော့သည်။ ပြင်ပ က ဆန့်ကျင်ဘက်ဥတုနှင့်တွေ့သောအခါ ပုပ်ဟောင်နံစော်သော အန်တွေ ဖြစ်လာရပါသည်။

ဗုဒ္ဓဘာသာကံတရားအရပြောရလျှင် အကုသိုလ်ကံအကျိုးပြနေလျှင် ထိုသူရဲ့ကိုယ်မှာ အန်မကောင်းပါ၊ ဥပမာ - ဘုရားလက်ထက်က ဘဒ္ဒါအမျိုးသမီး အန်မကောင်းမှုကြောင့် လင်အမျိုးမျိုးက ငြင်းပယ်ခံခဲ့ရတယ်၊ ရှင်ဥပဂုတ္တ၏မိခင် မစ္ဆဝတီ ငါးပုပ်နံ့ထွက်နေသည်။

www.dhammaransi.com



မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကံတွေက စီမံလျှင် ထိုသူ့ကိုယ်မှာ ရနံ့ကောင်း ထွက်သည်။ ဥပ္ပလဝဏ်ထေရီမဟာ လူ့ဘဝထဲက ကြာညိုနံ့သင်း အနံ့ထွက်သူဖြစ်သည်။

တချို့အာခံတွင်းကမပြတ်အပုပ်နံ့လှိုင်နေသည်။ အချို့အာခံတွင်းက ကြာညိုနံ့သင်း သည် စသည်ဖြင့် ကုသိုလ်၊ အကုသိုလ်ကံအရ အနံ့ပုပ်မှု၊ အနံ့သင်းပျံ့မွှေးမှုများ ရှိပါသည်။

စိတ်တွင် လောဘစိတ်၊ ဒေါသစိတ်စသော အကုသိုလ်စိတ်များက လူကို အနံ့ဆိုး စေပါသည်။ သဒ္ဓါစိတ်၊ မေတ္တာစိတ်ဟူသော ကုသိုလ်စိတ်များက လူကို ရနံ့သင်းစေပါသည်။

တစ်ဖန်စားသော အစာကိုလိုက်ပြီး ကိုယ်ရနံ့ကောင်းမှု - ဆိုးမှု ဖြစ်တတ်ပါသည်။ ဥပမာ - ကြက်သွန်နီများများစားသောသူဟာ ချိုင်းပတ်နံ့ နံတတ်ပါသည်။

ထို့အပြင် သက်ရှိလောကမှာပဲဖြစ်ဖြစ် သက်မဲ့လောကမှာပဲဖြစ်ဖြစ် ဇီဇဓာတ်ဆို သောသဘာဝသည် အရေးကြီးပါသည်။ သို့သော် လူကိုပဲဖြစ်ဖြစ်၊ သစ်ပင်ကိုပဲဖြစ်ဖြစ်၊ ဓာတ်ခွဲ ကြည့်ပါက ဇီဇဟူ၍ သီးခြားမတွေ့ရပါ။ ရုပ်ဓာတ်၊ နာမ်ဓာတ်ကိုပဲ တွေ့ရပါသည်။ ထိုရုပ်ဓာတ်၊ နာမ်ဓာတ်များကို ဓာတ်ခွဲကြည့်လျှင်လည်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုသော မဟာ ဘုတ်ဓာတ်ကြီး(၄)ပါးနှင့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုသော ဓာတ်ပေါင်းပဲတွေ့ရပါသည် (ဝါ) အဝိနိဗ္ဘောဂရုပ်(၈)ပါးပဲ တွေ့ရပါသည်။ ဇီဇဓာတ်ဟူ၍ သီးခြားမတွေ့ရပါ။

ဇီဇဆိုသည်မှာ အဘယ်နည်းဟုရှာသော် ဓာတ်ကြီး(၄)ပါးထဲက တေဇောဓာတ်၏ အံ့မခန်းသော နိယာမအဆင့်ရောက်နေသော ဂုဏ် သတ္တိဖြစ်သည်ကို တွေ့ရပါသည်။

ထိုတေဇောဓာတ်၏စွမ်းကား ဇီဇဓာတ်သဘောကိုလေ့လာလျှင် ကြောင်နံ့သာ၊ ကြောင်ကတိုးဆိုသော သတ္တဝါမျိုးသည် မွှေးသည်၊ ကျင်ကြီး ကျင်ငယ်ကစပြီး မွှေးသော သဘာဝရှိသည်။ အိမ်ကြောင်များ၏ချေးကမူပျော့ပျော့နံတဲ့ကြောင်ချေးဟု ဆိုစမှတ်ပြုရသည့် သဘာဝရှိနေပါသည်။

သစ်ပင်လောကတွင် စံပယ်ပင်၊ စကားပင်၊ သနပ်ခါးပင်များက ပွင့်သောအပွင့်တို့ မှာ မွှေးကြိုင်သလောက် လက်ခုပ်ပင်ကပွင့်သော အပွင့်ကမူ အလွန်အနံ့ဆိုးပါသည်။ မျိုးဇီဇ ကြောင့် အနံ့ကွဲဖြစ်ပေါ်ရခြင်း သဘာဝသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုသော အနံ့ဖြစ်စေ သော အကြောင်းလေးပါးနှင့် တေဇော၏ သတိပျသဘာဝသာဖြစ်ကြောင်း အဘိဓမ္မာသဘာဝ အရ သိရပါသည်။

ထိုမွှေးသောအနံ့၊ ဆိုးသောအနံ့များသည် သူ၏အပွင့်များပင် နံနေခြင်းဖြစ်ပါသည်။ အနံ့က မည်သည့်နေရာသို့မျှ မသွားပါ။ မဖြန့်ပါ။ ထိုအနံ့ မထွက်၊ မပြန့်ပါက လူ၏နာခေါင်းတွင် အနံ့ရမည်မဟုတ်ပါ။

အနံ့ကို မူလဝတ္ထုကနေပြီးထွက်ဖို့ လုပ်ပေးသောအရာသည်က လေပင်ဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



လေကြောင့် အနံ့ထွက်သည်။ လေထဲ အနံ့ပါလာပြီး လူ၏နှာခေါင်းထဲရှိ ဃာနပသာဒနှင့် ထိတွေ့သော် နံဖို့ဖြစ်လာရပါသည်။

မွှေးဖို့၊ နံဖို့အတွက် အကြောင်း(၄)ချက် ပြည့်စုံရသည်ဟု အဘိဓမ္မာကဆိုပါသည်။

- နှာခေါင်းပေါက်ထဲရှိ ဃာနပသာဒ(နှာခေါင်းအကြည်ရုပ်) ကောင်းရမည်။
- လေရှိရမည်။
- အနံ့ရှိရမည်။
- လူက နှလုံးသွင်းမှု(နိုးကြားနေမှု)လည်းရှိရမည်။

ဤအကြောင်း(၄)ပါး ညီညွတ်ပါမှ အနံ့ကို ရနိုင်ပါသည်။

လူကနိုးကြားမနေဘဲနိုးနေပေမယ့် အခြားစိတ်ရောက်လွှန်းနေလို့ နှလုံးမသွင်းမိရင်လည်း အနံ့မရနိုင်ပါ၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေ သူလည်း နှလုံးသွင်းမှုမရှိ၍ အနံ့မရနိုင်ပါ။

ဤအချက်ကိုကြည့်ပါက အာရုံခံယူမှုအပိုင်းတွင် သိစိတ်၏ သဘာဝအရေးပါပုံကို သိနိုင်ပါသည်။ တစ်ဖန် နှာခေါင်းပေါက်ထဲက ဃာနပသာဒရုပ်တစ်ခုတည်းက အနံ့ကိုခံယူနိုင်သည်မဟုတ်၊ ရုပ်သည် အကြောင်းတရားတစ်ခု အင်္ဂါအစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း သိရပါသည်။

အနံ့သည် လေနှင့်ပေါင်းမိပါက လူ၏ပြင်ပ (ဗဟိဒ္ဓ) အနံ့ကိုသာ နှာခေါင်းအကြည်ရုပ်က အနံ့ခံနိုင်တာမဟုတ်။ ကိုယ်တွင်း (အဇ္ဈတ္တက အနံ့သည်လည်း လေနှင့်ပေါင်းမိပါက နှာခေါင်းထဲ အနံ့ရောက်လာပါသည်။ ဥပမာ - အစာမကြေ လေချဉ်တက်သောအခါ ဝမ်းထဲက ချဉ်နေသောအနံ့သည် လေနှင့်အတူပါလာပြီး နှာခေါင်းထဲ၌ ချဉ်သောအနံ့များ နံလာပါသည်။

ဗုဒ္ဓ၏ သုတ္တန်တရားအရဆိုရလျှင်...

"နှာခေါင်းထဲက ဃာနပသာဒရုပ်နှင့် ပြင်ပကလေနှင့်ပါလာသော ဂန္ဓာရုံအနံ့တို့ကို အစွဲပြုပြီး ဃာနဝိညာဉ်(နံသိစိတ်)ဖြစ်လာရသည်။ နံသိစိတ်ဖြစ်၍ ဃာနပသာဒ၊ အနံ့အာရုံနှင့် ဃာနဝိညာဉ်စိတ်ရုပ်(၃)မျိုး ပေါင်းဆုံမိရာမှ စိတ်၌ တွေ့ထိမှုသဘာဝ(ဖဿ) ဖြစ်လာရသည်။ တွေ့ထိမှုကြောင့် အာရုံကိုခံစားသောသဘော(ဝေဒနာ) ဆင့်ပွားဖြစ်ရသည်။ ခံစားပါက သာယာမှု(တဏှာ) ဖြစ်လာရသည်။

(ဃာနဉ္စပဋိစ္စ၊ ဂန္ဓေစဉပ္ပဇ္ဇတိ၊ ဃာနဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ)

စိတ်စေတသိတ်တို့သည် ဖြစ် - တည် - ပျက်(ဥပါဒ် - ဋ္ဌီ - ဘင်)ခဏ ဝယ်(၃)ချက်စီ အသက်ရှည်သည်။ စိတ်သက်တစ်ခုသည် (၁၇)ချက်ရှိရာ တစ်ချက်မှာ (၃)ချက်စီဆို၍ (၁၇ ×

www.dhammaransi.com



၃ = ၅၁)ချက်ရှိ အသက်ရှည်သော သဘာဝရှိနေရာ နာခေါင်းအကြည်ရုပ်နှင့် ဂန္ဓာရုံရုပ်တို့၏ အသက်သည် ခဏဝယ်(၅၁)ချက် အသက်ရှည်ပါသည်။

စိတ်အစဉ်(ဝီထိစိတ်အစဉ်)အရဆိုလျှင်...

အနံ့သည်နာခေါင်းကိုလာထိလျှင်ထိချင်းလူ့အနေနှင့်အနံ့မရသေးပါ၊လာထိသော ဘဝင်စိတ် (၃)ကြိမ်အတိတ်ဘဝင်၊ ဘဝင်စလန - ဘဝင်ုပစ္ဆေဒ) ဖြစ်ချုပ်ပြီးမှ အာရုံကိုဆင်ခြင် သောသဘော (အာဝဇ္ဇန်းစိတ် ဆက်လက်ဖြစ်ချုပ်ပါသည်။ ထိုအာဝဇ္ဇန်းစိတ်ချုပ်သည်နှင့် တစ်ပြိုင်နက်တည်း အနံ့ကိုသိသော (ဃာနဝိညာဉ်)စိတ်ကလေး ဖြစ် - ချုပ်သွားပါသည်။

အာဝဇ္ဇန်းစိတ်မှစပြီး ဆက်တိုက်ဖြစ် - ချုပ်သွားကြသော စိတ်(၅) မျိုးထဲ၌ တွေ့ထိ သသော (ဖဿ)၊ တွေ့ထိ၍ခံစားရသော (ဝေဒနာ)ဤ စေတသိတ်သဘာဝများသည် ပါလေ မြဲ ဖြစ်ကြပါသည်။ အနံ့ကိုတွေ့သည် ခံစားသည်ဟု ဆိုလိုပါသည်။

သို့သော် ဤတွင် မသုံးသေးပါ။ အနံကို ပိုင်ပိုင်နိုင်နိုင်ယူကာ (ဇော)ဆိုသော စိတ် တစ်မျိုးက (၇)ကြိမ်ဆက်တိုက်ဖြစ်ပေါ် - ချုပ်ပျက်သွားလေသည်။ ကြိုက်လျှင် လောဘဇော ဖြစ်ပါသည်။ မကြိုက်လျှင် ဒေါသဇောဖြစ်ပါမည်။ သာမန်ဆိုတာ မောဟဇောဖြစ်ပါသည်။ နောက်ဆုံး အရှိန်အဟုန်(တဒါရုံ) (၂)ကြိမ်ဖြစ်ပြီး အနံ့ရုပ်သည်ချုပ်ပြီး ဘဝင်စိတ် ပြန်ဖြစ်လာ ပါသည်။

ထိုစိတ်အစဉ်၌လည်း နံသိဝီထိ ဆက်ဖြစ်ဝီထိ၊ အမည်သိဝီထိ၊ ဒြပ်သိဝီထိဟူ သော မနောဒွာရဝီထိ (၃)ခုတို့ ဆက်တိုက် ဖြစ်သွားကြပါ သည်။

နာခေါင်းပေါက်ထဲမှာ နာခေါင်းအကြည့်ရုပ်များ မပြတ် ဖြစ်ချုပ်နေ ကြသည့်အတွက် ခဏငယ်(၅၁)ချက်၊ အနံ့ (ဂန္ဓာ) ရုပ်များသည်လည်း သန်းချီပြီး ဝင်ရောက်လာကြပါသည်။ အနံ့တစ်ခုကို နံလိုက်သည့်ခဏ နာခေါင်းထဲ၌ အနံ့ရုပ်တွေ သန်းချီ၍ ဝင်ရောက်သွားသော စိတ်အစဉ် (ဝီထိစိတ်)ကို သိရပါမည်။

လောကသဘာဝတွင် မမြင်ချင်က မျက်စိမှိတ်ထား၍ ရသည်။ မကြားချင်က နား ပိတ်ထား၍ရသည်။ နာခေါင်းကမူ အသက်ရှူနေ့နေရ၍ အကြာကြီး ပိတ်ထား၍မရပါ။ အနံ့မခံ လိုလျှင် အနံ့မလာရာ မရောက်ရာသို့ ရှောင်နေမှရပါသည်။

အဆင်း၊ အသံ၊ အနံ့(၃)မျိုးအနက် အဆင်း၊ အသံသည် လူ၏ အကြည်ရုပ် (ပသာဒ ရုပ်)မရောက်ခင် အကြည်ရုပ်နှင့်မထိတွေ့ခင်မှာပင် အသိစိတ်(ဝိညာဏ်စိတ်) ဖြစ်လာစေနိုင် ပါသည်။

ရူပါရုံသည် မျက်စိ၊ အတွင်းက မျက်ကြည်ရုပ်ကို မထိမခတ်မိခင်ကလေး နာမ်စိတ် များဖြစ်လာပါသည်။ သဒ္ဒါရုံ (အသံ)သည် နားအတွင်းရှိ နားအကြည်ရုပ်ကလေးမထိခတ် ခင် နာမ်စိတ်များ ဖြစ်လာစေပါသည်။ ယင်းကို မရောက်ခင်ဟူသည် (အသမ္ပတ္တဂါဟ)ဟုဆိုပါ သည်။ ရုပ်ချင်း မထိတွေ့မီ နာမ်ဖြစ်တာသည် ထူးခြားမှုပင်ဖြစ်ပါသည်။

www.dhammaransi.com



အနံ့(ဂန္ဓာရုံ)ကမူ နှာခေါင်းပေါက်ထဲရှိ အကြည်ရုပ်ကို ထိခတ်မိမှဘဲ နာမ်စိတ်များ ဖြစ်လာစေနိုင်သည်။ အာရုံရုပ်နှင့်ပသာဒ(အကြည်)ရုပ် ထိခတ်မှ နာမ်ဖြစ်ပါသည်။ ယင်းကို ရောက်မှထိမှ ဟူသည် (သမ္ပတ္တဂါဟ) ဟု ဆိုပါသည်။

ဤအချက်များသည် မျက်စိ၊ နား၊ နှာခေါင်းတို့၏ ထူးခြားသော ကွာခြားချက်ဖြစ်ပါသည်။

လေနှင့်ပါလာသော အနံ့သည် နှာခေါင်းအတွင်းရှိ နှာခေါင်းအကြည်ရုပ်ကို ထိခတ်ပြီး လူ၏ဝမ်းဗိုက်ထဲသို့ သက်ဝင်သွားပါသည်။ ကောင်းသောအနံ့သည် လူကိုအကျိုးပြုပြီး မကောင်းသောအနံ့သည် လူကို ဘေးဖြစ်စေပါသည်။

အနံ့ကို အကြမ်းအားဖြင့် ...

- မကောင်းအနံ့
- ကောင်းအနံ့
- အလွန်ကောင်းသောအနံ့ဟူ၍ (၃)မျိုးခွဲခြား၍ရပါသည်။

မကောင်းသောအနံ့သည် မနှစ်သက်ဖွယ်ရာ (အနိဋ္ဌာရုံ)အနံ့ဖြစ်ပါသည်။ ယင်းအနံ့ကို အနံ့ခံရလျှင် ဒေါသဇော စောပါသည်။ ထိုအခါ စိတ်မချမ်းသာခြင်းဖြစ်ပါမည်။

ကောင်းသောအနံ့သည် နှစ်သက်စရာ (ဣဋ္ဌာရုံ)ဖြစ်ပါသည်။ ယင်းအနံ့ကို အနံ့ခံရလျှင် လောဘဇောစောပါသည်။ သောမနဿ လောဘဇောကျလျှင် ဝမ်းသာကြည်နူးနှစ်သက်ပါသည်။

အလွန်ကောင်းသော အနံ့သည် အလွန်နှစ်သက်ဖွယ်ရာ (အတိဣဋ္ဌာရုံ) ဖြစ်ပါသည်။ ယင်းကို အလွန်သဘောကျ နှစ်ခြိုက်သောအခါ တဏှာလောဘဇော ကျပါသည်။

မကောင်းသောအနံ့များပေါများရာ အရပ်၌နေရခြင်း၊ ကောင်းသောအနံ့များရှိရာ အရပ်၌ နေရခြင်းများသည်လည်း အတိတ်ကပြုခဲ့သော ကုသိုလ်၊ အကုသိုလ်နှင့် နီးနွယ်ဆက်စပ်မှု ရှိနေသည်ကိုလည်း သိရပါမည်။ ဤသဘောထားကို သိမထားပါက မကောင်းသော အနံ့ရလျှင် နံရကောင်းလားဟု ဒေါသအကုသိုလ်စိတ်များ ထပ်မံဖြစ်တတ်ပါသည်။ ကောင်းသောအနံ့များ ခံစားလျှင်လည်း ငါ ... တယ်ဟုတ်ပါလားဆိုပြီး လောဘ၊ မာန၊ အကုသိုလ်များထပ်ဖြစ်ပါသည်။

စိတ်ထားသဘာဝ စဉ်းစားဆင်ခြင်တတ်ရန် လိုအပ်ပါသည်။ ဗုဒ္ဓသည် လောကလူသားများနှင့် လူသားပတ်ဝန်းကျင်ရှိ အနံ့အဆိုး အကောင်းခံစားရမှု စိတ်အစဉ်နှင့် ခံစားရမှု ကုသိုလ်ဇော အကုသိုလ်ဇောဖြစ်မှုများကို သေချာယနစွာ ရှင်းပြထားပါသည်။ ဤသည့် အသေးစိတ်ကို သိပ္ပံပညာက ရှင်းမပြနိုင်သေးပါ။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## လျှာအကြည်ရုပ်၏ သဘာဝ

"လျှာအကြည်(ဇိဝှါပသာဒ)သည် ကြီးကျယ်ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်သည်" ဟူ၍ ဗုဒ္ဓက အဘိဓမ္မာပိဘင်း ပါဠိတော်အာယတနဝိဘင်းအခန်း၌ ဟောထားခဲ့ပါသည်။

လူ၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဟူသော အဇ္ဈတ္တ (ကိုယ်တွင်းဓာတ်ကြီး(၄)ပါးဖြစ်လာပြီး ယင်းဓာတ်ကြီးလေးပါးသည် ဌီ(တည်ရှိ)ကာလ၌ အသက်ရှည်ကြသဖြင့် ယနဟူသော တခဲနက်အစိုင်အခဲဖြစ်လာလျက် လျှာဟူသော လူသားအတွက် အသုံးပြုကိရိယာ တစ်ခုဖြစ်ပေါ်လာရပါသည်။

ထိုလျှာ၏ မိတ်ဆွေမှာ စားစရာဖြစ်ပါသည်။ စားစရာဆိုရာ၌လည်း အဘိဓမ္မာသဘောအရ အလုပ်အလွေးပြု၍ရသော စားသောက်ဖွယ်ရာများ၌ပါရှိသော ဩဇာအရသာသည်သာလျှင် လျှာ၏မိတ်ဖက်အစစ်ဖြစ်ပါသည်။

အရသာကိုခံယူနိုင်သော ရုပ်အကြည်ကို ပါဠိဘာသာအားဖြင့် "ဇိဝှာပသာဒ" ဟူ၍ ခေါ်ပါသည်။ မြန်မာလို လျှာအကြည်ရုပ်ဟု ခေါ်ပါသည်။

ယင်းလျှာသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား (၄)မျိုးအနက် ကံကြောင့်ဖြစ်သော မဟာဘုတ်ဓာတ်လေးပါးတို့၏ ထူးကဲသော သတ္တိတစ်မျိုးဖြစ်ပါသည်။

အရသာကို စားချင်၊ သောက်ချင်သော လူသား၏တဏှာကို ရသတဏှာဟု ခေါ်ပါသည်။ ထိုရသတဏှာကို အထူးတလည် အမှီပြုပြီး (ဝါ) စားလိုမှု၊ သောက်လိုမှု၊ လျက်လိုမှုကို အခြေခံပြီး လူ၏ပြုလုပ်အားထုတ်မှု(ကံ)ဖြစ်လာရသည်။ ထိုအလုပ်(ကံ)ကြောင့် မဟာဘုတ်ဓာတ်ကြီး(၄)ပါး ရုပ်သဘာဝများ ဖြစ်ပေါ်လာရသည်။

ထိုမဟာဘုတ်ဓာတ်ကြီး(၄)ပါးသည် လျှာကို ဖြစ်ပေါ်စေခဲ့ပါသည်။

ယင်းလျှာဟူသောမဟာဘုတ်ဓာတ်ကြီး(၄)ပါးကိုမှီပြီးဖြစ်ပေါ်လာသောကြည်လင်သောသဘောလက္ခဏာရှိသော သဘာဝလေးကို ဇိဝှာပသာဒ (လျှာအကြည်ရုပ်)ဟု ခေါ်ခြင်းဖြစ်ပါသည်။

ထိုလျှာအကြည်ရုပ်(ဇိဝှါ)ပသာဒရုပ်သည် စားသောက်ဖွယ်ရာ ရသာရုံအဖြာဖြာတို့၌ လူကို ဆွဲဆောင်ပါသည်။ လျှာမှာ အရသာကို ခံယူနိုင်သော ဇိဝှါပသာဒရုပ်ရှိနေ၍ အရသာများကို ခံယူစားသောက်နိုင်သည့်အတွက် ဤပသာဒအကြည်ရုပ်က အရသာနှင့် လူကို နီးစပ်အောင် ဆောင်ရွက်ပေးသည်ဟု ဆိုရပါမည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အကယ်၍ လျှာအကြည်ရုပ်ပျက်နေလျှင် လျှာပေါ်ရောက်လာသော ဩဇာအရသာကို ခံယူနိုင်မည်မဟုတ်ပါ။

ဤလျှာအကြည်ရုပ်သည် လျှာပေါ်သို့ရောက်လာသောအခါစိတ်၊ စေတသိက်တရားများဖြစ်ပေါ်လာအောင် စောင့်ကြည့်နိုင်ပါသည်။ လျှာပေါ်၌အရသာပေါ်ခြင်းသည် ဤအကြည်ရုပ်၏ စွမ်းအားပင်ဖြစ်ပါ သည်။

ဥပမာ - လက်ဝါးထဲသို့ စားစရာတစ်ခုကို ထည့်ကြည့်ပါက ထိုစားစရာ၏အရသာကို သိမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လက်ဝါး၌ ဇိဝှါပသာဒအကြည်ရုပ်မရှိသောကြောင့် ဖြစ်ပါသည်။ လျှာပေါ်၌ အရသာပေါ်ခြင်းသည် လျှာအကြည်ရုပ်၏ ဂုဏ်သတ္တိစွမ်းအားကြောင့် ဖြစ်သည်ကို သိရပါသည်။

အကြည်ရုပ်ရှိသော လျှာအပေါ်၌ ပြင်ပက ဩဇာအရသာ စားသောက်ဖွယ်ရာ တစ်ခုခုကို တင်လိုက်သောအခါ ပသာဒရုပ်နှင့် အရသာ ရုပ်ပေါင်းမိသည့် အခိုက်အတန့်ကလေး၌ ဇိဝှာဝိညာဏ် (လျှာအသိစိတ်) နာမ်ဓာတ်ကလေး ဘွားခနဲ ပေါ်ပေါက်လာရပါသည်။

ဤတွင် အရသာဆိုသည်ကား အဘယ်နည်း၊ သာယာဖွယ်၊ နှစ်သက်ဖွယ်ဖြစ်သောအရာကို (ရသာရုံ)ဟုခေါ်ပါသည်။ ဤအရသာသည် ဇိဝှာဝိညာဏ်(လျှာအသိစိတ်)ဖြစ်ပေါ်ရန် အကြောင်းတစ်ရပ်ဖြစ်သည်။

"အရသာသည်ကြီးကျယ်ထင်ရှားသော မဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်ပေသည်။ အရသာကို မျက်စိဖြင့် ကြည့်မြင်၍မရ၊ လျှာဖြင့်သာ ထိ.တွေ့၍ ရကောင်းသည်။ ဤအရသာသည်အဘယ်အရာဝတ္ထုတို့၌တည်သနည်းဟူမူ အမြစ်၌လည်းတည်တတ်သည်။ အမြစ်၌ရှိသောအရသာကို အမြစ်အရသာဟု ခေါ်ကြသည်။ ထိုနည်းတူ ပင်စည်အရသာ၊ အခွံအရသာ၊ အရွက်အရသာ၊ အပွင့်အရသာ၊ အသီးအရသာဟူ၍ရှိသည်။ ထိုမှတစ်ပါးမဟာဘုတ်ရုပ်ဓာတ်ကြီးလေးပါးကို စွဲမှီ၍ဖြစ်သော အခြားအရသာများလည်း ရှိလေသည်။

ထို့အပြင် အချို၊ အချဉ်၊ အခါး၊ အစပ်၊ အငန်၊ အဖန်ဟူ၍ အရသာ(၆)ပါးရှိပါသည်။ တစ်နည်းအားဖြင့် ကောင်းသောအရသာ၊ မကောင်းသောအရသာဟူ၍ ဆိုအပ်သည်။

မည်သည့်အရသာကိုမဆို မျက်စိဖြင့် မမြင်နိုင်၊ လျှာအကြည်ရုပ်ဖြင့်သာ ထိတွေ့နိုင်လေသည်။ အရသာကို ဇိဝှါပသာဒရှိသော လျှာဖြင့်လျက်ခဲ့ပြီး လျက်နေဆဲ ရှေ့ဆက်၍လည်း လျက်နေကြဦးမည်။

ထိုအရသာသည် စိတ်၊ စေတသိက်ဖြစ်ပေါ်ရာဖြစ်၍ ရသာရုံလည်းမည်သည်။ သုံ့သဘောသူဆောင်တတ်၍ ရသဓာတ်လည်း မည်သည်၊ စင်စစ် ရသာရုံသည် ဇိဝှါဝိညာဉ်

www.dhammaransi.com



စိတ်ဖြစ်ပေါ်လာစေသည့် အကြောင်းတစ်ရပ်ဖြစ်သည်ဟူ၍ အာယတနဝိဘင်း၌ ဗုဒ္ဓက ဟော ကြားရှင်းပြခဲ့သည်။

ဗုဒ္ဓ၏ ဤတရားအရသာနှင့် ပတ်သက်၍ အရသာကိုမြင်၍မရ၊ ဇိဝှာပသာဒ(လျှာ အကြည်ရုပ်ဖြင့်သာ သိနိုင်သည်။ လျှာအသိစိတ် (ဇိဝှါ ဝိညာဉ်)ဟူသော လူ၏စိတ်တစ်မျိုးဖြစ် ပေါ်လာစေဖို့အကြောင်းတစ်ရပ် ဖြစ်သည်ဟူသောအချက်ကို တွေ့ရပါသည်။

တစ်ဖန် ခုဒ္ဒကနိကာယဇာတက မဟာနိပါတ်ပါ မဟောသဓာဇာတ်၌ အမရာချက် ပြုတ်ပေးသောယာဂုသည် ခံတွင်းလျှာပေါ်၌ ချကာမျှဖြင့်ပင်လျှင် ယာဂု၏ ကောင်းမြတ်သော သြဇာသည်(၁၇၀၀၀)သော လျှာအကြောတို့ကို ဆောင်၍တည်သည်။ ထိုယာဂုသည် လျှာ ကြောစိမ့်မျှ ကောင်းလှသည်" ဟုဆိုထားရာ လူသားများ၏ လျှာ၌ လျှာအကြောပေါင်း (၁၇၀၀၀)ပါဝင်နေကြောင်း သိရပါသည်။

အရသာ(ရသာရုံ)ကိုဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ(၄)မျိုးပင် ဖြစ်ပါသည်။

ကံကြောင့်အရသာနှင့်အရသာရှိသော ဝတ္ထုပစ္စည်းများ လူ့လောကတွင် ဖြစ်ပေါ်လာ နိုင်သည်။ ကမ္ဘာဦးလူသားတို့ မြေဆီလွှာစား ရခြင်း၊ သလေးဆန်ကို စားရခြင်းစသည်တို့သည် ထိုလူသားများ၏ ကံကြောင့်ပင်ဖြစ်ပါသည်။

လူသား၏ စိတ်ဓာတ်ကြောင့် အရသာနှင့် အရသာရှိသော ဝတ္ထုပစ္စည်းများ ဖြစ်လာ နိုင်သည်။ ယနေ့ခေတ် လူသားတို့ဖန်တီးထားသော စားသောက်စရာပစ္စည်းများကို ကြည့်က သိသာနိုင်သည်။

ပူမှု၊ အေးမှုဥတုနှင့် အာဟာရအထောက်အပံ့ကြောင့် အရသာနှင့် အရသာရှိသော ဝတ္ထုများ ဖြစ်နိုင်ပါသည်။ ယနေ့ခေတ်တွင် ဥတုနှင့် အာဟာရကြောင့် ရသာသြဇာဓာတ်ရှိ သော အရွက်၊ အဖူးအပွင့်၊ အသီးများ ဖြစ်လာနေသည်ကို တွေ့မြင်ရပါသည်။

သို့သော် လူတို့ပြုလုပ်ကြသော ကံတရားနှင့်လူတို့၏ စိတ်ထားသဘောထားအခြေ အနေများကြောင့်သြဇာဓာတ်အရသာရှိသော သစ်ပင်များနှင့် အရာဝတ္ထုများဖြစ်လာနိုင်သည် ဆိုသော သဘာဝကို အဘိဓမ္မာသဘောနားလည်လျှင် သိနိုင်ပါသည်။

"ကတိသစ္စာ၊ တည်သောခါဝယ်၊ သြဇာလေးနက်ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏" ဟူသောမဃဒေဝလင်္ကာဆိုထားသည့်အတိုင်းလူသားများကတိသစ္စာတည် ကြသည်ဆိုသောအချက်ကို စဉ်းစားလျှင် လူတို့ပြုလုပ်သော ကံတရားနှင့် လူတို့၏စိတ်နေ သဘောထားများကို ဆိုလိုခြင်းဖြစ်ကြောင်း သိသာနိုင်ပါသည်။

ကတိတည်တည်၊ သစ္စာရှိရှိ ပြုလုပ်ဆောင်ရွက်ကြလျှင် ကံကောင်း၍ စိတ်ကောင်း

www.dhammaransi.com



ကြမည်ဖြစ်သည်။ လူတို့က်ကောင်း၍ စိတ်ကောင်းကြသောအခါ ထိုကံနှင့် ထိုစိတ်ကြောင့် နွယ်မြက်သစ်ပင်များ လေးနက်သောအရသာများရှိလာကြပြီး ဆေးဖက်ဝင်လာကြပါသည်။

သို့သော် လူသားများ၏ ကုသိုလ်ကံကောင်းမှုနှင့် စိတ်ကောင်းထားကြမှုအပေါ်၌ နွယ်မြက်သစ်ပင်များ သြဇာအရသာများ မည်ကဲ့သို့ လေးနက်ပြီး ဆေးဖက်ဝင်သွားသည်ဆိုသော ဆက်သွယ်မှုသဘာဝ၏ စွမ်းအားနိယာမကို သိပ္ပံကကိရိယာမျိုးစုံဖြင့် လက်တွေ့စမ်းသပ်၍ ရမည်မဟုတ်ပါ။

အမှန်စင်စစ် သဘာဝချင်းဆက်သွယ်သော ကိစ္စဖြစ်၍ နက်နဲသောဉာဏ်ပညာ၏အရသာဖြစ်ပါသည်။ နက်နဲသောဉာဏ်ပညာဆိုရာ၌လည်း သီလနှင့်သမာဓိ(ဝါ)ကိုယ်ကျင့်တရားနှင့် စိတ်တည်ကြည်မှုအင်အားကို ပြည့်ပြည့်ဝဝအခြေခံပြီး ဖြစ်ပေါ်စေတတ်သော အကြောင်းဟုတ် - မဟုတ်သည်ကို ခွဲခြားသိစေသောဉာဏ် (ဌာနာဌာနကောသလ္လဉာဏ်) မျိုးမှသာ ယင်းသဘာဝကွင်းဆက်ကို အတတ်သိမြင်နိုင်မည် ဖြစ်ပါသည်။

အစားအာဟာရကို ပါးစပ်ဖြင့် စားသောက်သောအခါ အရသာခံယူရရှိရေးနှင့် ပတ်သက်၍ ဗုဒ္ဓ၏ အဘိဓမ္မာက...

- လျှာ၌ ဇိဝှါပသာဒ (လျှာအကြည်ရုပ်) ရှိရမည်။
- အစားအစာအရသာ လျှာပေါ်ရောက်ရပါမည်။
- အာပေါဓာတ် (အစိုဓာတ်) ရှိရပါမည်။
- စားသုံးသူက အာရုံပြု သတိပြု နှလုံးသွင်းမှုရှိရပါမည်။

ဤကဲ့သို့ ပသာဒ၊ အရသာ၊ အာပေါ ဓာတ်ဟူသော ရုပ်အကြောင်း(၃)မျိုးနှင့် နှလုံးသွင်းမှုဟူသော နာမ်အကြောင်းတစ်မျိုး၊ ဤအကြောင်း(၄)ပါးပေါင်းမိမှ အရသာကိုသိသော ဇိဝှါအရသာ သိစိတ် (ဇိဝှါဝိညာဏ်စိတ်) စတင်ဖြစ်ပေါ်လာရပါသည်။ ဤအကြောင်း(၄)မျိုး တစ်မျိုးမျိုး ပျက်ကွက်နေပါက ဇိဝှါဝိညာဏ်စိတ် မဖြစ်နိုင်ပါ။

နှလုံးသွင်းသတိပြုမှုဟူသော နာမ်အကြောင်းအရာသည် အာရုံတစ်ပါးသို့ စိတ်စူးစိုက်နေခိုက်မျိုး၌ ပျက်ကွက်တတ်သည်။ စားမှန်း၊ သောက်မှန်း နှလုံးသွင်းမှု မပြုနိုင်သောအခါ စားစရာ၊ သောက်စရာသည် လည်ချောင်းတွင်းသို့ ဝင်သွားသော်လည်း အရသာကို မခံစားရပေ။

အာပေါဓာတ် (အစိုဓာတ်) အင်္ဂါများသည် ကျန်းမာသူတို့၌ မပြတ်ရှိနေတတ်ပါသည်။ လျှာရည်စိုနေခြင်းသည် အရသာပေါ်ရန် အကြောင်းခံတစ်ရပ်ဖြစ်ပါသည်။ လောက၌ ခံတွင်းပျက်သည် စားမကောင်းစားသမျှ အရသာမရှိဟု ဆိုခြင်းသည် ဤအာပေါဓာတ် (အစိုဓာတ်) ပျက်သောကြောင့်ဖြစ်ပါသည်။

www.dhammaransi.com



ထိုလျှာအသိစိတ်ဖြစ်ပေါ်မှု (ဝိထိစိတ်အစဉ်ဖြစ်ရာ၌လည်း ဘဝင်စိတ်ပြတ်ပြီး လျှာနှင့်အစာတွေ့သောအခါ ဘဝင်(၃)ကြိမ် ဖြစ် - ချုပ်သွားပြီး ဆင်ခြင်မှု(အာဝဇ္ဇန်း)စိတ် ဖြစ်လာပါသည်။ တစ်ဆက်တည်း ဇိဝှါဝိညာဏ် စိတ်(လျှာအသိစိတ်)ချုပ်သွားပါသည်။

ထို့နောက် ဆက်လက်၍ လက်ခံစိတ် (သမ္ပဋိစ္ဆိုင်းစိတ်) စုံစမ်းစိတ် (သန္တီရဏစိတ်)၊ ဆုံးဖြတ်စိတ်(ဝုဋ္ဌောစိတ်)၊တစ်ကြိမ်စီဖြစ်ပြီးချုပ်သွားပါသည်။ထို့နောက်ခံစားမှုဇော(၇)ကြိမ် အရှိန်အဟုန်လိုက်မှု (တဒါရုံ)(၂) ကြိမ်ဖြစ်ပြီး ဖြစ် - ချုပ်သွားပါသည်။

ဤကဲ့သို့ စိတ်(၁၇)ချက် ဖြစ်ချုပ်သွားသောအခါ ပစ္စုပ္ပန်ရသာရုံတစ်ခုလည်း ချုပ်သွားသည်။ ဤပစ္စုပ္ပန်ရသာရုံ ချုပ်သွားသောအခါ အတိတ်ရသာရုံဖြစ်သွားသည်။ ထိုအတိတ်ရသာရုံကို အာရုံပြုပြီး စိတ် (မနောဒွါရ)၌ ဝီထိ(စိတ်အစဉ်) ၃-မျိုး ဆက်လက်၍ ဖြစ် - ချုပ်သွားပါသည်။

လျှာပေါ်ရောက်သောအစားအသောက်များ၌ဖြစ်ပေါ်လာသောပစ္စုပ္ပန်ရသာရုံများစွာကို အာရုံပြု၍ ပစ္စုပ္ပန်လျှာအသိစိတ်အစဉ်(ဇိဟာဝိညာဏ်ဝီထိတစ်ခု၊ အတိတ်ဆက်ဖြစ်သောဝီထိ၊ အမည်သိစိတ်ဝီထိ၊ ဒြပ်သိစိတ် ဝီထိဟူသော မနောဒွါရ(၃)ဝီထိ ဖြစ်ချုပ်သွားပါသည်။

ထို့ကြောင့် ထမင်းတစ်လုတ်စားသော တစ်ခဏ၌ပင် ရသာရုံ ရုပ်သဘာဝများသည် အနန္တဖြစ်ချုပ်သွားကြပုံကို စဉ်းစားကြည့်က သိနိုင်ပါသည်။

အဘိဓမ္မာသဘာဝအရ ရသာရုံကို စိစစ်ကြည့်ပါက ...

- အရသာသည် လျှာ၌ရှိသော ဇိဝှါပသာဒရုပ်ကို ထိတွေ့ခြင်း လက္ခဏာရှိသည်။
- ဇိဝှါဝိညာဏ်စိတ်၏ အာရုံဖြစ်မှုဟူသော အလုပ်ကိစ္စရှိသည်။
- ရုပ်နာမ်သဘာဝကို ခွဲခြားသိမြင်နိုင်သော စားကျက်ဖြစ်ကြောင်း တွေ့ရသည်။
- မဟာဘုတ်ရုပ်ဓာတ်ကြီး(၄)ပါးသည် ယင်းအရသာရုပ်၏ အနီးကပ်အကြောင်း ဖြစ်ကြောင်း သိရပါသည်။

လှပသော အရောင်အဆင်းကို မျက်စိအကြည်က ခံစားသည်။ မွှေးကြိုင်သောအနံ့ကို နှာခေါင်းအကြည်က ခံစားသည်။ သာယာသော အသံကို နားအကြည်က ခံစားသည်။

လူ့သဘာဝတွင် လူ၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ဒွါရ(၅)ပေါက်နှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော အာရုံငါးပါးတို့မှာ လူတစ်ဦးတည်း၌ ဆက်စပ်နေသည့်အတွက် ဟင်း ကောင်း၊ ထမင်းကောင်း အစားကောင်းကို မြင်လျှင် သဘော ကျနှစ်သက်မှု ဖြစ်လာပါမည်။ ဤစိတ်သည် နှစ်သက်စရာ (ဣဋ္ဌ) အာရုံကို အကြောင်းပြုပြီး နှစ်သက်သဘောကျသော လောဘဇောစိတ်ဖြစ်ပါသည်။ ဟင်းကို မမြင်ရ မစားရဘဲ ဟင်းနံ့

www.dhammaransi.com



ကလေးနံ့ရသည်နှင့် သွားရေကျပြီး စားချင်လာသောစိတ်ဖြစ်ပါသည်။ နာခေါင်းထဲရှိ နာခေါင်း အကြည်ရုပ်က လာထိပြီး နာခေါင်းသိစိတ်ဖြစ်လာပြီး လောဘဇောဖြစ်လာကာ စားချင်လာ ခြင်းဖြစ်ပါသည်။

တကယ်စားချင်သောအခါ၌မူ အရသာကသာ လျှာကို အကြောင်းပြုပြီး လျှာအသိ စိတ် (ဇိဝှါဝိညာဏ်စိတ်)ဖြစ်ပေါ်လာလျှင် စိတ်အစဉ်များ၊ အနန္တဖြစ်ပေါ်လာပြီး မြိန်ရေယှက်ရေ စားသောက်ခြင်းဖြစ်ပါသည်။

လူ့သဘာဝတွင်ရှိသော လျှာ၏သဘာဝ၊ လျှာ၏အရသာခံစားမှု အခြေအနေတို့ကို သိပ္ပံကိရိယာနှင့်သိပ္ပံပညာရှင်တို့က စမ်းသပ်၍ မရနိုင်သေးပါ။ ဗုဒ္ဓက အဘိဓမ္မာ၌မူ ထုတ်ဖော် ပြသခဲ့ပြီးဖြစ်ပါသည်။

## ကိုယ်ကာယအတွေ့အထိများ၏ သဘာဝ

လူသား၏ သဘာဝတွင် လူ၏ခန္ဓာကိုယ်၌ ပြင်ပအာရုံကို လက်ခံနိုင်သော မျက်စိ၊ နား၊ နာခေါင်း၊ လျှာဟူသော အပေါက်(၅)ပေါက် ရှိသောသဘာဝကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

လူသား၏ ခန္ဓာကိုယ်တွင် ဆံပင်ဖျား၊ ခြေသည်းဖျား၊ လက်သည်းဖျားနှင့် သွေး မလျှောက်သော ကျွဲပခုံးခေါ်အသားခြောက်အသားမာမှတစ်ပါး သွေးလျှောက်၊ သွေးရှိသော တစ်ကိုယ်လုံး၌ အထိအတွေ့ကို ခံယူတတ်သော ရုပ်အကြည်သဘာဝတစ်မျိုးရှိပါသည်။ ယင်း ကို ကာယ ပသာဒ (ကိုယ်အကြည်ရုပ်)ဟူ၍ ခေါ်ပါသည်။

ကိုယ်အကြည်ရုပ် (ကာယပသာဒ) လူ့ကိုယ်၌ တည်နေပုံကို ဥပမာပြရာ၌ ဝါဂွမ်း လွှာ၌ ဆီစိုနေသကဲ့သို့ ပျံ့ပျံ့နှံ့နှံ့တည်ရှိသည်ဟုဆိုပါ သည်။ သွေးလျှောက်သော နေရာတိုင်း၌ ကိုယ်အကြည်ရုပ်ရှိနေပါသည်။

ယင်းကိုယ်အကြည်ရုပ်(ကာယပသာဒရုပ်သည်လည်း ဗုဒ္ဓ၏ အဘိဓမ္မာနည်းအရ ဆိုရသော် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော အခြေခံမဟာဘုတ်ကြီး(၄)ပါးကို မှီ၍ ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ယင်းဓာတ်ရုပ်ကြီး(၄)ပါးကြည်လင်မှုသဘာဝသည်ပင် ကာယ ပသာဒဖြစ်ပါသည်။

ယင်းမဟာဘုတ်ရုပ်များသည်လည်း တခြားအကြောင်းကြောင့်ဖြစ်သော ရုပ်မျိုး မဟုတ်၊ ထိတွေ့ချင်သော တဏှာကိုမှီ၍ ဖြစ်ပေါ်လာသော ကံတရားကြောင့်ဖြစ်ပေါ်လာသော မဟာဘုတ်ရုပ်မျိုးသာဖြစ်သည်။

www.dhammaransi.com



ယင်းကိုယ်အကြည်ရုပ်(ကာယပသာဒ)သည် အထိအတွေ့ကို လက်ခံ၍ စိတ်ဖြစ်ပေါ်လာအောင် အကျိုးဆောင်ပါသည်။ ကိုယ်ကိုအစွဲပြု၍ဖြစ်သော ဝိညာဉ်(အသိ) စိတ်၏ တည်ရာဖြစ်ပါသည်။ မဟာဘုတ်သည် ကိုယ်အကြည်ရုပ်၏ အနီးကပ်အကြောင်းဖြစ်ပါသည်။ ထိလျှင် သိရှိရေးအတွက် အခံရုပ်ဖြစ်ပါသည်။

ယင်းကိုယ်အကြည်ရုပ်ကို ထိတွေ့လာသောအခါ သဘာဝကား ပထဝီ၊ တေဇော၊ ဝါယောဟူသော မဟာဘုတ်ရုပ်ဓာတ်ကြီး(၃)ခု ပါဝင်သော ဖောဋ္ဌဗ္ဗာရုံအာရုံပင် ဖြစ်ပါသည်။ ထို(၃)ပါး၏ ဂုဏ်သတ္တိပင်ဖြစ်ပါသည်။ ထိုမဟာဘုတ်(၃)ပါးသည်ကား သက်ရှိသတ္တဝါများ၏ ကိုယ်ခန္ဓာနှင့် လူ့အသုံးအဆောင်ပစ္စည်းများ၊ မြေ၊ တောင်၊ သစ်ပင် စသော ဩကာသလောက ပစ္စည်းများ၌ ဖွဲ့စည်းတည်ရှိဖြစ်နေသောဓာတ်ကြီး(၃)ပါး ဖြစ်ပါသည်။ ယင်းဓာတ်ကြီး(၃)ပါး သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော ရုပ်ဖြစ်ကြောင်း(၄)မျိုးအနက် မည်သည့် အကြောင်းကြောင့်ဖြစ်စေ ဖြစ်ပေါ်လာသော မဟာဘုတ်များသည် ဖောဋ္ဌဗ္ဗာရုံဖြစ်နိုင်ပါသည်။

အာပေါဓာတ်သည် ထိတွေ့၍မရသောကြောင့် ယင်းဖောဋ္ဌဗ္ဗာရုံ၌ မပါဝင်ပါ၊ ကာယ ပသာဒအကြည်ရုပ်၌ အာပေါဓာတ်သည် မထိတွေ့နိုင်၍ ဖောဋ္ဌဗ္ဗာရုံ၌ မပါဝင်ပါ။

မိမိ၏ လက်ကိုကြည့်ပါက မဟာဘုတ်(၄)ပါးနှင့် ကာယပသာဒရုပ်တို့ ဖွဲ့စည်းတည် ရှိနေသည်ကိုသိနေပါသည်။ လက်မနှင့် လက်ခလယ်တို့၏ ထိပ်ချင်းကို ထိကြည့်ပါက လက် (၂)ချောင်းလုံးမှာ အကြည်ရုပ်ရှိသည်။ ပထဝီ၊ တေဇော၊ ဝါယော၊ မဟာဘုတ်(၃)ပါးလည်း ရှိသည်။ ထို့ကြောင့် ပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံဟုခေါ်သော မဟာဘုတ်တို့ ထိတွေ့ကြသည်။

လက်မက ပသာဒရုပ်နှင့် လက်ခလယ်က မဟာဘုတ်ရုပ် (သို့မဟုတ်) လက်မဟာ ဘုတ်ရုပ်နှင့် လက်ခလယ်က ပသာဒရုပ်တို့ အပြန်အလှန် ထိတွေ့သည်ကို တွေ့ရပါမည်။

တစ်ဖန် လက်ခလယ်ထိပ်ကို ကြမ်းပြင်နှင့်ထိကြည့်ပါက လက်ခလယ်ထိပ်၌ရှိသော ကာယပသာဒရုပ်နှင့် ကြမ်းပြင်၌ရှိသော မဟာဘုတ် ရုပ်(၃)မျိုးတို့ ထိတွေ့ကြသည်။ သို့သော် ကြမ်းပြင်ကား ပသာဒ(အကြည်ရုပ်)မရှိသောကြောင့် လက်ခလယ်ထိပ်နှင့် ကြမ်းပြင်ထိရာ၌ အပြန်အလှန်မရ။ ပသာဒကတစ်ဘက်၊ ဖောဋ္ဌဗ္ဗာရုံကတစ်ဘက်သာ နေရပေသည်။

သဘာဝ၏ အနစိတ်ကိုလေ့လာလျှင် ကာယပသာဒရုပ်နှင့် ဘူတ ရုပ်(၃)ခုတို့သည် တစ်ပြိုင်နက်တည်း မထိမတွေ့၊ တစ်ခုစီသာ ထိတွေ့သည်။

ဥပမာ - လက်ထိပ်ဖြင့် ကြမ်းပြင်ကို ထောက်ရာ၌ ပထဝီအမာဓာတ်ကို တွေ့ရသည်။ ဝါဂွမ်းကိုထိလျှင် ပထဝီအပျော့ဓာတ်ကို တွေ့ရမည်။

အလားတူ ရေနွေးထဲလက်ထည့်ရာ၌ အပူဓာတ်(ဥဏှတေဇော) ကိုတွေ့ရမည်။ ရေအေးထဲလက်ထည့်က အအေးဓာတ်(သီတတေဇော)ကို တွေ့ရပါမည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



လေတိုက်ခံရသောအခါ၌ဝါယောဓာတ်ကို ကိုယ်ရှိပသာဒရုပ်ဖြင့် ခံယူရရှိပေသည်။

လူသားတို့၏သဘာဝ၌ အသားအရေ အိဖတ်စိုပြေ နူးညံ့သူနှင့် အသားအရေကြမ်းတမ်းသူဟူ၍ (၂)မျိုးလုံး၌ ပထဝီ၊ တေဇော၊ ဝါယော မဟာဘုတ်(၃)မျိုးရှိပါသည်။

သို့သော်မဟာဘုတ်ရုပ်(၃)ခုကိုဖြစ်ပေါ်စေသောကံ၊စိတ်၊ဥတု၊အာဟာရမတူသည့်အတွက် တစ်ဦးမှာ အိစက်နူးညံ့ပြီး တစ်ဦးမှာ ကြမ်းတမ်းခက်ထန်ရှိနေပါသည်။

အိစက်နူးညံ့သူအားထိတွေ့ရာ၌ဖောဋ္ဌဗ္ဗာအတွေ့ထူးပြီးနှစ်သက်စရာ(ဣဋ္ဌာ)အာရုံဖြစ်လာသည်။ အသားအရေကြမ်းတမ်းသူနှင့် ထိတွေ့ရသော် ဖောဋ္ဌဗ္ဗအတွေ့ကြမ်းပြီး မနှစ်သက်စရာ (အနိဋ္ဌာ) အာရုံဖြစ်လာရပါသည်။

ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံအာရုံတို့ ထိတွေ့သောအခါ အသိစိတ်ပွင့်ထွက်လာသည်။ ကိုယ်၌အစွဲပြု၍ ဖြစ်ပေါ်သော စိတ်ဝိညာဉ်ဖြစ်၍ ယင်းကို ကာယဝိညာဏ် (ကိုယ်သိစိတ်)ဟုခေါ်သည်။

လက်ထိပ်ကိုကြမ်းပြင်၌ထိကြည့်သောအခါထိမှန်းသိသော သဘာဝကလေးသည် ကာယပသာဒရုပ်မဟုတ်၊ပထဝီ၊တေဇော၊ဝါယော၊မဟာဘုတ်ရုပ်လည်းမဟုတ်၊ယင်းရုပ်(၂)ခုထိခိုက် ပေါင်းဆုံမိ၍ အသစ်ဖြစ်ပေါ်လာသော သဘာဝကလေးသာဖြစ်သည်။ ယင်းသဘာဝသည် ရုပ်မဟုတ် နာမ်ဖြစ်သည်။

ဥပမာ - လင်းကွင်းတစ်စုံ၌ တစ်ခုချင်း၌ အသံမမြည်(၂)ခု ခတ်တီးလိုက်မှ အသံထွက်လာသည်။ ထိုအသံသည် လင်းကွင်း(၂)ချပ် မတီးခင်က ဘယ်မှာသွားနေပါသနည်း။ ထွက်လာသောအသံသည် လင်းကွင်းမဟုတ်သည်က သေချာပါသည်။ ဤကဲ့သို့ပင် ကိုယ်ခန္ဓာရှိ အကြည်ရုပ် (ကာယပသာဒ)နှင့် ဖောဋ္ဌဗ္ဗာရုံတို့ ထိတွေ့သောအခါ ယင်းရုပ် (၂)မျိုးတို့၏ ထိခတ်မှုကြောင့် ကိုယ်အကြည်ရုပ်အသိစိတ်(ကာယဝိညာဏ်အသိစိတ်) ဖြစ်ပေါ်လာရပါသည်။

စိတ်အစဉ်(ဝီထိ)ဖြစ်ပေါ်ပုံမှာလည်းကာယပသာဒနှင့်ဖောဋ္ဌဗ္ဗာရုံထိခတ်သောအခါကစ၍ ဘဝင်စိတ်(၃) ကြိမ်ဖြစ် - ချုပ်ပြီးနောက် ဆင်ခြင်စိတ်(အာဝဇ္ဇန်း)၊ ကိုယ်အသိစိတ်(ကာယဝိညာဏ်)၊ လက်ခံစိတ် (သမ္ပဋိစ္ဆိုင်း) စုံစမ်းစိတ်(သန္တိရဏ)၊ ဆုံးဖြတ်စိတ်(ဝုဋ္ဌော)တို့ တစ်ကြိမ်စီ ဖြစ်ပြီး ချုပ်ကြသည်။

ထို့နောက် ခံစားသောဇော(၇)ကြိမ် အရှိန်အဟုန်(တဒါရုံ)၂ - ကြိမ်ဟူသော ပဉ္စဒွါရ စိတ်အစဉ်တစ်ခု ဖြစ်သွားသည်။

ထို့နောက်တွေ့ထိတစ်ဝီထိနှင့်မနောဒွါရ(၃)ဝီထိဟူသောဆက်ဖြစ်တစ်ဝီထိ၊အမည်သိ တစ်ဝီထိ၊ ဒြပ်သိတစ်ဝီထိတို့လည်း ဆက်ဖြစ်ကြပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



တွေ့ထိရသော အာရုံကကောင်းလျှင် လိုချင်တပ်မက်သဖြင့် လောဘဇောစောပါသည်။ မကောင်းလျှင် စိတ်ဆိုးစိတ်ညစ်ဖြစ်ပြီး ဒေါသဇောစောပါသည်။ အကုသိုလ်စိတ်များသာဖြစ်ကြပါသည်။

ကောင်းသောအတွေ့အထိကို မသာယာ၊ ယင်းကြောင့် စိတ်မဆိုးပါက အလောဘဇော၊ အဒေါသဇောစော၍ ကုသိုလ်ဖြစ်ပါသည်။

ကောင်းသည်လည်းမဟုတ်၊ ဆိုးသည်လည်းမဆိုသော နေ့စဉ် ထိတွေ့နေကျဖြစ်သော အဝတ်အစား၊ အသုံးအဆောင်ကဲ့သို့ ရိုးနေသော အလယ်အလတ် ဖောဋ္ဌဗ္ဗာရုံထိတွေ့ရာ၌ မောဟဇော စောချင်ပါမည်။ အလောဘဇော စောချင်လည်း စောပါမည်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ စိတ်တို့ကလည်း အလဲအလှယ်ဖြစ်နေကြ၍ ကာယဆိုင်ရာစိတ်မဖြစ်ဘဲ လည်နေပါမည်။

နံနက်အိပ်ရာထ မျက်စိ(၂)လုံးပွင့်ပြီး ညအိပ်ရာဝင် မျက်စိမှိတ်သည်အထိ တစ်နေ့လုံး ကိုယ်ကာယဖြင့် ထိ၍ထိ၍ သိနေမှုပေါင်း ကုဋေချီ၍ ဖြစ် - ချုပ်ပျက်လျက်ရှိပါသည်။

လူသားအိပ်ပျော်နေခိုက် ဘဝင်စိတ်များ တသွင်သွင်ဖြစ်နေသလို နိုးနေခိုက် အသိစိတ်အစဉ် (ဝီထိစိတ်အစဉ်)တစ်မျိုးပြီးတစ်မျိုး ဖြစ်နေတတ်ပါသည်။

စိတ်အစဉ် (ဝီထိစိတ်)သည် အကြည်ရုပ် (ပသာဒရုပ်)များနှင့် အာရုံမှာထိခိုက်မှုကြောင့် ဖြစ်ပေါ်လာပါသည်။

နာမ်တရားတို့၏ဖြစ်ပုံသည် လျှပ်စစ်ဓာတ်ထုတ်မော်တာမှ မီးတဖျတ်ဖျတ်ထွက်နေသော အသံကဲ့သို့လည်းကောင်း၊ ကားပလပ်မှ မီးတဖျတ်ဖျတ် ပွင့်နေသကဲ့သို့လည်းကောင်း ယင်းသဘောသဘာဝတို့အတိုင်း ရှိနေပါသည်။

မီးခြစ်သံနှင့် မီးခြစ်အိပ်ခတ်လိုက်၍ ပေါ်ပေါက်လာသော မီးသည် ချက်ပြုတ်ရေးအတွက် လိုရာသုံး ကိစ္စပြီးစေနိုင်သကဲ့သို့ လူသားရှိ ကာယပသာဒရုပ်၏ မိတ်ဖက်ဖောဋ္ဌဗ္ဗအာရုံ - ယင်းတို့ကိုအစွဲပြု၍ဖြစ်ပေါ်လာသောကာယဝိညာဏ်(ကိုယ်အသိစိတ်)နှင့်တကွဝီထိစိတ်နာမ်တရားတို့ကို သဘောပေါက်အောင်စဉ်းစားပြီး မိမိဘဝအတွက် အသုံးဝင်အောင် အသုံးချတတ်ရပါမည်။

ဤကာယပသာဒ(ကိုယ်အကြည်ရုပ်)ကလေး၏ဖြစ်ပေါ်မှုစွမ်းအားကို သိပ္ပံပညာက စမ်းသပ်မတွေ့ရှိသေးပါ။ ဗုဒ္ဓကလွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်သိပ္ပံပညာမထွန်းကားခင်ကတည်းကပင် ဖော်ထုတ်ပေးထားခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## သင့်တင့်သော နှလုံးသွင်းမှု (ယောနိသော မနသိကာရ)သဘာဝ

ယောနိသောမနသိကာရဟူသော ပါဠိစကားကို မြန်မာဘာသာအားဖြင့် အသင့်အားဖြင့် နှလုံးသွင်းခြင်း(ဝါ) မှန်မှန်ကန်ကန် နှလုံးသွင်း ခြင်းဟူ၍ အဓိပ္ပာယ်ပြန်၍ရပါသည်။

လောကီ. လောကုတ္တရာ အလုပ်.လုပ်ကြသူများမှန်သမျှ သဘာဝကို ဟုတ်တိုင်းမှန်စွာသိရန် အရေးကြီးပါသည်။ သဘာဝကို ဟုတ်တိုင်းမှန်စွာ သိခြင်းဆိုသည်မှာလည်း သဘာဝ၏အရှိကို အရှိအတိုင်းသဘောကို သိခြင်းနှင့် လွဲမှားစွာ မသိခြင်းကို ဆိုလိုပါသည်။

ထိုကဲ့သို့ အမှန်အတိုင်းသိဖို့အတွက် ယောနိသောမနသိကာရဟူသော (မှန်မှန်ကန်ကန် နှလုံးသွင်းမှု) သည် အဓိကကျသော အခန်းကပါသည်။

ဗုဒ္ဓသည် ယောနိသောမနသိကာရနှင့်ပတ်သက်၍ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်နှင့် သံယုတ္တနိကာယ် မဟာဝဂ်တွင် ဤယောနိသောမနသိကာရသည် အင်္ဂါ (၈)ပါးရှိသော အရိယာမဂ်ဖြစ်ပေါ်ရန်အတွက် ရှေ့ပြေးဖြစ်သည်ဟူ၍ ဟောကြားထားခဲ့ပါသည်။

ဗုဒ္ဓက ယောနိသောမနသိကာရမပါဘဲ မဂ်စိတ်မဖြစ်နိုင်ဟု ဟောပါသည်။ တရားအားထုတ်သောပုဂ္ဂိုလ်သည် သင့်လျော်သော နှလုံးသွင်းခြင်းဖြင့် အမြင်မှန်(သမ္မာဒိဋ္ဌိ)နှင့် မှန်သောစိတ်တည်ကြည်မှု (သမ္မာသမာဓိ)ရအောင် အားထုတ်ခြင်းဖြစ်သည်။

အာသဝေါတရား ကုန်ဆုံးခြင်းကို ဟောတော်မူရာမှာလည်း ဗုဒ္ဓက သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းကိုလည်းကောင်း၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကိုလည်းကောင်း၊ သိသူမြင်သူသည်အာသဝေါတရားတို့၏ကုန်ဆုံးခြင်းသို့ရောက်နိုင်သည်ဟူ၍ ဟောထားခဲ့ပါသည်။

ဤနေရာ၌ နှလုံးသွင်းခြင်းနှင့် သင့်၊ မသင့်၊ မှန် မမှန်နှင့်ပတ်သက်၍ ဗုဒ္ဓက ရဟန်းတို့ မသင့်တာဖြင့် နှလုံးသွင်းသောသူကား မဖြစ်သေးသော အာသဝေါတရားတို့သည် ဖြစ်သည်၊ ဖြစ်ပြီးသော အာသဝေါတရားတို့ တိုးပွားသည်၊ ဤသည်မှာ မသင့်သော နှလုံးသွင်းမှုနှင့် မှားသော နှလုံးသွင်းမှုဖြစ်သည်၊ မဖြစ်သေးသော အာသဝေါတရားများမဖြစ် - ဖြစ်ပြီးသော အာသဝေါတရားတို့ ပ.ပျောက်သွားလျှင် နှလုံးသွင်းမှန်သည်ဟူ၍ ဟောထားပါသည်၊

သဘာဝယုတ္တိကျသော ဗုဒ္ဓ၏အဖြေ ဖြစ်ပါသည်။ လောကသဘာဝတရားအနေနှင့် ဗုဒ္ဓ၏ လမ်းညွှန်ဟောကြားချက်ကို နှိုင်းယှဉ် စဉ်းစားကြည့်လျှင် . . .

"လောကသဘာဝ နားအကြည်နှင့်အသံတို့ တိုက်ဆိုင်သောအခါ ကြားသိစိတ် (သောတဝိညာဏ်စိတ်)" ဖြစ်လာသည်။

www.dhammaransi.com



ကြားသိစိတ်ဖြစ်လာပြီးနောက် ဖြစ်-ပျက်-စိတ်အစဉ်ဖြင့် ချုပ်သွားသည်။ အသံရော၊ ကြားစိတ်ပါ ပျောက်သွားပါသည်။ အသံထဲမှာ ကြားစေတတ်သော သဘောကလွဲပြီး ဘာမျှမပါဟု နှလုံးသွင်းပါက အာသဝေါတရားများ ဖြစ်မလာတော့ပါ။

တစ်ဖန် မိမိက ကုလားစကားကို နားမလည်ကုလားက မိမိကိုစိတ်ဆိုးပြီး ဆဲသည်။ မိမိက သူ့အသံသာ ကြားတာပဲရှိသည်။ အသံ၏ အဓိပ္ပာယ်နားမလည်၍ ဒေါသမဖြစ်ပါ။ မည်သို့မျှ မခံစားရပါ။

ကုလားစကားကို နားလည်၍ ဆဲသည်ကိုသိပါက ဒီကုလား ငါ့ကိုဆဲနေတာပဲဟု နှလုံးသွင်းမိလိုက်ပါက ဆဲသံပျောက်သွားပေမယ့် ထိုဆဲခံရသူ၏ စိတ်ထဲ၀ယ် မဖြစ်သေးသော ဒေါသစိတ်ကကျန်ခဲ့ပါမည်။ အာသဝေါတရားတွေကျန်ရစ်ခဲ့ပါမည်။ ယင်းသည် မိမိကိုဆဲသည်ကို နှလုံးသွင်းမိ၍ ဖြစ်ပါသည်။

ထိုကုလားက မိမိကိုဆဲတာမဟုတ်၊ အခြားသူကိုဆဲတာဟု နှလုံးသွင်းမိသော် ဆဲသံကိုမှုသိသည်။ ငါ့ကိုဆဲတာမဟုတ်။ ငါနှင့်မဆိုင်ဟု နှလုံးသွင်းမိသောကြောင့် အာသဝေါ၊ ဒေါသ မဖြစ်။

မိမိကိုဆဲသူကို ငါ့ကိုဆဲသည်ဟု နှလုံးသွင်းမိ၍ မိမိမှာ အာသဝေါတရား၊ ဒေါသတရားများ ဖြစ်ကြရသည်။ တစ်နည်း သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိပါလာ၍ အာသဝေါတရား ဖြစ်လာရခြင်း ဖြစ်သည်။

ထို့ကြောင့် အာသဝေါတရားများ မဖြစ်အောင် မပေါ်အောင် နှလုံးသွင်းဖို့အရေးတွင် ငါစွဲကိုဖြုတ်ရန် လိုပါသည်။ သဘာဝကို သဘာဝအတိုင်းမြင်ရပါမည်။ အသံဆိုတာ ကြားပြီး ပျက်သော တရားပဲဟု သဘာဝ၏ အနိစ္စ လက္ခဏာ မြင်နေပါက အာသဝေါတရား မဖြစ်ပါ။

တစ်ဖန် မိမိ၏ဥစ္စာတစ်ခုခုကို ညက အခိုးခံရသည်။ မနက်မိုးလင်းတော့သိသည်။ သိသည်နှင့် တစ်ပြိုင်နက်တည်း ယောနိသောမနသိကာရမဖြစ်လျှင် ဒေါသထွက်မည်။ ရဲကို တိုင်မည်ဟု မကျေမနပ်စိတ်များ တဖွားဖွားပေါ်မည်။ နောက်ထပ် ဘာတွေပါသွားသေးသလဲဟု စိုးရိမ်သောကစိတ်များ ဝင်လာမည်။ သူခိုးမိလို့ကတော့ အသေရိုက်သတ်မည်ဟု အာဃာတ စိတ်များ ဝင်လာမည်။

သို့သော် မိမိသည် ဗုဒ္ဓဝါဒ၏အခြေခံဖြစ်သော ကမ္မဿကတ သမ္မာဒိဋ္ဌိလည်းရှိသည်။ လောက၏ သဘောမှန်လည်းသိမည်ဆိုက ဆရာတော်ကြီးတစ်ပါးကျောင်း၌ အခိုးခံရသောအခါ "သြော် . . . သြော် . . . " အတိတ်ဘ၀က ငါသူခိုးကြီးဖြစ်ခဲ့တာ ယခုပေါ်တော့ သည်ဟု ပြောသလို မိမိသည် အတိတ်ဘ၀က သူ့ပစ္စည်းကိုခိုးခဲ့၍ ယခု ငါအခိုးခံရသည်။ ငါ ဝဋ်ကြွေး ပေးဆပ်ခြင်းဖြစ်သည်။ ပစ္စည်းဆိုတာ ဘာတစ်ခုမျှ တည်မြဲသည်မဟုတ်။ အားလုံး

www.dhammaransi.com



ဘုံဆိုင်ချည်းပဲ။ ကိုယ့်လက်ထဲရှိသောငွေ တော်တော်ကြာ သူများလက်ထဲ ရောက်သွားသည်။ ယခု ခိုးသူကို ငါပေးလှူသည်ဟု သဘောထားမည်စသည်ဖြင့် သဘာဝအမှန် ကမ္မဿကတ ဉာဏ်သာ နလုံးသွင်းနိုင်မည်ဆိုလျှင် ဒေါသစသော အာသဝတရားတို့ မဖြစ်တော့ပါ။ မိမိစိတ်လည်း အတိတ်ကြွေးကိုဆပ်လိုက်ရ၍ ဝမ်းမြောက်ကျေနပ်သွားပါမည်။ ဉာဏ်နှင့်ယှဉ်ပြီး စွန့်လွှတ်ရခြင်းမျိုးဖြစ်၍ ထမင်းနဲ့အိုးကြီးကွဲလို့ ရွှေစည်းခံဘုရားလှူရသည့် သဘောလည်း မသက်ရောက်တော့ပေ။

ဤယောနိသောမနသိကာသည် ပညာသဘောပါသည်ဖြစ်၍ မိလိန္ဒပဥှာတွင် ပဋိသန္ဓေ ပဉှာဝေါဟာရတွင် မိလိန္ဒမင်းကြီးကမေး၍ အရှင်နာဂသိန်ဖြေဆိုထားသည်လည်း ရှိပါသည်။

"အရှင်ဘုရား . . . အကြင်သူသည် ပဋိသန္ဓေနေ၏။ ထိုသူသည် ယောနိသောမနသိကာရဖြင့် နေသလော"

"မင်းကြီး...ယောနိသောမနသိကာရဖြင့်လည်း ပဋိသန္ဓေနေသည်။ ပညာဖြင့်လည်း ပဋိသန္ဓေနေသည်။ ပညာကင်းသော တစ်ပါးသော ကုသိုလ်ဖြင့်လည်း ပဋိသန္ဓေနေသည်"

"အရှင်ဘုရား...ယောနိသောမနသိကာရသည် ပညာပင် မဟုတ်ပါလော"

"မင်းကြီး...ယောနိသောမနသိကာရက တခြား၊ ပညာက တခြားဖြစ်ပါသည်။

"အရှင်ဘုရား... ဥပမာပြ ဖြေဆိုပေးပါ"

"မင်းကြီး . . . ဆိတ်. ကျွဲ. နွား. ကုလားအုတ်. မြည်းစသော တိရစ္ဆာန်များမှာလည်း မနသိကာရ ရှိပါသည်။ သို့သော် ပညာမရှိပါ"

"အရှင်ဘုရား . . . ယောနိသောမနသိကာရဆိုတာ အဘယ်ကဲ့သို့ လက္ခဏာရှိပါသနည်း"

"မင်းကြီး . . . ယောနိသောမနသိကာရဆိုတာ စုရုံးခြင်း လက္ခဏာရှိသည်။ ပညာဆိုတာ ပိုင်းခြားခြင်း လက္ခဏာရှိသည်"

"မင်းကြီး...မုယောစပါးကို ရိတ်သိမ်းသောအခါ မည်ကဲ့သို့ ရိတ်သိမ်းပါသနည်း"

"အရှင်ဘုရား . . . လက်ဝဲလက်ဖြင့် မုယောစပါးကို စုစည်းကိုင်၍ လကျ်ာလက်ဖြင့် တံစဉ်ကိုကိုင်ပြီး ရိတ်ပါသည်။"

"မင်းကြီး...မုယောစပါးကို ရိတ်သိမ်းတတ်သောသူသည် လက်ဝဲလက်ဖြင့် မုယောကောက်ပင်ကို စုစည်းကိုင်ပြီး လက်ယာလက်ဖြင့် တံစဉ်ကိုကိုင်ကာ ပိုင်းဖြတ်သကဲ့သို့ ကမ္မဋ္ဌာန်းဘာဝနာတရားကိုပွားများအားထုတ်သောပုဂ္ဂိုလ်သည်မနသိကာရဖြင့်မိမိ၏စိတ်ကို စုစည်းပြီး ပညာဖြင့် ကိလေသာကို ပိုင်းဖြတ်ပါသည်။"

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဤသည့်အချက်သည်လိုရင်းအချက်ဖြစ်ပါသည်။လောကီဘဝကိစ္စပဲဖြစ်ဖြစ်၊လောကုတ္တရာဓမ္မကိစ္စပဲဖြစ်ဖြစ်ယောနိသောမနသိကာရဖြစ်အောင်အကုသိုလ်ဖြစ်မည့်ကိစ္စ၌နှလုံးသွင်းတည့်မတ်မှန်ကန်သွားသောအခါကုသိုလ်ဖြစ်သွားအောင်ပြုလုပ်ပေးခြင်းသည်ယောနိသောမနသိကာရ၏သဘာဝပင်ဖြစ်ပါသည်။

အမှန်မှာမျက်စိနှင့်မြင်ဖို့ကိစ္စတစ်ခုဖြစ်ပေါ်ရာမှာမျက်စိနှင့်အဆင်းထိခိုက်မိရုံမျှနှင့်မြင်စိတ်မဖြစ်ပါ၊ မျက်စိနှင့်အဆင်းကို ထိခိုက်မိအောင် စိတ်ကို စုစည်းပေးသော မနသိကာရပါမှဖြစ်ပါသည်။ ယင်းကို ဝီထိစိတ်(စိတ်အစဉ်)၌ ဆင်ခြင်စိတ်(အာဝဇ္ဇန်းစိတ်)ဟူ၍ခေါ်ပါသည်။

ဗုဒ္ဓက သဗ္ဗာသဝသုတ်မှာ မဖြစ်သေးသော အာသဝတရားများမဖြစ်အောင် ဖြစ်ပြီးသော အာသဝတရားများ ပျက်ပြယ်အောင် စိတ်ကို စုစည်းသောသဘောကို အသင့်အားဖြင့် နှလုံးသွင်းခြင်းဟူ၍ ဟောခဲ့သလို သင့်လျော်သောအားဖြင့် နှလုံးသွင်းသူ (ယောနိသောမနသိကာရ) ရှိသူကို သိသူ၊ မြင်သူဟူ၍ ခေါ်ပါသည်။ မသင့်သောအားဖြင့် နှလုံးသွင်းသူ (အယောနိသောမနသိကာရ)ကိုမူ မသိသူ၊ မမြင်သူဟူ၍ သမုတ်ခဲ့သည်။

နှလုံးသွင်းမှန်တာနှင့်သိသူမြင်သူဆိုသောစကားနှင့်ပတ်သက်၍နှလုံးသွင်းမှန်ရေးမှာ ခန္ဓာငါးပါး၏ဖြစ်မှု-ပျက်မှုကို သိသူမြင်သူဖြစ်ရမည်ဟု ဆိုလိုပါသည်။

ဗုဒ္ဓက ဓမ္မပဒဂါထာ(၁၁၃)၌...

"ယောစဝဿသတံဇီဝေ၊

အပဿံ ဥဒဗ္ဗယံ

ဧကာဟံ ဇီဝိတံသေယျော၊

ပဿတော ဥဒဗ္ဗယံ"

"ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှင်ရခြင်းထက် ခန္ဓာငါးပါးတို့၏အဖြစ်အပျက်ကိုမပြတ်ရှုမြင်သောပုဂ္ဂိုလ်၏တစ်ရက်မျှအသက်ရှင်ရခြင်းသည်မြတ်သည်" ဟူ၍ ဟောကြားထားခဲ့သည့်အတိုင်း ခန္ဓာငါးပါးတို့၏ ဖြစ်မှု-ပျက်မှုအား ရှုမြင်သူ မြတ်သူလည်း ဖြစ်ပါသည်။

သံယုတ္တနိကာယ်မဟာဝဂ်မှာ ဗုဒ္ဓက...

"ယောနိသောမနသိကာရနှင့် ပြည့်စုံခြင်းသဘောကို အရုဏ်တက်ခြင်း၊ နေထွက်ခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်သကဲ့သို့ အသင့်အားဖြင့် နှလုံးသွင်းခြင်းသည်လည်း အင်္ဂါ(၈)ပါးရှိသော အရိယာမဂ်ရှေ့ပြေးဖြစ်သည်ဟု ဟောထားသောကြောင့် ခန္ဓာငါးပါး ဖြစ်ပျက်ကိုမြင်ဖို့ ဝိပဿနာအလုပ်ကိုလုပ်ရပါမည်၊ထိုဝိပဿနာမလုပ်ခင်ယောနိသောမနသိကာရဖြစ်အောင်လုပ်ရမည်" ဟုဆိုခြင်းဖြစ်ပါသည်၊

www.dhammaransi.com



မိုးကုတ်ဆရာတော်ဘုရားကြီးက ဝိပဿနာမလုပ်ခင် ဒိဋ္ဌိအရင်ဖြုတ်ပါဟု ဟောထားရာညာတပရိညာဖြင့်ငါစွဲဒိဋ္ဌိပြုတ်မှုနှလုံးသွင်းမှန်ပါသည်။ဤသို့ဒိဋ္ဌိပြုတ်ဖို့အတွက်အသင့်အားဖြင့် ရုပ် – နာမ် ဖြစ်ပျက်အပေါ်မှာ မှန်မှန်ကန်ကန် နှလုံးသွင်းတတ်ဖို့ဆိုသည်မှာ ဝိပဿနာရှုမှု ဖြစ်ပါသည်။

တစ်ဖန် ဗုဒ္ဓက မဟာဝဂ္ဂသံယုတ် ယောနိသောမနသိကာရ သမ္ပဒါသုတ်မှာ "ရဟန်းတို့ တစ်ခုသောတရားသည် အင်္ဂါရှစ်ပါးရှိသော မဂ်ကိုဖြစ်စေခြင်းငှာ ကျေးဇူးများ၏၊ တစ်ခုသော တရားဟူသည် အဘယ်နည်း။ ရဟန်းတို့သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု ယောနိသောမနသိကာရနှင့်ပြည့်စုံခြင်းတည်းဟူ၍ဟောပြီးနောက်အရိယာမဂ်ပွားပုံကိုဆက်ဟောပါသည်။

"ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများလတ္တံ့ဟု မျှော်လင့်အပ်သည်။ အဘယ်သို့လျှင် ပွားများမည်နည်း၊ အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပွားများအပ်သနည်း။ ရဟန်းသည် စွဲမက်မှုရာဂ၊ အမျက်ထွက်ခြင်းဒေါသ၊ တွေဝေမှုမောဟတို့ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင်(သမ္မာဒိဋ္ဌိ)ကို ပွားများရာသည်။ မှန်ကန်သော တည်ကြည်မှုသမ္မာသမာဓိကို ပွားများ၏။

ရဟန်းတို့ ဤသို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု (ယောနိသောမနသိကာရနှင့် ပြည့်စုံသောရဟန်းသည် အင်္ဂါ(၈)ပါးရှိသော အရိယာမဂ်ကို ပွားများသည်။ ကြိမ်ဖန်များစွာပြုလုပ်သည်ဟူ၍ ဟောတော်မူခဲ့ရာ ရာဂ. ဒေါသ. မောဟတို့ကို ပယ်ဖျောက်ရန်အတွက်သမ္မာဒိဋ္ဌိအမြင်မှန်ရဖို့မှန်ကန်သောတည်ကြည်မှုသမာဓိရဖို့ဝိပဿနာအလုပ်တရားကို အားထုတ်ကြခြင်းသည် သင့်သောအားဖြင့် နှလုံးသွင်းခြင်းပင် ဖြစ်ပါသည်။

သင့်သောအားဖြင့် နှလုံးသွင်းသူမှာ စိတ်တည်ကြည်မှုသမာဓိနှင့် ပညာ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တားဆီးတတ်သော နီဝရဏတရားများ ရှိပါသည်။

နီဝရဏတရားဆိုသည်မှာကား ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏတို့ဖြစ်ပါသည်။

(ယင်းတို့၏ အကျယ်ကိုအဘိဓမ္မာသမုစ္စည်းပိုင်း၌ကြည့်ပါ)

ဗုဒ္ဓက သင့်သောအားဖြင့် နှလုံးသွင်းမှန်သူမှာ နီဝရဏတရားများ ကင်းပျောက်သည်။ မသင့်သောအားဖြင့် နှလုံးသွင်းသူမှာ နီဝရဏတရား များတိုးပွားသည်ဟု ဟောထားသလို မဟာဝဂ်သံယုတ် နီဝရဏဝဂ်၌ ဗုဒ္ဓက ယောနိသောမနသိကာရရှိသောသူများ သတိ အစ၊ ဥပေက္ခာ အဆုံးရှိသော သမ္ဗောဇ္ဈင်တရား(၇)ပါးတို့ တိုးပွားနေသည်ဟူ၍ ဟောထားခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



အလားတူ အာဝရဏနီဝရဏသုတ်၌ နီဝရဏတရားများဖြစ်ပေါ်မှုသည် နှလုံးသွင်းခြင်း (အယောနိသောမနသိကာရ)နှင့်ဆိုင်သည်။ သမ္ဗောဇ္ဈင်တရား(၇)ပါးသည်ကား သင့်တင့်သော နှလုံးသွင်းရှိမှု(ယောနိသော မနသိကာရ)နှင့် ဆိုင်သည်ဟူ၍ ဟောထားခဲ့ပါသည်။

ထို့ကြောင့်ယောနိသောမနသိကာရသင့်တင့်သောနှလုံးသွင်းမှုနှင့်အယောနိသောမနသိကာရ မသင့်မတင့်သော နှလုံးသွင်းမှုသည် လူသားတစ်ယောက်၏ဘဝကို အထက်သို့လည်းရောက်စေ၊အောက်သို့လည်းကျရောက်စေပါသည်။ဤသည်ကိုဗုဒ္ဓကယောနိသောမနသိကာရ သဘောသဘာဝကို အလေးအနက်ထား၍ ဟောပြခဲ့ပါသည်။ ထိုယောနိသောမနသိကာရစိတ်ထားတတ်မှုကို သိပ္ပံပညာသဘောဖြင့် စမ်းသပ်၍ မရသေးပါ။ လူသား၏ နှလုံးသွင်းမှုသာ အဓိကဖြစ်နေသောကြောင့် စိတ်၏သဘာဝကို အထူးနှလုံးသွင်းတတ်ဖို့ လိုအပ်ပါကြောင်း ဆိုပါရစေ။

## တွေးခေါ်ရှင်များ၏ အနုပဋိလောမဂုပါဝါဒနှင့် ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ

ဂေါတမဗုဒ္ဓသည် ဗောဓိပင်ရင်းဝယ် ပထမယာမ်၊ မဇ္ဈိမယာမ်၊ ပစ္ဆိမယာမ်(၃)ယာမ်လုံးမှာပင် ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံ၊ ပဋိလုံအားဖြင့် ဆင်ခြင်တော်မူသည်၊ ဝိနယပိဋကမဟာဝဂ္ဂမဟာခန္ဓက၊ ဗောဓိကထာတို့၌ ဟောထားပါသည်။

| | | |
|---|---|---|
| အဝိဇ္ဇာပစ္စယာ သင်္ခါရာ | = | မသိ၍ စီမံ |
| သင်္ခါရပစ္စယာ ဝိညာဏံ | = | စီမံ၍ စိတ်(ဝိညာဏ်)ဖြစ် |
| ဝိညာဏပစ္စယာ နာမရူပံ | = | စိတ်(ဝိညာဏ်)ဖြစ်၍ နာမ်ရုပ်ပေါ်မှုဖြစ် |
| နာမရူပပစ္စယာ သဠာယတနံ | = | နာမ်ရုပ်ပေါ်၍ မှီရာ ဖြစ် |
| သဠာယတနပစ္စယာဖဿော | = | မှီရာဖြစ်၍ တွေ့ထိမှုဖြစ် |
| ဖဿပစ္စယာ ဝေဒနာ | = | တွေ့ထိ၍ ခံစားမှုဖြစ် |
| ဝေဒနာပစ္စယာ တဏှာ | = | ခံစား၍ တပ်မက်လိုချင် မှုဖြစ် |
| တဏှာပစ္စယာ ဥပါဒါနံ | = | တပ်မက်၍ စွဲလမ်းမှုဖြစ် |
| ဥပါဒါပစ္စယာ ဘဝေါ | = | စွဲလမ်း၍ ဘဝဖြစ် |
| ဘဝပစ္စယာ ဇာတိ | = | ဘဝဖြစ်၍ သန္ဓေတည်မှုဖြစ် |
| ဇာတိပစ္စယာ | = | သန္ဓေတည်၍ |
| ဇရာ.မရဏ | = | အိုခြင်း၊ သေခြင်းဖြစ် |

www.dhammaransi.com



သောက. ပရိဒေဝ = စိတ်ပူလောင်ခြင်း၊ ငိုကြွေး(မြည်တမ်း)ခြင်းဖြစ်
ဒုက္ခ = ကိုယ်ဆင်းရဲ(ပင်ပန်း)ခြင်းဖြစ်
ဒေါမနဿ = စိတ်ညှိုးဆဲခံရခြင်း (စိတ်မသက်သာခြင်း)ဖြစ်
ဥပါယာသာ = စိတ်ပူလောင်ခြင်းတို့သည်
သမ္ဘဝန္တိ = ဖြစ်ကုန်သည်။

ပဋိလုံဆင်ခြင်သည်မှာ...

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော = မသိမှု အကြွင်းမဲ့ချုပ်လျှင် ဖြစ်မှုများချုပ်မည်။

သင်္ခါရနိရောဓာဝိညာဏနိရောဓော = စီမံမှုများ ချုပ်လျှင် ဝိညာဏ်ချုပ်မည်။
ဝိညာဏနိရောဓာ နာမရူပနိရောဓော = ဝိညာဉ်ချုပ်လျှင် နာမ်ရုပ်ပေါ်မှုချုပ်မည်။
နာမရူပနိရောဓာ သဠာယတနနိရောဓော = နာမ်ရုပ်ချုပ်လျှင် မှီရာချုပ်မည်။
သဠာယတနနိရောဓာ ဖဿနိရောဓော = မှီရာချုပ်လျှင် တွေ့ထိမှုချုပ်မည်။
ဖဿနိရောဓာ ဝေဒနာနိရောဓော = တွေ့ထိမှုချုပ်လျှင် ခံစားမှုချုပ်မည်။
ဝေဒနာ နိရောဓာ - တဏှာနိရောဓော = ခံစားမှုချုပ်လျှင် တပ်မက်လိုချင်မှုချုပ်မည်။
တဏှာနိရောဓာ ဥပါဒါနနိရောဓော = လိုချင်တပ်မက်မှုချုပ်လျှင် စွဲလမ်းမှုချုပ်မည်။
ဥပါဒါနနိရောဓာ ဘဝနိရောဓော = စွဲလမ်းမှုချုပ်လျှင် ဖြစ်မှု (ဘဝ) ချုပ်မည်။
ဘဝနိရောဓာ ဇာတိနိရောဓော = ဘဝဖြစ်မှုချုပ်လျှင် သန္ဓေတည်မှုချုပ်မည်။
ဇာတိနိရောဓာ = သန္ဓေတည်မှုချုပ်လျှင်
ဇရာ မရဏ = အိုခြင်း၊ သေခြင်း
သောက. ပရိဒေဝ = စိတ်ပူလောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း
ဒုက္ခ = ကိုယ်ဆင်းရဲပင်ပန်းခြင်း
ဒေါမနဿ = စိတ်ညှိုးဆဲခံရခြင်း
ဥပါယာသာ = စိတ်ပူပန်ခြင်းတို့သည်
နိရုဇ္ဈန္တိ = ချုပ်ကုန်ကြမည်။

ဗုဒ္ဓသည် သစ္စာလေးပါးကို သိတော်မူပြီးနောက် ဤမှုသေစနစ် (Formula)၏ အနုလောမ၊ ပဋိလောမ ပုံစံအတိုင်း ရှေးဦးစွာဟောကြား သွားမည့်တရားများတွင် မှတည်သွားရန် ရည်ရွယ်တော်မူခဲ့သည်ဟု ဆိုရပါမည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



သို့သော် ရှေးဦးစွာ ဟောကြားခဲ့သော ဓမ္မစက္ကပဝတ္တနသုတ်၌လည်းကောင်း၊ ဆက်လက်၍ ဟောကြားတော်မူခဲ့သော အနတ္တလက္ခဏသုတ် စသည်တို့၌လည်းကောင်း၊ အရေးကြီးသောတရားတော်များ၌လည်းကောင်း ဤမူသေစနစ်ကို ချန်လှပ်ထားသည်ကို တွေ့ရပါသည်။

ရှေးဦးစွာ ဟောကြားသော ဓမ္မစက္ကပဝတ္တနသုတ်၌ အရိယာမဂ္ဂင် (၈)ပါးကို အလယ်အလတ်လမ်းစဉ်(မဇ္ဈိမပဋိပဒါ)အဖြစ် ညွှန်ပြထားသည် ကို တွေ့ရှိရပါသည်။

နောက်ပိုင်းဟောကြားခဲ့သော တရားတော်များတွင် တစ်ခါတစ်ရံ ဤပဋိစ္စသမုပ္ပါဒ်ဟူသော စနစ်ကို အဓိကထား၍ ဟောကြားထားသည်ကို တွေ့ရပြီး ဤမူသေစနစ်သည် ဗုဒ္ဓအဘိဓမ္မာ၏ အဓိကအရင်းခံသဘော တရားဖြစ်နေပါသည်။

"ငါ"ဟူသည် စင်စစ်မရှိကြောင်းကို ဗုဒ္ဓက ခွဲစိပ်ဝေဖန်၍ပြတော်မူပြီးလျှင် ပုဂ္ဂိုလ်သတ္တဝါဟူသည် ဖြစ်စဉ်တစ်ရပ် (A process) ဖြစ်ကြောင်း ထုတ်ပြဟောခဲ့သဖြင့် ဤဖြစ်စဉ်သည်ပင် ဗုဒ္ဓမူသေစနစ်အချုပ်ဖြစ်သည်။

ယင်းမူသေစနစ်ကို အသုံးပြုထားပုံနည်းလမ်းကို ကြည့်ရှုသုံးသပ်လျှင် မည်သည့်အချိန်ကပြုခဲ့သည်ဟု မထင်မြင်နိုင်သောဘဝမှနေ၍ အဖန်ဖန်လည်နေရသော လူ့အဖြစ်ကို ကြည့်တော်မူပြီး နောက်ဆုံး၌ ယင်းဖြစ်စဉ်မှ အဆုံးသတ်နိုင်မည့်နည်းဖြစ်သော နိဗ္ဗာန်ကို ဗုဒ္ဓက တွေ့ရှိခဲ့ပါသည်။

သို့ရာတွင် ဤကဲ့သို့ ကျင်လည်နေကြသော ဘဝစဉ်ဆက်ကို ဒုက္ခရုပ်ကောင်အဖြစ် ရှေးဦးစွာ မဟောပြလျှင်၊ မခြယ်ပြလျှင် ဤသံသရာ စက်ဝန်းမှ လွတ်မြောက်ရာလမ်းကို မည်သူ့ကိုမျှ ဆွဲဆောင်စည်းရုံးနိုင်မည်မဟုတ်ပါ။

(ထို့ကြောင့် အချို့က ဗုဒ္ဓကိုအဆိုးမြင်ဝါဒ၊ အဆိုးဘက်က ကြည့် သောဝါဒ (Pessimism) ) ဟူ၍ မကြာခဏ စွပ်စွဲပြောဆိုကြလေ့ရှိသည်ကိုလည်း တွေ့ရပါသည်။

ဘဝစက်မှလွတ်မြောက်နိုင်သော လမ်းစဉ်တွင် ဘဝစက်လည်မှုကို ဖြစ်စေတတ်သော အကြောင်းတရားများကို ပျက်စီးအောင်ပြုလုပ်သော အချက်များ ပါရှိနေပါသည်။ သို့ရာတွင် ဤနည်းမှာ အမှန်ပင်လိုအပ်သော အကြောင်းတရားပျက်စီးရေးနည်းလမ်း (Negative method) ဖြစ်ရုံသာမက အကျိုးတရား (Positive result) လည်း ဖြစ်စေခဲ့ပါသည်။ ဤသည်ကို ရည်ရွယ်၍ ဗုဒ္ဓဝါဒကို အချို့က နတ္ထိကဝါဒ (Nithilism) ဟုသမုတ်ကြပါသည်။

ဤမူသေစနစ်သည်ပင်လျှင် ကမ္ဘာနိယာမ မမြဲခြင်း(အနိစ္စ)တရား၏ စိမ်အုပ်စိုးခြင်းမှ မကင်းလွတ်ကြောင်းကို ထာဝစဉ်နှလုံးသွင်းကာ ဤမူသေစနစ်ကို မိမိတို့သဘောပေါက်ကြပြီလောဟု မေးကြည့်ရမည် ဖြစ်ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



မဇ္ဈိမနိကာယစူဠဝေဒလ္လသုတ်၌ ယင်းမူသေစနစ်၏ အချို့သော ဝေါဟာရများကို စိတ်ဝင်စားဖွယ် ဆွေးနွေးသုံးသပ်ချက်များ ပါရှိနေသည် ကိုတွေ့ရပါသည်။

အနာဂါမ် ဝိသာခသူဌေးနှင့် ဝိသာခ၏ဇနီးဟောင်းဖြစ်ခဲ့ဖူးသော ရဟန္တာအရှင်မ ဓမ္မဒိန္နာတို့၏ ဆွေးနွေးချက်ကိုကြည့်က ဆန့်ကျင်သောပြိုင်ဘက်(ဝိသဘာဝပဋိဘာဂ)၏ စက်လည်၍ မဆန့်ကျင်သောပြိုင်ဘက် (သဘာဝပဋိဘာဂ) စက်လည်ပုံသဘောကို တွေ့ရပါမည်။

"အရှင်မ . . . ချမ်းသာခံစားမှု (သုခဝေဒနာ)၏ ပြိုင်ဘက် (ပဋိဘာဂ)က အဘယ်နည်း"

"ဒါယကာဝိသာခ . . . ချမ်းသာခံစားမှု၏ပြိုင်ဘက်မှာ ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ) ဖြစ်၏"

"အရှင်မ . . . ဆင်းရဲခံစားမှု၏ပြိုင်ဘက်ကရော အဘယ်နည်း"

"ဒါယကာ . . . ဆင်းရဲခံစားမှု၏ပြိုင်ဘက်ကမူ ချမ်းသာခံစားမှုပင်ဖြစ်၏"

"အရှင်မ...ဆင်းရဲချမ်းသာမဟုတ်ဘဲခံစားမှု(အဒုက္ခမသုခဝေဒနာ)၏ပြိုင်ဘက်ကရော အဘယ်နည်း"

"ဒါယကာ . . . ယင်း၏ခံစားမှု ပြိုင်ဘက်ကမူ မသိမှု(အဝိဇ္ဇာ) ပါပဲ"

"အရှင်မ . . . မသိမှု၏ပြိုင်ဘက်ကရော အဘယ်နည်း"

"ဒါယကာ . . . ယင်း၏ပြိုင်ဘက်ကမူ သိမှု (ဝိဇ္ဇာ)ပါပဲ"

"အရှင်မ . . . သိမှု၏ပြိုင်ဘက်ကရော အဘယ်နည်း"

"ဒါယကာ . . . သိမှု၏ပြိုင်ဘက်ကမူ လွတ်မြောက်မှု(ဝိမုတ္တိ)ပါပဲ"

"ရှင်မ . . . လွတ်မြောက်မှု၏ပြိုင်ဘက်ကရော အဘယ်နည်း"

"ဒါယကာ . . . ယင်း၏ပြိုင်ဘက်ကမူ ငြိမ်းအေးမှု(နိဗ္ဗာန်)

ဤတွင် ဝိသဘာဝသဘောမှာ အနိမ့်သို့ တိမ်းညွတ်ခြင်းဖြစ်၍ ဝေါဟာရအချင်းချင်းလည်း ဆန့်ကျင်ကြသည်။ သဘာဝသဘောမှာ အထက်အမြင့်သို့ တက်ခြင်းသဘောဖြစ်၍ ဝေါဟာရများအချင်းအချင်း သဘောတူကြသောသဘောကို တွေ့ရပါမည်။

ဤသဘောထားများနှင့်ပတ်သက်၍ အရှင်မဟာ ဗုဒ္ဓဃောသ အဋ္ဌကထာဆရာက...

"ချမ်းသာ၏ဆန့်ကျင်ဘက် (ပစ္စနိက)ကား ဆင်းရဲတည်း၊ ဆင်းရဲ၏ ဆန့်ကျင်ဘက်ကား ချမ်းသာတည်း"

ထို့ကြောင့် ခံစားမှု(၂) မျိုးတို့၏ သဘောထားမတူသော ပြိုင်ဘက် (ဝိသဘာဝပဋိဘာဂ)ကို ပြဆိုခြင်းဖြစ်သည်။

www.dhammaransi.com



လျစ်လျူရှုမှု (ဥပေက္ခာ)သည်ကား အမိုက်တိုက်နှင့်တူသည်။ မကြမ်းတမ်းသော သဘောဖြစ်သောကြောင့် မထင်ရှားပေ။ ပြနိုင်ခဲလေသည်။ ပြရန်မလွယ်ပါ။

မသိမှု (အဝိဇ္ဇာ)သည်လည်း ထိုသို့ရာဂ၊ ဒေါသများပမာ မကြမ်းတမ်းသောသဘော ရှိသည်သာတည်း။ ထို့ကြောင့် ဤအရာဝယ်၊ သဘောတူသောပြိုင်ဘက် (သဘာဂပဋိဘာဂ) ကို ပြဆိုခြင်းဖြစ်ပါသည်။

အကြင်မျှလောက်သောအရာတို့၌အဝိဇ္ဇာသည်အမိုက်တိုက်ကိုပြု၏။ ထိုမျှလောက် သောအရာတို့၌ ဝိဇ္ဇာသည် အမိုက်တိုက်ကို ပယ်ဖျောက်သည်။

ထို့ကြောင့် သဘောမတူသော ပြိုက်ဘက်(ဝိသဘာဂပဋိဘာဂ)ကို ပြဆိုခြင်းဖြစ် သည်။ ဝိဇ္ဇာနှင့် ဝိမုတ္တိကား(၂)ပါးလုံးပင် အာသဝများ၏ အာရုံမဟုတ်ကြပါ။ လောကုတ္တရာ တရားသာဖြစ်ပါသည်။ ထို့ကြောင့် သဘောတူသော ပြိုင်ဘက်(သဘာဝပဋိဘာဂ)ကိုပင် ပြ ဆိုခြင်းဖြစ်ပါသည်။

ဝိမုတ္တိနှင့်နိဗ္ဗာန်တို့သည် ဘာသဝ၏ အာရုံမဟုတ်သော သဘောကြောင့်လည်း ကောင်း၊ လောကုတ္တရာ သဘောဖြစ်သောကြောင့်လည်းကောင်း၊ အဗျာကတသဘောဖြစ် သောကြောင့်လည်းကောင်း၊ သဘောတူသောပြိုင်ဘက် (သဘာဝပဋိဘာဂ) ကိုယ်ပြဆိုခြင်း ဖြစ်ပါသည်။

ဝိမုတ္တိနှင့်နိဗ္ဗာန်တွင်နိဗ္ဗာန်မှာအသင်္ခတသဘောဖြစ်သောကြောင့်ဝိသဘာဂအဖြစ် ကိုလည်း ရသင့်သေးဟု ဋီကာဆရာက ကွန့်ဆိုထားပါသည်။

ဤအချက်များကိုကြည့်သောအားဖြင့် ဗုဒ္ဓ၏အဘိဓမ္မာသည် သဘာဝနှင့်ဝိသဘာဂ တည်းဟူသော ပုံသဏ္ဍာန်(၂)မျိုးတို့အရ ပြောင်းလဲမှုဖြစ်ပေါ်လာခြင်းကို လက်ခံထားပါ သည်။

ဤနည်းဖြင့် အသိဉာဏ်(ဝိဇ္ဇာ)ရှိလျှင် မသိခြင်းတည်းဟူသော (အဝိဇ္ဇာ)လည်း ရှိရ လာမည်ဖြစ်ပြီးယင်း(၂)ခုတို့၏ဆန့်ကျင်မှုပြိုင်ဘက်သည်ယင်းတို့နှင့်မတူလုံးဝခြားနားသော တစ်ခုသောအရာ (သင်္ခါရ) ကို အချိန်ကာလအလျောက် ဖြစ်ပေါ်လာစေလိမ့်မည်ဖြစ်လေ သည်။

အခြားတစ်ဘက်မိမိတို့သိထားကြသည်မှာအနည်းငယ်မျှသောဝိဇ္ဇာ(အသိဉာဏ်) သည် ဝိမုတ္တိအကျိုးကို မဖြစ်စေနိုင်။ အသိဉာဏ်ကြီးမားပါမှ ဝိမုတ္တိအကျိုးကို ပြီးစေနိုင်သည် ဟူ၍ဖြစ်ပါသည်။

နောက်ပိုင်း အိန္ဒိယပြည်မြောက်ပိုင်း ဗုဒ္ဓသာသနာဟုခေါ်သော မဟာယာနကို ဦးဆောင်တည်ထောင်ခဲ့သူ နာဂအဇ္ဇုန (နဝရ်ကျူန) (Nagarjuna)ကလည်း အရာဟူသမျှ၌

www.dhammaransi.com



ဆန့်ကျင်သောပြိုင်ဘက်တို့ရှိပြီးလျှင် ယင်းတို့မှာနေရာ (Space) နှင့်ကာလ (Time) တို့၏အုပ်စိုးမှုကို ခံရမည်ဖြစ်ကြောင်း အလေးအနက်ထား၍ ဆိုထားခဲ့ပါသည်။

သူသည် မဇ္ဈိမကဂိုဏ်းကို တည်ထောင်ခဲ့သူဖြစ်သည်။ ပညာရှင်အချို့က သူ့ကို အတော်ပင် ချီးမွမ်းဂုဏ်ပြုကြသည်။ တချို့က သူ၏ မဇ္ဈိမိကဂိုဏ်းအယူဝါဒကို ဗုဒ္ဓဘာသာ၏ အချက်အချာ အတွေးအခေါ် (The Central Philosophy of Buddhism) ဟူ၍ပင် ဆိုခဲ့ပါသည်။

မဇ္ဈိမကစနစ်၏ ဗုဒ္ဓဘာသာအယူအဆများသည် ဝတ်ပြုဆုတောင်းကိုးကွယ်ခြင်း သဘောဖြင့် ပေါ်လာသည်ဖြစ်၍ ထေရဝါဒဗုဒ္ဓဘာသာက လက်မခံကြပါ။

(မဟာယာနနှင့် ထေရဝါဒအယူအဆ ကွဲပြားမှုများစွာ ရှိနေပါသည်။ အဓိကအချက်သည် ရည်မှန်းချက်ကွဲခြင်းဖြစ်ပါသည်။ ထေရဝါဒက တစ်ဦးတစ်ယောက်တည်း နိဗ္ဗာန်မဂ်ဖိုလ်ကို ရအောင်လုပ်ရေးကိစ္စ၊ ရဟန္တာဖြစ်ဖို့ကိစ္စကို ဘဝ၏ အမြင့်ဆုံး အမြတ်ပန်းတိုင်အဖြစ်ထားသည်။ ဤသည်ကို မဟာယာနက လက်မခံပါ။)

ထေရဝါဒသမားများသည် တစ်ကိုယ်ကောင်းဆန်သည်။ ဗုဒ္ဓ၏ အစဉ်အလာကို မလိုက်၊ သူတို့က နိဗ္ဗာန်ကို တစ်ဦးတစ်ယောက်တည်း မယူလို။ သတ္တဝါအားလုံးကို နိဗ္ဗာန်သို့ ကြီးမားသောယာဉ်ကြီးနှင့် ပို့ဆောင်နိုင်အောင် ဘုရားဆုကို ပန်ရမည်။ ရဟန္တာဖြစ်ဖို့ထက် ဘုရားလောင်း (ဗောဓိသတ္တ၊ အဝလောကိတေသွာရ) ဖြစ်ဖို့ အရေးကြီးသည်ဟု ယူဆသည်)

နာဂအဇ္ဈုနနှ၏ မဇ္ဈိမပဋိပဒါနည်းမှာ အလယ်လမ်းစဉ်ကိုသိလိုလျှင် ပတ်လည်ညင်းပယ်နည်း (Negation of negation) သုံးရမည်ဟု ဆိုပါသည်။ ယင်းသဘောသည် အနောက်တိုင်း အတွေးအခေါ်များထဲက ဒိုင်ယာလက်တစ် (dialetic) သဘောမျိုးဖြစ်ပါသည်။

သူ၏ နာဂအဇ္ဈုနနှ၏ ပတ်လည်ညင်းပယ်နည်းသည် (၈) ဆင့် ညင်းပယ်ရ၍ အဌမုခ ပဋိပက္ခဟူ၍ ခေါ်ဆိုပါသည်။

ဂရိတ်ပညာရှင် ဟေရာကလိတပ်(စ်) (Heraclitus) ၏ ဒိုင်ယာလက်တစ်တွင် ဆန့်ကျင်ဘက် (ဝိရောဓိ) အစွန်းတရားများကို ငြင်းပယ်ပြီး သဘောထားညီညွတ်သည့် (သမုဟ) သဘောတရားကို ရှာပြခြင်းဖြစ်သည်။

နာဂအဇ္ဈုနကမူ သဘောထားညီညွတ်မှု (သမုဟ) ကို မရှာ၊ သုညတသဘောကို မြင်လာအောင် ဆန့်ကျင်ဘက်အားလုံးကို ငြင်းပယ်ခြင်းဖြစ်ပါသည်။ နာဂအဇ္ဈုနနှ၏ (၈) ဆင့် ငြင်းပယ်နည်းမှာ...

| | | | |
|---|---|---|---|
| ၁။ | ဥပါဒေါ | = | ဖြစ်ပွားပေါ်ပေါက်လာခြင်း (Production) |
| ၂။ | ထို၏ဆန့်ကျင်ဘက် နိရောဓ | = | ချုပ်ပျောက်ခြင်း (Extinction) |
| ၃။ | ဘုံဘဝသို့ရောက်ရှိလာခြင်း | = | (ဂတိ) (coming) |

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



၄။ ထိုလာခြင်း၏ဆန့်ကျင်ဘက် - ဂတိ = ရောင်ဖယ်ထွက်ခွာခြင်း (departure)
၅။ နိစ္စ - (သဿတ) = မြဲခြင်း (Permanence)
၆။ ထို၏ဆန့်ကျင်ဘက် - အနိစ္စ = မမြဲခြင်း(ပျက်စီးခြင်း) (Impermancence)
၇။ ဧကတ္တ = တစ်ခုတည်းဖြစ်ခြင်း (Unity)
၈။ ထို၏ဆန့်ကျင်ဘက်နာနတ္တ = ကွဲပြားခြားနားခြင်း (diversity)

ဤဆန့်ကျင်ဘက်အတွဲ (၄) စုံကို ငြင်းပယ်ရမည်။ ပတ်လည်ငြင်းပယ်ရခြင်း သဘောမှာ...

ဥပါဒေါ - ဖြစ်ခြင်းကို၊ နဥပါခေါ - ဖြစ်ခြင်းမရှိဟု ငြင်းရမည်လို့ ဆိုခြင်းပြီးလျှင်၊ နနိရောဓော - ချုပ်ခြင်းမရှိဟုငြင်းရမည်။ နအာဂတိ - လာခြင်းလည်းမရှိ၊ လာခြင်းမရှိသလို၊ နဂတိ - ထွက်ခွာသွားခြင်းမရှိ၊ အနိစ္စာ - မြဲခြင်းလည်းမရှိ၊ နဧကတ္တ - တစ်ခုတည်းသဘောမဟုတ်၊ ननानत्त - တသီးတခြား တကွဲတပြားလည်းမဟုတ်၊ ထိုကဲ့သို့ငြင်းမှ အဆင့်ဆင့်ငြင်းပယ်မှသာ ဆန့်ကျင်ဘက် အစွန်းအားလုံးကို ငြင်းပယ်ရာရောက်ပါသည်။ ဤမှာဘက်ကို အစွန်းကိုငြင်းလိုက်သည့်အတွက် ဟိုဘက်အစွန်းသို့ရောက်သွားခြင်းမှ လွတ်မြောက်မည်။ တစ်ဘက်ကိုလည်းငြင်းပြီးနောက်တစ်ဘက်ကိုလက်ခံလိုက်ခြင်း၊ အမှားကင်းစင်သွားမှ သုညတာဖြစ်ခြင်း၊ ပျက်ခြင်းကင်းသော နိဗ္ဗာန်သဘောကို မျက်မှောက်ပြုနိုင်သည်ဟု ဆိုထားခြင်းဖြစ်ပါသည်။

လောကကို ရှုမြင်ရာတွင် ဆန့်ကျင်ဘက်ဖြစ်နေသော တရားများသည် တစ်ခုနှင့် တစ်ခု မကင်းတရားများ(အဝိနာဘာဝ)များ ဖြစ်နေကြသည်။ ဤတရားများသည် ဆန့်ကျင်ဘက်များဖြစ်နေကြသည်။ ဝိရောဓိတရားများ ဖြစ်နေသည်ဆိုပေမယ့် မကင်းတရားများဖြစ်ကြပါသည်။

မကင်းတရားဆိုသည်မှာ ဤတရားများသည် တစ်ခုနှင့်တစ်ခု မကူး၊ ဆန့်ကျင်ဘက် အသွင်ကို ဆောင်နေပေမယ့် တစ်ခုရှိမှ တစ်ခုရှိနိုင်သော တရားများဖြစ်နေကြပါသည်။ ဥပမာ - ဖြစ်ခြင်းရှိလို့သာ ချုပ်ခြင်းရှိသည်။ ဖြစ်ခြင်းမရှိဘဲနှင့် ချုပ်ခြင်းသဘောမရှိနိုင်၊ ဤသည်ကို မကင်းရာတရား (relativisticc)ဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

လောကသဘာဝမွေးခြင်းနှင့် သေခြင်းသည် ဆန့်ကျင်ဘက် တရားဖြစ်နေသော်လည်း မကင်းတရားဖြစ်သည်။ အတူတကွ တစ်ပြိုင်နက် အတူတွဲဖြစ်၍လည်း မရပါဟု နာဂ အဇ္ဇုနကဆိုထားပါသည်။

ထို့ကြောင့်မဇ္ဈိမပဋိပဒါနည်းအရရှိခြင်း(အတ္ထိ)၊ နတ္ထိ(မရှိခြင်း၊ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းဟုတ်(အတ္ထိစ၊ နတ္ထိစ) ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ် (နေဝ အတ္ထိ၊ နာနတ္ထိ) ဟူသော အစွန်းလေးပါးကို လွတ်အောင် ရှောင်ထွက်သောနည်းဖြင့် ဆင်ခြင်မှ

www.dhammaransi.com



သာဖြစ်ခြင်း၊ ပျက်ခြင်းကင်းရာအမှန် မြတ်နိဗ္ဗာန်၏ သုညတသဘောကို နားလည်နိုင်သည် ဟု ဆိုပါသည်။

အရှင်နာဂအဇ္ဈုနအ၏အတွေးသည် နက်နဲသော်လည်း အကျင့်သဘောကို မတွေ့ရပါ။ အမြင်(ဒဿန)တစ်ခုသာဖြစ်နေပါသည်။ လက်တွေ့ကျင့်စဉ်မပါ၍ အယူဝါဒအမြင်ကို ထေရဝါဒ လက်မခံပါ။

ထေရဝါဒဗုဒ္ဓဘာသာ၏လက်ခံသော မဇ္ဈိမပဋိပဒါမှာ မတင်းလွန်း မလျော့လွန်း သောသဘောနှင့် တရားကျင့်မှု ဝိပဿနာဉာဏ်လမ်းကို အဓိကထားပါသည်။

မဇ္ဈိပဋိပဒါသည် ကံလမ်းမဟုတ်၊ ဉာဏ်လမ်းဖြစ်သည်။ ဉာဏ်လမ်းသည် အလယ် လမ်း (မဇ္ဈိမပဋိပဒါ) ဖြစ်သည်။ ယင်းလမ်းကိုမြင်ရန် အရေးကြီးပါသည်။ ယင်းအလယ် လမ်း(ဉာဏ်လမ်း)ကိုမမြင်၊မသိဘဲကျင့်သောသူသည်လမ်းချော်ပြီးဘေးလမ်းများသို့ရောက် သွားနိုင်ပါသည်။

ဝိပဿနာတရားအားထုတ်လိုသူသည် အားထုတ်သောအခါ အလယ်အလတ်ကျင့် တတ်ရန် လိုပါသည်။ လူ့လောကထဲမှာ လောကီအာရုံ ကာမဂုဏ်ကိလေသာအစုံကို အီဆိမ့် အောင်ခံစားပြီး တရားအားထုတ်လျှင် တရားမရနိုင်သော၊ အစွန်းတစ်ဘက်ဖြစ်ပါသည်။ ခန္ဓာ ကိုယ် အစား၊ အစာ၊ ရေစာဖြတ် ညှင်းဆဲထားပြီး တရားကျင့်လျှင်လည်း မရနိုင်ပါ။ အလိုလိုက် ခြင်း၊ အစွန်းနှင့်မိမိကိုယ်ကို ညှင်းဆဲခြင်းအစွန်းနှစ်ဘက်ကို ရှောင်ပြီး အလယ်အလတ်ကျင့် စဉ်ကိုကျင့်မှ တရားရပါသည်။

ထိုသို့ကျင့်ရာတွင်လည်း ကျင့်သူ၏ စိတ်နေသဘောထားသည် အဓိကဖြစ်နေပါ သည်။ တချို့သော တရားကျင့်သည်မှာ တရားရလို၍ ကျင့်သည်မဟုတ်၊ လူ့အထင်ကြီးအောင် လာဘ်လာဘရအောင် များအောင် ကျင့်တာလည်း ရှိပါသည်။ လူ့အထင်ကြီးအောင် သက် သက်လွတ်စားတာတို့ မီးလွတ်စားတာတို့ အစာမစားဘဲ ရေသောက်ကျင့်တာတို့ စသည်များ သည် မဇ္ဈိမပဋိပဒါကျင့်စဉ်နှင့် တခြားစီဖြစ်ပါသည်။

မဟာဝဂ္ဂသံယုက်၊ ဓမ္မစက္ကပဝတ္တနသုတ်မှာ ဗုဒ္ဓက...

"ယုတ်ညံ့သောရွာသူတို့၏ အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်သော အရိယာတို့၏အကျင့်မဟုတ်သော၊အကျိုးစီးပွားနှင့် မစပ်ယှဉ်သောကာမဂုဏ်တို့၌ကာမချမ်း သာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်ပြီးလည်းကောင်း၊ ကိုယ်ဆင်း ရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏အကျင့်မဟုတ်သော အကျိုးစီးပွားနှင့် မစပ်ဆိုင် သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းလည်းကောင်း ဤနှစ်ပါးတို့တည်းဟူ၍ ဟောထားပါ သည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



မိမိကိုယ်ကိုအလိုလိုက်ပြီး ကာမဂုဏ်ကို အဖန်တလဲလဲခံစားခြင်း (ကာမသုခလ္လိကာနုယောဂ) နှင့် ကိုယ်ကိုညှင်းပန်းနှိပ်စက်ခြင်း (အတ္တကိလမထာနုယောဂ) ကျင့်စဉ်မှ ဆန့်ကျင်ဘက်ဖြစ်သော မဂ္ဂင်(၈)ပါး အကျင့်မြတ်ကျင့်စဉ်မှာ ...

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်သောအယူအသိရှိခြင်း

၂။ သမ္မာသင်္ကပ္ပ = မှန်သော အတွေးအကြံရှိခြင်း

၃။ သမ္မာဝါစာ = ကောင်းသောစကားရှိခြင်း

၄။ သမ္မာကမ္မန္တ = ကောင်းသောလုပ်ဆောင်ချက်ရှိခြင်း

၅။ သမ္မာအာဇီဝ = ကောင်းသောအသက်မွေးမှုရှိခြင်း

၆။ သမ္မာဝါယမ = ကောင်းသောအားထုတ်မှုရှိခြင်း

၇။ သမ္မာသတိ = ကောင်းသော အောက်မေ့မှုရှိခြင်း

၈။ သမ္မာသမာဓိ = ကောင်းသောတည်ကြည်ငြိမ်သက်မှုရှိခြင်း

ဤကျင့်စဉ်(၈)ပါးကို ဗုဒ္ဓက ရဟန်းတို့ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကိုပြုတတ်သော ဉာဏ်အမြော်အမြင်ပြုတတ်သော၊ ကိလေသာငြိမ်းခြင်းကို ထူးသောဉာဏ်ဖြင့်သိခြင်း၊ သစ္စာလေးပါးကိုသိခြင်း နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာဖြစ်သော၊ မြတ်သောအကျင့်ဖြစ်သော ဤမဂ္ဂင်ရှစ်ပါးအကျင့်ကို ဟောကြားပါသည်ဟူ၍ ဟောကြားထားပါသည်။

ပညာမျက်စိကိုပြုတတ်သော လမ်းဆိုသည်မှာ အန္ဓပုထုဇဉ်အကန်းများ လျှောက်ရမည့်လမ်းမဟုတ်၊ ဗုဒ္ဓိဉာဏ်မျက်စိရှိသော အရိယာသာဝကများလျှောက်ရမည့် လမ်းဖြစ်သည်။ ဤလမ်းကို လျှောက်တတ်လျှင် ကိလေသာအပူများ ငြိမ်းခြင်းကိုရမည်။ သစ္စာလေးပါးကိုသိသော ထူးသော ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရပြီးသိမည်။ ထိုသို့သိလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်။

သို့အတွက် မဇ္ဈိမပဋိပဒါ(အလယ် အလတ်ကျင့်စဉ်) လမ်းသည် အသိအနေနှင့် နားလည်ရမည်ဖြစ်သလို အကျင့်အနေနှင့်လည်း ကျင့်ရမည့်လမ်းစဉ်ဖြစ်သည်ဟု ထေရဝါဒ ဗုဒ္ဓဘာသာက လက်ခံယုံကြည်ထားပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်အနည်းငယ်အတွင်းတွင် ဂရိတ်ပညာရှင်ကြီး ဟေရာကလိတပ်(စ်) (Heraclitus) က ဆန့်ကျင်ဘက် (၂) ခုတို့၏ ပေါင်းစပ်ခြင်း၏ အကြောင်းကို ရည်ညွှန်းရေးသကဲ့သို့ ရေးသားခဲ့ပါသည်။

သူမြင်သည်မှာ လောကသဘာဝဖြစ်စဉ်တွင် ဓမ္မတာတိုင်းသည် ဆန့်ကျင်ဘက်တရားများ ဒွန်တွဲနေသော နိယာမများရှိသည်ဟု မြင်သည်။ ယင်းကို သူက (Unity of opposites) ဟု ခေါ်ပါသည်။ ဒိုင်ယာလက်တစ်ဆိုသည်မှာ မူလသဘော (Thesis) တစ်ခုကို

www.dhammaransi.com



လက်ခံရန် သူ၏ဆန့်ကျင်ဘက်သဘော (anti-thesis) ကို ငြင်းပယ်ရမည်။ ယင်းငြင်းပယ်ထားသည်ကို ထပ်မံပြီးငြင်းပယ်လျှင် သမူဟသဘော(Synthesis) ရသည်ဟု ယုတ္တိဗေဒသဘောနှင့် စဉ်းစားခြင်းဖြစ်ပါသည်။ မဟာယာန ရှင်နာဂအဇ္ဈုန ပဋိပဒါနှင့် ခပ်ဆင်ဆင်တူပါသည်။

ထို့ကြောင့် ဂရိတ်ပညာရှင်ဆရာကြီးများဖြစ်ကြသော ဟေရာကလိတပ်(စ်)ပိုက်သာဂိုရပ်(စ်) (Pyhagoras) တို့သည် အမှန်ပင် အိန္ဒိယသို့ ရောက်ရှိခဲ့ကြသည်ဟု ယုံကြည်ခဲ့ကြသည်။

ပိုက်သာဂိုရပ်(စ်)၏ ယူကလစ်ဘာသာရပ် (Euchid) တွင် ပါရှိသော စိန္တိတကထာ (Theorem)အပုဒ်၄၇သည် ဗောဓာယန၏ စူဠဝသုတ်အဖွင့်တွင် ပါရှိနေသည်ကို တွေ့ရသည်။ အိန္ဒိယပြန်ရောက်ခဲ့သော ပိုက်သာဂိုရပ်(စ်)၏ တော်လှန်ရေးအယူအဆများနှင့် သူ၏အာကိထိဝါဒသည် ဥရောပတိုက်ရှိ လူသားလောကကို ဂယက်ရိုက်စေခဲ့သည်။

(ပိုက်သာဂိုရပ်(စ်) ၅၇၈၊ ၅၁၀ BC)ကို ဆီးရီးယားတွင် မွေးဖွားခဲ့သည်ဟု ယူဆခဲ့ကြသည်။ ဆာမိုးစ် (Samos) ကျွန်းတွင် မွေး၍ အီတလီတောင်ပိုင်းတွင် သွားရောက်နေထိုင်ခဲ့သည်ဟု အများက ယူဆကြသည်။ သင်္ချာနည်းဖြင့် လက်တွေ့ပြသမှုကို စတင်သူဟု ယုံကြည်သည်။ ပိုက်သာဂိုရပ်(စ်)သည် စိန္တိတကထာကို စတင်တီထွင်သူလည်းဖြစ်သည်။ ဂီတပညာတွင် အသုံးပြုသော ဂဏန်းသင်္ကေတ၏အရေးကြီးပုံကို စတင်၍တွေ့သူဖြစ်သည့်အတိုင်း ဂီတပညာ၏ ကြံဆချက်အခြေခံကိုလည်း ချမှတ်ခဲ့သူဖြစ်ပါသည်။)

အလားတူ ဂရိတ်ပညာရှိကြီး ဆိုကရေးတီး(Socrates) သည်လည်း ဆန့်ကျင်ဘက်အမြင်နှစ်ဘက်မှ အမှန်တရား ရှာကြံနေသောနည်းကို အသုံးပြုခဲ့ပါသည်။

(ဆိုကရေးတီး(စ်) (၄၇၀ - ၃၉၉ - BC)ကို အေသင်မြို့ကျော်ဖြတ်သမားနှင့် ဝမ်းဆွဲဆရာမတို့မှ မွေးဖွားသူဖြစ်သည်။ သူ့ကို ဂရိတ်တို့က အားလုံးကိုသိသူ (Omniscient) ဟု ယုံကြည်ခဲ့ပါသည်။ အေသင်ရှိ လူငယ်များပျက်စီးအောင် သင်ပေးသူဟုစွပ်စွဲကာ သေဒဏ်ပေးခြင်းကို ခံခဲ့ရသည်။ ယူကလစ်၊ ဖာဟိနီ၊ အန်တီသီးနီး(စ်)၊ အရစ္စတို့နှင့် ပလေတို့သည် သူ၏ထင်ရှားသောတပည့်များ ဖြစ်ခဲ့ကြသည်။

ပလေတိုက ဝိညာဏ (အာကြိတိ)၊ ဝိသေသ၊ သာမည (ဇာတိ)၊ မူလသရူပ (မြစ်ရင်းသဘော) ကတ္တာ (ဖန်ဆင်းသူ၊ လက်သည်)၊ ဥပါဒါနကာရဏ စသော အဘိဓမ္မာကျမ်းများအဖြစ် ထင်ရှားခဲ့ပါသည်။

အာရစ္စတိုတဲလ်က နိမိတ္တကာရဏ၊ တတ္တသတ္တ(ဒြဗျဒဗ္ဗ)၊ ကုဏ၊ ကမ္မဒိသာ၊ ကာလ၊ ပရိမာဏ၊ အာသန၊ ဌိတိစသော အဘိဓမ္မာကျမ်းများဖြင့် ထင်ရှားခဲ့သည်။

www.dhammaransi.com



အရှင်နာဂရ်ဂျုနနှင့် ဆိုကရေးတီး(စ်)တို့၏ အတွေးအခေါ် (၂)ရပ်ကိုပင် အဘိဓမ္မာဆရာကြီးကန့်(Kant)ကသဘာဝတ္တဗေဒ(သဘောတရားဗေဒ)တို့ကိုအလွယ်တကူကောက်ယူပြသနိုင်ခဲ့ပါသည်။

၁၈-ရာစုကုန်ခါနီးလောက်အချိန်တွင်းဝယ် အိန္ဒိယပြည်တွင် ပေါ်ထွန်းခဲ့သော ဗုဒ္ဓအဘိဓမ္မာများအပေါ်တွင် ဂျာမန်သဘာဝတ္တဆရာကြီးများသည် အထူးစိတ်ဝင်စားပြီး လေ့လာခဲ့ကြသည်ကို တွေ့ရပါသည်။ အိန္ဒိယပြည်ရှိ ဗုဒ္ဓအဘိဓမ္မာကျမ်းဂန်များကို လေ့လာလိုက်စားခဲ့ကြသော ဂျာမန်ပညာရှင်ကြီးများတွင် ကာလ်အော်ဂတ်စ်ရှာဂဲလ် (Koul August Schlegel)၊ ဟားဒါး (Herder)၊ ဂိုးသီး (Goethe)၊ အေ-ဒဗလျူရှယ်လ်ဂဲလ် (AW schlegel)၊ ဖရန်နီဘောပ် (Frany Bopp)၊ လက်ဆင့်ဝေဘာ (Lassen Weber)၊ ရော့သ်(Roth)၊ ဘို့တလင်း(Boetlink)၊ မက်စ်မူလာ (Max muller)၊ ဘူလား(Buchler)၊ လေဟွန် (Leeclhorn)တို့သည်ထင်ရှားသော ပညာရှင်များ ဖြစ်ကြပါသည်။

အိန္ဒိယရှိအဘိဓမ္မာများကိုလေ့လာကြပြီး ထိုပညာရှိများသည် ထိုအိန္ဒိယမှရရှိသော အဘိဓမ္မာကိုအရင်းခံထားပြီး သဘာဝတ္တတရားကို တင်ပြရေးသားလာခဲ့ကြသည်ဟု ဆိုရပါမည်။

ဤအယူအဆ သဘောတရားများကို ကန့် (Kant) ၊ ဖစ်ချ် (Fichtge) နှင့် ဟီဂဲလ် (Hegel)တို့ ရေးသားခဲ့ကြသော စာအုပ်များ အထင်အရှား တွေ့ရပါသည်။ ထိုပုဂ္ဂိုလ်ကြီးတို့ပင် ဆန့်ကျင်သောပြိုင်ဘက်ပုံသဏ္ဍာန် (Dialeetical Pattern) သဘောတရားများကိုအပြီးသတ်အချောကိုင်ခဲ့ကြသည်ဟု ဆိုပါသည်။

ထိုပုဂ္ဂိုလ်တို့၏နောက်ပိုင်းတွင် ဂျာမန်ပညာရှင်ကြီးရှိုပင်ဟောဘာ (Schopenhaver) သည်စိတ်တန်ခိုးနှင့်အယူအဆပြဋ္ဌာန်းသောကမ္ဘာလောကကြီး (The worlds will and idea) ဟူသောစာအုပ်ကို ရေးသားထုတ်ဝေရာ တစ်ကမ္ဘာလုံး ဂယက်ရိုက်ခဲ့သည်။ ယင်းစာအုပ်ကို အကောင်းဆုံး ဗုဒ္ဓဝါဒဋီကာကျမ်းအဖြစ် ပညာရှင်ဂျော့ချ် (George) ဘာသာက သဘောထားခဲ့သည်။

ရှိုပင်ဟောဘာသည် ၎င်း၏အယူအဆနှင့် ဗုဒ္ဓ၏အယူအဆ တူညီကြောင်း ဝန်ခံခဲ့သော်လည်း ဗုဒ္ဓဝါဒမှ ရရှိကြောင်းကို ငြင်းဆိုခဲ့သည်။ သို့သော် သူသေဆုံးသောအခါ သူ၏ စာကြည့်တိုက်၌ အိန္ဒိယကျမ်းစာမှာ ဗုဒ္ဓကျမ်းစာများ များစွာ တွေ့ရှိခဲ့ရသည်ဟုဆိုပါသည်။

ဗုဒ္ဓသည်လူနှင့် ပတ်ဝန်းကျင် လောကသားတို့၏ အညမညအချင်းချင်း အကျိုးပြုသည့်ဖြစ်စဉ် (Complementary Processes) ကို ရှာဖွေတွေ့ခဲ့ပြီး ပဋ္ဌာန်းဒေသနာတော်၌ အကျယ်တဝင့် ရှင်းလင်းဟောပြခဲ့သည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



၁၉-ရာစုအလယ်ခေတ် ရောက်သောအခါ ဗုဒ္ဓအဘိဓမ္မာနည်းကို အခြေခံယူပြီး ထုတ်ဖော်ခဲ့သော ဟေဂဲလ်၏ဆန့်ကျင်သော ပြိုင်ဘက်ပုံသဏ္ဍာန် (Dialectical Pattern) အဖြစ် အသွင်ပြောင်းခေါ်ဝေါ်ခဲ့သော ဝိသဘာဝပဋိဘာဂနည်းကိုပင် ရွေးချယ်အသုံးပြုကာ ကားလ်မက်က်စ် (Karl marx) သည် လူနေမှုစနစ်ဆိုင်ရာ အယူအဆများ (Social theory) ကို လေ့လာတွေ့ရှိခဲ့သည်။

ကာလ်မက်လ်(စ်)၏ ဝိဘာဂပဋိဘာဂသဘောမှာ ဆန့်ကျင်ဘက်ရှိမှ ပြောင်းလဲမှု၊ တိုးတက်မှုရှိသည်ဟူသော သဘာဝတ္တဗေဒပင် ဖြစ်ပါသည်။ ဥပမာ-အက်စစ် (Acid) သည် အယ်လ်ကာလီ (Alkali) နှင့် ဆန့်ကျင်ဘက်ဓာတ်ဖြစ်သည်။ သို့သော် ယင်းတို့ကို ပေါင်းစပ်လိုက်သောအခါမှ မူလသဘာဝနှင့် လုံးဝကွဲပြားသော ကြားဓာတ်ဖြစ်သော ဆားဓာတ်ဖြစ်လာသည်။

ဤသဘောကိုမှုတည်၍ ကာလ်မာ်က "အရင်းရှင်စနစ်ရှိလျှင် အလုပ်သမားဟူ၍ ရှိရမည်ဖြစ်ပြီး ယင်းတို့အကြား၌ တည်ရှိသော ပဋိပက္ခသည် ကွန်မြူနစ်ဝါဒကို ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ အကယ်၍ ကွန်မြူနစ်ဝါဒကို အမြန်ရောက်စေလိုလျှင် ဖြစ်ပေါ်သမျှသော ပဋိပက္ခတိုင်းကို ပြင်းထန်အောင် ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ဤနည်းလမ်းများသည် မည်သူမျှ အာခံခြင်းငှာမတတ်နိုင်သော ပြောင်းလဲရေး သံမဏိစည်းမျဉ်းများဖြစ်ကြောင်း ဆိုခဲ့သည်။

ဤသို့သော ပြောင်းလဲရေးဝါဒ၏ဆွဲဆောင်မှုကို နိုင်ငံတိုင်းရှိပညာတတ်လူငယ်များ (အထူးသဖြင့်) အရင်းရှင်နယ်ချဲ့လက်အောက်ရောက် နိုင်ငံများမှ လူငယ်များစသည် အလွန်သဘောကျနှစ်ခြိုက်ခဲ့သည်။

သို့သော် ကာလ်မက်စ်၏ကြီးမားသော အမှားတစ်ရပ်မှာ ပြောင်းလဲမှုတိုင်းသည် ဤပဋိပက္ခ ပုံစံအတိုင်းသာလျှင် ဖြစ်နိုင်သည်ဟု ယူဆခြင်းဖြစ်ပါသည်။

ဟီးဂဲလ်ကိုယ်တိုင်က သဘာဂပဋိပက္ခသဘောကို သဘောမပေါက်ခဲ့ပေ။ သူက ဤသဘာဂပဋိဘာဂသဘောကို ကြောင်လိမ်လှေကားပုံသဏ္ဍာန် (Sprial Pattern) ဟုခေါ်ပြီး ယင်းပုံသဏ္ဍာန်အရေအတွက် ပြောင်းလဲခြင်း (Qualntitatine Changes) က အမျိုးအစား ပြောင်းလဲရေး (Qualitative Changes) ကို ဖြစ်ပေါ်စေသည်ဟု ဆိုပါသည်။

ဥပမာအားဖြင့် အောက်ဆီဂျင်ဓာတ်ငွေ့ (Atoms of Oxygen) (၂)ခုပေါင်းစပ်က အောက်ဆီဂျင်ဓာတ်ငွေ့ (Gas Oxygen) ဖြစ်လာပြီး ယင်းတွင် နောက်ထပ်အောက်ဆီဂျင် အ့က်တမ်တစ်လုံး ပေါင်းစပ်မည်ဆိုပါက အောက်ဆီဂျင်ဓာတ်ငွေ့နှင့် လုံးဝခြားနားသော အိုဇုံးဓာတ်ငွေ့ (Gas Ozone) ဖြစ်သွားလေသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဤပုံစံသည် ကြောင်လိမ်လှေကားနှင့်တူပြီး အဆင့်တစ်ခုမှတစ်ခုသို့ တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက် နောက်ဆုံးတွင် ထိပ်ဆုံးသို့ ရောက်ရှိသွားခြင်းပင်ဖြစ်ပါသည်။

ကာလ်မာက်စ်က ဤပုံသဏ္ဌာန်ကို ယင်း၏ရည်ရွယ်ချက်နှင့် မကိုက်ညီသောကြောင့် မသိလိုက် မသိဘာသာ အသာကလေး လွှတ်ထားခဲ့သည်။ အကယ်၍ ကားလ်မာက်စ်၏ကြံဆချက် (Theory)သည် တိုးတက် သောကြံဆချက် (Progressive theory) ဖြစ်ခဲ့သော် ယင်းကို သဘာဝပဋိဘာဂသဘောတရားအပေါ်အခြေခံခဲ့ရန် သင့်ပါသည်။

ဗုဒ္ဓက အစမရှိ၊ အဆုံးမရှိသောစက်ဝန်းတွင် ပတ်ပတ်လည်သွားနေကြသော ရွေ့လျားမှုနှင့် စက်လည်သောသံသရာကို ဝိသဘာဝပဋိဘာဂနည်းကို အသုံးပြုကာ ဟောကြားခဲ့သည်။ မရပ်မနားပတ်ပတ်လည်ရွေ့လျားနေသော ယင်းစက်ဝန်းမှ မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် ခုန်ထွက်ခြင်း ဖြင့်သာလျှင် လွတ်မြောက်နိုင်သည်ဟု ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ကာလ်မက်စ်ကမူ ဤကမ္ဘာလောကကြီးတစ်ခုလုံး ကွန်မြူနစ်ဖြစ်လာသော အဆင့်သို့ရောက်လျှင် ဤကွန်မြူနစ်ဝါဒသည်သာလျှင် ထာဝစဉ်တည်မြဲနေလိမ့်မည်ဟု မှားယွင်းစွာ ယုံကြည်ထားခဲ့သည်။ သံသရာစက်ရွေ့လျားနေမှု (Movement) ကို ဥပေက္ခာပြုခဲ့သည်။ ဤလောကတွင် မည်သည့်အရာမျှ အဆုံးတိုင် မရောက်နိုင်ပါ။

အိန်ဂျယ်လ်ကမူ အခြေခံကျသော တွေးခေါ်မှုမှာ ဤသို့ဖြစ်သည်။ ဤကမ္ဘာလောကကြီးကိုအသင့်စီမံထားသောအရာများ၏အထွေထွေစုပေါင်းမှုရုပ်လုံးကြီးအဖြစ်မမြင်သင့်၊ဖြစ်စဉ်အများ (Processes) တို့၏ အထွေထွေစုပေါင်းထားချက် ရုပ်လုံးအဖြစ် မြင်သင့်ကြလေသည်။ အဆိုပါဖြစ်စဉ်များ (Processes) တွင် ရုပ်ဝတ္ထုတို့သည် ကျွန်ုပ်တို့ဦးခေါင်းထဲ၌ ခဏကလေးမျှ ထင်မြင်လာသော ရုပ်ပုံသဏ္ဌာန်ထက် မကြာမြင့်သော ကာလအတွင်း ခေတ္တမျှထင်ထင်ရှားရှား တည်ကြကာ ဖြစ်ပေါ်လာပြီး ပျောက်ကွယ်သွားခြင်းတည်းဟူသော အလျင်မပြတ်သော ပြောင်းလဲမှုအတွင်း၌သာ ဦးတည်လျက်ရှိလေသည်။

အနုပဋိလောမအဘိဓမ္မာ (Dialectical Philosophy) အဖို့ဆိုလျှင် မည်သည့်အရာမျှ အဆုံးမရှိ၊ အပြီးတိုင်မရောက်၊ မမြင့်မြတ်ချေ။ ယင်းဝါဒသည် ရုပ်ဝတ္ထုတိုင်းနှင့် ယင်း၏အတွင်း၌တည်ရှိနေသောပြောင်းလဲဆဲအသွင်လက္ခဏာကိုဖော်ပြထားပေသည်။ ဖြစ်ပြီးပျက်သွားသော အဆက်မပြတ်သော ဖြစ်စဉ်ထက် ပို၍ မည်သည့်အရာမျှ တာရှည်မတည်တံ့ပေ။ အနိမ့်အမြင့်သို့ အဆုံးမရှိ တက်လျက်ရှိခြင်း၏။ အဆက်မပြတ်သောဖြစ်စဉ်ထက် ပို၍ မည်သည့်အရာမျှတာရှည်မတည်မြဲပါပေ။ ထို့ပြင် အနုပဋိလောမအဘိဓမ္မာသည်ပင်လျှင် တွေးခေါ်တတ်သည့်ဦးနှောက်ထဲ၌ ထင်ဟပ်လာသော အထက်ပါဖြစ်စဉ်သာလျှင်ဖြစ်သည်ဟု ဆိုထားပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



သဘာဝဓမ္မ၏ပြောင်းလဲမှုဥပဒေ (Law of Change) သဘောသည် မည်သည့် အခါမှ တစ်မျိုးတစ်ဖုံ ဖြစ်သွားလိမ့်မည်မဟုတ်ချေ။ တစ်ကမ္ဘာတစ်လုံး ကွန်မြူနစ်ဖြစ်သော အချိန်၌လည်း ပြိုင်ဘက်ပဋိပက္ခများ (Contractictions) ဟူ၍ ရှိနေဦးမည်သာဖြစ်၍ ယင်း ပဋိပက္ခများသည် ကွန်မြူနစ်မှ တစ်ပါးသော အခြားပြောင်းလဲမှုတစ်ခုခုကို ဖြစ်ပေါ်စေလိမ့်ဦး မည်ဖြစ်ပါသည်။

ဤအကြောင်းအရာများကြောင့် ကမ္ဘာ့ကွန်မြူနစ်ဝါဒသည်ပင်လျှင်ပြောင်းလဲနေဆဲ ကဏ္ဍတစ်ခုသာလျှင် ဖြစ်နိုင်သဖြင့် ယင်းဝါဒအတွက် အနစ်နာခံရကျိုးမနပ်ဟူ၍သာ ကောက် ချက်ချသွားပေလိမ့်မည်။

ထိုပုဂ္ဂိုလ်များ မှားယွင်းသောအချက်မှာ ဆန့်ကျင်သော ပြိုင်ဘက်ပုံသဏ္ဌာန် (Dialectical Pattern) အတွင်း၌တည်ရှိနေသော တိုးတက်ရေးဟူသည် ပိုမိုကြီးမားလာသော ဘဝ၏အရှိန်ဖြင့် ထင်ရှားအောင် ပြထားသော အရှိန်တိုးတက်မှုမျှသာဖြစ်သည်။ ကွန်မြူနစ် အဘိဓမ္မာသည်လည်း တစ်နေ့ ဒုံရင်းသို့ပြန်ရောက်မည်သာဖြစ်လေသည်။

ဥပမာ - အလွန်ရှေးကျသော လူမှုရေးအဆောက်အအုံတွင် ကုန်ထုတ်အရင်းအနှီး များကို လူအပေါင်းတို့က အားလုံးအတူတကွ ဘုံပိုင်အဖြစ်သို့ ပိုင်ဆိုင်ခဲ့ကြသည်။ ထို့နောက် ကျေးကျွန်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်စသည်ဖြင့် အဆင့်ဆင့် ပြောင်းလဲ ခဲ့သည်။ ယနေ့အချိန်တွင် အချို့နိုင်ငံများ၌ ဆိုရှယ်လစ်စနစ် ကွန်မြူနစ်စနစ်သို့ ရောက်ရှိပြီး ကုန်ထုတ်အရင်းအနှီးများကို ယနေ့ ရုရှားပြည်ကဲ့သို့ ဘုံအဖြစ် ပိုင်ဆိုင်သည့်အဖြစ်သို့ ရောက် ရှိလာခဲ့သည်။

ဤသို့သောနည်းဖြင့် ရွေ့ရှားပြောင်းလဲမှုသည် စက်ဝန်းအပြည့် လည်ပတ်ပြီး မူလ တာထွက်ရာ ဘုံပိုင်ဆိုင်အဖြစ်သို့ပြန်လည်ရောက်ရှိလာသည်ဟု ဆိုရပါမည်။

ဤသဘောအရဆိုလျှင် ဆန့်ကျင်သော ပြိုင်ဘက်တို့၏ဖြစ်စဉ် (Dialectical process) နည်းဖြင့်ဆိုလျှင် မည်သည့်ဖြစ်စဉ်မဆို တိုးတက်မှုမရှိနိုင်သည်မှာ ဤဖြစ်စဉ်က သက်သေခံနေသည် ဟုဆိုရပါမည်။

တိုးတက်သောဖြစ်စဉ် (Progressive Proceers) တစ်ရပ်သည် သဘာဝပဋိဘာဂ (သို့) ကြောင်လိမ်လှေကားတက်သောနည်း (Spiral Pattern) ဖြင့်သာ အခြေခံရလေသည်။

ဤဆိုအပ်ခဲ့သော စကားများမှ တွေ့မြင်နိုင်သောအချက်မှာ ဆန့်ကျင်သော ပြိုင် ဘက်ပုံသဏ္ဌာန်ကို အဖန်ဖန်ကျင်လည်ရသော ဘဝသံသရာစက်ဝန်းတွင် အသုံးချရမည်ဖြစ် ပါသည်။ ယင်း၏အဓိကလက္ခဏာမှာ အရာတိုင်း၌ ဆန့်ကျင်သောပြိုင်ဘက်တို့ရှိပြီးလျှင် ယင်း တို့၏ ပဋိပက္ခများမှ အသစ်သစ်ဖြစ်သော ပြောင်းလဲမှုတို့သည် ဖြစ်ပွားပေါ်ပေါက်လာခြင်းတို့ ဖြစ်သည်။

www.dhammaransi.com



ထိုသဘောတရားအတိုင်း ယင်းမူသေစနစ် (Formula) အရ ပဋိစ္စသမုပ္ပါဒ်တရားတို့သည်လည်း...

၁။ အဝိဇ္ဇာရှိလျှင် ဝိဇ္ဇာလည်းရှိမည်ဖြစ်၍ ယင်းတို့၏ ဆန့်ကျင်သော ပြိုင်ဘက်သည် သင်္ခါရတရားတို့ကိုဖြစ်ပေါ်စေပါမည်။

၂။ သင်္ခါရတရားတို့တွင် ကုသိုလ်ပြုမှု(ပုညာဘိသင်္ခါရ) အကုသိုလ်ပြုမှု (အပုညာဘိသင်္ခါရ) တရားတို့ရှိ၍ ယင်းတို့၏ ဆန့်ကျင်မှုပြိုင်ဘက်သည် ဝိညာဏ်ကို ဖြစ်ပေါ်စေပါမည်။

၃။ ဝိညာဏ်သည် နာမ်နှင့်ရုပ်တို့ကိုဖြစ်ပေါ်စေသည်။ နာမ်နှင့်ရုပ်တို့၏ဆန့်ကျင်မှုပြိုင်ဘက်သည် သဠာယတနတို့ကို ဖြစ်စေပါမည်။

၄။ သဠာယတနတို့ ရှိသည့်နေရာတွင် အာရုံတို့သည်လည်းရှိရမည်။ ယင်းတို့၏ ဆန့်ကျင်မှုပြိုင်ဘက်သည် ဖဿကို ဖြစ်စေပါမည်။

၅။ ဖဿသည် ဝေဒနာကို အကျိုးတရားအဖြစ် ဖြစ်ပေါ်စေမည်။

၆။ ဝေဒနာ၌ သုခနှင့်ဒုက္ခဟူ၍ နှစ်မျိုးရှိရာ ယင်းတို့၏ ဆန့်ကျင်မှုပြိုင်ဘက်သည် တဏှာကို ဖြစ်ပေါ်စေပါမည်။

၇။ တဏှာသည် ဥပါဒါနဘဝနှင့်ဇာတိကို ဆွဲခေါ်သွားစေပါမည်။ ယင်းဇာတိသည် ဒုက္ခ၏အကြောင်းတရားပင်ဖြစ်ပါသည်။

၈။ ဒုက္ခရှိသော နေရာတွင် သုခဟူ၍ရှိလိမ့်မည်။ ယင်းတို့၏ ဆန့်ကျင်မှုပြိုင်ဘက်သည် အာသဝတို့ကို ဖြစ်စေပါမည်။

၉။ အာသဝတို့သည်လည်း (၄) မျိုးရှိ၍ ယင်းတို့၏ ဆန့်ကျင်မှုပြိုင်ဘက်သည် အဝိဇ္ဇာကို ဖြစ်စေပါမည်။

ဤသို့စသည့်ဖြင့် ဆန့်ကျင်သော ပြိုင်ဘက်ပုံသဏ္ဌာန်များ ဖြစ်ပေါ်လာပါသည်။

သဘာဝပဋိဘာဂသဘောတရားသည် မူလအဆင့်အခြေအနေတွင် ထပ်မံပေါင်းထည့်ခြင်း သို့မဟုတ် ထပ်မံအားဖြည့်ခြင်း ဥပနိဿယနည်းဖြင့် ပြောင်းလဲမှုကို ထာဝစဉ်ဖြစ်ပေါ်စေသည်။

ဤဖြစ်စဉ်မှာ ပဋိလောမ (Patiloma Process) ပင်ဖြစ်ပါသည်။

ဤဖြစ်စဉ်တို့၏ လုပ်ငန်းရပ်ကို ဗုဒ္ဓက နိဒါနဝဂ္ဂသံယုတ် ဥပနိဿသုတ်၌ ဟောကြားရှင်းလင်းထားသည်ကိုတွေ့ရပါသည်။

"ရဟန်းတို့...ဥပမာသော်ကား တောင်ထိပ်၌ မိုးကြီး သည်းထန်စွာရွာသည်ရှိသော် ထိုရေသည် နိမ့်ရာသို့စီးသွား၍ တောင်ချောက်၊ ပပ်ကြားကွဲ၊ မြောင်းငယ်၊ မြောင်းကြီးတို့ကို

www.dhammaransi.com



ပြည့်စေသည်။ ထိုအရာများ ပြည့်ပြီးပြန်သော် အိုင်ငယ်တို့ကို ပြည့်စေပြန်သည်။ အိုင်ငယ်တို့ ပြည့်ပြီးသော် အိုင်ကြီးတို့ကို ပြည့်စေပြန်သည်။ အိုင်ကြီးတို့ပြည့်ပြန်သော် မြစ်ငယ်တို့ကို ပြည့်စေပြန်သည်။ မြစ်ငယ်တို့ ပြည့်ပြန်သော် မြစ်ကြီးတို့ကိုပြည့်စေသည်။ မြစ်ကြီးတို့ ပြည့်စေသည်။ မြစ်ကြီးတို့ကို ပြည့်သော် မဟာသမုဒ္ဒရာတို့ကို ပြည့်စေပြန်သည်။

ရဟန်းတို့ ဤဥပမာတူပင်လျှင် သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရင်း ရှိကုန်သည်။

- ဝိညာဏ်သည် သင်္ခါရလျှင် အကြောင်းရှိသည်။
- နာမ်ရုပ်သည် ဝိညာဏ်လျှင် အကြောင်းရှိသည်။
- အာယတန (၆)ပါးသည် နာမ်ရုပ်လျှင် အကြောင်းရှိသည်။
- ဖဿသည် အာယတန(၆)ပါးလျှင် အကြောင်းရှိသည်။
- ဝေဒနာသည် ဖဿလျှင် အကြောင်းရှိသည်။
- တဏှာသည် ဝေဒနာလျှင် အကြောင်းရှိသည်။
- ဥပါဒါန်သည် တဏှာလျှင် အကြောင်းရှိသည်။
- ဘဝသည် ဥပါဒါန်လျှင် အကြောင်းရှိသည်။
- ဇာတိသည် ဘဝလျှင် အကြောင်းရှိသည်။
- ဆင်းရဲ(ဒုက္ခ)သည် ဇာတိလျှင် အကြောင်းရှိသည်။
- ယုံကြည်ခြင်း(သဒ္ဓါ)သည် ဆင်းရဲ(ဒုက္ခ)လျှင်အကြောင်းရှိသည်။
- ဝမ်းမြောက်ခြင်း (ပါမောဇ္ဇ) သည် ယုံကြည်ခြင်း (သဒ္ဓါ)လျှင် အကြောင်းရှိသည်။
- နှစ်သက်ခြင်း(ပီတိ)သည် ဝမ်းမြောက်ခြင်း (ပါမောဇ္ဇ)လျှင် အကြောင်းရှိသည်။
- ငြိမ်းအေးခြင်း(ပဿဒ္ဓိ)သည် နှစ်သက်ခြင်း (ပီတိ)လျှင် အကြောင်းရှိသည်။
- ချမ်းသာခြင်း(သုခ)သည် ငြိမ်းအေးခြင်း(ပဿဒ္ဓိ)လျှင် အကြောင်းရှိသည်။
- တည်ကြည်ခြင်း(သမာဓိ)သည် ချမ်းသာခြင်း (သုခ)လျှင် အကြောင်းရှိသည်။
- ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် (ယထာဘူတဉာဏ်) အမြင်သည် သမာဓိလျှင် အကြောင်းရှိသည်။
- ငြီးငွေ့ခြင်း (နိဗ္ဗိဒါ) ဉာဏ်သည် ယထာဘူတဉာဏ်အမြင်လျှင် အကြောင်းရှိသည်။
- တပ်မက်ခြင်းကင်းမှု(အရဟတ္တမဂ်)သည် နိဗ္ဗိဒါဉာဏ်လျှင် အကြောင်းရှိသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



- ဝိမုတ္တိဟူသော (အရဟတ္တမဂ်)သည် တပ်မက်ခြင်းကင်းမှု (အရဟတ္တ)လျှင် အကြောင်းရှိသည်။
- အာသဝေါတရားတို့ကုန်ခြင်း၌ သိသော ပစ္စဝေက္ခဏာဉာဏ်သည် ဝိမုတ္တိဟူသော (အရဟတ္တဖိုလ်)လျှင်အကြောင်းရှိသည်ဟုယခင်စကားများကိုတစ်ဖန်ခြံ၍ ဆက်လက်ဟောကြားတော်မူသည်။

ထိုဟောကြားချက်များ၌ပါသော သဒ္ဓါသည် ဆင်းရဲ(ဒုက္ခ)လျှင် အကြောင်းရှိပုံကို အဋ္ဌကထာ၌...

"ကမ္မဘဝကြောင့် ဇာတိဖြစ်ပြီးနောက် ထိုသူသည် ဗုဒ္ဓထံမှာဖြစ်စေ၊ ဗုဒ္ဓ၏ တပည့်သာဝကထံမှာဖြစ်စေ၊ ဝဋ်၏အပြစ်ကိုပြသော တရားတော်ကို ကြားနာရသောကြောင့် ဝဋ်၏အစွမ်းဖြင့် အနှိပ်စက်ခံရမှုန်း သိလေသည်"

ဤသို့လျှင် ဝဋ်ဆင်းရဲက အပရာပရသဒ္ဓါကို အကြောင်းပြုလေသည်။

သူသည် ရဟန်းပြုရုံနှင့် အားမရသေးသောကြောင့် ဆရာထံ၌ နိဿယယူခြင်း၊ စာပေသင်ခြင်း၊ ကမ္မဋ္ဌာန်းနည်းယူခြင်းပြုကာ တောသို့သွားရောက်နေထိုင်လျက် ကမ္မဋ္ဌာန်းကို အားထုတ်ရာမှ ကမ္မဋ္ဌာန်းကို အမှီပြုကာ...

- နှစ်သက်မှုအငယ်စား (ဒုဗ္ဗလပီတိ)ဖြစ်လေသည်။
- ထိုသူ၏ ဝမ်းမြောက်ခြင်း(ပါမောဇ္ဇ)သည် သဒ္ဓါလျှင် အကြောင်းရှိပေသည်။
- ထိုဝမ်းမြောက်ခြင်း(ပါမောဇ္ဇ)သည် အားကြီးသော နှစ်သက်ခြင်း(ဗလဝ-ပီတိ)ကို အကြောင်းပြုလေသည်။
- အားကြီးသောနှစ်သက်ခြင်း(ဗလဝ-ပီတိ)သည် ငြိမ်းအေးခြင်း (ပဿဒ္ဓိ)ကို အကြောင်းပြုလေသည်။
- ငြိမ်းအေးခြင်း(ပဿဒ္ဓိ)သည်အပွန်နာ၏ရှေးအဖို့ဖြစ်သောချမ်းသာခြင်း(သုခ) ကို အကြောင်းပြုလေသည်။
- ချမ်းသာခြင်း(သုခ)သည် ပါဒကဈာန်(အခြေခံဈာန်)သမာဓိကို အကြောင်းပြုလေသည်။
- ထိုသမာဓိဖြင့် စိတ်၏ခန့်ကျန်းမှုကိုဖြစ်စေပြီးလျှင် နုနယ်သော ဝိပဿနာမှု (တရုဏ-ဝိပဿနာ မှု)ကိုပြုလေသည်။

ဤသို့လျှင် ပါဒကဈာန်သမာဓိသည် တရုဏဝိပဿနာကို အကြောင်းပြုလေသည်။

- နုနယ်သော ဝိပဿနာသည် အားကြီးသောဝိပဿနာ(ဗလဝ-ဝိပဿနာ)ကို အကြောင်းပြုလေသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



- အားကြီးသော(ဗလဝ)ဝိပဿနာသည် မဂ်ကို အကြောင်းပြုလေသည်။
- မဂ်သည် အရဟတ္တဖိုလ်(ဝိမုတ္တိ)ကို အကြောင်းပြုလေသည်။
- အရဟတ္တဖိုလ်ဝိမုတ္တိသည် ပစ္စဝေက္ခဏာဉာဏ်ကို အကြောင်းပြုလေသည်။

ဤသို့လျှင် မိုးသည်အစဉ်အတိုင်း သမုဒ္ဒရာကိုပြည့်စေကာ တည်သကဲ့သို့ ရဟန္တာအရှင်မြတ်၏ အရဟတ္တဖိုလ်(ဝိမုတ္တိ)သမုဒ္ဒရာကိုပြည့်စေကာ တည်သောကာလကို သိသင့်သည်ဟူ၍ ဖွင့်ဆိုထားပါသည်။

ဤသည်မှာ အစဉ်လိုက်ဖြစ်သော ဝေါဟာရတို့၏အချင်းချင်းဆက်သွယ်မှုမှာ ထပ်မံပေါင်းထည့်ခြင်း (ဝါ) ထပ်မံအားလောင်းခြင်းဟု ဆိုအပ်သော ဥပနိဿယပစ္စည်းနည်း ဖြစ်ပါသည်။

ဗုဒ္ဓက မူလပဏ္ဏာသပါဠိတော် ဩပမ္မဝဂ် မဟာဟတ္ထိပဒေါပမာ သုတ်(၂၄၉)၌...

"အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကို သိမြင်၏။ ထိုသူသည် ပဋိစ္စသမုပ္ပန္နဓမ္မကို သိမြင်သူဖြစ်သည်။ အကြင်သူသည် ပဋိစ္စသမုပ္ပန္နဓမ္မကို သိမြင်သည်။ ထိုသူသည် ပဋိစ္စသမုပ္ပါဒကို သိမြင်သူဖြစ်သည်ဟူ၍ ဟောကြားခဲ့ပါသည်။

ဗုဒ္ဓ၏ အလယ်အလတ်လမ်းစဉ်(မဇ္ဈိမပဋိပဒါ)သည် ဆန့်ကျင်သော ပြိုင်ဘက်ပုံသဏ္ဌာန် (ဝါ) အစွန်းနှစ်ဘက် အားပြိုင်မှုပုံသဏ္ဌာန်အဆင့် သဘောကိုဖော်ပြပြီးလျှင် သံသရာစက်ဝန်းမှ ထွက်မြောက်နည်း ပဋိစ္စသမုပ္ပါဒ်လည်ပတ်မှုကို ရှင်းလင်းထုတ်ဖော်ပြပြီး နောက် ကျင့်စဉ်အဖြစ် မဂ္ဂင်ရှစ်ပါးကို ဖော်ပြဟောခဲ့သည်။

ကမ္ဘာ့တွေးခေါ်ပညာရှင် အဘိဓမ္မာဆရာတို့က ဆန့်ကျင်သော ပြိုင်ဘက်ပုံသဏ္ဌာန်ကိုသာ တွေးခေါ်ထုတ်ပြနိုင်ခဲ့ပါသည်။ ပဋိစ္စသမုပ္ပါဒ်နည်းကိုလည်းကောင်း၊ သံသရာစက်ဝန်းမှလွတ်မြောက်သောကျင့်စဉ်ကိုလည်းကောင်းထုတ်ဖော်မပြောပြနိုင်ခဲ့ကြပါ။ သို့အတွက်ဆန့်ကျင်သော ပြိုင်ဘက်(ဝိသဘာဂပဋိဘာဂ)နှင့် မဆန့်ကျင်သော ပြိုင်ဘက်(သဘာဝပဋိဘာဂ)၊ (Dialectical Pattern) အသွင်ပြောင်းသဘောတရားများ၌သာ သံသရာလည်နေကြ၍ ကမ္ဘာ့လူသားများသည် ထိုအတွေးအခေါ်များနောက်သို့ ကောင်းသည်ထင်၍ လိုက်ရင်း-လိုက်ရင်း နောက်ဆုံး ဒုံရင်းသို့သာ ပြန်ရောက်ပြီး အဆိုးသံသရာထဲ လည်နေကြရသည်။

ထိုအဆိုးသံသရာလည်မှုကို ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်ခဲ့သဖြင့် ဝိသဘာဂပဋိဘာဂနှင့် သဘာဝပဋိဘာဂတို့ကို ခွဲခြမ်းစိတ်ဖြာပြခဲ့ပြီး ထိုဝိသဘာဂသဘာဝပဋိဘာဂတို့၏ စွမ်းအားကြောင့် ဖြစ်ပေါ်လာသောသဘာဝကို ကျင့်စဉ်တရားဖြင့် အားထုတ်၍ နောက်ဆုံး သံသရာစက်ဝန်းက ခုန်ထွက်နိုင်သော အရဟတ္တဝိမုတ္တိဆိုက်ရောက်ရပုံကို နည်းပေးလမ်းပြခဲ့ပါသည်။

www.dhammaransi.com



ထို့ကြောင့် အနုပဋ္ဌလောမရုပါဝါဒကို လေ့လာသောသူတိုင်းသည် ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒကိုလေ့လာပြီး မဂ္ဂင်ရှစ်ပါးအကျင့်ကို ကြိုးစားအားထုတ်ကျင့်သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပေသည်။

## သက်ရှိသတ္တဝါတစ်ဦး၏ ဘဝနိဂုံးချုပ်မှု

ဗုဒ္ဓ၏အဘိဓမ္မာတရားတော်အရ (၃၁) ဘုံအတွင်း ကျင်လည်နေကြသော လူ၊ နတ်၊ ပြဟ္မာ အပါယ်ဘုံသားအားလုံးတို့သည် သက်တမ်းအပိုင်းအခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အချိန်တန်လျှင် သတ်မှတ်ထားသော သက်တမ်းစေ့လျှင် ကုန်ဆုံးလျှင် သေရစမြဲဖြစ်သည်။

ဘဝရုပ်နှင့်နာမ်မပြတ်မစဲသေးသော အချိန်ကာလ၊ နိဗ္ဗာန်မရောက်မချင်း ဘဝကာလအထိ ဤသို့ဖြစ်ခြင်း၊ သေခြင်းတရားတို့ကို ကြုံတွေ့နေရမည်မှာ လောကဓမ္မတာဖြစ်ပါသည်။ သဘာဝနိယာမတရား ဖြစ်သည်။

ထိုသတ္တဝါများအားလုံးသည် လောကသဘာဝ ဥပမာတရားများအရ ဆီမီးခွက်တစ်ခွက်ထွန်းထားရာ၌ ထိုဆီမီးခွက်သည် မီးစာကုန်၍လည်း ငြိမ်းသလို၊ သတ္တဝါအများသည် သတ်မှတ်ထားသော သက်တမ်းကုန်၍လည်း သေရပါသည်။

မီးခွက်၌ရှိသော ဆီကုန်သဖြင့် မီးငြိမ်းရသလို သတ္တဝါများသည် မိမိတို့ပြုခဲ့သော ကုသိုလ်ကံစွမ်းအား သတ္တိကုန်၍လည်း သေရပါမည်။

မီးခွက်၌ မီးစာလည်းကုန်၊ ဆီလည်းကုန်သဖြင့် မီးငြိမ်းရသကဲ့သို့ သက်တမ်းလည်းကုန် ကုသိုလ်ကံကုန်၍လည်း သေရပါမည်။

မီးစာဆီရှိနေသေးသော်လည်း ရုတ်တရက်လေတိုက်၍ မီးငြိမ်းရသကဲ့သို့ သက်တမ်းကုသိုလ် ကံစွမ်းရှိသေးသော်လည်း ဓား၊ သေနတ် ဒဏ်ရာ၊ ကားမှောက်စသည့် ပယောဂကံတစ်ပါးပါးကြောင့်လည်း သေရပါသည်။

သတ္တဝါတစ်ဦး ထိုသို့သေဆုံးရာဝယ် သေခါနီးသောအချိန်၌ မရဏာသန္နဇောဟုခေါ်သော သေခါနီးအာရုံဇော၊ ဇောပါသည်။

ထိုသေခါနီးကာလဝယ် ရှေးကပြုလုပ်ခဲ့သော မြောက်မြားစွာသော ကောင်းမှု၊ မကောင်းမှုများထဲမှ လာမည့်ဘဝသစ်ကို ဆက်စပ်ပေးမည့် ထုထောင်ပေးမည့် (ပဋိသန္ဓေဟု

www.dhammaransi.com



ခေါ်သောကံသည်) ရှေးကပြုလုပ်ခဲ့သည့် ကောင်းမှုအရာ၌ ဒါန၊ သီလပြုမှုစသည်များ၊ မကောင်းမှုအရာ၌ လူသတ်မှု၊ ခိုးမှု စသောအရာများကို ယခုတစ်ဖန် ထပ်မံ၍ အသစ်ဆောင် ရွက်ပြုလုပ်နေရသကဲ့သို့ သေခါနီးဆဲဆဲ နိမိတ်ထင်သောအားဖြင့် စိတ်ထဲ ဖြစ်ပေါ်လာသည်။

ဤသည်ကိုပင် အဘိဓမ္မာစကားအရ ကံထင်သည်။ အလုပ်ထင်သည်ဟု ဆိုပါသည်။ ထိုထင်လာသော ကောင်းမှု၊ မကောင်းမှုကံများက ဘဝသစ်တစ်ခုကို ထူထောင်ပေးပါသည်။

ဘဝသစ်ထူထောင်ပေးမည့်ကံကိုပြုလုပ်ဆောင်ရွက်စဉ်က တွေ့ကြုံခံစားခဲ့ဖူးသော အဆင်း၊ အသံအစရှိသော အာရုံတစ်ခုခုသည်လည်းကောင်း၊ အသုံးပြုခဲ့ဖူးသော သက်ရှိသက်မဲ့ အရာဝတ္ထုတစ်ခုခုသည်လည်းကောင်း ယခုအသုံးပြုနေသကဲ့သို့ စိတ်ထဲတွင်ဖြစ်ပေါ်ထင်ပေါ်လာနေသည်။

ဥပမာ - ကုသိုလ်အရာ၌ ကျောင်းဆောက်ခြင်း၊ ဆွမ်းသင်္ကန်းလှူဒါန်းခြင်း စသည်များကို မိမိပြုလုပ်ခဲ့သည့်အတိုင်း ပြန်၍မြင်သော အာရုံများ၊ အကုသိုလ်အရာ၌ နွားသတ်၊ ကြက်သတ်၊ ခိုးမှုစသည်များ မိမိလုပ်သည့်အတိုင်း ပြန်ထင်မြင်လာသော အာရုံများ၊

ဤကုသိုလ်ကံ၊ အကုသိုလ်ကံအာရုံများ ပြန်ပေါ်လာခြင်းကို ကမ္မနိမိတ်ထင်သည်ဟု ဗုဒ္ဓအဘိဓမ္မာက ဆိုပါသည်။

မိမိသွားရောက်ရမည့်နေရာ၊ ရောက်လတ္တံ့သော အရပ်ဒေသကို ထင်မြင်လာမှုကို ဗုဒ္ဓအဘိဓမ္မာအရ ဂတိနိမိတ်ထင်သည်ဟု ဆိုပါသည်။

အိပ်ပျော်နေစဉ်အိပ်မက်ထဲမှာ တွေ့ရသကဲ့သို့သေခါနီး သတ္တဝါ၏စိတ်ထဲဝယ် မိမိသွားရောက်ရမည့် ဘုံဗိမာန်များသည် ဂတိနိမိတ် မြင်နေတတ်ပါသည်။

ဥပမာ - လူပြန်ဖြစ်မည့်သူသည် မိမိသန္ဓေကိန်းအောင်းရမည့် မိခင်ဝမ်းဗိုက်ကို ထင်မြင်တတ်ပါသည်။

ကျွဲ၊ နွား၊ ခွေးစသည်ဖြစ်မည့်သူသည် သေခါနီးတွင် မိမိကိုယ်တိုင် ကျွဲ၊ နွား၊ ခွေးစသည် ဖြစ်နေသကဲ့သို့ ကျွဲသဏ္ဌာန်၊ နွားသဏ္ဌာန်၊ ခွေးသဏ္ဌာန် စသည်များကိုတွေ့နေရသည်။ မသေမီကပင် ကိုယ်တိုင်ဖြစ်နေသကဲ့သို့ ထင်မြင်တတ်သည်။

ငရဲသို့ ရောက်မည့်သူသည် ခွေးနက်ကြီး ငရဲမီးလျှံများစသည်ကို မြင်ရတတ်သည်။

ပြိတ္တာဘဝရောက်မည့်သူသည် တော၊ တောင်၊ လိုဏ်ဂူ၊ ချုံများ စသည်ကို မြင်တွေ့ရတတ်ပါသည်။

နတ်ပြည်ရောက်မည့်သူသည် နတ်ဗိမာန်၊ ပဒေသာပင်၊ ဥယျာဉ် စသည်တို့ကို မြင်တွေ့ရပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



လူသားတို့ သေခါနီးဝယ် ဂတိနိမိတ်အဖြစ် သာယာကြည်နူးဖွယ်ရာများ၊ ကောင်းသောပစ္စည်းအသုံးအဆောင်များ တွေ့ရှိရသော် ထိုသူ၏မျက်နှာသည် တည်ငြိမ်နေတတ်၍ တစ်ခါတစ်ရံ ရွှင်လန်းနေတတ်သည်၊ ပြုံးနေတတ်ပါသည်။

မကောင်းသောနိမိတ်အာရုံများ ထင်လာသောသူသည် ကြောက်လန့်ပြီး အော်ဟစ်သည်။ ရုန်းကန်သည်။ တွန်းထုတ်သည်။ ကြောက်လန့်သည့်အသွင်ရှိသည်။ အချို့မျက်ရည်ကျကြသည်။ ယင်းသေခြင်းမျိုးကို ပြုံးသေ၊ မဲ့သေဟူ၍ မိုးကုတ်ဆရာတော်ဘုရားကြီးက ဆိုထားပါသည်။ ဤကဲ့သို့ အာရုံနိမိတ်များထင်လာရာတွင် ...

အချို့မှာ မျက်စိ၌ ထင်သည်။ ဘဝသစ်ကို ကိုယ်တိုင်မျက်စိဖြင့် လှမ်းမြင်နိုင်သည်။

အချို့မှာ နာခေါင်းပေါက်၌အနံ့ရလာသည်။ ဘဝသစ်တွင် တွေ့ကြုံရမည့်အနံ့များကို ကိုယ်တိုင် နာခေါင်းဖြင့် နံနေရသည်။

အချို့မှာ လျှာ၌ လာထင်သည်။ ဘဝသစ်၌ စားသောက်ရမည့် အစားအစာများကို ယခုစားနေရသကဲ့သို့ အရသာဖြစ်ပေါ်လာသည်။

အချို့မှာကိုယ်၌ထင်လာသည်။ ဘဝသစ်၌တွေ့ကြုံရမည့်အတွေ့အထိများကိုသေခါနီးသူ၏ကိုယ်၌ လာထိတွေ့နေရသကဲ့သို့ ခံစားရသည်။

အချို့မှာ စိတ်၌ လာထင်သည်။ မျက်စိ၊ နားစသည်တို့ဖြင့် မမြင်၊ မကြားရသော်လည်း ထိုနိမိတ်များ စိတ်ထဲတွင် ကြံစည်တွေးတော စိတ်ကူးနေမိသည်။

လူတစ်ယောက်သည် သေခါနီးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့သည် လှည့်ကာပြောင်းကာ၊ နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်း ကြာသည့်ကာလကပင် ထင်မြင်နေတတ်ပါသည်။

သာမန်ပုထုဇဉ်လူသားတစ်ယောက်အဖို့ ထိုနိမိတ်များ ထင်နေပြီးနောက်၌ ထင်မြင်လာသောကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်အာရုံများမှအာရုံတစ်ခုခုကိုစိုက်၍စိတ်အစဉ်သည်မပြတ်ထင်နေသည်။

သန္တိသုခဟုခေါ်သော နိဗ္ဗာန်သို့ ရောက်သွားကြမည့် အရိယာရဟန္တာပုဂ္ဂိုလ်များသည်ကား လားရာ၊ သွားရာနေရာ ဘုံမရှိတော့သည့်အတွက် သေခါနီးဝယ် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် မထင်ပါတော့ချေ။

လူသားတစ်ယောက်အနေဖြင့် ရိုးရိုးအာရုံများ ထင်နေကြစဉ် ဇော(၇)ကြိမ်ကျလေ့ရှိတော့မည့်ဆဲဆဲတွင်မူ ဇော(၅)ကြိမ်ကျပြီး သေသည်။ ဘဝသစ်ကူးသည်ဟု အဘိဓမ္မာက ဆိုပါသည်။

သတ္တဝါတို့သေဆုံးခြင်း၊ ကွယ်လွန်ခြင်း၊ သမ္မုတိမရဏကိုသာ လူတို့သိကြသည်။ အမှန်မှာ ရုပ်နှင့်နာမ်တရားတို့သည် အမြဲမပြတ်တရစပ် သေဆုံးနေကြသည်ကို လူတိုင်းမသိပါ။

www.dhammaransi.com



ကမ္မဇရုပ်များသည် အစဉ်မပြတ် ပျက်စီးသေကြေနေကြသည်။ ခဏတိုင်းသေနေသည်။ ယင်းကို ခဏိကမရဏဟုခေါ်သည်။

မီးသည်တဖျတ်ဖျတ်ဖြစ်လိုက်၊ပျက်လိုက်ဖြစ်နေသည်။ထိုကဲ့သို့ပင် ကံကြောင့်ဖြစ်သောရုပ်များ(ကမ္မဇရုပ်များသည်လည်းကောင်း၊ အရာဝတ္ထုများသည်လည်းကောင်း၊ အစဉ်တစိုက် တည်ငြိမ်မှုမရှိဘဲ တဖျတ်ဖျတ်နှင့် ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်နေပါသည်။

မည်သည့်အရာဝတ္ထုမဆို ရုပ်ရှိသည်။ ရုပ်ရှိက ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်နေပါသည်။ ရုပ်တစ်ခုဖြစ်၍ ပျက်သောအခါ စိတ်သည် စိတ်အစဉ်(၁၇)ချက်ဖြစ်၍ ပျက်သွားသည်။ ထို့ကြောင့် စိတ်သည် ရုပ်ထက် (၁၇)ဆမြန်ပါသည်။

စိတ်တစ်ခုတွင်အခိုက်အတန့်ပေါင်းဖြစ် - တည် - ပျက်(ဥပါဒ် - ဌီ - ဘင်)ဟူ၍(၃)ခု ရှိပါသည်။ အခိုက်အတန့်တစ်ခုနှင့်ပြိုင်၍ ကလပ်စည်း ၃ - စည်းတစ်ခု ဖြစ်လာပါသည်။ စိတ်တစ်ခုတွင် အခိုက်အတန့် - ဖြစ် - တည် - ပျက် ၃ - ခုဖြစ်သဖြင့် စိတ် ၁၇ - ချက်တွင် အခိုက်အတန့်ပေါင်း ၁၇ × ၃ = ၅၁ ဖြစ်တည်ပျက်သည်။

စကားတစ်လုံးကို တစ်ပြိုင်နက်တည်း ပြော၍မဖြစ်နိုင်သကဲ့သို့ စိတ်သည်လည်း တစ်ပြိုင်နက်တည်း ၂ ခုမဖြစ်ပေ။ တစ်ခုပြီးမှတစ်ခု ဖြစ်ပေါ်၏။ မည်သည့်အခါမျှ မထပ်ပေ။

ရုပ်သည်ကားထပ်၍ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ရုပ်သည်အကောင်အထည်ရှိသည်။ စိတ်ကား အကောင်အထည်မရှိပေ။ ပဋိသန္ဓေနေစဉ် ကလာပ်(၃)မျိုး ၃ - စည်းရှိ၍ ၄ အချိန်တွင် ကလာပ် ၃ - မျိုး ၆ - စည်း ရှိသည်။ ထိုအချိန်တွင် ကလာပ်(၃)မျိုး ၉ - စည်းရှိသည်။

အသက်ကုန်ဆုံးသည်ဟုဆိုရာ၌ ကမ္မဇရုပ်ကလာပ်များ၌ အမြဲပါသောဇီဝိတရုပ်သည် အတူတကွဖြစ်သော ကမ္မဇရုပ်များကို စောင့်ရှောက်တတ်သောကြောင့် ရုပ်သက်မည်ပါသည်။

စိတ်တိုင်း၌ယှဉ်သော ဇီဝိတိန္ဒြေစေတသိက်သည်လည်း အတူတကွဖြစ်သော နာမ်တရားတို့ကို စောင့်ရှောက်သောကြောင့် နာမ်သက်မည်ပါသည်။

တစ်ဘဝ၌ထိုနာမ်သက်ရုပ်သက်တို့တစ်ပြိုင်နက်တည်းအပြီးသတ်ချုပ်ကြသည်ကိုပင် အသက်ကုန်သည်(စုတေသည်)ဟုခေါ်ပါသည်။

၁။ ဘဝတစ်ခု၌ အာယုခေါ်သော ရုပ် - နာမ်ဇီဝိတ

၂။ ဥသ္မာခေါ်သော ကမ္မဇတေဇောဟူသော ကိုယ်ငွေ့ဒိပါက်ဝိညာဉ်

၃။ ဤသုံးမျိုးကိုယ်မှာမရှိလျှင် သေသည်ဟု ဆိုရပါသည်။

သတ္တဝါတို့၏ ကိုယ်အတွင်းရှိ စိတ်နှင့်ရုပ်တို့သည် အတည်တကျမရှိပါ။ တဖွားဖွားဖြစ်ပေါ်၍ တဖျတ်ဖျတ်ကူးပြောင်းနေပါသည်။ သို့သော် ထိုဖြစ် - ပျက်နေမှုကို အစဉ်သွားနေ

www.dhammaransi.com



သည်ဟုဆိုသော သန္တတိပညတ်က ဖုံးလွှမ်းထားသောကြောင့် အစဉ်တစိုက်တည်နေသည်ဟု ထင်နေကြပါသည်။ သန္တတိကဖုံးလွှမ်းထားသောကြောင့် စိတ်နှင့်ရုပ် ပြောင်းလဲပုံကို မသိကြပါ။

ဥပမာ - ဆီမီးတောက်မီးလျှံသဘာဝနှင့်တူပါသည်။ ဆီထဲ၌ ရေမှုန်ရေမွှားကလေးများသည်အခိုးကဲ့သို့ထွက်သွားပြီးအသစ်တစ်ဖန်ပေါ်လာပြန်သည်။ရေ့နောက်အစဉ်အဆက်ကူးပြောင်းနေသည်၊ သန္တတိ = အစဉ် ဖုံးလွှမ်းထား၍ အစဉ်တစိုက်ဖြစ်နေသည်ဟု ထင်မှတ်နေရပါသည်။

မီးတောက်သည် ပုံစံအားဖြင့် လုံးလုံးရှည်ရှည်ချွန်ချွန် ဖြစ်နေသည်။ ယင်းကို သဏ္ဌာနပညတ် (ပုံသဏ္ဌာန်သတ်မှတ်ချက်) ဟုခေါ်ပါသည်။ မီးမှုန်၊ မီးမွှားကလေးများအဖြစ် မသိဘဲ မီးတောက်သည်ဟု ထင်မှတ်နေသည်။ သဏ္ဌာနပညတ်က ဖုံးလွှမ်းထားသောကြောင့် ဖြစ်သည်။

မီးမှုန့်ကလေးများသည်တစ်ခုပြီးတစ်ခုအစဉ်တစိုက်ဖြစ်ပျက်နေမှန်းမသိဘဲစုစည်း ဖြစ်နေသည်ဟု ထင်မှတ်ခြင်းသည် သန္တတိပညတ်က ဖုံးလွှမ်းထားသောကြောင့်ဖြစ်သည်။

တစ်ဖန် မြစ်ရေအလျဉ်နှင့် ဥပမာပေးနိုင်ပါသည်။ မြစ်ရေပြင်ကြီးဟု ထင်မှတ်နေခြင်းတွင် အကယ်စင်စစ် ရေပြင်ကြီးမဟုတ်ပါ၊ မမြင်နိုင်သော ရေမှုန်၊ ရေမွှားကလေးများ စုဝေးနေခြင်းသာဖြစ်သည်။

မြစ်ရေသည် တစ်စက္ကန့်နှင့် တစ်စက္ကန့် မတူပေ။ ရွေ့လျားနေသည့် ရေမှုန့်ရေမွှားကလေးများ တရွေ့ရွေ့ စီးဆင်းနေခြင်းသာဖြစ်သည်။

ထိုသည်ကို ရေမှုန်၊ ရေမွှားကလေးဟူ၍မထင်။ ရေပြင်ရေထုကြီးထင်စေရန် သဏ္ဌာနပညတ်က ဖုံးလွှမ်းထားခြင်းခံနေရသည်။

ပြောင်းလဲမှုမရှိဘဲ အစဉ်ဖြစ်နေသည်ဟု ထင်စေရန် သန္တတိပညတ်က ဖုံးလွှမ်းထားသည်။

မီးတောက်မငြိမ်းစေရန် ဆီကိုထပ်ထည့်ပေးရသလို သတ္တဝါများခန္ဓာကိုယ်မပျက်စီးစေရန် အသက်ရှည်စေရန် အာဟာရ ထပ်ထည့်ပေးနေရသည်။

မီးမှုန့်များကို ဆီကရသလို ကိုယ်ထဲမှ အမှုန့်များကို ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော သဘာဝတရားလေးပါးမှ ရပါသည်။

ကံကြောင့်ဖြစ်သော ကမ္မဇရုပ်များသည် ပဋိသန္ဓေစိတ်၏ဖြစ်ဆဲ (ဥပါဒ်) ကာလမှစ၍ ခဏတိုင်း - ခဏတိုင်း ဖြစ်ခဲ့ပြီး သေမည့်စိတ်မှ ပြန်၍ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏တည်ဆဲ (ဌီ) ကာလမှအစပြု၍ မဖြစ်တော့ဘဲ ချုပ်ငြိမ်းသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်များသည် ပဋိသန္ဓေနောင် ဒုတိယစိတ်ဟုဆိုသော ပထမဘဝင်၏တည်ဆဲ (ဠီ)ကာလကို အစပြု၍ ခဏတိုင်း - ခဏတိုင်းဖြစ်ကြသလို ကမ္မဇရုပ်ချုပ်သည်မှနောက်၌ စိတ္တဇရုပ်များ ချုပ်ငြိမ်းကြသည်။

အာဟာရဇရုပ်ကလာပ်များသည် ဩဇာပျံ့နှံ့ရာကာလမှစ၍ ခဏတိုင်းခဏတိုင်းဖြစ်ကြသလို စိတ္တဇရုပ်နှင့်အတူ ချုပ်ငြိမ်းသည်။

ဥတုဇရုပ်ကလာပ်များသည်ပဋိသန္ဓေ၏ဌီကာလမှစ၍ခဏတိုင်း - ခဏတိုင်းဖြစ်ကြသလို အာဟာရဇရုပ်ချုပ်ပြီးသည့်နောက်တွင် ဥတုလျှင် ဖြစ်ကြောင်းရှိသော ရုပ်ကလာပ်အဆက်ဆက်သည် သေ၍ အကောင်ပုပ်အဖြစ် ကျန်ရစ်ပါသည်။

နတ်ပြဟ္မာတို့ကား သေပြီးနောက် အလောင်းကောင် ကျန်ရှိးထုံးစံမရှိသဖြင့် ဥတုဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်နည်းတူသေပြီးနောက် ခဏအနည်းငယ်အတွင်း အပြီးချုပ်ကြပါသည်။

ဤသို့ဖြင့်သက်ရှိ သတ္တဝါတစ်ဦးဦး၏ဘဝသည် ဤသဘာဝကို နိယာမအတိုင်း လက်ရှိဘဝ ရုပ်နာမ်ချုပ်ပျောက်ပြီး နောက်ထပ် ဘဝသစ်၊ ခန္ဓာသစ်၊ ရုပ်နာမ်သစ်ဖြစ်ရပါသည်။

ရဟန္တာဖြစ်မှသာ ရုပ် - နာမ်မဖြစ်တော့ဘဲ ငြိမ်းအေးရပါသည်။

ဤသဘာဝတရားကို သိပ္ပံနှင့် စမ်းသပ်၍မရ၊ သမထဝိပဿနာ ကျင့်စဉ်ကို အားထုတ်မှ ရနိုင်ပါသည်။

## နက်နဲသောအဘိဓမ္မာသဘာဝကို လေ့လာကြပါ

လောကသဘာဝကို လေ့လာစူးစမ်း,စမ်းသပ်ကြသော ကမ္ဘာ့သိပ္ပံပညာရှင်တို့သည် စာအုပ်ဖတ်ရုံမျှဖြင့်လည်းကောင်း၊ သူတစ်ပါးဟောပြောသည်ကို နားထောင်ရုံမျှဖြင့်လည်းကောင်း၊ သိပ္ပံအသိဉာဏ်ကို ရကြသည်မဟုတ်ပါ။ စာ၏ရည်ညွှန်းချက်ကိုလည်းကောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ကိုလည်းကောင်း အသုံးချ၍ အပတ်တကုတ် ကြိုးစားစမ်းသပ်လေ့လာရှာဖွေဖန်များမှသာ ထူးခြားသော သိပ္ပံအသိဉာဏ်ကို ရရှိအောင်မြင်ကြသည်။

ဗုဒ္ဓ၏အဘိဓမ္မာပညာကို လေ့လာရာတွင်လည်း စာကိုလေ့လာနေရုံမျှဖြင့် မည်သည့်အခါမျှ သဘောပေါက်နားလည်မည်မဟုတ်။ သူ့အတိုင်းမှတ်ထားရုံနှင့် မလိုလောက်ပေ။ ကိုယ်တိုင် သဘောပေါက်နားလည်ရန်ကား အလုပ်ခွင်ချ၍ အားထုတ်ကြည့်မှ ပီပီပြင်ပြင် သိမြင်သဘောပေါက်လာနိုင်ပါသည်။

ဆုပြည့်စုံထွန်း-စာပေ

www.dhammaransi.com



ဥပမာ - စိတ္တာနုပဿနာကမ္မဋ္ဌာန်း(စိတ်ကို ထပ်တလဲလဲရှုမြင်သော အလုပ်ခွင်မျိုး) ကို လက်တွေ့အားထုတ်ဆောင်ရွက်ခြင်းမျိုး ဖြစ်ပါသည်။

သိမ်မွေ့နက်နဲသောသဘောတရားများကို လေ့လာရာတွင် မိမိနှင့် မိမိလေ့လာနေသော သဘောတရားများကို ထုထောင်ခဲ့သောပုဂ္ဂိုလ်နှင့် နှစ်ဦးသားကြားတွင်ရှိသော ခြားနားချက်ကို မျက်ခြေမပြတ်သောသတိ ရှိရပါမည်။

လက်ရှိအဘိဓမ္မာသဘာဝတရားများကို ဗုဒ္ဓဂေါတမက စတင်ထုတ်ဖော်ဟောကြားခဲ့သည်။ ဗုဒ္ဓထံမှနည်းရ၍ ရှင်သာရိပုတ္တရာက ဆက်ဟောခဲ့သည်။ ရှင်သာရိပုတ္တရာထံမှနည်းကို ထေရဝါဒသံဃာတော်များအဆက်ဆက်က လေ့ကျင့်သင်ကြား ဆောင်ယူခဲ့ကြသည်။

သို့ဖြစ်၍အဘိဓမ္မာကိုဟောကြားသော ဘုရား၊ရဟန္တာများနှင့် မိမိ၏အဆင့်၊တစ်ဖန် ဉာဏ်ပညာအဆင့်ဆင့် မည်မျှကွာခြားသည်ကို ချင့်တွက်တတ်ကြရပါမည်။

အဘိဓမ္မာသဘာဝကို လေ့လာသောမိမိသည် အဘိဓမ္မာသဘာဝ အပေါ်၌လည်းကောင်း၊ အဘိဓမ္မာပညာကို ဟောကြားခဲ့သော ဘုရားရှင်နှင့် ရှင်သာရိပုတ္တရာအပေါ်တွင်လည်းကောင်း ယုံကြည်မှု (သဒ္ဓါ)လက်ကိုင်ပြုထားရပါမည်။

မိမိ၏ဉာဏ်အဆင့်နှင့် ဘုရားရဟန္တာ၏ဉာဏ်အဆင့် မတူပါကလားဟူသောသတိ၊
အဘိဓမ္မာပညာနှင့် ပညာရှင်ဘုရားရှင်အပေါ်၌ သက်ဝင်ယုံကြည်မှု - သဒ္ဓါ
ကြိုးစားအားထုတ်လေ့လာမှု - ဝီရိယ
မိမိဆင်ခြင်စွမ်းနိုင်သော - ဉာဏ်ပညာ

ဤကဲ့သို့ သတိ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယ (၄)ဖြာကို ပညာရပ်မြေပြင်၌ အခြေစိုက်လေ့လာလျှင် အမြင်မှား၊ အထင်မှား၊ အသိမှားများ ကင်းလွတ်ပြီး မိမိဉာဏ်စွမ်းရှိသလောက် လေ့လာမှုအားရှိသလောက် တစ်နေ့ထက်တစ်နေ့ တိုးတက်သိမြင်လာပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာသဘာဝတရားများသည် သဘောတရားအပိုင်းတွင် အနက်နဲဆုံး ပညာရပ်အဖြစ် ကမ္ဘာက လက်ခံထားလျက်ရှိပါသည်။ လူလောကရှိ လေးနက်သော ပညာရပ်သဘာဝကို ဝါသနာပါ၍ လေ့လာလိုသူတိုင်းသည် ဤဗုဒ္ဓ၏ အဘိဓမ္မာကို သတိ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယတို့ဖြင့် စူးစူးစိုက်စိုက် တလေးတစားဖြင့်လေ့လာမှ ရနိုင် သိနိုင်ပါမည်။



**တက္ကသိုလ်သျှင်သီရိ**
မဟာသဒ္ဓမ္မဇောတိကဓဇ
(ဓမ္မာစရိယ-ဘီ.အေ)

www.dhammaransi.com

သားသားမီးမီးတို့အတွက်

# ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာ စာအုပ်များ

ကလေးငယ်များအတွက် ဗဟုသုတများ၍ ဗုဒ္ဓဘာသာဝင်တို့အတွက်
ဆင်ခြင်သတိထားဖွယ်ရာများကို တင်ဆက်ပြသထားပါသည်။



မဟာဗုဒ္ဓဝင်



ဇာတ်တော်ကြီးဆယ်ဘွဲ့



ဥဂဗြဟ္မမင်္ဂလာ



ဝိပါက်တော်ဆယ့်နှစ်ပါး



အရှင်မဟာမောဂ္ဂလာန်



အောင်ခြင်းရှစ်ပါး



မဟာဗုဒ္ဓဝင်
ဒုတိယပိုင်း



ငရဲကြီးရှစ်ထပ်



မာဃလုလင်
သိကြားမင်းကြီး ဦးမာဃ၏ဇာတ်ကြောင်း

**ဆုပြည့်စုံထွန်းစာပေ** အမှတ်-၅၀၈/၅၁၂(၂-ခ) ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၁၈၁၆၆၄၊ ၁၈၆၈၁

www.dhammaransi.com

သားသားမီးမီးတို့အတွက်

# ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာ စာအုပ်များ

ကလေးငယ်များအတွက် ဗဟုသုတများ၍ ဗုဒ္ဓဘာသာဝင်တို့အတွက်
ဆင်ခြင်သတိထားဖွယ်ရာများကို တင်ဆက်ပြသထားပါသည်။



မိဖုရားစောလုံ
နှင့်ပတ္တမြားအိမ်စောမဲကို



ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့်
မိဖုရားစောလုံ




ငရဲကြီးကောက်ထိုးကျသူမှဆိုး
နှင့်
ဒုက္ခစုံစုံငရဲဘုံဇာတ်လမ်းများ



ပါးစပ်ဟာတဲ့မိကျောင်း
နှင့် ငါးကျင်းဆယ် ရှစ်စုံဇာတ်လမ်းများ



ချွေးနက်စေးခံရသောမိဆန်ရှင်
နှင့်
ပြိတ္တာဇာတ်လမ်းများ




ကောသလမင်းကြီးနှင့် ဒုသနသော



တစ္ဆေတို့ရွာ
အပါအဝင်
ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ




တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ
အပါအဝင်
ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ



သားသတ်မှုဆိုးပြိတ္တာ
နှင့်
ပေတဝတ္ထုဇာတ်လမ်းများ

**ဆုပြည့်စုံထွန်းစာပေ** အမှတ်-၅၀၈/၅၁၂(၂-ခ) ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃

www.dhammaransi.com

သားသားမီးမီးတို့အတွက်

# ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာ စာအုပ်များ

ကလေးငယ်များအတွက် ဗဟုသုတများ၍ ဗုဒ္ဓဘာသာဝင်တို့အတွက်
ဆင်ခြင်သတိထားဖွယ်ရာများကို တင်ဆက်ပြသထားပါသည်။



ရွဲကုန်သည်
နှင့် ငါးရာငါးဆယ် ရှစ်စုံဇာတ်လမ်းများ



မင်းသားနှင့်ဘီလူးများ
အပါအဝင်
ငါးရာငါးဆယ် ရှစ်စုံဇာတ်လမ်းများ



ငါးပါးသီလနှင့်ပြည့်စုံသူများ
အပါအဝင်
ငါးရာငါးဆယ် ရှစ်စုံဇာတ်လမ်းများ




မင်းကောင်းမင်းမြတ်နှစ်ပါး
နှင့်
ငါးရာငါးဆယ် ရှစ်စုံဇာတ်လမ်းများ



ကာမေသုမိစ္ဆာစာရကံကျူးလွန်သူများ
နှင့်
ငါးရာငါးဆယ် ရှစ်စုံဇာတ်လမ်းများ




ပရိတ်ကြီး(၁၁)သုတ်
နှင့်
နောက်ခံဇာတ်လမ်းများ




ရာဇဝင်ထဲ မောင်ပေါက်ကျိုင်း
ရှင်မွေ့နွန်းမင်းနန္ဒာနှင့်
ပျူစောထီးဇာတ်လမ်းများပါဝင်သည်။



မြန်မာ့ရာဇဝင်ထဲက
သူရဲကောင်းများ



သချ်ာဉာဏ်စမ်း ရှစ်စုံ

ပြည့်စုံထွန်းစာပေ အမှတ်-၅၀၈/၅၁၂(၂-ခ) ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၁၈၃၆၆၄၊ ၁၈၆၈၃၃

www.dhammaransi.com

www.dhammaransi.com

# သိပ္ပံပညာရှင်များ မသိမြင်သေးသော
# ဗုဒ္ဓ၏ ရုပ်နာမ်သဘာဝအမြင်များ

တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)